HEARTBEAT OF THE NATION

၇၅၀ ကျပ်

မြန်မာတိုင်းပြ

MYANMARTIMES

www.mmtimes.com

အတွဲ-၃၆၊ အမှတ်-၇၀၁ (၅ - ၁၁၊ ၁၂၊ ၂၀၁၄)

INSIDE: NEWS ▶

ဦးသန့်အရေးအခင်း နှစ် ၄၀ ပြည့် အမှတ်တရ

INSIDE: THE PULSE ▶

ခါးသက်သည့်အတိတ်မှ ချိုမြိန်သည့် အနာဂတ်ဆီသို့

ကမ်းလွန်စွမ်းအင် လုပ်ကွက်များ စာချုပ် လက်မှတ်ထိုးမည်

လပေါင်းများစွာ နှောင့်နှေးနေခဲ့သည့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ၂၀ အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေရေးစာချုပ်များချုပ်ဆိုခြင်းကို သက်ဆိုင်ရာ နိုင်ငံတကာကုမ္ပဏီများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ယခုသီတင်းပတ်တွင် စတင်ချုပ်ဆိုမည်ဖြစ်သည်။

"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်ရထားတာ ကမ်းလွန်လုပ်ကွက်ငါးကွက်ရှိပါတယ်။ အခု စာချုပ်လက်မှတ်ထိုးဖို့ အသေးစိတ်ညှိနှိုင်းနေပါတယ်။ ဒီဇင်ဘာလ ၄ ရက်နဲ့ ၅ ရက်နေ့မှာ အနည်းဆုံးလုပ်ကွက် သုံးကွက်လက်မှတ်ထိုးပါမယ်"ဟု စွမ်းအင်ဝန်ကြီးဌာန၊ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ်းလွန်ရေတိမ်ပိုင်း လုပ်ကွက်နှစ်ခုနှင့် ရေနက်ပိုင်းလုပ်ကွက်တစ်ခုကို ပထမဦးစွာ လက်မှတ်ရေးထိုးမည် ဖြစ်သော်လည်း မည်သည့် ကုမ္ပဏီများဖြစ်သည်ကိုမူ ၎င်းက မပြောကြားခဲ့ပေ။

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် ကမ်းလွန်လုပ်ကွက်များအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခြင်းကို ပြီးခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ခဲ့ရာ ကမ်းလွန်ရေတိမ်ပိုင်းလုပ်ကွက် ၁၀ ကွက်နှင့် ရေနက်ပိုင်းလုပ်ကွက် ၁၀ ကွက်အတွက် ရွေးချယ်ခံထားရသည့် ကုမ္ပဏီများစာရင်းကို ယခုနှစ် မတ်လတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပထမအကြိမ် ကမ်းလွန်လုပ်ကွက်တင်ဒါတွင် ကမ္ဘာ့ထိပ်သီး ရေနံကုမ္ပဏီကြီးများအပါအဝင် နိုင်ငံတကာ ကုမ္ပဏီပေါင်း ၆၈ ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးအဆင့်တွင် ကုမ္ပဏီ ၁၇ ခုတို့ ရွေးချယ်ခံခဲ့ရသည်။ ထုတ်လုပ်မှုအပေါ် ခွဲဝေရေးစာချုပ်၏ သက်တမ်းမှာ နှစ်ပေါင်း ၃၀ ဖြစ်ပြီး ကမ်းလွန်လုပ်ကွက် ၂၀ အတွက် စာချုပ်လက်မှတ်ထိုးကြေးအဖြစ် အမေရိကန်ဒေါ်လာ ၂၂၆ ဒသမ ၁ သန်းကို မြန်မာနိုင်ငံက ရရှိမည်ဖြစ်သည်။ ■ **အောင်ရှင်**

နိုင်ငံရေးခိုလှုံခွင့် စွန့်လွှတ်မှသာ အမြဲတမ်းနေထိုင်ခွင့် လျှောက်ထားနိုင်

ယခုလ ၂၉ ရက်နေ့တွင် စတင်လျှောက်ထားနိုင်ပြီး သက်တမ်းငါးနှစ် သတ်မှတ်ထား စာ ၃

သတင်း - အိအိသူ
ဓာတ်ပုံ - သီရိလူ

ခူမီး တိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပ

ခူမီးတိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်၌ ဒီဇင်ဘာလ ၁ ရက်နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ တက်ရောက်လာကြသည့် တိုင်းရင်းသားများကို တွေ့ရစဉ်။ ၎င်းနှစ်သစ်ကူးပွဲတော်တွင် ခူမီးမျိုးနွယ်စု ယဉ်ကျေးမှုပြတိုက်ကိုလည်း စတင်ဖွင့်လှစ်ပေးခဲ့သည်။ ယဉ်ကျေးမှုပြတိုက်၌ ရိုးရာပစ္စည်းပေါင်း ၆၀ ကျော်ခင်းကျင်းပြသနိုင်ရန် ရည်ရွယ်ထားပြီး ယခုလက်ရှိတွင် ၃၀ ကျော် ပြသထားသည်။

Let Your Child's Potential Shine
Dumex
Brain
Immunity
5 POWER NUTRI
Bone
Vitality
Digestion
Dugro
3-6

HERBALLINES
ဟာဗယ်လင်း(စ်)
BECAUSE IT'S FOR FAMILY
မိသားစုအတွက်ဖြစ်လို့ပါ
12ml

မြန်မာတိုင်းမြ ဒီဇင်ဘာ ၅ - ၁၁၊ ၂၀၁၄

ဘာသာခြားနှင့်လက်ထပ်မည့် ဗုဒ္ဓဘာသာအမျိုးသမီးများ မြို့နယ်အုပ်ချုပ်ရေးမှူးထံတွင် ခွင့်ပြုချက် ရယူရန်လို

အိအိတိုးလွင်

eieitoelwin@gmail.com

ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ဘာသာခြားနှင့် လက်ထပ်လိုပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံ၏ ခွင့်ပြုချက်ဖြင့် ထိမ်းမြားမှု မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ယမန်နေ့က ထုတ်ပြန်လိုက်သည့် "မြန်မာဗုဒ္ဓဘာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း"တွင် ဖော်ပြထားသည်။

ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားနှင့် လက်ထပ်မည့် ဗုဒ္ဓဘာသာ အမျိုးသမီး၏ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီးထိန်းသိမ်းခြင်း စသည့်အခွင့်အရေးများအား မျှတစွာ ရရှိနိုင်ရန်နှင့် ထိရောက်စွာ ကာကွယ်မှုပေးရန်ဟု ဖော်ပြထားသည့် ယင်းဥပဒေကြမ်းတွင် ပုဒ်မပေါင်း ၄၄ ခု ပါဝင်ပြီး ထိမ်းမြားမှု မှတ်ပုံတင်ရန် လိုအပ်ချက်များ၊ လိုက်နာရမည့် စည်းကမ်းချက်များကို ဖြစ်မှု၊ ပြစ်ဒဏ်များနှင့်အတူ ဖော်ပြထားသည်။

ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များအရ ဗုဒ္ဓဘာသာ အမျိုးသမီးတစ်ဦးသည် ဘာသာခြားနှင့် လက်ထပ်ပေါင်းသင်းလိုသည့်အခါ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးမှူးထံတွင် တရားဝင်ပေါင်းသင်းနေထိုင်ခွင့် မှတ်ပုံတင်ရမည်ဖြစ်သည်။ ယင်းလျှောက်လွှာကိုခုံရုံးရှိ အများမြင်သာသည့် နေရာတွင် ကပ်ထားမည်ဖြစ်ပြီး ၁၄ ရက်အတွင်း ကန့်ကွက်သူ မရှိမှသာ မှတ်ပုံတင်အရာရှိက ဥပဒေပြဋ္ဌာန်းချက်အရ ထိမ်းမြားပေးမည်ဖြစ်သည်။ ကန့်ကွက်သူရှိပါက တရားရုံးတွင် အမှုရင်ဆိုင်ကာ တရားသူကြီး အဆုံးအဖြတ်ခံယူရမည်ဖြစ်သည်။

ထို့ပြင် မှတ်ပုံမတင်ဘဲ နှစ်ဦးသဘောတူညီမှုအရ ပေါင်းဖက်နေထိုင်သော်လည်း သတင်းပေးသူရှိပါက မှတ်ပုံတင်အရာရှိက ထိုသူတို့ကို လာရောက်မှတ်ပုံတင်ရန် ဆင့်ခေါ်နိုင်သည်။ မှတ်ပုံမတင်ပါက သတင်းပေးသူက မြို့နယ် တရားရုံးတွင် တရားလို အဖြစ် အမှုဖွင့်နိုင်ပြီး တရားသူကြီးက လင်မယား ဖြစ်မဖြစ် ဆုံးဖြတ်ရမည်ဖြစ်သည်။ မြို့နယ်တရားရုံး၏ အဆုံးအဖြတ်ကို မကျေနပ်ပါက ခရိုင်တရားရုံးသို့ အယူခံဝင်နိုင်ပြီး ခရိုင်တရားရုံး၏ အဆုံးအဖြတ်သာလျှင် အပြီးသတ်ဖြစ်သည်။

ဘာသာခြားအမျိုးသားသည် လက်ထပ်ထိမ်းမြားလိုသည့် ဗုဒ္ဓဘာသာဝင်အမျိုးသမီး၏ ယုံကြည်မှုအရ လွှပ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည့်အပြင် မွေးဖွားလာသည့် သားသမီးများကို ၎င်းတို့ယုံကြည်သည့် ဘာသာအား လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည်ဖြစ်သည်။ ထို့ပြင် နေထိုင်သည့်အိမ်တွင် ဘာသာရေးအရ လွတ်လပ်စွာ ကိုးကွယ်ခွင့် ပြုရမည်ဖြစ်ပြီး အလှူဒါနပြုခြင်း၊ ပရိတ်ရွတ်ခြင်း စသည့် ဘာသာရေးကိုးကွယ်မှုများကို ခွင့်ပြုရမည်ဖြစ်သည်။ ဘာသာခြား အမျိုးသားများသည် ဥပဒေအရ ဗုဒ္ဓဘာသာကို စော်ကားရန် အကြံဖြင့် ကိုးကွယ်ဝတ်ပြုသော နေရာ၊အထွဋ်အမြတ်ထားသော အရာဝတ္ထုကို ဖျက်စီးခြင်း မပြုရပေ။ အလားတူ ဗုဒ္ဓဘာသာဝင်များ၏ ဘာသာရေးစိတ်ကို နာကြည်းစေလိုသည့် အရာများကို စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမူအရာဖြင့် ဖြစ်စေ မပြုလုပ်ရပေ။ အကယ်၍ ယင်းအချက်များ ဖောက်ဖျက်ပါက ဘာသာခြားအမျိုးသားကို ကျပ်ငါးသောင်း ထပ်မပိုသော ငွေဒဏ်ဖြစ်စေ၊ အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ သုံးနှစ်အထိ ကျခံရမည်ဖြစ်သည်။

အကယ်၍ ဘာသာခြားအမျိုးသား၏ ဘာသာရေး ဓလေ့ထုံးတမ်းအရ ဗုဒ္ဓဘာသာဝင်မိန်းမကို ကွာရှင်းလိုပါက ကွာရှင်းနိုင်သော်လည်း ၎င်းတို့နှစ်ဦးပိုင် ပစ္စည်းများမှ မိမိရထိုက်သောဝေစုအား စွန့်လွှတ်ရမည့်အပြင် ဗုဒ္ဓဘာသာဝင်အမျိုးသမီးကို လျော်ကြေးပေးရမည်ဖြစ်သည်။ ထို့ပြင် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ကို ယောကျ်ားဖြစ်သူက ပေးရမည်ဖြစ်ပြီး သားသမီးအားလုံး ထိန်းသိမ်းခွင့်ကိုလည်း အမျိုးသမီးကသာ ရရှိမည်ဖြစ်သည်။

လူ့အခွင့်အရေး လှုပ်ရှားဆောင်ရွက်နေသည့် Equality Myanmar က အမှုဆောင် အရာရှိဦးအောင်မျိုးမင်းကမူ ဥပဒေအရ ဗုဒ္ဓဘာသာမိန်းမ၏ အမွေဆက်ခံမှု၊ လင်မယားကွာရှင်းမှု စသည့် အခွင့်အရေးများကို ကာကွယ်ပေးထားသော်လည်း ဘာသာခြားနှင့် လက်ထပ်ပေါင်းသင်းရန် ခွင့်ပြုချက် ယူရမည့်အချက်မှာ လူတစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ထိခိုက်စေကြောင်း ပြောဆိုလိုက်သည်။

"ကိုယ်လက်ထပ်မယ့် ကိစ္စကို လူသိရှင်ကြားကြေညာရမယ်ဆိုကတည်းက ဒါက သူ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ဝင်စွက်ဖက်သလို ဖြစ်နေဘူးလားဆိုတာ စဉ်းစားရမယ်။ နှစ်ဦးသဘောတူသာ ကြည်ဖြူရင် တခြားသူ ရှိစရာ မလိုပါဘူး"ဟု ၎င်းကပြောသည်။

ထို့ပြင် အိမ်တွင်း အကြမ်းဖက်မှု၊ ခွဲခြားခံဆက်ခံစသည်တို့မှာ ဗုဒ္ဓဘာသာအမျိုးသမီးများသာ ကြုံတွေ့နေရသည် မဟုတ်ဘဲ ဘာသာခြား အမျိုးသမီးများတွင်လည်း ကြုံတွေ့နေရကြောင်း ၎င်းက ပြောသည်။

"မြန်မာဗုဒ္ဓဘာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေလို့ ပေးထားတာကိုက နိုင်ငံအတွင်းမှာ စိတ်ဝမ်းကွဲစရာတွေဖြစ်နိုင်တယ်။ ဗုဒ္ဓဘာသာဝင် မိန်းကလေးဖြစ်တာနဲ့ အားလုံးမှန်တယ်လို့ယူဆလို့မရဘူး။ ဖြစ်သင့်တာက အမျိုးသမီးအားလုံးကို လွှမ်းခြုံကာကွယ်ပေးနိုင်မယ့် ဥပဒေမျိုးပဲဖြစ်သင့်တာ"ဟု ဦးအောင်မျိုးမင်းက ပြောသည်။

မျိုးစောင့်ဥပဒေဟု ခေါ်တွင်သည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအပါအဝင် ဥပဒေလေးခုမှာ (လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ၊ တစ်လင် တစ်မယားစနစ်ကျင့်သုံးခြင်း ဆိုင်ရာ ဥပဒေ၊ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ဥပဒေ)ကို တရားဝင် ပြဋ္ဌာန်းပေးရန် ရဟန်းသံဃာများ အပါအဝင်နိုင်ငံသား ၁၅ သိန်းကျော် လက်မှတ်ထိုးကာ ယခုနှစ်ဆန်းပိုင်းက သမ္မတထံ ပေးပို့တောင်းဆိုခဲ့သည်။

> ကိုယ်လက်ထပ်မယ့်ကိစ္စကို လူသိရှင်ကြားကြေညာရမယ် ဆိုကတည်းက ဒါက သူ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ဝင်စွက်ဖက်သလို ဖြစ်မနေဘူးလားဆိုတာ

ယင်းဥပဒေလေးခုကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် သမ္မတ ဦးသိန်းစိန်က ကော်မရှင်တစ်ရပ်ဖွဲ့စည်းကာ ဥပဒေကြမ်းများ ရေးဆွဲစေခဲ့ပြီးနောက် အတည်ပြုနိုင်ရန် နိုဝင်ဘာလ ၂၆ ရက်နေ့က ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့လိုက်ပြီဖြစ်သည်။ ထို့အတူ ယင်းဥပဒေကြမ်းများကို အများပြည်သူ လေ့လာအကြံပြုရန် ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍ နိုင်ငံပိုင် သတင်းစာများတွင် နေ့စဉ်ဖော်ပြလျက်ရှိသည်။

သို့သော် သမ္မတ၏ ဥပဒေအတည်ပြုနိုင်ရေး လုပ်ဆောင်ချက်အပေါ် ဝေဖန်ကန့်ကွက်သူများရှိသကဲ့သို့ ဥပဒေဖြစ်မြောက်ရေးအတွက် စည်းရုံးလှုံ့ဆော်နေသည့် အဖွဲ့အစည်းများလည်းရှိနေသည်။

ဥပဒေအတည်ပြုရေးနှင့် ပတ်သက်၍ အဆိုပြုရန်လူထုလက်မှတ်ရေးထိုး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူ မန္တလေးမြို့၊ မဟိုရိမ်ကျောင်းတိုက်၊ တိုက်သစ်ဆရာတော် ဦးဝိရသူကမူ ဥပဒေတွင် လူ့အခွင့်အရေးဆိုင်ရာ သတ်မှတ်ချက်နှင့်ပတ်သက်၍ အငြင်းပွားဖွယ်များရှိနိုင်သော်လည်း သတ်မှတ်ချက်နှင့် ကိုက်ညီရန် အားလုံး ဝိုင်းဝန်းအကြံပြုရန် လိုအပ်ကြောင်းပြောသည်။

"ဗုဒ္ဓဘာသာ အမျိုးသမီးတွေအတွက် ဘာဥပဒေမှ မရှိတာထက်စာရင် ရှိတာက ပိုကောင်းတာပေါ့။ လူ့အခွင့်အရေးနဲ့ မညီဘူးဆိုလည်း ညီအောင်ဝိုင်းလုပ်ပေးရမှာပေါ့"ဟု ဦးဝိရသူက မိန့်သည်။

ပြည်တွင်း၊ ပြည်ပမှ လူ့အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများကမူ ဥပဒေကြမ်းများ ထွက်ပေါ်မလာမီကပင် ဥပဒေပြဋ္ဌာန်းရေး လုပ်ဆောင်ချက်များ ရှုတ်ချခဲ့ပြီး သမ္မတ ဦးသိန်းစိန်အစိုးရအဖွဲ့အနေဖြင့် အဆိုပါ ဥပဒေကို နိုင်ငံရေး လက်နက်အနေဖြင့် အသုံးချခြင်းဖြစ်ကြောင်း ဝေဖန်ပြောဆိုမှုများရှိခဲ့သည်။ ထို့ပြင် မျိုးစောင့်ဥပဒေသည် လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးကို ချိုးဖောက်သော် သမိုင်းတွင် အစွန်းအထင်းဖြစ်မည့် လုပ်ရပ်တစ်ခုဖြစ်သည့် အတွက် ယင်းဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ပေးရန် အမျိုးသမီးများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်း ၉၇ ဖွဲ့က မေလ ၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံ စုပေါင်းတောင်းဆိုခဲ့သည်။ ■

သတင်းတိုများ

ဒေါက်တာအောင်ခင်ဆင့် တစ်ကိုယ်တော်ဆန္ဒပြမည်

ကျောင်းသားသမဂ္ဂ အဆောက်အအုံပေါ် ထွက်လာရေးအတွက် အသက် ၈၁ နှစ်အရွယ်ရှိပြီဖြစ်သော ကျန်းမာရေးပညာပေးစာအုပ်များရေးသားသူ ဒေါက်တာအောင်ခင်ဆင့်က ယခုလ ၆ ရက်နေ့၊ နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှေ့၌ တစ်ကိုယ်တော် ဆန္ဒဖော်ထုတ်မည်ဖြစ်သည်။

"ကျောင်းသားသမဂ္ဂအဆောက်အအုံပေါ် ထွက်ရေးအတွက် ဆန္ဒဖော်ထုတ်သွားမှာဖြစ်ပါတယ်။ သမ္မတကြီးရဲ့ မိန့်ခွန်းထဲမှာလည်း ကျောင်းသားသမဂ္ဂတွေရဲ့ အရေးပါမှုအခန်းကဏ္ဍကို ဖော်ပြခဲ့ဖူးတာရှိပါတယ်။ အဲဒီမိန့်ခွန်းအရ လိုအပ်တယ်ထင်လို့ ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ဆန္ဒဖော်ထုတ်ရန်အတွက် အာဏာပိုင်များထံက ခွင့်ပြုချက်တောင်းခံထားပြီး မြို့တော်ခန်းမရှေ့ ဆန္ဒဖော်ထုတ်အပြီးတွင် မဟာဗန္ဓုလပန်းခြံကို တစ်ပတ်ပတ်ကာ ဆက်လက်ဆန္ဒဖော်ထုတ်မည်ဟု ၎င်းက ပြောသည်။ ■ လွှန်မင်းမန်

မြန်မာလူငယ်နှစ်ဦးကို ရမန်ဖြင့် ဆက်လက်ထိန်းသိမ်းထား

ဖြိတိသျှနိုင်ငံသားနှစ်ဦးကို သတ်ဖြတ်မှုဖြင့် အစွပ်စွဲခံထားရသည့် မြန်မာလူငယ် နှစ်ဦးကို ဆက်လက်ထိန်းသိမ်းခွင့် အဖြစ် ခြောက်ကြိမ်မြောက်ရမန်ကို ကော့စမ်ဒွိခရိုင်တရားရုံးက ထိုင်းရဲတပ်ဖွဲ့သို့ ယခုလ ၂ ရက်နေ့က ပေးခဲ့ကြောင်း အမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် မြန်မာသံရုံးအဖွဲ့မှ ကိုထူးချစ်က ပြောသည်။

"ကျွန်တော်တို့အနေနဲ့ကတော့ မကြာခင် အာမခံရဖို့အတွက် ဆက်လက်ကြိုးစားသွားမှာဖြစ်ပါတယ်။ ဘတ်ငွေနှစ်သန်းကို အာမခံအဖြစ်တင်ဖို့ ပြင်ဆင်ထားပါတယ်"ဟု ၎င်းကပြောသည်။ ခြောက်ကြိမ်မြောက် ရမန်အဖြစ် ထိုင်းရဲတပ်ဖွဲ့က လူငယ်နှစ်ဦးကို ယခုလ ၁၄ ရက်နေ့အထိ ချုပ်ထားမည်ဖြစ်သည်။ ■ လွှန်မင်းမန်

IN PICTURES

ဓာတ်ပုံ – အေအက်ဖ်ပီ

ရွှေတိဂုံဘုရားသွားရောက်ဖူးမြော်ခဲ့သည့် နော်ဝေဘုရင်

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် နော်ဝေနိုင်ငံ ပဋမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရား ဆွန်ယာတို့ ယခုလ ၂ ရက်နေ့ ညနေပိုင်းက ရွှေတိဂုံဓေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ရာ နော်ဝေဘုရင်က ဗုဒ္ဓရုပ်ပွားတော်ကို ရေသပ္ပာယ်နေစဉ်။ နော်ဝေဘုရင်နှင့် မိဖုရားတို့သည် သမ္မတဦးသိန်းစိန်နှင့် ဧနီဒေါ်ခင်ငင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီး လာရောက်နေခြင်းဖြစ်သည်။

နိုင်ငံရေးခိုလှုံခွင့် စွန့်မှသာ အမြဲတမ်း နေထိုင်ခွင့်စနစ် လျှောက်ထားနိုင်မည်

ရဲမွန်

yemon.mcm@gmail.com

အမြဲတမ်းနေထိုင်ခွင့်စနစ် (Permanent Residence)ကို မြန်မာနိုင်ငံတွင် မကြာမီ ခွင့်ပြုတော့မည်ဖြစ်ရာ အခြားနိုင်ငံတွင် နိုင်ငံရေး ခိုလှုံခွင့်ဖြင့် နေထိုင်နေပြီး မြန်မာနိုင်ငံသားအဖြစ် ရုပ်သိမ်းခံထားရသူများသည် ထိုခိုလှုံခွင့်ကို စွန့်လွှတ်မှသာ အမြဲတမ်း နေထိုင်ခွင့်စနစ် လျှောက်ထားနိုင်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင် မောင်သန်းက ပြောသည်။

နိုင်ငံခြားသားများ အမြဲတမ်းနေထိုင်ခွင့် ဆိုင်ရာ နည်းဥပဒေတွင် အမြဲတမ်းနေထိုင်ခွင့် စနစ်ကို လျှောက်ထားမည့် မြန်မာနိုင်ငံသားဟောင်း(သို့) နိုင်ငံခြားသားသည် နိုင်ငံတစ်ခုခု၌ နိုင်ငံရေးခိုလှုံခွင့်ရရှိနေထိုင်သူ မဟုတ်ရဟု ပြဋ္ဌာန်းထားသော်လည်း နိုင်ငံရေး ခိုလှုံခွင့် ယူထားသူများတွင် ကျွမ်းကျင်ပညာ ရှင်များ ပါနေသည့်အတွက် အဆိုပါ ပုဂ္ဂိုလ် များလည်း လျှောက်ထားနိုင်ရန် အခွင့်အရေး ပေးထားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

အမြဲတမ်းနေထိုင်ခွင့်စနစ်ကို လျှောက် ထားမည့်သူသည် မြန်မာနိုင်ငံသားဟောင်း ဖြစ်ပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀၀နှုန်းဖြင့် ငါးနှစ်စာသွင်းရမည်ဖြစ်ပြီး နိုင်ငံ ခြားသားဖြစ်ပါက တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၁,၀၀၀ နှုန်းဖြင့် ငါးနှစ်စာပေးသွင်းရ မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးမောင် မောင်သန်းက ပြောသည်။

ယခုလ ၂၉ ရက်တွင် စတင်လျှောက်ထား နိုင်မည့် အမြဲတမ်းနေထိုင်ခွင့်စနစ်၌ မြန်မာ နိုင်ငံသားဟောင်းများအပါအဝင် နိုင်ငံခြားက ရင်နှီးမြှုပ်နှံသူများ၊ ပညာရှင်များ၊ မြန်မာနိုင်ငံ သားနှင့် လက်ထပ်ထားသူ နိုင်ငံခြားသားများ၊ သွေးနှောထားသည့် သားသမီးများ လျှောက် ထားနိုင်ပြီး အဆိုပါ နေထိုင်ခွင့်အတွက် သက်တမ်းငါးနှစ် သတ်မှတ်ထားသည်။

"အာဆီယံနိုင်ငံတွေမှာလည်း နိုင်ငံရေး ခိုလှုံခွင့်ယူထားတဲ့သူတစ်ယောက်ကို PR ပေးတာမရှိပါဘူး။ သမ္မတကြီးက ဒီလူတွေကို ပြန်လာပါလို့ ဖိတ်ခေါ်တာက ဒါတွေကို စွန့် ပြီးလာခဲ့ပါလို့ ပြောတာပါ။ နှစ်နိုင်ငံသားပေး လို့မရတဲ့အတွက် ဩစတြေးလျ နိုင်ငံသား ခံယူထားရင်တောင်မှ ဩစတြေးလျနိုင်ငံ သားကို မစွန့်လွှတ်နဲ့။ ကျွန်တော်တို့နိုင်ငံ မှာသာ လာအလုပ်လုပ်ပေး၊ ဩစတြေးလျ နိုင်ငံက ရရှိတဲ့အခွင့်အရေးတွေ အကုန်ယူလို့ ရပါတယ်။ ဒါပေမဲ့ နိုင်ငံရေးခိုလှုံခွင့်ယူထား တဲ့သူကတော့ စွန့်လွှတ်ဖို့လိုပါတယ်"ဟု ညွှန် ကြားရေးမှူး ဦးရဲထွန်းဦးက ပြောသည်။

အမြဲတမ်းနေထိုင်ခွင့်စနစ် လျှောက်ထား သူများကို နေထိုင်ခွင့်ပြုရန် စိစစ်ရာတွင် အမှတ်ပေးစနစ်ဘုတ်အဖွဲ့က အမှတ်ပေး စနစ်ဖြင့် စိစစ်သွားမည်ဖြစ်ပြီး အဆိုပါ အမှတ်ပေးစနစ်ဘုတ်အဖွဲ့ကို ဝန်ကြီးဌာန များ၊ အဖွဲ့အစည်းများက ပညာရှင်များဖြင့် ဖွဲ့စည်းရန်လည်း စီစဉ်လျက်ရှိသည်။

အမြဲတမ်းနေထိုင်ခွင့်စနစ်ဖြင့် နေထိုင် သူသည် ပညာရေးဝန်ကြီးဌာနက သတ်မှတ် ထားသည့် ပညာရေးစနစ်များကိုလည်း သင်ကြားခွင့်ရမည်ဖြစ်ပြီး ကျန်းမာရေးအတွက် လည်း မြန်မာနိုင်ငံရှိ ဆေးရုံဆေးခန်းတိုင်း၌ ဆေးကုသခွင့်ရရှိမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ကျင့် သုံးနေသော ၁၉၈၂ နိုင်ငံသားဥပဒေပုဒ်မ ၂၃ အရ နှစ်နိုင်ငံသား ခံယူသည့်စနစ်ကို ခွင့်ပြု ထားခြင်း မရှိသောကြောင့် မြန်မာနိုင်ငံသို့ လာရောက်ကြသော ရင်းနှီးမြှုပ်နှံသူများ၊ ပညာရှင်များ၊ မြန်မာနိုင်ငံသားဟောင်းများ အနေဖြင့် ဗီဇာ ရက်အကန့်အသတ်ဖြင့်သာ နေထိုင်ခွင့်ရလျက်ရှိနေသည်။

လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက် အလက်များကို ဒီဇင်ဘာလ ၅ ရက်တွင် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝက်ဘ်ဆိုက်များမှတစ်ဆင့် ထုတ် ပြန် သွားမည်ဖြစ်ပြီး လျှောက်လွှာလျှောက် လိုသူများသည် ရန်ကုန်မြို့၊ ၃၇လမ်း၊ အောက် ဘလောက်ရှိ ယခင်နိုင်ငံကူးလက်မှတ်ထုတ် ပေးရေးရုံး၌ လျှောက်ထားနိုင်သည်။ ■

မြေမြှုပ်မိုင်းရှင်းလင်းရေးလုပ်ငန်းများ မစတင်နိုင်သေး

ဝလုံး

walone14@gmail.com

တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ မြေမြှုပ်မိုင်းများရှင်းလင်း ရေးကို ယနေ့အချိန်ထိ စတင်နိုင်ခြင်း မရှိသေးကြောင်း သမ္မတရုံးဝန်ကြီး ဦးအောင် မင်းက နိုဝင်ဘာလ ၃၀ ရက်က ပြုလုပ် ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာ တိုင်း(မ်)ကို ပြောကြားသည်။

"လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်က ဒုတိယအဆင့်ဖြစ်တဲ့ အလုံးစုံအပစ်အခတ် ရပ်စဲရေး(Comprehensive ceasefire) အဆင့်ကို မရောက်သေးတော့ မြေမြှုပ်မိုင်း ရှင်းလင်းရေးကိစ္စ မစတင်နိုင်သေးတာဖြစ် ပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိအခြေအနေအရ မြန်မာနိုင်ငံ တွင် မြေမြှုပ်မိုင်းရှင်းလင်းရေးကိစ္စများ ကို ဆောင်ရွက်နိုင်ရန် ခိုင်မာသည့် အပစ် အခတ်ရပ်စဲရေး မရရှိသေးကြောင်း နော်ဝေ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ Brorge Brend ကလည်း ပြောကြားသည်။

"မြေမြှုပ်မိုင်းတွေရှိနေတဲ့ ဒေသက ကလေးငယ်တွေနဲ့ မိသားစုဝင်တွေအတွက် အလွန့်အလွန်အရေးတကြီး ဆောင်ရွက် ပေးရမယ့်ကိစ္စလည်းဖြစ်ပါတယ်"ဟု ၎င်း ကပြောသည်။

မြေမြှုပ်မိုင်းရှင်းလင်းရေးစင်တာ (MyanmarMineActionCenter)ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလကတည်းက ဥရောပသမဂ္ဂ၏ ထောက်ပံ့ငွေများဖြင့် မြန်မာငြိမ်းချမ်းရေး စင်တာတွင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ကနဦးဆောင်ရွက်ချက်အဖြစ် ၁၈ လ အတွင်း မြန်မာနိုင်ငံ အမျိုးသားမိုင်းရှင်းလင်း ရေးဌာန ဖွင့်လှစ်နိုင်ရေးနှင့် မိုင်းကွင်းတည် နေရာများ ရှာဖွေရှင်းလင်းရေး ဆောင်ရွက် နိုင်ရန် ယူရိုဝှုံးသန်းခွဲ ထောက်ပံ့ရေးအစီ အစဉ်ကို ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့က နော်ဝေပြည်သူများ အထောက်အပံ့ပေး ရေးအဖွဲ့(NPA)နှင့် အီးယူကော်မရှင်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

မြေမြှုပ်မိုင်း ရှင်းလင်းရေးကိစ္စကို အစိုးရအနေဖြင့် ခွင့်ပြုထားပြီးဖြစ်ကြောင်း ဦးအောင်မင်းက ပြောကြားခဲ့သော်လည်း လက်တွေ့တွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက သဘောတူ ခွင့် ပြုခြင်း မရှိသေးကြောင်း နော်ဝေပြည်သူ များ ထောက်ပံ့ရေးအဖွဲ့၊ မိုင်းရှင်းလင်းရေး အစီအစဉ်မန်နေဂျာ မစ္စတာ Aksel Steen Nilsen ကပြောသည်။

"အပစ်အခတ်ရပ်ပြီးတဲ့ တိုင်းရင်းသား လက်နက်ကိုင်ဒေသတွေဖြစ်တဲ့ မွန်၊ ကရင်၊ တနင်္သာရီဒေသတွေဆိုရင် နယ်မြေခွဲပြီး မိုင်းရှင်းလင်းလို့ ရပါတယ်၊ ဒါပေမဲ့ ခွင့်ပြု ချက်မရရှိသေးပါဘူး"ဟု ၎င်းကပြောသည်။

မြေမြှုပ်မိုင်း အများဆုံးရှိရာ နေရာ များမှာ ထိုင်း၊ တရုတ်နှင့် ဘင်္ဂလာဒေ့ရှ်နယ် စပ်နှင့် ထိစပ်လျက်ရှိနေသော ကယား၊ ကရင်နှင့် ကချင်ပြည်နယ်များ၊ ပဲခူးတိုင်း ဒေသကြီးတို့ ဖြစ်သည်။ ■

ကျေးရွာသစ် စီမံကိန်းအတွက် တောင်ကိုရီးယားက ကူညီမည်

ထူးသန့်

thanhtoo.npt@gmail.com

ကျေးရွာသစ်စီမံကိန်းကို တောင်ကိုရီးယားနိုင်ငံက အမေရိကန်ဒေါ်လာ ၂၂ သန်းဖြင့် ငါးနှစ်ကြာ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားက မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၁၀၀ တွင် 'ကျေးရွာသစ်စီမံကိန်း'ကို ငါးနှစ်စီမံကိန်းအဖြစ် လာမည့် ၂၀၁၉ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေါ်လာ ၂၂ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း ပူးတွဲဆောင်ရွက်သွားမည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လိုင်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၂)၌ ယခုလ ၂ ရက်နေ့က ပြုလုပ်သည့် ဖိုရမ်တွင် ပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ ဧရာဝတီ၊ မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တို့မှ ကျေးရွာပေါင်း ၁၀၀ တွင် တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စီမံကိန်းသည် ကျေးလက်ပြည်သူလူထုကို ကိုယ့်အားကိုယ်ကိုးပြီး ရှိရင်းစွဲ အရင်းအမြစ်များ စီမံခန့်ခွဲနိုင်ခြင်းမှတစ်ဆင့် ဝင်ငွေတိုးတက်လာပြီး လူနေမှု အဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်ကြောင်း လည်း ၎င်းက ပြောကြားသည်။

စီမံကိန်းဖော်ဆောင်မည့် ကျေးရွာများကို လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး ရရှိရေး၊ လယ်ယာမြေဖွံ့ဖြိုးရေး၊ လျှပ်စစ်မီး ရရှိရေး၊ ကျန်းမာရေးအတွက် သောက်သုံးရေ ရရှိရေးနှင့် ဆေးပေးခန်းများ ထူထောင်ပေးရေး၊ အိမ်ရာတည်ဆောက်ပေးရေး၊ ကလေးသူငယ်စောင့်ရှောက်ရေး၊ ဂေဟာများ တည်ဆောက်ပေးရေးစသည့် ပံ့ပိုးမှု လုပ်ငန်းများအပြင် လူထုစွမ်းဆောင်ရည် မြင့်ကာ အဖွဲ့အစည်းဖြင့် ဆောင်ရွက်တတ်သော အလေ့အကျင့်များ ပြုစုလေ့ကျင့်ပေးရေးတို့လည်း ပါဝင်သည်။

အဆိုပါစီမံကိန်းသည် အစိုးရက လက်တွေ့ဆောင်ရွက်နေသော လုပ်ငန်းကို လည်း အရှိန်အဟုန်မြင့် စေမည်ဖြစ်ကြောင်း သမ္မတဦးသိန်းစိန်က ပြောသည်။

"ကျေးရွာသစ်လှုပ်ရှားမှု အကောင်အထည်ဖော်ရေးစီမံကိန်းဟာ ကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းတွေကို မြေပြင်မှာလက်တွေ့ အကောင်အထည်ဖော်ခြင်း ဖြစ်တဲ့အပြင် ကျွန်တော်တို့အစိုးရရဲ့ တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းတွေရဲ့အရှိန်အဟုန် မြင့်မားအောင် အားဖြည့်ပေးတဲ့ စီမံကိန်း ဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ အီဘတ်ဆွန်းကလည်း အဆိုပါ စီမံကိန်းသည် နှစ်နိုင်ငံအစိုးရချင်း ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် သာမက နှစ်နိုင်ငံ ပြည်သူအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုလည်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားအနေဖြင့် ကျေးရွာသစ်စီမံကိန်းကို ၁၉၇၀ ပြည့်နှစ်များက စတင်အကောင်အထည်ဖော်ခဲ့ပြီးနောက် နှစ်အနည်းငယ်အကြာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့သော နိုင်ငံအဖြစ်ရပ်တည်နိုင်ခဲ့ကြောင်း ကိုရီးယားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုခွန်က ပြောသည်။ ■

ရန်ကုန်၌ ခုံးကျော်တံတားသစ် သုံးစင်းဆောက်မည်

ရဲမွန်

yemon.mcm@gmail.com

ရန်ကုန်မြို့တွင်း မော်တော်ယာဉ်လမ်းများ ကျပ်တည်းပိတ်ဆို့နေမှုများကို ဖြေလျှော့နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ခုံးကျော်တံတားသစ် သုံးစင်းကို ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်က ပြောကြားလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၌ ဒီဇင်ဘာ ၃ ရက်က ပြုလုပ်ခဲ့သော လွှတ်တော် အထူးအစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးက အစိုးရအဖွဲ့၏ ၂၀၁၅-၁၆ ဘဏ္ဍာနှစ် ရသုံးမှန်းခြေငွေစာရင်း လျာထားချက်ကို တင်ပြရာတွင် အထူးစီမံကိန်းနှင့် ပတ်သက်၍ သုံးစွဲမည့် ဘတ်ဂျက် လျာထားချက်ကို တင်ပြစဉ် ၎င်းကပြောကြားသည်။

"တာမွေမြို့နယ် တာမွေခုံးကျော်တံတား အတွက် ၂၂ ဒသမ ၅ ဘီလျံ၊ မရမ်းကုန်းမြို့နယ် ရွှမ်မိုင်လမ်းဆုံ ခုံးကျော်တံတား အတွက် ၁၆ ဒသမ ၄၅ ဘီလျံ၊ ဗဟန်းမြို့နယ် ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတားတည်ဆောက်ရန် ၁၅ ဒသမ ၄ ဘီလျံ လျာထားပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု ရှင်းလင်းရေးအတွက် ရန်ကုန်မြို့တွင်း အရေးကြီးမီးပွိုင့် ၆၅ ပွိုင့်ကို Control Centre များဖြင့် ထိန်းချုပ်ခြင်း၊ လုပ်ငန်းနှင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ ပို့ဆောင်ရေးကိစ္စများဆောင် ရွက် ရန် အစိုးရက ငွေကျပ်ဘီလျံ ၃၀ ခန့် စတင် ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောသည်။

လက်ရှိတွင် မြေနီကုန်း ခုံးကျော်တံတား ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အထူးစီမံကိန်း အနေဖြင့် တည်ဆောက်လျက်ရှိရာ ကျပ် ၁၆ ဘီလျံကျော် ကုန်ကျမည်ဟု ခန့်မှန်းထား ပြီး ဒေါပုံနှင့် သယ်နန်းကျွန်းကို ဆက်သွယ် သည့် ငမိုးရိပ်ချောင်းကူးတံတားကိုလည်း ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အထူးစီမံကိန်း အနေဖြင့် ကျပ်ကိုးဘီလျံကျော် အကုန်အကျ ခံတည်ဆောက်ရန် လျာထားကြောင်းလည်း သိရသည်။ ■

မြန်မာ့ဖွံ့ဖြိုးမှု အဖွဲ့ လုပ်ငန်း၌ ပြည်သူများ ပါဝင် ကြရန် တိုက်တွန်း

မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) နှင့် ပတ်သက်သည့် စီမံချက်များကို ကိုရီးယားနိုင်ငံက ထောက်ပံ့မှုဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ရာ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း ဒုဥက္ကဋ္ဌ ဒေါက်တာဇော်ဦးက ယခုလ ၂ ရက်နေ့က ပြောကြားသည်။

"အစိုးရက ဘယ်လောက်ပဲ ဦးဆောင်ဦးဆောင်၊ ပညာရှင်တွေက ဘယ်လောက်ပဲ အကြံပေးပေး တကယ်တမ်း နောက်ဆုံးပိတ်မှာ ပေးတဲ့အကြံနဲ့ အစိုးရက ဦးဆောင်မယ့် စီမံချက်တွေအားလုံးမှာ ပြည်သူရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပါဝင်မှုဟာ အင်မတန်မှ အရေးကြီးပါတယ်"ဟု ၎င်းက ပြောသည်။

MDI လုပ်ငန်းစဉ်ကို ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ အမေရိကန်ဒေါ်လာ သန်း ၂၀ အကူအညီဖြင့် ၂၀၁၄ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ ငါးနှစ်စီမံကိန်းသတ်မှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ဆောင်မည့် လုပ်ငန်းစဉ်များစွာ ရှိသည့်အနက် ပြည်သူကို မည်သို့တိုင်ပင်မည်၊ အကြံဉာဏ်များ မည်သို့ယူမည်၊ ပြည်သူအနေဖြင့် ယခုစီမံချက်တွင် ပါဝင်လာစေရန် မည်သို့ဆောင်ရွက်မည်ဆိုသည့် မဟာဗျူဟာ၊ နည်းဗျူဟာသည်လည်း အင်မတန်အရေးကြီး လုပ်ငန်းစဉ်တစ်ရပ်ဟု သတ်မှတ်ထားကြောင်း ဒေါက်တာဇော်ဦးက ပြောသည်။

ပြည်သူကို ဗဟိုပြုသည့်၊ ပြည်သူကို တိုက်ရိုက်သိသာထင်သာရှိသည့် အကျိုးကျေးဇူးများ ဖော်ဆောင်ရာတွင် အခက်အခဲများစွာ ရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် အခက်အခဲများကို ကျော်လွှားအောင်မြင်နိုင်မည့် နည်းလမ်းများ၊ အထူးသဖြင့် မူဝါဒများတွင် စဉ်းစားပေးရမည့် ဦးစားပေးအချက်အလက်များ၊ မူဝါဒနှင့် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ပညာရပ်ပိုင်းဆိုင်ရာ အဖွဲ့အစည်းများက အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းကို ဆောင်ရွက်ရန် ဖြစ်ကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဝင်ဖြစ်သူ ဒေါက်တာဇော်ဦးက ဆိုသည်။ ■ ဖြည့်သက်ဖြီး

MCM

MYANMAR CONSOLIDATED MEDIA LTD.

အမှုဆောင်အရာရှိချုပ်
တိုနီချိုင်းလ်ဒ် tonychild.mcm@gmail.com

သတင်းဌာန ဒါရိုက်တာ
သီဟစော editorial.director.mcm@gmail.com

ဒု-စီမံခန့်ခွဲမှုအရာရှိချုပ်နှင့် စီးပွားရေးစာတည်း (မြန်မာ)
တင်မိုးအောင် tinmoeaung.mcm@gmail.com

စာတည်းမှူး (မြန်မာ)
ဆန်းဦး sannoo@gmail.com

စာတည်းမှူး (အင်္ဂလိပ်)
သောမတ်စ်ကင်း(နှိ) tdkean@gmail.com

စာတည်းမှူး (အထူးအချပ်ပို့)
မျိုးလွင် myolwin286@gmail.com

သတင်းထောက်ချုပ်
ဇော်ဝင်းသန်း zawwinthan@gmail.com

ဒု-စာတည်းမှူးနှင့် လှုပ္ပာဝစာတည်း (မြန်မာ)
မိုးမိုသော် mohthaw@gmail.com

ဒု-စာတည်းမှူး (မြန်မာ)-အေးစပယ်ဖြူ

အကြီးတန်းစာတည်း-မောင်သွေးသစ်

အတိုင်ပင်ခံစာတည်း-မသိုဂီ

ဒု-စီးပွားရေးစာတည်း (မြန်မာ)-အေးသီတာကျော်

အကြီးတန်းလက်ထောက်စာတည်း-စန္ဒာလွင်

အားကစားစာတည်း-ထွန်းနေအောင်

လှုပ္ပာဝစာတည်း (အင်္ဂလိပ်)-ဝုစ်တနေလိုက်တ်

နိုင်ငံတကာစာတည်း-တင်စိန်

ဓာတ်ပုံဌာန (မန်နေဂျာ)-ကောင်းထက်

ဓာတ်ပုံသတင်းထောက်များ-သီဝိလှ၊ အောင်ဌေးလှိုင်၊ ဇာနည်ဖြိုး၊ ယုယု၊ နိုင်ဝင်းထွန်း

မန္တလေးရုံးခွဲ တာဝန်ခံ
စတူးဝပ်အလန်ဘက်ကာ stuart.becker@gmail.com

မန္တလေးရုံးခွဲ ဖြန့်ချိရေးဌာန
mdydistribution.mcm@gmail.com

နေပြည်တော်ရုံးခွဲ တာဝန်ခံ
စုလှိုင်ထွန်း hsuhlainghtun.mcm@gmail.com

နေပြည်တော်ရုံးခွဲ ဖြန့်ချိရေးဌာန
nptdistribution.mcm@gmail.com

ထုတ်လုပ်ရေးဌာန မန်နေဂျာ - ဇာနည်၊
zarnicj@gmail.com

ဒု-ထုတ်လုပ်ရေး မန်နေဂျာ - ဇော်နိုင်စိုး၊
zawna2@gmail.com

ဒီဇိုင်းဌာနဒါရိုက်တာ - တင်ဇော်ထွေး၊

ပုံနှိပ်ဌာနမှူး - ဦးဟန်ထွန်း

ပုံနှိပ်ဌာနအကြီးပေး
ငွေးမောင် uhtaymaung@gmail.com

မန်နေဂျာ (ပုံနှိပ်စက်)-ခင်မောင်

ကြော်ငြာဌာန ဒု-ဒါရိုက်တာများ-ညီညီထွန်း၊ ချမ်းသာဦး၊ နေမျိုဦး၊ နန္ဒာခိုင်

အရောင်းမန်နေဂျာ (Classies)-ခင်မွန်မွန်ရည်

ငွေစာရင်းမန်နေဂျာ
မွန်မွန်သာဆိုင် monmonthasaing@gmail.com

စီမံရေးရာဌာန
နိုင်ဆုယဉ် khinesu1988@gmail.com

ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး(မြဝတ္ထု၅)

အိုင်တီမန်နေဂျာ
ကျော်ဇေယျာလင်း kyawzayarlin@gmail.com

ဖြန့်ချိရေး မန်နေဂျာ
သူဇာဝင်း thuzarwinn@gmail.com

ကြော်ငြာနှင့် လပေးဝယ်ယူရေးကိစ္စများ စုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈

မြန်မာတိုင်း(ပဲ) သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆို လီဒိတ်တက် ပီဒီယာ (Myanmar Consolidated Media) က ပိုင်ဆိုင်ပြီး ရွှေစင်ပုံနှိပ်တိုက် (၀၃၆၈) နှင့် စွယ်နုံပီဒီယာ (၀၈၁၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်တာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(ပဲ) ဟူ၍ ဖြစ်ကာ မြန်မာတိုင်း(ပဲ)၏ အမှတ်တံဆိပ်လိုဂို (Logo) အပါအဝင် သက်ဆိုင်သော သက်တမ်းအမှတ်အသားများအားလုံးကို လည်းကောင်း၊ စာစောင်များတွင်ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာ အားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် ပီဒီယာ (Myanmar Consolidated Media) ၏ စာပြင့် ရေးသားခွင့်ပြုချက်မပါဘဲ ပြန်လည် ကူးယူတော်ပြခြင်း မပြုကြရန်။

MCM

MYANMAR TIMES
HEARTBEAT OF THE NATION

မြန်မာတိုင်းမြ
MYANMARTIMES

NOW!

Myanmar Consolidated Media Ltd.

www.mmtimes.com

ရန်ကုန်ရုံးချုပ် - ၃၀၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈။ ဖက်စ်(၉၅၁) ၂၅၄ ၁၅၈

မန္တလေးရုံးခွဲ - တိုက် စ/၁၊ မန်းပန္တလာအိမ်ရာ၊ ၃၅၅လမ်း (၃၀နှင့် ၃၁လမ်းကြား)၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး၊ ဖုန်း (၀၂) ၆၅၃၉၁၊ ၀၃၅၈၅၊ ဖက်စ် (၀၂) ၂၄၄၆၀

နေပြည်တော်ရုံးခွဲ - အမှတ် ၁၅/၄၉၆၊ ရာဇဋ္ဌာနီလမ်း၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ ပျဉ်းမနားမြို့။ ဖုန်း (၀၆၇) ၂၁၄၂၆၊ ၂၅၃၀၉၊ ၂၅၉၈၂၊ ၂၅၉၈၃။

FROM BACK PAGE BEATS

လား၊ ဘာနဲ့ ဖောက်မှာတုံး ယမ်းတွေ မပါဘူးလားတို့ ဘာတို့။ သူ့စကားက မသိဘူးကွာ၊ အရာဝတ္ထု အားလုံးကို ဖောက်ခွဲပစ်လိုက်ချင်တာတဲ့။

ဩော်. . . ကြည့်စမ်း။ လောင်နေတာ လောင်နေတာ၊ သူတစ်ယောက်တည်း တောက်လောင်နေတာ။ တချို့ကျပြန်တော့လည်း ထင်တဲ့ မြင်တဲ့အတိုင်း မဟုတ်တတ်ဘူးလေ။ မိန်းမက အပေါက်ဆိုးလို့ လူတွေက ယောကျ်ားကို သနားကြတယ် အမှန်တော့ ယောကျ်ားက သူ မပြောရဲတဲ့ ကိစ္စတွေကို နောက်ကွယ်ကနေ မိန်းမကို ကြိုးကိုင်ပြီး ခိုင်းနေတာ ဘယ်သူမှမသိဘူး။ တချို့ကျပြန်တော့ မိန်းကလေးတွေအမြင်မှာ လူလိမ္မာ၊ လူတော်ကြီး၊ သိပ်ပြီးယဉ်ကျေးသိမ်မွေ့တဲ့ သူတော်ကောင်းကြီးပေါ့၊ သိပ်ချစ်တတ်တယ်ပေါ့။ အေး. . . ပြီးတော့မှ ဒီဘဲကြီးက နောက်ကွယ်ရောက်မှ အသက်မပြည့်သေးတဲ့ မိန်းမငယ်လေးတွေကို မြှူဆွယ်၊ ဖြားယောင်းသွေးဆောင်ပြီး အခွင့်ကောင်းယူ အမြတ်ထုတ်နေတာ ဒီမိန်းကလေးတွေရဲ့ မိဘတွေ တစ်ယောက်မှ သတိမထားမိကြဘူး။ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်ပါ။ (ဒါ Evil)။ တချို့တွေလည်း သိသိကြီးနဲ့ အမြင်မတော်တာကို ဝင်မထိန်းသိမ်းကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မသိစိတ်မှာလည်း သူများသားပျို သမီးပျို တွေကို ကြဲရွှယ်နေတတ်ကြလို့ တိုက်ဆိုင်မှု ရှိရင် ခွင့်လွှတ်။

အီတလီလူမျိုးတွေကတော့ ရှင်းတယ်။ ပြောတဲ့စကားက မသိရင် ကလေးတွေဆော့နေသလိုပဲ။ 'ပါမှာလား မပါဘူးလား" ဆိုသလို "Hey, he's in or he's out. Which is it? I don't know. You tell me!". . . . . တကယ်ပါ။ ကျွန်တော်မသိခဲ့တာတွေ အများကြီး။ ဥပမာ - ဒီဇင်ဘာ ၂၅ ရက်က ယေရှုခရစ်တော်မွေးနေ့ အစစ်အမှန်မဟုတ်ဘူးဆိုတာ ကျွန်တော် အသက် ၁၃၊ ၁၄ နှစ်လောက်ကမှ သိတာ။ ကျွန်တော်မသိခဲ့တာတွေကို အကြောင်းပြုပြီး ကျွန်တော်အများကြီး သိချင်ခဲ့တယ်။ အသက် ၂၀ ကျော်ကျော်လောက်မှာ ကျတော့ အသိများပြီး စိတ်ညစ်စရာကောင်းလာလို့ ဘာမှကို မသိချင်တော့ဘူး။ အခု အရွယ်ကျပြန်တော့ 'စာငတ်တဲ့အရွယ်' ရောက်လာပြန်ရော။ ဘာဖြစ်လို့လဲဆိုတော့ လေ့လာဆည်းပူးဖြစ်နေတဲ့အရာတွေက fasinating subject တွေချည်းပဲ။ ကြွယ်တယ်လို့ပဲ ထင်ထင်၊ ကြိုက်သလိုထင်၊ ပညာတတ်တာနဲ့ ပညာရှိတာနဲ့ မတူဘူး။ ဘွဲ့ရတာနဲ့ ဉာဏ်ရှိတာနဲ့ မဆိုင်ပါ။ မိသားစုကို ပိုက်ဆံရှာပေးနိုင်တာနဲ့ မိသားစုကို ဂရုစိုက်တာနဲ့ တခြားစီ။ ဂီတပညာရှင် လုပ်မှာလား၊ လုပ်ရင်ခရီးတော့ဝေးမယ်။ ဒါပေမဲ့ ခင်ဗျားတော်သွားမယ်။ တစ်ချိန်တည်း မှာတော့ အရမ်းအောင်မြင်တဲ့ အဆိုတော် ဂီတသမား ဖြစ်ချင်မှဖြစ်လိမ့်မယ်၊ ဘာကြောင့် လဲဆိုတော့ အခုခေတ် (တချို့ပြောပါတယ်) အဆိုတော်တွေ ဒိုရေမီတောင် ကီးမတည့်ဘူး။ နိုင်ငံရေးအကြောင်း နားလည်တတ်ကျွမ်းတယ်။ ဒါပေမဲ့ ဒီလူ နိုင်ငံကို ခေါင်းဆောင်နိုင်မလား? ဟစ်ဟော့အကြောင်းကို ရေရေလည်လည် အရည်ကျိသောက်ထားတဲ့လူ ရှိတာမှ (မနည်းဘူး) အိုး! ကိုယ်တွေတောင် ဘယ်နားနေမှန်းမသိ။ ဒါပေမဲ့ Skill မှာ ဖွတ်ကျား။ ဘာသာရေးနဲ့ ဘုရားဆိုရင် ပြီးရော. . . ဘာသာရေးသမားတွေ ဘာသာရေးလုပ်ကြတယ်။ ဘာသာရေးအစီအစဉ် ဓလေ့ထုံးတမ်းတွေနဲ့ အလုပ်တွေ ရှုပ်နေကြတာ (ရှုပ်နေတာ၊ ရှုပ်နေတာ) ဝတ်ကျေတမ်းကျေတွေပေါ့။ ဘာသာရေးထဲမှာပဲရှိပြီး ဘုရားနဲ့မရှိတော့ ဘုရားဘက်မပါဘဲ ဘာသာရေးဘက်ပါသွားကြလေရဲ့. . . . . .

ရွေးပါ။ ရွေးချယ်ပါ။ ပေးကမ်းမှာလား၊ စိတ်ပုပ်မှာလား၊ မုန်းမှာလား ချစ်မှာလား။ လင်းမှာလား မှောင်မှာလား။ သန့်ရှင်းမှာလား ညစ်ညမ်းမှာလား။ ကယ်မှာလား ဒုက္ခပေးမှာလား။ ဘုရားဘက်နေမှာလား နတ်ဆိုးဘက်နေမှာလား။ နိဗ္ဗာန်သွားမှာလား ငရဲသွားမှာလား။ လူကြီးမင်းတို့ သဘောပါ။ ■

ရန်ကုန်၌ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ် တည်ဆောက်မည်

ဇေအောင်ရှင်

koshumgtha@gmail.com



ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ခုနစ်မြို့နယ်ကို ဖြတ်သန်း၍ ၃၅ မိုင်အရှည်ရှိ လက်မ ၃၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ထပ်မံတည်ဆောက်သွားမည်ဖြစ်သည်။

သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် စက်ရုံအလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့ တိုးမြှင့်ပေးမည့် ရွာမ - လှော်ကား - သာကေတ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ်သည် အင်းစိန်၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့ကို ဖြတ်သန်းမည်ဖြစ်သည်။

“အခုတည်ဆောက်နေတဲ့ လက်မ ၃၀ ပိုက်လိုင်းက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက တည်ဆောက်ဖူးတဲ့ ပိုက်လိုင်းတွေထဲမှာ အကြီးဆုံးပါပဲ။ ကျွန်တော်တို့ အရင်က လုပ်ခဲ့ဖူးတာ ၂၄ လက်မပိုက်လိုင်းပဲ ရှိတယ်”ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး ဦးဝေဦးက ယခုလ ၂ ရက်နေ့က ရန်ကုန်မြို့၌ ကျင်းပသောရှင်းလင်းပွဲတွင် ပြောကြားသည်။

ကမ်းလွန် သဘာဝဓာတ်ငွေ့များ စတင်လက်ခံရာနေရာဖြစ်သည့် ရွာမမှ သီလဝါအထူးစီးပွားရေးဇုန်အနီး သာကေတအထိ အရှည် ၃၅ မိုင်ရှိ အဆိုပါပိုက်လိုင်းသစ်တည်ဆောက်ရာတွင် လမ်းမကြီးနှင့် လမ်းသွယ်ဖြတ်နေရာပေါင်း ၃၂ နေရာနှင့် ရထားလမ်းဖြတ်သုံးနေရာရှိမည်ဖြစ်သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အရှည်မိုင် ၂၀ ရှိ မြို့ချောင်း - ရွှေပြည်သာ ၁၂ လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသစ်တစ်ခုကိုလည်း ထပ်မံတည်ဆောက်သွားမည်ဖြစ်သည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့ဆိုင်များသို့ ပို့လွှတ်ပေးနေသော ပိုက်လိုင်းများကိုလည်း အစားထိုး လဲလှယ်သွားမည်ဖြစ်သည်။

မြို့ချောင်း - ရွှေပြည်သာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ်ကို လက်ရှိအသုံးပြုနေသော အဖျောက် - ရွှေပြည်သာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့်အပြိုင် တည်ဆောက်မည်ဖြစ်ပြီး၊ ဓာတ်ငွေ့ဆိုင်များသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်ပေးနေသော ပိုက်လိုင်းများအနက် ခံနိုင်ရည် အားနည်းလာသော ပိုက်လိုင်းနေရာများ၏ စုစုပေါင်းအရှည် ၂၂ မိုင်ကို အစားထိုး လဲလှယ်သွားမည်ဖြစ်သည်။

နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ခဲ့သည့် ပိုက်လိုင်း တည်ဆောက်ရေး လုပ်ငန်းများကို လက်ရှိဘဏ္ဍာနှစ် မကုန်မီ အပြီးသတ်ဆောင်ရွက်သွားမည်ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးထွန်းသွယ်က ပြောသည်။

“အခုတည်ဆောက်နေတဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ်တွေမှာ အသုံးပြုမယ့် ပိုက်တွေက ခေတ်မီနည်းပညာနဲ့ ထုတ်လုပ်ထားတာဖြစ်ပြီး သံချေးစားမှုခံနိုင်တဲ့ (PE Coated) အမျိုးအစားတွေပါ”ဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံလုပ် အဆိုပါပိုက်များကို အသုံးပြု၍ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ်များ တည်ဆောက်ရာ၌ မြေအောက် သုံးပေအနက်တွင် ထားရှိမည်ဖြစ်သည်။

အဆိုပါပိုက်လိုင်းသစ်များ တည်ဆောက်ခြင်းနှင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများအတွက် ပိုက်လိုင်းဂဟေဆက်များ အရည်အသွေးစစ်ဆေးခြင်း၊ သံချေးစားကာကွယ်မှုစနစ် တပ်ဆင်ခြင်းနှင့် နိုက်ထရိုဂျင်ဖြည့်သွင်းခြင်းလုပ်ငန်းတို့ကို ပြည်တွင်းကုမ္ပဏီများဖြစ်သည့် Smart Technical Service၊ Native Power Technology နှင့် KST Construction တို့က ဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံက ပိုက်များ မှာယူတင်သွင်းခြင်းကို ပုဂ္ဂလိကတင်ဒါစနစ်ဖြင့် အမေရိကန်ဒေါ်လာသန်း ၂၀ကျော်အကုန်အကျခံဆောင်ရွက်ခဲ့ပြီး ပိုက်လိုင်းသစ်များ တည်ဆောက်ခြင်းနှင့် အစားထိုးလဲလှယ်ခြင်း တပ်ဆင်ခြင်းတို့အတွက် ကျပ်သန်းပေါင်း ၃,၀၀၀ နီးပါးကုန်ကျမည်ဖြစ်သည့်အပြင် ပိုက်လိုင်းစစ်ဆေးခြင်းအတွက် ဒေါ်လာ ၁ ဒသမ ၅ သန်း ထပ်မံကုန်ကျမည်ဟု သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသုံးပြုရန် ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းများဖြစ်သည့် ရတနာစီမံကိန်းက သဘာဝဓာတ်ငွေ့ ကုဗပေ ၁၆၅ သန်း၊ ဇော်တိကစီမံကိန်းက ကုဗပေ ၉၂ သန်း နှေ့စဉ်ရရှိနေပြီး၊ ကုန်တွင်းသဘာဝဓာတ်ငွေ့ ကုဗပေသန်း ၂၀ ကို သဘာဝဓာတ်ငွေ့ဆိုင်များသို့ နှေ့စဉ်ဖြန့်ဖြူးပေးနေသည်။ ■

ကိုပါကြီးသေဆုံးမှုကို အရပ်ဘက်တရားရုံးတွင် စစ်ဆေးသင့်ဟု လူအခွင့်အရေးကော်မရှင်တိုက်တွန်း

လွန်မင်းမန်

lunmin.lm@gmail.com

ကိုပါကြီးသေဆုံးမှုကို အရပ်ဘက်(နယ်ဘက်)ဆိုင်ရာ တရားရုံးတွင် စစ်ဆေးသင့်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဒီဇင်ဘာလ ၂ ရက်နေ့တွင် တိုက်တွန်းလိုက်သည်။

အမှုနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို ကော်မရှင်က အဆိုပါနေ့၌ ထုတ်ပြန်ခဲ့ရာတွင် ထည့်သွင်းတိုက်တွန်းထားခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိစေရန်နှင့် အများပြည်သူအမြင်တွင် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် နယ်ဘက်တရားရုံးတွင် တရားဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရန် အစီရင်ခံစာက အကြံပြုထားသည်။

“ကျွန်တော်တို့ မနေ့က (ဒီဇင်ဘာလ ၁ ရက်နေ့) ဒီကိစ္စနဲ့ပတ်သက်လို့နိုင်ငံတော်သမ္မတဆီကို အစီရင်ခံစာ တင်သွင်းလိုက်ပါပြီ။

“ဒီနေ့လည်း ကျွန်တော်တို့ အင်တာနက်စာမျက်နှာကတစ်ဆင့် အဲဒီအစီရင်ခံစာကို တင်ထားပါတယ်”ဟု စုံစမ်းစစ်ဆေးမှုကို ဦးဆောင်ခဲ့သော ကော်မရှင်အတွင်းရေးမှူး ဦးစစ်မြိုင်က မြန်မာတိုင်း(မဲ)ကို ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပြောကြားသည်။

“၎င်းကို ဖမ်းဆီးထိန်းသိမ်းထားစဉ်တွင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခဲ့သည့် သက်သေထွက်ဆိုချက်များ မရှိပါ”ဟု ရေးသားထားပြီး ခန္ဓာကိုယ်အစိတ်အပိုင်းအချို့က အရိုးများကျိုးနေကြောင်း ဖော်ပြထားသည်။

“သေနတ်နဲ့ပစ်တဲ့ ဒဏ်ရာကြောင့် အရိုးကျိုးတာဖြစ်တယ်။ ညှဉ်းပန်းနှိပ်စက်လို့ သွေးခြေဆုတယ်ဆိုတာမျိုး ဆရာဝန်ရဲ့ ထွက်ဆိုချက်မှာ မပါရှိပါဘူး”ဟု ဦးစစ်မြိုင်က ပြောသည်။

အမှတ် (၂၁၀) ခြေမြန်တပ်ရင်းက တပ်မတော်သားများကလည်း အချုပ်သားကို စနစ်တကျ ချုပ်နှောင်ခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ထွက်ပြေးပါက အဆင့်ဆင့် လုပ်ဆောင်ရမည့် လုပ်နည်းစနစ်များကို ရှင်းလင်းညွှန်ကြားခြင်း အားနည်းခဲ့ကြောင်းနှင့် သေဆုံးသူကို မြှုပ်နှံရာတွင် မှတ်တမ်းမှတ်ရာများ စနစ်တကျပြုစုဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း ဖော်ပြထားသည်။

“ညှဉ်းပန်းနှိပ်စက်တယ်ဆိုတာ မျက်မြင်သက်သေမရှိသော်ငြားလည်း ရရှိတဲ့ဒဏ်ရာတွေနဲ့ အနေအထားတွေအပေါ်မှာ တွက်ဆရင် ထင်ရှားနေပါလျက်သားနဲ့ အခုဟာက ညှဉ်းပန်းနှိပ်စက်တာကို ဖုံးနေသလိုဖြစ်နေတယ်။ ဒီဟာကို လက်မခံနိုင်ဘူး။ လွတ်လပ်ပြီးတော့ တခြားအဖွဲ့အစည်းတွေနဲ့ စစ်ဆေးပေးပါလို့ သမ္မတဆီ စာပြန်တင်မယ်။ တောင်းဆိုသွားမယ်” ဟု အမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေဦးရောဘတ်စန်းအောင်က ပြောသည်။

ဦးစစ်မြိုင်ကမူ စုံစမ်းစစ်ဆေးမှုတစ်ခုလုံးကို ကော်မရှင်၏ ဦးဆောင်မှုဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်ဘက်က ဖိအားပေးခြင်းမရှိခဲ့ဟု ပြောကြားသည်။

ကျိုက်မရောမြို့တွင် ကိုပါကြီးကို ဖမ်းဆီးခဲ့စဉ်ကလည်း ရဲတပ်ဖွဲ့အနေဖြင့် ကိုပါကြီးထံမှ သိမ်းဆည်းရမိခဲ့သော အထောက်အထားပစ္စည်းများကို အခြေပြု၍ မည်သူမည်ဝါဖြစ်ကြောင်း တိကျသေချာသော စုံစမ်းမှုများကို ဆက်တိုက်လုပ်ဆောင်ခဲ့ကြခြင်းမရှိဟု သုံးသပ်ကြောင်း ဖော်ပြထားသည်။

အရှေ့တောင်တိုင်း စစ်ဌာနချုပ်နှင့် အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်တို့ကလည်း ကိုပါကြီးကို အသေးစိတ် စစ်ကြောခြင်း၊ စစ်ကြောချက်၌ လက်မှတ်ရေးထိုးစေခြင်း၊ KKO ၏ စစ်အင်္ဂါစဉ်နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ DKBA နှင့် KKO တို့ကို ဆက်သွယ်မေးမြန်းခြင်း စသည်တို့ကို လုပ်ဆောင်နိုင်ပါလျက် ဆုံးခန်းတိုင် စိစစ်မှုများ ပြုလုပ်ရန် ပျက်ကွက်ခဲ့သည်ဟု အစီရင်ခံစာက သုံးသပ်ထားသည်။ ■

ပြိုးခဲ့သည့်နှစ်ပြိုင်ပွဲက အကောင်းဆုံးအဖြစ် ရွေးချယ်ခံရသည့် မအိမ့်ဦးသွယ်ကို ၎င်း၏ ပန်းချီကားနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ - သီရိလူ

ကလေးများ၏ စိတ်ကူးထဲကကားပုံရိပ် ပန်းချီပြိုင်ပွဲ ဖိတ်ခေါ်ထား

ကမ္ဘာတစ်ဝန်းလုံး၌ အသက် ၁၅ နှစ်နှင့် ၁၅ နှစ်အောက်ကလေးများပါဝင်နိုင်သော စိတ်ကူးထဲက ကားပုံရိပ် ပန်းချီအနုပညာ ပြိုင်ပွဲ၏ (၉) ကြိမ်မြောက်ပြိုင်ပွဲကို Tyota Motor Corporation က ကြီးမှူးကျင်းပမည် ဖြစ်ရာ ပြိုင်ပွဲဝင်များကို ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲတွင် တစ်ကမ္ဘာလုံးမှ ကလေးငယ်များအနေဖြင့် ၎င်းတို့၏ အနာဂတ် မော်တော်ယာဉ်များနှင့် ပတ်သက်၍ စိတ်ကူးအကြံဉာဏ်များကို မျှဝေဖော်ထုတ်နိုင်ကြမည်ဖြစ်ပြီး ပြည်တွင်းအဆင့် အောင်မြင်သူသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ကမ္ဘာ့အဆင့် ပြိုင်ပွဲ အောင်မြင်သူသည် ဂျပန်နိုင်ငံသို့ မိမိ၏ မိဘနှစ်ပါး သို့မဟုတ် အုပ်ထိန်းသူများနှင့် အတူ ကုန်ကျစရိတ်အခမဲ့ဖြင့် ဆုပေးပွဲ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

"ကျွန်တော်တို့ အဓိကထားတာက ကလေးတွေ တကယ်အိပ်မက်မက်ထားတာက ဘယ်လိုကားမျိုးလဲ။ ကားတွေနဲ့ သူတို့ ဘယ်လောက်ရင်းနှီးမှုရှိလဲ။ ပြီးတော့ သူတို့မှာ ကိုယ်ပိုင်ကားရှိမှ ကားတွေကိုအိပ်မက်မက်နိုင်မှာမဟုတ်ဘဲ မရှိလည်း အိပ်မက်မက်နိုင်တယ်ဆိုတဲ့ အသိကိုပေးချင်တာပါ။ ပြီးတော့ မိဘတွေ၊ ဆရာတွေရဲ့ လွှမ်းမိုးမှုမပါဘဲ ဖန်တီးခွင့်ပြုစေချင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံက ဆင်းရဲပါတယ်။ ဒါပေမဲ့ နိုင်ငံကကို အနုပညာကားကိုစီးပြီး သွားနိုင်ဖို့ ပညာရေး အပြင် အနုပညာကိုလည်း အလေးထားစေချင်ပါတယ်" ဟု ပြည်တွင်းပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ်ပါဝင်သူ ပန်းချီအနုပညာရှင် ကိုငြိမ်းချမ်းဆုက ပြောသည်။

ယခင်နှစ်က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပသော စိတ်ကူးထဲကပုံရိပ်ကား ပြိုင်ပွဲတွင် ကလေး ၃၂၄ ဦးပါဝင်ခဲ့ကာ ကိုးဦးဆုချီးမြှင့်ခံခဲ့ရသည်။ အသက် ၇ နှစ်အရွယ် မအိမ့်ဦးသွယ်၏ လက်ရာမှာ မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသော ပြည်တွင်းပြိုင်ပွဲ၏ အသက် ၇ နှစ်အောက် အကောင်းဆုံးလက်ရာ အဖြစ်လည်းကောင်း၊ ကမ္ဘာ့အဆင့် ၉၀ တွင် အကောင်းဆုံးအဖြစ်လည်းကောင်း ရွေးချယ်ခံခဲ့ရသည်။

"ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေနဲ့ ယှဉ်ရင် ၁၀ ရာခိုင်နှုန်းလောက်ပဲ ကားစီးနိုင်တဲ့အနေအထားဖြစ်ပါတယ်။ မအိမ့်ဦးသွယ်ရဲ့လက်ရာမှာဆိုရင် ကလေးက သူ့စိတ်ထဲမှာ ရှိတာကို ဆွဲထားတယ်ဆိုပေမယ့် သူ့ရဲ့ပန်းချီကားမှာ စပရိန်တွေလည်းပါတယ်၊ နှစ်ထပ်ကားလို မျိုးလည်းပါတယ်။ ပြီးတော့ ကားတွေက အတောင်ပုံစံပါပြီး မိုးပေါ်မှာလည်း ပျံနေတာမျိုးပါတဲ့အတွက် လက်ရှိကြိုတွေ့နေရတဲ့ ယာဉ်ကြောကျပ်တည်းမှု အခြေအနေကို အများကြီး ထင်ဟပ်မှုတွေရှိပါတယ်" ဟု ကိုငြိမ်းချမ်းဆုက ပြောသည်။

ပြည်တွင်းပြိုင်ပွဲအတွက် အသက် ၇ နှစ်အောက်၊ အသက် ၈ နှစ်မှ ၁၁ နှစ်ကြား၊ အသက် ၁၂ နှစ်မှ ၁၅ နှစ်ကြားဟူ၍ ကဏ္ဍသုံးခု ခွဲခြားထားပြီး ပြိုင်ပွဲဝင်ကာလမှာ နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့အတွင်းဖြစ်သည်။ A3 စာရွက် အရွယ်အစားစက္ကူတွင် ရေးဆွဲရမည်ဖြစ်ပြီး မည်သည့်ဆေးအမျိုးအစားဖြင့်မဆို ရေးဆွဲနိုင်မည်ဖြစ်သည်။ လျှောက်လွှာများကို TTAS Co.,Ltd ၊ Oriental Apex Services တို့တွင် တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များမှလွဲ၍ နံနက် ၉ နာရီမှ ညနေ ၆ နာရီ အတွင်း ပေးပို့နိုင်သည်။ ယခုနှစ်တွင် ကလေးအယောက် ၁,၀၀၀ အတွက် လျှောက်လွှာများ လက်ခံသွားမည်ဖြစ်သည်။

■ အေးငြိမ်းဝင်း

ရန်ကုန်၌ အများပိုင် ကုမ္ပဏီဖွဲ့ကာ ခရီးသည်တင်ယာဉ် ပြေးဆွဲရန် စီစဉ်

အေးငြိမ်းဝင်း

ayenyeinwin.mcm@gmail.com

ရန်ကုန်မြို့တွင် လက်ရှိ ကြုံတွေ့နေရသော ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုပြဿနာကို ဖြေရှင်းရန်အတွက် ခရီးသည်တင်ယာဉ်များကို အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းကာ စနစ်ကျစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး အချိန် သုံးလခန့်အတွင်း အကောင်အထည်ဖော်သွားမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အကြံပေး ဒေါက်တာမောင်အောင်ကပြောသည်။

"အများပြည်သူသွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် နိုဝင်ဘာလ ၁ ရက်နေ့က ကျွန်တော်တို့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုလုပ်ခဲ့တယ်။ အဲဒီမှာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းပေးရေးအတွက် လုပ်ဆောင်ပေးသင့်တဲ့ ၂၂ ချက်ရခဲ့တယ်။ အဲဒီမှာ အဓိကအချက်သုံးချက်ထွက်လာတယ်။ ဘတ်စ်ကားတွေကို အများပိုင်ကုမ္ပဏီ ပြုလုပ်ရေး၊ ကျောင်းတွေအားလုံးအတွက် ကျောင်းကားအသုံးပြုရေးနဲ့ ကားပါကင်ကိစ္စဖြစ်ပါတယ်။ အချက် ၂၂ ချက်ထဲမှာ တော်တော်များများ လုပ်ပြီးတာတွေလည်းရှိပါတယ်။ အချက်သုံးချက်ထဲမှာ ပထမခြေလှမ်းအဖြစ် ဘတ်စ်ကားတွေအတွက် အများပိုင်ကုမ္ပဏီပြုလုပ်ရေးကို အရင်လုပ်သွားမှာဖြစ်ပြီး သုံးလအတွင်းမှာ စတင်နိုင်အောင်လုပ်သွားမှာပါ" ဟု ၎င်းကယခုလ ၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အများပြည်သူ သွားလာမှုအဆင်ပြေချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ (၂) ၌ ပြောသည်။

လက်ရှိ ရန်ကုန်မြို့ လူဦးရေ ၅ ဒသမ ၇ သန်းကျော်၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ခရီးသည်တင် ဘတ်စ်ကားများကို အဓိကထား အသုံးပြုနေကြပြီး ယာဉ်လိုင်းအားလုံးနီးပါးမှာ ပုဂ္ဂလိကပိုင်ယာဉ်များဖြစ်ကာ စနစ်မကျမှုများရှိနေသလို စည်းကမ်းတကျ မရှိသောကြောင့် ယခုလိုအများပိုင်ကုမ္ပဏီထူထောင်ကာ အဖွဲ့တစ်ခုတည်းအောက်မှ ထိန်းချုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

"ယာဉ်ပိုင်ရှင်တွေက တစ်ဦးတစ်ယောက် ချင်းဖြစ်တဲ့အပြင် ယာဉ်မောင်းတွေကလည်း အုံနာခပေးပြီးရင် ကျန်တာ ကိုယ်ရကိုယ်ယူစနစ်ဖြစ်တဲ့အတွက် လုမောင်းတာ၊ ပြိုင်မောင်းတာတွေဖြစ်လာတယ်။ စနစ်တစ်ခုနဲ့ အများပိုင်ဖြစ်လာပြီဆိုရင်၊ ယာဉ်မောင်းကလည်း သူ့အတွက် ငွေလုံလုံလောက်လောက်ရရင် ဒီလိုမျိုးဖြစ်စရာ မရှိတော့ဘူး။ ပြီးတော့ အချိန်တစ်ခုသတ်မှတ်ပြီး ပြေးဆွဲပေးမယ်ဆိုရင် အခုလို ယာဉ်ကြောကျပ်တည်းမှုတွေဖြစ်လာမှာ မဟုတ်တော့ဘူး" ဟု ဒေါက်တာမောင်အောင်ကပြောသည်။

အများပိုင်စနစ်ကို ကျင့်သုံးလိုက်ခြင်းအားဖြင့် ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိတို့ယာဉ်အပြင် အခြားယာဉ်များကိုပါ ဂရုပြုလေးစားသည့်အကျင့် ရရှိလာမည်ဖြစ်ပြီး ဝင်ငွေမှာလည်း ပုံမှန်ရရှိမည်ဖြစ်ကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအတွက်လည်း အဆင်ပြေလာနိုင်မည်ဟု ယူဆကြသည်။

"အနည်းဆုံးတော့ ငါ့ယာဉ်ဆိုပြီး ခွဲခြားတာမျိုး မဖြစ်နိုင်တော့ဘူး။ အားလုံးက ကိုယ့်ယာဉ်ပဲ ဖြစ်သွားမယ်။ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေလည်း ပိုမိုတိုးတက်မြင့်မားတဲ့ဘဝကိုရမယ်။ သူတို့ဝင်ငွေမလောက်ငလို့ ယာဉ်စီးခပိုတောင်းပါတယ်ဆိုတဲ့ ပြဿနာတွေလည်း ရှိလာမှာ မဟုတ်တော့ဘူး။ လစာစနစ်နဲ့ဆိုရင် ပုံမှန်ရနေမယ်။ အခြားအပို ဆုကြေးရတာတွေလည်း ရှိမယ်။ အများပိုင်ကုမ္ပဏီအဖြစ် ပြေးဆွဲရင် တချို့က ရှုံးမှာစိုးတယ်။ ဒါပေမဲ့ ဒီဘက်လိုင်းမှာ ရှုံးချင်ရှုံးမယ်။ ဒါပေမဲ့ တစ်ဖက်မှာ မြတ်တဲ့အတွက် အဲဒီဘက်က ပြန်ကာမိတဲ့ အနေအထားမျိုးလေးတွေ ရှိမယ်" ဟု မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

အများပိုင်ကုမ္ပဏီထူထောင်ရာတွင် အစိုးရကလည်း ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့က ဒီစနစ်မှာ အစိုးရက ပူးပေါင်းပါဝင်စေချင်တာက ပိုပြီးမြန်မြန် အကောင်အထည်ဖော်နိုင်ဖို့ဖြစ်ပါတယ်။ ကုမ္ပဏီချည်းပဲ သက်သက်သွားမယ်ဆိုရင် လေ့လာတာတွေ ဘာတွေနဲ့ အချိန်က ကြန့်ကြာပြီး ပြည်သူလူထုအကျိုးခံစားခွင့် နှောင့်နှေးနိုင်ပါတယ်။ ဘတ်ဂျက်ထည့်ဝင်ဖို့ လျာထားပြီးပြီလို့ သိရတဲ့အတွက် အစိုးရက ပူးပေါင်းပါဝင်လာနိုင်တယ်လို့ ထင်ပါတယ်" ဟု ဦးလှအောင်က ပြောသည်။

အများပိုင်ကုမ္ပဏီတည်ထောင်ပြီးပါက ခရီးသည်တင်ယာဉ်များကိုလည်း နိုင်ငံခြားမှ တစ်ပတ်ရစ်ကားများမှာယူကာ ပြေးဆွဲမည်ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၎င်းကိစ္စကို ဦးစားပေးဆောင်ရွက်ပေးမည်ဖြစ်သည်။

ရန်ကုန်မြို့တွင်း အဓိကလမ်းမကြီး တစ်လျှောက်တွင်ရှိသော ကျောင်းများတွင် ကျောင်းသားတစ်ဦး ကားတစ်စီးနှုန်းဖြင့် ကြိုပို့သည့်စနစ်ကြောင့် ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းရန်အတွက် ကျောင်းကားစနစ်ကိုလည်း အများပိုင်ကုမ္ပဏီဖွဲ့ကာ တာဝန်ယူဆောင်ရွက်ရန် စီစဉ်သွားမည်ဖြစ်ပြီး ခရီးသည်တင်ဘတ်စ်ကားနှင့် ကျောင်းကားများအတွက် အများပိုင်ကုမ္ပဏီဖွဲ့ရေး ဥပဒေကိုလည်း တိုင်းဒေသကြီးလွှတ်တော်တွင် တင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။ ■

Father Land ပိုင်ရှင် ကျပ်သိန်း ၁,၀၀၀ ဖြင့် အာမခံရ

လိမ်လည်မှုနှင့် စာရွက်စာတမ်းအတုပြုလုပ်မှုတို့ဖြင့် ထိန်းသိမ်းတရားစွဲဆိုခြင်း ခံထားရသည့် Father Land ကုမ္ပဏီပိုင်ရှင် ဦးကျော်မြင့်ကို ကျန်းမာရေး အခြေအနေအရ ကျောက်တံတားမြို့နယ်တရားရုံးက ယခုလ ၂ ရက်နေ့တွင် ကျပ်သိန်း ၁,၀၀၀ ဖြင့် အာမခံပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုတန်းအလယ်ရှိ မြေကွက်အမှတ် ၁၈၁/၁၈၇ မြေအကျယ်ပေ ၁၀၀၊ ပေ ၆၀ ကို မြေပိုင်ရှင်ခွင့်ပြုချက်မရဘဲ လက်မှတ်အတုများဖြင့် ရန်ကုန်မြို့တော်စည်ပင်၏ ခွင့်ပြုချက်ရယူကာ လေးခန်းတွဲ ၁၂ အထပ် အဆောက်အအုံဆောက်လုပ်ခဲ့ရာ လေးနှစ်ကျော် ကြာမြင့်ခဲ့သော်လည်း ပြီးဆုံးမှုမရှိသည့်အတွက် မြေပိုင်ရှင်ဦးစိုးမင်းထက်က စက်တင်ဘာလ ၉ ရက်နေ့တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈ အရ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဦးကျော်မြင့်၏ အချုပ်လွှတ်ထုခြေခွင့် ပြုရန်လျှောက်ထားမှုကို ယခုလ ၂ ရက်နေ့တွင် ကျောက်တံတားမြို့နယ်တရားရုံး၌ ကြားနာခဲ့ရာ ဦးကျော်မြင့်မှာ နှလုံးရောဂါ ခံစားနေရသူတစ်ဦးဖြစ်သောကြောင့် ကျပ်သိန်း ၁,၀၀၀ အာမခံပေးခဲ့သည်။ အဆိုပါ အာမခံကို မိတ်ဆွေနှစ်ဦးက တစ်ဦးလျှင် ကျပ်သိန်း ၅၀၀ စီဖြင့် အာမခံတင်သွင်းခဲ့ပြီး အမှုကို ဆက်လက်စစ်ဆေးရန် ယခုလ ၁၆ ရက်နေ့သို့ ချိန်းဆိုထားသည်။

■ တိုးဝေအောင်နှင့်မင်းသုနောင်

အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ပေးရန် နိုဝင်ဘာလအတွင်းက ဆန္ဒဖော်ထုတ်နေကြသည့် ကျောင်းသူကျောင်းသားများကို တွေ့ရစဉ်။ ဓာတ်ပုံ - နိုင်ဝင်းထွန်း

အမျိုးသားပညာရေး နည်းဥပဒေကို တစ်လအတွင်း ထုတ်ပြန်သွားမည်

မေသဉ္ဇာနိုင်

maythinzarnaing.mcm@gmail.com

ကျောင်းသားနှင့် အစိုးရအကြား အငြင်းပွားမှုများရှိနေဆဲဖြစ်သော အမျိုးသားပညာရေးဥပဒေ၏ နောက်ဆက်တွဲဖြစ်သည့် နည်းဥပဒေကို တစ်လအတွင်း ထုတ်ပြန်နိုင်ရန် ဆောင်ရွက်နေကြောင်း အမျိုးသားပညာရေးမြှင့်တင်မှုကော်မတီ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာမြင့်သိန်းက ပြောသည်။

"အမျိုးသားပညာရေး နည်းဥပဒေကို တစ်လအတွင်းထုတ်ပြန်နိုင်အောင် ဆောင်ရွက်နေပါပြီ။ ရက်က သိပ်မကျန်တော့ဘူး ဆိုတော့ အားလုံးကို မလောစေချင်ပါဘူး။ စောင့်ကြည့်စေချင်ပါတယ်။ နည်းဥပဒေထဲမှာ ပါဝင်လာမှာတွေက ထပ်ပြီးထွက်ရှိလာမယ့် ဥပဒေခွဲတွေ၊ အပိုဒ်ငယ်တွေထဲမှာလည်း ပါဝင်လာဦးမှာပါ။ တက္ကသိုလ်ပဋိညာဉ် ဥပဒေတွေ၊ ပညာရေးနည်းဥပဒေတွေ အစုံအလင်ထွက်ရှိလာမှာပါ။ နည်းဥပဒေကို ထုတ်ပြန်ပြီးသွားရင် ကျန်ရှိနေသေးတဲ့ ဥပဒေတွေကို ဆက်လက်ရေးဆွဲကြမှာပါ။ ဒီနည်းဥပဒေထဲမှာလည်း ကျောင်းသားတွေ တောင်းဆိုထားတဲ့ အချက်တွေ အနည်းနဲ့အများ ပါဝင်လာမှာပါ။ ပြည်သူလူထုသိရှိပြီး တချို့နားမလည်သေးတဲ့ အချက်တွေရှိရင် အချိန်မရွေးဆက်သွယ်ပြီး အပြန်အလှန်ဆွေးနွေးလို့ရပါတယ်"ဟု ဒင်းကပြောသည်။

နည်းဥပဒေကို ယခုလအတွင်း အပြီးသတ်နိုင်ရန် ပညာရေးအကြံပေးအဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိနေပြီး နှစ်မကုန်မီ ထုတ်ပြန်ပေးသွားမည်ဟု ပညာရေးဝန်ကြီးဌာနက သိရသည်။ အမျိုးသားပညာရေးနည်းဥပဒေထဲတွင် ကျောင်းသားသမဂ္ဂများနှင့် ဆရာသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းရေး၊ တက္ကသိုလ်များ သီးခြားလွတ်လပ်ပိုင်ခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ ပါဝင်လာမည်ဟုသိရသည်။

အမျိုးသား ပညာရေးဥပဒေကို စက်တင်ဘာလ ၃၀ ရက်နေ့တွင် လွှတ်တော်၌ပြဋ္ဌာန်းခဲ့ပြီးနောက် တက္ကသိုလ်ဆရာအသိုင်းအဝိုင်းနှင့် ကျောင်းသားထု၏ ကန့်ကွက်မှုများပေါ်ပေါက်ခဲ့သည်။

"အမျိုးသားပညာရေး ဥပဒေကို ကျွန်တော်တို့က ဖျက်သိမ်းခိုင်းတာမဟုတ်ပါဘူး။ ကျွန်တော်တို့ လိုချင်တဲ့အချက်တွေကို အဓိကတောင်းဆိုတာပဲ ဖြစ်ပါတယ်။ အဲဒီနည်းဥပဒေထဲမှာ ကျွန်တော်တို့ လိုချင်တဲ့အချက်တွေ ဘယ်လောက်ပါဝင်မလဲဆိုတာ စောင့်ကြည့်စေချင်တဲ့ သဘောပါ။ ကျွန်တော်တို့က လိုချင်တဲ့အချက်တွေ ရတဲ့အထိ တစ်နည်းနည်းနဲ့ တောင်းဆိုနေဦးမှာပါ"ဟု ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် ကျောင်းသားတစ်ဦးက ပြောသည်။

ပညာရေးအကြံပေး တစ်ဦးဖြစ်သူ ဦးသန်းဦးက "အမျိုးသားပညာရေးဥပဒေလိုမျိုး တိကျပြီးပြဋ္ဌာန်းထားတဲ့ဥပဒေဆိုတာ မရှိသေးပါဘူး။ အခုကလေးတွေလည်း နားလည်စေချင်တယ်။ လူငယ်တွေကို သိစေချင်တာ သူတို့တောင်းဆိုထားတာတွေလည်း လုပ်ပေးနိုင်ရင် လုပ်ပေးမယ်၊ အမျိုးသားပညာရေးဥပဒေကို သေသေချာချာ သဘောပေါက် နားလည်အောင် ဖတ်ကြစေချင်တယ်။ လူကြီးတွေနဲ့ ကလေးတွေကြား နားလည်မှုလွဲတာတွေကို အချိန်မီဖြေရှင်းပေးဖို့ နည်းဥပဒေ အမြန်ဆုံးထွက်အောင် ဆောင်ရွက်နေပါပြီ"ဟု ပြောသည်။ ■

လက်ရှိဘဏ္ဍာနှစ် ပထမနှစ်ဝက် အတွင်း အခွန်ကောက်ခံမှု ကျပ် နှစ်ထရီလျံခွဲကျော် ရရှိ

ယမကာနှင့်ပတ်သက်သော အခွန်ရငွေများက သိသာစွာ ပိုမိုခဲ့

ထူးသန့်

thanhtoo.npt@gmail.com

၂၀၁၄-၁၅ ဘဏ္ဍာနှစ် ပထမခြောက်လ အတွင်း အခွန်ကောက်ခံရရှိမှုမှာ ကျပ် နှစ်ထရီလျံခွဲကျော်ရှိခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်သို့ နိုဝင်ဘာလ နောက်ဆုံးပတ်က အစီရင်ခံတင်ပြခဲ့သည်။

ပထမခြောက်လတာအတွင်း အခွန်ငွေကောက်ခံရရှိမှုမှာ ကျပ် ၂,၅၂၉ ဘီလျံကျော် (၂,၅၂၉,၀၀၉ ဒသမ ၉၂၉ သန်း)ရှိခဲ့ပြီး အစိုးရအဖွဲ့က မူလခန့်မှန်းထားသည့် ကျပ် ၂,၂၅၇,၉၅၃ ဒသမ ၂၇၅သန်းထက် ကျော်လွန်ခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တင်ပြခဲ့သည်။

ထိုကဲ့သို့ ကျော်လွန်ရရှိခဲ့ခြင်းသည် ယစ်မျိုးခွန်၊ အကောက်ခွန်၊ အင်းအိုင်ခွန်၊ ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ သယ်ယူပို့ဆောင်ရေးခွန်၊ ရေခွန်နှင့် တာတမံခွန်တို့က အခွန်ငွေများစွာ တိုးမြင့်ရရှိခဲ့ခြင်းကြောင့် ဖြစ်ကြောင်းလည်း ၎င်းက လွှတ်တော်သို့ တင်ပြခဲ့သည်။ အထူးသဖြင့် ယမကာနှင့် ပတ်သက်သော အခွန်ရငွေများက သိသာစွာ ပိုမိုခဲ့သည်ဟုဆိုသည်။

ယစ်မျိုးခွန် မူလလျာထားချက်အရ ကျပ် ၃၉၅ သန်းသာဖြစ်သော်လည်း ကျပ် ၇၈၉ သန်းအထိ ရရှိခဲ့သည်။

ထို့ပြင် ကုန်သွယ်လုပ်ငန်းခွန်သည်လည်း မူလလျာထားမှုအရ ကျပ် ၅၁၆ ဘီလျံ ဖြစ်သော်လည်း ကျပ် ၅၆၀ ဘီလျံအထိ ကောက်ခံရရှိခဲ့သည်။

အရက်၊ ဘီယာ၊ ဝိုင်၊ စီးကရက် ထုတ်လုပ်ရောင်းသူများကို အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပိုမို ရရှိခဲ့ခြင်းဖြစ်ကြောင်း ဦးဝင်းရှိန်က ပြောကြားသည်။

မော်တော်ယာဉ်ပါမစ်ရငွေများ၊ မော်တော်ယာဉ်ဈေးကွက်ကျယ်ပြန့်မှုကြောင့် တင်သွင်းသူများလာခြင်းတို့က အခွန်ရငွေများတိုးတက်လာရာ မူလခန့်မှန်းထားမှု ၉ ဒသမ ၈ ဘီလျံ ဖြစ်သော်လည်း ၁၁ ဘီလျံကျော် ရရှိခဲ့သည်။

ထို့ပြင် တရားမဝင် မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပေးခြင်း၊ နိဗ္ဗာန်ယာဉ်၊ သုံးဘီးဆိုင်ကယ်များ မှတ်ပုံတင်ပေးခြင်းနှင့် တစ်ဦးချင်း ယာဉ်တင်သွင်းမှု များလာခြင်းကြောင့်လည်း သယ်ယူပို့ဆောင်ရေးအခွန်များ ပိုမို ရရှိခဲ့သည်။

"သယ်ယူပို့ဆောင်ရေး အခွန်အတွက် ပထမခြောက်လပတ် လျာထားချက်မှာ ကျပ် ၅၉,၈၆၉ ဒသမ ၇၉၉ သန်းဖြစ်ပြီး ကောက်ခံရရှိငွေမှာ ၁၃၇,၆၇၈ ဒသမ ၉၈၃ သန်းဖြစ်သဖြင့် ပထမခြောက်လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုမှာ ၂၂၉ ဒသမ ၉၆ ရာခိုင်နှုန်းဖြစ်ပါတယ်"ဟု ဦးဝင်းရှိန်က ပြောသည်။

အောင်ဘာလေထီဆု အခွန်ရငွေမှာလည်း ၉ ဒသမ ၈ ဘီလျံလျာထားခဲ့ရာ ၁၁ ဘီလျံကျော်ရရှိခဲ့သည်။ တံဆိပ်ခေါင်းခွန် ၂၅ ဒသမ ၆၅၅ ဘီလျံ၊ ဝင်ငွေခွန် ၆၆၇ ဒသမ ၉၄၄ ဘီလျံ၊ အကောက်ခွန် ၂၃၇ ဒသမ ၆၅၅ ဘီလျံ၊ ရေနှင့် တာတမံခွန် ၂၆ သန်း၊ သစ်တောများက ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် တစ်ဘီလျံကျော်၊ အင်းအိုင်ခွန်တစ်ဘီလျံ၊ ဓာတ်သတ္တုခွန်နှင့် ရတနာခွန် ၅ ဒသမ ၉၉၉ ဘီလျံ ကောက်ခံရရှိခဲ့သည်။

သို့သော် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ၁၄၈ ဘီလျံ လျာထားခဲ့သော်လည်း ၁၄၆ ဘီလျံသာ ရရှိခဲ့သည်။ ဆက်သွယ်ရေးလုပ်ငန်းများက ပထမ ခြောက်လအတွင်း ၇၃၄ ဘီလျံ လျာထားခဲ့ရာ ၇၂၃ ဘီလျံသာ ရရှိခဲ့သည်။

"ထိုသို့ လျော့နည်းရသည့်အကြောင်းရင်းမှာ အူရီဒူးမြန်မာနှင့် တယ်လီနောမြန်မာလီမိတက်တို့ထံမှ လှိုင်းနှုန်းအခွန်အခရငွေများကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်က အမေရိကန်ဒေါ်လာ ၇၅၅ သန်းနဲ့ညီမျှသော ပီအို (Payment Order) ထုတ်ပေးရာတွင် ငွေလဲလှယ်နှုန်း လျော့နည်းသောကြောင့် ဖြစ်ပါတယ်"ဟု ဦးဝင်းရှိန်က ပြောကြားသည်။

လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်တွင်လည်း လျာထားချက်အောက် ၁ ဒသမ ၇ ဘီလျံခန့် လျော့နည်းရရှိခဲ့သည်။ ■

အနှစ် (၂၀)ပြည့်သည်အထိ အစဉ်တစိုက် အားပေးကြသည့် မိဘပြည်သူများကို ကျေးဇူးတင်ဝမ်းမြောက်ပါသည်

မြန်မာတိုင်းမ် ဒီဇင်ဘာ ၅ - ၁၁၊ ၂၀၁၄

ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာနများ မြစ်ကြီးနားနှင့် ကျိုင်းတုံတွင် အိုင်စီအာစီက တည်ဆောက်သွားမည်

ချယ်ရီသိန်း
t.cherry6@gmail.com

ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာနများကို ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်များ၌ ၂၀၁၅ ခုနှစ်အတွင်း ဆောက်လုပ်သွားမည်ဟု အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) မှ သိရသည်။

ထိုသို့ တည်ဆောက်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးပြီးဖြစ်ကာ ဌာနတစ်ခုစီအတွက် အမေရိကန်ဒေါ်လာ တစ်သန်းခွဲ အကုန်ကျခံ၍ ဆောက်လုပ်သွားမည်ဖြစ်သလို ဆောက်လုပ်ရေးအပါအဝင် ပစ္စည်းကိရိယာတပ်ဆင်ပံ့ပိုးမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း ကော်မတီ၏ ဆက်ဆံရေးအရာရှိ မစ္စတာ မိုက်ကယ်အိုဘရိုင်က ပြောသည်။

"အိုင်စီအာရ်စီအနေနဲ့ ငွေကြေးပံ့ပိုးမှုအပြင် နည်းပညာထောက်ပံ့မှုကို အလေးထားဆောင်ရွက်နေပါတယ်။ ဘာလိုလဲဆိုတော့ မြန်မာနိုင်ငံမှာ အိုင်စီအာရ်စီက အမြဲရှိနေမှာ မဟုတ်လို့ပါ။ ဘယ်နိုင်ငံမဆို ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုတာ ရေရှည်လိုအပ်နေမှာပါ။ လူတိုင်းက အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာ ရနိုင်တယ်။ အထူးသဖြင့် ပဋိပက္ခအခြေအနေတွေဆို ပိုလိုအပ်ပါတယ်။ နည်းပညာဖြန့်ဝေမှုက အရေးကြီးတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ပညာရေးမှာ ဒါကို ပညာရပ်တစ်ခုအနေနဲ့ ထည့်သွင်းစေချင်တယ်။ အိုင်စီအာရ်စီ က ကမ္ဘောဒီးယားမှာ ခြေတု၊ လက်တု ပြုလုပ်ခြင်းပညာရပ်အပါအဝင် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးအတွက် လေးနှစ်ပညာသင်ဆုပေးနေပါတယ်။ ဒီက စိတ်ဝင်စားသူတွေ လျှောက်ထားနိုင်ပါတယ်" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးအကူအညီ လိုအပ်နေသူပေါင်း သုံးသိန်းခန့်ရှိမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတွင် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာနများတွင် မသန်စွမ်းသူပေါင်း ၈,၀၀၀ ခန့်ကို နှစ်စဉ် ကုသပေးလျက်ရှိပြီး ၄၀၀၀ ခန့်သည် ခြေတု လိုအပ်နေသူများဖြစ်သည်။

အရိုးနှင့် ခြေတု ပညာရှင် ၁၀ ဦးသည် နှစ်စဉ် တစ်ဦးလျှင် လူနာ ၄၀၀ လိုအပ်သော ခြေတု၊ လက်တုပြုလုပ်ပေးမှုများကို ဆောင်ရွက်လျက်ရှိသော်လည်း ခန့်မှန်းထားသည့် လိုအပ်များပြည့်မီရန်အတွက် အရိုးနှင့် ခြေတုပညာရှင် ၁၀ ဆက်ပေါ်လိုအပ်လျက်ရှိသည်။

ရေရှည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရိုးနှင့် ခြေတုပညာကို ပညာရပ်တစ်ခုအဖြစ် တက္ကသိုလ်အဆင့်တွင် သင်ကြားပေးနိုင်ရန် ကော်မတီက ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနများနှင့် ဆွေးနွေးတိုက်တွန်းထားကြောင်း မစ္စတာ မိုက်ကယ်အိုဘရိုင်က ပြောသည်။

အရိုးနှင့် ခြေတု ပညာဘာသာရပ်လေးနှစ်သင်တန်းကို ၂၀၁၅ ပညာသင်နှစ်မှ စတင်ထည့်သွင်းနိုင်မည်ဟု မျှော်မှန်းထားသည်။ အကြောအဆစ်ကုထုံး ပညာများ၊ ဓာတ်ခွဲခန်းပညာ၊ ဓာတ်မှန်၊ အရိုးနှင့် ခြေတု ပညာများကို ဆေးဘက်ဆိုင်ရာ ပညာရှင်ဘွဲ့ ပထမနှစ်သင်ရိုးတွင် ၂၀၁၅ ခုနှစ်မှစတင် ထည့်သွင်းသွားနိုင်ရန် စီစဉ်တိုက်တွန်းထားကြောင်း ၎င်းကပြောသည်။

အိုင်စီအာရ်စီသည် ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ခြေထောက်ဖြတ်တောက်ခွဲစိတ်မှုဆိုင်ရာ နည်းလမ်းများကို ခွဲစိတ်ဆရာဝန်များအား လေ့ကျင့်သင်တန်းပေးသွားမည်ဖြစ်သည်။ မြေမြှုပ်မိုင်းဒဏ် ခံရသူများ ခြေဖြတ်တောက်ပြီးနောက် ဒဏ်ရာပျောက်ကင်းသည်နှင့် ခြေတုတပ်ဆင်နိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် မြေမြှုပ်မိုင်းအသုံးပြုရာတွင်လည်းကောင်း၊ မြေမြှုပ်မိုင်းများ ရှာဖွေဖော်ထုတ်ရာတွင်လည်းကောင်း မတော်တဆ ထိခိုက် အန္တရယ်မရှိစေရန် နည်းပညာသင်တန်းများပေးရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။

၂၀၁၃ ခုနှစ်အတွင်း အိုင်စီအာရ်စီ၏ ထောက်ပံ့မှုအစီအစဉ်ဖြင့် မသန်စွမ်းသူ ၁,၇၀၀ ကျော်ကို အကူအညီပေးနိုင်ခဲ့ပြီး၊ ၎င်းတို့အနက်မှ ၇၆၀ ခန့်သည် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သူများဖြစ်သည်။ မန္တလေးတိုင်း ဒေသကြီး ရေနံသာ အနာကြီး ရောဂါဆေးရုံရှိ ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနက ခြေတု ၂၀၀ နီးပါးထောက်ပံ့ပေးခဲ့ရာ ၎င်းတို့အနက် ၃၈ ခုသည်မြေမြှုပ်မိုင်းကြောင့် ထိခိုက်သူများဖြစ်သည်။

အလားတူ ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနက ၂၀၁၃ ခုနှစ်အတွင်း ဝန်ဆောင်ပေးခဲ့သူ ၁,၀၃၀ ဦးအနက် ၆၃ ရာခိုင်နှုန်းသည် မြေမြှုပ်မိုင်းဒဏ်ခံရသူများဖြစ်သည်။ ၂၀၁၄ ခုနှစ် ပထမနှစ်ဝက်တွင် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာနများက လူနာ ၁,၂၅၀ ဦးကို ကူညီပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် ၄၇ ရာခိုင်နှုန်းသည် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သူများဖြစ်သည်။ ထို့ပြင် ဇူလိုင်မှ အောက်တိုဘာလကုန်အထိ ၁,၃၇၅ ဦးကို ကူညီပေးနိုင်ခဲ့ရာ ၎င်းတို့အနက် ၅၃ ရာခိုင်နှုန်းသည် မြေမြှုပ်မိုင်းဒဏ်ခံရသူများဖြစ်ကြောင်း သိရသည်။

၂၀၁၄ တွင်စတင်ခဲ့သော နယ်လှည့်ခြေတု၊ လက်တုတပ်ဆင်ရေးအစီအစဉ်အရ မသန်စွမ်းသူ ၅၃၄ ဦးအား ၎င်းတို့နေထိုင်ရာနေရပ်များ၌ ခြေတုများ ပြုပြင်ပေးခဲ့နိုင်ခဲ့သည်။ ■

ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနတွင် ခြေတုပြုလုပ်ရေးအတွက် အတိုင်းအတာယူနေစဉ်။ ဓာတ်ပုံ - အိုင်စီအာရ်စီ

ဒေးဗစ်တော ပညာသင်ဆုပေးအပ်ရန် နော်ဝေက ရန်ပုံငွေ မ တည်ပေးမည်

မေသဉ္ဇာနိုင်
maythinzarnaing.mcm@gmail.com

မြန်မာကျောင်းသားကျောင်းသူ မည်သူမဆို လျှောက်ထားနိုင်မည့် ဒေးဗစ်တောပညာသင်ဆုကို စတင်ပေးအပ်ရန် ရန်ပုံငွေမတည်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်လာရောက်ခဲ့သည့် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်က ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယခုလ ၂ ရက်နေ့က ပြောကြားခဲ့သည်။

"အတတ်ပညာဟာ ကိုယ်နဲ့မကွာ တစ်သက်လုံး တည်ရှိနေမယ့်အရာပါ။ ကိုယ့်ရဲ့စိတ်ကူးအိပ်မက်တွေကိုလည်း ပန်းတိုင်အရောက်ပို့ဆောင်ပေးနိုင်တာလည်း အတတ်ပညာပါပဲ။ ပညာရေးဟာ ကမ္ဘာကြီးကိုပြောင်းလဲပစ်ဖို့ အသုံးပြုနိုင်တဲ့ အင်အားအကြီးဆုံးလက်နက်တစ်ခုပါ" ဟု ၎င်းက ပြောကြားခဲ့သည်။

ဒေးဗစ်တောသည် ၁၉၄၈ ခုနှစ်တွင် မွေးဖွားခဲ့သည့် မြန်မာပြည်ဖွား ကရင်တိုင်းရင်းသားတစ်ဦးဖြစ်ပြီး ရန်ကုန်တက္ကသိုလ်၌ ဘွဲ့ရရှိခဲ့ကာ ငြိမ်းချမ်းရေးရရှိရန် တစ်သက်တာလုံး ကြိုးစားအားထုတ်ခဲ့သည်။ ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် ပိုမိုရှင်သန်လာစေရန် ရည်ရွယ်၍ ဒေးဗစ်တောပညာသင်ဆုကို ပေးအပ်ခြင်းဖြစ်သည်။

ပညာသင်ဆုကို သမိုင်းဘာသာရပ်နှင့်လူမှုရေးဘာသာရပ်များ (History & Humanity) အား ဝိဇ္ဇာတန်းနှင့်မဟာဝိဇ္ဇာတန်းတက်ရောက်နေသူများနှင့် တက်ရောက်ရန် ပြင်ဆင်နေသူများကို အဓိက ရွေးချယ်သွားမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက "ပညာသင်ဆုအတွက် ရန်ပုံငွေ ဘယ်လောက်မတည်သလဲဆိုတာ ဆရာတို့ဆီ ရောက်မလာသေးပါဘူး။ ပုံမှန်အားဖြင့် ရန်ကုန်တက္ကသိုလ်ကိုရောက်လာတဲ့ ပညာသင် ဆု တွေက ကျောင်းသားတစ်ယောက်ချင်းစီကို ပျမ်းမျှ ကျပ်တစ်သိန်းနှုန်းလောက်တော့ ပေးပါတယ်။ ဒီပညာသင်ဆုက ရန်ကုန်နယ်နိမိတ်အပြင် မြန်မာပြည်အရပ်ရပ်က ကျောင်းသား၊ ကျောင်းသူတွေကိုပါ ပေးအပ်မှာ ဖြစ်တာကြောင့် ကျောင်းသားတစ်ယောက်ကို ဘယ်လောက်နှုန်းပေးမလဲဆိုတာ မသတ်မှတ်ရသေးပါဘူး" ဟု ၎င်းက ပြောကြားသည်။ ■

တီဘီတိုက်ဖျက်ထိန်းချုပ်နိုင်ရေး စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရ

ရွှေရည်စောမြင့်

poepwintphyu2011@gmail.com

မြန်မာနိုင်ငံ၏ တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းတွင် လူနာသစ်များကို ရှာဖွေကုသခြင်းနှင့် ဆေးယဉ်ပါး တီဘီလူနာများကို ဆေးတိုက်ကျွေးမှုတို့တွင် လိုအပ်ချက်ရှိနေသလို ရောဂါသည်များမှာလည်း ဆေးရရှိရန် စောင့်ဆိုင်းနေရခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကုသမှု လုံလောက်စွာ မရရှိခြင်း စသည့် ပြဿနာများဖြင့် ရင်ဆိုင်ရလျက်ရှိသည်။

အိပ်ခ်ျအိုင်ဗီ-တီဘီလူနာများကို ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းက အိပ်ခ်ျအိုင်ဗီပိုးရှိ လူနာအများစုသည် တီဘီရောဂါဖြစ်ပွားမှုများသဖြင့် တီဘီဆေးကို အမြန်တိုက်ရန် လိုအပ်သော်လည်း ကျန်းမာရေးဌာနဆေးခန်းများတွင် ဆေးကုသမှု အလွယ်တကူ မရရှိသဖြင့် ကိုယ်တိုင်ဆေးဝယ်တိုက်ကျွေးနေရကြောင်း ပြောသည်။

"ကျွန်မတို့ဆီကို ရောက်လာတဲ့ အိပ်ခ်ျအိုင်ဗီ လူနာအများစုက တီဘီရောဂါရှိပြီး မြန်မြန်ဆေးကုသဖို့ လိုတာကြောင့် အစိုးရဆေးရုံမှာက ဆေးချက်ခြင်းမရဘူး။ နှစ်ပတ်လောက်စောင့်ရတယ်။ ဒါကြောင့် မပို့တော့ဘဲနဲ့ အထူးကုဆရာဝန်နဲ့ပြပြီး ကိုယ်တိုင်ဆေးဝယ်ပြီး တိုက်ပေးရတယ်။ ဆေးယဉ်ပါးတီဘီဖြစ်တဲ့သူဆိုရင်တော့ အောင်ဆန်းတီဘီဆေးရုံကို ပို့ထားရတယ်။ သူလည်းပဲ ဆေးရဖို့ ဆေးရုံမှာ တစ်လလောက် စောင့်ရတယ်" ဒေါ်ဖြူဖြူသင်းက ပြောသည်။

သို့သော် ဆေးယဉ်ပါးတီဘီရောဂါသည် အများစုသည် ဆေးဒဏ်ကို မခံနိုင်ဘဲ သေဆုံးသွားသူများကြောင်း ၎င်းကပြောသည်။

တီဘီရောဂါသည် ကူးစက်တတ်သည့် ရောဂါတစ်မျိုးဖြစ်ပြီး လေထဲကကူးစက်ပြန့်ပွားနိုင်သည်။ ကမ္ဘာပေါ်တွင် အိပ်ခ်ျအိုင်ဗီအေအိုင်ဒီအက်စ် ရောဂါပြီးလျှင် ဒုတိယလူသေဆုံးမှု အများဆုံး ကူးစက်ရောဂါဖြစ်သည်။ ထို့ပြင်ရိုးရိုးတီဘီရောဂါသာမက ဆေးမျိုးစုံယဉ်ပါး တီဘီဖြစ်ပွားမှုသည်လည်း မြင့်တက်လာနေသည်။ နိုင်ငံတကာတွင် ဆေးမျိုးစုံယဉ်ပါးတီဘီ (MDR TB) အပြင် ပြင်းထန် ဆေးယဉ်ပါးတီဘီ (XDR-TB) ဖြစ်ပွားမှုများလည်းရှိနေသည်။ ဆေးယဉ်ပါးတီဘီသည် ကုသမှုခက်ခဲသည့် ရောဂါတစ်မျိုးဖြစ်ပြီး ရောဂါကူးစက်ခံရသူများလည်း ဆေးယဉ်ပါးတီဘီဖြစ်ပွားစေနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၁၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ တီဘီရောဂါလူနာအသစ် ၁၈၀,၀၀၀ ခန့်တွေ့ရှိရပြီး ဆေးယဉ်ပါးတီဘီ ဖြစ်ပွားသူမှာ တစ်နှစ်လျှင် ခန့်မှန်းခြေ လူနာ ၉,၀၀၀ ခန့်ရှိသည်။

> ကျွန်တော်တို့ နိုင်ငံမှာ ဆေးယဉ်ပါးတီဘီ စကုပေးတဲ့ အချိန် ၂၀၀၉ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ဆေးကုသမှုပေးနိုင်တဲ့ လူနာ ၁,၅၀၀ ကျော်ပဲရှိတယ်

၂၀၁၁ခုနှစ်မှ ၂၀၁၅ခုနှစ်အထိတီဘီရောဂါစီမံချက်အတွက် အမေရိကန်ဒေါ်လာ ၁၈၆ သန်းလိုအပ်ရာ ၁၁၃ သန်းရရှိထားပြီး ဆက်လက်ရရှိရန် လိုအပ်နေသေးသည်။

မြန်မာနိုင်ငံတွင် တီဘီရောဂါရှာဖွေရေးအတွက် ဓာတ်ခွဲခန်းများမလုံလောက်သည့် ပြဿနာအပြင် ခေတ်မမီတော့သည့် ကုသနည်းများ၊ ဆေးယဉ်ပါးတီဘီ ကုသပေးနိုင်မှုအားနည်းခြင်းနှင့် ဆေးအသစ်ထောက်ပံ့ရရှိမှုအားနည်းခြင်းများ၊ အမျိုးသားအဆင့် တီဘီစီမံချက်အတွက် ရန်ပုံငွေ မလုံလောက်မှု စသည့်အခက်အခဲများရှိနေကြောင်း နယ်စည်းမထား ဆရာဝန်အသင်း၏ မြန်မာနိုင်ငံဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖုန်းမြင့်က မြန်မာတိုင်း(မ်)ကို ပြောသည်။

"ကျွန်တော်တို့ နိုင်ငံမှာ ဆေးယဉ်ပါးတီဘီ စကုပေးတဲ့ အချိန် ၂၀၀၉ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ဆေးကုသမှုပေးနိုင်တဲ့လူနာ ၁,၅၀၀ ကျော်ပဲရှိတယ်။ ဒီအရေအတွက်က အရမ်းနည်းနေပါတယ်။ ဖြစ်တဲ့သူက နှစ်စဉ် ၈,၀၀၀ ကျော်နီးပါးရှိပေမယ့် ကျွန်တော်တို့ ဒီလောက်ပဲကုပေးနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆေးယဉ်ပါးတီဘီကုသရေးအတွက်သုံးရတဲ့ ဆေးတန်ဖိုးက လူတစ်ယောက်အတွက် ဒေါ်လာ ၂,၀၀၀ ကျော်နဲ့ ဆေးယဉ်ပါး ဘေးထွက်ဆိုးကျိုးခံစားရပါက ကုသဖို့ နှစ်နှစ်စာ ဒေါ်လာ ၄,၀၀၀ ကျော်တဲ့ ကျန်ကျစရိတ်တွေကို ထောက်ပံ့မှု မပေးနိုင်တာကြောင့် ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် ဆေးယဉ်ပါးတီဘီကိုဆေးရုံ၌ လပေါင်း ၂၀ ကျော် တက်ရောက်ကုသရန်လိုအပ်ရာ အဆိုပါကုသနည်းစနစ်မှာ နိုင်ငံတကာတွင် ခေတ်မမီတော့သည့် နည်းစနစ်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဆေးရုံတက်ရောက်ရန်မလိုဘဲ ကိုးလနှင့် ကုသပေးနိုင်ကြောင်း ၎င်းကပြောသည်။

စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့၌ ကျင်းပခဲ့သည့် အဆုတ်ကျန်းမာရေးဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် နယ်စည်းမထား ဆရာဝန်အသင်း၏ သတင်းထုတ်ပြန်ချက်အရ ဝင်ငွေနိမ့်နိုင်ငံများဖြစ်သည့် ကင်ညာ၊ မြန်မာနှင့် ဇင်ဘာဘွေတို့တွင် အမျိုးသားအဆင့် တီဘီစီမံချက်များအတွက် ရန်ပုံငွေလိုအပ်ချက်မှာ အဆိုးဝါးဆုံးနှင့် ရင်ဆိုင်နေရပြီး ရရှိသည့် ရန်ပုံငွေမှာ လိုအပ်သည့် ပမာဏ၏ ၅၀ ရာခိုင်နှုန်းပင်မရှိဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် တီဘီရောဂါ ဝန်ထုပ်ဝန်ပိုးအကြီးအကျယ်ခံစားနေရသည့် နိုင်ငံ ၎၇နိုင်ငံထဲတွင် ပါဝင်ကြောင်း အဆိုပါထုတ်ပြန်ချက်ထဲတွင် ဖော်ပြထားသည်။

သို့သော် ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာစည်သူအောင်ကမူ ကျန်းမာရေးဝန်ကြီးဌာနသည် တီဘီစီမံကိန်းများကို ဆောင်ရွက်ရန် ရန်ပုံငွေနှင့် အကူအညီများ ၂၀၁၆ ခုနှစ်အထိ လုံလောက်မှုရှိကြောင်း၊ ရောဂါတိုက်ဖျက်ရေး စီမံချက်သစ်များ၊ ဆေးယဉ်ပါးတီဘီ ကုသရေးနည်းလမ်းသစ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။ ■

မဲဆန္ဒရှင် အသိပညာပေး လမ်းညွှန်စာအုပ် ထုတ်ဝေမည်

မဲဆန္ဒရှင် အသိပညာပေးလမ်းညွှန်စာအုပ်ကို နယူးမြန်မာဖောင်ဒေးရှင်းက ယခုလအတွင်း ထုတ်ဝေသွားမည်ဖြစ်ကြောင်း ဖောင်ဒေးရှင်း စီမံချက်မန်နေဂျာ ဦးသန့်စင်က ပြောသည်။

အခန်း ၁၄ ခန်းပါဝင်သည့် ထိုလမ်းညွှန်စာအုပ်ကို ခြောက်လကျော် အချိန်ယူ၍ ရေးသားပြုစုခဲ့ခြင်းဖြစ်ပြီး ရည်ရွယ်ချက်လေးချက်ဖြင့် ထုတ်ဝေရန် စီစဉ်ရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"တစ်နိုင်ငံလုံးမှာရှိတဲ့ မဲဆန္ဒရှင်တွေ အသိပညာရရှိစေဖို့ အသိပညာပေးတဲ့နေရာမှာ အဖွဲ့အစည်းပေါင်းများစွာ ရှိသော်ငြားလည်း သင်တန်းဆရာတွေအတွက် လက်စွဲစာအုပ်မရှိတဲ့ပြဿနာဖြစ်နေတယ်။ သင်တန်းနည်းပြဆရာတွေအတွက် အထောက်အကူဖြစ်စေဖို့ ရည်ရွယ်တယ်" ဟု ဦးသန့်စင်က ပြောသည်။

"နောက်ပြီးတော့ ရွေးကောက်ပွဲဖြစ်စဉ်မှာ ပါဝင်တဲ့သူတွေရဲ့ အသိပညာမြင့်တက်စေဖို့နဲ့ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ် ကျောင်းသူကျောင်းသားလေးတွေ ဗဟုသုတအနေနဲ့ ရရှိစေဖို့အတွက် ထုတ်ဝေရခြင်းဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

စာအုပ်ကို ရေးသားရာတွင် ဒီမိုကရေစီသက်တမ်းရင့်နိုင်ငံများ၊ ဒီမိုကရေစီတည်ငြိမ်စပြုသော နိုင်ငံများနှင့် အသွင်ကူးပြောင်းစနိုင်ငံများ၏ ရွေးကောက်ပွဲ ဖြစ်စဉ်များမှ လိုက်နာရန် သင့်လျော်သော အတွေ့အကြုံနှင့် ဗဟုသုတများကို ထည့်သွင်းရေးသားထားသည်။

စာအုပ်ကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံသို့လည်း ဖြန့်ဝေသွားရန်ရှိပြီး အရပ်ဘက် အဖွဲ့အစည်းများကတစ်ဆင့် ပြည်သူလူထုသို့ ဖြန့်ဝေသွားမည်ဖြစ်သည်။ ■ **လွန်မင်းမန်**

ချောကူသစ္စာ

khaingsabainyein@gmail.com

ရန်ကုန်မြို့ ပန်ဆိုးတန်းတစ်ဘက်ကမ်းရှိ လူစည်ကားရာ ဒလမြို့ကို တွေ့ရစဉ်။ ဓာတ်ပုံ - နိုင်ဝင်းထွန်း

ပြောင်းလဲ တိုးတက်မှုတွေနဲ့ မြို့ဒလ

ရန်ကုန်မြို့လယ် ပန်းဆိုးတန်းဆိပ်ကမ်းကနေ ကူးတို့သဘော်ဖြစ်ဖြစ်၊ စက်သမ္ဘာန်ဖြစ်ဖြစ် စီးပြီး ရန်ကုန်မြစ်ကို ၁၀ မိနစ်လောက်ဖြတ်ကျော်လိုက်တာတဲ့ ဒလမြို့နယ်ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။

ဒီလို စီးပွားရေးအချက်အချာကျတဲ့ ရန်ကုန်မြို့လယ်နဲ့ အနီးဆုံးနေရာမှာရှိနေပေမယ့်လည်း သွားရေးလာရေးကနဲ့သတ်ချက်တွေရှိနေတာကြောင့် ဒလမြို့ဟာ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးပြီး နှစ်ပေါင်းများစွာ မပြောင်းမလဲတည်ရှိနေခဲ့ပါတယ်။ ဒါပေမဲ့ အခုအခါမှာ သဘော်သစ်တွေ ပြေးဆွဲမှု၊ ဆိပ်ခံတံတားသစ် တည်ဆောက်မှုတွေနဲ့အတူ ဒလမြို့ဟာ ဖွံ့ဖြိုးတိုးတက်မှု လမ်းစပေါ် ကို ရောက်ရှိလာပြီဖြစ်ပါတယ်။

ပန်းဆိုးတန်းကနေ ဒလဆိပ်ကမ်းဘက်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက အနော်ရထာ၊ ကျန်စစ်သား၊ တပင်ရွှေထီး၊ ထီးလိုင်ရှင် စတဲ့ ရေယာဉ်ကြီးတွေနဲ့ ဒလဘက်ကမ်းမှာ နေထိုင်ကြတဲ့ နိုင်ငံဝန်ထမ်းတွေ၊ ဆရာ ဆရာမတွေနဲ့ ကျောင်းသူကျောင်းသားတွေ အပါအဝင် နေ့စဉ်ခရီးသည် ထောင်ပေါင်းများစွာကို သယ်ပို့ပေးနေတာဟာ နှစ်ပေါင်းတော်တော်ကြာခဲ့ပြီဖြစ်ပါတယ်။

ဒီသဘော်တွေဟာ သက်တမ်း နှစ် ၃၀ လောက်ရှိလာပြီး အိုဟောင်းလာပြီဖြစ်တဲ့အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(ဂျိုက်ကာ)က ချယ်ရီဘ၊ ၂၃ အမည်ရသဘော်သုံးစင်းကို ဂျပန်နိုင်ငံမှာ တည်ဆောက်ခဲ့ပြီး ကူးတို့လိုင်းမှာ အစားထိုးပြေးဆွဲနိုင်ဖို့ ပေးအပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၁၅ ရက်နေ့မှာတော့ ဂျပန်အစိုးရအစီအစဉ်အရ မြန်မာနိုင်ငံကို ပေးအပ်ခဲ့ပြီး စတင်ပြေးဆွဲနေပြီ ဖြစ်ပါတယ်။ သဘော်သစ်တွေနဲ့ လိုက်လျောညီထွေဖြစ်စေဖို့ ဒလဆိပ်ကမ်းမှာ ဆိပ်ခံ၊ ရေဆင်းတံတား၊ ရေဘေးနဲ့ ခရီးသည်နားနေဆောင်တွေကိုလည်း အသစ် တည်ဆောက်ထားပါတယ်။

တံတားတွေကို အတက်အဆင်းပုံစံ နှစ်ဘက်တွဲလျက်ပြုလုပ်ထားပြီး လက်ရှိခရီးသည်နားနေဆောင် သစ်ကိုလည်း တည်ဆောက်ပေးခဲ့တဲ့အတွက် ဆိပ်ကမ်း၀န်းကျင်ကိုလည်း ပြင်ဆင်မှုတွေပြုလုပ်ဖို့ လိုအပ်လာခဲ့ပါတယ်။

ဒီလို ပြုလုပ်တဲ့အခါ သဘော်ဆိပ်နေရာအလယ်ကောင်မှာရောက်နေတဲ့ ဆိုင်ခန်းဟောင်းတွေကို ဖျက်သိမ်းသွားဖို့ဆွေးနွေးနေဆဲဖြစ်ပြီး အဆိုပါနေရာအနီး၀န်းကျင်မှာ သပ်ရပ်လှပတဲ့ အထပ်မြင့် အဆင့်မြင့် အဆောက်အအုံ တည်ဆောက်ပြီး ယခင်ဆိုင်အစီအစဉ်တွေ ရှိတယ်လို့ ဒလမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင်က ပြောပါတယ်။

“ဆိပ်ကမ်းသာယာလှပမှုကို ထိန်းသိမ်းပြီး အမြင်လှပသာယာစေဖို့အတွက် ဆိုင်ခန်းတွေဖယ်ပြီး အကောင်းဆုံးအဆင်ပြေမယ့် အဆောက်အအုံမျိုးကို အဲဒီနေရာ မဟုတ်ပေမယ့် အဆင်ပြေတဲ့နေရာမှာ ဆောက်သွားဖို့ရှိပါတယ်။ တစ်စင်းကို ဒေါ်လာလေးသန်းတန်ဖိုးရှိတဲ့ သဘော်တွေအပါအဝင် ဆိပ်ခံတွေကိုလည်း အသစ်ဖြစ်အောင် နိုင်ငံတကာအဆင့်မီအောင် လုပ်ပေးထားပြီဆိုတော့ ခေတ်မီတဲ့ကုန်တိုက်လိုပုံစံမျိုး သဘော်ဆိပ်အနားမှာ လုပ်ဖို့ရှိတယ်”လို့ သူက ပြောပါတယ်။

“အဓိကကတော့ ခရီးသည်တွေသွားလာရေး ရှင်းရှင်းလင်းလင်းဖြစ်ပြီး အဆင်ပြေအောင်၊ ပြီးတော့ မြို့သာယာလှပအောင် လုပ်ချင်တာဖြစ်ပါတယ်။ မဟာရန်ကုန် ဘက်ဒလမြို့အနေနဲ့ ဝင်လာတာနဲ့ မြို့ကသာယာလှပပြီး ရှင်းသန့်နေရမယ်။ လက်ရှိဆိုင်ခန်းရှင်တွေကိုတော့ အထပ်မြင့်တွေဆောက်နေတဲ့အခါမှာ သူတို့အတွက် အခန်းနေရာကို ဦးစားပေးချပေးထားမှာ ဖြစ်ပါတယ်။ လက်ရှိအခန်းပေါင်းပတ်ပတ်လည် ၃၀ ကျော်ရှိတယ်။ အဆောက်အအုံ ဆောက်နေတဲ့ကာလမှာ နေရာတစ်ခုကို တတ်နိုင်သမျှပေးဖို့ မြို့တော်စည်ပင်ကလည်း ယာယီဈေးလိုမျိုးတစ်ခုခု ပေးဖို့တော့ လုပ်နေပါတယ်။ အဆင့်မြင့်ဆိုင်ခန်းနေရာတွေအတွက် ပြန်လည်ရရှိဖို့ ငွေပြန်သွင်းရမလားဆိုတာကိုတော့ အားလုံးပြန်လည် တိုင်ပင်ကြရဦးမှာဖြစ်ပါတယ်။ ဆိပ်ကမ်း အာဏာပိုင်အဖွဲ့နဲ့ ရေကြောင်းပို့ဆောင်ရေးဌာနအဆိုပြုချက်ကို ပြန်စောင့်ရဦးမယ်”လို့ သူက ပြောပါတယ်။

ဒါပေမဲ့ လက်ရှိဆိုင်ခန်းဖွင့်လှစ်ထားသူတွေကတော့ ဒီအစီအစဉ်ကို သိပ်ပြီးမနှစ်သက်ကြပါဘူး။

မိသားစုခြောက်ယောက်နဲ့ လက်ဖက်ရည်ရောင်းရာကနေ အခုသုံးခန်းတွဲစားသောက်ဆိုင် ဖွင့်လှစ်ရောင်းချနေတဲ့ ဒေါ်ပပအောင်ကတော့ ဒါကဝမ်းရေး၊ ရပ်တည်ရေးအတွက် ထိခိုက်နိုင်မှာမို့ နေရာမဖယ်ချင် မဖျက်ချင်ဘူးလို့ ဆိုပါတယ်။

“ဒီဆိုင်ခန်းလေးတွေကို မဖျက်စေချင်တာကတော့ ကျွန်မတို့ရဲ့အဓိက မျှော်လင့်ချက်ပေါ့။ ၁၂ နှစ်လောက် ဒီနေရာမှာရောင်းလာခဲ့တာပါ။ ဒါပေမဲ့လည်း ကျွန်မတို့ စာချုပ်ချုပ်တုန်းက ၁၀ နှစ်အာမခံပဲဆိုတော့ အခုတောင် ၁၂ နှစ်ဆိုတော့ ပြောင်းရမယ်ဆိုလည်း ပြောင်းရတော့မှာပေါ့။ ဆောက်နေတုန်းအချိန်မှာ ဒီဆိုင်တွေကို မဖျက်သေးဘဲ အရင်တစ်နေရာမှာဆောက်နေပြီး ကျွန်မတို့ကို ဒီနေရာမှာ ရောင်းခွင့်ပေးထားစေချင်သေးတယ်။ ပြီးတော့မှ ဆောက်ပြီးတဲ့နေရာကို ပြောင်းချင်တယ်။ ပြီးတော့ ဆောက်ထားတဲ့အခန်းတွေကို ပြန်လည်ရယူတဲ့နေရာမှာ အရစ်ကျနဲ့ ပေးသွင်းရမှာလားသိချင်တယ်။ ဒါနဲ့ပဲအသက်မွေးနေတာဆိုတော့ မရပ်လိုက်ချင်ဘူးပေါ့”လို့ သူကဆိုပါတယ်။

ဆိပ်ခံတံတားဆောက်တဲ့ လေးလတာကာလမှာ ဆိုင်ပိတ်ထားရတာကြောင့် စီးပွားရေးအတော်နစ်နာခဲ့ကာ အခုပြန်လည်ဖွင့်လှစ်တာကလည်း တစ်လကျော်သာရှိသေးတယ်လို့ သူကဆိုပါတယ်။

“တကယ်လို့ ဆိုင်တွေဖျက်ရပြီး သတ်မှတ်နေရာမှာ ဆိုင်ခန်းကိုအရင်ဒီနေရာကို ဝယ်ခဲ့တဲ့ ပုံစံအတိုင်း အရစ်ကျလိုမျိုး ပြန်ဝယ်ရမယ်ဆိုရင်တောင် သုံးခန်းတွဲကို ပြန်ဝယ်ဖို့ အတွက် အဆင်သင့်မဖြစ်တဲ့အနေအထားဖြစ်လို့ ဒီစီမံကိန်းကို ချက်ခြင်းတော့ မလုပ်စေချင်သေးဘူး။ နှစ်နှစ်ဖြစ်ဖြစ်အခုလို မျိုးပဲ လုပ်စားခွင့် ရချင်သေးတယ်”လို့ ကျောင်းသားတွေအပါအဝင် မိသားစုခြောက်ယောက်ရှိတဲ့ ဒေါ်ပပအောင်က ဆိုပါတယ်။

စီးပွားရေးအရ ရပ်တည်မှုအတွက် စိုးရိမ်စိတ်တွေဝင်မိနေပေမယ့်လည်း သူနေထိုင်တဲ့ မြို့လေး ပိုပြီးသာယာစည်ကားလာမှာအတွက်ကိုတော့ ကျေနပ်တဲ့စိတ် ဖြစ်မိကြောင်း ရင်ဖွင့်ပါတယ်။

နေရာတစ်ဆင့်ဌားပြီး လက်ဖက်ရည်အအေးနဲ့ ထမင်းစတာတွေရောင်းချနေတာ တစ်နှစ်ခွဲလောက်ရှိပြီဆိုတဲ့ ကိုအာကာဇော်ကလည်း နောက်ပြောင်းရတဲ့နေရာမှာ စီးပွားရေး ပြေလည်ပါတော့မလားလို့ စိုးရိမ်ပူပန်နေတယ်လို့ ဆိုပါတယ်။

“ကျွန်တော်ကအဘိုးအဘွား အပါအဝင် မိသားစုငါးယောက်ရှိတယ်။ ဒါကြောင့် ရပ်တည်ဖို့အတွက် စိတ်ပူနေတယ်။ ဝင်ငွေကဒါပဲရှိတယ်”လို့ သူက ဆိုပါတယ်။

လက်ရှိပြေးဆွဲနေတဲ့ သဘော်ဟောင်းတွေကို စဉ့်အိုးတန်းကနေ ဒလမြို့၊ ဆာပါချောင်ရပ်ကွက်မှာရှိတဲ့ ဝန်ထမ်းဆိပ်ကမ်းလိုနေရာကို အစားထိုးပြေးဆွဲပြီး ကုန်တင်ချင်လည်း တင်လို့ရအောင် ဆောင်ရွက်သွားမယ်လို့ ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက ပြောပါတယ်။

သဘော်အသစ်ပြေးဆွဲမှု ဆိပ်ခံအသစ်တည်ဆောက်မှု၊ ဆိုင်ခန်းတွေ အသစ်တည်ဆောက်မယ်ဆိုတာနဲ့တင် ဒလမြို့ရဲ့ပြောင်းလဲမှုက ရပ်တန့်သွားတာမဟုတ်ပါဘူး။ ဆိပ်ကမ်းကသိပ်မဝေးတဲ့ နာရီစင်နားတစ်လျှောက်ကနေ ဓနုတ်ကျေးရွာအုပ်စုထိ ခြောက်မိုင်ခြောက်ဖာလုံအကွာအဝေးရှိတဲ့လမ်းကို ကွန်ကရစ်လမ်းခင်းဖို့ လာမယ့် နှစ်ဆန်းပိုင်းမှာ စတင်ဆောင်ရွက်သွားဖို့အပြင် မြို့တွင်းလမ်းတွေကိုလည်း ပြင်ဆင်ဖို့ လုပ်ဆောင်နေတယ်လို့ ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဦးက ပြောပါတယ်။

“၂၀၁၅ ထဲမှာ နာရီစင်ကနေ ဓနုတ်အထိ ခြောက်မိုင်ခြောက်ဖာလုံ အကွာအဝေးထိ ကွန်ကရစ်လမ်း လုပ်ဖို့ရှိတယ်” လို့ သူကဆိုပါတယ်။

ဒလမြို့ပေါ် ခြေချချခြင်းပဲ မြင်တွေ့ရမယ့် ကမ်းနားလမ်း ရာဇသာကြိန်ဘက်ခြမ်းကို လမ်းပြင်ဖို့ ပွင့်လင်းရာသီထဲမှာလုပ်ဖို့ရှိနေပြီး ကျန်စစ်သားလမ်းနဲ့ မဟာဗန္ဓုလလမ်းကတော့ လမ်းကောင်းဖို့အတွက်ကို ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ရာဇသာကြိန်ကနေ မင်းရဲကျော်စွာတံတားအထိ မြေသားလမ်းကိုလည်း ကွန်ကရစ်လမ်းဖြစ်အောင် ပြုပြင်သွားမယ်လို့ ဦးလှထွန်းဦးက ပြောပါတယ်။

လမ်းတွေကောင်းလာပြီး သွားလာရေး အဆင်ပြေလာတာနဲ့ တစ်ပြိုင်နက်မှာပဲ လမ်းဘေးဝဲယာတစ်လျှောက် အိမ်ခြံမြေစျေးတွေကောင်းလာနိုင်တယ်။

ရန်ကုန်ကနေ ဒလဘက်ကို တံတားထိုးမယ်ဆိုပြီး ပြီးခဲ့တဲ့နှစ်က ထွက်ခဲ့တဲ့ သတင်းကြောင့် ဒလမြို့နယ်မှာ အိမ်ခြံမြေစျေးတွေ အဆမတန် ခုန်တက်ခဲ့ရာကနေ အခုထိလည်း စျေးတွေပြန်မကျသေးပဲ ငြိမ်သက်နေပါတယ်။

လက်ရှိမှာ ဒလမြို့ပြင်ကျေးရွာတွေဘက်မှာ ပေ ၄၀× ၆၀ တစ်ကွက်ကို ကျပ်သိန်းရာဂဏန်းလောက်ထိပေါက်နေပြီး မြို့တွင်းနာရီစင်အနီးနဲ့ ကမ်းနားတစ်ပိုက်မှာ ကျပ်သိန်း ၃၀၀၀ ကျော်အထိ စျေးရှိပါတယ်။ ရပ်ကွက်တွင်း နေရာကောင်းရင်ကောင်းသလို ကျပ်သိန်း ၇၀၀ လောက်အထိ ရှိနေပါတယ်။

“လူနေသန့်တာ မသန့်တာအပေါ်လည်း မူတည်သေးတာပေါ့။ တချို့နေရာတွေမှာကတော့ ကျပ် သိန်း ၂၀၀ လောက်ပဲရှိတယ်။ တစ်နှစ်လုံး လှုပ်လှုပ်ခတ်ခတ်ဖြစ်နေတဲ့ အရောင်းအ၀ယ်ကတော့ အခုလတ်တလော

စာမျက်နှာ ၁၁ သို့

ကွန်ကရစ်တုံးများဖြင့် လမ်းကြောင်းသတ်မှတ်ထားသည်ကို အနော်ရထာလမ်းတစ်နေရာတွင် တွေ့ရစဉ်။ ဓာတ်ပုံ - ယုယု

ခရီးသည်တင်ယာဉ်များအတွက် လမ်းကြောင်း သတ်မှတ်မှုကို ဆက်လက်လုပ်ဆောင်နေ

အေးငြိမ်းဝင်း
ayenyeinwin.mcm@gmail.com

ခရီးသည်တင်ယာဉ်များကို သတ်မှတ်ယာဉ်ကြောမှ မောင်းနှင်စေရေးအတွက် ကွန်ကရစ်ဘလောက်တုံးများ ချထားကာ လမ်းကြောင်းသတ်မှတ်ခြင်းအား ပြည်လမ်းနှင့် ကမ္ဘာအေးလမ်းများတွင် ထပ်မံကာ အဓိက ထားလုပ်ဆောင်သွားမည်ဖြစ်သည်။

လက်ရှိတွင် အနော်ရထာလမ်းတစ်လျှောက် လမ်း ၅၀ ထိပ်မီးပွိုင့်မှ စတင်ကာ ချထားပြီး ဒီဇင်ဘာလ ၁ ရက်နေ့တွင် ၂၈ လမ်းထိပ်အထိ ရောက်ရှိနေပြီ ဖြစ်သည်။ ခရီးသည်တင်ယာဉ်ကို လမ်း၏ ညာဘက်အစွန်ဆုံးမျဉ်း၀ါကြောမှ သွားရန် အောက်တိုဘာလမှ စတင်ကာ သတ်မှတ်ခဲ့ကာ အခြားယာဉ်များ ဝင်ရောက်မောင်းနှင်ခြင်း မပြုရန် သတ်မှတ်ထားသော်လည်း လိုက်နာမှုများမရှိခြင်းကြောင့် နိုဝင်ဘာ ၂၉ ရက်နေ့မှစတင်၍ ကွန်ကရစ်တုံးများချပြီးလမ်းကြောင်း သတ်မှတ်လိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ အခု အနော်ရထာလမ်းတစ်လျှောက် ဘလောက်တုံးတွေချတယ်။ အဲဒါတွေက အန္တရာယ်မများဘူးလားလို့ မေးရင်တော့ များတယ်လို့ပြောလို့ရတယ်။ အဲဒီတုံးတစ်ခုကို ကားတစ်စီးကတိုက်မိပြီး လဲသွားလို့ နောက်ကားကလည်း ထပ်တိုက်မိရင် အန္တရာယ်ရှိတယ်။ ဒါပေမဲ့ ဒီတုံးမချခင် ပလတ်စတစ် ရေပုံး ချကြည့် ပါတယ်။ အကုန်လုံးက တိုက်ပစ်တယ်။ အဲဒီထက် အရွယ် အစားလတ်တဲ့တုံးကိုလည်း ချကြည့်တယ်။ ရွေ့ပြီးမောင်းကြတယ်။ အဲဒီထက် မရွေ့နိုင်တဲ့တုံးကို ထားပေးခြင်းက သွားလာတဲ့ယာဉ်တွေ စည်းကမ်းမဲ့နေလို့ ထားပေးရခြင်းဖြစ်ပါတယ်။ နိုင်ငံကြီးသားမပီသဘူးပဲပြောပြော မလုပ်မဖြစ်လို့ လုပ်ပေးရတာ။ တဖြည်းဖြည်းနဲ့ လူတွေ ကျင့်သားရသွားရင်တော့ အဆင်ပြေလာမယ်ထင်ပါတယ်" ဟု ရန် ကု န် မြို့ တော် စည် ပင် သာယာ ရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးက ပြောသည်။

ခရီးသည်တင်ယာဉ်များ မျဉ်း၀ါယာဉ်ကြောအတွင်းမှထွက်မောင်းလျှင် သော်လည်းကောင်း၊ အခြားယာဉ်များ မျဉ်း၀ါယာဉ်ကြောအတွင်း ဝင်ရောက်မောင်းနှင်လျှင် သော်လည်းကောင်း ၁၉၆၇ ခုနှစ်မော်တော်ယာဉ် ဥပဒေအရ ဒဏ်ငွေရိုက်အရေးယူသွားမည်ဖြစ်ပြီး ဒီဇင်ဘာလ ၁ ရက်နေ့အထိ ၃၂ စီးဖမ်းဆီးအရေးယူခဲ့ကြောင်း ဒုရဲမှူးကြီးလင်းထွဋ်က ပြောသည်။

ကွန်ကရစ်ဘလောက်တုံးများ ထားရှိကာ လမ်းသတ်မှတ်လိုက်ခြင်းအတွက် ညာဘက်လမ်းကြောသို့ ကွေ့ရမည့် ကိုယ်ပိုင်ယာဉ်နှင့် တက္ကစီယာဉ်များ အနည်းငယ် အခက်အခဲရှိသည်မှအပ ခရီးသည်အများစုက လက်ခံကြကြောင်းသိရသည်။

ထို့ပြင် တစ်လမ်းမောင်းလမ်းများတွင် ညာဘက်၌ ကားပါကင်များထားရှိခြင်းက ခရီးသည်တင်ယာဉ်များ သွားလာရာတွင် အနှောင့်အယှက် ဖြစ်စေနိုင်သောကြောင့် ကားပါကင်များကို ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကာ ကားပါကင်လုပ်ကိုင်ခွင့်ယူထားသော လုပ်ငန်းရှင်များသို့ ငွေများပြန်အမ်းသွားမည်ဖြစ်သည်။ ■

ပြောင်းလဲ တိုးတက်မှုတွေနဲ့ မြို့ဒလ

စာမျက်နှာ ၁၀ မှ

အခြေနေအရ အေးနေပါတယ်။ ဒလဘက်ကမ်းကို တံတားထိုးမယ်ဆိုတဲ့ စီမံကိန်းကလည်း အသံတိတ်နေတာကြောင့်လည်း ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ စီမံကိန်းမှန်သမျှဟာ ကြာတာနဲ့ မြန်တာပဲရှိတယ်။ လုံ၀အပြီးဖျက်ပစ်လိုက်တယ်လို့တော့ မရှိပါဘူး"လို့ ဦးရဲ၀င်းက ပြောပါတယ်။

ဒလမြို့နယ်မှာ ၂၃ ရပ်ကွက်နဲ့ ကျေးရွာ ၂၃ ရွာရှိပြီး အံ့ကြိုးအနောက်ရပ်ကွက်သုံးခုကတော့ တရား၀င်စာရင်းမ၀င်သေးဘူးဆိုပေမယ့် မြို့တွင်းအဖြစ် အသိအမှတ်ပြုထားကြပါတယ်။ ဒါပေမဲ့ မြို့တွင်းရပ်ကွက်အဖြစ် တရား၀င်ဖြစ်လာဖို့ကတော့ ရေရှည်စီမံချက်တွေထဲမှာ ထည့်သွင်းပြီး လုပ်ဆောင်သွားရမယ်လို့ ဦးတင်လှိုင်က ဆိုပါတယ်။

ဒလမြို့ကို အခြေပြုပြေးဆွဲနေတဲ့ အဝေးပြေးကားလိုင်း ၃၄ လိုင်းအတွက် ဂိတ် ၃၄ ဂိတ်ကိုလည်း တစ်စုတစ်စည်းတည်းနဲ့ သပ်သပ်ရပ်ရပ်ဖြစ်အောင် သီးသန့်နေရာတစ်ခု သတ်မှတ်ပြီး အဝေးပြေးကား၀င်း တည်ဆောက်ဖို့ စီစဉ်နေကြပါတယ်။

"ကျန်စစ်သားရပ်ကွက်ထဲမှာပဲ အဝေးပြေးကား၀င်း လုပ်ဖြစ်ဖို့အတွက် အကြံပြုထားပါတယ်။ အခုလောလောဆယ် ဒီမှာကားကွင်းတစ်ကွင်းမှ မရှိသေးပါဘူး။ ဒီဆိပ်ကမ်းတစ်ခုတည်းမှာပဲ အကုန်ပြုံပြီး ရှုပ်ထွေးနေတဲ့ဖြစ်ရပ်ကြောင့် ဒီနေရာမှာနောက်ပိုင်းကို အဝေးပြေးကားတွေ ရပ်ခွင့်မပေးတော့ဘဲ သီးသန့်ကား၀င်းပြုလုပ်သွားပါမယ်။ နှစ်ကွင်းလောက်ပြုလုပ်ဖို့ ရည်ရွယ်ထားပေမယ့် တစ်နေရာကတော့ မသေချာသေးတာကြောင့် ပြောဖို့အဆင်မပြေသေးဘူး"လို့ ဦးတင်လှိုင်က ပြောပါတယ်။

"ဒလ-တွံတေး၊ ဒလ-ကော့မှူး၊ ဒလ-ကွမ်ခြံကုန်း၊ ဒလ-ဒေးဒရဲစတဲ့ဂိတ်ပေါင်း ၃၄ နေရာရှိတယ်။ ဂိတ်အားလုံးကအဝေးပြေးတွေချည်းပဲ။ မြို့တွင်းဂိတ်တော့ မရှိဘူး။ မြို့ထဲမှာ အဝေးပြေးကားဂိတ်တွေအရမ်းများပြီး သဘော်ဆိပ်တစ်နေရာတည်းမှာတင် အကုန်ရှုပ်နေတယ်။ ဒါကြောင့် သီးသန့်လေးလုပ်ပေးမှာပါ"လို့ သူက ပြောပါတယ်။

ရေငံ၀င်တဲ့ ဒေသဖြစ်တာကြောင့် ဒလမြို့ဟာ ၂၀၁၂ ခုနှစ်လောက်အထိ သောက်သုံးရေအတွက် အဆင်မပြေဖြစ်ခဲ့ရပြီး နှစ်စဉ်ပူပြင်းတဲ့ရာသီရောက်ရင် ရန်ကုန်ဘက်က အလှူရှင်တွေ ပေးပို့ပေးတဲ့ ရေသန့်ကို သောက်ရေအတွက် အားထားခဲ့ကြရပါတယ်။

အခုအချိန်မှာတော့ ရေပိုက်လိုင်းတွေကို ရပ်ကွက်လေးခုကလွဲပြီး တစ်မြို့လုံးနီးပါး သွယ်တန်းပြီးဖြစ်တယ်လို့ သိရပါတယ်။

"ဒီနှစ်ထဲမှာက ရေတွေအများကြီးပိုပေးလာနိုင်တယ်။ ပိုက်လိုင်းကြောင့်ရော၊ ပြီးတော့ ရေကန်တွေ အသစ်တည်ဆောက်တာ အဟောင်းပြင်တာတွေကြောင့် ရောပါတယ်။ နောက်နှစ်ထဲမှာတော့ ရေကဖူလုံပြီလို့ တောင် ပြောနိုင်နေပြီ" လို့ ဦးရဲ၀င်းက ဆိုပါတယ်။

ဒါပေမဲ့ ဒေသခံတွေကတော့ လိုအပ်ချက်တွေ ရှိနေသေးတယ်လို့ ဆိုပါတယ်။

"ရေတွေ အဆင်ပြေပြေရရှိအောင် သက်ဆိုင်ရာကလည်း သွယ်ပေးနေပေမယ့် အိမ်တွေကိုတော့ ရပ်ကွက်တော်တော်များများမှာ မသွယ်ရသေးပါဘူး။ အုတ်ကန်၊ ရေကန်တွေကနေ သယ်နေရတုန်းပါပဲ။ အခုကျွန်တော်တို့ ရပ်ကွက်ထဲမှာတော့ အုတ်ကန် နှစ်ကန် အသစ်ထပ်လုပ်ပေးထားပါတယ်။ အဟောင်းတကန်လည်း ပြင်ဆင်ပြီး ရေတွန်းစနစ်နဲ့ ရန်ကုန်ပေါက်ကနေပေးတဲ့ရေတွေ ရရှိနေပါတယ်"လို့ ဒလမြို့ခံတွေက ဆိုပါတယ်။

ရှေးကတည်းက ဒလမြို့မှာ အားထားအသုံးပြုခဲ့ကြတဲ့ မိုးရေခံကန်တွေထဲကို အမှိုက်များ မကျစေရန်အတွက်လည်း ဆည်မြောင်း ၀န်ကြီးဌာနက အပေါ်ကနေ ဆန့်ခါအုပ်တာတွေ လုပ်ပေးထားကြပြီး အဲဒါဟာ အပူရှိန်ကြောင့် ရေများခမ်းခြောက်သွားမှာကိုလည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်။

ဒလမြို့တွင်းသာမက ပတ်၀န်းကျင်ကျေးရွာတွေမှာလည်း လျှပ်စစ်မီးတွေရရှိလာတော့မှာဖြစ်တဲ့အတွက် ဒလမြို့ဟာ အနာဂတ်မှာ ပိုမိုဖွံ့ဖြိုးလာတော့မယ့် အလားအလာတွေရှိနေပါတယ်။ ■

" Your Best Privacy Keeper "
HUAWEI Ascend Mate7

- 7.9 mm အထူရှိပြီး ပါးလွှာကြည်လင်တဲ့ 6" မြင်ကွင်းကျယ်
- မြန်ဆန်မှုကိုပေးမယ့် 8+1 Core Processor
- နှစ်ရက်ကြာအသုံးပြုနိုင်မယ့် 4100 mAh ဘက်ထရီ
- Android ဖုန်းတွေထဲက အကောင်းဆုံး Finger Print Sensor
- User Friendly Interface EMUI 3.0 မျက်နှာပြင်
- ကြည်လင်တဲ့ ရုပ်ထွက်ရဇစေမယ့် Main 13MP နဲ့ Front 5MP Camera
- လျှပ်တပြက်မှတ်တမ်းရယူရန် 1.2 စက္ကန့်သာ ကြာမယ့် Ultra Snapshot

* တရားဝင်တင်သွင်းသော Huawei Product တိုင်းတွင် တစ်နှစ် Free Warranty ပါရှိသည် *
ဂဝိဒစ - အမှတ် (၅၁/၄၅) ဒဂုံလမ်း(အောက်) ဗိဂဒတထောင်ငြိမ်းယံ၊ ရန်ကုန်မြို့ 01-9009900
ဂုဏ်သမ်း ခုနှစ်၌ လမ်းကြား၊ မန္တလေးမြို့ 09-30218813

The actual download speed depends on the local network condition.
Product colors, shape and phone interface are for reference only. Actual product may vary.

consumer.huawei.com

Catch up with us on facebook
facebook.com/HuaweiDeviceMyanmar

Views

နောက်ပြန်လှည့်တာ ရုပ်ရှင်မှာ

စည်သူအောင်မြင့်
newsroom@mmtimes.com

အရင်က ဖျက်သိမ်းခဲ့ပြီးဖြစ်တဲ့ ရုပ်ရှင်ဆင်ဆာအဖွဲ့ဟာ အခု ဒီဇင်ဘာ ၁ ရက်နေ့ကစ စိစစ်မှုတွေ ပြန်လုပ်နေပါပြီ။ ဒီမိုကရေစီခေတ်ကို သွားပါ့မယ်လို့ ကြွေးကြော်နေတဲ့၊ လွတ်လပ်ခွင့်တွေ ပြန်ပေးပါ့မယ်လို့ ကတိခံနေတဲ့ ဦးသိန်းစိန် အစိုးရဟာ ဘာကြောင့် ဆင်ဆာအဖွဲ့ပြန်ဖွဲ့ပြီး တင်းကျပ်မှုတွေ လုပ်ရတာပါလဲ။ အခုဆင်ဆာအဖွဲ့မှာ ဘယ်သူတွေပါသလဲ၊ စာနယ်ဇင်းမှာတော့ ဆင်ဆာက ပျောက်သွားပြီး ဗီဒီယို ရုပ်ရှင်မှာမှ ဆင်ဆာက ဘာလို့ ပြန်ကျင့်သုံးရတာလဲ၊ ဒီကိစ္စရုပ်ရှင်လောကသားတွေ ဘယ်လို သဘောထားကြသလဲ၊ ဘာတွေ ဆက်ဖြစ်လာနိုင်မလဲဆိုတာ ဒီတစ်ပတ် ဆွေးနွေးတင်ပြသွားပါ့မယ်။

အစိုးရဘက်က အကြောင်းပြတာကတော့ အရင်ရှိခဲ့တဲ့ ဗီဒီယိုနဲ့ ရုပ်ရှင်ဆင်ဆာအဖွဲ့ကို ဖျက်သိမ်းပေးပြီး ရိုက်ကူးရေးနဲ့ ပတ်သက်ရင် လွတ်လပ်ခွင့်တွေ ပေးခဲ့တဲ့အကြောင်း၊ အဲဒီလို လွတ်လပ်ခွင့်ပေးလိုက်တဲ့အခါ နောက်ပိုင်း ရိုက်ကူးတဲ့ ဇာတ်ကားတွေမှာ ဖေတော့ မောင်တော့ ဇာတ်ကားတွေ များလာတယ်။ မောင်နဲ့ နှမ သားနဲ့အမိ မကြည့်ဝံ့တဲ့ ဇာတ်ကားတွေ များလာတယ်၊ မိန်းမလျာ ဇာတ်ရုပ်တွေ ထည့်ပြီး တစ်တစ်ခွခွ ဗန်းစကားတွေ ထည့်ပြောလာတယ်။ မြန်မာ့ရုပ်ရှင် ဗီဒီယိုအဆင့်အတန်း နိမ့်ကျလာတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ပြည်သူတွေရဲ့ ဝေဖန်ထောက်ပြမှုတွေ ရှိလာနေတယ်လို့ ဆိုပါတယ်။ ဒီလိုနည်းနဲ့ နာမည်လှလှလေး ပေးထားတဲ့ ဇာတ်ကားများ အဆင့်အတန်း စိစစ်အကဲဖြတ်အဖွဲ့ဆိုပြီး ပြန်ဖွဲ့ ဆင်ဆာတည်ဖြတ်မှုတွေ ပြန်လုပ်လာတာပါ။

အဲဒီအဖွဲ့ဟာ သက်တမ်းနှစ်နှစ်ရှိပြီး အဖွဲ့ဝင် ၁၆ ဦးပါဝင်ပါတယ်။ အဖွဲ့ဝင်တွေ အဖြစ် ပြန်ကြားရေး မြန်မာ့ရုပ်ရှင်မြင့်တင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနဲ့ မြန်မာနိုင်ငံစာရေးဆရာများ အသင်းကလူတွေ ပါဝင်ကြပါတယ်။ ဗီဒီယိုရုပ်ရှင်ရိုက်ကူးမယ့်သူတွေအနေနဲ့ ဇာတ်ကားမရိုက်ကူးမီ ဇာတ်လမ်းတွေကို အဲဒီအဖွဲ့ဆီ ကြိုတင် တင်ပြရမှာဖြစ်ပြီး အဲဒီအဖွဲ့ဝင်တွေက ကန့်ကွက်ရင် ဇာတ်ကားတစ်ခုလုံး ရိုက်ကူးခွင့် ငြင်းပယ်နိုင်တယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ တချို့ဇာတ်လမ်းတွေကိုတော့ အဖွဲ့က ပြုပြင်ပိုင်ခွင့်ရှိပြီး ဒါကို မလိုက်နာဘူးဆိုရင် ဇာတ်ကားရိုက်ကူးခွင့် ငြင်းပယ်ခံရမှာ ဖြစ်ပါတယ်။

တကယ်တော့ ပြန်ကြားရေးဝန်ကြီးဌာနဟာ အလားတူလုပ်ရပ်မျိုး စာနယ်ဇင်းပုံနှိပ်မီဒီယာကိုလည်း လုပ်ဖို့ ကြိုစည်ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ အောင်မြင်မှုမရခဲ့ပါဘူး။ အားလုံးမှတ်မိကြပါဦးမယ်။ ၂၀၁၃ ခုနှစ်ထဲမှာ ပြန်ကြားရေးဝန်ကြီး ဦးအောင်ကြည်ဟာ လွတ်တော်ထဲမှာ ပုံနှိပ်ထုတ်ဝေခွင့်ဥပဒေကြမ်း တင်ပါတယ်။ စာနယ်ဇင်းလောကထဲကဘယ်သူကိုမှ အသိမပေးဘဲ အလစ်အငိုက် သွားတင်လိုက်တာပါ။ လွတ်တော်ထဲမှာ ပြောတာက စာနယ်ဇင်းလွတ်လပ်ခွင့် ပေးလိုက်တဲ့အခါ ဂျာနယ်၊ မဂ္ဂဇင်းတွေနဲ့ ပုံနှိပ်ထုတ်ဝေစာတွေမှာ ဒူးပေါ်ပေါင်ပေါ် ပုံတွေ ဖော်ပြကြတယ်။ မြန်မာ့ယဉ်ကျေးမှုနဲ့ မကိုက်ညီတာတွေ ဖော်ပြကြတယ်။ စာနယ်ဇင်းလောက တစ်ခုလုံး အဝါရောင်ဖုံးလွှမ်းကုန်ပါပြီ။ ဒါကြောင့် သူတင်ပြတဲ့ ပုံနှိပ်ထုတ်ဝေ ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုပေးကြပါ ဆိုပြီးဖြစ်ပါတယ်။

ဝန်ကြီးဦးအောင်ကြည်တင်တဲ့ အဲဒီဥပဒေကြမ်းမှာ ပြန်ကြားရေးဝန်ကြီးဌာနအရာရှိတစ်ယောက်ဟာ ထုတ်ဝေစာတွေနဲ့ ပတ်သက်ရင် တရားသူကြီးတစ်ယောက်သဖွယ် သုံးသပ်၊ ဆုံးဖြတ်၊ ဒဏ်ပေး အရေးယူနိုင်တဲ့ အချက်မျိုးတွေ ပါဝင်ပါတယ်။ ဒါကို စာနယ်ဇင်းလောကသားတွေ ငုံ့မခံကြပါဘူး။ ဆွေးနွေးပွဲတွေလုပ်ပါတယ်။ တောင်းဆိုမှုတွေ ထုတ်ပါတယ်။ လမ်းပေါ်ထွက် ဆန္ဒပြပွဲတောင် လုပ်လိုက်ပါသေးတယ်။ နောက်ပိုင်း လွတ်တော်ထဲက အမတ်တွေကို နားလည်အောင် ဆွေးနွေးပြောဆိုပြပြီး အဲဒီဥပဒေကြမ်းကို အမြီးနုတ်ခေါင်းနုတ် ဘာအဆိပ်အတောက်မှ မကျန်အောင် လုပ်နိုင်ခဲ့ပါတယ်။ ဒီလိုနည်းနဲ့ အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက သတင်းနဲ့ စာနယ်ဇင်း လောကကို ပြန်ထိန်းချုပ်ဖို့ ကြိုးစားတဲ့ စီမံချက်ကြီး ပျက်ပြယ်သွားခဲ့ပါတယ်။ ဆင်ဆာစနစ်ကြီးလည်း ပြန်ပေါ်မလာတော့ပါဘူး။

တကယ်တော့ ဘယ်နယ်ပယ်ကိုမဆို အလွန်အကျွံ ဖိနှိပ်တားမြစ်ထားတဲ့ အခြေအနေက နေ လွတ်လပ်ခွင့်ပေးလိုက်ရင် လွတ်လပ်ခွင့်ကို ရုတ်တရက်ကျင့်သုံးလို့မတတ်တာမျိုးကြုံရတတ်ပါတယ်။ စာပေစိစစ်ရေး ဖျက်သိမ်းလိုက်ပြီး လွတ်လပ်ခွင့်ရလာတဲ့ စာနယ်ဇင်းလောကမှာလည်း အဲဒီလိုကြုံရတာပါပဲ။ အဖော်အချွတ်ပုံတွေ ဖော်ပြတာ၊ သွေးရဲရဲသံရဲရဲပုံတွေ ဖော်ပြတာအပြင် အောင်ရင်ဦမ်းလို စာရေးဆရာတွေက အပြာစာအုပ်ဆန်ဆန် တွေကို ထုတ်ဝေတဲ့အထိတောင် ဖြစ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ စာနယ်ဇင်းလောက ပင်မရေစီးကတော့ ဘယ်ခေတ်ကနဲ့မှမတူ အဆင့်မြင့်လာပါတယ်။ အစိုးရ၊ လွတ်တော်၊ တရားရေး မဏ္ဍိုင်ကြီး သုံးရပ်ကို အသေအချာထောက်ပြနိုင်တဲ့ အဆင့်ရောက်လာပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ဆက် တိုးတက်နေပါတယ်။

တကယ်တော့ အစိုးရက ဗီဒီယို၊ ရုပ်ရှင်ကို ခုလို ဆင်ဆာပြန်လုပ်တာကို တကယ့် ရုပ်ရှင်လောကသားတွေက လက်ခံကြတာတော့ မဟုတ်ပါဘူး။ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဟောင်း သရုပ်ဆောင် အကယ်ဒမီ ဇင်ဝိုင်း၊ လက်ရှိ နာမည်ကြီးနေတဲ့ ဒါရိုက်တာ ဝိုင်း၊ ဗီဒီယိုရုပ်ရှင် ဇာတ်ညွှန်းတွေ ရေးနေတဲ့ စာရေးဆရာနေနော်၊ လူငယ် ဒါရိုက်တာကြည်ဖြူသျှင် အပါအဝင် ရုပ်ရှင်လောကသား အတော်များများက ဆန့်ကျင်ကန့်ကွက်ကြပါတယ်။ ဒါပေမဲ့ ရုပ်ရှင်အစည်းအရုံးအနေနဲ့၊ ရုပ်ရှင်လောကသား အများစုအနေနဲ့ စနစ်တကျ ဆန့်ကျင်ကန့်ကွက်တာမျိုးကိုတော့ မမြင်မတွေ့ကြရသေးပါဘူး။

တကယ်တော့ ရုပ်ရှင် ဗီဒီယို လောကကို လွတ်လပ်ခွင့်ပေးလိုက်ရင် တကယ့် အချိန်ကောင်းပါ။ မြန်မာပြည်သမိုင်းဟာ စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းပေါင်းများစွာနဲ့ပြည့်နှက်နေပြီး အဲဒါတွေအားလုံး ရုပ်ရှင်ရိုက်ကူးတင်ဆက်နိုင်တဲ့ အနေအထား ရှိပါတယ်။ ပြည်တွင်းစစ်၊ တောတွင်းလက်နက်ကိုင်တွေရဲ့ အတက်အကျ သံသရာ၊ ဘိန်းစစ်ပွဲ၊ ဘိန်းကုန်ကူးမှု၊ ကျောင်းသား လှုပ်ရှားမှု၊ စစ်အာဏာသိမ်းမှု၊ သပိတ်မှောက် ဆန္ဒပြပွဲတွေ၊ အဂတိလိုက်စားမှုတွေ၊ ထောင်တွင်းဖိနှိပ်ရက်စက်မှုတွေစသဖြင့် မကုန်မခန်းနိုင်တဲ့ ကုန်ကြမ်းတွေကို ရုပ်ရှင်အနုပညာအဖြစ် ပြောင်းပြီး မြန်မာနိုင်ငံသားတွေရော၊ ကမ္ဘာကိုပါ စိတ်တဝင်စားဖြစ်စေမယ့် ဇာတ်လမ်းပေါင်းများစွာနဲ့ပြည့်နှက်နေတာဖြစ်ပါတယ်။ ဒါပေမဲ့စောစောကတင်ပြခဲ့သလို ပြည်ထဲရေး၊ ရှေ့နေချုပ်ရုံးနဲ့ ရုပ်ရှင်မြင့်တင်ရေးလို တကယ့်ဖိနှိပ်တဲ့ ယန္တရားကလူတွေ ဆင်ဆာ အဖွဲ့ဝင်တွေဖြစ်နေမှတော့ ဘာဇာတ်ကားကောင်းကောင်းမှ ရိုက်လို့ရတော့မှာ မဟုတ်ပါဘူး။

တကယ်တော့ မြန်မာ့ရုပ်ရှင် ဗီဒီယိုလောကဟာ ဆင်ဆာကြောင့် အကြိတ်ဆုံး၊ ဥာဏ်ဆုံး၊ ဦးနှောက်တွေ သံချေးကိုက်၊ ဘာဖန်တီးမှုမှ မလုပ်နိုင်ဘဲ အဆင့်အတန်း မရှိဆုံးဆိုတဲ့ အခြေအနေရောက်ခဲ့ရဖူးပါတယ်။ အခုတစ်ခါ လွတ်လပ်ခွင့်ရတဲ့ ကာလတိုလေးအတွင်း အားယူလို့ ထမယ် မကြံသေးဘူး၊ ဆင်ဆာပြန်ဖွဲ့၊ ပြန်ဖိနှိပ်ဖို့ လုပ်လာတာမို့ နောက်ထပ် နာလန်မထူနိုင်ဖြစ်သွားနိုင်ပါတယ်။ ဒီအတွက် စာနယ်ဇင်း သတင်းမီဒီယာသမားတွေနည်းတူ ရုပ်ရှင်လောကသားတွေကိုယ်တိုင် ကိုယ့်လွတ်လပ်ခွင့်အတွက် ကိုယ် တောင်းဆို၊ တိုက်ပွဲဝင်မှသာ အရည်အသွေးရှိတဲ့ ရုပ်ရှင် ဗီဒီယို ဇာတ်ကားတွေကို ဖန်တီးခွင့်ရနိုင်မှာ ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ■

CENTREPOINT GRAND
HOTEL

Centrepoint Grand Hotel - an International Five Star hotel comprising of 300 Deluxe & Suite rooms, All Day Dining Restaurant, Italian Restaurant, Lobby Lounge Bar, Executive Club Lounge, Sky Bar & Entertainment Lounge, pre function and Banquet Hall plus eleven Meeting Rooms, is seeking to recruit well qualified and dynamic individuals preferably with hotel experience for the following positions.

- HUMAN RESOURCES DIRECTOR
- FINANCE DIRECTOR
- IT MANAGER
- CHIEF ENGINEER
- ASSISTANT CHIEF ENGINEER
- SECURITY MANAGER
- SALES & MARKETING DIRECTOR
- BUSINESS DEVELOPMENT MANAGER
- FOOD & BEVERAGE DIRECTOR
- EXECUTIVE CHEF
- ROOMS DIRECTOR
- EXECUTIVE HOUSEKEEPER
- EXECUTIVE SECRETARY

Email your CV with recent photograph to **centrepointgrandhotel.career@gmail.com** to request a copy of the job description and details on the application process.

Your completed English curriculum vitae should be sent not later than14 December 2014.

Only short listed candidates will be contacted.

No.65 Corner of Sule Pagoda Rd and Merchant St,
Kyauktada Township, Yangon, Myanmar.
Email : centrepointgrandhotel.career@gmail.com

ဒုတိယအကြိမ် လူထုဖိုရမ် ကျင်းပမည်

ပြည်သူလူထု ရင်ဆိုင်ကြုံတွေ့နေကြရသည့် အခက်အခဲပြဿနာများကို စုပေါင်းတောင်းဆိုဖော်ထုတ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ လူထုဖိုရမ် ၂၀၁၄ ကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဒီဇင်ဘာလ ၁၂ ရက်မှ ၁၄ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

"မြန်မာပြည်သူဖိုရမ် ၂၀၁၄ ကို ကျင်းပဖို့အတွက် တိုင်းဒေသကြီးအနည်းငယ်လောက်မှာပဲ ကျင်းပနိုင်ခဲ့တယ်။ အကုန်လုံးတော့ မကျင်းပနိုင်ခဲ့ဘူး။ ဒီနှစ်မှာ မကျင်းပနိုင်ပေမယ့် လာမယ့်နှစ်တွေမှာတော့ ထပ်မံတိုးချဲ့ကျင်းပနိုင်ဖို့ ရေးဆွဲထားပါတယ်။ ဖိုရမ်ကို တက်ရောက်နိုင်ဖို့အတွက်လည်း အရပ်ဘက်အဖွဲ့အစည်းတွေကိုတော့ ဖိတ်ကြားထားတယ်"ဟု ဖိုရမ်ဖြစ်မြောက်ရေး အမှုဆောင် ဒါရိုက်တာ ဦးကျော်လင်းဦးက ပြောသည်။

မွန်၊ ကယားနှင့်ကရင်ပြည်နယ်တို့တွင်သာ ပြည်နယ်ဖိုရမ်များကို ကျင်းပခဲ့နိုင်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်သူ့ဖိုရမ်ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ပြီး နိုင်ငံအဝန်းက အရပ်ဘက်အဖွဲ့အစည်းပေါင်း ၁၅၀ ကျော်၊ ကိုယ်စားလှယ်ပေါင်း ၆၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။ ဖိုရမ်က လူ့အခွင့်အရေးနှင့်တရားမျှတမှု၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတို့ကို အခြေခံကာ ထွက်ပေါ်လာခဲ့သည့် ပြည်သူတို့၏ အခက်အခဲများနှင့် တောင်းဆိုတင်ပြချက် ၅၅ ခုကို သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နှင့် အစိုးရအဖွဲ့ရုံးအသီးသီးတို့ထံ ပေးပို့ခဲ့သည်။

"ပြီးခဲ့တဲ့နှစ်ဖိုရမ်က တောင်းဆိုတင်ပြချက်တွေကို အစိုးအဖွဲ့ထံ တင်ပြခဲ့တယ်။ သူတို့ဘက်က အကောင်အထည်ဖော်ပေးနိုင်ခဲ့တာတော့ အနည်းငယ်လောက်ပဲရှိတယ်။ ဒါပေမဲ့ ပြည်သူတွေရဲ့ အခက်အခဲတွေနဲ့ တောင်းဆိုချက်တွေကိုတော့ သူတို့ သတိထားမိလာစေတယ်" ဟု ဦးကျော်လင်းဦးက ပြောသည်။ ■ **အောင်ကျော်မင်း**

ပိဋကတ်သုံးပုံ၌ မပါဝင်သည့် စာပေများ သာသနာရေးက ထုတ်ဝေမှုကိုမေးခွန်းထုတ်

ဒေါင်ကျော်မင်း

aungkyawmin.mcm@gmail.com

ပိဋကတ်သုံးပုံတွင် မပါဝင်သည့် တရားစာပေများကို ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံဖြစ်သော မြန်မာနိုင်ငံ၊ သာသနာရေးဝန်ကြီးဌာနက ရေးသားပုံနှိပ် ထုတ်ဝေဖြန့်ချိနေမှုအပေါ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသက မေးခွန်းထုတ် မိန့်သည်။

"ဘုရားဟော ပိဋကတ်သုံးပုံကျမ်းစာတွေမှာ မပါဝင်တဲ့ တရားစာပေတွေကို ကမ္ဘာအေးဌာနက ရိုက်နှိပ်ထုတ်ဝေနေတယ်။ ပရိမိတ္တဇာလသုတ်တွေ၊ ဓာရဏာသုတ်တွေက ပရိတ်ကြီး ၁၁ သုတ်ထဲမှာလည်း မပါဘူး။ ဘုရားဟော ပိဋကတ်တွေထဲမှာလည်း မပါဘူး။ ထေရဝါဒ စစ်စစ်ဖြစ်တဲ့ မြန်မာနိုင်ငံမှာ တကယ့်ကို သာသနာမှာ တကယ့်ဗဟိုဌာနလို့ ဆိုရတဲ့ ကမ္ဘာအေးလိုနေရာက ရိုက်ထုတ်နေတာက တကယ့်ကို အံ့သြစရာကောင်းတယ်။ ထေရဝါဒပိဋကတ်တော်မှာ မပါတဲ့ တရား စာတွေကို ဘာဖြစ်လို့ထုတ်သလဲဆိုတာ ဒါစဉ်းစားစရာကြီးပေါ့"ဟု ဆရာတော်က မိန့်သည်။

ပရိမိတ္တဇာလသုတ်သည် ပိဋကတ်စာပေများတွင် လုံးဝမပါဝင်သော်လည်း ဓာရဏာသုတ်တော်ပါ စာပိုဒ်စာသားအချို့သည် ဝိဘင်္ဂလဋ္ဌကာက အာဝေဏိကဂုဏ်တော်အနေဖြင့် အဋ္ဌာရသမမွဂုဏ်တော် ၁၈ ပါးဖြစ်သော အရည်အချင်းများအနေဖြင့် ဋီကာတွင် တွေ့ရှိရကြောင်း၊ ထိုသို့သော ကျမ်းစာများသည် ထေရဝါဒဗုဒ္ဓဘာသာ မဟုတ်သည့် မဟာယနဘာသာဖြစ်သော ကျမ်းစာများက ဆင်းသက်လာခြင်းဖြစ်သည့်အတွက် ထိုကျမ်းစာများသည် အလွန်သတိထားစရာကောင်းကြောင်း ဆရာတော်က မိန့်သည်။

"အရင်တုန်းကတော့ ဒီလိုစာပေတွေကို ရိုက်နှိပ်ထုတ်ဝေမှု ရှိခဲ့တာ မှန်ပါတယ်။ အခုနောက်ပိုင်းနှစ်တွေမှာတော့ အဲသလိုစာတွေ ရိုက်နှိပ်တာတွေ မရှိတော့ဘူး။ ဒီလို ဆရာတော်ကြီးတွေက မိန့်လာပြီဆိုရင်တော့ ပညာရှင်တွေနဲ့ ပြန်လည်တိုင်ပင်ဖို့တော့ လိုလာပြီပေါ့။ ဆရာတော်ကြီးက မရိုက်သင့်ဘူးလို့ ပြောရင် မရိုက်ဘူးပေါ့။ ပါချုပ်ဆရာတော်ကြီးက ပညာအလွန်ပြည့်စုံတယ်လေ"ဟု သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းထင်အောင်က မြန်မာတိုင်း(မဲ)ကို ပြောသည်။

ယခုအခါရန်ကုန်တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနတည်ရှိရာ ကမ္ဘာအေးရုံးရှိ ပုံနှိပ်ထုတ်ဝေရေးဌာနက ရိုက်နှိပ်ထုတ်ဝေသည့် စာပေများကို မရိုက်ထုတ်မီ ပုံနှိပ်စာပေစိစစ်ရေးဌာနအဖွဲ့ခွဲက စိစစ်ပြီးမှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ခွဲ (ပညာရေးအဖွဲ့)ထံ တင်ပြကာ မဟာနအဖွဲ့ဝင် ဆရာတော်ကြီးများကိုယ်တိုင် ထေရဝါဒဗုဒ္ဓဘာသာနှင့်ကိုက်ညီခြင်းရှိမရှိ စိစစ်ဆုံးဖြတ်ပြီးမှ ရိုက်နှိပ်ထုတ်ဝေခွင့်ပြုခြင်း ဖြစ်သည်ဟု ၎င်းက ပြောသည်။

ဗုဒ္ဓဘာသာတွင်လည်း ဂိုဏ်းကွဲများရှိပြီး ထေရဝါဒဗုဒ္ဓဘာသာ၊ မဟာယနဗုဒ္ဓဘာသာနှင့် တိဘက်တန်ဗုဒ္ဓဘာသာဟူ၍ ဂိုဏ်းသုံးခုကွဲပြားလျက်ရှိကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာနှင့်မဟာယနဗုဒ္ဓဘာသာတို့၏ ကွဲပြားခြားနားမှုကို နိုင်ငံခြားသားအများစု၏ မေးမြန်းခြင်းကို ကြုံရလေ့ရှိကြောင်း ဆရာတော်က မိန့်သည်။

ထိုသို့သော ဗုဒ္ဓဘာသာ အယူဝါဒဆိုင်ရာ ဟောပြောချက်၊ တင်ပြဆွေးနွေးချက်များနှင့် ပုံနှိပ်ဖြန့်ဝေမှုများ ပေါ်ပေါက်လာမှုနှင့် ပတ်သက်ပြီး ထိုတင်ပြ ဟောပြော ဆွေးနွေးချက်များကို သေချာတိကျစွာ မှတ်သားသိမ်းဆည်းပြီး ရွှေအတုအစစ် ခွဲခြားနိုင်စေရန် မှတ်ကျောက်ပေါ်တွင် စစ်ဆေးသကဲ့သို့ သာသနာနှစ်ပေါင်း ၂,၅၀၀ ကျော်သည်အထိ ခြောက်ကြေမ်တိုင်တိုင် သင်္ဂီယနာတင်ထားသည့် ပိဋကတ်သုံးပုံကျမ်းစာတို့နှင့် တိုက်ဆိုင်စစ်ဆေးကာ ဆန်းစစ်မှုများ ပြုလုပ်ပြီးမှသာ ယုံကြည်လက်ခံရန် သင့်မသင့်ကို လက်ခံဆုံးဖြတ်သင့်ကြောင်း ဆရာတော်က အကြံပြုတိုက်တွန်းမိန့်ကြားသည်။ ■

ယူနီတီအမှု ပြင်ဆင်ပေးရန် လျှောက်လဲချက်ကို ဆက်လက် တင်သွားမည်ဟု ရှေ့နေပြောကြား

လွန်မင်းမန်

lunmin.lm@gmail.com

ယူနီတီဂျာနယ် အမှုကိစ္စနှင့်ပတ်သက်၍ အမှုပြန်လည်ပြင်ဆင်ပေးရန် လျှောက်လဲချက်ကို နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပယ်ချခဲ့သော်လည်း အမှုက ကွင်းလုံးကျွတ်လွတ်မြောက်

> ၎င်း၏အမှုသည် လေဦးစလုံးအမှုက ကွင်းလုံးကျွတ်လွတ်မြောက်ရေးအတွက် အမှုပြင်ဆင်ချက်

ရေးအတွက် အမှုပြင်ဆင်ချက်ကိုဆက်လက်တက်သွားမည်ဟု အမှု၏ ရှေ့နေကပြောသည်။

"နဂိုကတည်းက ဒါအပြစ်မရှိဘဲ စွဲဆိုတဲ့အမှုဖြစ်တဲ့အတွက် ကျွန်တော်တို့က လုံးဝလွှတ်ပေးဖို့ပဲ ပြန်တက်မှာပဲ" ဟု အမှု၏ရှေ့နေ ဦးရောဘတ်စန်းအောင်က မြန်မာတိုင်း(မဲ)ကို ပြောသည်။

အမှုပြင်ဆင်ပေးရန်လျှောက်လဲချက်ကို နိုဝင်ဘာ ၂၆ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပယ်ချခဲ့သည်။

၎င်းအနေဖြင့်မူ ၎င်း၏အမှုသည် လေဦးစလုံးအမှုက ကွင်းလုံးကျွတ် လွတ်မြောက်ရေးအတွက် အမှုပြင်ဆင်ချက် ဆက်တက်သွားမည်ဟု ဦးရောဘတ်စန်းအောင်က ပြောသည်။

ပေါက်မြို့အနီး ကာကွယ်ရေးပစ္စည်းစက်ရုံကို လျှို့ဝှက်ဓာတုလက်နက်စက်ရုံဟု သတင်းဖော်ပြမှုကြောင့် နိုင်ငံတော်သမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၏ ညွှန်ကြားချက်အရ ကာကွယ်ရေးဝန်ကြီးဌာနက ဒုတိယဗိုလ်မှူးကြီးကျော်ဦးက တရားလိုပြု၍ ယူနီတီဂျာနယ်ထုတ်ဝေသူ၊ အယ်ဒီတာနှင့် သတင်းထောက်များကို ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက် အက်ဥပဒေ ပုဒ်မ ၃၁(က)/၉ ဖြင့် တရားစွဲဆိုခဲ့သည်။

ပခုက္ကူခရိုင်တရားရုံးက အဆိုပါပုဒ်မဖြင့် ယူနီတီအဖွဲ့သားများကို တစ်ဦးလျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ပြစ်မှုဆိုင်ရာ အယူခံဝင်မှုကို မကွေးတိုင်းဒေသကြီးတရားလွှတ်တော်က အောက်တိုဘာလအတွင်း လက်ခံခဲ့ပြီး ပြစ်ဒဏ်ကို ၁၀နှစ်မှ ခုနစ်နှစ်သို့ လျှော့ပေါ့ပေးခဲ့သည်။ ■

နည်းပညာတက္ကသိုလ်ကျောင်းသားငါးဦး ဆာဘားနားပညာသင်ဆုရရှိ

မေသဉ္ဇာနိုင်
maythinzarnaing.mcm@gmail.com

စင်ကာပူနိုင်ငံ Surbana International Consultants(Myanmar) က ရန်ကုန်နည်းပညာတက္ကသိုလ်ရှိ ထူးချွန်ကျောင်းသားငါးဦးအား ပထမဆုံးအကြိမ် ပညာသင်ဆုချီးမြှင့်ခဲ့သည်။

ပညာသင်ဆုတစ်ခုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၀၀ ရှိပြီး ချီးမြှင့်ခဲ့သည့်ဘာသာရပ်များမှာ ဗိသုကာ၊ လျှပ်စစ်နှင့် မြို့ပြအင်ဂျင်နီယာ ဘာသာရပ်များဖြစ်ကာ ကျောင်းသားများ၏ နည်းပညာကျွမ်းကျင်မှု၊ ခေါင်းဆောင်မှု အရည်အသွေး၊ စရိုက်လက္ခဏာများ အပါအဝင် ပြင်းပြသည့်စိတ်အားထက်သန်မှုနှင့် လှုံ့ဆော်နိုင်စွမ်း အပေါ်တွင် အခြေခံကာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

“ဒီပညာသင်ဆုဟာ မြန်မာနိုင်ငံအစိုးရအတတ်ပညာရှင်တွေ၊ တက္ကသိုလ်အဖွဲ့အစည်းတွေနဲ့ ပထမဆုံးပူးပေါင်းဆောင်ရွက်ခဲ့တဲ့ စိမ်ခေါ်တစ်ခုပါ။ မြန်မာနိုင်ငံမှာ ခိုင်မာတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေဖော်ဆောင်ဖို့ ဆက်ပြီးတော့လည်းဆောင်ရွက်သွားဖို့ရှိပါတယ်”ဟု Surbana မှ အထွေထွေမန်နေဂျာ မစ္စတာဂါးရက်ဝမ်းက ပြောကြားသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဦးအေးမြင့်က “ဆာဘားနား မြန်မာပညာသင်ဆုဟာ အင်မတန်ကောင်းမွန်တဲ့အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။ ဒီပညာသင်ဆုဟာ အင်ဂျင်နီယာပညာရပ်နဲ့ အဆောက်အအုံပုံစံ ထုတ်လုပ်ခြင်းဆိုင်ရာပညာရပ်တွေမှာ ဆာဘားနားအပြည်ပြည်ဆိုင်ရာရဲ့ ကွန်ရက်တွေ၊ အတွေ့အကြုံတွေနဲ့ ချိတ်ဆက်ပြီး ကျွမ်းကျင်သူတစ်ယောက်ဖြစ်လာစေဖို့ ရည်ရွယ်ပြီးပေးအပ်တဲ့ဆုဖြစ်ပါတယ်။ ဆန်းသစ်တဲ့အမြင်တွေ ရရှိလာမှာဖြစ်တဲ့ ဆာဘားနားရဲ့ပညာသင်ဆုရွေးချယ်ပေးအပ်မှုအတွက် ကျွန်တော်စိတ်အားရမိပါတယ်” ဟုပြောသည်။

ပညာသင်ဆုရရှိခဲ့သည့် မမေစိုးစံက “ဆာဘားနားရဲ့ ပထမဆုံးအကြိမ်ပေးအပ်တဲ့ ပညာသင်ဆုကို လက်ခံရရှိတဲ့အတွက် ကျွန်မအရမ်းကိုဂုဏ်ယူမိပါတယ်။

“ဒီပညာသင်ဆုက ကျွန်မရဲ့မြို့ပြ အင်ဂျင်နီယာဆိုင်ရာဘာသာရပ်အပေါ်မှာ ပိုမိုကျွမ်းကျင်ကောင်းမွန်တဲ့ အတွေ့အကြုံတွေရရှိစေမှာဖြစ်ပြီး အနာဂတ်မှာ အောင်မြင်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်”ဟု ပြောသည်။

Surbana Internatioanal Consultants (Myanmar) သည် ဒဂုံဆိပ်ကမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ရန်ကုန်ငါးပြတိုက်ဆောက်လုပ်ခြင်းအပြင် ပဲခူးတိုင်းဒေသကြီးတွင် မြို့ပြအိမ်ရာ၊ စက်မှုအိမ်ရာတည်ထောင်ခြင်းလုပ်ငန်းများလုပ်ကိုင်လျက်ရှိသည်။ ■

ပင်လယ်ကူး သဘော်သားများအဖွဲ့ချုပ် ပထမဆုံး ညီလာခံကျင်းပသွားမည်

ချိုကူသစ္စာ
khaingsabainyein@gmail.com

မြန်မာ့ပင်လယ်ရေကြောင်း အလုပ်သမားများအဖွဲ့ချုပ်၏ ပထမဦးဆုံး ညီလာခံကို ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့ ဝိုလ်တထောင်မြို့နယ်ရှိ ဝိုင်အမ်စီအေခန်းမ၌ ကျင်းပသွားမည်ဖြစ်ကာ အလုပ်အမှုဆောင် ကိုယ်စားလှယ်လောင်း ရွေးချယ်ခြင်းအပါအဝင် သဘော်သားအရေးဆောင်ရွက်နေမှုများနှင့် အနာဂတ်တွက် ကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်သည်။

“အဖွဲ့ချုပ်ကို ပထမဆုံးစဖွဲ့လိုက်တဲ့ အခါမှာ အလုပ်အမှုဆောင်(အီးစီ) ၁၅ ယောက်နဲ့ စဖွဲ့ခဲ့တယ်။ သဘော်သားတွေဆီက လက်မှတ်ပေါင်း ၂၀၀ ရခဲ့တယ်။ နေပြည်တော်မှာ မှတ်ပုံတင်တာ ပြန်ကျလာတယ်။ အခုလို အလုပ်အမှုဆောင် ၁၅ ယောက်က ရွေးချယ်ထားတာ မဟုတ်ဘဲ ကိုယ့်ဘာသာ ဖွဲ့ထားတာဆိုတော့ အခု ကိုယ်စားလှယ်လောင်း ရွေးဖို့ကိုလည်း ညီလာခံမှာ ပြန်လုပ်သွားမှာဖြစ်ပါတယ်။ ပထမလူဟောင်းတွေအပြင် အသစ်တွေကလည်း ပါမှာဖြစ်ပါတယ်။ အစကပါတဲ့သူတွေက ဘာပဲဖြစ်ဖြစ် ဖောင်ဒေးရှင်း ကော်မတီတစ်ရပ်တော့ ဖြစ်တာပေါ့။ ရွေးချယ်ရေးကော်မတီအဖွဲ့ဖွဲ့ထားပြီးတော့ ပြန်ရွေးမှာဖြစ်ပါတယ်။ လျှောက်လွှာတွေကို စတင်ထုတ်ယူလို့ရနေပြီ ဖြစ်ပါတယ်”ဟုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်ကိုကိုသက်က ပြောသည်။

> အလုပ်အမှုဆောင် ၁၅ ယောက်က ရွေးချယ်ထားတာ မဟုတ်ဘဲ ကိုယ့်ဘာသာ ဖွဲ့ထားတာဆိုတော့ အခု

ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ရေးကော်မရှင်ကို လက်ရှိတာဝန်ထမ်းဆောင်နေသော ဗဟိုအလုပ်အမှုဆောင်တစ်ဦး၊ မိတ်ဖက်ပြည်တွင်းအလုပ်သမား အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဥပဒေပညာရှင်များ၊ ရေကြောင်းလောကမှ ဂုဏ်သရေရှိပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်သည်။

ညီလာခံတွင် ဖွဲ့စည်းပုံလိုအပ်ချက်တချို့ကိုလည်း ပြင်ဆင်သွားရန်အစီအစဉ်ရှိပြီး တစ်နှစ်ကိုတစ်ခါ အစည်းအဝေးကြီး တစ်ကြိမ်ကျင်းပရန်နှင့် ညီလာခံကို လေးနှစ်တစ်ကြိမ်သာကျင်းပရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဦးတင်ကိုကိုသက်က ပြောသည်။

“International Transport Worker Federation နဲ့ ဆက်သွယ်ပြီးလုပ်ကိုင်မယ် မလုပ်ကိုင်ဘူးဆိုတာကိုလည်း ဒီညီလာခံမှာ ထည့်သွင်းဆွေးနွေးမယ်။ အခုတခြားနိုင်ငံတကာ အဖွဲ့အစည်းတချို့နဲ့ ဆက်သွယ်လုပ်ကိုင်ပေမယ့် International Transport Worker Federation နဲ့ကတော့ မလုပ်ဖြစ်သေးပါဘူး။ အသေးစိတ်အချက်အလက်တွေကတော့ ညီလာခံပြီးရင်ထုတ်ပြန်ပါမယ်”ဟု ၎င်းကပြောသည်။

ထို့ပြင် အဖွဲ့ချုပ်ကြီး၏ရှေ့ဆက်လက်လုပ်ကိုင်မည့် လုပ်ငန်းစဉ်များ၊ အမျိုးသားရေး၊ အဖွဲ့ဝင်များ၏ အခွင့်ရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်ခြင်းအပြင် အဖွဲ့ချုပ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး စသည်များကို အစည်းအဝေး၌ ဆွေးနွေးသွားမည်ဖြစ်သည်ဟု အဖွဲ့ချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးရဲဝင်းထွန်းကပြောသည်။

မြန်မာ့ပင်လယ်ရေကြောင်း အလုပ်သမားအဖွဲ့ချုပ်ကို ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် တရားဝင်စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ■

''ဆိုရေးရှိက ဆိုအပ်လှ၏၊ ဆိုစများးလျား ထားပရေမိ ငါ့ဝန်ရှိခဲ့'' ရှင်မဟာရဋ္ဌသာရ၊ ဘူရိဒတ်ဇာတ်ပေါင်းမျိုး

ဥပဒေကြမ်းတွေကို ဘယ်သူတွေက ဘယ်လိုရေးဆွဲကြမလဲ (၄)

ဦးကျော်အေး

"၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အကောင်အထည်ဖော်ဖို့အတွက် အစိုးရဌာနတွေကို ပြင်ဆင်ဖွဲ့စည်းရာမှာ ရှေ့နေချုပ်ရုံးကိုလည်း ဗဟိုဥပဒေရုံးအဖြစ် ၁၉၇၃ ခုနှစ်မှာ ပြင်ဆင်ဖွဲ့စည်းခဲ့တယ်မဟုတ်လား ဆရာ"

"ဟုတ်တယ်။ လွတ်လပ်ရေး မရခင်က ဥပဒေကြမ်းတွေ ရေးဆွဲပေးဖို့ အဓိကတာဝန်ရှိတဲ့ ဌာနအဖြစ် 'Crown Office' ဆိုတာကို ဖွဲ့စည်းခဲ့ပြီး ၁၉၄၇ ခုနှစ်မှာ အဲဒီဌာနကို အစိုးရ ရှေ့နေချုပ်အောက် သွတ်သွင်းပြီး အစိုးရ ရှေ့နေချုပ်ရုံးကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း ပြောခဲ့ပြီးပြီ။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တရားရေးဝန်ကြီးဌာနမှာ 'မြန်မာဘာသာပြန် ဥပဒေဝေါဟာရ အကြံပေးကော်မတီ' ဆိုပြီး ဖွဲ့တယ်၊ နောက် အဲဒီကော်မတီကို ဖျက်သိမ်းပြီး 'ဥပဒေစိစစ်ရေးကော်မတီ'ဆိုပြီး ဖွဲ့ပြန်တယ်၊ နောက် အဲဒီကော်မတီကိုလည်း ဖျက်သိမ်းပြီး 'ဥပဒေပြင်ဆင်ရေးကော်မတီ' ဆိုတာကို ဖွဲ့ပြန်တယ်၊ အဲဒီကော်မတီကိုလည်း ဖျက်သိမ်းပြန်ပြီး 'ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးကော်မတီ' ကို ဖွဲ့ပြန်တယ်၊ ဒီကော်မတီတွေရဲ့ အဓိကတာဝန်ကတော့ အင်္ဂလိပ်ဘာသာနဲ့ ရှိတဲ့ဥပဒေတွေကို ဘာသာပြန်ဆိုဖို့နဲ့ လိုအပ်ရင် ပြင်ဆင်ဖို့အတွက် ဥပဒေကြမ်းတွေ ရေးဆွဲတင်ပြဖို့ပဲ"

"ဟုတ်ကဲ့ပါဆရာ"

"အဲဒီကော်မတီတွေရဲ့ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ပေးဖို့ အဲဒီတုန်းက တရားရေးဝန်ကြီးဌာနမှာ 'ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဆွဲရေးဌာနခွဲ' ဆိုပြီး ဖွဲ့စည်းထားတယ်၊ ၁၉၆၅ ခုနှစ်ကျတော့ အဲဒီဌာနခွဲကို ရှေ့နေချုပ်ရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်ကို သီးခြားဘတ်ဂျက်နဲ့ လွှဲပြောင်းခဲ့ပြီး ၁၉၇၃ ခုနှစ်မှာ ရှေ့နေချုပ်ရုံးကို ဗဟိုဥပဒေရုံးအဖြစ် ပြင်ဆင်ဖွဲ့စည်းတဲ့အခါကျတော့ ဗဟိုဥပဒေရုံးထဲကို သွတ်သွင်းဖွဲ့စည်းလိုက်တယ်။ ဆိုလိုတာက ၁၉၃၅ ခုနှစ် "The Government of BurmaAct" နဲ့ '၁၉၄၈ ခုနှစ်၊ နိုင်ငံတော်ရှေ့နေချုပ် အက်ဥပဒေ' တွေမှာ ရှေ့နေချုပ်ရုံးရဲ့ တာဝန်အဖြစ် ဥပဒေရေးဆွဲခြင်းလုပ်ငန်းမပါဝင်ခဲ့ပေမယ့် အခုပြောခဲ့တဲ့ ရုံးနဲ့ဌာနတွေကို ခေတ်အခါအလျောက် ရှေ့နေချုပ်ရုံးအောက်ကို သွတ်သွင်းလိုက်တော့ အဲဒီဌာနတွေရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေရေးဆွဲရေး တာဝန်ဟာလည်း ရှေ့နေချုပ်ရဲ့ တာဝန်တစ်ရပ် ဖြစ်လာခဲ့တာပေါ့"

"၁၉၇၄ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ 'ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေ' မှာတော့ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နဲ့ ဗဟိုဥပဒေရုံးတို့ရဲ့ တာဝန်တွေထဲမှာ ဥပဒေရေးဆွဲရေးတာဝန် မပါဘူးမဟုတ်လား ဆရာ"

"အဲဒါကတော့ မှန်တယ်၊ ဒါပေမဲ့ စနစ်သစ်အုပ်ချုပ်ရေးအရ ရှေ့နေချုပ်ရုံးကို ဗဟိုဥပဒေရုံးအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ရာမှာရော ၁၉၈၂ ခုနှစ်မှာ နိုင်ငံတော်ကောင်စီရဲ့ အတည်ပြုချက်နဲ့ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံးနဲ့ ဥပဒေရုံးအဆင့်ဆင့်ကို ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့ရာမှာရော ဗဟိုဥပဒေရုံးရဲ့ တာဝန်တစ်ရပ်အဖြစ် ဥပဒေရေးဆွဲခြင်း၊ ဥပဒေကြမ်းများကို စိစစ်အကြံဉာဏ်ပေးခြင်းနဲ့ ဥပဒေဘာသာပြန်ဆိုခြင်းဆိုပြီး ပါရှိခဲ့တယ်။ ၁၉၈၂ ခုနှစ်မှာ နိုင်ငံတော်ကောင်စီက အတည်ပြုခဲ့တဲ့ ဗဟိုဥပဒေရုံးဖွဲ့စည်းပုံမှာဆိုရင် အဲဒီတာဝန်တွေကို ဆောင်ရွက်ဖို့ ဗဟိုဥပဒေရုံးရဲ့ ဌာန ၂ ဌာနခွဲ (၅) အဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်"

"အခုထိ ဆရာပြောခဲ့တာတွေကိုကြည့်ရင် ရှေ့နေချုပ်ဥပဒေတွေနဲ့ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥပဒေတွေမှာ ရှေ့နေချုပ်နဲ့ ဗဟိုဥပဒေရုံးရဲ့ တာဝန်အဖြစ် ဥပဒေရေးဆွဲခြင်း လုပ်ငန်းမပါဝင်ခဲ့ပေမယ့် ရှေ့နေချုပ်ရုံးရဲ့ သမိုင်းတစ်လျှောက်လုံးမှာ ဒီလုပ်ငန်းကို ရှေ့နေချုပ်ရုံးနဲ့ ဗဟိုဥပဒေရုံးတွေက လုပ်ခဲ့တယ်ဆိုတာကို သိခဲ့ရပါပြီ။ ဒါပေမဲ့ ဟိုအရင်တစ်ပတ်က ဆရာပေးလိုက်တဲ့ စာတမ်းမှာ ဒီလုပ်ငန်းရဲ့သမိုင်းကြောင်းကို ဖတ်ကြည့်လိုက်တော့ ဥပဒေရေးဆွဲပေးဖို့ ရှေ့နေချုပ်ရုံး (ဗဟိုဥပဒေရုံး) မှာ တာဝန်မရှိတဲ့ သဘော၊ ဥပဒေကြမ်းတွေကို စိစစ်ပြင်ဆင်ပေးဖို့သာ တာဝန်ရှိတဲ့သဘောမျိုးကို တွေ့ရပါတယ် ဆရာ၊ အဲဒါက ဘယ်လိုကြောင့်ပါလဲ ဆရာ"

"အခုလို မင်းမေးတာ ကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီစာတမ်းရေးခဲ့ရတဲ့၊ အဲဒီစာတမ်းဖြစ်ပေါ်ခဲ့ရတဲ့ အကြောင်းရင်း

> ဥပဒေရေးဆွဲရေးသမိုင်းက ရှေ့နေချုပ်ရုံးရဲ့ သမိုင်းနဲ့ ခွဲလို့မရဘူးဖြစ်နေတယ်၊ ရှေးစာစကားနဲ့ ပြောရမယ် ဆိုရင်တော့ ရှေ့နေချုပ်ရုံးနဲ့ ဥပဒေရေးဆွဲရေးတာဝန်က

ကို မသိရင် အဲဒီစာတမ်းက နိုင်ငံတော်ကောင်စီရုံး၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ရုံးနဲ့ ဗဟိုဥပဒေရုံးအတွင်းမှာသာ ဖြန့်ဝေခဲ့လို့ စောင်ရေ ၂၅၊ ၃၀ လောက်သာ ရှိခဲ့ပေမယ့် အဲဒီစာတမ်းကို အကြောင်းတိုက်ဆိုင်လို့ ဖတ်မိတဲ့သူအနေနဲ့ အခုမင်းပြောသလိုမျိုး မရှင်းမလင်းဖြစ်နိုင်တယ်။ ဒီအကြောင်းကို သိတဲ့သူကလည်း သုံးဦးပဲရှိတယ်။ အဲဒီတုန်းက ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်အရ စာတမ်းတစ်စောင်ပြုစုရေးသားဖို့ ဗဟိုဥပဒေရုံး ညွှန်ချုပ်က ငါ့ကိုခေါ်တွေ့ပြီး တာဝန်ပေးတယ်။

"စာတမ်းရဲ့ အကြောင်းအရာ ခေါင်းစဉ်ကိုတော့ မပြောဘူး၊ စာတမ်းရေးလို့ပြီးမှ စာတမ်းကို ခေါင်းစဉ်ပေးခဲ့ရတာ၊ စာတမ်းရေးရမယ့် အကြောင်းအရာက 'ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့နဲ့ ဗဟိုဥပဒေရုံးတို့မှာ ဥပဒေကြမ်း ရေးဆွဲပေးဖို့ တာဝန်မရှိကြောင်း'တဲ့ကွာ'

"ဆရာပြုစုထားတဲ့ ဥပဒေရေးဆွဲရေး သမိုင်းကြောင်းအရဆိုရင် အတော်ခွကျတဲ့ လမ်းညွှန်ချက်ပေါ့ဆရာ၊ ဆရာလည်း တော်တော် ပင်ပန်းခဲ့မှာပဲ၊ အတွေ့အကြုံလေးတွေကို ပြောပြပါဦးဆရာ"

"အဲဒီစာတမ်းကို မရေးခင်က အဲဒီအကြောင်းအရာကို ငါကလည်း ဘာမှသိထားတာ မရှိဘူးကွ၊ လိုက်ရင်းလိုက်ရင်းနဲ့ ပင်လယ်ကမ်းစပ်က ပင်လယ်ထဲ ဆင်းသွားသလို တဖြည်းဖြည်းနက်သွားတာ၊ ကိုယ့် ရုံးစာကြည့်တိုက်မှာလည်း ရှေးဟောင်းမှတ်တမ်းတွေ မရှိတော့ တခြားဌာန စာကြည့်တိုက်တွေကို လိုက်ရတာ၊ အဲဒီတုန်းက ဓာတ်ပုံ၊ မိတ္တူကူးစက်တွေလည်း ဒို့နိုင်ငံမှာ ခေတ်မစားသေးတော့ ကူးရမယ့် စာရွက်စာတမ်းတွေ့ရင် လက်ရေးနဲ့ပဲ ကူးရတာ၊ စာတမ်းရေးဖို့ အချက်အလက် အထောက်အထား ထိုက်သင့်သလောက် ရပြီဆိုတော့ စာတမ်းကို စရေးကြည့်တာပေါ့။ အဲဒီမှာ ဘာသွားတွေ့လဲဆိုတော့ ဥပဒေရေးဆွဲရေးသမိုင်းက ရှေ့နေချုပ်ရုံးရဲ့ သမိုင်းနဲ့ ခွဲလို့မရဘူးဖြစ်နေတယ်၊ ရှေးစာစကားနဲ့ ပြောရမယ်ဆိုရင်တော့ ရှေ့နေချုပ်ရုံးနဲ့ ဥပဒေရေးဆွဲရေးတာဝန်က 'ပူးတုံ၊ ခွာတုံ' ဖြစ်နေတာပေါ့ကွာ၊ ဒီတော့ ရှေ့နေချုပ်ရုံးရဲ့ သမိုင်းဖြစ်စဉ်အတွက် ထပ်လိုက်ရပြန်ရော၊ ဒါနဲ့ အချိန်က ကြာသွားပြန်လို့ နောက်ဆုံးမှာတော့ ဘယ်နေ့နောက်ဆုံးစာတမ်းတင်ရမယ်ဆိုပြီး ရက်ကန့်သတ်ပေးခဲ့တယ် ဆိုပါတော့ကွာ"

"အဲဒီတော့ ဆရာတင်တဲ့ စာတမ်းက အတည်ဖြစ်သွားရောလားဆရာ၊ အစည်းအဝေးလုပ်ပြီး ဆွေးနွေးတာ၊ ပြင်ဆင်တာမျိုး မရှိဘူးလား ဆရာ"

"အဲဒီလိုတော့ မရှိဘူးကွ၊ အချိန်ကန့်သတ်ချက်ကြောင့်ဖြစ်မယ်၊ နှစ်ရက်သုံးရက်လောက်ပဲကြာတယ်၊ စာတမ်းကို အချောရိုက်ဖို့ ခွင့်ပြုမိန့် ကျလာတော့ အဲဒီတုန်းက ဖယောင်းစက္ကူပေါ်မှာ လက်နှိပ်စက်နဲ့ရိုက် စာကူးစက်နဲ့ မိတ္တူပွားပြီး စာအုပ်ချုပ်ရတဲ့ ခေတ်ကိုကွ၊ အဲဒီလိုလုပ်ရတော့ ဝန်ထမ်းဘဝမှာ အမှတ်တရဖြစ်စရာလေးတစ်ခုကိုလည်း ခုထိသတိရတုန်းပဲကွ"

"ပြောပါဦးဆရာ"

"စာအုပ်တွေ ချုပ်ပြီးတဲ့အခါကျတော့ အနှောင့်မှာကပ်ဖို့ တိပ်ခွေလိုတာကြောင့် ထောက်ပံ့ဌာနမှာ သွားထုတ်ခိုင်းတော့ မရှိဘူး အပြင်မှာဝယ်ပါလို့ ပြောသတဲ့ကွာ၊ အဲဒါနဲ့ ကိုယ့်ပိုက်ဆံထုတ်ပြီး ဝယ်ရတာပေါ့၊ ကျပ် ၃၀၀ လောက်ကျတယ်ကွ၊ ကိစ္စပြီးလို့ အဲဒီငွေကို ပြန်ထုတ်ပေးဖို့ စီမံ/ထောက်ပံ့ဌာနမှာ ဘီလ်နဲ့တင်တော့၊ ဖြေရှင်း ပါဆိုပြီး ညွှန်မှူး (စီမံ) ရဲ့ မှတ်ချက်နဲ့ အမှုတွဲရောက်လာတယ်"

"ဘာကြောင့်ပါလဲဆရာ"

"အဲဒီတုန်းက အပြင်မှာ ရုံးသုံးပစ္စည်းဝယ်ရင် ညွှန်မှူး (စီမံ) ရဲ့ ကြိုတင်ခွင့်ပြုမိန့်ရပြီးမှ ဝယ်ရတာကိုးကွ၊ မင်းတို့လည်းမှတ်မိမှာပါ။ ငါ့ကိစ္စကလည်း အရေးကြီးနေတော့ အဲဒီလို လျှောက်လွှာတင်ပြီး အမိန့်တောင်းနေဖို့က လည်း အချိန်မရလို့ လုပ်လိုက်ရတာကိုးကွ။ မသိလို့တော့ မဟုတ်ဘူး၊ အဲဒီတော့ ဥက္ကဋ္ဌကြီးက လမ်းညွှန်လို့ ညွှန်ချုပ်က တာဝန်ပေးထားတဲ့ကိစ္စပါ၊ ကြိုတင်ခွင့်ပြုမိန့်တောင်းဖို့ အချိန်မရလိုပါ။ ဘာညာဆိုပြီး လုပ်ရတော့တာပေါ့ကွာ၊ ပိုက်ဆံ ၃၀၀ တော့ ပြန်ရပါတယ်။ နောင် ထောက်ပံ့ဒုဥက္ကဋ္ဌမှူးနဲ့ တွေ့တော့၊ 'ဖြေရှင်းချက်ရေးရတာ အတော်လေးတော့ ကသိကအောက် ဖြစ်သွားမှာပေါ့' ဆိုပြီး ပြက်ရယ်ပြုတာကို ခံခဲ့ရသေးတယ်ကွာ"

"ဆရာကရော ဘာမှပြန်မပြောခဲ့ဘူးလား"

"'အေးဗျာ၊ အထက်လူကြီးတွေက အမြန်လိုနေလို့ လုပ်လိုက်ရတာဆိုတော့ ခင်ဗျားရဲ့ သောက်ကျင့်ကို မေ့သွာတယ်ဗျာ' လို့တော့

စာမျက်နှာ ၂၀ သို့

ဦးသန့်အရေးအခင်း နှစ် ၄၀ ပြည့်

ဓာတ်ပုံတွေက ကောင်းလှတယ်

ထိန်ဝင်း(ဓာတ်ပုံ)

၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ

၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလမှာ ကျွန်တော့်ကို ရန်ကုန်ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်မှာ ဓာတ်ပုံလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုလုပ်ဖို့ ကျွန်တော့်ဆရာက လှမ်းခေါ်ပါတယ်။ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှာ ရှစ်နှစ်ကြာခိုအောင်းပြီး ဆေးပညာကို ဝါသနာမပါလို့ ကျောင်းက ထွက်ခဲ့ရပေမယ့် ဓာတ်ပုံပညာကိုတော့ ဆေးတက္ကသိုလ်မှာ အတော်လေးလက်တွေ့သင်ယူရရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်ဆရာက သူ့ကိုယ်ပိုင်ကင်မရာ၊ မှန်ဘီလူး၊ ဓာတ်ပုံကူးတဲ့ စက်တွေနဲ့ တက္ကသိုလ်ကျောင်းဝင်းထဲမှာ ကျွန်တော်တတ်တဲ့ ပညာလေးနဲ့ လုပ်ကိုင်စားသောက်ဖို့ အားပေးကူညီလိုက်တာ ဖြစ်ပါတယ်။ ၁၉၇၀ ပြည့်နှစ်၊ ရန်ကုန် တက္ကသိုလ်နှစ် ၅၀ ပြည့် ရွှေရတုပွဲတော်ကြီး အတွက် လိုအပ်တဲ့ ဓာတ်ပုံတွေကို ကူညီရိုက်ကူးပေးခဲ့တဲ့အချိန်ကတည်းက ခင်မင်ရင်းနှီးခဲ့တာမို့ ကျွန်တော်ကလည်း ဆရာ့အိမ်မှာ မိသားစုဝင်တစ်ယောက်လို ဖြစ်နေပါတယ်။

ဓာတ်ပုံရိုက်တဲ့အလုပ်က ကျွန်တော့်အတွက် အခက်အခဲမရှိလှပေမယ့် အစပိုင်းဆိုတော့ အလုပ်က သိပ်မရသေးပါဘူး။

ဒီလိုလုပ်ကိုင်နေစဉ်မှာ ၁၉၆၁ မှ ၁၉၇၁ အထိ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဦးသန့်ဟာ နယူးယောခ်မြို့ဆေးရုံမှာ ကင်ဆာရောဂါနဲ့ နိုဝင်ဘာလ ၂၅ ရက်နေ့က ကွယ်လွန်ကြောင်း သတင်းကြားသိရပါတယ်။ သူ မကွယ်လွန်ခင်က သူ့မိသားစုကို မှာကြားခဲ့တဲ့အတိုင်း သူ့ဆန္ဒနဲ့အညီ မြန်မာနိုင်ငံမှာ သူ့ရုပ်ကလာပ်ကို သင်္ဂြိဟ်ပေးမယ်ဆိုတဲ့သတင်း ထွက်ပေါ်လာပါတယ်။

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှာ ဦးသန့်ရဲ့ ရုပ်ကလာပ်ကို ရန်ကုန် မင်္ဂလာဒုံလေဆိပ်ကနေ ကျွိက္ကဆံမြင်းပြိုင်ကွင်းဟောင်းကို သက်ဆိုင်ရာတာဝန်ရှိသူတွေက သယ်ယူသွားကြပါတယ်။ ဦးနေဝင်းအစိုးရရဲ့ အဓိန်နဲ့ ဦးသန့်ရုပ်ကလာပ်ကို ကြံတောသုဘာန်မှာ သင်္ဂြိဟ်ဖို့ စီစဉ်ထားကြောင်း သိရပါတယ်။ ဒီသတင်းထွက်လာတာနဲ့ ရန်ကုန်တက္ကသိုလ် နဲ့ ကောလိပ်ကျောင်းသား ကျောင်းသူတွေဆီ က မကျေနပ်တဲ့အသံတွေ ထွက်ပေါ်လာပါ တယ်။ အဓိက မကျေနပ်ချက်ကတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံပေါင်းများစွာက လေးစားမှုအပြည့်ရှိတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီးဦးသန့်ကို ဦးနေဝင်းအစိုးရက ထိုက်ထိုက်တန်တန် ဂုဏ်ပြုလက်ခံခြင်း မရှိတာကိုပါဘဲ။

ဒီဇင်ဘာလ ၅ ရက်နေ့ မနက်ပိုင်းမှာတော့ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့နဲ့ အဓိပတိလမ်းမကြီးပေါ်မှာ တက္ကသိုလ်ကျောင်းသူကျောင်းသားတွေ လွမ်းသူ့ပန်းခွေတွေကို ကိုင်ဆောင်ကာ ကျွိက္ကဆံမြင်းပြိုင်ကွင်းဆီသို့ ဝမ်းနည်းစွာနဲ့ ခ်ီတက်ကြဖို့ စုဝေးနေကြပါတော့တယ်။

ကျွန်တော်လည်း ဒီအခမ်းအနားကို သမိုင်းမှတ်တမ်းဓာတ်ပုံရိုက်ထားသင့်တယ်လို့ ဆုံးဖြတ်ပြီး တက္ကသိုလ်ကျောင်းဝင်းထဲနဲ့ တက္ကသိုလ်ကျောင်းအဝင်ဂိတ်ပေါက်မှာရှိကြတဲ့ ကျောင်းသူကျောင်းသားတွေကို မှတ်တမ်းတင်ဓာတ်ပုံ စရိုက်ခဲ့ပါတယ်။ ဖလင်လည်း ချွေတာ၊ အထင်အမြင်လည်း အများမခံရအောင် ဖလင်အကွက်နည်းနည်းနဲ့ မြန်မြန်ပဲ ရိုက်ခဲ့ပါတယ်။

အုပ်စုလိုက်ထွက်ကြတော့ ကျွန်တော်က ဆေးတက္ကသိုလ်(၁) ရန်ကုန်အုပ်စုနဲ့ ထွက်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသူကျောင်းသားတွေ ကျွိက္ကဆံမြင်းပြိုင်ကွင်းဟောင်းကို ရောက်တော့ လူထုပရိသတ်အတော်များများ ရောက်ရှိနေကြတာကို တွေ့ရပါတယ်။

အချိန်သိပ်မကြာပါ။ ဦးသန့်ရဲ့ ရုပ်ကလာပ်ကို ကြံတောသုဘာန်ကို သယ်ဆောင်ဖို့ လုပ်ခါနီးမှာ တက္ကသိုလ်ကျောင်းသားတစ်ယောက်က စင်ပေါ် တက်ပြီး "ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီး ဦးသန့်ရဲ့ ရုပ်ကလာပ်ကို ကြံတောသုဘာန်မှာ သင်္ဂြိဟ်ဖို့ မသင့်တော်ကြောင်း၊ ဒါကြောင့် သင့်တော်မယ့်နေရာမှာ အခမ်းအနားနဲ့ သင်္ဂြိဟ်ကြမယ်"လို့ကြွေးကြော်ပြီး ကျောင်းသားကျောင်းသူတွေ၊ ပြည်သူလူထု၊ ရဟန်းသံဃာတော်တွေရဲ့ သဘောတူညီချက်ကို ရယူကာ ဦးသန့်ရုပ်ကလာပ်ကို ဒေါ်ဂျစ်ကားပေါ် တင်ပြီး ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲကို ကျောင်းသားကျောင်းသူတွေက သယ်ဆောင်သွားကြပါတော့တယ်။

ဒီတဒင်္ဂအဖြစ်အပျက်ကလေးကို ကျွန်တော် ဓာတ်ပုံရိုက်ယူလို့ ရခဲ့ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်ရဲ့ ပျော်ဆုံးသွားတဲ့ ဖလင်တွေထဲမှာ ပါသွားခဲ့ပါတယ်။

အဲဒီအချိန်နောက်ပိုင်းကစပြီး ဓာတ်ပုံရိုက်ခွင့်မရတော့ပါ။ ဘယ်သူမှ ဓာတ်ပုံ မရိုက်ရ။

ရက်စက်ဖိနှိပ်ပုံ၊ မတရားအုပ်ချုပ်ပုံတွေကို ဟောပြောနေကြပါတယ်။ ပရိသတ်တွေကလည်း တဖြည်းဖြည်းများများလာကြပါတယ်။ ကျွန်တော့်မှာ လက်တွေယားနေပြီး ဓာတ်ပုံရိုက်ချင်စိတ်တွေ နှိုးထလာပါတော့တယ်။ အဲဒီအချိန်မှာ ဘယ်သူက ဘယ်သူမှန်းမသိကြတဲ့ အချိန်ဖြစ်နေတော့ ဓာတ်ပုံရိုက်ဖို့ကတော့ လုံးဝမလွယ်ပါ။

အဲဒီညနေပိုင်းမှာ ကျောင်းသားအုပ်စုထဲက အသိတစ်ယောက်ကို ကျွန်တော်က မှတ်တမ်းဓာတ်ပုံတွေ ရိုက်ထားသင့်ကြောင်း၊ သမိုင်းဖြစ်ရပ်အမှန် ကျန်ရစ်မှာဖြစ်ကြောင်းပြောပါတယ်။ ဒါပေမယ့် သူက ဓာတ်ပုံရိုက်ဖို့ မလွယ်ကူကြောင်းနဲ့ ဘယ်သူမှ တာဝန်ယူရဲမှာ မဟုတ်ကြောင်း ပြန်ပြောပါတယ်။ ဒါနဲ့ပဲ ကျွန်တော်လက်လျှော့ခဲ့ရပါတယ်။

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာ၆ရက်နှင့် ၇ ရက်

ဒီဇင်ဘာလ ၆ ရက်နေ့မှာ ကြွေးကြော်သံဆိုင်းဘုတ်တွေကို ရန်ကုန်တက္ကသိုလ်ဂိတ်အဝင်ပေါက်ထိပ်မှာ ချိတ်ဆွဲနေတာကို သိရပါတယ်။ ဆိုင်းဘုတ်ချိတ်တာကို ရိုက်ဖို့ကတော့ တက္ကသိုလ်အပြင်ဘက်ကနေ လှမ်းရိုက်မှရမယ်။ အပြင်ကို ကင်မရာသယ်ယူဖို့ဆိုတာ လုံးဝမလွယ်ပါ။ ဂိတ်အဝင်အထွက်ကို စစ်ဆေးတဲ့အဖွဲ့က အမြဲတမ်းရှိနေကြတယ်။ လွယ်တဲ့နည်းတစ်နည်းပဲ ရှိတယ်။ ဆရာ့မော်တော်ကား စျေးဝယ်ထွက်ရင် လိုက်သွားဖို့ပါပဲ။

> ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာကြီး ဦးသန့်ရဲ့ ရုပ်ကလာပ်ကို ကြံတောသုဘာန်မှာ သင်္ဂြိဟ်ဖို့ မသင့်တော်ကြောင်း၊ ဒါကြောင့် သင့်တော်မယ့်နေရာမှာ အခမ်းအနားနဲ့ သင်္ဂြိဟ်ကြမယ်

ဘယ်သူကိုမှ ဓာတ်ပုံရိုက်ခွင့်မပေး။ ဓာတ်ပုံရိုက်နေတာ တွေ့ရင်မလွယ်။ ဓာတ်ပုံဟာ မျက်မြင်သက်သေအထောက်အထားမို့ ဓာတ်ပုံထဲမှာပါသွားရင် အချိန်မရွေးလာရောက်ဖမ်းဆီးဖို့ လွယ်ကူနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ကျွန်တော်လည်း ကျွိက္ကဆံမြင်းပြိုင်ကွင်းဟောင်းက အပြန်ခရီးမှာ ဆေးတက္ကသိုလ် (၁) အုပ်စုနဲ့ပဲ ရောပြီးပြန်ခဲ့တယ်။ ဓာတ်ပုံကတော့ လုံးဝရိုက်လို့ မရတော့ပါ။ အပြန်လမ်းမှာ တက္ကသိုလ်ရိပ်သာလမ်းမပေါ်က စားသောက်ဆိုင်တစ်ဆိုင်နားက လူတစ်ယောက်က ဓာတ်ပုံလှမ်းရိုက်နေတာကို ကျောင်းသားတွေ မြင်သွားလို့ အဲဒီလူကို အသေအလဲလိုက်ဖမ်းကြသေးတယ်။ ကျွန်တော့်လက်ထဲမှာ ကင်မရာတွေ့သွားရင် မသင်္ကာဖြစ်ပြီး ပြဿနာတက်မှာစိုးလို့ ကျွန်တော့်သူငယ်ချင်းကုလားကြီး သိန်းဝင်း(ဒေါက်တာသိန်းဝင်း)က ကင်မရာကို ယူသိမ်းထားလိုက်ပါတယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲရောက်မှ ပြန်ပေးပါတယ်။ ကျွန်တော်လည်း လုံခြုံတဲ့တစ်နေရာဆီ အမြန်သွားသိမ်းထားလိုက်ပါတယ်။ ကင်မရာကို တွေ့လိုက်လို့ကတော့ မလွယ်။

ကျွန်တော် ကင်မရာကို သိမ်းထားခဲ့ပြီး ဘွဲ့နှင်းသဘင်ခန်းမအရှေ့ကို ရောက်လာတော့ ဦးသန့်ရဲ့ ရုပ်ကလာပ်ကို ဘွဲ့နှင်းသဘင်ခန်းမရှေ့ရှိ စင်မြင့်ပေါ်မှာ ခေတ္တခဏတင်ထားတာကို တွေ့ရပါတယ်။ ကျောင်းသူ၊ ကျောင်းသားတွေ တစ်ယောက်ပြီးတစ်ယောက် စင်ပေါ် တက်ပြီး စစ်အာဏာရှင်အစိုးရရဲ့ ကျောင်းဝင်းထဲက ဆရာတစ်ယောက်ရဲ့ ကား ဆိုတော့ အစစ်အဆေးမရှိ။ စျေးဝယ်ထွက်တော့ ကားထဲမှာ ကင်မရာဝှက်ပြီး လိုက်သွားရပါတယ်။ ကားမောင်းသူမိတ်ဆွေကိုတော့ အပြင်ဘယ်နေရာကနေ ပြန်လိုက်မယ်လို့ မှာထားလိုက်တယ်။ ပြီးတော့ လူတွေမမြင်နိုင်တဲ့ ချောင်ကျတဲ့ နေရာတစ်နေရာကနေ ပုန်းပြီး အဝင်ပေါက်မှာ ဆိုင်းဘုတ်တွေ တင်နေတာကို အမြန်ရအောင် ခိုးရိုက်ခဲ့ရပါတယ်။ ဘာပြောပြော စိတ်ထဲမှာတော့ တော်တော်လေး ကျေနပ်သွားခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲမှာ လှုပ်ရှားမှုတွေကတော့ အများကြီးပါပဲ။ ဦးသန့်ရဲ့ ရုပ်ကလာပ်ကို လာကြည့်ပြီး ဂါရဝပြုကြတဲ့ပြည်သူလူထုနဲ့ ကျောင်းသားကျောင်းသူလူဦးရေကလည်း နေ့စဉ်နဲ့အမျှ များများလာပါတယ်။

ကျွန်တော်ကတော့ ကင်မရာမပါဘဲ ရိုက်ကွင်းတွေကို လိုက်ကြည့်နေပါတော့တယ်။ ပန်းချီ၊ ကာတွန်းဆွဲတဲ့ ပညာတစ်ခုသာတတ်ထားရင် ဘယ်လောက်တန်ဖိုးရှိလိုက်မလဲ။ ကျောင်းထဲက မြင်ကွင်းတွေကို ဘယ်လိုမှ ဖြောင့်ရိုက်လို့ မရပါ။ ကိုယ့်ကိုမမြင်နိုင်တဲ့ တစ်နေရာရာကနေ ခိုးရိုက်မှသာရမယ်ဆိုတဲ့ အသိပဲ ဝင်လာပါတယ်။

နောက်ဆုံးရိုက်လို့ရနိုင်တဲ့ နေရာကနေ မြင်ကွင်းကိုကြည့်လိုက်ပါတယ်။ သိပ်အကောင်းကြီးမဟုတ်ပေမယ့် မဆိုးလှပါ။ ဓာတ်ပုံလုံးဝမရတာထက်စာရင် နည်းနည်းပါးပါးလေးရထားရင်လည်း ကောင်းပါတယ်။

အဓိပတိခန်းမရှေ့။

တက္ကသိုလ်ဝင်ပေါက်ရှေ့ လွမ်းသူ့ပန်းခွေနှင့်ကျောင်းသားများ။

ကျွိက္ကဆံကွင်းရှိ ဦးသန့်ရုပ်ကလာပ်ထားရှိရာသို့ စုရုံးရောက်ရှိလာသော ပရိသတ်များ။

ကုလသမဂ္ဂအလံလွှမ်းထားသော ဦးသန့်ရုပ်ကလာပ်။

ရန်ကုန်တက္ကသိုလ်ဂိတ်ရှေ့ဝင်ပေါက်ဝ။

အမှတ်တရ ဓာတ်ပုံဆောင်းပါး

မဟုတ်ပေမယ့် ဒါလေးပဲ ကျွန်တော့်မှာရှိပါတယ်

ကျောင်းထဲမှာ ဝင်လိုက်၊ ထွက်လိုက်သွားလာနေကြသူတွေ။ တစ်ယောက်တစ်ဆင့် အုတ်ချပ်တွေကို လက်ဆင့်ကမ်းပေးနေကြတဲ့ ကျောင်းသားကျောင်းသူတွေ။ သဲနဲ့ ဘိလပ်မြေတွေကို တွန်းလှည်းနဲ့ သယ်ဆောင်နေကြတဲ့ ကျောင်းသူကျောင်းသားတွေ။ ကျွန်တော်လည်း တိုက်အပေါ် ထပ်ကနေရသလောက် ဓာတ်ပုံတွေ ရိုက်ယူထားလိုက်တယ်။ အုတ်၊ သဲ၊ ဘိလပ်မြေနဲ့ ပစ္စည်းတွေကိုတော့ တက္ကသိုလ်စာကြည့်တိုက်အသစ် ဆောက်လုပ်တဲ့နေရာကနေ ဦးသန့်ဂူဗိမာန်တည်ဆောက်မယ့် ကျောင်းသားသမဂ္ဂဟောင်းနေရာကို သယ်ယူကြတာ ဖြစ်ပါတယ်။

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်

ဦးသန့်ရဲ့ ရုပ်ကလာပ်ကို ဒေါ်ဂျစ်ကားပေါ်တင်ပြီး ဘွဲ့နှင်းသဘင်ခန်းမကနေ အဓိပတိလမ်းမကြီးပေါ်ကို ကျောင်းသား၊ ကျောင်းသူ၊ ရဟန်းသံဃာတော်တွေနဲ့ ပြည်သူလူထုတွေက သယ်ဆောင်လာကြပါတယ်။

ဆရာနဲ့ ကျွန်တော်တို့နှစ်ယောက် ကင်မရာတစ်ယောက်တစ်လုံးစီနဲ့ အိမ်အပေါ် ထပ်တစ်နေရာဆီမှာ ဓာတ်ပုံတွေရိုက်ဖို့ အဆင်သင့် စောင့်နေကြပါတယ်။ ဆရာကတော့ ကာလာဆလိုက်ဖလင်နဲ့။ ကျွန်တော်ကတော့ အဖြူအမည်းဖလင်။ ဆရာနဲ့အတူရှိနေတဲ့ သူတပည့်ကတော့ ဆရာ့ရှေ့ကနေ ဓာတ်ပုံရိုက်တဲ့အခါ ဆရာကိုလှမ်းမမြင်ရအောင် သူ့ခန္ဓာကိုယ်နဲ့ ကွယ်ပေးဖို့ အဆင်သင့်ရှိနေပါတယ်။

ဦးသန့်ရဲ့ ရုပ်ကလာပ်ကို ကျောင်းသား၊ ကျောင်းသူ၊ ပြည်သူလူထုနဲ့ ရဟန်းသံဃာတော်တွေက ဒေါ်ဂျစ်ကားနဲ့ တဖြည်းဖြည်း သယ်ဆောင်လာကြပါတယ်။ ကျွန်တော်လည်း ကျွန်တော့်မြင်ကွင်းထဲဝင်လာတဲ့ ပုံရိပ်တွေကို ရသလောက်ရိုက်ယူခဲ့ပါတယ်။ ကျွန်တော့် ရှေ့ဘက်မှာတော့ သစ်ပင်တစ်ပင်က ခံနေတာမို့ တစ်ခါတစ်ခါမြင်ကွင်းပြတ်သားမှုကို ချိန်ရိုက်လို့မရဘဲ အခက်အခဲတွေ့ခဲ့ရပါတယ်။

ဓာတ်ပုံရိုက်နေကြတုန်းမှာပဲ ဦးသန့်စာပန ပို့ဆောင်ကြတဲ့ ကျောင်းသားတချို့က "တိုက်ပေါ်ကလူတွေ အောက်ကို ဆင်းကြ၊ အိမ်ပေါ်ကလူတွေ အောက်ကိုဆင်းကြ" လို့ အော်ကအော်နေကြတာကို ကြားလိုက်ရတယ်။ ဂါရဝပြုတဲ့သူတွေအနေနဲ့ အပေါ်စီးကနေဆိုတော့ မသင့်တော်ဘူး။ အောက်ဆင်းပြီး ဂါဝရပြုတာက ဦးသန့်လိုပုဂ္ဂိုလ်မျိုးကို လေးစားရာ ပို့ရောက်တယ်ဆိုတဲ့ စေတနာနဲ့ အော်ဟစ်သတိပေးခြင်းဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ မစဉ်းစားမိ။ ကျွန်တော်တို့ ဓာတ်ပုံရိုက်နေတာတွေ့သွားလို့ အော်ကြတာပဲ ထင်ပြီး အတော့်ကို ထိတ်လန့်သွားကြပါတယ်။ ဘာလုပ်ရမှန်းမသိအောင်ကို ထူပူသွားပါတယ်။ တွေ့သွားလို့ကတော့ ပြီးပြီ။ ဘယ်လိုမှ ရှင်းပြလို့ရမှာ မဟုတ်။ အမှန်အတိုင်းပြောပြတာကိုလည်း လက်ခံလိမ့်မယ်မထင်။

နောက်စက္ကန့်အနည်းငယ်ကြာမှ ဘေးတိုက်အပေါ် ထပ်က ကြည့်နေကြတဲ့ လူတွေကို အောက်ဆင်းကြဖို့ အော်ဟစ်နေကြတာဖြစ်ကြောင်း သိရပါတယ်။ ကျွန်တော်တို့လည်း နောက်ထပ် ဓာတ်ပုံနည်းနည်းပဲဆက်ရိုက်ပြီး ရုပ်လိုက်ကြပါတော့တယ်။

> ဒီဇင်ဘာလ ၁၁ ရက်နေ့၊ မနက် ၂ နာရီ ဝန်းကျင်မှာ အာဏာပိုင်အစိုးရက ရန်ကုန် တက္ကသိုလ် ကျောင်းဝင်းထဲကို အင်နဲ့အားနဲ့ ဝင်ရောက်စီးနင်းပြီး

ဓာတ်ပုံဆက်ရိုက်လို့ မရတော့ ကင်မရာကို ထားခဲ့ပြီး ကျောင်းသားသမဂ္ဂဟောင်းနေရာကို ကြည့်ဖို့ ထွက်လာခဲ့ပါတယ်။ ဦးသန့်ရဲ့ ရုပ်ကလာပ်ကို ကျောင်းသားသမဂ္ဂဟောင်းနေရာမှာပဲ ဂူသွင်းသင်္ဂြိဟ်ဖို့ ကျောင်းသား၊ ကျောင်းသူ၊ ပြည်သူလူထုနဲ့ ရဟန်းသံဃာတော်တွေက သဘောတူဆုံးဖြတ်ချက်ချလိုက်ကြပါတယ်။

ကျွန်တော်လည်း လူအုပ်ကြီးကြားမှာ ရောနှောပြီး နောက်ဆက်တွဲမြင်ကွင်းတွေကို အမြင်အာရုံနဲ့ပဲ သိမ်းဆည်းထားခဲ့ရပါတော့တယ်။

နောက်တစ်ရက်မှာတော့ အာဏာပိုင်အစိုးရက တက္ကသိုလ်ကျောင်းဝင်းထဲကို ဝင်ရောက်ပြီး တွေ့တဲ့လူတွေမှန်သမျှကို ဖမ်းဆီးတော့မယ်ဆိုတဲ့ သတင်း ကြားရပါတယ်။ အဲဒီသတင်းကြောင့် ပြန်တဲ့လူတွေလည်း ပြန်ကြပေမယ့် မပြန်ဘဲဆက်နေကြတဲ့ လူတွေလည်း ကျောင်းထဲမှာ ကျန်ရှိခဲ့ပါတယ်။ ကျောင်းထဲမှာ ဆက်နေပြီး တိုက်ပေါ်ကနေ ဓာတ်ပုံတွေ ရသလောက် ဆက်ရိုက်ချင်သေးပေမယ့် ဆရာနဲ့ ဆရာမတို့က သူတို့အိမ်မှာ ရှိနေကြတဲ့ ကျောင်းသားမိတ်ဆွေတွေကို ဝင်ဖမ်းတော့မယ်ဆိုတဲ့ သတင်းရလို့ အတင်းပြန်ခိုင်းပါတယ်။ ကျွန်တော့်ကိုလည်း "မင်းမပြန်ရင် အိမ်ပေါ်က ကန်ချမယ်" ပြောလို့ ကျွန်တော်လည်း အိမ်ပြန်ခဲ့ရပါတယ်။

အဲဒီအတွက် ဆရာနဲ့ ဆရာမတို့ကို ကနေ့ အထိ ကျွန်တော်ကျေးဇူးတင်နေရပါတယ်။ သူတို့ကျေးဇူးကြောင့် ကျွန်တော် အင်းစိန်ထောင်နဲ့ ဝေးခဲ့ရတာပါ။

ဒီဇင်ဘာလ ၁၁ ရက်နေ့၊ မနက် ၂ နာရီ ဝန်းကျင်မှာ အာဏာပိုင်အစိုးရက ရန်ကုန် တက္ကသိုလ်ကျောင်းဝင်းထဲကို အင်နဲ့အားနဲ့ ဝင်ရောက်စီးနင်းပြီး တွေ့ရှိသမျှလူတွေကို ဖမ်းဆီးခဲ့တဲ့သတင်းကို ကြားသိရပါတယ်။

လွန်ခဲ့တဲ့ လေးငါးနှစ်ကမှ ကျွန်တော်ရိုက်ခဲ့တဲ့ (၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ) ဦးသန့်စာပနအဖြူအမည်းဓာတ်ပုံအချို့ကို ပြန်လည်တွေ့ရှိတယ်ဆိုတာကိုမိတ်ဆွေသူငယ်ချင်းတစ်ယောက်ဆီက ကြားသိရပါတယ်။ ကျွန်တော်အတော် ဝမ်းသာသွားပါတယ်။ စိတ်မကောင်းဖြစ်မိတာကတော့ ကျွန်တော့်ဆရာရိုက်ခဲ့တဲ့ ကာလာဆလိုက်ဓာတ်ပုံတွေ ပျက်စီးသွားတယ်ဆိုတာပါပဲ။ ဒါပေမဲ့ ဆရာရိုက်ခဲ့တဲ့အထဲက တကယ့် ရှားရှားပါးပါး ဓာတ်ပုံ ၁၁ ပုံကို ပြန်တွေ့ရပါတယ်။ အဲဒီဓာတ်ပုံတွေကတော့ ဒီဇင်ဘာ ၁၁ ရက်နေ့၊ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲမှာ ကျောင်းသားတွေ၊ ရဟန်းသံဃာတော်တွေနဲ့ ပြည်သူလူထုတွေကို ရဲတွေက ဖမ်းဆီးခေါ်ဆောင်သွားနေတဲ့ ဓာတ်ပုံတွေပါပဲ။

ဓာတ်ပုံအတော်များများကတော့ ဓာတ်ပုံအရည်အသွေး၊ အလင်းအမှောင်၊ ကြည်လင်ပြတ်သားမှု၊ ဓာတ်ပုံဖွဲ့စည်းမှုတွေ မကောင်းလှပါဘူး။ ဒါပေမဲ့ အခက်အခဲတော်တော်များများကြားက စွန့်စွန့်စားစားကြိုးစားပြီး မှတ်တမ်းတစ်ခုအဖြစ် ကျန်ရစ်အောင် ရိုက်ခဲ့ရတဲ့ မှတ်တမ်းဓာတ်ပုံတွေ ဖြစ်ပါတယ်။

အမှန်အတိုင်းဝန်ခံရရင် "ဓာတ်ပုံတွေက ကောင်းလှတယ်မဟုတ်ပေမယ့် ဒါလေးပဲ ကျွန်တော့်မှာရှိပါတယ်။" ■

ဦးသန့်၏ ရုပ်ကလာပ်ကို ကျောင်းသားများ သယ်ဆောင်လာစဉ်။

ဦးသန့်၏ ရုပ်ကလာပ်ကိုသယ်ဆောင်လာသော ကဒေါင်းနှင့်ကျောင်းသားများ။

ကျောင်းသားများကို ရဲကဖမ်းဆီးခေါ်ဆောင်သွားစဉ်။ ဓာတ်ပုံများ - ထိန်ဝင်း

ကျေးဇူးတင်မှတ်တမ်းလွှာ

THANK YOU VERY MUCH....!

YOUR MOST RELIABLE JEWELLER

SP GEMS

"The Value is...
In The Quality"

SP Gems ၏ မိတ်ဖော်မိတ်သစ်များအားလုံးတို့၏
မေတ္တာစေတနာထား၍ ယခုတစ်ပတ် **Promotion**
အပါအဝင် အစဉ်အဆက် အချိန်တိုင်း အကြိမ်တိုင်း
တန်ဖိုးထား အားပေးမှုများကိုလည်းကောင်း...
လူကြီးမင်းတို့မှ **SP Gems** ၏ အရည်အသွေးကို
ယုံကြည်နားလည် ကျေနပ်နှစ်ခြိုက်မှုတစ်ခုခြင်းစီ
အတွက်ကိုလည်းကောင်း...
အထူးပင် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

လူကြီးမင်းတို့၏ အရှိန်အဟုန်ဖြင့် အောင်မြင်ကျော်ကြား
ကြီးပွားတိုးတက်လျက်ရှိပါသော စီးပွားရေးနှင့်
လူမှုရေးလုပ်ငန်းနယ်ပယ်တွင် **SP Gems** မှ
ဖန်တီးထုတ်လုပ်ထားသော အရည်အသွေး
အထူးကောင်းမွန်သော လက်ဝတ်ရတနာများကို
ပိုင်ဆိုင်ဆင်မြန်း၍ မင်္ဂလာယူနိုင်ကြခြင်းကိုလည်း
SP Gems မိသားစုမှ...
များစွာဂုဏ်ယူကျေနပ်မိပါကြောင်းနှင့်

အရည်အသွေးကိုတန်ဘိုးထားနားလည်ပြီး
လူကြီးမင်းတို့၏ အစဉ်အမြဲ အားပေးကူညီမှုများ
အားလုံးအတွက်ကိုလည်း **SP Gems** မိသားစုမှ
လှိုက်လှိုက်လဲ့လဲ့ ကျေးဇူးဥပကာရတင်ရှိပါကြောင်း...
ဤမှတ်တမ်းလွှာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်
ဖော်ပြအပ်ပါသည်။

ရိုသေလေးနက်စွာဖြင့်
SP Gems မိသားစု

No. 30 (A), Pyay Road, (7 miles),
Mayangone Township, Yangon, Myanmar.
Tel: (95)-1-660 397, 654 398, 654 399
E-mail : spgems.myanmar@gmail.com
www.spgemsandjewellery.com
www.facebook.com/pages/SP-Gems


FINE JEWELS
PRODUCTS FOCUS
REALGEMS UNIQUE
ENTVALUE COLOR
HARD PROPERTY
FINE JEWELS
PRODUCTS DESIGN
REALGEMS THERUBY
ENTVALUE BEAUTY
HARD VALUE GEM
FINE JEWELS
PRODUCTS TRUST
REALGEMS CONCEPT
QUALITY VALUE
ပြပွဲမှတ်တမ်းဓာတ်ပုံများကို SP GEMS Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

စတော့အိတ်ချိန်းဖွင့်လှစ်ရန် ပြင်ဆင်မှုများ စတင်လုပ်ဆောင်နေ

ချေကူသစ္စာ
khaingsabainyein@gmail.com

ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ဖွင့်လှစ်ရန် စီစဉ်ထားရာ အိတ်ချိန်းဖွင့်လှစ်ရာတွင် လိုအပ်မည့် နည်းဥပဒေများလည်း ရေးဆွဲနေသလို အဆောက်အအုံကို ပြင်ဆင်မွမ်းမံမှုလုပ်ငန်းများမှာလာမည့် ဇူလိုင်လတွင် ပြီးစီးမည်ဖြစ်သည်။

စတော့အိတ်ချိန်းကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ယခင်က ဗဟိုဘဏ်နှင့် မြဝတီဘဏ်များဖွင့်လှစ်ခဲ့သည့် အဆောက်အအုံတွင် ဖွင့်လှစ်မည်ဖြစ်သည်။

ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အနေဖြင့် လိုအပ်သောနည်းဥပဒေပေါင်း ၂၀၀ ကျော်နှင့်အမိန့်ကြော်ငြာစာများ ရေးဆွဲခြင်း၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအတွက် လိုအပ်သော စံသတ်မှတ်ချက်များ ပြုစုခြင်း၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံးနှင့် ရုံးအဖွဲ့အတွက် လိုအပ်သောရုံးခန်းပြင်ဆင်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့သော် စတော့အိတ်ချိန်းပေါ်ပေါက်လာရန် ပါဝင်နိုင်မည့် လုပ်ငန်းရှင်များကို ရွေးချယ်ရန် ကျန်နေသေးကြောင်း ၎င်းကပြောသည်။

“ကုမ္ပဏီတွေက တစ်နိုင်ငံတည်းက ကုမ္ပဏီနှစ်ခုလောက် တင်လာတာလည်းရှိပါတယ်။ နိုင်ငံတကာက ကုမ္ပဏီ ၁၀ ခုလောက်တော့ တင်ထားတာများပါတယ်။ စိစစ်မှုတွေလုပ်ရဦးမယ်။ တစ်သုတ်ပြီးမှတစ်သုတ်သွားမယ်။ အကုန်တော့ လက်မခံသေးဘူး”ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

“နည်းဥပဒေပေါင်း ၂၁၃ ခု ရေးဆွဲထားတာပြီးခဲ့တဲ့တစ်ပတ်က ဒါကို အပြီးသတ်လိုက်ပြီ။ လွယ်လွယ်ကူကူတွေလုပ်ထားတာတော့ မဟုတ်ဘူး။ ဒါကတကယ့်ကို အခြေခံကျတဲ့ အလုပ်တွေဖြစ်တယ်။ ကြေညာချက်တွေကတွေဖြစ်လာတော့ ငါးပွက်ရာငါးစာချသလို ဖြေရှင်းကြတာတွေရှိတယ်။ မြန်မာနိုင်ငံမှာ အဲဒါမျိုး မလုပ်ချင်ဘူး။ ခိုင်ခိုင်မာမာလေး လုပ်ချင်တယ်”ဟု ၎င်းက ပြောသည်။

စတော့အိတ်ချိန်းဖွင့်လှစ်မည့်အဆောက်အဦးကို နိုဝင်ဘာလ နောက်ဆုံးပတ်က တွေ့ရစဉ်။ ဓာတ်ပုံ နိုင်ဝင်းထွန်း

စတော့အိတ်ချိန်းကို ကျပန်နိုင်ငံနှင့် မြန်မာ့စီးပွားရေးဘဏ်တို့ ပူးပေါင်းဖွင့်လှစ်မည်ဖြစ်ရာ မြန်မာဘက်က ၅၁ ရာခိုင်နှုန်းနှင့် ကျပန်က ၄၉ ရာခိုင်နှုန်းပါဝင်မည်ဖြစ်သည်။

အိတ်ချိန်းနှင့် ပတ်သက်ပြီး ပြည်သူလူထုကို အသိပညာပေး ဟောပြောပွဲများကို ယခုလနှင့် ဇန်နဝါရီလများ၌ ရန်ကုန်၊ ပုသိမ်၊ တောင်ကြီးတို့တွင်ပြုလုပ်မည်ဖြစ်သည်။ ■

ဥပဒေကြမ်းတွေကို ဘယ်သူတွေက . . .

စာမျက်နှာ ၁၅ မှ

ပြောခဲ့သေးတယ်ကွ၊ အစိုးရဌာနတွေမှာ ဒီလိုညစ်ကျယ်ကျယ်လုပ်တတ်တဲ့ လူတွေကလည်း ရှိတတ်တာပဲလေ၊ ကိုယ်ကလည်းဌာနရဲ့ စည်းကမ်းကို ဖောက်ဖျက်တဲ့သဘော ဖြစ်နေတော့ အလျှော့ပေးခဲ့ရတာပေါ့ကွာ”

“ဟုတ်ပါပြီဆရာ၊ ဆရာက အဲဒီလို စာတမ်းရေးထားပေမယ်လို့ ၁၉၈၈ ခုနှစ်မှာ ‘နဝတ’ က ပြဋ္ဌာန်းခဲ့တဲ့ ရှေ့နေချုပ်ဥပဒေမှာတော့ ရှေ့နေချုပ်၏ တာဝန်တစ်ရပ်အဖြစ် ‘ဥပဒေများစိစစ်ခြင်း၊ ရေးဆွဲခြင်း၊ ဘာသာပြန်ဆိုခြင်း၊ ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ခြင်း’ ဆိုပြီး ပါတယ် မဟုတ်လားဆရာ”

“အဲဒီကိစ္စကို သိတဲ့လူကလည်း အဲဒီတုန်းက ညွှန်ချုပ်ကြီးနဲ့ ငါနဲ့ နှစ်ယောက်ပဲရှိတယ်၊ ဒီလိုကွ၊ အဲဒီအချိန်တုန်းက လူထုအုံကြွမှုကြီးပြီးခါနီးပေမယ့် သေနတ်သံတွေ မစဲသေးတဲ့အချိန်၊ ငါက ၁၉ လမ်းမှာရှိတော့ တစ်နေ့မှာ ညွှန်ချုပ်ကြီးက စစ်ရုံးကနေ ငါ့ဆီကို ဖုန်းဆက်တယ်၊ ပန်းဆိုးတန်းမှာရှိတဲ့ ဗဟိုဥပဒေရုံးကို နေ့စဉ်ရုံးလာတက်လို့ရမလားတဲ့၊ ငါကလည်း ‘သေနတ်သံတွေတော့ကြားနေရတုန်းပဲ ဆရာ၊ လမ်းလေးလမ်းရှိတော့ သေနတ်သံ မကြားရတဲ့ လမ်းက လှည့်ပတ်လာရင် ဖြစ်ပါတယ်လို့ ပြန်ပြောရတာပေါ့။ ဒီတော့နေ့စဉ်ရုံးတက်ပြီး သူ့ရုံးခန်းမှာ ထိုင်ပေးဖို့၊ သူစစ်ရုံးမှာနေ့စဉ် အလုပ်လုပ်နေပေမယ့် ကြည့်ရှုကိုးကားစရာ ဘာစာအုပ်မှ မရှိတဲ့အတွက် တယ်လီဖုန်းနဲ့ သူမေးတဲ့အခါ စာအုပ်ကိုဖတ်ပြီး ဖြေပေးပါ။ ရုံးလုံခြုံရေးမူးကိုလည်း သူ့ရုံးခန်းကို ဖွင့်ပေးဖို့ ပြောထားပြီးပြီလို့ ပြောတယ်။ အဲဒီတုန်းက ညွှန်ချုပ်ကြီးက ‘နဝတ’ အစိုးရအတွက် လိုအပ်တဲ့ ဥပဒေတွေကို သူကိုယ်တိုင်ရေးဆွဲပေးနေရတာကိုး၊ တစ်နေ့မှာတော့ အဲဒီတုန်းက အလံပြဘုရားလမ်းမှာ အခုဟိုတယ်ဖြစ်နေတဲ့ ကာကွယ်ရေးဝန်ကြီးဌာနရုံးကို လာလို့ရမလား ဆိုပြီးမေးတော့ ရပါတယ်၊ လာခဲ့ပါမယ်ဆိုပြီး ပန်းဆိုးတန်းကနေ အဲဒီစစ်ရုံးကို သွားရတာပေါ့၊ သေနတ်သံတွေလည်း တစ်ခါတစ်ရံကြားနေရတုန်း၊ လမ်းတွေကိုလည်း သစ်တုံးကြီးတွေနဲ့ပိတ်ထားတုန်းပေါ့။ အဲဒီမှာ ညွှန်ချုပ်ကြီးက သူရေးဆွဲထားတဲ့ ဥပဒေကြမ်း သုံးလေးခုလောက်ကိုပြပြီး လိုတာရှိရင် ဆွေးနွေးဖို့၊ အားမနာဖို့ ပြောတယ်”

“ကျွန်တော်တို့ရုံးမှာဆိုရင် အနည်းဆုံးအရာရှိ လေးငါးဦးလောက် အစည်းအဝေးထိုင်ပြီး ဥပဒေကြမ်းတွေကို စိစစ်ကြရတာ၊ အခုတော့ ဆရာတို့နှစ်ယောက်တည်း ဖြစ်နေတာပေါ့”

“တရားရေးဘက်ကလည်း သုံးယောက်ပါသေးတယ်ကွ၊ ဒို့ညွှန်ချုပ်ကြီးက ကနဦး ဥပဒေကြမ်းတွေကို ရေးဆွဲပြီး နောက်မှ အဲဒီအဖွဲ့မှာ ထပ်ဆွေးနွေးကြရတာ၊ အဲဒီနေ့က အဲဒီအဖွဲ့က ဥပဒေကြမ်း သုံးလေးခုလောက် စိစစ်ကြရာမှာ ငါလည်းပါသွားတာပေါ့။ အဲဒီအဖွဲ့မှာ မဆွေးနွေးမီ ညွှန်ချုပ်ကြီးက သူရေးဆွဲထားတဲ့ ဥပဒေကြမ်းတွေကို ငါ့ကိုပြတာ၊ အဲဒီမှာ ရှေ့နေချုပ်ဥပဒေကြမ်းကို ဖတ်ကြည့်တဲ့အခါ ရှေ့နေချုပ်ရဲ့ တာဝန်တွေထဲမှာ အခုနမင်းပြောတဲ့ ဥပဒေရေးဆွဲရေး တာဝန်ဆိုတာမပါဘူး”

“အဲဒီမှာ ထည့်ဖြစ်သွားတာလား ဆရာ”

“ဟုတ်တယ်၊ အဲဒီတော့ ငါကဆရာ့ကို တင်ပြတယ်၊ ‘ဆရာ ဒီကိစ္စကို ရှင်းလိုက်မှ ကောင်းမယ်၊ ဆရာခိုင်းလို့ ကျွန်တော်ရေးခဲ့တဲ့ စာတမ်းမှာလည်း ဒီလုပ်ငန်းကို တစ်သက်လုံး ရှေ့နေချုပ်ရုံးကပဲ လုပ်ခဲ့ရတဲ့သဘောဆိုတော့ ဒီကိစ္စပြတ်သွားအောင် အခုဥပဒေမှာ ထည့်လိုက်ရင် မကောင်းဘူးလား၊ ကျွန်တော်တို့ရုံးမှာလည်း အဲဒီတာဝန်အတွက် ဌာနခွဲတစ်ခုတောင် သတ်သတ်ရှိနေတာ ဆိုတော့’ စသဖြင့်ပေါ့ကွာ၊ အဲဒီလို ငါတင်ပြတော့ ညွှန်ချုပ်ကြီးက သဘောတူပြီး ထည့်လိုက်လို့ ပြောတဲ့အတွက် ရှေ့နေချုပ်ရဲ့ တာဝန်တွေထဲမှာ ဥပဒေရေးဆွဲရေးနဲ့ ဥပဒေဘာသာပြန်ရေးဆိုတဲ့ တာဝန်ပါလာတာ၊ မှန် မမှန်၊ ကောင်း မကောင်းတော့ ငါမသိဘူး၊ ဖြစ်စဉ်ကတော့ အဲဒီအတိုင်းပဲ”

“အခုမှ တရားခံပေါ်တော့တာပေါ့ ဆရာ”

“ဟာ . . . ခွေးမသား ‘ဆွဲချ’ သောက်ကျင့်က မပျောက်သေးဘူး၊ ‘လက်သည်’ ပေါ်ပြီလို့ လုပ်ပါကွာ”

“ဆောရီးဆရာ၊ အခုလို သမိုင်းကြောင်းအမှန်ကို သိရလို့ ကျေးဇူးတင်ပါတယ် ဆရာ။ အစောပိုင်းတုန်းက ဆရာပြောခဲ့တဲ့ ဆာအာသာအဂ္ဂါရဲ့ ဥပဒေရေးဆွဲနည်း မှတ်စုအကြောင်းနဲ့ ဥပဒေရေးဆွဲရေးနဲ့ ပတ်သက်ပြီး ဆရာ့ရဲ့အတွေ့အကြုံတွေကိုလည်း ဗဟုသုတအဖြစ် မျှဝေပါဦးဆရာ”

“အခုတစ်ပတ်တော့ စာမျက်နှာ မကျန်တော့ဘူးကွာ၊ နောက်တစ်ပတ်မှပဲ ပြောကြရအောင်” ■

Casabella

Luxury Home Furnishing Centre

5th~7th Dec 2014
3 Days Only

နောက်ဆုံးပေါ် Furniture နှင့် အိမ်သုံး ပရိဘောဂ ဈေးရောင်းပွဲ တော်

End Year Sale

up to 30-50% off
Selected items

Win GRAND PRIZE
REAL Fitness 1 Year Membership
Worth US $1850

Enjoy many other attractive prizes
(First 50 Customers Only)

Business Partner
REAL FITNESS

Organized By
NatRay

LORENZO LIVING STARTS HERE... | Dunlopillo moments | AUSSINO | OSIM Inspiring well-being | KETTLER Sports & Fitness | Eko | Tefal France | Fine Dining WMF Germany

Casabella
Luxury Home Furnishing Centre

One Stop Luxury Home Furnishing Centre
No-22, Pyay Rd, 9mile, Mayangone Tsp, Yangon.

660 769
664 363

Tech

တယ်လီနောကငါးနှစ်အတွင်း လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကို ဝန်ဆောင်ပေးမည်

အောင်ကျော်ညွှန့်
aungkyawnyunt28@gmail.co

တယ်လီနောမြန်မာသည် ငါးနှစ်အတွင်း တာဝါတိုင် ၈,၀၀၀ ကျော်ဖြင့် မြန်မာနိုင်ငံ၏ လူဦးရေ၉၀ ရာခိုင်နှုန်းကို ဝန်ဆောင်မှုပေးနိုင်ရန် မျှော်လင့်ထားကြောင်း တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Petter Furberg က မြန်မာတိုင်း(မဲ)ကို ပြောသည်။

လက်ရှိတွင် ကွန်ရက်တိုးချဲ့ရန် လိုအပ်သည့် တာဝါတိုင်များတည်ဆောက်မှုကို လုပ်ဆောင်နေသလို ဆင်းကတ်အရေအတွက်နှင့် ကွန်ရက်ဖြန့်ကြက်မှု အနေအထားအား ကိုက်ညီအောင် ဆောင်ရွက်နေကြောင်းလည်း ၎င်းက ပြောသည်။

"လက်ရှိမှာ တယ်လီနောက ဆင်းကတ်ဖြန့်တဲ့ အနေအထားနဲ့ နက်ဝေါ့ဖြန့်တဲ့ အနေအထားကို မျှအောင်လုပ်နေတာပါ။ ဆင်းကတ်တွေအများကြီးချပေးလို့ အရည်အသွေးကျသွားတာမျိုးလည်း မဖြစ်စေချင်ဘူး။ နေ့တိုင်းမှာလည်း ဆင်းကတ်အရေအတွက် ထောင်ချီပြီးတော့လည်း ရောင်းနေရပါတယ်" ဟု ၎င်းက ပြောသည်။

ရန်ကုန်တွင် တာဝါတိုင်အရေအတွက် ၈၀၀ လိုအပ်ရာ လက်ရှိတွင် ၄၀၀ နီးပါးရှိပြီး တစ်လလျှင် ပျမ်းမျှ တာဝါတိုင် ၁၀၀ စိုက်ထူသွားမည်ဖြစ်သည်။

"အခုလည်း တာဝါတိုင်တွေကို လစဉ် အရေအတွက် ၅၀ ကနေ ၁၀၀ ကျော် တိုးတိုးပြီးဆောက်နေပါတယ်။ တာဝါတိုင်တွေ ပိုပိုပြီး ဆောက်လာမှ ရန်ကုန်က သုံးစွဲသူတွေကို ကြည်လင်တဲ့ အသံတွေ၊ ကောင်းမွန်တဲ့ အင်တာနက်တွေ ပေးနိုင်မှာဖြစ်ပါတယ်" ဟု Petter Furberg ကပြောသည်။

သို့ရာတွင် တာဝါတိုင်များကို အိမ်ခေါင်မိုးများပေါ်တွင် စိုက်ထူရေးအတွက် မြေပိုင်ရှင်၊ အိမ်ရှင်များအကြား ညှိနှိုင်းရာတွင် အခက်အခဲများ ရှိနေသေးကြောင်း Petter Furberg ကပြောသည်။

"အရင်ကထက် စာရင်တော့ ပါမစ်တွေရတာတော့ မြန်နေပါပြီ။ ဒီမှာပြဿနာတစ်ခုရှိတာက အိမ်ခေါင်မိုးပေါ် တွေမှာ တာဝါတိုင်တွေဆောက်ဖို့နေရာမှာ အခက်အခဲတွေရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြေပိုင်ရှင်တွေကသဘောတူညီမှုတို့ ဆိုင်ရာအခန်းတွေက သဘောတူညီမှုတွေယူတဲ့ နေရာတွေမှာလည်း အခက်အခဲတွေ ရှိနေပါသေးတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင်လည်း တယ်လီနောဆင်းကတ်ဖြင့် အင်တာနက်အသုံးပြုရာတွင် အဆင်ပြေမှုမရှိကြောင်း မိုဘိုင်းဖုန်းသုံးစွဲသူဦးလှမြင့်ကပြောသည်။

"တယ်လီနောနဲ့ အင်တာနက်သုံးရင် ကျွန်တော့အိမ်ထဲမှာနေရင်းသုံးရင် လိုင်းမကောင်းဘူး။ အိမ်အပြင်ထွက်လိုက်မှပဲ လိုင်းတက်လာတယ်။ ဒါတောင် ကွန်နက်ရှင်က သိပ်မကောင်းဘူး" ဟု ၎င်းကဆိုသည်။ ■

ဆဲလ်ဖီတုတ်တံတွေ မှတ်ပုံတင်ပြီးမှ ရောင်းချဖို့ တောင်ကိုရီးယားနိုင်ငံမှာ ပြဋ္ဌာန်းလိုက်ပြီ

ကိုယ်တိုင်ဓာတ်ပုံ ရိုက်ဖို့အတွက် လက်ထဲမှာ ကိုင်ထားတဲ့ ဆဲလ်ဖီတုတ်တံ (Selfie Stick) ဟာ အန္တရာယ်မဖြစ်စေနိုင်တဲ့ အမှတ်ရဖွယ်တွေကို ဖန်တီးပေးမယ့်အရာတစ်ခုလား၊ ဒါမှမဟုတ် ဆက်သွယ်ရေးမှာ ကမောက်ကမဖြစ်စေနိုင်တဲ့ လျှပ်စစ်သံလိုက်ထုတ်လွှတ်တဲ့ အရာတစ်ခုများလား။

တောင်ကိုရီးယားနိုင်ငံမှာတော့ ဆဲလ်ဖီတုတ်တံတွေကို မှတ်ပုံမတင်ဘဲရောင်းရင် ဒဏ်ငွေ ဒေါ်လာ ၂၇,၀၀၀ ဒါမှမဟုတ် ထောင်ဒဏ်သုံးနှစ်ကျခံရမယ်လို့ သိပ်ပံပညာဝန်ကြီးဌာနက ပြီးခဲ့တဲ့ သီတင်းပတ်က ကြေညာထားပါတယ်။

ဆဲလ်ဖီတုတ်တံကို အသုံးပြုသူအရေအတွက်က များလွန်းတဲ့အတွက် ဆဲလ်ဖုန်းနဲ့ ကိုယ်တိုင်ဓာတ်ပုံရိုက်ချင်သူတွေအတွက် ထုတ်လုပ်ထားတဲ့ ကိုယ်တိုင်ရိုက်ပုံတွေကို ပိုပြီး မြင်ကွင်းကျယ်ကျယ်ရိုက်နိုင်စေတဲ့ ဆဲလ်ဖီတုတ်တံလေးတွေကို ရောင်းချတာနဲ့ ပတ်သက်ပြီး စည်းမျဉ်းသတ်မှတ်ရတာကတော့ လွယ်ကူမှာမဟုတ်ပါဘူး။

တောင်ကိုရီးယားသားတွေဟာ နည်းပညာနဲ့ပတ်သက်ပြီး ဝါသနာကြီးလွန်းကြတဲ့အတွက် စမတ်ဖုန်းတပ်ထားတဲ့ ဆဲလ်ဖီတုတ်တံကို တစ်ယောက်ကကိုင်လို့ အားလုံးပြီးရယ်ကာ ကင်မရာကို မော့ကြည့်ပြီး ဓာတ်ပုံရိုက်နေကြတဲ့သူတွေကို ရှုခင်းလှပတဲ့နေရာတွေမှာ တစ်သုတ်ပြီးတစ်သုတ် တွေ့နိုင်ပါတယ်။

သိပ်ပံပညာဝန်ကြီးဌာနက အခုလို စည်းမျဉ်းထုတ်ပြန်ရတဲ့ အဓိကအချက်ကတော့ ကင်မရာကို အချိန်ကိုက်ချိန်ပြီး ဓာတ်ပုံရိုက်တာမျိုးမဟုတ်ဘဲ စမတ်ဖုန်းက ကင်မရာရှုပ်တာကို အဝေးကနေ ထိန်းချုပ်ပြီး ဓာတ်ပုံရိုက်လို့ရစေတဲ့ ဘလူးတုသ် (Bluetooth) နည်းပညာနဲ့အတူ ထွက်ပေါ်လာတဲ့ အဲဒီမော်ဒယ်တွေကို ထိန်းချုပ်ချင်တာကြောင့်ပါ။

သီးခြားစီရှိနေတဲ့ နည်းပညာပစ္စည်းနှစ်ခုကြားမှာ ဝိုင်ယာလက်စ်ကွန်နက်ရှင်ချိတ်ဆက်ပေးဖို့အတွက် သူတို့ရဲ့ ရေဒီယိုလှိုင်းတွေကို အသုံးပြုရတာကြောင့် ဒါတွေကို ဆက်သွယ်ရေးကိရိယာတွေအဖြစ် သတ်မှတ်ထားပြီး ဆဲလ်ဖီတုတ်တံနဲ့တွဲပြီးဓာတ်ပုံရိုက်ကြတဲ့ဖြစ်စဉ်တွေက အလားတူရေဒီယိုလှိုင်းတွေကို အသုံးပြုနေတဲ့ တခြားနည်းပညာပစ္စည်းတွေကို အနှောင့်အယှက်မဖြစ်စေတာသေချာရဲ့လား ဆိုတာကိုစစ်ဆေးအတည်ပြုဖို့လိုပါတယ်လို့ ဝန်ကြီးဌာနက ပြောပါတယ်။

ဒါပေမဲ့ ဘလူးတုသ်ပစ္စည်းတွေကနေထွက်ပေါ်နေတဲ့ ရေဒီယိုလှိုင်းထုတ်လွှင့်မှုတွေက အားနည်းပြီးတိုတောင်းတဲ့အတွက် လေယာဉ်တစ်စီးစီးရဲ့ ရေဒီယိုလိုင်း ဒါမှမဟုတ် ရဲတွေရဲ့ ရေဒီယိုလိုင်းတွေမှာ အနှောင့်အယှက်ဖြစ်စေလောက်တဲ့ အနေအထားမျိုးတော့ မရှိနိုင်ကြောင်းနဲ့ ဒီလိုစည်းမျဉ်းထုတ် တင်းကျပ်ရတာကတော့ လုပ်ထုံးလုပ်နည်းအရ လုပ်ရတာလို့ သိပ်ပံပညာဝန်ကြီးဌာနက တာဝန်ရှိသူတွေက ပြောပါတယ်။

ဆဲလ်ဖီတုတ်တံကိုအသုံးပြုပြီး ဓာတ်ပုံရိုက်နေကြသည့် အမျိုးသမီးနှစ်ဦးအား တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အရေးယူမှုတွေပြုလုပ်ဖို့ တာဝန်ရှိတယ်လို့ ခံယူထား

"ဘာကိုမှတော့ သိသိသာသာကြီး ထိခိုက်စေတာမျိုးတော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဆက်သွယ်ရေးပစ္စည်းတွေကို ဆို စည်းမျဉ်းနဲ့ ထိန်းသိမ်းထားဖို့တော့ လိုပါတယ်။ ပြီးတော့ တရားဝင်မှတ်ပုံမတင်ထားတဲ့ ဆက်သွယ်ရေးပစ္စည်းတွေကို ထိထိရောက်ရောက် အရေးယူဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ တာဝန်ရှိပါတယ်" လို့ တောင်ကိုရီးယား သိပ်ပံပညာဝန်ကြီးဌာနရဲ့ ဗဟိုရေဒီယိုစီမံခန့်ခွဲရေးရုံးက တာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီကို ပြောကြားခဲ့ပါတယ်။

> စည်းမျဉ်းသတ်မှတ်ချက်က ပြင်းထန်ပေမယ့် တာဝန်ရှိသူတွေရဲ့ အရေးယူနိုင်မှုက အကန့်အသတ်တော့ ရှိမယ့် ပုံဖြစ်ပြီး

စည်းမျဉ်းသတ်မှတ်ချက်က ပြင်းထန်ပေမယ့် တာဝန်ရှိသူတွေရဲ့ အရေးယူနိုင်မှုက အကန့်အသတ်တော့ ရှိမယ့်ပုံဖြစ်ပြီး စည်းမျဉ်းတွေကို အလေးမထားတဲ့ ဆဲလ်ဖီတုတ်တံရောင်းသူတွေကို ရဲတွေအများကြီးနဲ့ ဝင်စီးပြီး ဖမ်းဆီးတာမျိုးတော့ မရှိနိုင်ပါဘူး။

"ပြီးခဲ့တဲ့ သောကြာနေ့မှာ ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ဟာ ပြည်သူတွေ သူတို့ရောင်းချတဲ့ပစ္စည်းနဲ့ ပတ်သက်ပြီး သတိထားသင့်တဲ့ အချက်ကို အသိပေးဖို့ သက်သက်ပါပဲ" လို့ အမည်မဖော်လိုတဲ့ တာဝန်ရှိသူက ပြောပါတယ်။

"မှတ်ပုံတင်မထားတဲ့ ပစ္စည်းတွေကို မသိဘဲရောင်းချနေမိတယ်လို့ထင်တဲ့ စျေးသည်တော်တော်များများ ကျွန်တော်တို့ဆီ ဖုန်းဆက် မေးမြန်းလာကြပါတယ်" လို့ သူက ပြောပြပါတယ်။

တောင်ကိုရီးယားနိုင်ငံဟာ စည်းမျဉ်းစည်းကမ်းတွေ တင်းကျပ်လွန်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပြည်သူတွေဟာ မှတ်ပုံတင်နဲ့ ထောက်ခံချက်တွေ အများအားဖြင့် ရှိဖို့လိုပါတယ်။

ဒါပေမဲ့ ဆိုင်အတွင်းမှာ ဝိုင်ဖိုင်ချိတ်ဆက်ဖို့အတွက် ကိုယ်ရေးကိုယ်တာအချက်အလက်တွေပေးရာမှာ နိုင်ငံခြားသားတွေပေးစရာမလိုဘူးလို့ သတင်းထုတ်ပြန်ထားတဲ့အတွက် တောင်ကိုရီးယားနိုင်ငံမှာ အများအပြားဖွင့်လှစ်ထားတဲ့ Starbucks ကော်ဖီဆိုင်တွေမှာ အားပေးနေတဲ့ ဖောက်သည်တွေ မကြာသေးခင်က ကျယ်ကျယ်လောင်လောင် ကန့်ကွက်ခဲ့ကြပါတယ်။

ဆိုင်ရှင်တွေအတွက် အခက်မတွေ့နိုင်တဲ့ စည်းမျဉ်းသစ်

ဆိုးလ်မှာရှိတဲ့ ဆဲလ်ဖီတုတ်တံရောင်းသူတွေကတော့ ဝန်ကြီးဌာနရဲ့ အမိန့်နဲ့ပတ်သက်ပြီး အခက်မတွေ့ဘဲ အေးအေးဆေးဆေးရှိကြတဲ့ပုံပါပဲ။

"စည်းမျဉ်းသစ်နဲ့ ပတ်သက်ပြီး ကျွန်တော့်ကိုလည်း ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်ရောင်းတဲ့ ပစ္စည်းတွေအားလုံးဟာ ထောက်ခံချက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အတွက် ဘာပြဿနာမှ မရှိပါဘူး။ ဆိုင်ကြီးတချို့ကတော့ မှတ်ပုံမတင်ထားတဲ့ ပစ္စည်းတွေကို ရှင်းပစ်ရမှာပေါ့လေ"လို့ မျိုးရိုးအမည် 'လီ' ဆိုတာကိုပဲ ပြောပြတဲ့ ဆိုးလ်မှာရှိတဲ့ မြောင်ဒုံရပ်ကွက်က မြေအောက်မီးရထားဘူတာအနီးမှာ စမတ်ဖုန်းကာဗာတွေနဲ့ ဆဲလ်ဖီတုတ်တံတွေရောင်းတဲ့ ဆိုင်ကလေးရဲ့ ပိုင်ရှင်ဖြစ်သူက ပြောပါတယ်။

စျေးရောင်းကောင်းတဲ့နေ့တွေဆို ဆဲလ်ဖီတုတ်တံတွေ အများကြီးရောင်းရတယ်လို့ လူစည်ကားလှတဲ့ မြောင်ဒုံတစ်ဝိုက်က ဆိုင်ရှင်တွေက ပြောပါတယ်။ လီကတော့ ပုံမှန် ၁၂ ခုအောက်လောက်တော့ ရောင်းရတယ်လို့ ဆိုပါတယ်။

"တကယ်တော့ ဒီပစ္စည်းတွေက အမြတ်အများကြီး မကျန်ပါဘူး။ ဆိုင်တွေက အများကြီးရှိနေတဲ့အတွက် စျေးသိပ်တင်ပြီး ရောင်းလို့မရပါဘူး" လို့ သူက ပြောပါတယ်။

သာမန် ဆဲလ်ဖီတုတ်တံမျိုးဆိုရင် ငါးဒေါ်လာအောက်လောက်ပဲ ပေးရပြီး ဘလူးတုသ်ပါတဲ့တုတ်တံတွေဆို ၂၅ ဒေါ်လာနဲ့ အထက်မှာရှိပါတယ်။

"ဆဲလ်ဖီ" (ကိုယ်တိုင်ဓာတ်ပုံရိုက်ခြင်း)ကို အောက်စ်ဖို့ဒ်အဘိဓာန်က ၂၀၁၃ ခုနှစ်မှာ ရွေးချယ်ခဲ့ပြီး ဒီစကားလုံးကို သြစတြေးလျအွန်လိုင်းဖိုရမ်တစ်ခုမှာ ၂၀၀၂ခုနှစ်က တီထွင်အသုံးပြုခဲ့တယ်လို့ ယူဆရပါတယ်။

ဒါပေမဲ့ တောင်ကိုရီးယားတွေကတော့ အဲဒီမတိုင်ခင်ကတည်းက ကိုရီးယားလို selca လို့ (Self နဲ့ Camera) ကို ပေါင်းပြီး ခေါ်ခဲ့ကြကြောင်းနဲ့ ၁၉၉၀ ပြည့်လွန်နှစ်ကတည်းက ဒီစကားလုံးကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြတယ်လို့ ဆိုကြပါတယ်။

ကိုယ်တိုင်ရိုက်ဓာတ်ပုံတွေဟာ ကိုရီးယားပေါ့ပ်တွေနဲ့အတူ အကြီးအကျယ်ခေတ်စားလာခဲ့တာပါ။ အနုပညာရှင်တွေ ပါဝင်တဲ့ ဆဲလ်ဖီပုံကို Ellen DeGeneres က ၂၀၁၄ ခုနှစ် အော်စကာပွဲမှာ ရိုက်ခဲ့ပေမယ့် ကိုရီးယားပေါ့ပ်စတားတွေကတော့ သူတို့ကိုယ်တိုင် ဓာတ်ပုံရိုက်ပြီး ပုံတွေကို တင်ကြတာကို အဲဒီနှစ်မတိုင်ခင် နှစ်တော်တော်ကြာကြာကတည်းက လုပ်ခဲ့ကြတာလို့ သိရပါတယ်။

■ (အေအက်ဖ်ပီ)

သီရိမင်းထွန်း ဘာသာပြန်သည်။

တယ်လီနောအသုံးပြုသူများကို ဖုန်းဘေလ် ဖြည့်ပေးရန် အီး-လုတ်ဆင်းကတ် အသုံးပြု

အောင်သူရ
aungthura.smith@gmail.com

တယ်လီနောဆင်းကတ် သုံးစွဲသူများအား ဖုန်းဘေလ်ဖြည့်တင်းပေးရန် ဖုန်းဆိုင်အများစုက အီး-လုတ်ဆင်းကတ်ကို (E-Load SIM) အသုံးပြုကာ ဖုန်းနံပါတ်ဖြင့် တိုက်ရိုက်ငွေဖြည့်တင်းပေးသည့် စနစ်ကို တဖြည်းဖြည်းသုံးစွဲလာကြကြောင်း ဖုန်းငွေဖြည့်ကတ် အရောင်းဆိုင်များက သိရသည်။

ဖုန်းသုံးစွဲသူအများစုသည် ပုံမှန်အားဖြင့် မိမိဖြည့်သွင်းလိုသည့် ငွေပမာဏအတိုင်း ဖုန်းငွေဖြည့်ကတ်ဝယ်ယူကာ ခဲခြစ်ပြီး လျှို့ဝှက်နံပါတ်များကို ဖုန်းတွင်း ရိုက်ထည့်ငွေဖြည့်လေ့ ရှိကြသည်။ သို့သော်နောက်ပိုင်းတွင် တယ်လီနောဖုန်းငွေဖြည့်ကတ် အရောင်းဆိုင်များက လာရောက် ငွေဖြည့်သွင်းသူ၏ ဖုန်းနံပါတ်နှင့် ဖြည့်သွင်းမည့် ပမာဏမေးပြီး E-load စနစ်ဖြင့် ငွေလွှဲပို့ကာ ဖုန်းဘေလ်ဖြည့်ပေးခြင်းဖြင့် ဝန်ဆောင်မှုပေးလာကြခြင်းဖြစ်သည်။

"တယ်လီနောက ဝန်ထမ်းလေးတွေ ဖုန်းငွေဖြည့်ကတ်တွေ လာချပေးတုန်းက သူတို့က အန်တီရဲ့ ဖုန်းထဲကို E-Load SIM ပေးတယ်။ ပြီးတော့ ဘယ်လို အသုံးပြုရတယ်ဆိုတာ သင်ပေးတယ်။ အဲဒါက ပိုအဆင်ပြေတာပေါ့။ နောက်ပြီး အန်တီတို့က ဆင်းကတ်ထဲမှာ ငွေတစ်သိန်းဖြစ်စေ၊ နှစ်သိန်းဖြစ်စေထည့်ထားရတယ်။ ဖုန်းဘေလ်ဖြည့်သွင်းမယ့် သူလာရင် အန်တီက သူ့ဖုန်းနံပါတ်ရယ် သွင်းလိုတဲ့ ပမာဏရယ် တောင်းလိုက်တယ်။ တစ်မိနစ်တောင် မကြာဘူး သူကို ဆင်းကတ်ကနေပြီး ချက်ချင်း ဖုန်းငွေဖြည့်ပေးလိုက်တယ်။ ရိုးရိုးလေးပဲ၊ ဒါပေမယ့်အကျိုးက ဝယ်တဲ့သူက ခဲခြစ်စရာမလိုတော့ဘူး၊ နံပါတ်ပျက်သွားမှာ စိုးရိမ်စရာတွေ မရှိတော့ဘူး"ဟု ဖုန်းငွေဖြည့်ကတ်များရောင်းချနေသော စတိုးဆိုင်က အမျိုးသမီးကြီးတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ တယ်လီနောမှာ ဆင်းကတ် နှစ်မျိုးရှိတယ်ဗျ။ သုံးစွဲသူတွေ ဖုန်းခေါ်ဆိုမှုတွေအတွက် စျေးကွက်ထဲ ရှိနေတာက Customer SIM တွေပါ။ E-Load SIM ကျတော့ သတ်သတ်ရှိတယ်။ အဲဒါက ကျွန်တော်တို့ရဲ့ Retailer တွေအတွက် သီးသန့်ပေးထားတာ။ အဲဒီဆင်းကို အသုံးပြုပြီးဖုန်း အချင်းချင်း ငွေဖြည့်လို့ရတယ်။ ငွေလွှဲလို့ရတယ်။ အဲဒီစနစ်တွေအားလုံးကလည်း ဒီ E-Load SIM ထဲမှာပဲ အလိုအလျောက်ပါ ထားပြီးသားပါ။ ဒါပေမဲ့ ကျွန်တော်တို့ ခုချိန်မှာတော့ E-Load SIM တွေ တင်မကပါဘူး။ Customer SIM တွေမှာပါ ဒီဝန်ဆောင်မှုတွေ သုံးလို့ရအောင် Application တွေ ရှိနေပါပြီ။ အန်းဒရွိုက်ရော အိုင်အိုအက်စ်ရော နှစ်မျိုးလုံးအတွက်ပါ ရှိတယ်" ဟု တယ်လီနော ကောလ်စင်တာက ကိုအောင်သူထက်က ပြောသည်။

Customer SIM အတွက် တယ်လီနော မြန်မာဟု နာမည်ပေးထားသော ဖုန်းဆော့ဖ်ဝဲရယူလိုပါက ဂူးဂဲလ်စတိုးတွင် အခမဲ့ဒေါင်းလုတ်ရယူနိုင်ကာ လက်တလောတွင် အဆိုပါဆော့ဖ်ဝဲကို ဒေါင်းလုတ်ဆွဲသူ ဦးရေ ၅,၀၀၀ ကျော်ရှိပြီ ဖြစ်သည်။ ■

အူရီဒူးက ဒီဇင်ဘာလကုန်တွင် လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအထိ ကွန်ရက်ဖြန့်ကြက်နိုင်ရန် မျှော်လင့်

အောင်ကျော်ညွှန့်
aungkyawnyunt28@gmail.com

အူရီဒူးမြန်မာက ယခုလအကုန်တွင် မြန်မာနိုင်ငံ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအထိ ၎င်းတို့၏ ဆက်သွယ်ရေး ကွန်ရက် ဖြန့်ကြက်နိုင်ရန် မျှော်လင့်ထားကြောင်း အူရီဒူးမြန်မာ၏ လူမှုဆက်ဆံရေးနှင့် ပြန်ကြားရေးအကြီးတန်း မန်နေဂျာ မသီရိကြာညိုက ပြောသည်။

"ကျွန်မတို့ ကွန်ရက်ဖြန့်ကြက်မှုကို လူဦးရေအားဖြင့် လွှမ်းခြုံနိုင်မှုအတိုင်းအတာကို ပြောရရင် ဩဂုတ်လ ၁၅ ရက်နေ့ အူရီဒူးရဲ့ ဝန်ဆောင်မှုတွေစတင် မိတ်ဆက်တဲ့ကာလတုန်းက မြန်မာပြည်လူဦးရေရဲ့ ၁၅ ရာခိုင်နှုန်း၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ၃၀ ရာခိုင်နှုန်းအထိ ဖြန့်ကြက်နိုင်ခဲ့ပြီးတော့ ဒီဇင်ဘာလအကုန်မှာ မြန်မာပြည်လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းကို ကွန်ရက် ဖြန့်ကြက်နိုင်ဖို့အတွက် မျှော်လင့်ထားပါတယ်" ဟုငင်းကပြောသည်။

ထို့အတူ ငါးနှစ်အတွင်းလူဦးရေ၏ ၉၇ ရာခိုင်နှုန်းကို ဝန်ဆောင်မှုပေးနိုင်ရန်အဆင်သင့်ဖြစ်နိုင်သည်ဟု ဆိုသည်။ အူရီဒူးကွန်ရက် အသုံးပြုသူများသည် နိုင်ငံပေါင်း ၆၄ နိုင်ငံသို့ ခေါ်ဆိုနိုင်ပြီ ဖြစ်သည်။

အူရီဒူး၏ဝန်ဆောင်မှုကို သုံးစွဲသူများကလည်း ယခုအခါတွင် ဖုန်းခေါ်ဆိုရာတွင် ကြည်လင်ပြတ်သားသည်အသံကိုကြားရပြီး အင်တာနက်မြန်နှုန်းကိုလည်း သဘောကျနှစ်သက်ကြောင်း ပြောသည်။

"အူရီဒူးက ဆင်းကတ်တွေ စရောင်းတုန်းကတော့ လိုင်းကလုံးဝသုံးလို့ မကောင်းဘူး။ အခုတော့ တော်တော်များများနေရာတွေမှာ ဖုန်းတွေခေါ်လို့ တော့်ရနေပြီ။ အသံကြည်လည်းကြည်တယ်" ဟု မိုဘိုင်းဖုန်းသုံးစွဲသူဦးကျော်သက်က ပြောသည်။

အူရီဒူးဆင်းကတ်များ စတင်ရောင်းချချိန်ဖြစ်သည့် ဩဂုတ်လတွင် ဖုန်းခေါ်ဆိုမှုအခက်အခဲများရှိခဲ့သောကြောင့် သုံးစွဲသူများ၏ ယုံကြည်မှု လျော့နည်းခြင်း ခံခဲ့ရသည်။ ■



Business

ရေနံကုမ္ပဏီကြီးများ၏ ကမ်းလွန်ရေနံတူးစင်များ မြန်မာနိုင်ငံသို့

အောင်ရှင်
koshumgtha@gmail.com

ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းသည် လုပ်ငန်းသဘောတရားအရ ရှုပ်ထွေးသည့်နည်းတူ စီးပွားရေးအရလည်း များစွာစွန့်စားရသည့် လုပ်ငန်းဖြစ်သည့်အလျောက် ကမ်းလွန်ရေနက်ပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းမှာ နည်းပညာပိုင်းအရ အခက်အခဲများစွာရှိပြီး ရင်းနှီးမြှုပ်နှံမှုစရိတ်စကလည်း ကြီးမြင့်လှသည်။

ဥပမာ - ရေနက်ပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်း၏ တစ်နေ့တာကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ တစ်သန်းအထိရှိသဖြင့် စီးပွားရေးလုပ်ငန်းများအနက် အစွန့်စားရဆုံးသော လုပ်ငန်းအမျိုးအစားတစ်ခုလည်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေနက်ပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းအတွေ့အကြုံ များစွာနှုန်းသေးသည့် နိုင်ငံဖြစ်ပြီး ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ် လက်ရှိထုတ်လုပ်နေသော စီမံကိန်းများဖြစ်သည့် ရတနာ၊ ရဲတံခွန်၊ ရွှေနှင့် ဇော်တိကတို့မှာ ရေတိမ်ပိုင်းလုပ်ကွက်များသာ ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနက ကမ်းလွန်လုပ်ကွက်ပေါင်း ၃၀ အတွက် ပထမဆုံး အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခြင်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလအတွင်း ကြေညာခဲ့ရာ ရေနက်ပိုင်းလုပ်ကွက် ၁၉ ခုအထိ ပါဝင်ခဲ့သည်။ ပထမဆုံးအကြိမ် တရားဝင်ခေါ်ယူသည့် ကမ်းလွန်တင်ဒါကို နိုင်ငံတကာကုမ္ပဏီပေါင်း ၆၈ ခုက စိတ်ဝင်စားမှုအဆိုပြုလွှာများ ပေးပို့ခဲ့သည်။ ကမ်းလွန်လုပ်ကွက် ၃၀ အနက် ရေတိမ်ပိုင်းလုပ်ကွက် ၁၀ ခုနှင့် ရေနက်ပိုင်းလုပ်ကွက် ၁၀ ခုတို့အတွက် ရွေးချယ်ခံထားရသည့် နိုင်ငံတကာကုမ္ပဏီများစာရင်းကို ၂၀၁၄ ခုနှစ်၊ မတ်လတွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

မြန်မာ့ကမ်းလွန်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတကာကုမ္ပဏီများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ထုတ်လုပ်မှုအပေါ် ခွဲဝေရေးစာချုပ်များ ယခုသီတင်းပတ်တွင် စတင်ချုပ်ဆိုကြတော့မည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေနက်ပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး ခေတ်သစ်ကို စတင်နိုင်ရန် နိုင်ငံတကာကုမ္ပဏီများလည်း ပြင်ဆင်နေပြီဖြစ်သည်။

> ကျွန်တော်တို့ ဆွေးနွေးနေတာတော့ အများကြီးပါပဲ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ခိုင်မာသထက် ခိုင်မာအောင် သေချာသထက်သေချာအောင်

အရပ်သားအစိုးရလက်ထက်တွင် ပထမဆုံးအကြိမ် တရားဝင်ခေါ်ယူခဲ့သည့် ကမ်းလွန်ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ကွက်တင်ဒါသို့ ကမ္ဘာကျော်ရေနံကုမ္ပဏီကြီးများလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ကမ္ဘာ့ထိပ်သီးရေနံကုမ္ပဏီကြီးတစ်ခုဖြစ်သည့် နယ်သာလန်နိုင်ငံအခြေစိုက် Shell သည်လည်း ရေနက်ပိုင်းလုပ်ကွက်များဖြစ်သည့် AD-9 ၊ AD-11 နှင့် MD-5 တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားရသည်။ ၎င်းနှင့်တွဲဖက်၍ ဂျပန်နိုင်ငံမှ MOECO က ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားမည် ဖြစ်သည်။

ကမ္ဘာနှင့်အဝှမ်း ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည့် Shell သည် မြန်မာအစိုးရနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေရေး စာချုပ်များ ချုပ်ဆိုရန် အသေးစိတ် ညှိနှိုင်းလျက်ရှိသည်။

"ကျွန်တော်တို့ ဆွေးနွေးနေတာတော့ အများကြီးပါပဲ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ခိုင်မာသထက်ခိုင်မာအောင် သေချာသထက်သေချာအောင် ကျွန်တော်တို့ ဆွေးနွေးနေတာတော့ အများကြီးပါပဲ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ခိုင်မာသထက်ခိုင်မာအောင် သေချာသထက်သေချာအောင် ကျွန်တော်တို့ ဆွေးနွေးနေတာပါ။ အစိုးရရဲ့ လက်ရှိထုတ်လုပ်မှုအပေါ် ခွဲဝေရေးစာချုပ်ပါ အချက်အလက်အသေးစိတ်တွေကို ရှင်းရှင်းလင်းလင်းနားလည်ဖို့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်" ဟု Shell ၏ အာရှနှင့် ဩစတြေးလျဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဂရေမီစမစ်က ပြောသည်။

ထုတ်လုပ်မှုအပေါ် ခွဲဝေရေးစာချုပ်များ ချုပ်ဆိုလိုက်သည်နှင့် Shell နည်းတူ အခြားကုမ္ပဏီကြီးများလည်း မြန်မာ့ကမ်းလွန်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စတင်ပြင်ဆင်ရတော့မည် ဖြစ်သည်။ မြန်မာ့ကမ်းလွန်ရေနက်ပိုင်းမှာ ဟိုက်ဒရိုကာဗွန်ခိုအောင်း ပမာဏသိရှိနိုင်ရန် အမေရိကန်ဒေါ်လာ ဘီလျံနှင့်ချီကာ ရင်းနှီးမြှုပ်နှံရတော့မည်လည်း ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသည့် ရေနက်ပိုင်းလုပ်ကွက်များ၏ သဘောကို နားလည်သိရှိနိုင်စေရန် Shell ကုမ္ပဏီက မြန်မာတိုင်း(မ်)အပါအဝင် ဒေသတွင်း မီဒီယာသမားများကို လေ့လာခရီးစဉ်အဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ ဖိတ်ခေါ်ခဲ့သည်။ အရှေ့တောင်အာရှဒေသသို့ Shell က ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့သည်မှာ ရာစုနှစ် တိုင်ခဲ့ပြီဖြစ်သည်။ ဖိလစ်ပိုင်ပင်လယ်တွင်ရှိသော 'မလန်ပါယာ' ရေနက်ပိုင်း စီမံကိန်းမှာ Shell က လုပ်ကိုင်နေသည့် စီမံကိန်း အဖြစ် Shell ကုမ္ပဏီက ၄၅ ရာခိုင်နှုန်း၊ Chevron ကုမ္ပဏီက ၄၅ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းက ၁၀ ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ထားကြသည်။

"မလန်ပါယာ စီမံကိန်းဟာ ပုဂ္ဂလိကစနစ်နဲ့ အများပိုင်လုပ်တဲ့နေရာမှာ PPP System အကောင်းဆုံး နမူနာတစ်ခုပါပဲ။ ဒီစီမံကိန်းကြောင့် ဖိလစ်ပိုင်နိုင်ငံရဲ့ ပြည်ပလောင်စာဆီတင်သွင်းမှုပမာဏ ၃၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ခဲ့ပါတယ်" ဟု Shell Philippines ၏ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာဆီဘက်စတိန်းကွိန်ရိုနိုက ပြောသည်။

ဖိလစ်ပိုင်နိုင်ငံအတွက် မလန်ပါယာ စီမံကိန်းမှ ၂၀၁၄ ခုနှစ်၊ ဇွန်လအထိ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ ဘီလျံ ဝင်ငွေရရှိခဲ့ပြီး၊ ဒေသခံဖိလစ်ပိုင်လူမျိုး ၁,၄၀၀ ခန့်ကိုလည်း တိုက်ရိုက်အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့ကြောင်းလည်း ၎င်းကပြောသည်။

မလန်ပါယာ စီမံကိန်းတစ်ခုတည်းဖြင့်ပင် ဖိလစ်ပိုင်နိုင်ငံ အခွင့်အရေးများစွာ ရရှိခံစားခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများပါ ရရှိခဲ့ပြီး အဆင့်မြင့်နည်းပညာနှင့် အခြားဝန်ဆောင်မှုလုပ်ငန်း အတွေ့အကြုံများစွာကိုလည်း လွှဲပြောင်းရယူနိုင်ခဲ့သည်။

ဖိလစ်ပိုင်ပင်လယ်တွင်းရှိ 'မလန်ပါယာ' ရေနက်ပိုင်း ရေနံနှင့်သဘာဝ ဓာတ်ငွေ့စီမံကိန်းရှိ ရေနံ

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂,၇၀၀ နှင့်ညီမျှသော သဘာဝဓာတ်ငွေ့ပမာဏကို နေ့စဉ်ထုတ်လုပ်ပေးနေသည့် စီမံကိန်းလည်း ဖြစ်သည်။

မလန်ပါယာစီမံကိန်းကို ဖိလစ်ပိုင် အစိုးရ၏ စွမ်းအင်ဦးစီးဌာန ဦးဆောင်မှုဖြင့် Shell ကုမ္ပဏီက အဓိကလုပ်ကိုင်သူအဖြစ် အကောင်အထည်ဖော်သူအဖြစ် လုပ်ကိုင်နေခြင်းဖြစ်သည်။ မလန်ပါယာစီမံကိန်း ရှယ်ယာရှင်များအဖြစ် Shell ကုမ္ပဏီက ၄၅ ရာခိုင်နှုန်း၊ Chevron ကုမ္ပဏီက ၄၅ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းက ၁၀ ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ထားကြသည်။

ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းခွင်သည် အလွန် အန္တရာယ်များပြားခြင်းကြောင့် နည်းပညာနှင့် လေ့ကျင့်သင်ကြားပေးမှုက များစွာအရေးကြီးသည့် လုပ်ငန်းလည်းဖြစ်ပြီး ကမ်းလွန်ရေနံတူးစင်တွင် အလုပ်လုပ်ကိုင်မည့် သူများ၏ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများ စိတ်ချနိုင်စေရန် အထူးဂရုပြုသင်တန်းများပေးကြောင်း မလန်ပါယာစီမံကိန်း၊ ကမ်းလွန်ရေနံတူးစင်မှ တာဝန်ရှိသူ မစ္စတာရေးမရီတာစီယိုက ပြောသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးသည် Shell ၏ အရေးကြီးဆုံး ဦးစားပေးမူဝါဒဖြစ်သကဲ့သို့ သက်ဆိုင်ရာဝန်ထမ်းများကလည်း စည်းမျဉ်းစည်းကမ်းများကို အတိအကျလိုက်နာရန် ပြဋ္ဌာန်းထားကြောင်း ၎င်းက ပြောသည်။

ခေတ္တခဏ လာရောက်လေ့လာသည့် မီဒီယာသမားများအတွက်ပင် ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် ဟယ်လီကော်ပတာ မတော်တဆဖြစ်မှုအတွက် အရေးပေါ် ကယ်ဆယ်ရေးသင်တန်းများကို မဖြစ်မနေ တက်ရောက်စေခဲ့သည်အထိ လုံခြုံရေးပိုင်းကို သေချာစွာ ဆောင်ရွက်ခဲ့သည်။

မလန်ပါယာစီမံကိန်းသည် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းဒေသတွင် ပလာဝမ်ကျွန်းမှ ကီလိုမီတာ ၈၀ ကျော်အကွာတွင် တည်ရှိသည်။ မလန်ပါယာစီမံကိန်းအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးတွင်း ခုနစ်တွင်း တူးဖော်ခဲ့ရာတွင် ပင်လယ်ကြမ်းပြင်အောက် မီတာ ၃,၀၀၀ အနက်တွင် ခိုအောင်းသဘာဝဓာတ်ငွေ့ပမာဏကုဗပေ ၂ဒသမ၇ထရီလျံနှင့်

ဖိလစ်ပိုင်ပင်လယ်တွင်းရှိ 'မလန်ပါယာ' ရေနက်ပိုင်း ရေနံနှင့်သဘာဝ ဓာတ်ငွေ့စီမံကိန်းမှ ရေနံတူးစင်ပေါ်ရှိ လုပ်ငန်းဝန်ထမ်းကို တွေ့ရစဉ်။
ဓာတ်ပုံ-အောင်ရှင်

အများမျှော်လင့်နေတဲ့ နိုင်ငံတွင်း လျှပ်စစ်မာတ်အား လုံလောက်ဖို့ဆိုရင် ဘယ်လိုရှေ့ဆက်သွားကြမလဲ
BUSINESS 26

ဈေးနှုန်းမတည်ငြိမ်ခြင်းက ဆန်ဈေးကွက်ကို ကမောက်ကမ ဖြစ်စေ
BUSINESS 29

ရောက်ရှိလာတော့မည်

တူးစင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-Shell

အပေါ့စားရေနံစိမ်းပမာဏ စည်ပေါင်း ၈၅ သန်းရှိနိုင်ကြောင်း ခန့်မှန်းထားပြီး ဖြစ်သည်။

၂၀၀၁ ခုနှစ်တွင် စီးပွားဖြစ်စတင် ထုတ်လုပ်ခဲ့သည့် မလန်ပါယာစီမံကိန်းသည် သက်တမ်း ၁၃ နှစ်ခန့်ရှိလာပြီဖြစ်သည့် ယနေ့အချိန်ထိ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေသန်းပေါင်း ၄၀၀ ခန့်ပုံမှန် ထုတ်လုပ်နေဆဲ ဖြစ်သည်။ လက်ရှိတွင် ရှာဖွေရေးတွင်း ငါးတွင်းမှ ပုံမှန်ထုတ်လုပ်နေပြီး၊ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်း ထုတ်ယူမှုကို ဈေးကွက်လိုအပ်ချက်

> မလန်ပါယာ စီမံကိန်းဟာ ပုဂ္ဂလိကစနစ်နဲ့ အများပိုင် လုပ်တဲ့နေရာမှာ PPP System အကောင်းဆုံး နမူနာတစ်ခုပါပဲ။ ဒီစီမံကိန်း ကြောင့် ဖိလစ်ပိုင်နိုင်ငံရဲ့

အတိုင်းသာ ထိန်းညှိထုတ်ယူကြောင်း တာဝန်ရှိသူများက ပြောသည်။

“လက်ရှိ ထုတ်လုပ်မှုပမာဏကို ထိန်းနိုင်ဖို့ အခုဆိုရင် စီမံကိန်းဖွံ့ဖြိုးမှုအဆင့် သစ်တွေအတွက် ကျွန်တော်တို့ပြင်ဆင်နေပါတယ်။ ထုတ်လုပ်ရေးပလက်ဖောင်း အသစ်တွေကို ၂၀၁၅ ခုနှစ်အမီ တပ်ဆင်နိုင်ဖို့ ဆောင်ရွက်နေပါတယ်” ဟု မစ္စတာ ရေးမရှိတာစီယိုက ပြောပါတယ်။

မလန်ပါယာစီမံကိန်းမှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ကုန်းပေါ် အရောက် တင်ပို့နိုင်ရန် ရေအောက် ပိုက်လိုင်းတည်ဆောက်သည့် နေရာတွင် သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုအမွေ အနှစ်နှင့် ပဋိပက္ခဖြစ်ပွားရာဒေသများကို ရှောင်ကွင်းတည်ဆောက်ရသည့်အတွက် ပုံမှန်ထက်ရှည်လျားသည့် ပိုက်လိုင်း ဖြစ်သည်။ မလန်ပါယာသဘာဝဓာတ်ငွေ့ ပိုက်လိုင်း၏ စုစုပေါင်းအရှည်မှာ ၅၀၄ ကီလိုမီတာ ရှိသည်။

ကမ္ဘာ့ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် အထင်ကရမှတ်တိုင်များဖြစ်သည့် မက္ကဆီကိုပင်လယ်ကွေ့ရှိ ကမ္ဘာ့အမြင့်ဆုံး ကမ်းလွန်ရေနံတူးစင်နှင့် နော်ဝေနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံးကွန်ကရစ် အမျိုးအစား ရေနံတူးစင်များကိုလည်း Shell ကုမ္ပဏီကတည်ဆောက်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ကမ်းလွန်ရေနက်ပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းတွင် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီ တစ်ခုဖြစ်သည့် Shell ကုမ္ပဏီသည် အရှေ့တောင်အာရှဒေသအတွင်း ဖိလစ်ပိုင်၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့တွင် လက်ရှိ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက် ရှိသည်။

မကြာမီကာလအတွင်း မြန်မာနိုင်ငံ၏ ကမ်းလွန်ပိုင်းလုပ်ကွက်များတွင် Shell ကဲ့သို့ကမ္ဘာ့ထိပ်သီး ရေနံကုမ္ပဏီကြီးများ၏ အဆင့်မြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေး နည်းပညာများနှင့်အတူ ရေနက်ပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစင်ကြီးများလည်း ပေါ်ပေါက်လာတော့မည် ဖြစ်သည်။ ■

ယာဉ်ကြောပိတ်ဆို့မှုကိုဖြေရှင်းရန် တစ်ဦးချင်း ကားတင်သွင်းခွင့်ကို ပိတ်သွားမည် မဟုတ်

အေးငြိမ်းဝင်း
ayenyeinwin.mcm@gmail.com

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုများနှင့် ပတ်သက်၍ အခြားနည်းများဖြင့်သာ ဖြေရှင်းသွားမည်ဖြစ်ပြီး ကားတင်သွင်းခွင့်ကိုမူ ရပ်ဆိုင်းသွားမည် မဟုတ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးပွင့်ဆန်းက နိုဝင်ဘာ ၃၀ ရက်က ပြောသည်။

ရန်ကုန်မြို့ နေရာအနှံ့တွင် ဖြစ်ပွားလျက်ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများမှာ တစ်နေ့တခြား ပိုမိုဆိုးရွားလာသည့်အတွက် ကားတင်သွင်းခွင့်ကို ရပ်ဆိုင်းခြင်းမပြုပါက ယခုထက် ပိုမိုဆိုးရွားလာနိုင်ကြောင်း ပြောဆိုသည်များရှိလာသည့်အတွက် ယာဉ်ကြောပိတ်ဆို့ရသည့် အကြောင်းရင်းများကို ဝိုင်းဝန်းအဖြေရှာရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်သူများနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မော်တော်ယာဉ်ရောင်းဝယ်ရေးသင်းနှင့် တစ်ဦးချင်း တစ်နိုင်တစ်ပိုင်ရောင်းချသူများ ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

“ရန်ကုန်မြို့မှာ ယာဉ်ကြောကြပ်တည်းတာ မှန်ပါတယ်။ ဒါပေမဲ့ ကားတင်သွင်းခွင့်ကို ပိတ်သွားမှာမဟုတ်ပါဘူး။ အများပြောနေသလို ဖရီးပါမစ်တွေပိတ်မယ်၊ အရောင်းစင်တာတွေကို ကန့်သတ်မယ်၊ တစ်ဦးချင်းဝယ်ရောင်းတွေကို ကန့်သတ်မယ်ဆိုတာမျိုး လုပ်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ လက်ရှိကျင့်သုံးနေတဲ့ ကားတင်သွင်းမှုပုံစံကို ပိုပြီးတော့ စနစ်တကျဖြစ်လာအောင် ပိုကောင်းတဲ့နည်းလမ်းတွေနဲ့ ဘယ်လိုလုပ်သွားမလဲဆိုတာကိုပဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်” ဟု ဦးပွင့်ဆန်းက ပြောသည်။

ကားအရောင်းစင်တာများနှင့် ရောင်းဝယ်ရေးစနစ်များ မြို့တွင်း၌ တည်ရှိနေခြင်းကလည်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်စေသည့် အကြောင်းတရားများတွင် ပါဝင်နေသည့် အတွက် ၎င်းတို့ကိုလည်း ဖြေရှင်းသွားရန် လိုကြောင်း တင်ပြခဲ့ကြသည်။

“သီရိမင်္ဂလာဈေးနဲ့ ဘာတာယာဉ်ရောင်းဝယ်ရေးစခန်းမှာ ကားအစီးရေ နှစ်ထောင်ကျော်ရှိတယ်။ အဲဒီ အစီးနှစ်ထောင်ကျော်က အရင်က ညအိပ်လို့ရတယ်။ နောက်ပိုင်းမှာ ကားအရောင်းပြခန်း တချို့ကလူတွေက စခန်းမှာ ကားတွေလာထားတာ သူတို့အတွက် အခက်အခဲရှိတယ်လို့ ပြောတဲ့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ကားတွေကိုညအိပ်မထားတော့ဘူး။ မနက်ဆို ၆ နာရီဆို ဖွင့်ပေးမယ်။ ညနေဆို ၆ နာရီဆို ပြန်သိမ်းခိုင်းတယ်။ နေ့စဉ်နဲ့အမျှ ရန်ကုန်မြို့ထဲက အသီးသီးသောကားတွေ ဝင်ကြထွက်ကြဆိုတော့ ယာဉ်ကြောပိတ်ဆို့မှုက ပိုဆိုးလာတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို ညအိပ်ပြန်ထားပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်။ တစ်နိုင်တစ်ပိုင် ရောင်းဝယ်တဲ့နေရာတွေကိုလည်း မြို့ပြင်ထုတ်ပေးလိုက်ပြီး နိုင်ငံတကာအဆင့်မီ ကားဝယ်ရောင်းစခန်း ထားပေးလိုက်ရင် ပိုကောင်းပါတယ်” ဟု မြန်မာနိုင်ငံ မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဝင်းက ပြောသည်။

မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ အထူးသဖြင့် တစ်ဦးချင်းတင်သွင်းမှုတွင် အလွဲသုံးမှုများရှိသည့်အတွက် တချို့က သန်းခေါင်စာရင်းများကို ကျပ် ၅၀,၀၀၀ ခန့်နှင့်ငှားရမ်းကာ ကားများ အများအပြားတင်သွင်းမှုများမှာ ယာဉ်ကြောပိတ်ဆို့မှုကို ထိခိုက်စေရုံမက ဒေါ်လာဈေးကြီးမြင့်မှုကိုပါ ဖြစ်လာစေသည်ဟု ယူဆကာ တစ်ဦးချင်း ဘဏ်စာရင်းဖွင့်မှုများကို ခေတ္တရပ်ဆိုင်းထားရန် နိုင်ငံတော်ဗဟိုဘဏ်က တားမြစ်မှုများ ရှိခဲ့သည်။

“ကျွန်တော်တို့အနေနဲ့လည်း ကားတင်သွင်းခွင့်ကို မပိတ်စေချင်ပါဘူး။ ဒေါ်လာဈေးတက်ရတဲ့အကြောင်းမှာ ကားတွေတင်သွင်းလို့ဆိုတာလည်းပါတယ်ဆိုပြီး ဗဟိုဘဏ်က တစ်ဦးချင်းအကောင့်တွေဖွင့်တာကို ဆိုင်းငံ့ပါဆိုပြီးတော့ ပုဂ္ဂလိကဘဏ်တွေကို ပြောတယ်။ ဒီအသံက တဖြည်းဖြည်းကျယ်လာတဲ့အခါ တဖြည်းဖြည်းနဲ့ ကားတင်သွင်းခွင့်က ပိတ်တော့မလိုဖြစ်လာတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုလည်း ထောက်ပြလာတယ်။ ကျန်တဲ့ဝန်ကြီးဌာနတွေကလည်း ပါလာတယ်။ အဲဒီအခါကျရင် ဖရီးပါမစ် လုံးဝပိတ်လိုက်တယ်ဆိုတာမျိုး ထွက်လာမှာစိုးလို့ပါ။ ကျွန်တော်တို့လို ကားတင်သွင်းတဲ့သူတွေက သန်းခေါင်စာရင်းတွေငှားပြီး ကားသွင်းတဲ့ကိစ္စမျိုးကို မပြင်ဘူးဆိုရင် ဒီထက်ပိုဆိုးလာမှာဖြစ်ပါတယ်” ဟု မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

ရန်ကုန်မြို့တွင်ရှိသော ကားအရေအတွက်မှာ အမှန်တကယ်အားဖြင့် များသည်ဟုမဆိုနိုင်သေးဘဲ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းကို ပိုမိုစိစစ်သင့်ကြောင်းလည်းဝေဖန်မှုများ ရှိလာခဲ့သည်။

“တိုးတက်လာတဲ့ခေတ်မှာ ကန့်သတ်မယ် ပိတ်ဆို့မယ်ဆိုတာ မဖြစ်သင့်ပါဘူး။ ယာဉ်မောင်းလိုင်စင်ထုတ်ပေးတဲ့နေရာမှာ ပိုပြီး စိစစ်သင့်တယ်” ဟု ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

လက်ရှိတွင် အရောင်းစင်တာပေါင်း ၁၈၆ ခုဖွင့်လှစ်ထားပြီးဖြစ်ကာ ရန်ကုန်တွင် ၁၇၀၊ မန္တလေးတွင် ၁၂ ခု နှင့် နေပြည်တော်တွင် လေးခုရှိပြီး ခြောက်လအတွင်း လုပ်ငန်းဆောင်ရွက်ခြင်းမရှိသော အရောင်းစင်တာ ၅၁ ခုရှိသည်။ ကားအသစ်အရောင်းစင်တာပေါင်းမှာလည်း ၁၄ ခုရှိသွားပြီဖြစ်သည်။ ■

မြန်မာတိုင်းမြေ ဒီဇင်ဘာ ၅ - ၁၁၊ ၂၀၁၄

ပြည်တွင်းလျှပ်စစ်ဓာတ်အား လုံလောက်ဖို့ ဘယ်လိုရှေ့ဆက်မလဲ

အမ်ဂရေစ်လင်း

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရွှေကျင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ စီမံကိန်းနေရာကို ၂၀၁၁ ခုနှစ်အတွင်းက တွေ့ရစဉ်။ ဓာတ်ပုံ-မြန်မာတိုင်း(မ်)

လျှပ်စစ်ဓာတ်အားသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် မောင်းနှင်အား တစ်ခု ဖြစ်သည်။ လူတစ်ဦးချင်း၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုအခြေအနေသည် ထိုနိုင်ငံ၏ လူနေမှုအဆင့်အတန်းကို ပြဆိုနေသည်။ ၂၀၁၁ က ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ ကြေညာချက်အရ မြန်မာနိုင်ငံ၏ တစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၁၁၀ ကီလိုဝပ်နာရီ (ယူနစ်) သာရှိပြီး ၎င်းမှာ အိမ်နီးချင်း ထိုင်းနိုင်ငံရှိ တစ်ဦးချင်းသုံးစွဲမှု၏ ၄ ဒသမ ၇ ရာခိုင်နှုန်းကျော်ကျော်သာ ရှိသည်။

တစ်ဖက်တွင် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကို ရှောင်ရှားနိုင်ရန် အရေးကြီးသကဲ့သို့ တစ်ဖက်မှာလည်း နိုင်ငံသူနိုင်ငံသားများ၏ ဆင်းရဲနွမ်းပါးမှုကိုတိုက်ဖျက်နိုင်ရန်နှင့် လူနေမှုအဆင့်အတန်းမြင့်စွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရန်တို့မှာလည်း မြန်မာပြည်ကဲ့သို့ ဖွံ့ဖြိုးဆဲတိုင်းပြည်များအတွက် အဓိကကြုံတွေ့နေရသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

"တစ်ပြည်လုံးကို လျှပ်စစ်စွမ်းအားပေးဖို့ဆိုတာ စနစ်တစ်ခုလိုတယ်။ အဲဒီစနစ်ပေါ်မှာ မူတည်ပြီး လုံခြုံစိတ်ချရတဲ့၊ လျှပ်စစ်ဓာတ်အား အပြတ်အတောက်မရှိတဲ့၊ အရည်အသွေးကောင်းတဲ့ လျှပ်စစ်ဓာတ်အားမျိုး၊ ဆိုလိုတာက ဓာတ်အားအတက်အကျမရှိတဲ့ လျှပ်စစ်ဓာတ်အားမျိုးရဖို့ဆိုတာ စွမ်းအင်အရင်းအမြစ်တွေ အများကြီးလိုတယ်။ အဲဒီလိုရဖို့ အားလုံးပေါင်းပြီးတော့မှပဲ ပေးလို့ရမယ်။ တစ်ခုတည်း ပေးလို့မရဘူး။ တစ်ခုချင်းစွမ်းအင်အနေနဲ့ ဆိုရင်တော့ ပတ်ဝန်းကျင်ကို ထိခိုက်မှု မဖြစ်စေတဲ့ သန့်ရှင်းတဲ့ green energy ဆိုတာ သုံးလို့ရတယ်။ တစ်နိုင်ငံလုံးအနေနဲ့ ဆိုရင်တော့ ကမ္ဘာပေါ်မှာ ဘယ်မှာမှ တစ်ခုတည်းသော clean energy system ဆိုတာ မရှိဘူး" ဟု ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ပြောသည်။

အထူးသဖြင့် နိုင်ငံအတွင်းလျှပ်စစ်ဓာတ်အား မလုံလောက်မှုပြဿနာ ကြီးမားစွာရှိနေသည့် မြန်မာနိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Green Energy) တစ်ခုတည်းဖြင့် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အကောင်အထည်ဖော်ရန် အဆင်မပြေနိုင်ကြောင်း ၎င်းကပြောသည်။

"Green Energy ကို အဓိပ္ပာယ်ဖွင့်ရမယ် ဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက် မထွက်တဲ့ ဟာပေါ့။ ပိုမိုကျယ်ပြန့်အောင် ပြောရရင် Green House Gas မထုတ်တဲ့ စွမ်းအင်ထုတ်လုပ်မှု အမျိုးအစားကို ခေါ်တာပါ။ အဲဒီလိုပြောမယ်ဆိုရင် ရေအားလျှပ်စစ်ပါမယ်။ လေစွမ်းအင်ပါမယ်။ ဆိုလာလို့ခေါ်တဲ့ နေစွမ်းအင်ပါမယ်။ နောက်ပြီးတော့ ဒီရေကနေထုတ်တဲ့ စွမ်းအင်တို့ဘာတို့လည်း ရှိတာပေါ့" ဟု ဦးဝင်းကျော်က ပြောသည်။

မည်သို့ပင်ဖြစ်စေ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင်ပါဝင်သည့် စွမ်းအင်အမျိုးအစား အားလုံးနီးပါး မြန်မာပြည်တွင် ထုတ်လုပ်နိုင်ပြီး မြန်မာပြည်လျှပ်စစ်စွမ်းအင်လိုအပ်ချက်အတွက် ဖြည့်စွမ်းပေးနိုင်သည့် အလားအလာများစွာရှိကြောင်း စွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲကော်မတီဥက္ကဋ္ဌ အငြိမ်းစား ဗိုလ်မှူးကြီးသောင်းဝင်းက ပြောသည်။

"အားလုံး အကြီးစားစီးပွားဖြစ်ထုတ်လုပ်နိုင်တဲ့ ကော်မာရှယ်စကေး အဆင့်အထိ သွားလို့ ဖြစ်နိုင်ပါတယ်။ မြန်မာပြည်အတွက် ဘယ်ဟာက အကောင်းဆုံးလဲမေးရင်တော့ ရေအားအတွက်ကတော့ အပြည့်အဝရှိတယ်။ ကနေ့ ယိုးဒယားနိုင်ငံမှာသုံးနေတာ ၄,၅၀၀ မဂ္ဂါဝပ်လောက်ပဲ ရှိပါသေးတယ်။ ယိုးဒယားလောက် သုံးနိုင်ဖို့ကို ရေအားလျှပ်စစ်တစ်ခုတည်းနဲ့ ရနိုင်တယ်။ အဲဒါကတော့ အကြီးရော အသေးပါပါတယ်။ နိုင်ငံတော်မှာလည်း စီမံကိန်းတွေ ရှိတယ်။ ဒီစီမံကိန်းတွေ အကောင်အထည်ဖော်မလား မဖော်ဘူးလား ဆိုတာကတော့ ငြင်းခုန်ဆွေးနွေးမှု လုပ်ရမှာပဲ။ ဟိုက်ဒရိုနဲ့ ပတ်သက်လို့ ကမ္ဘာ့ဘဏ်ကတော့ အနည်းဆုံး သက်ရောက်မှုနဲ့ လုပ်ပါလို့ ပြောတယ်။ ကြီးတယ် ငယ်တယ်လို့ရယ် မဟုတ်ဘူး။ သူ့ကို ထိန်းသိမ်းနိုင်ရမယ်ပေါ့။ Environmental Impact Assessment လို့ခေါ်တဲ့ ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း၊ Social Impact Assessment လို့ခေါ်တဲ့ လူမှုရေးရာထိခိုက်မှုစစ်တမ်းတို့ဆိုတာ မစခင်လုပ်ရမယ်။ အဲဒီအချိန်မှာ အလုံးစုံပွင့်လင်းမြင်သာမှု ရှိရမယ်။ နိုင်ငံတကာအသိအမှတ်ပြုတဲ့ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေ၊ တကယ့်ပညာရှင်တွေပါတဲ့အဖွဲ့တွေနဲ့ လုပ်ရမယ်" ဟု ၎င်းကပြောသည်။

လက်ရှိမြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တပ်ဆင်ထားသည့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှု ၄,၀၀၀ မဂ္ဂါဝပ်ရှိသည့်အနက် အမှန်တကယ်အသုံးပြုနေသည့် ပမာဏမှာ ၂,၅၀၀ မဂ္ဂါဝပ်ခန့်သာ ရှိသည်။ အနာဂတ်တွင် မြန်မာတစ်နိုင်ငံလုံး ထုတ်ယူသုံးစွဲနိုင်သည့် ရေအားလျှပ်စစ်ပမာဏမှာ ၁၀၈,၀၀၀ မဂ္ဂါဝပ်ရှိကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။ ယင်းပမာဏအနက် လက်တွေ့ကျကျ လေ့လာဆန်းစစ်ချက်များအရ အမှန်တကယ် ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားသည့် စီမံကိန်းများအရ ထုတ်လုပ်နိုင်မည့် ဓာတ်အားပမာဏမှာ ၄၆,၀၀၀ မဂ္ဂါဝပ်ရှိကြောင်း ဖော်ပြထားသည်။

"တကယ်လုပ်မယ်ဆိုရင် မြန်မာပြည်မှာ လိုအပ်နေတဲ့ လျှပ်စစ်မီးအတွက် ရေအားလျှပ်စစ်နဲ့ကိုပဲ နောက်ထပ် ၁၂ ဆ လောက် သုံးလို့ရတယ်။ လောလောဆယ်က နွေရာသီမှာ ရေမရှိတာတွေကြောင့် တခြားဂက်စ်တာဘိုင်တွေကလည်း တစ်နှစ်နဲ့ တစ်နှစ် ၅၀၀ မီဂျာဝပ်လောက်ဖြတ်ပစ်ရတယ်။ တစ်နိုင်ငံလုံး လျှော့သုံးရတာပေါ့။ ဥပမာ - တစ်နှစ်လုံး ပုံမှန် ၂,၅၀၀ မဂ္ဂါဝပ်လောက်ပေးနေရင် နွေရာသီဆို ၂,၀၀၀ မဂ္ဂါဝပ်လောက်ပဲ ပေးနိုင်တော့တယ်" ဟု အငြိမ်းစားဗိုလ်မှူးကြီးသောင်းဝင်းက ပြောသည်။

မြန်မာနိုင်ငံ တာတမံကြီးများကော်မတီ (Myanmar National Committee on Large Dams) ဒုတိယ အထွေထွေ အတွင်းရေးမှူး ဦးဗစ်တာကလည်း လျာထား ထားသည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးသည် တိုင်းပြည်ရေရှည်ဖွံ့ဖြိုးရေးအတွက် အရေးပါသကဲ့သို့ တည်ဆောက်ပြီးဓာတ်အား ထုတ်လုပ်မှုအပိုင်းသာမက ဓာတ်အားပို့လွှတ်ပေးခြင်း (transmission) အတွက်လည်း တိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း ပြောသည်။

ထို့ပြင် Private Public Partnership အရ လူထုကလည်း ၅၀ ရာခိုင်နှုန်းထည့်ဝင်ကာ အကျိုးခံစားနိုင်သည့် စီမံကိန်းများ၊ သင့်လျော်သည့် နှစ်ကာလဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားကုမ္ပဏီများ၊ ကမ္ဘာ့ဘဏ်တို့ကဲ့သို့သော အဖွဲ့အစည်းများ၏ ဆွေးနွေးမှုများ

> ပြောရရင် ဤခရီးကတော့ မနီးသေးပါဘူး။ ကျွန်တော့် အထင်တော့ ၂၀၂၀ လောက် ကျမှ မြန်မာပြည်မှာ စီမံကိန်းတွေပြီးမှာနဲ့ ပြင်ရမယ့် ဟာတွေနဲ့ လျှပ်စစ်မီး

စသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်သင့်ကြောင်း ပြောသည်။

အီကွေတာနှင့် နီးပြီး နေရောင်ခြည်ကောင်းစွာရရှိသည့် မြန်မာပြည်တွင် ယခုနောက်ပိုင်း နေစွမ်းအင်ကိုလည်း များစွာအားပေးလျက်ရှိသည်။ သို့ရာတွင် လက်ရှိထုတ်လုပ်ရရိတ်မှာ အခြားသောစွမ်းအင်များနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ကြီးမြင့်နေဆဲဖြစ်သည်။

"ဆိုလာကလည်း ကောင်းတယ်လို့ မြင်တယ်။ နေရောင်ခြည်က အဲကွန်းအထိပါသုံးလို့ရတယ်။ အရင်တုန်းက ဆိုလာကစျေးကြီးတယ်။ အခုတော့ စျေးအများကြီး ကျလာတယ်။ သုံးနိုင်လောက်တဲ့ အနေအထားမှာ ရှိလာပြီ။ အခုဆိုရင် တစ်ယူနစ်ကို ၁၂၀ ကနေကျပ် ၂၀၀ကြားလောက်ပဲ ရှိတော့တယ်။ ဟိုက်ဒရိုနဲ့ယှဉ်ရင်တော့ စျေးကြီးနေတုန်းပေါ့။ ဟိုက်ဒရိုကထုတ်တဲ့စျေး က ၃၅ ကျပ်လောက်နဲ့ရတယ်။ ရောင်းတဲ့အခါကျရင်တော့ ၉၀ ကနေ ၁၀၀ ကြားလောက်နဲ့ ရောင်းတယ်။ နောက်တစ်ခုက ဟိုက်ဒရိုက ကြီးလေ စျေးချိုလေပဲ" ဟု အငြိမ်းစားဗိုလ်မှူးကြီး သောင်းဝင်းက ပြောသည်။

သို့ရာတွင် ဆိုလာမှာ off grid ဟု ခေါ်သည့် လျှပ်စစ်လိုင်းများမဖြတ်သည့် နေရာမျိုးတွင် ညဘက်အတွက် လျှပ်စစ်သိုလှောင်ထားရန် ဘက်ထရီကိုအသုံးပြုရပြီး ယင်းဘက်ထရီမှာ Solarplant တစ်ခု ကုန်ကျစရိတ်၏တစ်ဝက်နီးပါးရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှုစရိတ်အလွန်ကြီးမြင့်သွားနိုင်သည့် အခြေအနေတွင် ရှိနေသည်။

အခြားသော Green energy တစ်ခုဖြစ်သည် လေစွမ်းအင်မှာလည်း နေရာတိုင်းလေကောင်းစွာမရနိုင်သည့်အတွက် မြန်မာပြည်တွင် အကြီးစားလုပ်ငန်းတစ်ရပ်အဖြစ် လက်ရှိလျှပ်စစ်ဓာတ်အားစနစ်အတွင်း ဖြည့်ဆည်းနိုင်ရန် မလုံလောက်နိုင်ကြောင်း အငြိမ်းစား ဗိုလ်မှူးကြီးသောင်းဝင်းက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် အဓိကသုံးစွဲခဲ့ကြသည့် ဇီဝစွမ်းအင် ဟုခေါ်သည့် ဇီဝဖြပ် (Biomas)၊ ဇီဝ ဓာတ်ငွေ့ (Biogas)၊ ဇီဝလောင်စာ (Biofuel) စသည်တို့မှာလည်း ကုန်ကြမ်းအခက်အခဲနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိအောင် စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ချက်များရှိနေခြင်းကြောင့် အခက်အခဲများရှိနေကြောင်း ၎င်းက ပြောသည်။

"ကျွန်တော်တို့နိုင်ငံက ဆင်းရဲတော့ plant တစ်ခုဆောက်တဲ့အခါမှာ ပိုက်ဆံသိပ်မသုံးနိုင်ဘူး။ ဒီတော့ Biomas ဆိုရင် အဲဒီစက်ကနေ affluent လို့ခေါ်တဲ့ရေဆိုးထွက်တယ်။ တကယ်တော့ အဲဒီရေဆိုးကို သန့်စင်ပြီးမှ မြောင်းထဲတို့ ရေထဲတို့ကို စွန့်ပစ်ရတာ။ ဒါပေမဲ့ အဲဒီလိုသန့်စင်မယ်ဆိုရင် ကုန်ကျစရိတ်ရဲ့ ၃၀ ရာခိုင်နှုန်းလောက် ပိုကုန်တယ်။ အဲဒီတော့ ဒါကိုမလုပ်ဘဲ ဒီအတိုင်းပစ်လိုက်ရော။ အကျိုးဆက်ကတော့ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ ဖြစ်ကုန်တယ်" ဟု ၎င်းကပြောသည်။

၎င်းပြင် နောက်ထပ်ပြဿနာတစ်ခု ဖြစ်သည့် ကုန်ကြမ်းမှာလည်း စပါးထွက်သည့် နေရာများ၊ ဆန်စက်ရှိသည့် နေရာများတွင် စပါးခွံရနိုင်သည့်အတွက် အဆင်ပြေနိုင်သော်လည်း အခြားနေရာများတွင်မူ သစ်သားကိုသုံးရပြီး ယင်းသစ်များကို အသုံးပြုနိုင်သည့် အရွယ်အစားရရှိရန် ပြုလုပ်ရသည့်အတွက် ထိုသို့ပြုလုပ်ရန် စက်များ ထပ်သုံးစွဲရသည့် ကုန်ကျစရိတ်လည်း ပိုလာသည်။ ထို့ပြင် လိုအပ်သည့် သစ်သားကုန်ကြမ်း နွေ့ဝဉ်ပုံမှန်ရနိုင်ရန်အတွက် သစ်တောမှသစ်ပင်များကို အလွယ်တကူခုတ်၍ မဖြစ်နိုင်ခြင်းကြောင့် သီးသန့် ထပ်မံစိုက်ပျိုးရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် Biofuel ဟုခေါ်သည့် ဇီဝလောင်စာကလည်း အသီးအနှံကရသည့် အရည်နှင့် ထုတ်လုပ်ရသည်ဖြစ်ရာ အစားအသောက်နှင့် ဆက်စပ်နေသည့်အတွက် ၎င်းအတွက် သီးသန့် စိုက်ခင်းမရှိဘဲ ထုတ်လုပ်ပါက လူများ၏ အစား အသောက်လုံခြုံမှုကို ထိခိုက်နိုင်ကြောင်း၊ မြန်မာပြည်တွင်လည်း ၎င်းနှင့်ပတ်သက်သည့် အစိုးရအားပေးသည့် ပေါ်လစီမရှိသည့် အပြင် ထိုသို့သောစီမံကိန်းများကို ပုဂ္ဂလိက ကဏ္ဍက ပိုမိုလုပ်သင့်ပြီး ယင်းအတွက် ခိုင်မာသည့် ဥပဒေနှင့် နည်းဥပဒေများ ရှိရန်လိုအပ်ကြောင်း အငြိမ်းစားဗိုလ်မှူးကြီး သောင်းဝင်းက ပြောသည်။

"ပြောရရင် ဤခရီးကတော့ မနီးသေးပါဘူး။ ကျွန်တော့်အထင်တော့ ၂၀၂၀ လောက် ကျမှ မြန်မာပြည်မှာ စီမံကိန်းတွေပြီးမှာနဲ့ ပြင်ရမယ့်ဟာတွေနဲ့ လျှပ်စစ်မီး လုံလောက်ဖို့ ဖြစ်နိုင်မယ်ထင်တယ်။ အခုက လိုင်းသစ်တွေလည်း အများကြီးဆွဲရမယ်။ မတိုးချဲ့ခင်က ရှိခဲ့တဲ့ အဓိကအခြေခံစနစ်ကြီးက တောင့်တင်းခိုင်မာမှ သူ့ကိုမှီပြီး တိုးချဲ့လို့ကောင်းမယ်။ သူကိုယ်တိုင်ကြီးက ယိုင်နဲ့နဲ့ဖြစ်နေတယ် ဆိုရင်တော့ မလွယ်ဘူး။ အဲဒီအခြေခံရှိပြီးသား structure ကြီးကို တိုးတက်အောင်လုပ်ရမှာ တွေကိုက အများကြီးပါ။ ဒီနောက်ပိုင်း ဓာတ်ကြိုးတွေပြတ်ကျလို့ ဖြစ်တဲ့အန္တရာယ်တွေဆိုတာ ဒါတွေကြောင့်လည်း ပါတယ်။ အောက်ခြေကမခိုင်ဘဲ ထပ်ထပ်တိုးချဲ့ရင် ဒါမျိုးတွေက ဖြစ်နေဦးမှာပဲ" ဟု ဦးဝင်းကျော်က ပြောသည်။ ■

ကုန်စည်ဈေးနှုန်း

ရန်ကုန်

ရွှေ (တစ်ကျပ်သား)	ကျပ်	၆၄၅,၀၀၀
ဆီဈေးနှုန်း (တစ်ပိဿာနှုန်း)		
ပဲဆီ	ကျပ်	၄,၀၀၀
စားအုန်းဆီ	ကျပ်	၁,၃၆၅
နှမ်းဆီ	ကျပ်	၅,၀၀၀
ဆန် (တစ်ဖြည်)		
ပေါ်ဆန်း(ရွှေ)	ကျပ်	၁,၆၀၀
တောင်ပြန်(ရွှေ)	ကျပ်	၁,၅၀၀
ဧည့်မထ	ကျပ်	၉၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်	ကျပ်	၆,၀၀၀
ဝက်သား	ကျပ်	၇,၅၀၀
အမဲသား	ကျပ်	၈,၀၀၀
ဆိတ်သား	ကျပ်	၁၂,၀၀၀
ကြက်သွန်ဖြူ (လက်မှ)		
အမြင့်/အနိမ့်	ကျပ်	၁,၆၅၀-၁,၆၀၀
ကြက်သွန်နီ (လက်မှ)		
အမြင့်/အနိမ့်	ကျပ်	၅၅၀ - ၆၀
စက်သုံးဆီဈေးနှုန်း (တစ်လီတာ)		
ဓာတ်ဆီ	ကျပ်	၈၁၄
ဒီဇယ်	ကျပ်	၉၃၀

မန္တလေး

ရွှေ(တစ်ကျပ်သား)	ကျပ်	၆၅၉,၀၀၀
ဆီ(သန့်)		
ပဲဆီ	ကျပ်	၂,၄၀၀
စားအုန်းဆီ	ကျပ်	၁,၅၂၀
နှမ်းဆီ(ရိုးရိုး)	ကျပ်	၂,၉၀၀
ဆန် (တစ်တင်းနဲ့အိတ်)		
ပေါ်ဆန်း	ကျပ်	၄၅,၀၀၀
မနောသုခ	ကျပ်	၃၈,၀၀၀
မဂျမ်းတော	ကျပ်	၄၃,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်(စီဒီ)	ကျပ်	၅,၂၀၀
ကြက်(မြန်မာ)	ကျပ်	၇,၀၀၀
ဝက်သား	ကျပ်	၇,၅၀၀
အမဲသား	ကျပ်	၈,၀၀၀
ဆိတ်သား	ကျပ်	၁၂,၀၀၀
ကြက်သွန်ဖြူ		
အမြင့်/အနိမ့်	ကျပ်	၁,၈၀၀-၁,၁၅၀
ကြက်သွန်နီ (လက်ကား)		
အမြင့်/အနိမ့်	ကျပ်	၃၅၀ - ၁၅၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၃,၈၀၀
ဒီဇယ်	ကျပ်	၃,၈၀၀

နေပြည်တော် ပျဉ်းမနား

ရွှေ (တစ်ကျပ်သား)	ကျပ်	၆၆၆,၀၀၀
ဆန်(တစ်ဖြည်) (အသစ်)		
ပေါ်ဆန်း (ရွှေဘို)	ကျပ်	၂,၀၀၀
ပေါ်ဆန်း(ဖျာပုံ)	ကျပ်	၁,၇၀၀
ဇီယာ	ကျပ်	၁,၀၀၀
မနောသုခ	ကျပ်	၈၀၀
ဆီ (တစ်ပိဿာနှုန်း)		
မြေပဲဆီ	ကျပ်	၃,၆၀၀
နှမ်းဆီ	ကျပ်	၂,၈၀၀
စားအုန်းဆီ	ကျပ်	၁,၆၀၀
ကြက်သွန်နီ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၄၅၀-၁၅၀
ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့်	ကျပ်	၂,၄၀၀-၁,၂၀၀
တရုတ်ကြက်သွန်ဖြူကြီး		
တစ်ပိဿာ	ကျပ်	၂,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
စီပီကြက်	ကျပ်	၇,၀၀၀
မြန်မာကြက်	ကျပ်	၁၂,၀၀၀
ဝက်(အသား)	ကျပ်	၇,၀၀၀
ဆိတ်	ကျပ်	၁၂,၀၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၂၀၀
ဒီဇယ်	ကျပ်	၃,၈၀၀

(ဒီဇင်ဘာလ ၂ ရက် ဈေးနှုန်း)

နစ်မကုန်မီ အပ်နှံရမည့်ကားများ အဝယ်လိုက်လာနိုင်

တိုးဝေအောင်

toewaiaung.mcm@gmail.com

ကားဈေးကွက်အတွင်း ဒီဇင်ဘာ ၃၁ ရက်မတိုင်မီ အပ်နှံသည့်ကားများကို အခွန်လျှော့ပေါ့ရာတွင် ထည့်သွင်းစဉ်းစားမည်ဖြစ်ခြင်းကြောင့် ဈေးကွက်အတွင်း ကျန်ရှိသည့် ကားဟောင်းများ အရောင်းအဝယ် ပိုကောင်းမွန်လာနိုင်ကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူများက ခန့်မှန်းသည်။

"ဒီရက်ပိုင်း ကားဟောင်းကိုင်ထားတဲ့သူတွေ နည်းနည်းလှုပ်လှုပ်ရွရွဖြစ်လာတယ်လို့ ပြောလို့ရတယ်။ ကညနအခွန်တွေ လျှော့ချတာကို ဒီဇင်ဘာ ၃၁ ရက်အထိ အပ်မယ့်ကားတွေကိုပဲ ထည့်သွင်းစဉ်းစားမယ်ဆိုတဲ့မူက စလာပြီဖြစ်လို့ ဒီလမကုန်ခင် ကားဟောင်းလက်ဝယ်ရှိတဲ့သူတွေ မဖြစ်မနေ အပ်နှံမှသာ ကညနအခွန် လျှော့ပေါ့ရရှိမှာဖြစ်ပါတယ်" ဟု ကားဝယ်ရောင်း ကိုခင်မောင်ဝင်းက ပြောသည်။

ဈေးကွက်ထဲ၌ ကားဟောင်းများ အပ်နှံမှုကို ဆောင်ရွက်ခဲ့ပြီး ပေါ်လစီနှင့်မူဝါဒများစွာ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ပြည်တွင်းရှိ မော်ဒယ်နိမ့်ကားဟောင်းများကို ထပ်မံတင်သွင်းသည့်ကားများဖြင့် လဲလှယ်ခွင့်များပြုလုပ်ခဲ့ပြီး ကားပိုင်ရှင်များ ငွေကြေးနစ်နာမှုများ မဖြစ်ပေါ်စေရန် သက်ဆိုင်ရာက ယာဉ်ဟောင်းအပ်နှံမှုစလစ်များ ထုတ်ပေးခဲ့ကာ အဆိုပါစလစ်များဖြင့် ပြည်ပနိုင်ငံများက ကားတင်သွင်းခွင့်ရရှိရန်အတွက် အခွန်လျှော့ပေါ့ပေးမှုများကို ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ အခွန်လျှော့ပေါ့မှုများ ဆောင်ရွက်ပေးခဲ့သော်လည်း ကားတင်သွင်းသူများအနေဖြင့် ကားဟောင်အပ်နှံသည့်စလစ်များကို ပြန်လည်ရောင်းချမှုများ ပြုလုပ်လာခြင်းကြောင့် စလစ်ဈေးကွက်ပါ ပေါ်ထွက်လာခဲ့သည်။

"သက်ဆိုင်ရာက ၂၀၁၅ မတ် ၃၁ ရက် နောက်ဆုံးထားပြီး ကညနအခွန်တွေ လျှော့ပေးရမယ်။ အဲဒီအခွန်လျှော့ပေးဖို့အတွက် အပ်နှံတဲ့ကားတွေသာ အခွန်လျှော့ချတဲ့နေရာမှာ အကျုံးဝင်တယ်။ နောက်ပိုင်း ဝင်လာတဲ့ကားတွေ လျှော့ပေးမှာမဟုတ်တဲ့အတွက် ဝယ်သူတွေက ကျသင့်တဲ့အခွန်တွေကို အပြည့်အဝထမ်းဆောင်ရတော့မှာပါ။ စလစ်အပ်ကတည်းက ကားအမျိုးအစားပေါ်မူတည်ပြီး အခွန် ၆၀၊ ၄၀၊ ၂၀၊ အစရှိတဲ့ အခွန်လျှော့ပေါ့မှုပုံစံတွေကြောင့် ကားပြန်ပြီး ဝယ်ယူတဲ့သူတွေ အခွန်သက်သာခွင့် ရှိလာတယ်" ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုဦးကပြောသည်။

"အရောင်းအဝယ် ကောင်းဖို့အတွက်ကို ဆိပ်ကမ်းရောက်တန်ဖိုးအသစ် ထွက်မလာသေးတဲ့အတွက် ဘာမှလုပ်လို့မရသေးဘူး။ ဒီတန်ဖိုးထွက်လာပြီးရင်တော့ အရောင်းအဝယ် ပြန်ကောင်းလာမယ်ထင်တယ်။ သိန်းတစ်ရာကျော်ကားတွေကတော့ ပုံမှန်အရောင်းဝယ်ဖြစ်ပေမယ့် သိန်းနှစ်ရာနီးပါးနဲ့ နှစ်ရာကျော်ကားတွေကတော့သိပ်ပြီး အရောင်းအဝယ်မဖြစ်ဘူး။ ၂၀၁၅ ထဲမှာ ကားတင်သွင်းတဲ့အခွန်တွေ လျှော့မပေးတော့ဘူးဆိုတော့ ကားဝယ်တဲ့သူတွေ အခုကတည်းက ဝယ်ယူသင့်တယ်။ အခွန်မြင့်တက်လာတဲ့အတွက် ကားဈေးတွေမြင့်လာနိုင်တယ်။ မော်ဒယ်နိမ့်ကားတွေက အဲဒီလောက်မဟုတ်ပေမယ့် မော်ဒယ်မြင့်ကားတွေကတော့ ပိုပြီးမြင့်တက်လာဖို့ရှိပါတယ်" ဟု ကားဝယ်ရောင်း ကိုသိန်းလွင်က ပြောသည်။

ပြည်ပက တင်သွင်းလာသည့် ကားများမှာ သင်္ဘောတင်သွင်းခ၊ သက်ဆိုင်ရာသို့ ထမ်းဆောင်သည့်အခွန်အခများကြောင့် မော်ဒယ်မြင့် တန်ဖိုးကြီး ကားတစ်စီးလျှင် ကျပ်သိန်း ၂၅၀ အထက်ပေးဝယ်ယူရမည့် အစား ပြည်တွင်းကားအရောင်းပြခန်းများက တင်သွင်းသည့် အိမ်နီးချင်းနိုင်ငံများက ကားသစ်များကို ဝယ်ယူပါက ဝယ်လက်များ ပိုမိုသက်သာနိုင်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

"ကားဟောင်းဈေးနဲ့ ကားသစ်ဈေးက သိပ်ပြီးတော့မကွာတော့ဘူး။ နောက်ဆိုရင် ပြည်ပက ကားမှာတော့မယ်ဆိုရင် အခွန်လျှော့ပေါ့မှုမရတော့ဘူး။ အဲဒီလို မရတော့ရင် ကိုယ်ဝယ်ယူတဲ့ကားက ဈေးအဆမတန်ပိုပေးရသလို ရောက်လာတဲ့ကားကလည်း တစ်ပတ်ရစ်ကားပဲဖြစ်တော့မယ်။ တစ်ပတ်ရစ်ကားကို ပြည်ပက ဈေးကြီးပေးပြီးမှာမယ့် အစား ပြည်တွင်းကားကုမ္ပဏီတွေက အသစ်တင်သွင်းထားတဲ့ အိမ်နီးချင်းနိုင်ငံကကား တွေကို ဝယ်ယူတာက ပိုပြီးတော့သက်သာမယ်။ ဟိုဘက်က ရောက်လာတဲ့ကားတွေက အင်ဂျင်တစ်ပတ်ရစ်နဲ့ ကီလိုမီတာသုံးထားတာကိုလျှော့ပြီးသားတွေဖြစ်နေလို့ ဝယ်တဲ့သူတွေ နှစ်ခါနစ်နာရတဲ့အပြင် ပြည်တွင်းကားဈေးကွက်ကို ကားဟောင်းသံသရာနဲ့ လည်ပတ်ဖို့အတွက် ဖန်တီးပေးတဲ့သဘောလည်းဖြစ်လာနိုင်တယ်" ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးကြည်ညွှန့်က ပြောသည်။ ■

Vacancy Notice (No. 2014/018)

UNFPA – because everyone counts.

The United Nations Population Fund: Delivering a world where every pregnancy is wanted, every childbirth is safe and every young person's potential is fulfilled.

Interested in being part of a multi-cultural team delivering a world where every pregnancy is wanted, every birth is safe, every young person's potential is fulfilled in Myanmar? Come and join us, because at UNFPA, everyone counts. We are seeking a creative, dynamic and highly motivated individual to join our growing effort to drive forward to the next level of UNFPA country programme on population, gender equality and reproductive health and rights for the people in Myanmar. If you're looking for an opportunity to make a difference, thrive in a challenging yet rewarding teamwork environment, we wish to hear from you.

Position	Type of Contract	Grade	Duty Station	Deadline
National Programme Officer, RHCS	Service Contract	SC-9	Yangon	19 December 2014

Applications should be addressed to **UNFPA** Representative. **Attention:** International Operations Manager, Room A-07, UNFPA, No.6, Natmauk Road, Yangon.

Email: myanmar.office@unfpa.org For further details, please see the vacancy announcement posted at UN billboard. No.6, Natmauk Road, Yangon and also at UNFPA website (http://myanmar.unfpa.org)

Applications will be considered only when meeting all requirements set in detailed vacancy announcement.

National Sales Director

uReawmw\ wpEiiv;ta&mi;tz (National Sales Force) u u;luyuyu&etwu ur;usixujruowp0;u trptrurPu tvycexm;vyon/ avmuxm;rnorm aumjimyi;prcecrtaw tlu aumi;pm&&rnjzply; B2B ta&mi;prcecrwivn;x;cRatmijri ojzp&yrn/ r',mtce;u@üaqmi&uz;ontawtulvn;&&rn jzpon/

National Sales Director onuReawmw\ ta&mi;Xmeruptoo uaep0u;luyay;&rnjzply;uReawmw\owi;pmapmirsm;wiaumjim xnoi;jci;u u;luyjci;? xyyi;prtycsyorsm;xowu½utp&ic wiyjci;tyt0i ta&mi;yi;pr;aqmi&nuw;wutm;aumi;vmatmi ta&mi;tzu u;luyvr;ñeay;&rnjzpon/

tvyce tyc&yu &uowwpywcsi;prcec&rnjzply;p;ym;a&; vyie;opuaqmi&ujci;? p;ym;a&;tcitvr;oprsm;uazmaqmijci; EiurP\w;wuru taumi;lum;jci;rsm;aqmi&u&rnjzpon/,c &mx;ae&müatmijriatmiaqmi&uEijci;ur',mavmuwixuxu weweae&mwpc&&evr;yiaprnjzpon/ oi&prcecrqi&mtvyuaemuwpqixyjrizt qioijzplyvm;... avmuxm;o\tawtulEinrlonvpmucs;jrirnjzpon/

'aeyavmuxm;vuy/ tvyavmuxm;rEi ouqiontc;utvutao;pwu o&&e twuuReawmw& HR Xme MCMHRD@mmtimes.com.mm o ppr;Eiyjon/

MCM

The Human Resources Manager: Myanmar Consolidated Media Ltd.
379-383 Bo Aung Kyaw Street, Kyauktada T/S, Yangon
Email applications to: mcmhrd@myanmartimes.com.mm

Executive Search
Recruiting for you

NEW VACANCIES APPLY NOW!

- Sales Directtor (FMCG)
- Sales manager (Freight forwarding)
- Sales and marketing manager (Telecommunication)
- Sales manager (FMCG)
- Business Development Engineer
- Marketing manager (Stationary)
- Reservation manager (Travels & Tours)
- Project administrator
- Chief accountant
- Head of recruitment
- Human Resources manager
- Restaurant manager
- Chef
- Front office manager
- Waiter/ waitress
- Hotel accountant (Nyaung Shwe)
- Warehouse manager
- Ticketing staff (Travels & Tours)
- Project engineer
- Project administrator
- Credit controller
- NOC Engineer
- Legal director
- Site Engineers (Civil)
- Accountant
- Customer service
- Secretary
- Administrative executive

For more information, please contact Executive Search
01-222963/ 229406/ 09250795701/ 0943227771/ 0943206933
Email- esearch.myanmar@gmail.com www.esearchmyanmar.com

No. 851/853 (A/B), 3rd Floor, Room (7/8), Bogyoke Aung San Road, Lanmadaw Township, Yangon, Myanmar. Tel: (951) 229 437, 09 49 227 773, 09 730 94007
Email: esearch@yangon.net.mm, esearch.myanmar@gmail.com
www.esearchmyanmar.com www.facebook.com/esearchmyanmar

ဆန်စျေးနှုန်း မတည်ငြိမ်ခြင်းက စျေးကွက်ကို ကမောက်ကမ ဖြစ်စေ

စုပြိုးဝင်းနှင့် ဂျယ်ရမီမျူလင်
suphyo1990@gmail.com
jeremymullins7@gmail.com

အတက်အကျများလွန်းသည့် ပြည်တွင်းဆန်စျေးနှုန်းအပြောင်းအလဲများကို တည်ငြိမ်အောင်ဆောင်ရွက်ရန် စျေးကွက်အနေအထားနှင့် ရောင်းဝယ်မှုပုံစံ သိသာစွာ ပြောင်းလဲရန်လိုကြောင်း ကမ္ဘာ့ဘဏ်က နိုဝင်ဘာလ အတွင်းထုတ်ပြန်လိုက်သော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

ပြည်တွင်းဆန်စျေးနှုန်းက အခြားသောတိုင်းပြည်များထက် အတက်အကျပိုများနေပြီး စပါးပေါ်ခြိန်များဖြစ်သည့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စပါးစျေးကျပြီး တောင်သူများလက်တွင် စပါးမရှိပါက စျေးနှုန်းများမြင့်တက်လေ့ရှိခြင်းတို့ကို ပုံမှန်ကြုံတွေ့နေရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

"ဆန်စျေးနှုန်းအတက်အကျတွေကို စုံစမ်းဖော်ထုတ်ဖို့နဲ့ ခန့်မှန်းထားတဲ့ ဆန်စျေးအပြောင်းအလဲတွေကနေ ခွဲခြမ်းစိတ်ဖြာတတ်ဖို့က လွယ်ကူတဲ့ကိစ္စတစ်ရပ်တော့ မဟုတ်ဘူး" ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဆန်စျေးနှုန်းမတည်ငြိမ်မှုလျှော့ချရေးနှင့် ဆင်းရဲမွဲတေမှုပယ်ဖျောက်ရေး အစီရင်ခံစာတွင် ရေးသားထားသည်။

ဆန်သည် မြန်မာနိုင်ငံ၏အဓိက စားသုံးကုန်ဖြစ်သည့်အလျောက် အဆင်းရဲဆုံးလူဦးရေတို့၏ ၅၀ ရာခိုင်နှုန်းသော ကုန်ကျစရိတ်မှာ ဆန်စားသုံးမှုအတွက်ဖြစ်နေသည့်အတွက် ဆန်စျေးအပြောင်းအလဲများခြင်းကလည်း စားသုံးသူ အမြောက်အများကို ထိခိုက်နိုင်သည့် အလားအလာများနေကြောင်းတွေ့ရသည်။ ထို့ပြင် ဆန်သည် ပဲနှင့် အခြားကောက်ပဲသီးနှံများပြီးပါက ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိသည့် ပို့ကုန်ဖြစ်သည်။

လက်လီရောင်းချသူများ၊ တောင်သူများနှင့် စားသုံးသူအမြောက်အများကိုသာ ထိခိုက်မှုများရှိနေသည့် အဆိုပါ ပြည်တွင်းဆန်စျေးနှုန်း မတည်ငြိမ်မှုက တစ်နှစ်တာအတွင်း သိသိသာသာပြောင်းလဲနေသည်။ ပြီးခဲ့သည့် လေးနှစ်တာအတွင်း နှစ်တစ်နှစ်၏ ပျမ်းမျှအနိမ့်ဆုံးနှင့် အမြင့်ဆုံးဆန်စျေးသည် ၁ ဒသမ ၂၉ ဆ ကွာခြားကြောင်း တွေ့ရှိခဲ့ရသည်။ အနိမ့်ဆုံးစျေးသည် နိုဝင်ဘာနှင့် ဒီဇင်ဘာရိတ်သိမ်းချိန်လွန် ကာလများတွင် ဖြစ်ပေါ်လေ့ရှိပြီး ဩဂုတ်လတွင် အမြင့်ဆုံး အနေအထားသို့ ရောက်လေ့ရှိကြောင်း ဖော်ပြထားသည်။

ပြည်တွင်း၌ ရောင်းချလျက်ရှိသော လက်လီဆိုင်များကလည်း စျေးနှုန်းမတည်ငြိမ်ခြင်းကြောင့် စီးပွားရေးလုပ်ကိုင်ရာတွင် အစီအစဉ်တကျ လုပ်ကိုင်နိုင်ခြင်းမရှိသည့်အပြင် အမြတ်အစွန်းကိုလည်း ထိခိုက်မှုရှိကြောင်း ကျောက်တံတားမြို့နယ်ရှိ အမေ့သားဆန်ဆိုင်ပိုင်ရှင် ဒေါ်နန်းမြင့်မြင့်အေးက ပြောသည်။

"ဆန်စျေးတက်တိုင်း တက်တဲ့နှုန်းနဲ့အညီ ကိုယ်ကလိုက်တင်ပြီး ရောင်းလို့မရဘူး။ တောင်ပြန်တစ်ပြည် ၁၂၀၀၊ ၁၃၀၀ နဲ့ ဝယ်နေတဲ့သူကို အဲဒီစျေးထက်ပိုတင်ပြီး ရောင်းရင် အဆင်မပြေဘူးလေ။ စျေးတက်ရင် လက်လီဆိုင်တွေအတွက်ကတော့ အမြတ်နည်းရုံပဲရှိတယ်" ဟု ၎င်းက ပြောသည်။

ဆန်စျေးကို မတည်ငြိမ်အောင်ပြုလုပ်သူများကသာ စျေးအတက်အကျများမှုအပေါ် အမြတ်ထုတ်နေခြင်းဖြစ်ပြီး ငွေအရင်းအနှီးအမြောက်အများအသုံးပြု၍ ဆန်ကို ပမာဏများများ ဝယ်လှောင်နေသူများကသာ အကျိုးအမြတ်များကြောင်း ဒေါ်နန်းမြင့်မြင့်အေးက ပြောသည်။

"စျေးကွက်ကို အတက်အကျတွေဖြစ်အောင်ဖန်တီးနေသူတွေကသာ မြတ်တာပါ။ လက်လီသမားတွေက ကုန်စည်ဒိုင်က တက်စျေးပဲဖြစ်ဖြစ်၊ ကျစျေးပဲဖြစ်ဖြစ် တစ်ဆင့်ဝယ်ရောင်းရတာပဲလေ။ ဆန်စျေးက ကျတယ်ဆိုတာ ရှားပါတယ်" ဟု ၎င်းက ပြောသည်။

ဆန်စျေးနှုန်းမတည်ငြိမ်မှုသည် ဆန်ကို တင်သွင်းသည့် နိုင်ငံများထက် တင်ပို့ရောင်းချသော နိုင်ငံများဖြစ်သည့် ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် စသည့်နိုင်ငံများတွင်အဖြစ်များပြီး ပြည်တွင်း၌ရှင်ဆိုင်ရသည့် အခက်အခဲစိန်ခေါ်မှုများကြောင့်ဖြစ်သည်ဟု အစီရင်ခံစာတွင်သုံးသပ်တင်ပြထားသည်။

ထို့ပြင် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ ကြိတ်ခွဲထုပ်ပိုးမှုနှင့် သိုလှောင်မှု၊ စျေးကွက်ပွင့်လင်းမြင်သာမှုနှင့် တင်ပို့မှုတို့ကို ပိုမိုအားပေးပါက ဆန်စျေးအတက်အကျမြန်ဆန်ခြင်းကို ထိန်းညှိနိုင်ကြောင်း ဖော်ပြထားသည်။

စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် စားသုံးသူများအတွက် ဆန်စျေးကွက်ကိုထိန်းညှိရာတွင် အစိုးရပိုင်းကလည်း စျေးနှုန်းသတ်မှတ်ပေးခြင်း၊ နှစ်ရှည် ချေးငွေပံ့ပိုးပေးခြင်းတို့ဖြင့် ကာကွယ်နိုင်ကြောင်း လွတ်လပ်သော တောင်သူလယ်သမားသမဂ္ဂဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

ဘုရင့်နောင်ပွဲရုံတန်းရှိ ဆန်လက်ကား အရောင်းဆိုင်တစ်ဆိုင်၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-မြန်မာတိုင်း(မ်)

"ဆန်ကို အစိုးရကစျေးတစ်ခုသတ်မှတ်ပေးလိုက်တယ်ဆိုရင် လယ်သမားတွေကလည်း အဲဒီစျေးထက် နှိမ်ပြီးလာဝယ်ရင် ရောင်းမှာ မဟုတ်တော့ဘူး။ ကုန်သည်တွေလည်း စျေးမနှိမ်ရဲတော့ဘူးပေါ့။ ပြီးတော့ ချေးငွေကို အလောတကြီး ပြန်ဆပ်စရာမလိုဘူးဆိုရင် စပါးကို စျေးကောင်းတဲ့အချိန်မှ ထုတ်ရောင်းလို့ရတယ်။ အခုလိုမျိုး အကြွေးပြန်ဆပ်နိုင်ဖို့ ဆန်ကို ရတဲ့စျေးနဲ့ ထိုးရောင်းတာမျိုးတွေ မရှိတော့ဘူး။ စားသုံးသူတွေကိုလည်း စျေးနှုန်းကြီးမှုကကာကွယ်နိုင်မှာပါ" ဟု ၎င်းကပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်အတွင်း တန်ချိန်ပေါင်း ၃၁ ဒသမ ၅ သန်းသာ ထုတ်လုပ်နိုင်ကြောင်း ဖော်ပြထားသဖြင့် တစ်ဝက်နီးပါး ကွာဟနေသည်ကို တွေ့ရှိရသည်။ ■

Property

လှိုင်သာယာမြို့နယ်၏ အိမ်ခြံမြေဈေးကွက် ပြန်လည် ဦးမော့

မြတ်ငြိမ်းအေး
myatnyeinaye11092@gmail.com

ရန်ကုန်မြို့စွန်နေရာဖြစ်သည့် လှိုင်သာယာမြို့နယ်သည် ယခင်က လမ်းပန်းဆက်သွယ်ရေး အနေအထားများကြောင့် အိမ်ခြံမြေဈေးနှုန်းများ ငြိမ်သက်ခဲ့ရာမှ ယခုအခါတွင် မြစ်ကူးတံတားတစ်စင်းနှင့် ဘုရင့်နောင်ခုံးကျော်တံတားနှစ်စင်း တည်ဆောက်ပြီးစီးခဲ့ပြီးနောက်ပိုင်း ဈေးကွက် အနည်းငယ် ပြန်လည်လှုပ်ရှား လာကြောင်း အိမ်ခြံမြေ အကျိုးဆောင်များက ပြောသည်။

"လှိုင်သာယာ အိမ်ခြံမြေဈေးကွက်က အလားအလာကောင်းလာဖို့ အခြေအနေ အများကြီးရှိပါတယ်။ အခု တံတားလည်း ပြီးသွားပြီဆိုတော့ သွားရေးလာရေး လွယ်ကူသွားရင် အဲဒီဘက်က အိမ်ရာစီမံကိန်းတွေ အလုပ်ဖြစ်လာနိုင်ပါတယ်။ အရင်တုန်းက သွားရလာရ နည်းနည်းခက်ခဲတော့ ဈေးကွက်က သိပ်မကောင်းဘူး။ အခုတော့ နည်းနည်း ပြန်လှုပ်လာပါပြီ" ဟု ရွှေကံမြေ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းမှ ဦးခင်မောင်အေးက ပြောသည်။

လှိုင်သာယာမြို့နယ်သည် လှိုင်မြစ်တစ်ဖက်ကမ်းတွင်တည်ရှိပြီး အိမ်ရာများနှင့် စက်မှုဇုန်များစွာ တည်ရှိကာ ရွှေ့ပြောင်းနေထိုင်သူများ၊ စက်ရုံအလုပ်သမားများဖြင့် လူဦးရေထူထပ်သည့် မြို့နယ်တစ်မြို့လည်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များကဲ့သို့ လှိုင်သာယာမြို့နယ်သည် လွန်ခဲ့သည့် နှစ်နှစ်ခန့်တွင် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ယခုအခါတွင် အိမ်ရာများရှိမြေကွက်များနှင့် စက်မှုဇုန်မြေများမှာ ဈေးကောင်းလာကြောင်း အိမ်ခြံမြေ အကျိုးဆောင်များက ပြောသည်။

"လှိုင်သာယာမှာဆို ပန်းလှိုင်အိမ်ရာတို့၊ FMI City တို့လို အိမ်ရာမျိုးတွေက ဈေးကောင်းတယ်။ စက်မှုဇုန်မြေကလည်း ရန်ကုန်မြို့မှာရှိတဲ့ စက်မှုဇုန်တွေထဲမှာ လှိုင်သာယာစက်မှုဇုန်မြေက ဈေးမြင့်တယ်။ ဒါပေမဲ့ ရပ်ကွက်တွေကတော့ ဈေးအရမ်းမမြင့်ဘူး။ လူနေထူထပ်ပြီး ရောဝတီဘက်က ရွှေ့ပြောင်းနေထိုင်တဲ့သူတွေ အရမ်းများတယ်" ဟု ၎င်းကပြောသည်။

လှိုင်သာယာမြို့တွင်းရှိ မြေဈေးများမှာ စတုရန်းပေ ၂,၄၀၀ တစ်ကွက်လျင် ကျပ်သိန်း ၂,၅၀၀ မှ ၃,၈၀၀ ခန့်ရှိပြီး ပေတစ်ရာပတ်လည် အကွက်များမှာ ကျပ် သိန်း ၅,၀၀၀ မှ ၁၀,၀၀၀ ကျော်ထိ ရှိသည်။ ရပ်ကွက်များရှိ မြေဈေးများမှာ တစ်ကွက်လျှင် ကျပ် သိန်း ၁,၀၀၀ ဝန်းကျင်ခန့် ရှိကာ စက်မှုဇုန်အတွင်းရှိ မြေကွက်များမှာမူ တစ်ကေလျင် ကျပ်သိန်း ၁၅,၀၀၀ မှ ၂၅,၀၀၀ အထိ ရှိကြောင်း လှိုင်သာယာမြို့နယ် အခြေစိုက် အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

"တံတားပြီးသွားတော့ အရောင်းအဝယ်ကောင်းမယ်လို့ ထင်ထားတာ အရမ်းကြီးတော့ တက်မလာသေးဘူး။ အရောင်းထက် အငှားက ပိုများတယ်။ စက်မှုဇုန်မြေတွေကတော့ ဝယ်မယ့်သူတွေနည်းကုန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရက စက်မှုဇုန်မြေတွေကို မဖြစ်မနေ အလုပ်လုပ်ရမယ်ပြောတော့ အရင်လို ဝယ်ထားပြီး ရင်းနှီးမြှုပ်နှံထားလို့ မရတော့ဘူး။ ဒီတော့ အရောင်းအဝယ် နည်းနည်းအေးသွားတယ်။ ဈေးတွေကတော့ မနှစ်ကနဲ့ယှဉ်ရင် ၂၀ ရာခိုင်နှုန်းလောက်တော့ တက်လာတယ်လို့ ပြောလို့ရတယ်" ဟု လှိုင်သာယာမြို့နယ်ရှိ အောင်ခိုင်ခန့် အိမ်ခြံမြေ အကျိုးဆောင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် လှိုင်သာယာမြို့နယ်ရှိ အိမ်ခြံမြေများမှာ အရောင်းဈေးကွက်ပိုများပြီး စက်မှုဇုန်လုပ်ငန်းလုပ်ကိုင်သူများ၊ စက်မှုဇုန်အလုပ်

> လှိုင်သာယာ အိမ်ခြံမြေဈေးကွက်က အလားအလာကောင်းလာဖို့ အခြေအနေ အများကြီးရှိပါတယ်။ အခု တံတားလည်း ပြီးသွားပြီဆိုတော့ သွားရေးလာရေး

သမားများနှင့် နယ်မြို့များမှ လာရောက်အလုပ်လုပ်ကိုင်သူများ အများဆုံး ဝယ်ယူ၊ ငှားရမ်းကာ နေထိုင်လေ့ရှိကြောင်း လှိုင်သာယာမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ထို့ပြင် လှိုင်သာယာမြို့နယ်အတွင်းနေထိုင်ကြသည့် စက်ရုံအလုပ်သမားများနေထိုင်မှုများပြားသည့် အလုပ်သမားတန်းလျားများတွင် အခန်းငှားရမ်းမှုများ မြင့်တက် လာကာ ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း လှိုင်သာယာမြို့နယ် ရှမ်းချောင်းရပ်ကွက်တွင် နေထိုင်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

"ဒီမှာ စက်ရုံမှာအလုပ်လုပ်တဲ့သူတွေနဲ့ နယ်က ပြောင်းလာတဲ့ သူတွေချည်းပဲ။ ကျွန်မတို့နေတဲ့မြေပိုင်ရှင်က အိမ်တန်းလျားဆောက်ထားပြီး ဒီကလူတွေကို ပြန့်ငှား တယ်။ အခန်းတွေက ကျဉ်းပေမယ့် နေကြတာပဲ။ အရင်တုန်းကတော့ ဒီလို အခန်းငှားခက လေးငါးထောင်လောက်ကနေ အခု သုံးသောင်း လောက်ထိ တက်သွားတယ်။ ကျွန်မတို့နားက မြေတွေလည်း သိန်း ၈၀ဝ လောက်ထိ ဈေးတွေ တက်ကုန်တယ်" ဟု ၎င်းကပြောသည်။

စက်မှုဇုန်များရှိသည့် လှိုင်သာယာမြို့နယ်သည် စက်မှုဇုန်လုပ်ငန်းများကိုမှီကာ ငှားရမ်းနေထိုင်သူ များပြားခြင်းကြောင့် အိမ်ခြံမြေဈေးကွက်ကောင်းမွန်ခဲ့ခြင်းဖြစ်ရာမှ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ပြန်လည်ငြိမ်သက်ခဲ့ခြင်းဖြစ်ပြီး ယခုအသစ် ဆောက်လုပ်လိုက်သည့် ဘုရင့်နောင်လမ်းဆုံရှိ ခုံးကျော်တံတား နှစ်စင်းနှင့် မြစ်ကူးတံတား တို့ကြောင့် အိမ်ခြံမြေဈေးကွက် ပြန်လည် ကောင်းမွန်လာနိုင်ရန် မျှော်လင့်ကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

"လှိုင်သာယာက အရင်က စက်မှုဇုန်တွေရှိတော့ စက်မှုဇုန် လုပ်ငန်းရှင်တွေကလည်း အလုပ်ခန့်နိုးအောင် ဒီမှာပဲဝယ်ပြီးနေကြတယ်။ နောက်ပြီး အိမ်ရာကောင်းကောင်းတွေပေါ်လာတော့လည်း လာရောက်နေထိုင်တဲ့သူတွေရှိလာပြီး အိမ်ခြံမြေဈေးကွက်တော်တော်ကောင်းခဲ့တယ်။ ဒါပေမဲ့ ၂၀၁၄ ခုနှစ်ထဲ တံတားတွေမပြီးခင် ဈေးကွက်က တော်တော်ငြိမ်သွားပြီး ဝယ်ယူမယ့်သူ နည်းသွားတယ်။ အခု တံတားတွေလည်း အကုန်ပြီးပြီဆိုတော့ လုပ်ငန်း ပြန်ကောင်းလာမယ် လို့တော့ မျှော်လင့်ပါတယ်" ဟု အောင်ခိုင်ခန့် အိမ်ခြံမြေအကျိုးဆောင်မှ တာဝန်ရှိသူက ပြောသည်။

သို့သော် လှိုင်သာယာမြို့စွန်ပိုင်းများတွင် လူနေပြွတ်သိပ်ပြီး ကျူးကျော်နေထိုင်သူများလည်း များပြားသည့် အိမ်ခြံမြေဈေးကွက်မှာ ဈေးကောင်းမရကြောင်း ဦးခင်မောင်အေးက ပြောသည်။

"လှိုင်သာယာမြို့စွန်ဘက်က မြေဈေးကွက်က ဒဂုံမြို့သစ် မြောက်ပိုင်းတို့ တောင်ပိုင်းတို့လို ဈေးမကောင်းဘူး။ လှိုင်သာယာက ကျူးကျော်နေထိုင်တဲ့သူတွေကလည်းရှိတယ်။ နယ်ပေါင်းစုံကလည်း ပြောင်းပြီးနေထိုင်တော့ လူကလည်း အရမ်းကျပ်တယ်။ အဲဒီဘက်မှာရှိတဲ့အိမ်ခြံမြေဈေးကွက်ကို လူသိပ်စိတ်မဝင်စားကြဘူး။ မြို့စွန်တွေ ထဲမှာတော့ မြောက်ဒဂုံဘက်က ဈေးအကောင်းဆုံးပဲ" ဟု ၎င်းက ပြောသည်။

လှိုင်သာယာမြို့နယ်ကို ၁၉၈၅ ခုနှစ်ခန့်တွင် အခြေချတည်ထောင်ခဲ့ပြီး အစိုးရ၏ ရန်ကုန်မြို့သစ်ခဲ့ထွင်မှုများထဲတွင် ဖွံ့ဖြိုးတိုးတက်ခဲ့သည့် မြို့တစ်မြို့အဖြစ် ပါဝင်ခဲ့သည်။ ထို့ပြင်စက်မှုဇုန်များစွာလည်းရှိပြီး ၈က ၁,၄၀၀ ကျော်ရှိသည့် လှိုင်သာယာ စက်မှုဇုန် (၁၊၂၊၃၊၆၊၇)နှင့် ၈က ၂၀၀ ကျော်ကျယ်ဝန်းသည့် လှိုင်သာယာ စက်မှုဇုန် (၅) အပြင် ၈က ၁,၁၀၀ ကျယ်ဝန်းသည့် ရွှေလင်ဗန်းစက်မှုဇုန်များလည်းရှိသည့်အတွက် အကြီးဆုံးစက်မှုဇုန်မြို့တော်ထဲတွင် ပါဝင်ခဲ့သည်။ ■

လှိုင်သာယာမြို့နယ်အတွင်း အဆင့်မြင့်အိမ်များ၏ အနောက်ဖက်နေရာတွင် ငှားရမ်းနေထိုင်ကြသည့် ကျူးကျော်ရပ်ကွက်ရှိ နေအိမ်အချို့ကို တွေ့ရစဉ်။ ဓာတ်ပုံ-အောင်ဌေးလှိုင်

ပန်းလှိုင် ဂေါက်ကွင်းအိမ်ရာမှ
အိမ်ရာသစ်များကို
စတင်ရောင်းချ
PROPERTY 32

ကမ္ဘာ့ကားစျေးကွက်သို့
တရုတ်နိုင်ငံထုတ်ကားများ
ပိုမိုဝင်ရောက်လာ
PROPERTY 33

သာကေတမြို့နယ်တွင် နိုင်ငံခြားသားများကိုအဓိကထားသည့် ဝန်ဆောင်မှုပါဝင်သော အိမ်နှင့် အခန်းငှားလုပ်ငန်း စတင်

နိုနိုအောင်
noenoeag@gmail.com

မြန်မာနိုင်ငံတွင် ရေရှည်နေထိုင်ရမည့် နိုင်ငံခြားသားများအတွက် ရည်ရွယ်ကာ ဝန်ဆောင်မှုပါဝင်သည့် အိမ်များနှင့် အခန်းများကို ငှားရမ်းပေးမည့် ဗီလာတစ်ခု ကို ZAO Property က သာကေတမြို့နယ်၊ ရွှေသပြေအိမ်ရာတွင် ဖွင့်လှစ်လိုက်သည်။

ဗီလာမိတ်ဆက်ပွဲကို ပြီးခဲ့သည့်လ ၁၅ ရက်က အဆိုပါအိမ်ရာတွင် ကျင်းပခဲ့ပြီး ပြည်တွင်း၌ အလုပ်လုပ်ကိုင်ကာ နေထိုင်လျက်ရှိသည့် နိုင်ငံခြားသား အများအပြားရှိသောကြောင့် သက်သောင့်သက်သာနှင့် လိုက်လျောညီထွေရှိသော ဗီလာတစ်ခုကို ဖန်တီးဖြစ်ခဲ့ကြောင်း အရောင်းဌာန ဒါရိုက်တာ မစ္စတာ ခရစ္စအိုရမ်က မြန်မာတိုင်း(မ်)ကို ပြောသည်။

"ကျွန်တော် မြန်မာနိုင်ငံကို ၁၉၉၈ ခုနှစ်ကတည်းက ရောက်ပါတယ်။ ၁၆ နှစ်လောက် အိမ်အမျိုးမျိုး ရွှေ့ပြောင်းနေထိုင်ခဲ့ရင်းနဲ့ အဆင်မပြေတာတွေ အများကြီး ကြုံခဲ့တယ်။ အိမ်ရှင်ပြဿနာ၊ လျှပ်စစ်မီးပြဿနာ၊ ရေပြဿနာနဲ့ အိမ်ပြဿနာ စတဲ့ပြဿနာ အမျိုးမျိုးပါပဲ။ ဒါကြောင့်မို့ ကျွန်တော်တို့ကြုံခဲ့ရတဲ့ ပြဿနာ တစ်ခုချင်းစီကို မှတ်သားထားပြီး ကျွန်တော်တို့ရဲ့အိမ်ဌားတွေကိုတော့ ဒါမျိုး လုံးဝမကြုံရအောင် လုပ်ပေးသွားမှာပါ" ဟု ၎င်းက ပြောသည်။

ZAO Property က ဖန်တီးထားသော ဗီလာတွင် ကျယ်ဝန်းသော ခြံနှင့် အိမ်တွဲလျက် လုံးချင်းအိမ် ၃၄ လုံးပါဝင်ပြီး အိမ်ဌားအားလုံး အသုံးပြုနိုင်မည့် ရေကူးကန်၊ ဘားနှင့် အားကစားခန်းမ စသည်တို့ပါဝင်သည့် club house တစ်ခုပါ ဝင်မည်ဖြစ်သည်။

"အကုန် နိုင်ငံတကာအဆင့်မီ လုပ်ထားပါတယ်။ ငှားရမ်းမယ့်ပုံစံက နှစ်မျိုးပါ။ အိမ်လိုက်ငှားလို့ရသလို ချွေတာရေးသမားတွေအတွက် တစ်ခန်းချင်းစီလည်း ငှားလို့ရအောင် စီစဉ်ပေးထားတယ်။ အိမ်ကိုငှားပြီး စုပေါင်းနေမယ်ဆိုလည်း ကျွန်တော်တို့ဘက်က ပြဿနာမရှိပါဘူး" ဟု မစ္စတာခရစ္စအိုရမ်က ပြောသည်။

ပရိဘောဂနှင့် ဝန်ဆောင်မှု အပြည့်အစုံပါဝင်သော အိမ်များအတွက် ငှားရမ်းခမှာ တစ်လလျှင် အမေရိကန်ဒေါ်လာ ၅,၀၀၀၊ ပရိဘောဂပါ ဝန်ဆောင်မှုမပါသော အိမ်များအတွက် တစ်လလျှင် အမေရိကန်ဒေါ်လာ ၄,၅၀၀၊ ပရိဘောဂမပါ၊ ဝန်ဆောင်မှုမပါသော အိမ်များအတွက် တစ်လလျှင် အမေရိကန်ဒေါ်လာ ၄,၀၀၀ ကျသင့်မည်ဖြစ်ပြီး ပရိဘောဂပါအခန်းများအတွက် တစ်လလျှင် အမေရိကန်ဒေါ်လာ ၉၅၀ မှ ၁,၁၅၀ အထိ၊ ပရိဘောဂမပါသော အခန်းများအတွက် ငှားရမ်းခ တစ်လလျှင် ဒေါ်လာ ၇၅၀ မှ ၉၅၀ အစရှိသဖြင့် ရွေးချယ်နိုင်သည်။

"ဝန်ဆောင်မှုဆိုတာက အိမ်သန့်ရှင်းရေးလုပ်ပေးမယ်။ ရေချိုးခန်းထဲမှာဆိုလည်း မျက်နှာသုတ်ပဝါစသဖြင့်ပေါ့။ အသေးစိတ်ကအစ ဝန်ဆောင်မှုပေးတာကို ဆိုလိုတာပါ။ နောက်တစ်ခုက နေမယ့်လူက ဒီကိုရောက်ပြီး သူ့ရဲ့ အိမ်ထောင်ပရိဘောဂပစ္စည်းတွေက ပါမလာသေးဘူးဆိုရင် သူ့ပစ္စည်းတွေ မရောက်ခင်အချိန်အထိ ကျွန်တော်တို့ဘက်က ပရိဘောဂတွေကို ငှားရမ်းပေးထားပါမယ်။ စျေးကိုတော့ ဒေါ်လာ ၁,၀၀၀ လောက်ပိုယူမယ်။ သူပစ္စည်းတွေရောက်လာပြီဆိုရင် ကျွန်တော်တို့ငှားပေးထားတာတွေ ပြန်ဖယ်ပေးမယ်။

သာကေတမြို့နယ်၊ ရွှေသပြေအိမ်ရာတွင် ZAO Property **က ဝန်ဆောင်မှုပေးကာ ငှားရမ်းမည့်ဗီလာကို တွေ့ရစဉ်။** ဓာတ်ပုံ-နိုင်ဝင်းထွန်း

> ကျွန်တော် မြန်မာနိုင်ငံကို ၁၉၉၈ ခုနှစ်ကတည်းက ရောက်ပါတယ်။ ၁၆ နှစ်လောက် အိမ်အမျိုးမျိုး ရွှေ့ပြောင်းနေထိုင်ခဲ့ရင်းနဲ့ အဆင်မပြေတာတွေ အများကြီး ကြုံခဲ့တယ်

Club house တွင် ရုံးခန်းထားရှိသည့်အတွက် အိမ်ငှားများ လိုအပ်သမျှကို ဆောင်ရွက်ပေးနိုင်ခြင်း၊ ZAO Property ကို တည်ထောင်သူများကိုယ်တိုင် အဆိုပါ ဗီလာတွင်ပင် နေထိုင်ခြင်းကြောင့် အခက်အခဲရှိပါက တိုက်ရိုက်ပြောနိုင်ခြင်း စသည့်အားသာချက်များရှိကြောင်း ၎င်းကပြောသည်။

အဖွဲ့မှ စီမံခန့်ခွဲမှုဒါရိုက်တာ မဖြိုးဇာသွင်က သာကေတမြို့နယ်သည် မြို့ထဲသို့ သွားရလွယ်ကူသည့်အပြင် ရွှေသပြေအိမ်ရာသည် သီးသန့်ဆန်ခြင်း၊ လုံခြုံရေး စိတ်ချရခြင်း၊ လမ်းမကျယ်များရှိခြင်း စသည့်အားသာချက်များ ရှိသည်ဟု ပြောသည်။

"အရင်တုန်းကဆိုရင် တည်ဆောက်သူတွေဟာ မြန်မာလူမျိုးနေထိုင်သူတွေအတွက် စျေးကိုလည်း ပြန်လျှော့ချပေးမယ်" ဟု ၎င်းက ပြောသည်။

"အခုတော့ မြန်မာနိုင်ငံလည်း ပြောင်းလဲလာပါပြီ။ နိုင်ငံခြားသား ဝင်ရောက်မှုများလာတာနဲ့အမျှ ဒီလိုနေရာထိုင်ခင်းတွေ ပိုလိုအပ်လာမယ်လို့ထင်တယ်" ဟု အိမ်ငှားတစ်ဦးဖြစ်သူ မစ္စတာတိုနီက ပြောသည်။ ■

ပန်းလှိုင် ဂေါက်ကွင်းအိမ်ရာက အိမ်ရာသစ်များကို စတင်ရောင်းချ

တင်ရဒနာထွန်း
yadanar.mcm@gmail.com

နိုဝင်ဘာလကုန်ပိုင်းမှ စတင်ရောင်းချလျက်ရှိသည့် ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ လုံးချင်းတိုက်များကို လာရောက်ကြည့်ရှုသူများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-နိုင်ဝင်းထွန်း

မြို့နှန်ဒေသ အိမ်ရာစျေးကောင်းသည့် မြို့နယ်များတွင် ပါဝင်သော လှိုင်သာယာမြို့နယ်အတွင်း Serge Pun & Associates ကုမ္ပဏီက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပန်းလှိုင် ဂေါက်ကွင်းအိမ်ရာစီမံကိန်းက အိမ်ရာသစ်များကို နိုဝင်ဘာ ၂၉ ရက်နေ့တွင် စတင်ရောင်းချခဲ့သည်။

ယခုအချိန်တွင် တည်ဆောက်မှုလုပ်ငန်းများ ပြုလုပ်လျက်ရှိသော Lotus Canal View ဗီလာအိမ်ရာ၊ Lotus Place ဗီလာအိမ်ရာ၊ Lotus Terrace ကွန်ဒိုတိုက်ခန်းတို့ကို ရောင်းချသွားမည်ဖြစ်ပြီး ထိုအိမ်ရာသစ်များကို ၂၀၁၅ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်သည်။

“ရေကန်ရှုခင်းကို ခံစားနိုင်တဲ့ Lotus Canal Viewအိမ်ရာသစ်တွေက အခုချိန်မှာ တည်ဆောက်မှု ၄၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီး ဥယျာဉ်ရဲ့ အလှအပတွေကို ခံစားနိုင်တဲ့ Lotus Place အိမ်ရာသစ်တွေက တည်ဆောက်မှု ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီ ဖြစ်ပါတယ်။ ဒီအိမ်ရာနှစ်ခုလုံးကို ၂၀၁၅ ခုနှစ်၊ ဇွန်လမှာ အပြီးတည်ဆောက်မှာ ဖြစ်ပါတယ်”ဟု Serge Pun & Associates ကုမ္ပဏီ၏ အရောင်းနှင့် ဈေးကွက်မြှင့်တင်ရေးမန်နေဂျာ ဦးသူရိန်က ပြောသည်။

ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာစီမံကိန်းတွင် Lotus Canal View ဗီလာအိမ်ရာ ၁၂ လုံးကို တည်ဆောက်သွားမည် ဖြစ်ပြီး ခြံဝင်းအကျယ် ၈,၆၆၅ စတုရန်းပေရှိသော မြေနေရာပေါ်တွင် အိမ်အကျယ် ၄၈၃၉ စတုရန်းပေရှိသော နှစ်ထပ်မြင့် ဗီလာအိမ်များ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် ခြံဝင်းအကျယ် ၄,၃၀၇ စတုရန်းပေပေါ်တွင် ကြမ်းခင်းဧရိယာ ၄,၄၆၈ စတုရန်းပေရှိသော သုံးထပ်မြင့် Lotus Place ဗီလာအိမ်ရာ အလုံး ၃၀ ကိုလည်း တည်ဆောက်သွားမည် ဖြစ်သည်။

ကွန်ဒိုတိုက်ခန်းများသာ ပါဝင်သော Lotus Terrace အိမ်ရာများကိုလည်း မကြာခင် တည်ဆောက်မှု စတင်တော့မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် အပြီးတည်ဆောက်သွားမည်ဟု ဦးသူရိန်က ပြောသည်။

Lotus Terrace အိမ်ရာသစ်တွင် ကွန်ဒိုတိုက်ခန်း ၁၈ ခန်း ပါဝင်မည်ဖြစ်ကာ တစ်ခန်းလျှင် ၂,၆၀၁ စတုရန်းပေမှ ၃,၀၆၈ စတုရန်းပေထိ ကျယ်ဝန်းမည် ဖြစ်သည်။

ထို့ပြင် ထိုတိုက်ခန်းများတွင် စတုရန်းပေ ၂,၀၀၀ ခန့်ရှိ ကိုယ်ပိုင်ဥယျာဉ်များလည်း ပါဝင်မည်ဖြစ်သည်။

ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ အိမ်ရာသစ်များကို အသင့်လျော်ဆုံး ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများကိုသာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဦးသူရိန်က ပြောသည်။

ပန်းလှိုင် ဂေါက်ကွင်းအိမ်ရာသစ် ဖော်ဆောင်ရေးကို ၁၉၉၇ ခုနှစ်က Serge Pun & Associates ကုမ္ပဏီက စတင်ပြုလုပ်ခဲ့ကာ ထိုအိမ်ရာသည် လှိုင်သာယာမြို့နယ် ပဒေသာပင်မြို့တော် (FMI City) အိမ်ရာ၏ မျက်နှာချင်းဆိုင်တွင် တည်ရှိသည်။

ထိုအိမ်ရာဝင်းအတွင်း ကျင်းကိုးကျင်း ပါဝင်သော ပန်းလှိုင်ဂေါက်ကွင်းကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ကျင်း ၁၈ ကျင်းထိ တိုးချဲ့ခဲ့ကာ ၂၀၀၅ ခုနှစ်တွင်လည်း ပန်းလှိုင်ဆေးရုံကို စတင်ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် ကွန်ဒိုတိုက်ခန်း ၄၈ ခန်းကိုပါ စတင်ရောင်းချခဲ့သည့်အပြင် ၂၀၀၇ ခုနှစ်တွင် ပန်းလှိုင်အိုအေစစ် အားကစားအသင်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး Ivory House ၁၂ လုံးကို စတင်တည်ဆောက်ခဲ့သည်။

Bamboo Grove Gardens ဗီလာအိမ်ရာများနှင့် Rose Garden ဗီလာအိမ်ရာများကို ၂၀၁၂ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဗီလာအိမ်ရာ ၄၂ လုံးနှင့် ကွန်ဒိုတိုက်ခန်း ၁၈ ခန်းကိုလည်း တည်ဆောက်ခဲ့သည်။

ထို့ပြင် ၁၀ နှစ်အောက် ကလေးများအတွက် Pun Hlaing School ကို ဖွင့်လှစ်ထားလျက်ရှိပြီး ပန်းလှိုင်အိမ်ရာအတွင်း တည်ဆောက်လျက်ရှိသော ရေသန့်စက်ရုံကိုလည်း ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင် စတင်လည်ပတ်သွားမည် ဖြစ်သည်။ ■

လူကြိုက်အများဆုံး ရန်ကုန် ၁၀ မြို့နယ်ရှိကြောင်း ထုတ်ပြန်

မြတ်ငြိမ်းအေး
myatnyeinaye11092@gmail.com

အိမ်ခြံမြေဝန်ဆောင်မှု ဝက်ဘ်ဆိုက်ဖြစ်သည့် House.com က ၎င်းတို့ဝက်ဘ်ဆိုက်တွင် အွန်လိုင်းမှတစ်ဆင့် အိမ်ခြံမြေရှာဖွေသူများအတွက် ရန်ကုန်မြို့တွင်ရှိသော လူကြိုက်အများဆုံးမြို့နယ် ၁၀ ခုကို ၎င်းတို့၏စစ်တမ်းများကို ကိုးကား၍ဖော်ပြခဲ့သည်။

“ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုက်မှာ အိမ်ခြံမြေဝယ်ယူဖို့နဲ့ ငှားရမ်းဖို့ ဝင်ရောက်ကြည့်ရှုတဲ့သူအများစုက ရန်ကုန်မြို့မှာ နေထိုင်လိုသူတွေ အများဆုံးဖြစ်ပါတယ်။ ဝက်ဘ်ဆိုက်ရဲ့ လေးပုံသုံးပုံလောက်က မြို့လယ်ကောင်ပိုင်းတွေကို ရှာဖွေမှုများတာတွေ့ရပါတယ်။ အဲဒါကြောင့် ဖောက်သည်အများစုက မြို့ပြမှာနေချင်ကြတယ်ဆိုတာ သက်သေပြနေပါတယ်” ဟု House.com ၏ မြန်မာပြည်ဆိုင်ရာ မန်နေဂျာ Mr. Jan Sommerfeld က အိမ်ခြံမြေဆိုင်ရာ အနာဂတ် တွေ့ဆုံဆွေးနွေးပွဲတွင် ပြောသည်။

ရန်ကုန်မြို့ရှိ လူကြိုက်အများဆုံး နေရာ ၁၀ မြို့နယ်မှာ မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်၊ သင်္ကန်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းတို့ ဖြစ်သည်။

အိမ်ဌားရမ်းခြင်းနှင့် အိမ်ခြံမြေရှာဖွေသူများမှာ အဆိုပါ ၁၀ မြို့နယ်တွင် အများဆုံးဖြစ်ပြီး ယင်းမြို့နယ်များမှာ မရမ်းကုန်း၊ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်များမှာ ရှာဖွေသူ အများဆုံး ဖြစ်ကြောင်း Mr. Jan Sommerfeld က ပြောသည်။

“လူကြိုက်အများဆုံး မြို့နယ် ၁၀ မြို့နယ်ထဲကမှ မြို့နယ်လေးခုလောက်က ပိုပြီး အိမ်ခြံမြေရှာဖွေမှု ပိုများတယ်။ မရမ်းကုန်းမြို့နယ်ဆိုရင် ရှာဖွေမှုက ငါးရာခိုင်နှုန်းကျော်တယ်။ ပြီးရင်ကမာရွတ်မြို့နယ်က လေးရာခိုင်နှုန်းကျော်။ စမ်းချောင်းနဲ့ တောင်ဥက္ကလာပမြို့နယ်တွေက သုံးရာခိုင်နှုန်းကျော်လောက် ရှာဖွေမှုတွေ ရှိကြတယ်” ဟု ၎င်းကပြောသည်။

ထို့ပြင် မရမ်းကုန်း၊ ကမာရွတ်နှင့် ဗဟန်းမြို့နယ်များတွင် နိုင်ငံခြားသား ဌားရမ်းနေထိုင်မှု ပိုလာပြီး ရန်ကင်းမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်များတွင် လုံးချင်းအဌားများ ပိုမိုကျယ်ပြန့်လာကြောင်း Asia Land Real Estate Services မှ အုပ်ချုပ်မှုဒါရိုက်တာ ကိုကျော်ကျော်က House.com ၏ တွေ့ဆုံမေးမြန်းမှုတွင် ပြောသည်။

အိမ်ခြံမြေရှာဖွေနေထိုင်မှုသည် ယခင်က မြို့တွင်းမြို့များတွင်သာ အရောင်းအဌား ပိုများပြီး ယခုနောက်ပိုင်းတွင် မြို့တွင်းနှင့် စပ်ဆက်သည့် မြို့နယ်များသို့ ပျံ့နှံ့သွားကြသည့်အတွက် အနာဂတ်တွင် တောင်ဥက္ကလာ၊ လှိုင်သာယာ၊ သင်္ကန်းကျွန်း၊ မင်္ဂလာဒုံ၊ ဒဂုံဆိပ်ကမ်း၊ ရွှေပြည်သာ၊ မြောက်ဒဂုံ မြို့နယ်များကို ပိုမိုလူကြိုက်များလာနိုင်ကြောင်း ၎င်းက ပြောသည်။

“အရင်က တိုက်ခန်းတွေဆိုရင် မြို့တွင်းခြောက်မြို့နယ်မှာပဲ အဌားများတယ်။ အခုနောက်ပိုင်းမှာ လမ်းပန်းဆက်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုတွေလည်း တွင်ကျယ်လာတော့ မြို့တွင်းနဲ့စပ်ဆက်တဲ့ မြို့နယ်တွေ၊ နောက်ဖွံ့ဖြိုးတဲ့ မြို့စွန်တွေဘက်ကို ပြောင်းရွှေ့နေထိုင်လာကြပါတယ်။ ဒါကြောင့် နောက်ပိုင်းမှာ မြို့စွန်တွေဘက် ပြောင်းရွှေ့နေထိုင်မှုတွေ ပိုများလာနိုင်ပါတယ်” ဟု ကိုကျော်ကျော်က ပြောသည်။ ■

ကမ္ဘာ့ကားစျေးကွက်သို့ တရုတ်နိုင်ငံထုတ်ကားများ ပိုမိုဝင်ရောက်လာ

တိုးဝေအောင်
toewaiaung.mcm@gmail.com

တရုတ်နိုင်ငံ ဂူဟန်ဒေသရှိ DONGFENG မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်။ ဓာတ်ပုံ - DONGFENG Motor Corporation

ကမ္ဘာ့ကားစျေးကွက်တွင် လူကြိုက်များသည့် အရည်အသွေးမြင့်ကားများ ထုတ်လုပ်သည့် အမေရိကန်နှင့် ဥရောပနိုင်ငံများနည်းတူ အရည်အသွေးမြင့် ကားထုတ်လုပ်မှုနည်း ပညာစွမ်းရည်ကို တရုတ်နိုင်ငံက ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း စတင်အကောင်အထည်ဖော် ကျင့်သုံးလာခဲ့ခြင်းကြောင့် အောင်မြင်မှုများရရှိခဲ့သည့် တရုတ်ကား ထုတ်လုပ်သည့် ကုမ္ပဏီများထဲတွင် DONGFENG Motor Corporation လည်း ပါဝင်လာခဲ့ကြောင်း ကုမ္ပဏီ၏ ပြည်ပ ပို့ကုန်အထွေထွေမန်နေဂျာ Mr.Yang Boo က ပြောသည်။

ကားထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၄၈ ဒသမ ၇ ဘီလျံနှင့် အလုပ်သမား အင်အား ၁၈၄,၀၀၀ နှင့် လည်ပတ်လျက် ရှိသည့် DONGFENG သည် လက်ရှိ ကမ္ဘာ့ကားစျေးကွက်၏ ၄၇ ရာခိုင်နှုန်းကို ရယူထားပြီး ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။

"Fortune မဂ္ဂဇင်းရဲ့ ကမ္ဘာ့နာမည်ကြီး စီးပွားရေးလုပ်ငန်း ၅၀၀ စာရင်းထဲမှာ နံပါတ် ၁၁၃ အဆင့်မှာရပ်တည်နေပါတယ်။ ကားနဲ့ ပတ်သတ်တဲ့ အမျိုးအစား ၂၈ ခုရှိတယ်။ ၂၀၁၃ ခုနှစ်မှာ ကားအစီးရေ ၇ ဒသမ ၄ ဘီလျံ ရောင်းချခဲ့ရတယ်။ ဒီနှစ် လက်ရှိအနေအထား မှာ ၃ ဒသမ ၈ သန်း ရောင်းချပြီးသွားပြီ။ ရလဒ်ကောင်းမယ်လို့ မျှော်လင့်ထားတယ်။ တစ်နာရီကို ကားအစီးရေ ၃၅ စီးထုတ်လုပ်နေပါတယ်" ဟု Mr.Yang Boo က ပြောသည်။

DONGFENG သည် ကားထုတ်လုပ်မှုလုပ်ငန်းကို ၁၉၆၉ ခုနှစ်တွင် နိုင်ငံအတွက် စစ်သုံးယာဉ်များနှင့် ကုန်တင်ယာဉ်များကို စတင်ထုတ်လုပ်ခဲ့သည်။ ထို့နောက် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကာ အကျိုးတူ ရင်းနှီးမြှုပ်မှုများပြုလုပ်ခဲ့ရာမှ အရည်အသွေးပိုင်း ကောင်းမွန်လာခြင်းကြောင့် ကမ္ဘာ့ကားစျေးကွက်တွင် နေရာရရှိလာခဲ့သည်။

"မြန်မာနိုင်ငံကလူတွေ ကားသစ်တွေ စီးနိုင်ဖို့ သက်ဆိုင်ရာက အခွန်တွေလျှော့ချလိုက်မယ်ဆိုရင် လူတိုင်းနီးပါး ကားသစ်တွေ ပဲစီးနိုင်မှာပါ။ အခု ကားသစ်မှာဖို့စျေးက သိပ်မရှိပေမယ့် ထမ်းရတဲ့အခွန်ကများနေလို့ ကားဝယ်စီးမယ့်သူ တော်တော်များများ တစ်ပတ်ရစ်ကားတွေဘက်ကိုပဲ ဦးတည်နေတယ်။ ပြည်တွင်းကားစျေးကွက်ထဲမှာ ကားဟောင်းသံသရာကလည်နေဦးမှာပါ။ တရုတ်နိုင်ငံဟာ တစ်ချိန်က ကားဟောင်းတွေ တင်သွင်းခဲ့တယ်။ အခုတော့ ကားသစ်တွေထုတ်တဲ့အဆင့်ထိတောင် ရောက်နေပါပြီ။ အခွန်တွေလျှော့ချလိုက်မယ်ဆိုရင် ကားဟောင်းနဲ့ ကားသစ်စျေးက သိပ်ပြီးတော့ကွာမှာမဟုတ်တော့လို့ လူတိုင်း ကားသစ်စီးနိုင်မယ့် အခွင့်အရေးတွေ ရရှိမှာပါ" ဟု ရောင်နီဦးကားထုတ်လုပ်ရေး ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဝင်းက ပြောသည်။

ကမ္ဘာ့စျေးကွက်သို့ တင်ပို့ရန် တရုတ်နိုင်ငံတွင် ဘော်ဒီနှင့် စက်ပိုင်းဆိုင်ရာများကို အသေးစိတ် ထုတ်လုပ်နိုင်ခဲ့ပြီး ကားတစ်စီးစာ အစိတ်အပိုင်းများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိသည်။

ထုတ်လုပ်မှုအတွက် ရည်ရွယ်ထားသည့် နမူနာကားတစ်စီးကို ဦးစွာထုတ်လုပ်ကာ တရုတ်နိုင်ငံ ဂူဟန်မြို့မှ မိုင် ၈၀ ခန့်ဝေးကွာသည့် ရှိယန်းပြည်နယ်တွင် ကားအရည်အသွေးစစ်ဆေးသည့် စစ်ဆေးရေကွင်းတွင် စစ်ဆေးမှုခံယူပြီး အောင်မြင်မှသာ ဆက်လက်ထုတ်လုပ်ပြီး စျေးကွက်သို့ တင်ပို့ရောင်းချခြင်း ဖြစ်သည်။

"မြန်မာနိုင်ငံကို တင်သွင်းလာတဲ့ကားတွေထဲမှာ ဂျပန်ကျ ကားတွေများနေတယ်။ ဒီကားတွေသုံးထားတဲ့ ကီလိုမီတာတွေကို ရောင်းတဲ့သူတချို့က ဒီရောက်တာနဲ့ ကီလိုမီတာလျှော့ပြီး ရောင်းကြနေကြလို့ ဝယ်တဲ့သူတွေနစ်နာတယ်။ လက်ရှိမှာလည်း ကားဟောင်းတင်သွင်းဖို့ကို စိတ်ဝင်စားကြတယ်။ တကယ်တော့ ကားဟောင်းတင်သွင်းတဲ့စျေးနဲ့ ကားသစ်တင်သွင်းတဲ့စျေးက သိပ်မကွာဘူးဆိုတာ အသိနည်းနေသေးတယ်။ DONGFENG ကထုတ်တဲ့ ကားတွေကို ကျွန်တော်တို့ကုမ္ပဏီက တိုက်ရိုက်ရောင်းချပေးနေပါတယ်" ဟု ဦးအောင်ဝင်းက ပြောသည်။

တရုတ်နိုင်ငံ ဂူဟန်ဒေသတွင် ကားထုတ်လုပ်ရေးကုမ္ပဏီ ၁၀ ခုခန့်ရှိပြီး စျေးကွက်သို့ DONGFENG ကားများကို အများဆုံး ရောင်းချလျက်ရှိသည်။

"အစိုးရက ပြည်သူတွေရဲ့ လုပ်ငန်းလိုအပ်ချက်ကို အကောင်ထည်ဖော်တဲ့အနေနဲ့ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုခဲ့တယ်။ ပြည်နယ်တွေမှာ ရှိတဲ့ စက်ရုံတွေအလိုက် ထုတ်လုပ်မှုတွေ ရှိပြီး နေထိုင်တဲ့ပြည်သူတွေနဲ့ကိုက်ညီမှုရှိတဲ့ စျေးနှုန်းကိုစီစဉ်ပေးတယ်။ အခုလည်း ကားထုတ်လုပ်ရေးလုပ်ငန်းတွေကို အစိုးရက အားပေးထားတယ်။ ဒီကထုတ်လုပ်တဲ့ကားတွေက ကမ္ဘာ့စျေးကွက်မှာ ၂၀၀၆ ခုနှစ်မှာ ဂျပန်ကားထုတ်လုပ်တဲ့ ကားအစီးရေကိုလိုက်မီတယ်။ ၂၀၀၉ ခုနှစ် မှာ အမေရိကန်ကားထုတ်လုပ်မှုအစီးရေကို ကျော်ခဲ့တယ်" ဟု DONGFENG Motorမှ နိုင်ငံတကာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လက်ထောက်မန်နေဂျာ Mr. Su Weibin က ပြောသည်။

တရုတ်နိုင်ငံတွင် ၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များတွင် ပြည်တွင်းတွင်ကားထုတ်လုပ်မှုများ ရှိခဲ့သော်လည်း အများစုမှာ ထရပ်ကားများကိုစတင်ထုတ်လုပ်ခဲ့ပြီး ၁၉၆၅ ခုနှစ်မှ စတင်၍ ပြည်ပနိုင်ငံများနှင့် အကျိုးတူပူးပေါင်းထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၆၉ မှ ၁၉၈၀ ခုနှစ်အထိစစ်သုံးယာဉ်များကို စတင်ထုတ်လုပ်ခဲ့ပြီး ၁၉၈၁ မှ ၁၉၉၃ ခုနှစ်အတွင်း ထရပ်ကားကြီးများနှင့် လူစီးမော်တော်ယာဉ်များကို စတင်ထုတ်လုပ်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် အမေရိကန်မော်တော်ကော်ပိုရေးရှင်းနှင့် စာချုပ်ချုပ်ဆိုကာ ဂျစ်ကားများ စတင်ထုတ်လုပ်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ပြည်ပနိုင်ငံများမှ တစ်ပတ်ရစ်ကား သုံးသိန်းခွဲခန့်တင်သွင်းခဲ့ပြီး အဆိုပါကားအများစုမှာ အင်ဒုံးယာဉ်လုပ်ငန်းများနှင့် ကိုယ်ပိုင်ယာဉ်များအတွက် စတင်သုံးစွဲခဲ့သည်။

ပြည်ပမှ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများ ဝင်ရောက်လာချိန်တွင် အစိုးရက ပြည်တွင်းလုပ်ငန်းရှင်များ ပါဝင်မှသာ လုပ်ကိုင်ခွင့်ပြုခြင်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်များစွာ ပေါ်ပေါက်ခဲ့ပြီး ဒေသခံပြည်သူများ အလုပ်ကိုင်အခွင့်လမ်းများလည်း ရရှိခဲ့ပြီး အချိန်တိုအတွင်း နည်းပညာနှင့် လူနေထိုင်မှုအဆင့်အတန်းများပါ တိုးတက်လာခဲ့သည်။

"ကားထုတ်လုပ်မှုနဲ့ပတ်သက်ပြီး အစိုးရက ကာဗွန်ထုတ်လုပ်မှုတွေကို နှစ်စဉ်ကန့်သတ်ချက်တွေတိုးပြီးတော့ လုပ်ဆောင်နေတယ်။ ကားသစ်တွေထုတ်လုပ်တဲ့ နေရာတွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းဖို့အတွက်ကို အင်ဂျင်ပါဝါသေးပြီး ဆီစားသက်သာတဲ့ကားတွေကို ထုတ်လုပ်ဖို့ တိုက်တွန်းထားတယ်။ အခုလည်း DONGFENG က လျှပ်စစ်ကားတွေ စထုတ်ဖို့ စမ်းသပ်နေပါတယ်။ ဒီကားတွေကို ဂျပန်မှာ စပြီးသုံးနေပြီ။ ဒီမှာက စမ်းသပ်ထုတ်လုပ်တဲ့ အဆင့်ပဲရှိပါ သေးတယ်" ဟု Mr.Yang Boo က ပြောသည်။ ■

emusicg;ou
cskNrevyaom

ငြိမ်းအိအိထွေး
nyeineieihtwe23@gmail.com

“အစက ထုတ်မပြောဘူးလို့ နေခဲ့ပေမယ့် ကျွန်မ နာကျင်ခဲ့တာတွေ အကုန်ပြောတော့မယ်လို့ အခု ဆုံးဖြတ်လိုက်ပြီ။ ကျွန်မ ယောကျ်ား အိပ်ချ်အိုင်ဗီနဲ့ ဆုံးပြီး သုံးရက်အကြာမှာ အိပ်ချ်အိုင်ဗီရှိနေတဲ့ ကျွန်မအမေ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသတ်သေသွားခဲ့တယ်လေ” လို့ မရတနာ(အမည်လွှဲ) က ခပ်လှမ်းလှမ်းက ပြတင်းပေါက်ကို လှမ်းကြည့်ရင်း စကားတွေကို တစ်လုံးချင်း အားယူပြောလိုက်ပါတယ်။

၂၀၀၇ ခုနှစ်မှာ ကိုယ့်ကိုယ်ကိုယ် အိပ်ချ်အိုင်ဗီရှိနေပြီလို့ သိသွားတဲ့ မရတနာက ဖခင်၊ မိခင်နဲ့ ခင်ပွန်းသည်ပါ အိပ်ချ်အိုင်ဗီရှိနေမှန်းသိတဲ့ အခါ ကြုံတွေ့ရတဲ့ မိသားစုအခြေအနေကို ပြောပြနေပါတယ်။ သားမက်ဖြစ်သူ သေဆုံးချိန်မှာတော့ အိပ်ချ်အိုင်ဗီကို အကြောက်ကြီးကြောက်သွားတဲ့ မရတနာရဲ့မိခင်ဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေပြီး အိပ်ချ်အိုင်ဗီရှိနေတဲ့ ခင်ပွန်းနဲ့ သားသမီး ခုနစ်ယောက်ကို ထားပစ်ခဲ့တာပါ။

ဆီးချိရောဂါ ခံစားနေရတဲ့ဖခင် ခြေတစ်ဖက်ဖြတ်တဲ့အချိန်မှာ သွင်းတဲ့ သွေးကနေတစ်ဆင့် အိပ်ချ်အိုင်ဗီကူးလာပြီး ဖခင်ဆီတစ်ဆင့် မိခင်ပါ ကူးစက်တယ်လို့ မရတနာက သံသယရှိနေခဲ့ပါတယ်။ သူကိုယ်တိုင်ကတော့ အိပ်ချ်အိုင်ဗီရှိနေတဲ့ ခင်ပွန်းနဲ့ မိခင် သေဆုံးချိန်၊ ရောဂါသည်ဖခင်၊ မောင်နှမငယ်ခြောက်ယောက်နဲ့ သမီးငယ်လေးအတွက် အသက်ဆက်ရှင်ရမယ်လို့ အားတင်းထားခဲ့ပေမယ့် သူအလုပ်လုပ်တဲ့ ရွှေဆိုင်ပိုင်ရှင်က မရတနာမှာ အိပ်ချ်အိုင်ဗီရှိနိုင်တယ်ဆိုတဲ့ သံသယနဲ့ နှစ်လစာပေးပြီး အလုပ်ထုတ်ပစ်ခဲ့တာပါ။

“ယောကျ်ား အိပ်ချ်အိုင်ဗီရှိပြီး ဆုံးမှန်းလည်းသိရော သူတို့ ကျွန်မကို သွေးစစ်ခိုင်းတယ်။ နောက် နှစ်လစာပေးပြီး အလုပ်ထုတ်ပစ်ခဲ့သလို တခြားရွှေဆိုင်တွေမှာ မလုပ်ဖို့နဲ့ တကယ်လို့ သွားလုပ်ခဲ့ရင် ကျွန်မမှာ အိပ်ချ်အိုင်ဗီရှိကြောင်း လိုက်ပြောမယ်လို့ သတိပေးခဲ့တယ်” လို့ မရတနာက နာကျင်စွာ ပြုံးရင်း ပြောပါတယ်။

UNAIDS ရဲ့ စစ်တမ်းထုတ်ပြန်ချက်တစ်ခုအရ ၂၀၁၂ အကုန်မှာ ကမ္ဘာတစ်ဝန်းရှိ ခန့်မှန်းခြေလူပေါင်း ၃၅ ဒသမ ၃ သန်းဟာ အိပ်ချ်အိုင်ဗီနဲ့ နေထိုင်နေကြသူတွေဖြစ်ပြီး အသက် ၁၅ နှစ်နှင့်အထက်မှာ အိပ်ချ်အိုင်ဗီ ပျံ့နှံ့မှု သည်ဒသမ ၈ ရာခိုင်နှုန်းရှိတယ်လို့ ဖော်ပြထားပါတယ်။

အာရှတိုက်မှာ အိပ်ချ်အိုင်ဗီကူးစက်မှုဒဏ် အပြင်းထန်ဆုံးခံစားနေရတဲ့ နိုင်ငံတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ မြန်မာနိုင်ငံမှာတော့ ၂၀၁၃ ခုနှစ်မှာ အိပ်ချ်အိုင်ဗီနဲ့ နေထိုင်သူဦးရေ (ခန့်မှန်း) ၁၈၅,၀၀၀ ရှိနေပါတယ်။ ၂၀၁၃ တစ်နှစ်ထဲမှာ အိပ်ချ်အိုင်ဗီကူးစက်ခံရသူ ၆,၄၀၀ ခန့် ရှိနေကြောင်းလည်း ဖော်ပြပါရှိပါတယ်။

အိပ်ချ်အိုင်ဗီကူးစက်မှု ကျရောက်လွယ်တဲ့ ဦးတည်အုပ်စုတွေကို မူးယစ်ဆေးဝါးထိုးသွင်းသုံးစွဲသူများ၊ အမျိုးသားချင်း လိင်ဆက်ဆံသူများနဲ့ အမျိုးသမီး လိင်အလုပ်သမတွေလို့ ဖော်ပြထားပေမယ့် ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ ကျောင်းဆရာမ မည်သူမဆို အိပ်ချ်အိုင်ဗီရှိသူနဲ့ လိင်ဆက်ဆံမိလျှင်၊ သွေးသွင်းခံရလျှင်၊ တက်တူး၊ မူးယစ်ဆေးဝါး၊ ဒါမှမဟုတ် အရည်ပြားကိုဖောက်ပြီး သွေးထွက်စေတဲ့အပ်ကို အတူတူသုံးမိလျှင် အိပ်ချ်အိုင်ဗီ ကူးစက်ခံရနိုင်ပါတယ်။

အိပ်ချ်အိုင်ဗီ ပညာပေးအသိနည်းပါးမှုရဲ့ အကျိုးဆက်ကတော့ လူသားချင်းခွဲခြားဆက်ဆံခံရတာဖြစ်ပြီး အိပ်ချ်အိုင်ဗီနဲ့ နေထိုင်သူတွေရဲ့ အသက်ရှင်ဖြစ်တည်မှုနဲ့ လူ့အခွင့်အရေးတွေကို ခြိမ်းခြောက်နေတဲ့ အကြောင်းရင်းတစ်ခုလည်း ဖြစ်ပါတယ်။

ဒီလိုခွဲခြားခံရမှုတွေကို ငြင်းဆိုတိုက်ဖျက်ပြီး ကျန်းမာရေးအသိ ဖြန့်ဝေနိုင်ဖို့ ရွှေဆိုင်ကနေ အလုပ်ပြုတ်ခဲ့ရတဲ့ မရတနာတစ်ယောက်

> လူမှုရေးအခက်အခဲတွေကိုပါ အချိန်ပေးနားထောင်ပေးရတာဖြစ်ပြီး ကျန်းမာရေးအသိ အားနည်းလို့ ဆုံးပါးခဲ့ရတဲ့ သူမိခင်လိုလူတွေ လျော့စေချင်တဲ့

ခုချိန်မှာတော့ ရတနာ့မေတ္တာ အိပ်ချ်အိုင်ဗီလျှော့ချရေးနဲ့ လူ့အခွင့်အရေး ဆိုင်ရာ အဖွဲ့မှာ နေသားတကျ အလုပ်ရနေပါပြီ။

သူ့ရဲ့တာဝန်က ဘဝတူ အိပ်ချ်အိုင်ဗီနဲ့ နေထိုင်သူတွေကို ကျန်းမာရေး အသိပညာဖြန့်ဝေဖို့နဲ့ အိပ်ချ်အိုင်ဗီ ပိုးထိန်းဆေး (အေအာရ်ဗီ) မှန်မှန် သောက်ဖို့အပြင် လူမှုရေးအခက်အခဲတွေကိုပါ အချိန်ပေးနားထောင်ပေးရတာဖြစ်ပြီး ကျန်းမာရေးအသိ အားနည်းလို့ ဆုံးပါးခဲ့ရတဲ့ သူမိခင်လိုလူတွေ လျော့စေချင်တဲ့ သူ့ဆန္ဒနဲ့ ထပ်တူကျနေပါတယ်။

“အိပ်ချ်အိုင်ဗီရှိမှန်း သိလိုက်တာနဲ့ အမေက အရမ်းရွက်၊ အရမ်းကြောက်သွားတာ။ ကျွန်မကလွဲပြီး ဘယ်သူ့ကိုမှ ပေးမသိခဲ့ဘူး။ သားအမိနှစ်ယောက်တည်း ကြိတ်ပြီး စိတ်မချမ်းသာဖြစ်နေကြတာ အဖေနဲ့ ကျွန်မယောကျ်ားတောင် မသိခဲ့ပါဘူး”လို့ မရတနာက ပြောပါတယ်။

အမေနဲ့ ယောကျ်ား ဆုံးပါးပြီးနောက်မှာ ပေါင်မှာ အကြိတ်ကြီးတစ်လုံး ပေါက်လာပြီး အိပ်ချ်အိုင်ဗီရဲ့ လက္ခဏာတစ်ခုဖြစ်တဲ့ တီဘီရောဂါ စရခဲ့ပြီး နောက်မှာတော့ မရတနာတစ်ယောက် အိပ်ရာထဲ လဲခဲ့သလို သူမိသားစုကိုတော့ သူနေထိုင်ရာ တစ်ရပ်ကွက်လုံးက မျက်နှာချင်းမဆိုင်ရဲတဲ့အထိ အိပ်ချ်အိုင်ဗီကူးစက်မှာ ကြောက်နေခဲ့ကြပါတယ်တဲ့။

“ကျွန်မ သေမလိုဖြစ်ပြီး အိပ်ရာထဲလဲနေတဲ့အချိန်မှာ အိမ်က မောင်လေးတွေ ညီမလေးတွေ ဘယ်သူမှ ရပ်ကွက်ထဲ ခေါင်းမဖော်ဝံ့ကြဘူး။ အရမ်းရွက်စရာ၊ ကြောက်စရာကောင်းတယ်လို့ သူတို့ထင်နေခဲ့ကြတယ်” လို့ မရတနာက ပြောပါတယ်။

နောက်ဆုံးမှာတော့ သူငယ်ချင်းတချို့ရဲ့ အားပေးမှုနဲ့အတူ အိပ်ချ်အိုင်ဗီပိုးထိန်းဆေးလို့ အရပ်သိကြတဲ့ အေအာရ်ဗီဆေးအကြောင်း သိလာရပြီး ဆေးအခမဲ့ ထုတ်ယူနိုင်တဲ့ ရတနာ့မေတ္တာဆေးခန်းနဲ့ ချိတ်ဆက်ပြီး ပုံမှန် ကျန်းမာတဲ့အခြေအနေကို ပြန်ရယူနိုင်ခဲ့ပါတယ်။

ပတ်ဝန်းကျင်နဲ့ အလုပ်ရှင်တို့ရဲ့ ခွဲခြားမှုတွေကို ခံခဲ့ရတဲ့ မရတနာတစ်ယောက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာတဲ့အချိန်မှာ အိပ်ချ်အိုင်ဗီ ရှိတာနဲ့ မသေနိုင်ဘူးဆိုတာ ပြဖို့နဲ့ ဘဝတူတွေကို အားပေးဖို့ ခေါင်းပြန်ထူလာခဲ့ပြန်ပါတယ်။ ဒါပေမဲ့လည်း မိသားစုရဲ့ အားငယ်နေတဲ့စိတ်နဲ့ အရှိုးစွဲနေတဲ့ ခွဲခြားမှုအတွေးနဲ့ သူ့ပတ်ဝန်းကျင်က ထွက်ခွာခဲ့ပြီး ဒဏ်မြို့သစ်မြောက်ပိုင်းမြို့နယ်ကို ပြောင်းရွှေ့ခဲ့ရပါတယ်။

o n t wwr t em*wrsm;qo

ရတနာ့မေတ္တာလူမှုအဖွဲ့မှာ အလုပ်ပြန်လည်လျှောက်ထားခဲ့ပြီး "ဥက္ကဋ္ဌကြီးက ကျွန်မကို အလုပ်ခန့်လိုက်ပြီလို့ ပြောတဲ့အချိန်မှာ ကျွန်မ အရမ်းကို ဝမ်းသာခဲ့ရပါတယ်" လို့ မရတနာက ပီတိမျက်ရည်တွေနဲ့ ပြောပြပါတယ်။

အိပ်ချ်အိုင်ဗီကို ရှာ်စရာ၊ ကြောက်စရာလို့ သတ်မှတ်ထားတဲ့ လူတွေရဲ့ အတွေးကတော့ ခုချိန်ထိ မပြောင်းလဲသေးတာမို့ အိမ်တိုင်ရာရောက် လိုက်အားပေး၊ ဆေးတိုက်ရတဲ့ မရတနာတို့အတွက်လည်း အခက်အခဲတွေ တစ်ပုံကြီး ရှိနေဆဲပါပဲ။ အိမ်လိပ်စာ အမှားပေးခဲ့လို့ တစ်နေ့လုံး အိမ်ရှာရင်း ရွာလည်ခဲ့တာတွေ၊ မိသားစုကို ပေးမသိတဲ့သူ တွေကြောင့် အိမ်ကနေ မောင်းထုတ်ခံရတာတွေနဲ့ အမျိုးသားတွေကို အားပေးစကားပြောတဲ့အခါ နောက်မိန်းမလို့ပါ အထင်ခံရတဲ့အထိ သူကြုံတွေ့ခဲ့တာတွေကို ပြောပါတယ်။

"သူတို့နဲ့ အိမ်ထဲမှာ စကားပြောနေတုန်း ဧည့်သည်တစ်ယောက်လောက် ဝင်လာတာနဲ့ ဆေးတွေ စာအုပ်တွေကို ခပ်မြန်မြန်ကောက်သိမ်းပြီး စကားလမ်းကြောင်းတွေ ပြောင်း၊ သူငယ်ချင်းလိုဟန်ဆောင်ရတာတော့ ခဏခဏပါပဲ"လို့ မရတနာက ပြောပြီး

"သူတို့ ဘာတွေခံစားနေရတယ်ဆိုတာ ကျွန်မလည်း ဘဝတူဆိုတော့ ခံစားခဲ့ဖူးလို့ သိတယ်၊ အဲဒီတော့ သူတို့ကို အရင်းနှီးဆုံး အားပေးနိုင်တယ်"လို့ ဆက်ပြောပါတယ်။

မြန်မာနိုင်ငံမှာ အိပ်ချ်အိုင်ဗီနဲ့ နေထိုင်သူတွေကို ခွဲခြားမှုတွေ ရှိနေသလို အလုပ်အကိုင်အခွင့်အလမ်းတွေလည်း နည်းပါးနေတုန်းပဲဆိုတဲ့ မရတနာရဲ့ စကားလုံးတွေကိုတော့ နိုင်ငံတကာ အိပ်ချ်အိုင်ဗီပညာပေးကွန်ရက်တစ်ခုမှာ အလုပ်လုပ်နေတဲ့ အမျိုးသားချင်းစုံမက်သူ တာရာ (အမည်လွှဲ)က အပြည့်အဝ ထောက်ခံထားပါတယ်။

အညိုရောင်ဆံနွယ်ရှည်တွေနဲ့ မျက်တောင်ရှည်ကော့တွေ ပိုင်ရှင် အသက် ၂၈ နှစ်အရွယ် တာရာက အိပ်ချ်အိုင်ဗီနဲ့ နေထိုင်သူဖြစ်ပေမယ့် ရောဂါတစ်စုံတစ်ရာ ခံစားနေရတဲ့ပုံ မဟုတ်သလို ချစ်စဖွယ်အပြုံးနဲ့ စကားလုံးတွေကို ခပ်သွက်သွက် ပြောဆိုတတ်ပါသေးတယ်။ သူက အိပ်ချ်အိုင်ဗီရှိသူတွေအတွက် ကျန်းမာရေးပညာပေးတဲ့ စင်တာမှာ မနက် ၉ နာရီကနေ ညနေ ၅ နာရီအတွင်း အာဟာရ(အခမဲ့) ပေးဝေဖို့ စီစဉ်ရသူတစ်ဦး ဖြစ်ပါတယ်။

သက်ဆိုင်ရာဆရာဝန်တွေ ချမှတ်ထားတဲ့ အာဟာရဇယားကနေ အိပ်ချ်အိုင်ဗီရှိသူတွေအတွက် ရိက္ခာထုတ်ပေးရတဲ့ သူ့အလုပ်မှာ ပျော်ရွှင်နေရပေမယ့် ကျန်းမာရေးအသိအားနည်းခဲ့လို့ အသက်ဆုံးပါးသွားခဲ့တဲ့ ဘဝတူသူငယ်ချင်းတွေအတွက်တော့ တွေးမိတိုင်း စိတ်မကောင်းဖြစ်ရတယ်လို့ သူကပြောပါတယ်။

"တာရာ့သူငယ်ချင်းအများစုက အိပ်ချ်အိုင်ဗီကို ရှာ်စရာလို့ထင်တော့ အချင်းချင်းတောင် ဖွင့်မပြောကြဘူး။ တကယ်တမ်း အိပ်ချ်အိုင်ဗီအကြောင်း ဂဃနဏလည်း သိရော အချိန်က လွန်နေပြီလေ"လို့ တာရာကပြောပါတယ်။

ရန်ကုန်မြို့မှာ မွေးဖွားခဲ့ပေမယ့် အမျိုးသားချင်း ချစ်ခင်စုံမက်တဲ့ တာရာကို အိမ်က ထိန်းချုပ်ရာက ဆယ်ကျော်သက်အရွယ်မှာပဲ တာရာတစ်ယောက် သူငယ်ချင်းတွေရှိရာ ကယားပြည်နယ်၊ လွိုင်ကော်မြို့ကို ထွက်ပြေးခဲ့ပါတယ်။

သူ့အဆိုအရတော့ လွိုင်ကော်မှာ ဘဝတူ အမျိုးသားချင်းစုံမက်သူတွေတော်တော်များများရှိပြီး အိပ်ချ်အိုင်ဗီ အသိပညာလည်း နည်းပါးကြပါတယ်တဲ့။

"အကုန်လုံးက ဒါကို ရှာ်စရာလို့သတ်မှတ်ကြတော့ ကိုယ်တွေလည်း ဘယ်သူ့ကို မေးမြန်းရမှန်း မသိခဲ့ဘူး။ နောက် အလှပြင်လုပ်ငန်းတွေ၊နတ်ကတော်အလုပ်တွေပဲ အများစု လုပ်ကြတာဆိုတော့ ကျန်းမာရေးအသိုင်းအဝိုင်းနဲ့လည်း အလှမ်းဝေးတယ်လေ"လို့ တာရာက ပြောပါတယ်။

တကယ်တမ်း အေအာရ်တီ ကုသမှုတွေနဲ့ အေအာရ်ဗီဆေးအခမဲ့ ရနိုင်မှန်း သိချိန်မှာလည်း လွိုင်ကော်မြို့မှာ ဆေးပေးခန်း မရှိတာကြောင့် မန္တလေးနဲ့ မိတ္ထီလာလို မြို့ကြီးတွေကို အချိန်ပေးပြီး သွားကြရပါတယ်။ဆေးကို အခမဲ့ထုတ်ယူနိုင်ပေမယ့် နာမည်၊ လိပ်စာ၊ မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်းတွေပါ ပြသရမှာမို့ ကိုယ့်အသိုင်းအဝိုင်းနဲ့သာ နေလေ့ရှိကြတဲ့ အမျိုးသားချင်းချစ်ခင်သူတွေဟာ တကူးတက မသွားကြတော့ဘဲ အချိန်မှန် ဆေးသောက်လေ့လည်း မရှိကြဘူးလို့ တာရာက ပြောပါတယ်။

ရန်ကုန်ပြန်ရောက်လာချိန်မှာတော့ သူငယ်ချင်းတချို့ရဲ့ သတင်းပေးစကားကြောင့် အိပ်ချ်အိုင်ဗီရှိသူတွေအတွက် ဆေးအခမဲ့ ယူနိုင်တဲ့အပြင် တစ်နေ့တာလုံး အနားယူတည်ခိုကာ ကျန်းမာရေးအသိ၊ လူမှုရေးလုပ်ငန်းတွေ လုပ်နိုင်တဲ့ စင်တာတစ်ခုကို ရောက်ရှိလာရာက စေတနာ့ဝန်ထမ်းအဖြစ် အလုပ်လုပ်ခဲ့ပါတယ်။

"လိင်ဆက်ဆံဖော်များတာကြောင့် စိတ်ထဲထင်တာ ပြောရရင် အမျိုးသားချင်း ချစ်ခင်စုံမက်သူ အယောက်တစ်ရာမှာ ၉၀ ရာခိုင်နှုန်းလောက်က အိပ်ချ်အိုင်ဗီရှိနေနိုင်တယ်။ ဒါ ရှာ်ကြောက် လူတောမတိုးစရာ ရောဂါပိုး မဟုတ်ပေမယ့် အချိန်မီတော့ ဆေးကုသမှုခံယူဖို့ လိုအပ်တယ် လေ"လို့ တာရာက သူ့အတွေ့အကြုံတွေနဲ့ယှဉ်ပြီး ပြောပါတယ်။

အမျိုးသားချင်း ချစ်ခင်စုံမက်သူတွေကို အိပ်ချ်အိုင်ဗီကျန်းမာရေးအသိဖြန့်ဝေရတာ ပင်ပန်းပေမယ့် တကယ်တမ်းမှာ ပွင့်လင်းမှုမရှိတဲ့ (အပုန်း) အမျိုးသားချင်းချစ်ခင်သူတွေက ပတ်ဝန်းကျင်မှာလည်း ထင်ပေါ်အောင်မနေကြတဲ့အတွက် အန္တရာယ်ရှိပါတယ်လို့ တာရာက ပြောပါတယ်။ ဒါကြောင့်လည်း သူ့အလုပ်ချိန်အပြင် အပတ်စဉ် စနေနေ့တွေမှာ ပတ်ဝန်းကျင်ကို အသိမပေးတဲ့ ယောကျ်ားချင်း ချစ်ကြိုက်သူ(အပုန်း)တို့အတွက် ကျန်းမာရေးပညာပေး စကားဝိုင်းတွေမှာ အခမဲ့ စေတနာ့ဝန်ထမ်းအဖြစ်လည်း လုပ်နေပါတယ်။

"လူတွေကို နင် အခြောက်မဟုတ်လား. . ပြောစမ်းဆိုပြီး ဖိအားပေး ထုတ်ပြောခိုင်းလို့မှ မရတာ။ အဲဒီတော့ ဖုံးထားတဲ့သူတွေကိုလည်း ကျန်းမာရေးအသိတွေ ပေးဖို့ တာဝန်ရှိပါတယ်" လို့ တာရာက ပြောပါတယ်။

မရတနာနဲ့ တာရာတို့က မြန်မာနိုင်ငံမှာ အိပ်ချ်အိုင်ဗီကျန်းမာရေးအသိ အားနည်းနေသေးတယ်လို့ ဆိုပေမယ့် အိပ်ချ်အိုင်ဗီနဲ့ နေထိုင်သူတစ်ဦး ဖြစ်တဲ့ မလမင်း (အမည်လွှဲ)ကတော့ သူသွေးစစ်တဲ့ အဖြေလွှာရခဲ့တဲ့ အတွေ့အကြုံကို ထောက်ပြရင်း ငြင်းလိုက်ပါတယ်။

"ကျန်းမာရေးဝန်ထမ်းက ကိုယ့်သွေးအဖြေလွှာကို ပြန်ပစ်ပေးလိုက်ပြီး ဆက်ဆံတဲ့ပုံကို ကြည့်လိုက်တာနဲ့ ရင်ထဲမှာ ဒိန်းခနဲဖြစ်ပြီး ကိုယ့်အဖြေကို ကိုယ်သိခဲ့ရတယ်။ ဒါပေမဲ့ အခုအချိန်မှာ

စာမျက်နှာ ၃၉ သို့

tr;om;ci; cpcipruolawu tyctiAue;rma&; tojzea0&wm yiye;ayr , wu , wr;rm yivi;rr&w (tye;) tr;om;ci;cpciolawu yw0e;uirmvn; xiaya tmiraeluw twu tE&&, &yw , v wm&mu ajymyw , /'aumivn; oltvyce tjyi tywp0 paeaeawrm

ဂျပန်ဇာတ်လမ်းတွဲတွေ ပြန်လည်ခံစားခွင့်ရတော့မယ်

လွင်မာထွန်း
lwinmarhtun.mcm@gmail.com

မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ ၁၅ နှစ်ခန့်က ဂျပန်ဇာတ်လမ်းတွဲတွေ ခေတ်စားခဲ့ပြီး 'အိုးရှင်း' လိုဇာတ်လမ်းမျိုးဆို မြန်မာပရိသတ်တွေက အခုချိန် ကိုရီးယားကားစွဲလမ်းသလို စွဲလမ်းနှစ်ခြိုက်ခဲ့ကြပါတယ်။ နောက်ပိုင်းမှာ ဂျပန်ဇာတ်လမ်းတွဲတွေအစား ကိုရီးယားဇာတ်လမ်းတွဲတွေ ဝင်ရောက်လာပြီး 'ဆောင်းဦးရွက်ကြွေ ချစ်သက်သေ' ဇာတ်ကားက ပရိသတ်ရင်ကို စွဲမြဲအောင် လုပ်နိုင်ခဲ့တာကစပြီး လကိုရီးယားဇာတ်လမ်းတွဲတွေ စွဲလမ်းတဲ့ရောဂါ စခဲ့တာပါ။ ဒါပေမဲ့ အခုချိန်မှာတော့ MRTV-4 ရုပ်သံလိုင်းကနေ ဂျပန်ဇာတ်လမ်းတွဲတွေကို ပြန်လည်ပြသသွားတော့မယ်လို့ Forever Group

ပြသမည့် ဂျပန်ဇာတ်လမ်းတွဲအကြောင်း တာဝန်ရှိသူများက မိတ်ဆက်ပြောကြားနေစဉ်။ ဓာတ်ပုံ - ယုယု

ကုမ္ပဏီရဲ့ အထွေထွေမန်နေဂျာ ဒေါက်တာခင်လင်းမော်က ပြောပါတယ်။

"ကိုရီးယားဇာတ်လမ်းတွဲတွေက ဒီမှာ အခု အရမ်းပေါက်နေတယ်ပေါ့။ ဒါပေမဲ့လည်း တချို့ပရိသတ်တွေက ကိုရီးကားတွေပဲ ကြည့်နေရတာ ငြီးငွေ့နေပြီဆိုတဲ့ စကားမျိုးတွေ ပြန်ကြားနေရတယ်။ အဲဒီတော့ ဒီလိုမျိုး အသစ်အဆန်းလည်းဖြစ်ပြီး အသွင်မတူတာလေးတွေ ကို ပြချင်တဲ့ ရည်ရွယ်ချက်နဲ့ စီစဉ်ဖြစ်တာပါ" လို့

ဒေါက်တာခင်လင်းမော်က မြန်မာတိုင်း(မ်)ကို ဆိုပါတယ်။

ကိုရီးယားဇာတ်လမ်းတွဲတွေကို အခုချိန်မှာ ပရိသတ်အားပေးမှု ခိုင်မာနေသလို ဂျပန်ဇာတ်လမ်းတွဲတွေကို နှစ်သက်ပုံမလားဆိုတာကိုလည်း သူက "ဂျပန်စီးရီးတွဲတွေက ဇာတ်အိမ်လည်း ခိုင်မာတယ်၊ အရည်အသွေးလည်း ပိုကောင်းပါတယ်။ တချို့နာမည်ကြီး ကိုရီးယားဇာတ်လမ်းတွဲတွေဆိုရင် ဂျပန်ကာတွန်းတွေကို ပြန်ရိုက်ထားတာမျိုးတွေပါ။ အဲဒီတော့ ဂျပန်ဇာတ်လမ်းတွဲတွေကိုလည်း ဒီက ပရိသတ်တွေ ကြိုက်နှစ်သက်ကြမယ်လို့ မျှော်လင့်ပါတယ်" လို့ ရှင်းပြပါတယ်။

ဂျပန်ဇာတ်လမ်းတွဲတွေကို ပြန်ပြဖြစ်ရတဲ့အကြောင်း ရင်းအနေနဲ့ကတော့ ဂျပန်နိုင်ငံက Broadcast Program Export Association of Japan (BEAJ) ဆိုတဲ့ အဖွဲ့အစည်းနဲ့ ဂျပန်-မြန်မာချစ်ကြည်ရေးအတွက် ပူးပေါင်းမိပြီး သူတို့ဘက်က ဇာတ်လမ်းတွဲ သုံးခုကို နာရီ ၆၀ စာ ပြသခွင့်ပေးခဲ့တာဖြစ်တယ်လို့ သူက ရှင်းပြခဲ့ပါတယ်။

"အခုကတော့ ဇာတ်လမ်းတွဲ သုံးခုပါပဲ။ ပြသနေတဲ့အချိန်နဲ့ ပြသပြီးနောက်မှာတော့ ပရိသတ်တွေဆီက တုံ့ပြန်မှုတွေကို ပြန်စစ်တမ်းကောက်ပြီး ဆက်ပြမယ်၊ မပြဘူးဆိုတာ ဆုံးဖြတ်မှာဖြစ်တယ်" လို့ ဒေါက်တာခင်လင်းမော်က ဆိုပါတယ်။

အခု ပထမဆုံးအနေနဲ့ 'အမှန်တရားရဲ့အရိပ်' ဂျပန်ရုပ်သံဇာတ်လမ်းတွဲကို အခုလာမယ့် ဒီဇင်ဘာ ၆ ရက်က စတင်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၅ နာရီကနေ ၆ နာရီအထိ ရုပ်သံလိုင်းကနေ ပြသသွားမှာဖြစ်ပါတယ်။

ယင်းဇာတ်လမ်းတွဲရဲ့ ဇာတ်လမ်းအကျဉ်းကတော့ ဖူမီအို ကင်ဒိုင်ချို ဆိုတဲ့ကောင်လေးရဲ့ ချမ်းသာတဲ့ ဘဝကနေ စုတ်ပြတ်နုံချာသွားတဲ့ ဘဝအချိန်၊ အဲဒီကနေ ပြန်လည်ချမ်းသာအောင်မြင်လာတဲ့အကြောင်းကို ရသစုံလင်အောင် တင်ဆက်ထားတာဖြစ်လို့ လူကြီးလူငယ်မရွေး ကြိုက်နှစ်သက်လောက်တဲ့ ဇာတ်လမ်းဖြစ်မယ်လို့ ခန့်မှန်းရပါတယ်။ ■

ထိုင်းနိုင်ငံရှိ ထင်ရှားကျော်ကြားသော ယဉ်ကျေးမှုဆိုင်ရာ ပုံရိပ်များ

IN PICTURES

သတင်း–မြင့်ကေသီ

ဓာတ်ပုံ– အောင်ဌေးလှိုင်

ထိုင်းနိုင်ငံမှာရှိတဲ့ ဗုဒ္ဓပုံရိပ်တွေကို ပူဇော်ပုံဖော်ထားတဲ့ ဓာတ်ပုံကိုအောင်မျိုးရဲ့ 'ထိုင်းနိုင်ငံရှိ ထင်ရှားကျော်ကြားသော ယဉ်ကျေးမှုဆိုင်ရာပုံရိပ်များ' ဓာတ်ပုံပြပွဲကို ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်း ပုံပိုးမှုနဲ့ ဒီဇင်ဘာလ ၂ ရက်နေ့ကနေ ၈ ရက်နေ့အထိ ရွှေတိဂုံစေတီတော် ရာဟုထောင့် အနီးရှိ ချမ်းသာကြီးတန်ဆောင်းမှာ ပြသလျက်ရှိပါတယ်။ ပြပွဲမှာ ထိုင်းနိုင်ငံတစ်ဝန်းမှာရှိတဲ့ ဗုဒ္ဓသာသနိက အဆောက်အအုံတွေ၊ ဆင်းတုတော်တွေ၊ သံဃာတော်တွေ၊ ထိုင်းနိုင်ငံ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဓလေ့စရိုက်တွေကို NOK Air လေကြောင်းလိုင်းနဲ့ Millennium Hilton Hotel, Bangkok တို့ရဲ့ ပုံပိုးမှုနဲ့ ထိုင်းနိုင်ငံမှာ ကိုးရက်ကြာ သွားရောက်ရိုက်ကူးထားတဲ့ ဓာတ်ပုံပေါင်း ၁၅၀ ကို ပြသထားပြီး ဗုဒ္ဓပုံရိပ်တွေကို ပူဇော်ဖို့အတွက် ပြသထားခြင်းဖြစ်ပြီး ရောင်းချသွားမှာ မဟုတ်ဘူးလို့ သိရပါတယ်။

ရန်ကုန်ဓာတ်ပုံပွဲတော်ရဲ့ အဆင့်မြင့် ဓာတ်ပုံပညာသင်တန်း

ချစ်ဆုဝေအောင်
suwai.chit@gmail.com

နှစ်စဉ် ကျင်းပလာခဲ့တာ (၇)ကြိမ်မြောက်ရှိပြီဖြစ်တဲ့ ရန်ကုန်ဓာတ်ပုံပွဲတော်ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၀၁၅ ကနေ ဖေဖော်ဝါရီအထိ ကျင်းပသွားမှာဖြစ်ပြီး ပွဲတော်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အဆင့်မြင့် ဓာတ်ပုံပညာသင်တန်းကိုလည်း ရန်ကုန်နဲ့ တခြားမြို့တွေမှာပါ အခမဲ့ပို့ချသွားမယ်လို့ သိရပါတယ်။

ဒီသင်တန်းဟာ ဓာတ်ပုံဝါသနာရှင်တွေနဲ့ ပရော်ဖက်ရှင်နယ် ဓာတ်ပုံပညာရှင်တွေ အတွက် ရှစ်ရက်ကြာ အဆင့်မြင့်သင်တန်းဖြစ်ပြီး ဒီသင်တန်းကနေ အကောင်းဆုံးလက်ရာတွေကိုတော့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့မှာ ရန်ကုန်ဓာတ်ပုံပွဲတော်ကတစ်ဆင့် အများပြည်သူကို ပြသသွားမယ်လို့ သိရပါတယ်။ အကောင်းဆုံးလက်ရာဆုအဖြစ် Canon SLR ကင်မရာနဲ့ ပြင်သစ်နိုင်ငံကို ဓာတ်ပုံပညာ လေ့လာရေးခရီးစဉ် သွားရောက်ရမှာဖြစ်ပါတယ်။ အကောင်းဆုံးလက်ရာအတွက် ဒေါ်အောင်ဆန်းစုကြည်က အကဲဖြတ်အမှတ်ပေးသွားမယ်လို့လည်း သိရပါတယ်။

ဒီသင်တန်းမှာ ပါဝင်ဆွေးနွေးပို့ချသွားမယ့် သူတွေကတော့ ရန်ကုန်ဓာတ်ပုံပွဲတော်ကို တည်ထောင်သူ မယ်လာနီအက်ဂရွန်၊ နိုင်ငံတကာမီဒီယာထောက်ပံ့ရေး (IMS) က

အကောင်းဆုံးလက်ရာအတွက် ဒေါ်အောင်ဆန်းစုကြည်က အကဲဖြတ်အမှတ်ပေးသွားမယ်

မစ္စတာဂလန်ဆွမ်ဆောန်၊ ပရော်ဖက်ရှင်နယ်ဓာတ်ပုံဆရာတွေဖြစ်တဲ့ ပြည်ကျော်မြင့်နဲ့ မေကိုနိုင်တို့က သင်ကြားပို့ချသွားမှာဖြစ်တယ်လို့ သိရပါတယ်။

သင်တန်းချိန်တွေကတော့ ရန်ကုန်မှာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်မှ ၃၁ ရက်၊ မန္တလေးမြို့မှာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်မှ ၁၇ ရက်၊ ကျိုင်းတုံမြို့မှာ ၂၀၁၄ ဒီဇင်ဘာ ၂၀ မှ ၂၇ ရက်၊ မြိတ်မြို့မှာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်မှ ၁၀ ရက်နဲ့ ထားဝယ်မြို့မှာ ၂၀၁၅ ဇန်နဝါရီ ၂၁ ရက်မှ ၂၀ ရက်အထိ သင်တန်းများပို့ချသွားမှာ ဖြစ်ပါတယ်။

"ဒီအခမဲ့ ဓာတ်ပုံရိုက်နည်း သင်တန်းကနေ အရင်နှစ်တွေကလိုပဲ Photo essay ပြိုင်ပွဲတွေပါမယ်။ သင်တန်းအတွက် လာလျှောက်တဲ့သူတွေ အရင်နှစ်ကထက် ပိုများလာပါတယ်။ အခုဆို အယောက် ၂၀၀ ကျော်သွားပြီ" လို့ ရန်ကုန်ဓာတ်ပုံပွဲတော်က ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်တဲ့ မရည်မွန်က ဆိုပါတယ်။

သင်တန်းတက်ရောက်လိုသူများက ဖုန်းနံပါတ် ၀၉ ၄၅၀၀၁ ၂၃၅၀ ကို ဆက်သွယ်နိုင်သလို wwwyangonphoto.com တွင်လည်း ဝင်ရောက်လေ့လာနိုင်ပါတယ်။

ရန်ကုန်ဓာတ်ပုံပွဲတော်ကို ၂၀၀၉ ခုနှစ်က စတင်ပြီး ပြင်သစ်ဓာတ်ပုံပညာရှင် Christophe Loviny နဲ့ ပြင်သစ်ယဉ်ကျေးမှုဌာနတို့ ပူးပေါင်းကျင်းပခဲ့ပြီး နိုင်ငံတကာအဆင့် ဓာတ်ပုံပွဲတော်တစ်ခုလည်း ဖြစ်ပါတယ်။ ■

ဇာတ်ဝင်ခန်းတစ်ခန်း။ ဓာတ်ပုံ - အင်တာနက်

ထိုင်းနိုင်ငံရောက် မြန်မာ အလုပ်သမားခေါင်းဆောင် ပါဝင်ထားတဲ့ ဇာတ်ကား

နန္ဒာအောင်
nandaraung.mcm@gmail.com

ထိုင်းနိုင်ငံမှာ အလုပ်သွားရောက်လုပ်ကိုင်နေရာက ရုပ်ရှင်ဇာတ်ကားမှာ ခေါင်းဆောင်မင်းသားအနေနဲ့ ပါဝင်ခွင့်ရခဲ့တဲ့ မြန်မာလူငယ် အောင်နိုင်စိုး ပါဝင်သရုပ်ဆောင်ထားတဲ့ 'ဘယ်လိုအချစ်မျိုးလဲ' (Myanmar in Love in Bangkok) ဇာတ်ကားကို မြန်မာနိုင်ငံမှာ ဇန်နဝါရီလမှာ ရုံတင်ပြသသွားမယ်လို့ ADMA မီဒီယာမှ သိရပါတယ်။

"ဒီဇာတ်ကား ရိုက်ကူးမှုမှာတော့ ကျွန်တော်တို့နဲ့ ဘာမှ ပတ်သက်ခြင်းမရှိပါဘူး။ ကျွန်တော်တို့မီဒီယာက ထိုင်း-မြန်မာတွဲပြီး ရုပ်ရှင်ရိုက်ဖို့ စီစဉ်ထားတာလေးရှိတော့ မြန်မာပရိသတ်တွေ ထိုင်း-

> ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်နေတဲ့ မြန်မာလူငယ်လေး 'ဒန်'နဲ့ ထိုင်းတက်တူးဆရာမလေး 'ကေ'တို့ရဲ့ တွေ့ဆုံပုံအဆန်း တကြယ်နဲ့ မတူညီတဲ့ဘဝ၊ မတူညီတဲ့အသိုင်းအဝိုင်းနဲ့

မြန်မာတွဲဖက်ပြီး ယဉ်ကျေးမှုနှစ်ခုဖလှယ်ထားတဲ့ ဇာတ်လမ်းကို ဘယ်လောက်ထိအားပေးမယ်၊ စျေးကွက်ဘယ်လိုရှိမယ်ဆိုတာကို သိချင်လို့ ဒီဇာတ်ကားကို ဒီမှာပြဖို့ ထိုင်းနိုင်ငံက ကန်တာနားမီဒီယာနဲ့ ပူးပေါင်းပြီး စီစဉ်ဖြစ်တာပါ"လို့ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ကိုဝေမင်းမောင်က မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

မြန်မာလူမျိုးတွေ ပါဝင်သရုပ်ဆောင်ထားတာ များတယ်ဆိုပေမယ့် ထိုင်းဒါရိုက်တာ၊ မင်းသမီး၊ ဇာတ်ညွှန်းနဲ့ ထုတ်လုပ်ရေးတို့က ထိုင်းနိုင်ငံက ဖြစ်တာကြောင့် မြန်မာနိုင်ငံမှာ ပြသဖို့ ပြင်ဆင်တဲ့အခါမှာ နိုင်ငံခြားဇာတ်ကားအနေနဲ့ပဲ ဆင်ဆာတင်ရတာဖြစ်တယ်လို့လည်း သူကရှင်းပြပါတယ်။

"အခုတစ်ပတ်အတွင်းမှာ ဆင်ဆာကျပါပြီ။ ဇန်နဝါရီ ၂ ရက်နေ့မှာ သာကေတ မြရတနာရုပ်ရှင်ရုံနဲ့ Junction Square တို့မှာ ပြသသွားမှာပါ" လို့ ကိုဝေမင်းမောင်က ပြောပါတယ်။

ဇာတ်ကားထဲမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသား အောင်နိုင်စိုးဟာ အပြင်မှာလည်း တကယ့်ကို ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတစ်ဦးဖြစ်ပြီး ထိုင်းနိုင်ငံရုပ်ရှင်ထုတ်လုပ်ရေးမှ ဒီဇာတ်ကား ရိုက်ကူးဖို့ လူရှာနေစဉ် ဆုံတွေ့ရိုက်ကူးဖြစ်ခဲ့တာဖြစ်တယ်လို့ ကိုဝေမင်းမောင်က ပြောပြပါတယ်။

"အခုလည်း သူက အလုပ်ဆက်လုပ်နေတုန်းပါပဲ။ သူက အစကတည်းက မင်းသားလည်းမဟုတ်ဘူး ပြီးတော့ ထိုင်းနိုင်ငံမှာ သရုပ်ဆောင်လုပ်နေတဲ့ လူလည်းမဟုတ်ပါဘူး" လို့ သူက ရှင်းပြခဲ့ပါတယ်။

ဇာတ်ကားရဲ့ ဇာတ်လမ်းအကျဉ်းမှာ ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်နေတဲ့ မြန်မာလူငယ်လေး 'ဒန်'နဲ့ ထိုင်းတက်တူးဆရာမလေး 'ကေ'တို့ရဲ့ တွေ့ဆုံပုံအဆန်းတကြယ်နဲ့ မတူညီတဲ့ဘဝ၊ မတူညီတဲ့အသိုင်းအဝိုင်းနဲ့ ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်နေတဲ့ မြန်မာလူငယ်လေး 'ဒန်'နဲ့ ထိုင်းတက်တူးဆရာမလေး 'ကေ'တို့ရဲ့ တွေ့ဆုံပုံအဆန်းတကြယ်နဲ့ မတူညီတဲ့ဘဝ၊ မတူညီတဲ့အသိုင်းအဝိုင်းနဲ့ အခြင်းအရာတွေကြားက ချစ်ကြိုက်သွားတဲ့ အကြောင်းကို Tanadnung Film မှ ရိုက်ကူးတင်ဆက်ထားတာဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ ပြီးခဲ့တဲ့ အောက်တိုဘာလက ရုံတင်ပြသခဲ့ပြီး မြန်မာနိုင်ငံမှာတော့ အခုလာမယ့် ဇန်နဝါရီလမှာ ပြသတော့မှာဖြစ်ပြီး ပြသခွင့်ရတဲ့အခါမှာ ဇာတ်လမ်းမှာပါဝင်တဲ့ သရုပ်ဆောင်တွေနဲ့ ပရိသတ်များကို တွေ့ဆုံပွဲလုပ်သွားဖို့ စီစဉ်ထားတယ်လို့လည်း ကိုဝေမင်းမောင်က ဆိုပါတယ်။

"ဇာတ်လမ်းကို အင်္ဂလိပ်စာတန်းထိုးနဲ့ ပြမှာပါ။ အခုတော့ တစ်ပတ်ပြမယ်လို့ စီစဉ်ထားပေမယ့် ပရိသတ်အခြေအနေအရ ထပ်တိုးပြီး ပြသသွားဖို့ အစီအစဉ်လည်းရှိပါတယ်" လို့ သူက ရှင်းပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ဇာတ်လမ်းကို ဒါရိုက်တာ Mrs. Nichaya Boonsiripan က ရိုက်ကူးထားတာဖြစ်ပြီး လာအိုမင်းသမီး Khamlee Pilawong က ထိုင်းတက်တူးဆရာမလေးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ■

Asia Without Borders ဓာတ်ပုံပြိုင်ပွဲ စတင်ဖိတ်ခေါ်

နန္ဒာအောင်
nandaraung.mcm@gmail.com

စင်ကာပူနိုင်ငံ Asia Geographic အဖွဲ့အစည်းက နှစ်စဉ်ကျင်းပပြုလုပ်နေကျဖြစ်တဲ့ ဓာတ်ပုံပြိုင်ပွဲ Asia Without Borders Photography Competition 2015 ကြီးကို လာမယ့် ၂၀၁၅ ခုနှစ် ဧပြီလမှာ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

ဓာတ်ပုံပြိုင်ပွဲမှာ People of Asia၊ Wildlife of Asia၊ Architecture of Asia၊ Landscape of Asia နဲ့ Environment and Youth of Asia ဆိုပြီးတော့ ခေါင်းစဉ်ငါးခုခွဲပြီး ယှဉ်ပြိုင်ရမှာဖြစ်ပြီး အထူးဆုအဖြစ် အမေရိကန်ဒေါ်လာ ၅,၀၀၀ ကို ရရှိမှာဖြစ်တယ်လို့ စင်ကာပူအခြေစိုက် Asia Without Boders ဝက်ဘ်ဆိုက်က ကြေညာထားချက်အရ သိရပါတယ်။

မြန်မာနိုင်ငံက ဓာတ်ပုံဝါသနာရှင်တွေအနေနဲ့ကတော့ မိမိကိုယ်တိုင်ရိုက်ကူးထားတဲ့ ပြိုင်ပွဲဝင်ဓာတ်ပုံတွေအတွက် တစ်ပုံလျှင် ငါးဒေါ်လာနှုန်းနဲ့အတူ ဒီဇင်ဘာလကနေစတင်ပြီး ရန်ကုန်မြို့နဲ့ မန္တလေးမြို့မှာ ဖွင့်လှစ်ထားတဲ့ Today Group of Companies ရုံးခန်းတွေကို ပေးပို့ယှဉ်ပြိုင်နိုင်ပြီဖြစ်ပါတယ်။

ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းအရ မည်သူမဆိုမိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း အာမခံနိုင်ရမှာဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ မည်သည့်ဓာတ်ပုံပြိုင်ပွဲတွင်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးခြင်းမရှိတဲ့ ဓာတ်ပုံအသစ်တွေကိုသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။

ဓာတ်ပုံပေးပို့ဖို့အတွက်ကိုတော့ ရန်ကုန်မြို့မှာ အမှတ် H၊ လှိုင်မြင့်မိုရ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ဖုန်းနံပါတ် ၅၀၇၃၈၅၊ ၅၀၇၃၉၁ နဲ့ မန္တလေးမှာဆိုရင်တော့ အမှတ် ၄၊ ၂၆ ဘီလမ်း (၇၈×၇၉ ကြား)၊ မီးရထားတိုက်တန်း၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်းနံပါတ် ၀၉၇၃၂၄၃၂၆၉ ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ နောက်ဆုံးထားပြီး ဆက်သွယ်ပေးပို့နိုင်ပါတယ်။

ဒီ Asia Without Borders ဓာတ်ပုံပြိုင်ပွဲကို ၂၀၁၂ ခုနှစ်က စတင်ပြုလုပ်ခဲ့တာဖြစ်ပြီးတော့ မြန်မာနိုင်ငံအနေနဲ့ မြန်မာဓာတ်ပုံဆရာ ကိုကျော်ဝင်းလှိုင်က သူ့ရဲ့လက်ရာတစ်ခုဖြစ်တဲ့ ပဲခူးတိုင်းကရွှံ့တောတစ်ခုထဲမှာ ကလေးတွေ ပျော်ပျော်ရွှင်ရွှင်ဆော့ကစားနေတဲ့ Muddy Fun ဆိုတဲ့ ဓာတ်ပုံနဲ့ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ အထူးဆုကြီးကို ဆွတ်ခူးနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ■

လတ်ဆတ်တဲ့ ရှမ်းရိုးရာအစားအစာတွေနဲ့ သီပေါမနန်းဌေး

ချစ်ဆုဝေအောင်
suwai.chit@gmail.com

ဟင်းလျာများ ကိုယ်တိုင်ဝင်ရောက်ချက်ပြုတ်နေသည့် သီပေါမနန်းဌေး။ ဓာတ်ပုံ - ယုယု

တောင်ကြီးကို အလုပ်ကိစ္စနဲ့ ခရီးထွက်လာရင်း ရှမ်းရိုးရာအစားအသောက်ကောင်းကောင်းတွေကို စားကြည့်ချင်တဲ့ စာရေးသူကတော့ တောင်ကြီးဒေသခံ သူငယ်ချင်း တစ်ယောက်ရဲ့ အညွှန်းကောင်းမှုကြောင့် အလုပ်တွေမအားတဲ့ ကြားကနေ ဦးကြီးခမ်းရပ်၊ ဒေစီလမ်းထဲမှာရှိတဲ့ သီပေါမနန်းဌေးဆိုင်ကို ရောက်ခဲ့ရပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်အထိ တောင်ကြီးဈေးထဲမှာ ဆိုင်ဖွင့်ခဲ့ပြီး ခုချိန်မှာတော့ ဒေစီလမ်းထဲက နှစ်ထပ်အိမ်လေးရဲ့ အောက်ထပ်မှာ ဖွင့်ထားတဲ့ သီပေါမနန်းဌေး ရှမ်းအစားအစာအမျိုးမျိုး ရနိုင်တဲ့ဆိုင်လေးက ဖွင့်တာ နှစ်ပေါင်း ၃၀ ရှိပါပြီ။ ၂ နာရီခွဲဆိုတဲ့အချိန်ကတော့ စားသောက်ဆိုင်တွေမှာ လူရှင်းလေ့ရှိပေမယ့် စာရေးသူရောက်နေတဲ့ ဒီအချိန်တိုလေးအတွင်းမှာပဲ ၁၀ ဝိုင်းခန့်ရှိတဲ့ စားပွဲခုံတွေမှာ လူအပြည့်ဖြစ်သွားပါတယ်။

ရှမ်းဟင်းထုပ်၊ ရှမ်းဝက်သားချဉ်နဲ့ ရှမ်းထမင်းချဉ်တွေကတော့ ဒီဆိုင်ရဲ့ နာမည်ကြီး အစားအစာတွေပါပဲ။ ဆန်ပြား(ချဉ်၊ငံ၊စပ်) တစ်ပွဲ (ကျပ် ၅၀၀)၊ ရှမ်းထမင်းချဉ် ပွဲသေးတစ်ပွဲ(ကျပ် ၅၀၀)၊ ရှမ်းဝက်သားချဉ် ပွဲသေးတစ်ပွဲ (ကျပ် ၁,၂၀၀)၊ ရှမ်းကြက်သားချဉ် တစ်ပွဲ (ကျပ် ၁,၂၀၀) နဲ့ ရှမ်းမုန့်တီ တစ်ပွဲ(ကျပ် ၁,၀၀၀) တို့ကို မှာယူလိုက်ပါတယ်။ ဝက်သားချဉ်၊ ကြက်သားချဉ်လို့ ခေါ်ကြပေမယ့် ချဉ်တဲ့အရသာမပါဘဲ ကြက်သားပေါင်း၊ ဝက်သားပေါင်း စားရသလိုပဲလို့ စားပွဲထိုးလေးက ဆိုပါတယ်။

မှာထားတဲ့ ဟင်းလျာတွေကို ဆိုင်က ပြင်ဆင်နေတဲ့အချိန်မှာတော့ နေရာအသစ် အစားအစာအရသာအသစ်တွေကို စိတ်ဝင်စားတဲ့ စာရေးသူအတွက် ဆိုင်ကို လှည့်ပတ်လေ့လာခွင့်ရခဲ့ပါတယ်။ ဆိုင်က ပဲဆီစစ်စစ် သုံးကြောင်း အာမခံတဲ့ စာတန်းကို တွေ့ရတော့ ဟင်းလျာတိုင်းမှာ ပဲဆီနဲ့မွှေးမွှေးလေး ပါနေဦးမှာပဲလို့ အစားအစာမတွေ့ခင်ကတည်းက စိတ်ကူးနဲ့ ပုံဖော်ကြည့်မိလိုက်ပါသေးတယ်။ စာရေးသူတို့လို တောင်ကြီးကို အလည်လာတဲ့ ဧည့်သည်တွေ အိမ်အပြန်ဝယ်သွားဖို့ လက်ဆောင်တွေကိုလည်း လှလှပပ ခင်းကျင်းထားပါသေးတယ်။

ရန်ကုန်နဲ့ မန္တလေးလို မြို့ကြီးတွေမှာ အလွယ်တကူ မရနိုင်တဲ့ ပျားရည်နဲ့ စိမ်ထားတဲ့ ကြက်သွန်ဖြူ၊ ငရုတ်သီးအစိမ်းနဲ့ ကြက်သွန်ဖြူကို ရောပြီးလုပ်ထားတဲ့ အချဉ်၊ လက်ဖက်ခြောက်မျိုးစုံ၊ ဆီတို့ဖူး၊ ထမင်းနဲ့ နယ်စားလို့ရတယ်ဆိုတဲ့ ပဲပုတ်မှုန့်၊ ပဲပုတ်ခြောက်၊ ခေါပုတ်တို့ကို အမျိုးအစားစုံစုံနဲ့ ရောင်းချထားတာကတော့ တောင်ကြီးကို လာလည်တဲ့ ဧည့်သည်တိုင်း အတွက် မဝယ်ရမနေနိုင်အောင် ဆွဲဆောင်နိုင်လွန်းတာပါပဲ။

သိပ်မစောင့်လိုက်ရတဲ့ ခဏတာ အချိန်အတွင်းမှာပဲ စာရေးသူမှာထားတဲ့ စားသောက်ဖွယ်ရာတွေ စားပွဲပေါ် ရောက်လာပါပြီ။ ပထမဆုံး မြည်းစမ်းကြည့်မိတဲ့ ဆန်ပြား(ချဉ်၊ငံ၊စပ်)ကတော့ နာမည်အတိုင်း ချဉ်ချဉ်ငံငံ စပ်စပ်အရသာကို ပေါ့ပေါ့ပါးပါးခံစားရစေပါတယ်။ ငရုတ်သီးရဲ့ အမွှေးနုံက အနည်းငယ်ပြင်းတော့ နှာမခချေမိအောင်တော့ ဂရုစိုက်ရတာပေါ့နော်။ ဝက်သားချဉ်နဲ့ ကြက်သားချဉ်ရောက်လာတဲ့အခါမှာတော့ စားပွဲထိုးလေး ပြောထားသလိုပဲ ချဉ်တဲ့အရသာကို လုံးဝမခံစားရပဲ ချိုချိုဆိမ့်ဆိမ့်လေး ဖြစ်နေပါတယ်။ ကြက်သားချဉ်မှာတော့ ကြက်သားအဖတ်တွေ လုံးဝမမြင်ရအောင် ကျေနေပြီး ရှမ်းဆန်ရဲ့ ခပ်စေးစေး အရသာကိုလည်း ဆိမ့်ဆိမ့်လေး ခံတွင်းတွေ့မိပါတော့တယ်။ ဝက်သားချဉ်ကတော့ ဝက်သားဖတ် အနည်းငယ်ပါပြီး အဆီလည်း အနည်းငယ်ပိုများတာကြောင့် အီတဲ့အရသာကို ခံစားရတာမို့ ဝန်ခံရမယ် ဆိုရင် စာရေးသူကတော့ သိပ်မကြိုက်ချင်ပါဘူး။

ရှမ်းပြည်နယ် တောင်ကြီးမြို့က ရှမ်းထမင်းချဉ်တွေက ရန်ကုန်မှာရနိုင်တဲ့ ရှမ်းထမင်းချဉ်နဲ့ တော်တော်လေးကွာတာကို သတိထားမိပါတယ်။ ခပ်ချဉ်ချဉ် အရသာရဖို့အတွက် ရန်ကုန်မှာ ထမင်းပေါ်ကို ခရမ်းချဉ်သီးအနှစ်တွေဆမ်းထားလေ့ရှိပေမယ့် ဒီမှာတော့ ခရမ်းချဉ်သီးအနှစ်တွေမပါတဲ့ ထမင်းဝါဝါလေးက ပိုစားလို့ကောင်းစေပါတယ်။ သူနဲ့ တွဲဖက်စားဖို့ လတ်ဆတ်တဲ့ ဂျူးမြစ်နဲ့ ကြက်သွန်ဖြူကိုလည်း လိုသလောက် လာချပေးထားပါတယ်။

> အင်တာနက် အခမဲ့ အသုံးပြုနိုင်တဲ့ ဝိုင်ဖိုင်၊ အဲကွန်းတွေ မရှိပေမယ့် ဆိုင်နေရာလေးက တိတ်တိတ်ဆိတ်ဆိတ် ရှိပြီး အေးချမ်းနေ

ရှမ်းမုန့်တီကတော့ အဲဒီနေ့ စားသမျှထဲမှာ အမှတ်အမှားဆုံး ပေးမိတဲ့ အစားအစာပါပဲ။ အသားတွေ အများကြီးထည့်ထားတာကလည်း အသားကြိုက်တဲ့ စာရေးသူအတွက် သဘောတွေ့စေသလို ခပ်လေးလေး ဖြစ်နေတဲ့ မုန့်တီအရည်ကလည်း အရသာပိုရှိစေပါတယ်။ အချဉ်၊ အစပ်အရသာနှစ်သက်သူတွေအတွက်တော့ ချထားပေးတဲ့ ငရုတ်သီးနဲ့ ကြက်သွန်ဖြူချဉ်ကို ထည့်စားလို့ရပါတယ်။

ပွဲသေးတွေသာ မှာထားပေမယ့်လည်း နှစ်ယောက်စာအတွက်တော့ များလွန်းနေပါသေးတယ်။ ဈေးနှုန်းကတော့ ပုံမှန်ထက်အနည်းငယ် များသလိုရှိပေမယ့် ရန်ကုန်ဆိုင်တွေနဲ့စာရင် တော်တော်သက်သာတယ်လို့ ပြောရမှာပါ။ အင်တာနက် အခမဲ့ အသုံးပြုနိုင်တဲ့ ဝိုင်ဖိုင်၊ အဲကွန်းတွေ မရှိပေမယ့် ဆိုင်နေရာလေးက တိတ်တိတ်ဆိတ်ဆိတ် ရှိပြီး အေးချမ်းနေပါတယ်။ မိသားစုနဲ့ အစားအသောက်ကောင်းကောင်းစားချင်တဲ့ သူတွေအတွက် အကြိုက်ဖြစ်မယ်လို့ ထင်တာကြောင့် အလည်တစ်ခေါက်ရောက်တဲ့အခါ မြည်းစမ်းစရာ ရှမ်းအစားအစာဆိုင်အဖြစ် လမ်းညွှန်လိုက်ပါတယ်။

သီပေါမနန်းဌေး ဆိုင်လိပ်စာကတော့ အမှတ်(၁၉၅)/၁၉၆)၊ ဒေစီလမ်း၊ ဦးကြီးခမ်းရပ်၊ တောင်ကြီးမြို့ ဖြစ်ပါတယ်။ ■

ဟာသ

အိမ်စာ ...



ဆရာမက မောင်နီတာလေးကို ဥဏ်စမ်းမေးခွန်းတွေ မေးနေပါတယ်။

ဆရာမ - မောင်နီတာ ကြက်မတစ်ကောင်ဆီက မင်း ဘာတွေရနိုင်မလဲ။

မောင်နီတာ - ကြက်ဥတွေပါ ဆရာမ။

ဆရာမ - အေး ဟုတ်ပြီ။ ဒါဆို နွားတစ်ကောင်ကရော မင်းကို ဘာတွေ ပေးနိုင်မလဲ။

ခဏစဉ်းစားပြီး . . .

မောင်နီတာ - အမဲသားဟင်းပါ ဆရာမ။

ဆရာမ - မဆိုးဘူး။ကဲ ဒါဆို ဝက်မကြီးတစ်ကောင်ဆီကရောကွဲ့။

မစဉ်းစားဘဲ ချက်ချင်းဖြေလိုက်တာက . . .

မောင်နီတာ - အိမ်စာတွေပါ ဆရာမ။

■ ဇြိမ်းအိအိထွေး ဘာသာပြန်သည်

၂၀၁၄ ခုနှစ်အတွက် အမေရိကန် ဂီတဆုပေးပွဲ ဆုရရှိသူများ

၂၀၁၄ ခုနှစ်အတွက် အမေရိကန် ဂီတဆုပေးပွဲ ဆုရရှိသူများစာရင်းကိုတော့ ပြီးခဲ့တဲ့ သီတင်းပတ်က ကြေညာလိုက်ပါပြီ။

- Artist of the Year, Favorite Pop/Rock Album နဲ့ Favorite Pop/Rock Group ဆုများကို One Direction။
- Favorite Pop/Rock Female Artist, Favorite Adult Contemporary Artist နဲ့ Single of The Year ဆုများကို Katy Perry။
- Favorite Soul/R&B Male Artist, Soundtrack, Soul/R&B Album, Contemporary Inspirational Artist, Electronic Dance Music Artist နဲ့ Alternative Artist တို့ကို John Legend, Frozen, Beyonce', Casting Crowns, Calvin Harries နဲ့ Imagine Dragon ။
- New Artist of The Year နဲ့ Dick Clark Award တွေကိုတော့ 5 Seconds of The Summer နဲ့ Taylor Swift ။
- အခြားအနုပညာရှင်ဆုများကို Enrique Iglesias, Sam Smith, Brantley Gilbert, Carrie Underwood, Iggy Azalea, Florida Georgia Line, Luke Bryan တို့က ဆွတ်ခူးနိုင်ခဲ့ကြပါတယ်။

■ ချစ်ဆုဝေအောင်

နာကျင်ခါးသက်သည့်အတိတ်မှ ချိုမြိန်လှပသော အနာဂတ်များဆီသို့ ...

စာမျက်နှာ ၃၅ မှ

တော့ သွေးမစစ်ခင်ရော သွေးအဖြေ မပြောခင်မှာ ကျန်းမာရေးဝန်ထမ်းနဲ့ သွေးစစ်ခံရတဲ့သူ နှစ်ယောက်တည်း သေသေချာချာ ကျန်းမာရေးအသိအကြောင်း ဆွေးနွေးနိုင်တယ်။ ကံအရမ်းကောင်းကြပါတယ်" လို့ မလမင်းက သူဘဝအတွက် ခါးတဲ့ အမှတ်တရတွေနဲ့ နေ့တစ်နေ့ကို ပြန်သတိရရင်း ခပ်ဖြည်းဖြည်းပြောပါတယ်။

ဟုတ်ပါတယ်။ ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ အိပ်ချ်အိုင်ဗီ ပေါ့စတစ်ဖ်ဆိုတဲ့ သွေးအဖြေလွှာ စာရွက်ကြောင့် ရန်ကုန်မြို့လယ်က ဆူးလေစေတီနားမှာ အမျိုးသမီးတစ်ယောက် ကားတိုက်ခံပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီအမျိုးသမီးကလည်း မလမင်း ကိုယ်တိုင်ပါပဲ။

"အဲဒီတုန်းက ခုခေတ်လိုမျိုး ကျန်းမာရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်းအဖွဲ့အစည်းတွေလည်း အရမ်းကို နည်းပါးသေးတော့ လူတွေက အိပ်ချ်အိုင်ဗီအကြောင်း သိပ်မသိကြသေးသလို အေအာရ်တီ (ကုထုံး)ကိုတောင် မကြားဖူးကြသေးပါဘူး။ အိပ်ချ်အိုင်ဗီရှိပြီဆိုတာနဲ့ အကျင့်ပျက်တဲ့သူတွေလို့ အထင်ခံခဲ့ကြရပါတယ်"လို့ မလမင်းက ပြောပါတယ်။

ခုချိန်မှာတော့ ပြင်သစ်နိုင်ငံက ထောက်ပံ့ပေးနေတဲ့ နိုင်ငံတကာကျန်းမာရေးထောက်ပံ့တဲ့ အဖွဲ့အစည်း တစ်ခုမှာ ဒု-တာဝန်ခံတစ်ယောက်အဖြစ် အိပ်ချ်အိုင်ဗီ ဘယ်လိုကူးစက်နိုင်တယ်၊ ကူးစက်ခံရတဲ့သူတွေ ဘယ်လို နေထိုင်သင့်တယ်ဆိုတဲ့ ကျန်းမာရေးအသိတွေကို ဆွေးနွေးပေးရတဲ့ သူတစ်ယောက်အဖြစ် အလုပ်လုပ်ကိုင်နေပါပြီ။

"အိပ်ချ်အိုင်ဗီလို့ သိတာနဲ့ လူက သေချင်လောက်အောင် စိတ်ဓာတ်တွေကျပြီး အိပ်ရာထဲ ဘုံးဘုံးလဲတော့တာပါပဲ။ သေခါနီး ဘုရားမြင်ဆိုသလို တရားစခန်းတွေဝင်၊ ဘုရားတရားအလုပ်တွေ လုပ်ပြီး အေးချမ်းအောင် နေခဲ့ပါတယ်။ နောက်နှစ်နှစ်အကြာမှာ ဒီအဖွဲ့အစည်းနဲ့ဆက်သွယ်မိပြီး ဒီမှာပဲ အလုပ်လုပ်ခဲ့တာ ခုဆိုရင် ၁၀ နှစ်တောင် ရှိနေပါပြီ" လို့ မလမင်းက တက်တက်ကြွကြွ ပြောပါတယ်။

လှပလန်းဆန်းပြီး စူးရှတဲ့မျက်လုံးတွေနဲ့ မလမင်းဟာ အိပ်ချ်အိုင်ဗီနဲ့ အတူနေတဲ့ လူပတ်ဝန်းကျင်လေးတစ်ခုကို ခွန်အားအပြည့်နဲ့ ဦးဆောင်နေတဲ့ပုံ ပေါက်နေပါတယ်။

> ဆူးလေစေတီနားမှာ အမျိုးသမီးတစ်ယောက် ကားတိုက်ခံပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြိုးစားခဲ့ပါတယ်

ဒါပေမဲ့လည်း သူနေထိုင်ရာ တကယ့် ပတ်ဝန်းကျင်မှာတောင် အားနည်းတဲ့ ကျန်းမာရေးအသိနဲ့ ခွဲခြားဆက်ဆံမှုတွေရှိနေသေးတာကြောင့် သူသားလေးအပါအဝင် တခြားအိမ်နီးနားချင်းတွေကိုပါ သူ့မှာ အိပ်ချ်အိုင်ဗီရှိနေကြောင်း ပေးမသိဘဲ ၁၂ နှစ်ကျော်ကြာအောင် ဖုံးကွယ်နေခဲ့ပါတယ်။

"ကျွန်မကြုံဖူးတဲ့ မိန်းကလေးတစ်ယောက်က အိပ်ချ်အိုင်ဗီရှိနေလို့ စက်ချုပ်တဲ့စက်ရုံက အလုပ်ထုတ်လိုက်တဲ့အပြင် စက်မှုဇုန်ဆိုတော့ တခြားစက်ရုံတွေကလူတွေပါ သိကုန်အောင် လျှောက်ပြောခဲ့ပါတယ်။ ဒါလူ့အခွင့်အရေး ချိုးဖောက်ခံရတာပါပဲ၊ ကျွန်မ သူဘက်ကနေပြီး စက်ရုံကတာဝန်ရှိသူတွေကို တရားစွဲဖို့ ရှေ့နေတွေ စီစဉ်ခဲ့ပေမယ့် ကောင်မလေးက ရှက်ကြောက်တော့လက်မခံခဲ့ပါဘူး"လို့ ခုချိန်ထိ အားနည်းနေဆဲဖြစ်တဲ့ ကျန်းမာရေးအသိနဲ့ အတွေ့အကြုံကို ပြောပါတယ်။

ပိုးထိန်းဆေး လုံးဝ မသောက်ရင်တောင် အိပ်ချ်အိုင်ဗီရှိနေတဲ့ လူတစ်ယောက်ဟာ အစားအစာ၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အနားယူခြိန်နဲ့ ဖြည့်စွက်စာပုံမှန်စားမယ်ဆိုရင် ငါးနှစ်ကနေ ၁၀ နှစ်အထိ ကျန်းမာစွာအသက်ရှင်နိုင်ပြီး ခုချိန်မှာတော့ ကံကောင်းထောက်မစွာ ပိုးထိန်းဆေး ပေါ်လာပြီဖြစ်တဲ့အတွက် သာမန်လူတစ်ယောက်လို သက်တမ်းစေ့နေနိုင်နေပြီ ဖြစ်ပါတယ်။

"ကျွန်မတို့ ရယ်မောနိုင်တယ်၊ ကောင်းကောင်း အိပ်ပျော်တယ်၊ ဝင်ငွေရတဲ့ အလုပ်လည်း လုပ်နိုင်ပြီး ကျန်းမာရေးအသိတွေလည်းဖြန့်ဝေနိုင်တယ်။ အဲ. . သာမန်လူတွေထက် ပိုသာတဲ့အချက်က အိပ်ချ်အိုင်ဗီရှိသူတွေရဲ့ ခံစားချက်ကို အပြည့်အဝနားလည်ပြီး သူတို့ကို ဘယ်လိုအားပေးရမယ်၊ ပြဿနာတွေကို ဘယ်လိုကျော်လွှားဖို့ နည်းလမ်း ပေးရမယ်ဆိုတာ သိနေတာပါပဲ" လို့ မလမင်းက လေးလေးနက်နက် ပြောပါတယ်။

သူထပ်ပြောတဲ့ အကြောင်းအရာကတော့ အိပ်ချ်အိုင်ဗီနဲ့ နေထိုင်အသက်ရှင်သူတွေကို ဘယ်လိုဆေးဝါးကောင်းတွေ၊ ဘယ်လောက်တော်တဲ့ ဆရာဝန်တွေကပဲ အပြည့်အဝ ထောက်ပံ့နိုင်ပါစေ၊ တကယ်တမ်းမှာ အိပ်ချ်အိုင်ဗီကိုယ်တိုင်ရှိသူတွေလောက် မစာနာ၊ နားလည်မပေးနိုင်တဲ့ အတွက် အိပ်ချ်အိုင်ဗီရှိသူအချင်းချင်း ကျန်းမာရေးအသိပေးခြင်းဟာ အကောင်းဆုံး ကျန်းမာရေးဝန်ဆောင်မှုဆိုတာပါပဲ။

ဟုတ်ကဲ့. . ။ လမင်း၊ တာရာ၊ ရတနာတို့လို စိတ်ဓာတ်ခိုင်မာပြီး လူမှုပတ်ဝန်းကျင်ကိုပါ ကောင်းကျိုးပြုဖို့ ကြိုးစားနေသူတွေဟာ ခါးသီးတဲ့ အတွေ့အကြုံတွေကို ချိုမြလှပတဲ့ အနာဂတ်နေ့ရက်တွေဖြစ်အောင် ဖန်တီးပေးနေတဲ့ သူရဲကောင်းတွေပဲ မဟုတ်ပါလား. . ။ ■

ဖိလစ်ပီနိ ဟင်းလျာများ ...

စာမျက်နှာ ၄၃ မှ

ပြင်ဆင်ပုံ

သင်္ဘောသီးကိုထိပ်ဖြတ်ပြီး ရေစင်အောင်ဆေးကာ အစေးပြောင်အောင်ရေစိမ်ထားပါ။ နောက်ခြစ်နဲ့ ထိုးပါ။

ပြီးရင် ဆားနဲ့နှယ်ကာ အရည်တွေကုန်သည်အထိ ညှစ်ပြီး မီးဖိုချောင်သုံးတစ်ရှူးစက္ကူနဲ့ ခြောက်အောင် သုတ်ပါ။ ချင်းကို ပါးပါးလေး မီးခြစ်ဆံအချောင်းလေးတွေကဲ့သို့ လှီးထားပါ။ နောက် ရေနွေးလေးနဲ့ စိမ်ထားပါ။

နောက် အိုးတစ်လုံးထဲမှာ သကြားနဲ့ ရှလကာရည်ကို ထည့်ကာ မီးအေးအေးနဲ့ သကြားတွေပျော်အောင်ကြိုပါ။ ပြီး သင်္ဘောသီးကို ထည့်ကာ ငါးမိနစ်ခန့် အဖုံးအုပ်ပြီး ချက်ပါ။ မကြာမကြာ မွှေပေးပါ။ ပြီးရင် ချင်းတွေကိုထည့်ပြီး သမအောင်မွှေကာ အအေးခံထားပါ။

ခရမ်းချဉ်သီးကို ထက်ခြမ်းခြမ်းပြီး ပါးပါးလှီးထားပါ။ အစေ့တွေ ထုတ်ထားပါ။ ပဲသီးတွေကို ပါးပါးလှီးထားပါ။

နောက် သင်္ဘောသီး၊ ခရမ်းချဉ်သီးနဲ့ ပဲသီးတို့ကို ပန်းကန်ထဲမှာထည့်ပြီး သံပရာရည်လေး ညှစ်ထည့်ကာ သမအောင် နယ်ပြီး နံနံပင်လေးအုပ်ပြီး ချပါ။ ■

IKON Mart ပစ္စည်းသစ်မိတ်ဆက်ပွဲ

ပြေတီဦး ဖောင်ဒေးရှင်း ငါးနှစ်ပြည့်ပွဲ

ပွဲတက်ရောက်သူ အနုပညာရှင်များ

အိန္ဒြာကျော်ဇင်

ပြေတီဦး

ရဲအောင်

လူမင်း

ပြိုင်ပွဲဝင်တစ်ဦး

Crown Couple Award ၂၀၁၄ ပွဲ

နေမင်း၊ ဒေါ်ခင်မာလာ၊ မခင်ချိုချိုဦး၊ ဒေါ်နန်းအိအိဇာနှင့် ပွဲတက်ရောက်သူများ

Nissan Twin ကားသစ်မိတ်ဆက်ပွဲ

ဝန်ထမ်းများ

Nissan Group

ဖိလစ်ပိုင် စားသောက်ဆိုင်ဖွင့်ပွဲ

Mr Ramon Policarpio, Ms Ana Abejuela and Ms Jennifer T.Torred

စားဖိုမှူးနှင့် ပွဲတက်ရောက်သူများ

Chatime Myanmar တစ်နှစ်ပြည့် အခမ်းအနား

Mr Jacky Teh and Ms Chong

Mr JX Goh

Mr Henry Wand and Ms Teresa

Mr. Taro and Mr Ryuji Maung

Chef Jam Melchor

TUBORG FUN GUIDE မြေးပို့ လမ်းစ

ငြိမ်းအိအိထွေး

nyeineieihtwe23@gmail.com

မင်္ဂလာပါ ဆိုရှယ်ပရိသတ်ကြီးရေ။ ။အအေးပိုလာတဲ့ ဆောင်းညတွေမှာ စောစော အိပ်ရာဝင်တတ်ကြပေမယ့် မနက်တွေမှာတော့ အချိန်မှန် အိပ်ရာထဖို့ ကြိုးစားရလိမ့်မယ်ထင်ပါတယ်နော်။ ဒီဇင်ဘာက အမှတ်တရတွေ အပြည့်နဲ့ နှစ်တစ်နှစ်ကို နောက်ဆုံးနှုတ်ဆက်ရတဲ့ လဆိုတော့ လူတိုင်း၊ အချိန်တိုင်းက ၂၀၁၄ အတွက် ပျော်စရာနေ့ရက် အဖြစ်အပျက်တွေနဲ့ ပြည့်စုံနေပါစေလို့ တောင်းဆုပြုပါတယ်ရှင့်။ပြီးခဲ့တဲ့ သီတင်းပတ်ကတော့ ပုံမှန်ပွဲတွေအတိုင်းပဲ တက်တက်ကြွကြွတက်ရောက်ခဲ့ပါတယ်ရှင်။

ဒေါ်ကြည်ကြည်သန်းနှင့် သော်မျိုးနောင်

Toyota Mingalar မိတ်ဆက်ပွဲ

ကိုဝေလင်းနှင့် ကိုမင်းသက်ကျော်

Mr Shotaro Honda

Konica Minolta မိတ်ဆက်ပွဲ

Mr Yoshinori Koide နှင့် ပွဲတက်ရောက်သူတစ်ဦး

ဒေါ်ကြူကြူ

Luminarc ထုတ်ကုန်သစ်မိတ်ဆက်ပွဲ

တင်မိုးလွင်၊ ကိုဆိုနီနှင့် မမေဇင်

ကိုဇေယျာထက်၊ ကိုရွှေလအောင်နှင့် ကိုရဲမင်းဖြိုး

ကလောင်သစ်စာပေဖြန့်ချိရေးပွဲမှ တက်ရောက်သူများ

ကျောက်စိမ်းထုတ်လုပ်ရေးပွဲမှ တက်ရောက်သူများ

နင်းအဥ္ဇလီ

Suriya

Sunday Plus ခရီးသွားလုပ်ငန်းမှ အဖွဲ့ဝင်များ

Blind Tiger Bar & Gallery ဖွင့်ပွဲ

ဝဏ္ဏအောင်၊ ဝါဝါ၊ စန္ဒီနှင့် ဖုန်းထက်

သီတင်းပတ်ရဲ့ ကံကြေးမုံ

ဆရာအောင်မြင်ကျော်
နက္ခတ္တဗေဒပညာရှင်
အမှတ်(၁၀၃)၊ ၃-လွှာ၊ သမိန်ဗရမ်းလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၇၃၁၃၅၆၃၂

၂၀၁၄၊ ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ

ကုံရာသီ AQUARIUS | ဇန်နဝါရီ ၂၀-ဖေဖော်ဝါရီ ၁၈

လုပ်ငန်းစွန့်စားခြင်းမှာ မကောင်းနိုင်ပါ။ စိတ်ရှုပ်ထွေးမှုကို အနားယူခြင်းဖြင့် ပြန်လန်းဆန်းစေရပါမည်။ ပုံမှန်စီးပွား အလေးထားပြီး လောဘမတက်၊ ဒေါသမထွက်မိဖို့ အရေးကြီးပါသည်။ ပတ်ဝန်းကျင်အသစ်များကို အလေးဂရုပြုပြီး စိတ်ကူးသစ်များကို လက်တွေ့အသုံးချသော် အကျိုးရှိလိမ့်မည်။

*** စိတ်မပျံ့လွင့်နှင့်။**

သိဟ်ရာသီ LEO | ဇူလိုင် ၂၃-ဩဂုတ် ၂၂

ဟုတ်သလိုလိုနှင့် မဟုတ်၊ မဟုတ်သလိုလိုနှင့် ဟုတ်နေတတ်သည်။ လူမှုသဘောတရားကို စိတ်ဝင်စားမှု နည်းနေမည်။ အတည်တကျဖြစ်နေပြီးသောလုပ်ငန်းကို ဝီရိယပိုသော်များစွာကောင်းကျိုး ဝင်ငွေတိုးမည်။ ခရီးယာယီသွားလာရတတ်ပြီး သိမှုစွမ်းအင် ဖွံ့ဖြိုးလာတတ်သည်။ ချစ်သဒ္ဓါပွားရပါလိမ့်မည်။

*** လုံ့လဆိုသည် ပိုသည်မရှိ။**

မိန်ရာသီ PICES | ဖေဖော်ဝါရီ ၁၉-မတ် ၂၀

ပင်ကိုစရိုက်ကို ပညာနှင့်စစ်ကြောတတ်မှ မိမိကိုယ်မိမိ ပိုမိုနားလည်နိုင်ပါမည်။ ကာလံဒေသံအဂွံ့ဓနံဆိုသည်ကို ကျင့်သုံးတတ်ရပါမည်။ စည်းစိမ်ဥစ္စာ ရှာဖွေမှုနှင့် ခေတ်ရေစီးကြောင်း၏ အပြောင်းအလဲသဘောကို ညှိနှိုင်းတွက်ချက်တတ်မှ အောင်မြင်နိုင်မည်။ ပုဂ္ဂိုလ်ရေး ယုံကြည်မှုကို တန်ဖိုးထားပါ။

*** ခေတ်ရေစီးကြောင်းကို နားလည်။**

ကန်ရာသီ VIRGO | ဩဂုတ် ၂၃-စက်တင်ဘာ ၂၂

ပုဂ္ဂိုလ်ရေးစိန်ခေါ်မှုကို ပုံစံသစ်ဖြင့် တုံ့ပြန်နိုင်မည်။ အသီးတစ်ရာ အညှာတစ်ခုသဘောတရားကို လက်တွေ့ အဖြေရှာတတ်ရပါမည်။ မိမိ၏ စည်းရုံးနိုင်မှုစွမ်းရည်ကို ထင်ရှားစွာ ပြတတ်ခြင်းဖြင့် မိတ်သင်္ဂဟအပေါင်း၏ ရည်မှန်းချက်ကို ပြတ်သားစေနိုင်လိမ့်မည်။ ချစ်ကံပွင့်လန်းနေပါသည်။

*** အမြော်အမြင် ကြီးမားမှုကိုပြ။**

မိဿရာသီ ARIES | မတ် ၂၁-ဧပြီ ၁၉

မိမိကိုယ်မိမိ တာဝန်ယူတတ်ခြင်းမှ စီးပွားဦးဆောင်မှုကဏ္ဍကို တာဝန်ယူရမည်။ ညှိနှိုင်းမှုဖြင့် လူစွမ်းအား အရင်းအမြစ်ကို ဖော်ထုတ်နိုင်မည်။ ထူးခြားသောအသိသတိဖြင့် ဘဝအခြေခံအုတ်မြစ်ကောင်း ချမှတ်နိုင်မည်။ မိတ်ဆွေကောင်းများ၏ ယုံကြည်လေးစားမှုကို ထိန်းသိမ်းမြှင့်တင်နိုင်ပါစေ။

*** နှလုံးရည်ကို အကြောင်းပြုပါ။**

တူရာသီ LIBRA | စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၂

လူမှုသဘာဝကို နားလည်ပြီး ဆန္ဒနှင့် သဘာဝကို တစ်ထပ်တည်း ကျစေရပါမည်။ အပြောနှင့်အလုပ် စကားနှင့်ကတိမှာ ချိန်သားညှိသကဲ့သို့ မှန်ကန်စွာ အပြန်အလှန် အကျိုးရှိစေရပါမည်။ မျှော်လင့်ထားသော လူမှုစီးပွား အခွင့်အရေးကောင်း မုချရလိမ့်မည်။ သတင်းစကားပင်ဖြစ်စေ ချင့်ချိန်တတ်ရမည်။

*** လူသာပဓာနဆိုသည်ကို နားလည်ပါ။**

ပြိဿရာသီ TAURUS | ဧပြီ ၂၀-မေ ၂၀

မချိပြုံးမှာ လျှို့ဝှက်အချစ်၏ သင်္ကေတဖြစ်သည်။ သရော်ပြုံးမှာ မိမိတန်ဖိုးကို ယုံကြည်မှု ပျက်စေခြင်းဖြစ်ပါသည်။ အတွင်းစိတ်မှာ ပုံမှန်အနေအထားဖြင့် မုဒိတာပွားတတ်ရပါမည်။ မနသိကာရ နှလုံးသွင်းမှုမှန် အေးချမ်းမှုအစစ်ကို ရှာဖွေနိုင်ပါမည်။ အချစ်၏အဓိပ္ပာယ်ကို နားလည်ရခက်ဖြစ်နေမည်။

*** မနောဖြူဖို့ အရေးကြီးသည်။**

ဗြိစ္ဆာရာသီ SCORPIO | အောက်တိုဘာ ၂၃-နိုဝင်ဘာ ၂၁

ခေတ်ရှေ့ပြေးသဘောတရားကို အကောင်းမြင်မှု လွန်ကဲနေတတ်ပါသည်။ ဖြစ်နိုင်ခြေနှင့် ဖြစ်နိုင်မှု အနေအထားမှာ တွက်ဆ၍မရသော အကြောင်းတရား ဖြစ်ပါသည်။ လုပ်ငန်းစီးပွားမှာ ဝင်ငွေထွက်ငွေ ဟန်ချက်မငြိမ်ဖြစ်နေတတ်သည်။ ရဲရင့်စွာ စွန့်စားလုပ်ကိုင်မှုများကြောင့် ထိုက်တန်အောင်မြင်မှု ရလိမ့်မည်။

*** ဆင်သွားလမ်းဖြစ် သတိမလစ်မိစေနှင့်။**

မေထုန်ရာသီ GEMINI | မေ ၂၁-ဇွန် ၂၀

အကျိုးပေးကံကို ပြိုင်၍မရနိုင်ပါ။ ဆင်ခြင်သုံးသပ်မှုဖြင့် အဖြေကောင်း ရှာတတ်ရပါမည်။ မိမိ၏ အစွမ်းအစဖြင့် ကူညီမှုကို အကြောင်း ပြုတတ်လေ ဘဝပုံရိပ်ကောင်းများ ထွက်လေဖြစ်မည်။ အမြန်အကျိုးပြုမှုကို သစ္စာရှိ ရိုးသားမှုဖြင့် ထိန်းသိမ်းမြှင့်တင်တတ်ရပါမည်။ သဘာဝဖြစ်စဉ်ကို လက်ခံတတ်ပါစေ။

*** အများအကျိုးကို ရှေးရှုပါ။**

ဓနရာသီ SAGITTARIUS | နိုဝင်ဘာ ၂၂-ဒီဇင်ဘာ ၂၁

အချိန်နှင့်ဘဝ တစ်ထပ်တည်းကျသော် နိုးထတက်ကြွပြီး ပိုင်စိုးရပါမည်။ ပြဿနာကို အချိန်ယူ အဖြေရှာပြီး ဖြေရှင်းနိုင်မည်။ ဘဝပြဋ္ဌာန်းချက်မှာ ယုံကြည်မှုနှင့် တည်ဆောက်ထားခြင်းဖြစ်သောကြောင့် သတ္တိနှင့် ဗျတ္တိမှာ အားမာန်အစဉ် ရှိနေရပါမည်။ အဓိပ္ပာယ်ရှိသော နှလုံးသားခံစားမှု ဖြစ်ပါစေ။

*** အချိန်နှင့်ဘဝ တစ်ထပ်တည်းကျစေ။**

ကရကဋ်ရာသီ CANCER | ဇွန် ၂၁-ဇူလိုင် ၂၂

လုပ်ငန်းမှာ ပွင့်လင်းထင်ရှားပြတ်သားလာတတ်ပြီး အကြောင်းကောင်းသည့်အလျောက် အကျိုးပေးထက်သန်လာမည်။ ထူးထူးခြားခြား ငွေဝင်ကိန်းများ ရှိသည်။ ပြောစကားသေချာထိရောက်ပြီး စကားနောက်တရားပါဖြစ်နေတတ်သည်။ လက်လှမ်းမမီသော အဆက်အသွယ်ကောင်းနှင့် ချိတ်ဆက်မိမည်။

*** ကတိစကား အလေးထားပါ။**

မကာရရာသီ CAPRICORN | ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၁၉

လူနှင့် လူပတ်ဝန်းကျင်ကို တန်ဖိုးထားမှု မမှားစေအပ်ပါ။ မိမိဘဝ ပုံရိပ်ကောင်းထွက်ရန် ဝန်းကျင် အသိုင်းအဝိုင်း၏ အနေအထားမှာ အသွင်အပြင်ထင်ရှားပြီး အစဉ်အလာကြီးဖို့ အရေးကြီးပါသည်။ စာရိတ္တမဏ္ဍိုင်ကို အခြေခံပြီး ပညာမာနကို လက်တွေ့သက်သေပြုနိုင်ခြင်းဖြင့် လူမှုဘဝ စိုပြည်လှပစေရပါမည်။

*** လူနှင့် လူ့ဝန်းကျင်ကို အလေးဂရုပြု။**

ကံသုံးပါးကို ပညာသိဖြင့် ပြုလုပ်ခြင်းမှာ တိုက်ရိုက်မူလ'ယတြာ' ဖြစ်သည်။

နေရာတိုင်းဆောင်ထား
Rain Flower
09 - 73 100 890
09 - 73 100 891

ကာတွန်း



ရုပ်ရှင်

အမေရိကန် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ "Ouija" ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဒီတစ်ပတ် (ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ) မှာတော့ . . .

သမ္မတ၊ တော့ပ်ရွိုင်ရယ်၊ မင်္ဂလာ(၁) နဲ့ **သွင်** ရုပ်ရှင်ရုံတွေမှာ ဒါရိုက်တာ ဝိုင်း ရိုက်ကူးထားပြီး အောင်ရဲလင်းနဲ့ ဖွေးဖွေးတို့ အဓိကပါဝင်သရုပ်ဆောင်ထားတဲ့ 'သက်တံသစ်' ဝိညာဉ်ဇာတ်ကားကို စတင်ရုံတင်လာပါတယ်။

မင်္ဂလာ(၂) ရုပ်ရှင်ရုံမှာတော့ "Rise of the Legend" သရီးဒီ တရုတ် အက်ရှင်ဒရမ်မာဇာတ်ကား စတင်ရုံတင်လာပါတယ်။

တော့ပ်ရွိုင်ရယ် ရုပ်ရှင်ရုံမှာတော့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ အမေရိကန်ဇာတ်ကား "Ouija" ကို စတင်ရုံတင်လာပါတယ်။

နေပြည်တော်ရုပ်ရှင်ရုံ(၁) မှာတော့ "The Hunger Games:Mockingjay" တူးဒီ အမေရိကန် သိပ္ပံစိတ်ကူးယဉ် စွန့်စားမှုဇာတ်ကားကိုပဲ ဆက်လက်ရုံတင်ထားပါတယ်။

ရုံ(၂) မှာတော့ "Big Hero 6" အမေရိကန် သရီးဒီ ကာတွန်းဇာတ်ကားနဲ့ **ရုံ(၃)** မှာတော့ "Rise of the Legend" သရီးဒီ တရုတ် အက်ရှင်ဒရမ်မာဇာတ်ကားတို့ကို ပြသသွားမှာပါ။

ရှေ့ဆောင်ရုပ်ရှင်ရုံ(၁) မှာတော့ အမေရိကန် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာဇာတ်ကား "Ouija" နဲ့ **ရုံ(၂)** မှာတော့ "Happy New Year" တူးဒီ ဘောလိဝုဒ် ဟာသအက်ရှင်ဇာတ်ကားတို့ကို ရုံတင်ထားပါတယ်။

မင်္ဂလာစံပြရုပ်ရှင်ရုံ(၁) မှာတော့ အမေရိကန် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာဇာတ်ကား "Ouija "၊ **ရုံ (၂)** မှာ "Rise of the Legend" သရီးဒီ တရုတ် အက်ရှင်ဒရမ်မာဇာတ်ကားနဲ့ **ရုံ(၃)** မှာတော့ မြန်မာဝိညာဉ်ဇာတ်ကား 'သက်တံသစ်' တို့ကို ပြသသွားမှာဖြစ်ပါတယ်။

ဂျန်းရှင်းစကွဲကရုပ်ရှင်ရုံတွေ မှာတော့ တရုတ်သရဲကား "Sifu vs Vampire" နဲ့ မြန်မာဝိညာဉ်ဇာတ်ကား 'သက်တံသစ်' တို့ကို ရုံတင်ပြသသွားမှာပါ။

ဂျန်းရှင်းမော်တင်က ရုပ်ရှင်ရုံတွေမှာလည်း " Sifu vs Vampire " နဲ့ 'သက်တံသစ်' ဇာတ်ကားတို့ကိုပဲ ရုံတင်ပြသသွားမှာ ဖြစ်ပါတယ်။

နေပြည်တော်ဂျန်းရှင်း mini-theatre မှာတော့ ဒါရိုက်တာ ကျော်ဇောလင်း ရိုက်ကူးတင်ဆက်ထားပြီး ရန်အောင်၊ ရဲအောင်၊ လူမင်း၊ မင်းမော်ကွန်း၊ ပြေတီဦး၊ နေတိုး၊ ဖြိုးငွေစိုး၊ မြင့်မြတ်၊ အောင်ရဲလင်း၊ နန္ဒ၊ ကောင်းပြည့်၊ ဖိုးပြည့်၊ ကျော်ကျော်၊ အရိုင်း၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်၊ စန္ဒမြင့်လွင့်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊ မိုးပြည့်ပြည့်မောင်နဲ့ ယွန်းရွှေရည်တို့ ပါဝင်သရုပ်ဆောင်ထားတဲ့ 'ကိုတင့်တို့ စူပါရပ်ကွက်' ဇာတ်ကားကို ပြသသွားမှာ ဖြစ်ပါတယ်။ ■ **နန္ဒာအောင်**

TUBORG မြူးဖို့ လမ်းစ
FUN GUIDE
JOIN THE FUN
www.facebook.com/tuborgmyanmar

စားဖွယ်ရာ

ဖိလစ်ပီနို ဟင်းလျာများ

ဒီတစ်ပတ်မှာတော့ ဖြူးတစ်ခါမှမရေးဖူးသေးတဲ့ ဖိလစ်ပီနိုဟင်းလေးတွေကို ရေးဖို့စီစဉ်ထားပါတယ်။ ရေးဖြစ်စရာ အကြောင်းဖန်လာပုံကလည်း. . ဒီ cooking column ကပဲ စခဲ့တာပါ။

သူငယ်ချင်းတစ်ယောက်ရဲ့ မိတ်ဆက်ပေးမှုကြောင့် ဖိလစ်ပီနိုသူငယ်ချင်းတစ်ယောက် တိုးလာခဲ့ပါတယ်။ သူက ဖြူးရဲ့ ဟင်းချက်နည်းကော်လံကို အမြဲဖတ်နေကျဆိုတော့ ခဏလေးအတွင်းမှာပဲ အစားအသောက်တွေအကြောင်း ပြောလိုက်ကြတာ စကားတွေပြောမကုန်အောင် ဖြစ်သွားပါရော။ နောက်ပြီး သူက မေးခွန်းတစ်ခု မေးလာပါတယ်။ နိုင်ငံတကာကဟင်းတွေကို စိတ်ဝင်တစားချက်နေတဲ့သူက ဘာကြောင့်ဖိလစ်ပီနိုချက်နည်း၊ ပြုတ်နည်းတွေကို မရေးတာလဲတဲ့။ အဖြေကတော့ ရှင်းပါတယ်။ ကိုယ်မှ မစားဖူးတာ။ နောက်ပြီး ဘယ်လိုရှိတယ်ဆိုတောင်သေချာမသိ။ မြည်းစမ်းကြည့်လို့ရမယ့် ဖိလစ်ပီနိုစားသောက်ဆိုင်မှ မရှိတာလို့။ သူက ရယ်ပါလေရော။ ဟုတ်တယ်လေ. . ဆစ်ဒ်နီမှာတောင် ဖိလစ်ပီနိုင်စားသောက်ဆိုင်ကို ရှိခဲ့ဖူးတယ်လို့ပဲ ကြားတာ။ ကိုယ်ရှိနေတဲ့အချိန်မှာ ကြားမှမကြားတော့ သွားမစားခဲ့ဖူးဘူး။ နောက် ဖိလစ်ပိုင်ကို ရောက်သွားတဲ့ ခဏမှာလည်း ချိုချဉ်ကြော် လိုမျိုးသာစားခဲ့ရတော့ မလွမ်းလောက်ဘူးပေါ့နော်။ ကိုယ် သွားတာကလည်း သူများမင်္ဂလာဆောင်ဆိုတော့ ပွဲဆက်တွေများပြီး ရိုးရာဟင်းတွေ မမြည်းလိုက်ရတာလည်း ပါပါတယ်။ နောက် အဲဒီအရပ်မှာလည်း တခြားစားသောက်ဆိုင်တွေသာ ရှိတာ၊ ဖိလစ်ပီနိုစားသောက်ဆိုင်လို့ မရှိဘူး။

နောက်ဆုံးတော့ သူက ဟင်းချက်ကောင်းတဲ့ သူ့မိတ်ဆွေ ဖိလစ်ပီနိုတွေနဲ့ မိတ်ဆက်ပေးမယ်။ စိတ်ဝင်စားရင် ဟင်းချက်နည်းတွေပါ သင်ပေးမယ်ပေါ့။ သူတို့ရဲ့ ရိုးရာဟင်းလျာတွေကို မြည်းစမ်းလားဆိုတော့ . . . အို. . ဟိုး. . . ရက်စ်. . ရက်စ်. . ပေါ့။ အာရှဟင်းလျာတွေထဲမှာ မသိတာဆိုလို့ သူတို့ဟင်းပဲ ကျန်တော့တာကိုး။ အခွင့်အရေး လက်လွတ်ခံလို့ ဘယ်ဖြစ်ပါ့မလဲ။

ပြီးခဲ့တဲ့တစ်ပတ်က မိတ်ဆွေသူငယ်ချင်းရဲ့ ကောင်းမှုကြောင့် ဖိလစ်ပီနိုဟင်းလျာတွေနဲ့ Sunday Brunch လေး လုပ်ဖြစ်ပါတယ်။ ဖြူးအိမ်မှာ ချက်ပြုတ်ကြပြီး သူတို့ အသည်းစွဲဟင်းလျာတွေရဲ့ ချက်နည်းတွေကို မျှဝေကြပါတယ်။ ဖြူးကို ချက်ပြုတ်နည်းအပြင် tips and tricks တွေပါ သင်ပေးတဲ့ Olive ကိုကျေးဇူးတင်ပါတယ်။ Olive က တကယ်ကို ဟင်းချက်ကောင်းပါတယ်။ သူ့လက်ရာဟင်းတွေကို စားပြီးနောက်မှာတော့ တကယ်ကို ဖိလစ်ပီနိုဟင်းတွေအပေါ် စိတ်ဝင်တစားကို ဖြစ်ခဲ့ပါတယ်။ ဒါနဲ့ပဲ သူနဲ့အပေးအယူ လုပ်ဖြစ်သွားပါတယ်။ Deal ကတော့ မြန်မာဟင်းချက်နည်းတွေကို ဖြူးက သင်ပေးရမယ်။ မုန့်ဟင်းခါးက ထိပ်ဆုံးက။ Olive က ဖြူးကို ဖိလစ်ပီနိုဟင်းချက်နည်းတွေ သင်ပေးမယ်ပေါ့။ မျှတပါတယ်နော်. . .

ဒီတစ်ပတ် Bicol Express လို့ခေါ်တဲ့အုန်းနို့၊ ငါးပိတို့နဲ့ချက်ထားတဲ့ ဝက်သားဟင်းစပ်စပ်ကို ချက်မှာပါ။ ပါတဲ့ပစ္စည်းတွေ ကြည့်ပြီး လန့်မသွားပါနဲ့ဦး။ ငရုတ်သီးစပ်စပ်က သွေးမတက်အောင် ထိန်းထားပေးနိုင်ပါတယ်။ ဖြူးကိုယ်တွေ့ပါ။ ဒီဟင်းက ဖိလစ်ပီနိုတွေကြားမှာ အသည်းစွဲပါ။ Bicol အရပ်က ဟင်းချက်နည်းကို အတုယူပြီး TitaCely လို့ခေါ်တဲ့ စားသောက်ဆိုင်ပိုင်ရှင် ချက်ပြုတ်သူတစ်ယောက်က ထွင်ခဲ့တဲ့ဟင်းလို့ ပြောကြပါတယ်။ ပြီး သူက Bicol express လို့ ပေးခဲ့တာပါ။ သူက သုံးထပ်သားနဲ့ချက်ပေမယ့် ဖြူးက ဝက်သားကြိတ်သားပါရောပြီး ချက်ထားပါတယ်။

Bicol express

ပါဝင်ပစ္စည်းများ (၆ ယောက်စာ)

- ဝက်သားကြိတ်သား ၅၀၀ ဂရမ်
- ဝက်သား သုံးထပ်သား (pork belly) ၁၀၀-၁၅၀ ဂရမ်
- ကြက်သွန်နီသေးသေး ၂ ခု
- ကြက်သွန်ဖြူ ၄ မြှောင်
- ငရုတ်သီးအရှည် ၁ စည်း
- အုန်းနို့ ၂၅၀ မီလီမီတာ
- ငါးပိ (စိမ်းစား) လက်ဖက်ရည်ဇွန်း ၂ ဇွန်းခွဲ

အိုးပူလာရင် မီးလျှော့ပြီး ဝက်သားသုံးထပ်သားကို အိုးထဲမှာထည့်ကာ မီးအေးအေးနဲ့ ကြော်ပါ။ ဝက်ဆီတွေ ထွက်လာသည်အထိ ကြော်ပါ။ ဝက်အဆီပျော်ပြီး အဆီမြင်ရပြီဆိုရင် ကြက်သွန်နီကိုထည့်ကာ ဆီသတ်ပါ။ ကြက်သွန်တွေ အရောင်ပြောင်းရင် ကြက်သွန်ဖြူနဲ့ငပိကို ထည့်ကာ ဆီသတ်ပါ။ မီးမပြင်းပါစေနဲ့။ တစ်မိနစ်လောက် ဆီသတ်ပြီးရင် ဝက်သားကြိတ်သားတွေကို ထည့်ကာ လုံးပါ။ မီးကို မပြင်းတပြင်းအနေထားသို့ ပြန်တင်ပါ။ ဝက်သားတွေ အရောင်ပြောင်ပြီး အနှစ်နဲ့လုံးသွားမှ အုန်းနို့ရည်ကိုထည့်ကာ ပွက်အောင် တည်ပါ။

ဟင်းရည်စပွက်ရင်ပွက်ချင်း မီးကိုပြန်လျှော့ပြီး အဖုံးအုပ်ကာ မီးအေးအေးနဲ့ တည်ပါ။ ၂၀-၂၅ မိနစ်အထိ တည်ထားပါ။ အပေါ့အငန်အတွက် ဆားကို သုံးပါ။

ပြီးရင် အဖုံးကိုဖွင့်ပြီး ငရုတ်သီးတွေကို ရေစစ်ထည့်ကာ သမအောင်မွှေပြီး ၄၅ မိနစ်လောက် ထားပါ။ အဖုံးပြန်မအုပ်ပါနဲ့တော့။ ထမင်းဖြူနဲ့ တွဲပြီးစားပါ။

သူနဲ့တွဲပြီး စားဖို့အတွက် သဘော်သီးချိုချဉ်သုပ်လေး လုပ်ထားပါတယ်။ ဒါကတော့ ဖိလစ်ပိုင်ရိုးရာအစားအစာတွေ တည်ခင်းနေတဲ့ ဆူးလေရှန်ဂရီလာမှာ စားခဲ့ရတဲ့ ဟင်းပွဲလေးကို အတုယူပြီး ပြင်လိုက်တာပါ။

သဘော်သီးသုပ် ဖိလစ်ပိုင်စတိုင်

ပါဝင်ပစ္စည်းများ (၆ ယောက်စာ)

- သဘော်သီး အသေး ၂ လုံး (၄၅၀-၅၀၀ ဂရမ်)
- Apple Cider ရှလကာရည် ၁/၂ ခွက်
- သကြား ၁/၂ ခွက်
- ခရမ်းချဉ်သီး ၂ လုံး
- ပဲတောင့်ရှည် ၄ ပင်
- ချင်း ၃ ပြား
- သံပရာသီး လက်ဖက်ရည်ဇွန်း ၁ ဇွန်း
- နံနံပင် အနည်းငယ်

စာမျက်နှာ ၃၉ သို့

ပြင်ဆင်ပုံ

ဝက်သားကြိတ်သားကို မီးဖိုချောင်သုံး တစ်ရှူးစက္ကူနဲ့ အုပ်ကာ ရေတွေ စုပ်ယူပါ။ နောက်ဆုံး တစ်ရှူးမှာ ရေမတွေ့နိုင်လောက်သည်အထိ စုပ်ယူပါ။ ဝက်သားသုံးထပ်သားကို ပါးပါးလေးလှီးပါ။ နောက် ရေစင်အောင် စစ်ထားပါ။

ကြက်သွန်နီကို နုပ်နုပ်လှီးပါ။ ကြက်သွန်ဖြူကို ညက်ညက်လေးကြိတ်/ထောင်းထားပါ။

ငရုတ်သီး အရှည်တောင့်တွေကို အညှာဖြတ်ကာ ထက်ခြမ်းခြမ်းပါ။ ပြီး အစေ့ထုတ်ပြီး နှစ်စင်တီမီလောက် အရှည်တွေဖြတ်ပြီး လှီးထားပါ။ အစပ်ပေါ့အောင် ဆားရည်နဲ့ စိမ်ထားပါ။ ကြာကြာစိမ်လေ အစပ်ပေါ့လေပါပဲ။

ဟင်းချက်မယ့်အိုးကို မီးဖိုပေါ်တင်ပြီး မီးမပြင်းတပြင်းနဲ့ အပူပေးပါ။

Travel

DOMESTIC FLIGHT SCHEDULES

YANGON TO NAY PYI TAW

Flight	Days	Dep	Arr
FMI A1	1,2,3,4,5	7:15	8:15
FMI B1	1,2,3,4,5	10:45	11:45
FMI C1	1,2,3,4,5	17:00	18:00
FMI A1	6	8:00	9:00
FMI A1	7	15:30	16:30

NAY PYI TAW TO YANGON

Flight	Days	Dep	Arr
FMI A2	1,2,3,4,5	8:35	9:35
FMI B2	1,2,3,4,5	13:30	14:30
FMI C2	1,2,3,4,5	18:20	19:20
FMI A2	6	10:00	11:00
FMI A2	7	17:00	18:00

YANGON TO MANDALAY

Flight	Days	Dep	Arr
YH 909	1,2	6:00	7:40
Y5 775	Daily	6:00	7:10
YJ 891	Daily	6:00	8:05
K7 262	Daily	6:00	8:10
YH 917	Daily	6:10	8:30
6T 401	2	6:20	8:30
W9 201	Daily	7:00	8:25
YJ 811	3	7:00	8:25
YH 835	1	7:00	8:40
YH 826	3	7:00	8:40
YH 831	6	7:00	8:40
7Y 131	Daily	7:15	9:20
K7 266	Daily	8:00	10:05
K7 244	1,3,5,6,7	8:15	9:40
8M 6603	4	9:00	10:10
YH 729	2	10:00	13:00
YJ 751	7,5	10:45	12:40
YJ 601	6	11:00	12:25
YJ 211	7,5	11:00	12:25
YJ 601	4	11:00	12:25
YJ 233	6	11:00	12:55
YJ 201	1,2,4	11:00	12:55
YJ 761	1,2,4	11:00	12:55
YH 911	2	11:15	12:55
YH 729	4,6	11:15	13:15
YH 737	5	11:15	12:40
YH 737	7	11:15	13:25
YH 727	1	11:15	13:25
W9 251	2,5	11:30	12:55
YH 829	5	11:30	13:10
7Y 941	1,3,4,6	11:45	13:10
7Y 841	2,5	11:45	13:10
7Y 943	7	11:45	13:10
K7 822	2,4,7	12:30	16:55
K7 622	1,3,5,7	13:00	14:25
K7 226	2,4,6	13:30	14:55
K7 224/7Y 241	Daily	14:30	16:35
6T 501	1,3,4,5,6,7	14:30	16:25
7Y 241	Daily	14:30	16:25
YH 731	1,2,4,5,6,7	15:00	17:10
YH 731	3	15:00	17:25
Y5 234	Daily	15:20	16:30
W9 211	4	15:30	16:55

MANDALAY TO YANGON

Flight	Days	Dep	Arr
YH 910	1,2,4,5,7	7:40	9:45
Y5 233	1,2,4,5,6	7:50	9:00
K7 262	Daily	8:25	12:25
YH 918	Daily	8:30	10:45
YH 910	6	8:40	10:35
W9 201	Daily	8:40	10:35
YJ 811	3	8:40	10:05
6T 402	2	8:45	10:50
7Y 132	Daily	9:35	11:30
K7 244	1,3,5,6,7	9:55	13:00
K7 267	Daily	10:20	12:25
YH 836	1	13:20	14:25
YH 827	3	13:20	14:45
YJ 202	1,2,4	15:30	16:55
YJ 602	4	15:40	17:05
YJ 602	6	15:40	17:35
YH 912	2	15:45	17:40
YJ 212	7,5	15:55	17:20
YH 830	5	16:00	17:25
YJ 762	1,2,4	16:35	18:00
7Y 242	Daily	16:40	18:45
6T 502	1,3,4,5,6,7	16:40	18:45
YH 728	1	16:45	18:10
YH 730	2	16:45	18:10
K7 225/7Y 242	Daily	16:50	19:00
Y5 776	Daily	17:10	18:20
W9 211	4	17:10	19:15
K7 823	2,4,7	17:10	18:35
YH 732	Daily	17:10	19:15
8M 6604	4	17:20	18:30
K7 227	2,4,6	17:20	18:45
YH 836	4,7	17:20	18:45
8M 903	1,2,4,5,7	17:20	18:30
YH 738	3,5,7	17:25	18:50
YH 732	3	17:25	19:30
K7 623	1,3,5,7	17:40	19:05
YJ 234	4	17:45	19:10
YH 730	4,6	18:00	19:25
W9 252	2,5	18:15	19:40

YANGON TO NYAUNG U

Flight	Days	Dep	Arr
K7 262	Daily	6:00	7:20
YJ 891	Daily	6:00	7:20
YH 909	1,2,4,5,7	6:00	8:25
YH 917	Daily	6:10	7:45
YH 909	3	6:10	7:45
6T 401	2	6:20	7:40
YJ 881	1,2,4,5,7	6:45	8:15
K7 242	Daily	7:00	8:20
6T 401	6	7:00	8:20
YJ 801	6	7:00	8:20
YH 633	5	7:00	8:25
YH 633	7	7:00	8:35
7Y 131	Daily	7:15	8:35
7Y 121	1	8:20	9:40
Y5 649	Daily	10:30	11:50
K7 224/7Y 241	Daily	14:30	17:25
7Y 241	Daily	14:30	17:10
6T 501	1,3,4,5,6,7	14:30	17:10
YH 731	1,2,4,5,6,7	15:00	17:55
K7 264	Daily	15:00	17:10
W9 129	1,3,6	15:30	17:35
W9 211	4	15:30	17:40
YH 731	3	15:15	18:10

NYAUNG U TO YANGON

Flight	Days	Dep	Arr
YJ 891	Daily	7:35	10:15
YH 918	Daily	7:45	10:45
6T 402	2	7:55	10:50
YJ 881	1,2,4,5,7	8:20	10:25
YH 910	1,2,4,5,7	8:25	9:45
K7 242	Daily	8:35	11:45
6T 401	6	8:35	10:45
YH 634	5,7	8:35	10:40
YJ 801	6	8:35	9:55
7Y 131	Daily	8:50	11:30
YH 910	3	9:35	10:55
7Y 121	Daily	9:55	14:10
K7 263	Daily	11:05	12:25
Y5 650	Daily	13:55	15:15
K7 265	Daily	17:25	18:45
6T 502	1,3,4,5,6,7	17:25	18:45
7Y 242	Daily	17:25	18:45
K7 225/7Y 242	Daily	17:40	19:00
W9 129	1,3,6	17:50	19:10
YH 732	1,2,4,5,6,7	17:55	19:15
YH 732	3	18:10	19:30

YANGON TO MYITKYINA

Flight	Days	Dep	Arr
YH 835	1	7:00	10:05
YH 826	3	7:00	10:05
YH 831	6	7:00	10:05
YJ 201	1,2,4	11:00	13:50
YJ 211	7,5	11:00	13:50
YH 835	4,7	11:00	14:05
YJ 233	6	11:00	16:05
W9 251	2,5	11:30	14:25
7Y 841	5	11:45	14:35

MYITKYINA TO YANGON

Flight	Days	Dep	Arr
YJ 202	1,2,4	14:05	16:55
YJ 211	7,5	14:05	17:20
YH 832	6	10:05	12:55
YH 836	1	11:55	14:25
K7 623	1,3,5,7	16:10	19:05
YJ 234	4	16:20	19:10
YH 827	3	11:55	14:45
YH 835	4,7	15:55	18:45
W9 252	2,5	16:45	19:40

YANGON TO HEHO

Flight	Days	Dep	Arr
YJ 891	Daily	6:00	8:50
K7 262	Daily	6:00	9:55
YH 909	3	6:10	8:40
YH 917	Daily	6:10	9:35
6T 401	2	6:20	9:20
YJ 881	1,2,4,5,7	6:45	9:00
K7 242	Daily	7:00	9:15
6T 401	6	7:00	9:15
W9 201	Daily	7:00	9:10
YH 909	6	7:00	9:25
YH 633	5,7	7:00	9:30
7Y 131	Daily	7:15	10:05
K7 266	Daily	8:00	9:15
K7 244	1,3,5,6,7	8:15	10:30
7Y 121	Daily	8:20	10:35
Y5 649	Daily	10:30	12:45
YH 505	1,2,3,4,5,6	10:30	11:55
YJ 751	7,5	10:40	11:55
YJ 751	3	11:00	12:10
YJ 233	6	11:00	12:10
YJ 761	1,2,4	11:00	12:10
YH 727	1	11:15	12:40
YH 911	2	11:15	16:30
YH 737	3,5,7	11:15	12:40
7Y 941	1,2,4,6	11:45	13:55
K7 828	1,3,5	12:30	13:45
K7 822	2,4,7	12:30	13:45
K7 224/7Y 241	Daily	14:30	15:45
7Y 241	Daily	14:30	15:40
6T 501	1,3,4,5,6,7	14:30	15:40
YH 731	1,2,4,5,6,7	15:00	16:25
K7 264	Daily	15:00	16:25
YH 731	3	15:15	16:40
W9 129	1,3,6	15:30	16:40

HEHO TO YANGON

Flight	Days	Dep	Arr
YJ 891	Daily	9:05	10:15
YJ 881	1,2,4,5,7	9:15	10:25
W9 201	Daily	9:25	10:35
6T 402	6	9:30	10:45
K7 243	Daily	9:30	11:45
YH 634	5,7	9:30	10:40
YH 918	Daily	9:35	10:45
6T 402	2	9:35	10:50
K7 263	Daily	10:10	12:25
7Y 132	Daily	10:20	11:30
K7 245	1,3,5,6,7	10:45	13:00
7Y 121	Daily	10:50	14:10
K7 267	Daily	11:10	12:25
YH 506	1,2,4,5	11:55	14:00
YH 506	6	12:25	14:30
YH 506	3	12:55	15:00
Y5 650	Daily	13:00	15:15
YJ 762	1,2,4	15:50	18:00
7Y 241	Daily	15:55	18:45
6T 501	1,3,4,5,6,7	15:55	18:45
YH 728	1	16:00	18:10
K7 224/7Y 241	Daily	16:00	19:00
K7 829	1,3,5	16:10	17:25
K7 823	2,4,7	16:20	18:35
YH 732	1,2,4,5,6,7	16:25	19:15
K7 264	Daily	16:30	18:45
YH 912	2	16:30	17:40
YH 738	3,5,7	16:40	18:50
YH 732	3	16:40	19:30
W9 129	1,3,6	16:55	19:10
YJ 752	3	17:15	18:25
YJ 752	7,5	17:40	19:05

YANGON TO MYEIK

Flight	Days	Dep	Arr
Y5 325	1,5	6:45	8:15
7Y 531	1,5	7:00	8:38
K7 319	2,4,6	7:00	9:05
Y5 325	2	15:30	17:00

MYEIK TO YANGON

Flight	Days	Dep	Arr
Y5 326	1,5	8:35	10:05
7Y 532	1,5	10:45	12:18
K7 320	2,4,6	11:30	13:35
Y5 326	2	17:15	18:45

YANGON TO SITTWE

Flight	Days	Dep	Arr
6T 605	6	11:15	13:10
W9 309	1,3,6	11:30	12:55
6T 605	1,2,3,4,5,7	12:30	14:25
K7 422	Daily	13:00	14:55

SITTWE TO YANGON

Flight	Days	Dep	Arr
W9 309	1,3,6	13:10	14:55
6T 606	6	13:30	14:50
6T 606	1,2,3,4,5,7	14:45	16:05
K7 423	Daily	15:10	16:30

YANGON TO THANDWE

Flight	Days	Dep	Arr
K7 242	Daily	7:00	10:35
K7 244	1,3,5,6,7	8:15	11:50
YH 505	1,2,4,5	10:30	13:10
YH 505	6	11:00	13:40
6T 605	6	11:15	12:10
W9 309	1,3,6	11:30	13:50
7Y 122	Daily	12:15	13:05
6T 605	1,2,3,4,5,7	12:30	13:25
K7 422	Daily	13:00	13:35
Y5 421	1,3,4,6	15:45	16:40

THANDWE TO YANGON

Flight	Days	Dep	Arr
K7 243	Daily	10:50	11:45
K7 245	1,3,5,6,7	12:05	13:00
6T 605	6	12:25	14:50
YH 506	1,2,4,5	13:10	14:00
7Y 122	Daily	13:20	14:10
YH 506	6	13:40	14:30
6T 605	1,2,3,4,5,7	13:40	16:05
W9 309	1,3,6	14:05	14:55
K7 423	3	14:10	16:30
K7 422	1,2,4,5,6,7	14:10	16:30
Y5 422	1,3,4,6	16:55	17:50

YANGON TO DAWEI

Flight	Days	Dep	Arr
K7 319	2,4,6	7:00	8:10
7Y 531	1,5	7:00	7:48

DAWEI TO YANGON

Flight	Days	Dep	Arr
K7 320	2,4,6	12:25	13:35
7Y 532	1,5	11:30	12:18

YANGON TO LASHIO

Flight	Days	Dep	Arr
YJ 751	7,5	10:45	13:40
YJ 891	3	11:00	13:15
YH 729	2	10:00	12:00
YH 729	4,6	11:15	13:15
7Y 741	1,5	11:30	13:18
K7 828	1,3,5	12:30	14:50

LASHIO TO YANGON

Flight	Days	Dep	Arr
K7 829	1,3,5	15:05	17:25
YH 730	2	15:45	18:10
7Y 742	1,5	16:00	17:48
YJ 752	3	16:10	18:25
YJ 752	7,5	16:35	19:05
YH 730	4,7	17:00	19:25

YANGON TO PUTAO

Flight	Days	Dep	Arr
YH 835	1	7:00	11:00
YH 826	3	7:00	11:00
YH 835	4,7	11:00	15:00
W9 251	2,5	11:30	15:25

PUTAO TO YANGON

Flight	Days	Dep	Arr
YH 836	1	11:00	14:25
YH 826	3	11:00	14:45
YH 836	4,7	15:00	18:45
W9 252	2,5	15:45	19:40

YANGON TO CHIANG MAI

Flight	Days	Dep	Arr
Y5 251	2,4,6	6:15	8:05
7Y 305	1,5	11:00	12:50
W9 9607	4,7	14:30	16:20

CHIANG MAI TO YANGON

Flight	Days	Dep	Arr
Y5 252	2,4,6	9:25	10:15
7Y 306	1,5	13:45	14:35
W9 9608	4,7	17:20	18:10

Domestic Airlines

Air Bagan (W9)
Tel: 513322, 513422, 504888. Fax: 515102

Air KBZ (K7)
Tel: 372977~80, 533030~39 (airport), 373766 (hotline). Fax: 372983

Air Mandalay (6T)
Tel: (office) 501520, 525488, (airport) 533222~3, 09-73152853.
Fax: (office) 525937, 533223 (airport)

Asian Wings (YJ)
Tel: 515261~264, 512140, 512473, 512640
Fax: 532333, 516654

FMI Air Charter
Tel: 240363, 240373, 09421146545

Golden Myanmar Airlines (Y5)
Tel: 09400446999, 09400447999
Fax: 8604051

Mann Yadanarpon Airlines (7Y)
Tel: 656969
Fax: 656998, 651020

Yangon Airways (YH)
Tel: 383100, 383107, 700264
Fax: 652 533

Airline Codes

- 6T = Air Mandalay
- 7Y = Mann Yadanarpon Airlines
- FMI = FMI Air Charter
- K7 = Air KBZ
- W9 = Air Bagan
- Y5 = Golden Myanmar Airlines
- YH = Yangon Airways
- YJ = Asian Wings

Subject to change without notice

Day			
1	= Monday	4	= Thursday
2	= Tuesday	5	= Friday
3	= Wednesday	6	= Saturday
		7	= Sunday

INTERNATIONAL FLIGHT SCHEDULES

YANGON TO BANGKOK

Flights	Days	Dep	Arr
PG 706	Daily	6:05	8:00
8M 335	Daily	8:40	10:25
TG 304	Daily	9:50	11:45
PG 702	Daily	10:30	12:25
TG 302	Daily	14:50	16:45
PG 708	Daily	15:20	17:15
8M 331	Daily	16:30	18:15
PG 704	Daily	18:20	20:15
Y5 237	Daily	19:00	20:50
TG 306	Daily	19:50	21:45

BANGKOK TO YANGON

Flights	Days	Dep	Arr
TG 303	Daily	8:00	8:45
PG 701	Daily	8:45	9:40
Y5 238	Daily	21:30	22:20
8M 336	Daily	11:55	12:40
TG 301	Daily	13:05	13:50
PG 707	Daily	13:40	14:30
PG 703	Daily	17:05	17:55
TG 305	Daily	18:05	18:50
8M 332	Daily	19:20	20:05
PG 705	Daily	20:45	21:35

YANGON TO DON MUEANG

Flights	Days	Dep	Arr
DD 4231	Daily	8:00	9:50
FD 252	Daily	8:30	10:20
FD 256	Daily	12:50	14:40
FD 254	Daily	17:35	19:25
FD 258	Daily	21:30	23:15
DD 4239	Daily	21:00	22:55

DON MUEANG TO YANGON

Flights	Days	Dep	Arr
DD 4230	Daily	6:20	7:15
FD 251	Daily	7:15	8:00
FD 255	Daily	11:35	12:20
FD 253	Daily	16:20	17:05
FD 257	Daily	20:15	20:55
DD 4238	Daily	19:30	20:15

YANGON TO SINGAPORE

Flights	Days	Dep	Arr
8M 231	Daily	8:00	12:25
Y5 2233	Daily	9:45	14:15
TR 2823	Daily	9:45	14:35
SQ 997	Daily	10:25	15:10
3K 582	Daily	11:20	15:50
MI 533	2,4,6	13:45	20:50
MI 519	Daily	16:40	21:15

SINGAPORE TO YANGON

Flights	Days	Dep	Arr
TR 2822	Daily	7:20	8:45
Y5 2234	Daily	7:20	8:50
SQ 998	Daily	7:55	9:20
3K 581	Daily	9:10	10:40
MI 533	2,4,7	11:30	12:45
8M 232	Daily	13:25	14:50
MI 518	Daily	14:20	15:45
8M 232	Daily	19:55	21:20

YANGON TO KUALA LUMPUR

Flights	Days	Dep	Arr
AK 505	Daily	8:30	12:45
MH 741	Daily	12:15	16:30
8M 9506	Daily	12:15	16:30
8M 501	1,2,3,5,6	14:00	18:00
MH 743	Daily	16:00	20:15
8M 9508	Daily	16:00	20:15
AK 503	Daily	19:05	23:20

KUALA LUMPUR TO YANGON

Flights	Days	Dep	Arr
AK 504	Daily	6:55	8:00
8M 9505	Daily	10:05	11:15
MH 740	Daily	10:05	11:15
8M 9507	Daily	13:50	15:00
MH 742	Daily	13:50	15:00
AK 502	Daily	17:20	18:25
8M 502	1,2,3,5,6	19:10	20:10

YANGON TO BEIJING

Flights	Days	Dep	Arr
CA 716	1,5,7	23:50	0550+1

BEIJING TO YANGON

Flights	Days	Dep	Arr
CA 715	1,5,7	19:30	22:50

YANGON TO GUANGZHOU

Flights	Days	Dep	Arr
8M 711	2,4,7	8:40	13:15
CZ 3056	3,6	11:35	15:55
CZ 3056	1,5	17:40	22:10

GUANGZHOU TO YANGON

Flights	Days	Dep	Arr
CZ 3055	3,6	8:35	10:35
CZ 3055	1,5	14:40	16:40
8M 712	2,4,7	14:15	15:50

YANGON TO TAIPEI

Flights	Days	Dep	Arr
CI 7916	Daily	10:50	16:15

TAIPEI TO YANGON

Flights	Days	Dep	Arr
CI 7915	Daily	7:00	9:50

YANGON TO KUNMING

Flights	Days	Dep	Arr
CA 906	Daily	12:30	15:55
MU 2012	3	12:20	18:50
MU 2032	1,2,4,5,6,7	14:50	18:15

KUNMING TO YANGON

Flights	Days	Dep	Arr
MU 2011	3	8:25	11:50
CA 905	Daily	11:10	11:30
MU 2031	1,2,4,5,6,7	13:30	14:00

YANGON TO HANOI

Flights	Days	Dep	Arr
VN 956	1,3,5,6,7	19:10	21:25

HANOI TO YANGON

Flights	Days	Dep	Arr
VN 957	1,3,5,6,7	16:40	18:10

YANGON TO HO CHI MINH CITY

Flights	Days	Dep	Arr

HO CHI MINH CITY TO YANGON

Flights	Days	Dep	Arr
VN 943	2,4,7	11:45	13:25

YANGON TO DOHA

Flights	Days	Dep	Arr
QR 919	1,4,6	7:55	11:40

DOHA TO YANGON

Flights	Days	Dep	Arr
QR 918	3,5,7	19:45	0459+1

YANGON TO SEOUL

Flights	Days	Dep	Arr
OZ 770	4,7	0:50	8:50
KE 472	Daily	23:35	7:45

SEOUL TO YANGON

Flights	Days	Dep	Arr
KE 471	Daily	18:30	22:40
OZ 769	3,6	19:30	23:40

YANGON TO HONG KONG

Flights	Days	Dep	Arr
KA 251	1,2,3,4,6,7	1:10	5:45
KA 251	5	1:30	5:55

HONG KONG TO YANGON

Flights	Days	Dep	Arr
KA 250	1,2,3,5,6,7	21:40	23:30
KA 250	4	22:50	0030+1

YANGON TO TOKYO

Flights	Days	Dep	Arr
NH 914	Daily	22:10	6:45

TOKYO TO YANGON

Flights	Days	Dep	Arr
NH 913	Daily	11:45	17:15

YANGON TO DHAKA

Flights	Days	Dep	Arr
BG 061	4	19:45	21:00
BG 061	1	21:45	23:00

DHAKA TO YANGON

Flights	Days	Dep	Arr
BG 060	4	16:30	18:45
BG 060	1	18:30	22:55

YANGON TO INCHEON

Flights	Days	Dep	Arr
W9 607	4,7	14:30	16:20
8M 902	1,2,4,5,7	1:35	9:10
8M 7702	Daily	23:55	07:45+1

INCHEON TO YANGON

Flights	Days	Dep	Arr
W9 608	4,7	17:20	18:10
8M 7701	Daily	18:30	22:30

YANGON TO GAYA

Flights	Days	Dep	Arr
8M 601	3,5,6	10:30	11:50

GAYA TO YANGON

Flights	Days	Dep	Arr
8M 602	3,5,6	12:50	16:00

MANDALAY TO BANGKOK

Flights	Days	Dep	Arr
PG 709	Daily	12:05	13:25
FD 245	Daily	12:50	15:15

BANGKOK TO MANDALAY

Flights	Days	Dep	Arr
PG 709	Daily	12:05	13:25
FD 244	Daily	10:55	12:20

MANDALAY TO SINGAPORE

Flights	Days	Dep	Arr
MI 533	2,4,7	15:55	20:50
Y5 2233	1,2,4,5,6	7:50	14:15

SINGAPORE TO MANDALAY

Flights	Days	Dep	Arr
Y5 2234	Daily	7:20	16:30
MI 533	2,4,7	11:30	14:50

MANDALAY TO DON MUEANG

Flights	Days	Dep	Arr
FD 245	Daily	12:50	15:15

DON MUEANG TO MANDALAY

Flights	Days	Dep	Arr
FD 244	Daily	10:55	12:20

MANDALAY TO KUNMING

Flights	Days	Dep	Arr
MU 2030	Daily	13:50	16:40

KUNMING TO MANDALAY

Flights	Days	Dep	Arr
MU 2029	Daily	12:50	12:55

NAY PYI TAW TO BANGKOK

Flights	Days	Dep	Arr
PG 722	1,2,3,4,5	19:45	22:45

BANGKOK TO NAY PYI TAW

Flights	Days	Dep	Arr
PG 721	1,2,3,4,5	17:15	19:15

International Airlines

Air Asia (FD)
Tel: 09254049991~3

Air Bagan Ltd.(W9)
Tel: 513322, 513422, 504888. Fax: 515102

Air China (CA)
Tel: 666112, 655882

Air India
Tel: 253597~98, 254758. Fax 248175

Bangkok Airways (PG)
Tel: 255122, 255265. Fax: 255119

Biman Bangladesh Airlines (BG)
Tel: 371867~68. Fax: 371869

Condor (DE)
Tel: 370836~39 (ext: 303)

Dragonair (KA)
Tel: 255320, 255321. Fax: 255329

Golden Myanmar Airlines (Y5)
Tel: 09400446999, 09400447999
Fax: 8604051

Malaysia Airlines (MH)
Tel: 387648, 241007 (ext: 120, 121, 122)
Fax: 241124

Myanmar Airways International (8M)
Tel: 255260. Fax: 255305

Nok Airline (DD)
Tel: 255050, 255021. Fax: 255051

Qatar Airways (QR)
Tel: 379845, 379843, 379831. Fax: 379730

Singapore Airlines (SQ) / Silk Air (MI)
Tel: 255287~9. Fax: 255290

Thai Airways (TG)
Tel: 255491~6. Fax: 255223

Tiger Airline (TR)
Tel: 371383, 370836~39 (ext: 303)

Vietnam Airlines (VN)
Tel: 255066, 255088, 255068. Fax: 255086

Airline Codes

- 3K = Jet Star
- 8M = Myanmar Airways International
- AK = Air Asia
- BG = Biman Bangladesh Airlines
- CA = Air China
- CI = China Airlines
- CZ = China Southern
- DD = Nok Airline
- FD = Air Asia
- KA = Dragonair
- KE = Korea Airlines
- MH = Malaysia Airlines
- MI = Silk Air
- MU = China Eastern Airlines
- NH = All Nippon Airways
- PG = Bangkok Airways
- QR = Qatar Airways
- SQ = Singapore Airways
- TG = Thai Airways
- TR = Tiger Airline
- VN = Vietnam Airline
- Y5 = Golden Myanmar Airlines

Subject to change without notice

Day
1 = Monday
2 = Tuesday
3 = Wednesday
4 = Thursday
5 = Friday
6 = Saturday
7 = Sunday

ဂါရုဒါလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းအား တွေ့ရစဉ်။

အမ်အေအိုင်နှင့် ဂါရုဒါတို့ ပူးပေါင်းပျံသန်းရန်သဘောတူ

အိအိသူ
91.eieithu@gmail.com

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (အမ်အေအိုင်) နှင့် အင်ဒိုနီးရှားလေကြောင်းလိုင်း Garuda Indonesia တို့ ယခုနှစ် ဒီဇင်ဘာလတွင် Code Share လေကြောင်းလိုင်းအဖြစ် ပူးပေါင်းပျံသန်းတော့မည်ဟု အမ်အေအိုင်လေကြောင်းလိုင်း ဈေးကွက်မန်နေဂျာ ဒေါ်အေးမရသာက မြန်မာတိုင်း(မ်)ကို ပြောသည်။

"ရန်ကုန်ကနေ ဂျာကာတာကို ဘန်ကောက်လေဆိပ် သို့မဟုတ် စင်ကာပူလေဆိပ်ကနေ တစ်ဆင့်သွားရတယ်ဆိုပေမယ့် Code Share လုပ်လိုက်တဲ့အတွက် တိုက်ရိုက်ပျံသန်းတယ်လို့ ပြောလို့ရပါတယ်။ အခုလိုပျံသန်းလိုက်တဲ့အတွက် နှစ်နိုင်ငံကြား ခရီးသွားဧည့်သည်တွေ အနေနဲ့ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းနှင့် အင်ဒိုနီးရှားလေကြောင်းလိုင်း Garuda Indonesia တို့ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် Code Share ပျံသန်းမှုသဘောတူစာချုပ်ချုပ်ဆိုခဲ့ရာ စာချုပ်အရ အမ်အေအိုင်က ပြေးဆွဲနေသော ရန်ကုန်-ဘန်ကောက်နှင့် ရန်ကုန်-စင်ကာပူ ခရီးစဉ်များတွင် Garuda Indonesia လေကြောင်းလိုင်း၏ လေယာဉ်ခရီးစဉ်နံပါတ်ကို ထည့်သွင်းဖော်ပြပေးမည် ဖြစ်သည်။

ထို့အတူ Garuda Indonesia လေကြောင်းလိုင်းက ၁ပြေးဆွဲလျက်ရှိသော ဂျကာတာ-ဘန်ကောက်နှင့် ဂျကာတာ-စင်ကာပူ ခရီးစဉ်များတွင် အမ်အေအိုင်၏ လေယာဉ်ခရီးစဉ်နံပါတ်ကို ထည့်သွင်းဖော်ပြပေးမည် ဖြစ်သည်။

မြန်မာနိုင်ငံက ခရီးသွားများသည် ဂျကာတာထက် ဘာလီကျွန်းသို့ သွားရောက်လည်ပတ်မှုများသောကြောင့် ဘာလီအထိ ပျံသန်းမှုပြုလုပ်ပေးသင့်ကြောင်း Go and Go ခရီးသွားလုပ်ငန်းတာဝန်ရှိသူတစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

သို့သော် ထိုကဲ့သို့ Code Share ပျံသန်းပေးမှုကြောင့် ဂျကာတာကတစ်ဆင့် ဘာလီကျွန်းသို့ သွားရောက်လည်ပတ်နိုင်သလို ဂျကာတာမှ ဘာလီသို့ ခရီးစဉ်ပြုလုပ်ထားသော ခရီးသွားကုမ္ပဏီများအတွက်လည်း ကောင်းမွန်သည်ဟု ၎င်းက ပြောသည်။

"အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအနေနဲ့ Code Share လေကြောင်းလိုင်းများများ လုပ်သင့်ပါတယ်။ မြန်မာခရီးသွားတွေက လေယာဉ်ပေါ်မှာ မြန်မာလိုပြောရတာပိုအဆင်ပြေတဲ့အတွက် ကောင်းတာပေါ့။ ဈေးနှုန်းလည်း သက်သာမယ်၊ ဝန်ဆောင်မှုအပိုင်းလည်း ကောင်းမယ်ဆိုရင် မြန်မာလေကြောင်းလိုင်းကိုပဲ စီးကြမှာပါ"ဟု ၎င်းက ပြောသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းသည် ၁၉၉၃ ခုနှစ်က ရန်ကုန်မှ ဂျကာတာသို့ တိုက်ရိုက်ပျံသန်းခဲ့ဖူးသည်ဟု သိရသည်။ ■

မြန်မာ့ ချည်ထည်နှင့် လက်မှု အနုပညာပြပွဲ ကျင်းပမည်

ပြည်တွင်းဖြစ် မြန်မာ့ချည်ထည်နှင့် လက်မှုအနုပညာပြပွဲကို ဒီဇင်ဘာလ ၁၃ ရက်မှ ၁၉ ရက်နေ့အထိ ရန်ကုန်မြို့ ၃၅ လမ်း (အလယ်) ရှိ River Ayeyarwaddy ပြခန်းတွင် ကျင်းပမည်ဖြစ်ကြောင်း Sunflowers Group Social Enterprise မှ ဒေါ်ဖြူအိသိမ်းက ပြောသည်။

လူမှုစီးပွားလုပ်ငန်းအဖွဲ့ ၁၃ ဖွဲ့ပူးပေါင်း၍ မြန်မာ့ရိုးရာချည်ထည်၊ လက်မှုပစ္စည်း၊ သဘာဝဆေးဆိုးထည်နှင့် ရိုးရာလက်ရက်ကန်းက ထုတ်လုပ်သော ထုတ်ကုန်များကို လက်တွေ့သရုပ်ပြမှုများနှင့်အတူ ပြသရောင်းချသွားမည် ဖြစ်သည်။

"လက်မှုပညာနဲ့ အနုပညာကိုတွဲပြီး ဈေးရောင်းပွဲလိုမျိုး ပြသသွားဖို့ စီစဉ်ထားတယ်။ မြန်မာ့လက်မှုပစ္စည်းတွေကို နိုင်ငံတကာအမြင်က ဈေးပေါတယ်၊ အရည်အသွေးနိမ့်တယ်ဆိုတဲ့အမြင်ကို ခဏတာလေးနဲ့ ဖျက်ဖို့မလွယ်ဘူး၊ အလုပ်နဲ့ သက်သေပြဖို့ လိုတယ်။ ရန်ပုံငွေရှာဖွေပွဲတွေ၊ ဈေးရောင်းပွဲတွေမှာ ရိုးရာထည်တွေကို ရောင်းကြတယ်။ လူတွေဝယ်ကြပေမယ့် ပစ္စည်းအပေါ် သိပ်ယုံကြည်မှုမရှိဘူး။ တန်ဖိုးလည်း မထားတတ်ကြဘူး။ ရိုးရာပစ္စည်းနဲ့ သူရဲ့တန်ဖိုးကို ယုံယုံကြည်ကြည် အသုံးပြုလာစေချင်ရင် အရည်အသွေးတန်ဖိုးကို မြှင့်တင်ပေးဖို့လိုတယ်"ဟု ဒေါ်ဖြူအိသိမ်းက ပြောသည်။

Sunflowers သည် ကချင်ကယ်ဆယ်ရေးစခန်းများရှိ အမျိုးသမီးများလက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် ကူညီပေးလျက်ရှိပြီး ၎င်းတို့၏ လက်မှုပစ္စည်းများကို ပြန်လည်ရောင်းချပေးလျက်ရှိသည်။ တောင်ကြီး၊ ဆောင်ဒါး (အမရပူရ) ရက်ကန်းသင်တန်းကျောင်းမှ သင်တန်းသားများ၏ ရက်ကန်းထည်နှင့် လက်မှုပစ္စည်းများလည်း ပြပွဲတွင် ပါဝင်မည်ဖြစ်သည်။ ■ ချယ်ရီသိန်း

မြန်မာတိုင်းမ် ဒီဇင်ဘာ ၅ - ၁၁၊ ၂၀၁၄

Sport

အင်္ဂလန်မှာ တောင်အမေရိကဘောလုံးသမားတွေ ဘာကြောင့် စိုးမိုးနေရတာလဲ

အောင်မိုးဇော်

ပရီမီယာလိဂ် ဘောလုံးစီးပွားရေးလောကထဲမှာ တောင်အမေရိက ပို့ကုန်ကစားသမားတွေ အများအပြား နေရာယူလာနေခဲ့ပြီဖြစ်ပါတယ်။ အဲဒီအထဲမှာမှ အာဂျင်တီးနား ပို့ကုန်ဘောလုံးသမားတွေက သုံးပုံတစ်ပုံတောင် ရှိလာလျက်ရှိနေခဲ့ပါတယ်။ ဘယ်သူတွေ တင်သွင်းလာတာလဲ ကြည့်လိုက်ရင်တော့ ပရီမီယာလိဂ်မှာ ထိပ်ဆုံးကရှိနေတဲ့ အင်္ဂလိပ်လုပ်ငန်းရှင်တွေ ပိုင်ဆိုင်မထားတဲ့ ထိပ်တန်းကလပ်အသင်းတွေက တင်သွင်းလာခဲ့ကြတာပဲဖြစ်ပါတယ်။ မကြာသေးမီက ကစားသွားတဲ့ မန်ချက်စတာဒါဘီပွဲမှာ အနိုင်ဂိုးသွင်းသွားသူက အာဂျင်တိုင်းတစ်ယောက်ဖြစ်တဲ့ အဂူရိုပဲဖြစ်ပါတယ်။ သူဆိုရင် အင်္ဂလန်ကို လွန်ခဲ့တဲ့သုံးနှစ်က ရောက်လာခဲ့တာဖြစ်ပြီး အခုဆိုရင် ပရီမီယာလိဂ်မှာ ပွဲပေါင်း ၁၀၀ ကစားထားခဲ့ပြီး ဂိုးပေါင်း ၆၆ ဂိုးသွင်းထားပြီးဖြစ်ပါတယ်။ အင်္ဂလိပ်တွေထက် တောင်အမေရိက ဘောလုံးသမားတွေက ပရီမီယာလိဂ်မှာ လူတစ်လုံး သူတစ်လုံး နေရာရထားခြင်းက အင်္ဂလန်အပါအဝင် စကော့တလန်၊ အိုင်ယာလန်၊ မြောက်အိုင်ယာလန်၊ ဝေးလ် လက်ရွေးစင်အသင်းတို့ကို ထိခိုက်မှန်းမသိ ထိခိုက်လာနေပြီဖြစ်ပါတယ်။

အရင်ဆုံး လောလောဆယ် ပရီမီယာလိဂ်မှာ ထိပ်ဆုံးက ဦးဆောင်နေတဲ့ ချယ်လ်ဆီးကိုပဲကြည့်လိုက်ရင် နောက်တန်းကတယ်ရီ၊ ဂယ်ရီကာဟေးလ်ဆိုတဲ့အင်္ဂလိပ်နှစ်ယောက်ကလွဲရင် အခြားသောအင်္ဂလိပ်တွေအတွက် နေရာ မရှိတော့ပါဘူး။ ချယ်လ်ဆီးဆိုလိုက်တာနဲ့ ဘရာဇီးလ် ဂိုဏ်းတစ်ဂိုဏ်းလို့ပဲ မြင်လိုက်ကြမှာပဲဖြစ်ပါတယ်။ ဘယ်သူတွေလဲ ကြည့်လိုက်တော့ အော်စကာ၊ ဝီလီယံ၊ ရာမီရက်စ်၊ ဖိလစ်ပီလူးဝစ္စနဲ့ အခုမှ စပိန်ဖြစ်သွားတဲ့ တိုက်စစ်မှူး ဒီယေဂိုကော်စတာတို့ပဲ ဖြစ်ပါတယ်။ ဥရောပက ပို့ကုန်တွေ ဖြစ်တဲ့ ဟာဇက်(ဘယ်လ်ဂျီယံ)၊ ဖာဘရီကတ်စ်(စပိန်)တို့ကလွဲရင် ချယ်လ်ဆီး တိုက်စစ်ကြီးကို စိုးမိုးထားတာက ဘရာဇီးလ်တွေပဲ ဖြစ်နေခဲ့ပါတယ်။ ချယ်လ်ဆီးရဲ့ပြိုင်ဘက်ဖြစ်တဲ့ မန်စီးတီးကိုကြည့်လိုက်တော့လည်း ဂိုးသမား ဂျိုးဟတ်နဲ့ တောင်ပံသမားမီလ်နာကလွဲရင် အင်္ဂလန်ကစားသမားတွေအတွက် နေရာဆိုတာ မရှိတော့ပါဘူး။ မီလ်နာတောင် ပုံမှန်နေရာရထားသူမဟုတ်ပါဘူး။ မန်စီးတီးကျတော့ ချယ်လ်ဆီးလို ဘရာဇီးလ်ဂိုဏ်းမဟုတ်ပေမယ့် အဂူရိုဇာဘလက်တာ၊ ဒီမစ်ချယ်လီဆိုတဲ့ အာဂျင်တိုင်းတွေနဲ့ ဖာနန်ဒင်ညို၊ ဖာနန်ဒိုဆိုတဲ့ ဘရာဇီးလ်ကစားသမားတွေနဲ့ တည်ဆောက်ထားတဲ့ ကလပ်ပဲဖြစ်ပါတယ်။ မန်စီးတီးရဲ့ အဓိကအခြားပို့ကုန်တွေက ယာယာတိုရေး(အိုင်ဗရီကို့စ်) ဆေးလ်ဗားနဲ့ နာဗက်စ်(စပိန်)၊ နာဆရီ၊ ကလစ်ခ်ျ၊ မင်ဂါလာနဲ့ ဆက်ဂ်နာ(ပြင်သစ်)၊ ကွန်ပနီ(ဘယ်လ်ဂျီယံ)၊ ဂျက်ကို(ဘော့စနီးယား)နဲ့ ဂျိုဇီတစ်(မွန်တီနီဂရိုး)တို့ပါ။ ဒီထိပ်သီးနှစ်သင်းမှာတင်ပဲ တောင်အမေရိကပို့ကုန် ကစားသမားက ၁၀ ဦး အထိရှိနေခဲ့ပါ

အသစ်တည်ဆောက်လိုက်တဲ့ မန်ယူအသင်းမှာတော့ တောင်အမေရိက ကစားသမားတွေက ဒီမာရီယာနဲ့ ရိုဂျို(အာဂျင်တီးနား)၊ ရာဖေးလ်(ဘရာဇီးလ်)၊ ဗလင်စီယာ(အီကွေဒေါ်)၊ ဖယ်လ်ကာအို(ကိုလံဘီယာ) ငါးယောက်ရှိနေပြီး အားလုံးဟာ နေရာ အသီးသီးရထားကြသူတွေပဲ ဖြစ်ပါတယ်။ အာဆင်နယ်မှာက အလက်ဆန်ဆန်းချက်ဇ်(ချီလီ)နဲ့ အိုစပီနာ(ကိုလံဘီယာ)၊ အီမယ်လီယာနိုမာတီနက်ဇ်(အာဂျင်တီနား) သုံးယောက်ရှိနေခဲ့ပါတယ်။ ပရီမီယာလိဂ်မှာ တောင်အမေရိကက ဘရာဇီးလ်၊ အာဂျင်တီးနားတို့အပြင် အိကွေဒေါတွေအဖြစ် ဗလင်စီယာ(မန်ယူ)အပြင် အင်နာဗလင်စီယာ(ဝက်စ်ဟမ်း)၊ ဂျက်ဖာဆန်မွန်တေရို(ဆွမ်ဆီး)တို့လည်း ရှိနေကြပါတယ်။ မန်ယူက ဗလင်စီယာဟာ မန်ယူအတွက် အားထားရသူဖြစ်သလို အင်နာဗလင်စီယာဆိုရင်လည်း ဝက်စ်ဟမ်းတိုက်စစ်မှာ အားထားရသူ၊ ခြေစွမ်းပြနေသူဖြစ်ပါတယ်။ ဂျက်ဖာဆန်မွန်တေရိုဆိုရင်လည်း ဆွမ်ဆီးနဲ့ ခြေစွမ်းပြနေပြီး အာဆင်နယ်ကို ဒုက္ခပေးခဲ့သူတစ်ယောက်ပဲ ဖြစ်ပါတယ်။ အင်္ဂလန်အသင်းတိုက်စစ်အတွက် အားထားရသူဆိုလို့ ပရီမီယာလိဂ်မှာ မန်ယူတိုက်စစ်မှူးရွန်နေနဲ့ အာဆင်နယ်တိုက်စစ်မှူး ဝဲလ်ဘက်တို့လောက်ပဲ ထိပ်တန်းကလပ်အသင်းတွေမှာ ရှိနေခဲ့ကြပြီး အများစုကတော့ တောင် အမေရိက ကစားသမားတွေပဲ နေရာယူလျက်ရှိနေခဲ့ပါတယ်။ ၁၉၉၆-၉၇ ဘောလုံးရာသီတုန်းကဆိုရင် ပရီမီယာလိဂ်မှာ တောင်အမေရိကကစားသမားဆိုလို့ ဥရုဂွေး ကစားသမား ပိုယက်စ်(ချယ်လ်ဆီး)၊ ကိုလံဘီယာ တိုက်စစ်မှူး အက်စ်ပရဲလား(နယူးကာဆယ်)၊ ဘရာဇီးလ်ကစားသမားတွေအဖြစ် ဂျွန်ဟို၊ အီမာဆင်၊ ဘရန်ကိုတို့သာပဲ ရှိထားခဲ့ကြတာပါ။ တောင်အမေရိက ကစားသမား ရှားပါးတဲ့ လိဂ်တစ်ခုဖြစ်ခဲ့ပါတယ်။ အခုတော့ တောင်အမေရိက ကစားသမားတွေက အများအပြားရှိနေပြီး အားလုံးဟာလည်း ဦးစားပေးနေရာ အသီးသီးရထားခဲ့ကြပြီ ဖြစ်ပါတယ်။ အာဂျင်တီးနားတွေဆိုရင် ဂိုးသမားကအစ နောက်တန်းနဲ့ အလယ်တန်းသမား အလယ်တိုက်စစ်မှူးအဆုံးအထိကို ရှိနေခဲ့ကြပြီး အင်္ဂလန်ရဲ့ ရာသီဥတုနဲ့လည်း အသားကျလျက်ရှိနေခဲ့ကြပါတယ်။ ဒီလိုအများအပြား တင်သွင်းလာရခြင်းရဲ့ အဓိကအချက်ကတော့ ပရီမီယာလိဂ်ကလပ်အသင်းတွေကို နိုင်ငံခြားက လုပ်ငန်းရှင်တွေ ပိုင်ဆိုင်လာခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ အစောပိုင်း ဘောလုံးရာသီတွေတုန်းကဆိုရင် လက်တင်အမေရိကကစားသမားတွေ ပရီမီယာလိဂ်ကိုရောက်မလာခြင်းဟာ ယူကေရဲ့ ရာသီဥတုဆိုးကြောင့်လို့ ထင်ထားခဲ့ကြပေမယ့် အဲဒီကာလတွေက ကလပ်အသင်းပိုင်ရှင်တွေရဲ့ ငွေကြေးမတတ်နိုင်ခြင်းဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ပြီးတော့ အင်္ဂလန်ရဲ့ အလုပ်လုပ်ခွင့်ပါမစ်အခက်အခဲတစ်ခုဟာလည်း တောင်အမေရိက ပို့ကုန်ကစားသမားတွေ ပရီမီယာလိဂ်ကို ရောက်လာဖို့ ဝေးခဲ့ကြရတာပဲ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် တောင်အမေရိက ကစားသမားတွေဟာ အီးယူပတ်စ်ပို့ကိုင်နိုင်အောင် ကြိုးစားရင်း ငွေကြေးတတ်နိုင်တဲ့ အေဗရာမိုဗစ်ချ်၊ အဘူဒါဘီသူဌေးတွေရဲ့ ခေါ်ယူခြင်းကို စောင့်စားရင်းနဲ့ အခုလို တောင်အမေရိက ကစားသမားတွေ ပရီမီယာလိဂ်ကို ရောက်လာခဲ့ကြတာပဲဖြစ်ပါတယ်။ တောင်အမေရိက ကစားသမားတွေထဲမှာ ပရီမီယာလိဂ်ဂိုး ၁၀၀ သွင်းထားတဲ့သူက ဂျူဗီကိုရောက်သွားတဲ့ တေဗက်ဇ်တစ်ယောက်သာ ရှိနေပါသေးတယ်။

စာမျက်နှာ ၅၀ သို့

အသင်းကြီးတွေနဲ့ မဆုံတွေ့နိုင်ဖို့ဆိုရင် ဘာစီလိုနာအတွက် ချန်ပီယံလိဂ်အုပ်စုမှာ ပထမနေရာကို ရယူထားနိုင်ဖို့လိုနေတယ်

SPORT 50

၂၀၁၄ ခုနှစ် ကိုရီးယား သံအမတ်ဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပ

SPORT 51

ဖီဖာကမ္ဘာအကောင်းဆုံးကစားသမား နောက်ဆုံးဆန်ခါတင်စာရင်းများ ထွက်ပေါ်

ပါရီ - ၂၀၁၄ ခုနှစ် ဖီဖာကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် နောက်ဆုံးဆန်ခါတင်စာရင်း သုံးယောက်ကို ပြီးခဲ့သည့် တနလ်ာနေ့က ထုတ်ပြန်ကြေညာခဲ့ရာ ရီးယဲလ်တိုက်စစ်မှူး ရော်နယ်လ်ဒို၊ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် ဘိုင်ယန်မြူးနစ်ဂိုးသမား ရွှေအာတို့ ပါဝင်ခဲ့သည်။

ရော်နယ်လ်ဒိုသည် ပြီးခဲ့သည့်ရာသီက ရီးယဲလ်အသင်းအတွက် ၁၀ ကြိမ်မြောက် ချန်ပီယံလိဂ်ဆုဖလားကြီးရရှိအောင် အဓိကစွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ ၎င်းသည် ဖီဖာကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို ၂၀၀၈ ခုနှစ်ကလည်း တစ်ကြိမ်ရရှိထားသူဖြစ်ပြီး ပြီးခဲ့သည့် အကောင်းဆုံးဆုပေးပွဲနောက်ဆုံး ခြောက်ကြိမ်စလုံးတွင်လည်း ဆန်ခါတင်စာရင်း၌ ပါခဲ့သူဖြစ်သည်။

မက်ဆီမှာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့်အတူ နောက်ဆုံးပိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့်အပြင် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို လေးကြိမ်ဆွတ်ခူးထားနိုင်သည့် တစ်ဦးတည်းသော ကစားသမားဖြစ်သည်။ ထို့ပြင် ၎င်းသည်လည်း စီရော်နယ်လ်ဒိုနည်းတူ ဆုပေးပွဲ

ကမ္ဘာ့အကောင်းဆုံး ဆန်ခါတင်စာရင်းသုံးဦး(ဝဲမှယာ) ရွှေအာ၊ စီရော်နယ်ဒို၊ မက်ဆီ ဓာတ်ပုံ - အေအက်ဖ်ပီ

နောက်ဆုံးခြောက်ကြိမ်စလုံးတွင် ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့သူဖြစ်သည်။

ဘိုင်ယန်မြူးနစ်ဂိုးသမား ရွှေအာမှမူ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမန်အသင်းနှင့်အတူ ဖလားရယူနိုင်ခဲ့သည့်အပြင် ကလပ်အသင်းကိုလည်း အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူ ဖြစ်သည်။

အကောင်းဆုံးကစားသမား ဆန်ခါတင်စာရင်းအပြင် အကောင်းဆုံးနည်းပြဆု၊ အကောင်းဆုံး ဂိုးသွင်းဆု၊ အကောင်းဆုံးအမျိုးသမီး ကစားသမားဆုနှင့် အကောင်းဆုံးအမျိုးသမီးနည်းပြဆု စာရင်းများကိုလည်း ကြေညာခဲ့သည်။

အကောင်းဆုံး နည်းပြဆုစာရင်းတွင် ဂျာမန်လက်ရွေးစင်နည်းပြ ဂျိုအာချင်လို၊ ရီးယဲလ်မက်ဒရစ်နည်းပြ အန်ဆယ်လော့တီနှင့် အလက်တီကိုနည်း ဆီမြွန်နီတို့ ပါဝင်သည်။ အကောင်းဆုံး သွင်ဂိုးဆုအတွက်ကိုမူ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့် ပွဲစဉ်၌ ဥရုဂွေးအသင်းဘက်သို့ ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ် ရိုဒရီဂွက်ဇ်သွင်းယူသည့် ဂိုး၊ နယ်သာလန်-စပိန်ပွဲတွင် နယ်သာလန်တိုက်စစ်မှူး ဗန်ပါစီ၏ ခေါင်းတိုက်ဂိုးနှင့် အိုင်ယာလန် အမျိုးသမီးနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ပီးမောင့်ယူနိုက်တက်အသင်းက ရိုချီ၏ ဝက်စ်ဖို့ဒ်ယုသ် အသင်းဘက်သို့ သွင်းသောဂိုးများ ပါဝင်သည်။

အကောင်းဆုံးအမျိုးသမီးကစားသမားဆုအတွက် မာတာ (ဘရာဇီးလ်)၊ ကက်စ်လာ (ဂျာမနီ)နှင့် အဘီဝမ်းဘက်ချ်(အမေရိကန်) တို့ဖြစ်ပြီး အမျိုးသမီးနည်းပြဆုအတွက် ဂျပန်နည်းပြ နိုရီရှိ ဆာဆာကီ၊ ဝုဖ်ဘတ် အမျိုးသမီးအသင်းနည်းပြ ကယ်လာမန်နှင့် ဂျာမန် ယူ-၂၀ အမျိုးသမီးအသင်း နည်းပြ မာရင်မိနတ်တို့ဖြစ်သည်။ ကယ်လာမန်မှာ ဝုဖ်ဘတ်အသင်းကို အမျိုးသမီးချန်ပီယံလိဂ်တွင် ဗိုလ်စွဲအောင် စွမ်းဆောင်ခဲ့သည်။

အကောင်းဆုံးဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်မြို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ■

(အေအက်ဖ်ပီ) ထွန်းနေအောင် ဘာသာပြန်သည်။

DISCOVER WITH CONFIDENCE

Discovery is always in its element, whether it's crossing town or taking everyone beyond the city limits for a weekend of adventure.

Make an appointment for your test drive today, call +95 (0) 1 966 9036 or email sales@landrovermyanmar.com

Capital Automotive Ltd

No. 3, Ward 12, Insein Road, Hlaing Township, Yangon, Myanmar
+95 (0) 1 966 9036 LandRoverMyanmar.com or visit us on facebook at LandRoverMyanmarMM

အီတလီစီးရီးအေပွဲစဉ်(၁၄)

ဒီတစ်ပွဲတော့ ဂျူဗင်တပ် မလွယ်လောက်ဘူး

ဝဏ္ဏ(စမ်းချောင်း)

ဖီအိုရင်တီးနား - ဂျူဗင်တပ် (ဧနေ၊ နံနက် ၂း၁၅)

ကိုလံဘီယာကွင်းလယ်တိုက်သမား ကွာဒါဒိုကို နောက်ချန်တိုက်စစ်မှူးနေရာပြောင်းကစားစေပြီးနောက် ဖီအိုရင်တီးနားရဲ့ ဂိုးသွင်းနှုန်းကောင်းလာပြီး သုံးပွဲဆက်တိုက်နိုင်ခဲ့ရာမှာ ရှစ်ဂိုးသွင်းထားတယ်။ ဖီအိုရင်တီးနား ခြေစွမ်းက အတက်ဖက်မှာရှိတယ်။ ဂျူဗင်တပ်လည်း ခြေစွမ်းနဲ့ စိတ်ဓာတ်ကောင်းရုံတင်မက ဂိုးသွင်းနှုန်းပါ ကောင်းနေတယ်။ ဒါပေမဲ့ တိုက်အားတွန်းအားရှိတဲ့ ဖီအိုရင်တီးနားက အိမ်ရှင်အားသာချက်ပါရှိလို့ ခံစစ်ကစားပုံ တိုးတက်လာမယ်ဆိုရင် ဂျူဗင်တပ်နိုင်ခြေနည်းတယ်။

တိုရီနို - ပါလာမို (တနင်္ဂနေ၊ နံနက် ၂း၁၅)

တောက်လျှောက်စိုက်ဆင်းနေတဲ့ တိုရီနိုဟာ ယူရိုပါလိဂ်ဘက်ပါ အာရုံမျှပေးနေရတယ်။ အထူးသဖြင့် တိုရီနို ဂိုးသွင်းအား ကျဆင်းနေတယ်။ ပါလာမိုကတော့ ခြေစွမ်းရော၊ ရလဒ်တွေပါ ကောင်းလာတယ်။ အသင်းလိုက် စုဖွဲ့မှုပါ တိုးတက်လာတယ်။ ပါလာမိုကို ပိုကြိုက်တယ်။

နာပိုလီ - အမ်ပိုလီ (တနင်္ဂနေ၊ ညနေ ၆း၀၀)

တောင်ပံတိုက်စစ်ကောင်းပြီး ဂိုးသွင်းနှုန်း မြင့်မားတဲ့ နာပိုလီဟာ ပွဲကိုအားထည့်ပြီး အာရုံစိုက်ကစားရင် ရလဒ်တွေ ကောင်းတတ်တယ်။ ဒါပေမဲ့ နာပိုလီနောက်တန်းကတော့ ထိပ်ဆုံးလေးသင်းထဲမှာ ပေးဂိုးအများဆုံး ဖြစ်နေတယ်။ အမ်ပိုလီကတော့ ခြေစွမ်းအားဖြင့် အတက်ဖက်မှာ ရှိပေမယ့် အသင်းကြီးတွေကို ခံကစားနိုင်တဲ့ အနေအထားမှာ မရှိသေးဘူး။ အဖြေက နာပိုလီလက်ထဲမှာ ရှိတယ်။

အတ္တလန္တာ - ဆီစီနာ (တနင်္ဂနေ၊ ည ၈း၃၀)

သရေပွဲတွေများနေတဲ့ အတ္တလန္တာရဲ့ခြေစွမ်းဟာ အရင်ကလောက် 'စီးစီးပိုင်ပိုင်' မရှိတော့ဘူး။ အာဂျင်တီးနား ကစားသမားတွေဖြစ်တဲ့ တိုက်စစ်မှူး ဂျာမန်ဒင်းနစ်နဲ့ ကွင်းလယ်တိုက်စစ်သမားတွေဖြစ်တဲ့ မိုရာလက်စ်၊ ဂိုမက်စ်တို့လည်း အရင်ကလောက် အချိတ်အဆက်မမိတော့ဘူး။ ဆီစီနာကတော့ ကစားအားရှိပေမယ့် ခြေစွမ်းက သာမာန်အဆင့်အောက် ရောက်နေတယ်။ ချိန်ခွင်လျှာက အိမ်ရှင်အတ္တလန္တာဘက်ကို အနည်းငယ် တိမ်းညွှတ်နေတယ်။

ဂျီနိုအာ - အေစီမီလန် (တနင်္ဂနေ၊ ည ၈း၃၀)

ဆက်တိုက်ခြေတက်လာတဲ့ ဂျီနိုအာဟာ အိမ်ကွင်းမှာ ဂျူဗင်တပ်ကိုတောင် နိုင်ထားတယ်။ ဝါရင့်ကစားသမားတွေ ပါဝင်နေပြီး အချိတ်အဆက်မိလာသလို ဂိုးသွင်းနှုန်းပါ ကောင်းလာတယ်။ အီတလီတိုက်စစ်မှူး မာထရီလည်း အံဝင်လာပြီး ဂိုးသွင်းလာတယ်။ အေစီမီလန်ကတော့ တိုက်စစ်ကောင်းပေမယ့် အဝေးကွင်းမှာ သရေပွဲများပြီး နောက်တန်း 'ပွင့်'တယ်။ ဂျီနိုအာဘက်က အရဲစွန့်သင့်တယ်။

ပါးမား - လာဇီယို (တနင်္ဂနေ၊ ည ၈း၃၀)

တောက်လျှောက်စိုက်ဆင်းနေတဲ့ ပါးမားဟာ သုံးပွဲဆက်တိုက် ရှုံးခဲ့ရာမှာ ၁၁ ဂိုးသွင်းခံရပြီး တစ်ဂိုးသာ ပြန်သွင်းနိုင်ခဲ့လို့ တိုက်စစ်ရော၊ ခံစစ်ပါ အားရစရာ မရှိတော့ဘူး။ လာဇီယိုလည်း သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်သွားရာမှာ တစ်ဂိုးပဲသွင်းနိုင်ခဲ့လို့ ဂိုးသွင်းအားကျနေတယ်။ ကွင်းလယ်တိုက်စစ်သာ ပုံမှန်ခြေစွမ်း ပြန်ရမယ်ဆိုရင် လာဇီယိုနိုင်ခြေရှိတယ်။

အင်တာမီလန် - ယူဒီးနိစ် (တနင်္လာ၊ နံနက် ၂း၁၅)

နည်းပြသစ် မန်စီနီလက်ထက်မှာ အေစီမီလန်ကို ၁-၁ သရေကစားပြီး ရိုးမားကို ၄-၂ နဲ့ ရှုံးခဲ့ပေမယ့် ခြေစွမ်းရော၊ စိတ်ဓာတ်ပါ တက်ရိပ်ပြလာတယ်။ နည်းပြ မန်စီနီဟာ ရိုးမားနဲ့ပွဲမှာ လေးယောက်ခံစစ်ပုံစံ ပြောင်းကစားခဲ့ပြီး ကွင်းလယ်နဲ့တိုက်စစ်မှာ လူအပြောင်းအလဲတွေ လုပ်ခဲ့တယ်။ ယူဒီးနိစ်ကတော့ ရာသီစအပိုင်းက ခြေစွမ်းမျိုးမဟုတ်တော့ဘဲ 'ကြွေကျ'လာတယ်။ အထူးသဖြင့် အသင်းကြီးတွေကို ရင်ဆိုင်ရာမှာ ရုန်းကန်ရလေ့ရှိတယ်။ ဒါကြောင့် နည်းပြသစ် မန်စီနီလက်ထက်မှာ အင်တာမီလန်ရဲ့ ပထမဆုံးနိုင်ပွဲကို တွေ့ရပါလိမ့်မယ်။

ကက်ဂလီယာရီ - ချီယေဗို (အင်္ဂါ၊ နံနက် ၀၀း၃၀)

ဖီအိုရင်တီးနားကို လေးဂိုးပြတ် ရှုံးခဲ့တဲ့ခြေစွမ်းအရဆိုရင်တော့ ကက်ဂလီယာရီကို အားရစရာမရှိဘူး။ အထူးသဖြင့် နောက်တန်း 'ပွင့်'နေတယ်။ စီးရီးအေ လေးပွဲဆက်တိုက် နိုင်ပွဲပျောက်သွားရာမှာ ၁၂ ဂိုးသွင်းခံထားရတယ်။ ချီယေဗိုခြေစွမ်းကလည်း ဟုတ်တိပတ်တိ ကောင်းမလာသေးပေမယ့် တိုးတက်မှုရှိလာတယ်။ ပြီးခဲ့တဲ့နှစ်ပွဲဆက်တိုက် ယူဒီးနိစ်ကို ၁-၁၊ လာဇီယိုကို ၀-၀ သရေခံကစားထားတယ်။ ချီယေဗိုကို ရွေးချယ်သင့်တယ်။

ဗီရိုနာ - ဆမ်ဒိုးရီးယား (အင်္ဂါ၊ နံနက် ၂း၃၀)

တိုက်စစ်ကောင်းပြီး နောက်တန်းအားနည်းတဲ့ ဗီရိုနာဟာ ဂိုးသွင်းအား ကျဆင်းလာချိန်မှာ ရလဒ်တွေ ဆိုးရွားလာတယ်။ ဆမ်ဒိုးရီးယားကတော့ အသင်းလိုက် 'မာကျော'ပေမယ့် နိုင်ပွဲတွေ ကျဲပြီး သရေပွဲတွေ များလာတယ်။ အခုပွဲက သရေနဲ့အဆုံးသတ်ဖို့ များတယ်။ ■

အီတလီ စီးရီးအေပွဲစဉ်(၁၃)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဂျူဗင်တပ်	၁၃	၁၁	၁	၁	၃၀	၅	၃၄
ရိုးမား	၁၃	၁၀	၁	၂	၂၅	၉	၃၁
နာပိုလီ	၁၃	၆	၅	၂	၂၄	၁၆	၂၃
ဂျီနိုအာ	၁၃	၆	၅	၂	၁၉	၁၂	၂၃
ဆမ်ဒိုးရီးယား	၁၃	၅	၇	၁	၁၆	၁၀	၂၂
အေစီမီလန်	၁၃	၅	၆	၂	၂၃	၁၇	၂၁
လာဇီယို	၁၃	၆	၂	၅	၂၁	၁၆	၂၀
ဖီအိုရင်တီးနား	၁၃	၅	၄	၄	၁၆	၁၁	၁၉
ယူဒီးနိစ်	၁၃	၅	၃	၅	၁၅	၁၇	၁၈
ဆက်စူလို	၁၃	၄	၆	၃	၁၃	၁၆	၁၈
အင်တာမီလန်	၁၃	၄	၅	၄	၂၀	၁၉	၁၇
ပါလာမို	၁၃	၄	၅	၄	၁၅	၂၀	၁၇
အမ်ပိုလီ	၁၃	၃	၅	၅	၁၄	၁၉	၁၄
ဗီရိုနာ	၁၃	၃	၅	၅	၁၅	၂၂	၁၄
တိုရီနို	၁၃	၃	၃	၇	၈	၁၅	၁၂
ကက်ဂလီယာရီ	၁၃	၂	၅	၆	၂၀	၂၄	၁၁
အတ္တလန္တာ	၁၃	၂	၅	၆	၅	၁၃	၁၁
ချီယေဗို	၁၃	၂	၄	၇	၉	၁၇	၁၀
ဆီစီနာ	၁၃	၁	၅	၇	၉	၂၂	၈
ပါးမား	၁၃	၂	၀	၁၁	၁၅	၃၂	၆

အီတလီစီးရီးအေပွဲစဉ်(၁၃)

ဆက်စူလို	၂-၁	ဗီရိုနာ
ချီယေဗို	၀-၀	လာဇီယို
အေစီမီလန်	၂-၀	ယူဒီးနိစ်
ကက်ဂလီယာရီ	၀-၄	ဖီအိုရင်တီးနား
ဆီစီနာ	၀-၃	ဂျီနိုအာ
အမ်ပိုလီ	၀-၀	အတ္တလန္တာ
ပါလာမို	၂-၁	ပါးမား
ဂျူဗင်တပ်	၂-၁	တိုရီနို
ရိုးမား	၄-၂	အင်တာ
ဆမ်ဒိုးရီးယား	၁-၁	နာပိုလီ

သွင်းဂိုးအများဆုံး

တေဗက်ဇ် (ဂျူဗင်တပ်)	၉ ဂိုး
ကယ်လီရွန် (နာပိုလီ)	၈ ဂိုး
မော်ရိုကာဒီ (အင်တာ)	၇ ဂိုး
ဟီဂူရင် (နာပိုလီ)	၇ ဂိုး
ဒီနာတယ်လီ (ယူဒီးနိစ်)	၇ ဂိုး

ခြေမှန်နေတဲ့ ရိုးမားကိုပဲ ရွေးရမှာပါ

ဝဏ္ဏ(စမ်းချောင်း)

ရိုးမား - ဆက်စူလို (ဧနေ၊ ည ၁၁း၃၀)

နိုဝင်ဘာလ ၁၁ ရက်တွင် နာပိုလီကို နှစ်ဂိုးပြတ် အရေးနိမ့်ပြီးနောက် စီးရီးအေ၌ ပြန်လည်အာရုံစိုက်လာခြင်းနှင့်အတူ ရိုးမားသည် ပြီးခဲ့သော သုံးပွဲဆက်တိုက် အနိုင်ရရှိခဲ့သည်။ တိုရီနိုကို ၃-၀၊ အတ္တလန္တာကို ၂-၁၊ အင်တာမီလန်ကို ၄-၂ ဖြင့် အသီးသီးနိုင်ခဲ့ရာတွင် ကိုးဂိုးသွင်းယူခဲ့သော ရိုးမားတိုက်စစ်သည် အစောပိုင်းက အနေအထားသို့ ပြန်လည်ရောက်ရှိလာပြီဟု ဆိုနိုင်သည်။ သို့ရာတွင် ရိုးမားတိုက်စစ်မှူးများ၏ ဂိုးသွင်းနှုန်းမှာ အနည်းငယ် ကျဆင်းသွားသည်။

ရိုးမားသည် စီးရီးအေ၌ ပြီးခဲ့သော သုံးပွဲဆက်တိုက် ကိုးဂိုးသွင်းယူနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများ သွင်းယူသော ဂိုးအရေအတွက်မှာ နည်းပါးပြီး ဂျာဗင်ဟို တစ်ဂိုး၊ အဒမ်လာဂျစ်နှစ်ဂိုးသာ ရှိခဲ့သည်။ တော့တီ၊ အိုင်တာဘီ၊ ဒက်စထရို၊ တောင်ပံတိုက်စစ်မှူး ဖလိုရန်ဇီတို့အားလုံး ဂိုးပေါက်ပျောက်နေကြသည်။ အစောပိုင်းက အရန်တိုက်စစ်မှူးဖြစ်ခဲ့သော အဒမ်လာဂျစ်သည် ပြီးခဲ့သော ပွဲစဉ်များ၌ ပုံမှန်ပွဲထွက်ခွင့်ရပြီး ဂိုးမြူးလာသောကြောင့် ရိုးမားတိုက်စစ်တွင် လူအခင်းအကျင်းပိုင်း အပြောင်းအလဲများ ဆက်လက်ဖြစ်လာနိုင်သည်။ အထူးသဖြင့် အဒမ်လာဂျစ် ခြေစွာလာသောကြောင့် အီတလီလက်ရွေးစင်များ ဖြစ်ကြသော ဒက်စထရိုနှင့် ဖလိုရန်ဇီတို့ ပုံမှန်နေရာ မသေချာတော့ဘဲ ဖြစ်လာသည်။

ရိုးမားကွင်းလယ်တွင် ကီဗင်စထရုမင်း၊ ကီတာတို့သည် ဒဏ်ရာကပြန်လည်ကောင်းမွန်လာခြင်းကြောင့် လူအင်အားတောင့်တင်းသွားသည်။ အင်တာမီလန်ကို ၄-၂ ဖြင့် နိုင်ခဲ့သောပွဲစဉ်တွင် ဝါရင့်ကွင်းလယ်လူ ကီတာကို ပွဲထွက်စေခဲ့ပြီး ဒုတိယပိုင်း ၆၄ မိနစ်တွင် ၎င်းနေရာ၌ ဝါရင့်အီတလီလက်ရွေးစင် ဒီရော့စီဖြင့် လူစားလဲခဲ့ခြင်းသည် ရိုးမားကွင်းလယ်၌ လူစားလဲလှယ် ထည့်သွင်းမှုများစွာပြုလုပ်နိုင်သော အနေအထားကို ဖော်ပြနေသည်။ တစ်ဖန် ပြီးခဲ့သော သုံးပွဲဆက်တိုက်နိုင်ခဲ့ရာတွင် ကွင်းလယ်လူများ ဖြစ်ကြသော နိုင်ဂိုလန် (တစ်ဂိုး)၊ မီရာလန်ပန်နစ်(နှစ်ဂိုး)၊ ကီတာ(တစ်ဂိုး)အသီးသီး သွင်းယူခဲ့သောကြောင့် တိုက်စစ်မှူးများ သွင်းဂိုးထက် ပိုများပြီး ရိုးမားကွင်းလယ်သည် ဂိုးရရှိရေး အတွက်ပါ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်နေသည်ကို ဖော်ပြနေသည်။

> အဒမ်လာဂျစ် ခြေစွာလာသောကြောင့် အီတလီလက်ရွေးစင်များ ဖြစ်ကြသော ဒက်စထရိုနှင့် ဖလိုရန်ဇီတို့ ပုံမှန်နေရာ မသေချာတော့

တစ်ဖက်တွင် ရိုးမားကွင်းသို့ လာရောက်ယှဉ်ပြိုင်မည့် ဆက်စူလိုသည် စီးရီးအေ၌ ခုနစ်ပွဲဆက်တိုက် ရှုံးပွဲမရှိသေးသောကြောင့် ခြေစွမ်းအားဖြင့် လျှော့တွက်လို့မရသောအသင်း ဖြစ်သည်။ ဆက်စူလိုသည် အီတလီကစားသမားအများစုဖြင့် စုဖွဲ့ထားပြီး လူငယ်ခြေတက်များစွာ ပါဝင်နေသောကြောင့် ကစားအား၊ ပြေးအား၊ 'ပါဝါ' ကောင်းမွန်သည်။ နားလည်ချိတ်ဆက်မှု ပိရိသေသပ်ပြီး စိတ်ဓာတ်အားပါ ကောင်းမွန်နေသည်။ သို့ရာတွင် အသင်းကြီးများနှင့် ရင်ဆိုင်ခဲ့ရာတွင် ရလဒ်များ ကောင်းမွန်ခြင်းမရှိသည်ကို တွေ့ရသည်။

အိမ်ကွင်းတွင် မထင်မှတ်ဘဲ ဂျူဗင်တပ်ကို ၁-၁ သရေကျခဲ့သော်လည်း လာဇီယိုကို ၃-၂၊ နာပိုလီကို ၁-၀၊ အင်တာမီလန်ကို ၇-၀၊ အေစီမီလန်ကို ၂-၁ ဖြင့် အသီးသီး အရေးနိမ့်ခဲ့သည်။ အထူးသဖြင့် အင်တာမီလန်ကို ၇-၀ ဖြင့် အရေးနိမ့်ခဲ့သောပွဲတွင် ဆက်စူလိုသည် 'အရုပ်ကြိုးပြတ်' ဖြစ်သွားသည်။

ခြုံငုံကြည့်လျှင် ခြေစွမ်းရော၊ ဂိုးသွင်းအားပါ ပြန်လည်ကောင်းမွန်လာသော ရိုးမားသည် စီးရီးအေ၌ အာရုံစူးစိုက်လာသည်ကို တွေ့ရသည်။ တစ်ဖက်တွင် ဆက်စူလိုသည် ခုနစ်ပွဲဆက်တိုက် ရှုံးပွဲမရှိသေးဘဲ ခြေစွမ်းအားဖြင့် တက်ရိပ်ပြနေသော်လည်း ထိပ်တန်းအသင်းကြီးများနှင့် ရင်ဆိုင်ရာတွင် ရလဒ်မကောင်းဘဲရှိသည်။ သို့ကလိုကြောင့် ရိုးမားကိုကြိုက်ပြီး ဂိုးများသောပွဲ ဖြစ်လာနိုင်သည်။ ■

အင်တာမီလန်အသင်းကို ၄-၂ ဂိုးဖြင့် အနိုင်ရသောပွဲတွင် ရိုးမားတိုက်စစ်မှူး တော့တီ၏ ထိုးဖောက်ဟန်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဘီဘီစီ၏ တစ်နှစ်တာအကောင်းဆုံး အာဖရိက ကစားသမားဆုကို အယ်လ်ဂျီးရီးယားလက်ရွေးစင် ဘရာဟီမီ ရရှိ

လန်ဒန် - ဘီဘီစီ သတင်းဌာနက ချီးမြှင့်သော ၂၀၁၄ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး အာဖရိကကစားသမားဆုကို ပေါ်တို အသင်းက အယ်လ်ဂျီးရီးယားလက်ရွေးစင် ဘရာဟီမီက ရရှိခဲ့သည်။ ယခုဆုကို အယ်လ်ဂျီးရီးယားကစားသမားများထဲတွင် ဘရာဟီမီက ပထမဆုံးရရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံပေါင်း ၂၀၇ နိုင်ငံက ပရိသတ်များ၏ ဆန္ဒမဲကောက်ယူခဲ့ရာ ဘရာဟီမီက နိုက်ဂျီးရီးယားက ဗင်းဆင့်၊ ဂါဘွန်က အူဘာမီယန်း၊ အိုင်ဗရီကို့စ်ကစားသမားနှစ်ဦးဖြစ်သည့် ဂါဗင်ဟိုနှင့် ယာယာတိုရေးတို့ကို ကျော်ပြီး ဆုရရှိခဲ့ခြင်းဖြစ်သည်။

"ဒီဆုတံဆိပ်ကို ရရှိတာဟာ ကျွန်တော့်အတွက် အကြီးမားဆုံး အောင်မြင်မှုပါပဲ။ အဲဒီအတွက် ကျွန်တော့်နိုင်ငံဖြစ်တဲ့ အယ်လ်ဂျီးရီးယားရယ်၊ ကျွန်တော့်ကို မဲပေးခဲ့ကြတဲ့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုဆုဟာ အာဖရိကတိုက်သားတစ်ဦးကိုပေးတဲ့အတွက် အာဖရိကတိုက်တစ်တိုက်လုံးကိုလည်း ကိုယ်စားပြုတာကြောင့် ကျွန်တော်တကယ်ပဲ ဝမ်းသာကြည်နူးမိပါတယ်"ဟု ဘရာဟီမီက ပြောကြားခဲ့သည်။ ■ (အေအက်ဖ်ပီ)

အသင်းကြီးတွေ အခြေအနေကောင်းနိုင်တယ်

အောင်မိုးဇော်

နယူးကာဆယ် - ချယ်လ်ဆီး

၈နေ့၊ ည ၇:၁၅

နယူးကာဆယ်ကို လျှော့တွက်လို့မရပါဘူး။ ရာသီအစမှာ အခြေအနေဆိုးရွားနေပေမယ့် အခုနောက်ပိုင်းမှာ ခြေကောင်းနေပါတယ်။ ချယ်လ်ဆီးက ရှုံးပွဲမရှိကစားနေတဲ့ ထိပ်တန်းအသင်းဆိုတာ အားလုံးက လက်ခံထားပြီးသား ဖြစ်ပါတယ်။ ကစားအားကောင်းပေမယ့် ပြိုင်ဘက်က ခံစစ်ကစားဖို့တောင့်တင်းမှုရှိတာကြောင့် ချယ်လ်ဆီး ခက်ခက်ခဲခဲ ကစားရနိုင်ပါတယ်။ ဂိုးအနည်းကို ရွေးတာ အကောင်းဆုံးပါ။

ကျူပီအာရ် - ဘန်လေ

၈နေ့၊ ည ၉:၃၀

တန်းတက်နှစ်သင်း တွေ့တဲ့ပွဲဖြစ်ပါတယ်။ ကျူပီအာရ်အနေနဲ့ တန်းတက်အသင်းဖြစ်တဲ့ လက်စတာနဲ့ အိမ်ကွင်းမှာ ကစားပြီး အနိုင်ရထားပါတယ်။ အခုလည်း ဘန်လေကို အိမ်ကွင်းမှာ ထပ်မံကစားရမှာဖြစ်လို့ အနိုင်ရအောင် ပြင်ဆင်လာဦးမှာပါ။

လီဗာပူး - ဆန်းဒါးလန်း

၈နေ့၊ ည ၉:၃၀

လီဗာပူးအနေနဲ့ စတုတ်ကို ခက်ခက်ခဲခဲ ကစားပြီး အနိုင်ရလိုက်လို့ ယုံကြည်မှု ပြန်ရလာတယ်လို့ ယူဆရပါတယ်။ ဆန်းဒါးလန်းကလည်း ပွဲကျပ်တွေ ဆက်တိုက်ကစားနေရပါတယ်။ ချယ်လ်ဆီး၊ မန်စီးတီးတို့ပြီးတော့ အခု လီဗာပူးဖြစ်နေပါတယ်။ အခုပွဲမှာ ဆန်းဒါးလန်း ခံစစ်ပြင်လာနိုင်ပါတယ်။ လီဗာပူးတိုက်စစ်ကသင့်ရုံအဆင့်ပဲရှိလို့ ခက်ခက်ခဲခဲကစားရပါလိမ့်ဦးမယ်။ လီဗာပူးနိုင်ရင်လည်း ဂိုးမပြတ်လို့ ဆန်းဒါးလန်းကို ရွေးသင့်ပါတယ်။

စတုတ် - အာဆင်နယ်

၈နေ့၊ ည ၉:၃၀

စတုတ်ကအိမ်ကွင်းဆိုရင် အသင်းကြီးတွေကို အခက်တွေ့အောင် ကစားနိုင်ပေမယ့် ဒီနှစ်မှာ စတုတ်အိမ်ကွင်းကစားပုံမကောင်းပါဘူး။ အာဆင်နယ်နောက်တန်းမှာ လူပြန်စုံတဲ့အတွက် ခံစစ်ကောင်းလာနိုင်ပါတယ်။ အာဆင်နယ်အနိုင်ရပါလိမ့်ဦးမယ်။

စပါး - ခရစ္စတယ်ပဲလေ့စ်

၈နေ့၊ ည ၉:၃၀

ဒီပွဲက လန်ဒန်ဒါဘီပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံးက တိုက်စစ်ဦးစားပေးတဲ့ အသင်းတွေဖြစ်ပါတယ်။ စပါးကတော့ ပဲလေ့စ်ထက်စာရင် ပိုပြီးတောင့်တင်းတဲ့အသင်းဆိုတာ အားလုံး လက်ခံထားကြမှာပါ။ ဒါပေမဲ့ ပဲလေ့စ်ကို လျှော့တွက်လို့မရပါဘူး။ တစ်ပွဲတိုးကစား အားနဲ့ ကစားလာနိုင်ပါတယ်။ စပါးရဲ့အနိုင်ဟာမပြတ်သားနိုင်တဲ့ပွဲ ဖြစ်ပါတယ်။ ပဲလေ့စ်နဲ့ ဂိုးအများကို ရွေးသင့်ပါတယ်။

ဟာလ်စီးတီး - ဝက်စ်ဘရွန်း

၈နေ့၊ ည ၉:၃၀

နိုင်ပွဲပျောက်နေတာ အတော်ကြာပြီဖြစ်တဲ့ ဟာလ်စီးတီးအသင်း ဒီပွဲမှာ အမှားအယွင်းမရှိအောင် ပြင်ဆင်လာနိုင်တဲ့ပွဲဖြစ်ပါတယ်။ ဝက်စ်ဘရွန်းက ခြေပုံမှန်မရှိတဲ့ အသင်းဖြစ်ပါတယ်။ တိုက်စစ်ကောင်းတယ် ထင်ရပေမယ့် ဘီရာဟီနို ဂိုးမသွင်းနိုင်ရင် ပြဿနာရှိတဲ့အသင်းဖြစ်ပါတယ်။ ခံစစ်လည်း မကောင်းလို့ဟားလ်စီတီး အနိုင်ရသွားပါလိမ့်မယ်။

မန်စီးတီး - အဲဗာတန်

၈နေ့၊ နံနက် ၁၀:၀၀

မန်စီးတီးအနေနဲ့ အရေးပါတဲ့ပွဲစဉ်ဖြစ်ပါတယ်။ ဒီပွဲမှာသရေတောင် အမှားမခံနိုင်ပါဘူး။ အိမ်ကွင်းလည်းဖြစ်နေသလို လူလည်းစုံသလောက်ဖြစ်နေပါတယ်။ အဲဗာတန်ရဲ့ အဝေးကွင်းကစားပုံက အိမ်ကွင်းလောက် မကောင်းပါဘူး။ ခံစစ်က အဝေးကွင်းဆိုရင် အားနည်းလွန်းပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲမှာ စပါးကိုရှုံးထားခဲ့ပါတယ်။ အခုလည်း အဲဗာတန် ရှုံးနိမ့်ပါလိမ့်ဦးမယ်။ မန်စီးတီးဂိုးပြတ်မပြတ်ဘဲ စောင့်ကြည့်ရပါမယ်။

ဝက်စ်ဟမ်း - ဆွမ်ဆီး

၈နေ့၊ ည ၈:၀၀

ဝက်စ်ဟမ်းရော၊ ဆွမ်ဆီးပါ ဒီရာသီမှာ အကောင်းဆုံးကစားနိုင်တဲ့ အသင်းတွေဖြစ်နေပါတယ်။ ဝက်စ်ဟမ်းကပိုကောင်းနေတဲ့ အသင်းဖြစ်ပါတယ်။ အသင်းကလည်း တော်တော်ပြောင်းလဲထားတဲ့ အသင်းဖြစ်ပါတယ်။ ဆွမ်ဆီးကလည်း တိုက်စစ်ကောင်းတဲ့အတွက် အခုပွဲမှာ ပိတ်ကစားမယ်မထင်ပါဘူး။ အခုပွဲမှာ နှစ်ဖက်ဂိုးတွေသွင်းနိုင်လို့ ဒီပွဲက ဂိုးများမယ့်ပွဲဖြစ်ပါတယ်။

ဗီလာ - လက်စတာ

၈နှင်္ဂနွေ၊ ည ၁၀:၃၀

ဗီလာအသင်း နိုင်ပွဲပျောက်နေတာ အတော်ကြာပြီ။ လီဗာပူးကို အဝေးကွင်းမှာ နိုင်ပြီးနောက်ပိုင်း နိုင်ပွဲပျောက်သွားပါတယ်။ အခုပွဲက အိမ်ကွင်းဖြစ်လို့ ဗီလာကစားအားတင်လာပါလိမ့်မယ်။ လက်စတာကလည်း နိုင်ပွဲပျောက်နေတာ အတော်ကြာပါပြီ။ အခုဗီလာကို ရွေးရမယ့်အချိန်ရောက်လာပါပြီ။

ပရီမီယာလိဂ် ပွဲစဉ် (၁၃)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ချယ်လ်ဆီး	၁၃	၁၀	၃	၀	၃၀	၁၁	၃၃
မန်စီးတီး	၁၃	၈	၃	၂	၂၇	၁၃	၂၇
ဆောက်သမ်တန်	၁၃	၈	၂	၃	၂၄	၉	၂၆
မန်ယူ	၁၃	၆	၄	၃	၂၂	၁၅	၂၂
ဝက်စ်ဟမ်း	၁၃	၆	၃	၄	၂၁	၁၆	၂၁
အာဆင်နယ်	၁၃	၅	၅	၃	၂၁	၁၅	၂၀
စပါး	၁၃	၆	၂	၅	၁၈	၁၈	၂၀
ဆွမ်ဆီး	၁၃	၅	၄	၄	၁၇	၁၄	၁၉
နယူးကာဆယ်	၁၃	၅	၄	၄	၁၄	၁၆	၁၉
အဲဗာတန်	၁၃	၄	၅	၄	၂၃	၂၁	၁၇
လီဗာပူး	၁၃	၅	၂	၆	၁၆	၁၈	၁၇
စတုတ်	၁၃	၄	၃	၆	၁၃	၁၆	၁၅
ဆန်းဒါးလန်း	၁၃	၂	၈	၃	၁၂	၁၉	၁၄
ခရစ္စတယ်ပဲလေ့စ်	၁၃	၃	၄	၆	၁၈	၂၂	၁၃
ဝက်စ်ဘရွန်း	၁၃	၃	၄	၆	၁၃	၁၈	၁၃
ဗီလာ	၁၃	၃	၄	၆	၇	၁၈	၁၃
ဟာလ်စီးတီး	၁၃	၂	၅	၆	၁၄	၂၀	၁၁
ကျူပီအာရ်	၁၃	၃	၂	၈	၁၄	၂၅	၁၁
ဘန်လေ	၁၃	၂	၅	၆	၉	၂၁	၁၁
လက်စတာ	၁၃	၂	၄	၇	၁၃	၂၁	၁၀

ဆောက်သမ်တန် - မန်ယူ

အင်္ဂါ၊ နံနက် ၂:၃၀

ခြေစွမ်းတောက်လျှောက်ကောင်းနေတဲ့ ဆောက်သမ်တန် မန်စီးတီးနဲ့အတွေ့မှာ ရှုံးပွဲတွေ့သွားပါတယ်။ အခုတစ်ခါ မန်ယူကို ကစားရမှာဖြစ်လို့ ဆောက်သမ်တန် ရုန်းကန်ရမယ့်ပွဲတစ်ပွဲပဲဖြစ်ပါတယ်။ မန်ယူက ယုံကြည်မှုအပြည့် ရသွားပြီဖြစ်ပါတယ်။ တိုက်စစ်ကလည်း တော်တော်လေးပြန်ကောင်းနေပြီဖြစ်ပါတယ်။ တိုက်စစ်ဦးစားပေးထားတဲ့အတွက် ဆောက်သမ်တန်ခံနိုင်မှာ မဟုတ်ပါဘူး။ မန်ယူ အနိုင်ရဦးမှာ သေချာပါတယ်။ ■

ပရီမီယာလိဂ်ပွဲစဉ်(၁၃)

ဝက်စ်ဘရွန်း	၀-၁	အာဆင်နယ်
ဘန်လေ	၁-၁	ဗီလာ
လီဗန်တေး	၁-၀	စတုတ်
မန်ယူ	၃-၀	ဟာလ်စီးတီး
ကျူပီအာရ်	၃-၂	လက်စတာ
ဆွမ်ဆီး	၁-၁	ခရစ္စတယ်ပဲလေ့စ်
ဝက်စ်ဟမ်း	၁-၀	နယူးကာဆယ်
ဆန်းဒါးလန်း	၀-၀	ချယ်လ်ဆီး
ဆောက်သမ်တန်	၀-၃	မန်စီးတီး
စပါး	၂-၁	အဲဗာတန်

သွင်းဂိုးအများဆုံး

အဂူရို (မန်စီးတီး)	၁၂ ဂိုး
ဒီယေဂိုကော်စတာ (ချယ်လ်ဆီး)	၁၁ ဂိုး
ဆန်းချက်ဇ် (အာဆင်နယ်)	၈ ဂိုး
ဘီရာဟင်နို (ဝက်စ်ဘရွန်း)	၇ ဂိုး
အော်စတင် (ကျူပီအာရ်)	၇ ဂိုး

မြန်မာတိုင်းမ် ဒီဇင်ဘာ ၅ - ၁၁၊ ၂၀၁၄

ဘာစီလိုနာကို ယုံယုံကြည်ကြည် ရွေးထားမယ်

ဟိန်းသန့်

ဘာစီလိုနာ - အက်စ်ပန်ညို

ဇာနည်ဦး၊ ည ၁၀း၃၀

လာလီဂါကတော့ ဆောင်းရာသီ နားရက်ရောက်ခါနီးမှာ ချန်ပီယံလမ်းကြောင်းအနေအထားက တဖြည်းဖြည်းရှင်းလာနေပါပြီ။ အစောပိုင်းမှာ ချန်ပီယံလမ်းကြောင်းပေါ်က သုံးသင်းကြားထဲကို တိုးဝင်ထိုးဖောက်ပြခဲ့ကြတဲ့ အသင်းအများစုဟာ တဖြည်းဖြည်းနဲ့ နှစ်ကုန်ခါနီးလာချိန်မှာ ချန်ပီယံလမ်းကြောင်းရဲ့အပြင်ပိုင်းကို ရောက်ကုန်ကြတာ တွေ့ရတယ်။ ဆီဗီလာ၊ ဗလင်စီယာ၊ ဆယ်လ်တာဗီဂို စတဲ့အသင်းတွေအနေနဲ့ ထိုးစံအတိုင်းပဲ လာလီဂါရဲ့အသင်းကြီးတွေကို မယှဉ်နိုင်သေးဘူးဆိုတာ တွေ့လာရတယ်။

အခုဆိုရင် ချန်ပီယံလမ်းကြောင်းပေါ်မှာ တကယ်ပြိုင်မယ့်အသင်းတွေဟာ ဘာစီလိုနာ၊ အလက်တီကိုနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတွေပဲ ကျန်တော့တယ်။ ဒီအသင်းကြီးတွေကတော့ ရာသီကုန်ချိန်အထိ သူတို့ရဲ့ ခြေစွမ်းကိုဆက်ထိန်းကာ ချန်ပီယံဆုအတွက် အပြိုင်အဆိုင် ကစားသွားကြဦးမှာ သေချာပါတယ်။

ပွဲစဉ်(၁၄)မှာတော့ သေချာပြန်ကြည့်မယ် ဆိုရင် ချန်ပီယံလမ်းကြောင်းပေါ်က အသင်းကြီးတွေအတွက် သိပ်ခက်ခဲတဲ့ပွဲကျပ်မျိုး မရှိပါဘူး။ ရီးယဲလ်မက်ရစ်က ဆယ်လ်တာဗီဂို၊ အလက်တီကိုက အယ်လ်ချီ၊ ဘာစီလိုနာက အက်စ်ပန်ညိုအသင်းတွေနဲ့ ယှဉ်ပြိုင်ကြရမှာဆိုတော့ သူတို့အတွက် အနိုင်ရလဒ်ဆိုတာထက် ဂိုးတွေသွင်းနိုင်၊ မသွင်းနိုင်ဆိုတာကိုပဲ အဓိကထား စဉ်းစားရမယ့်ပွဲမျိုးတွေပါပဲ။ ဒီတစ်ပတ်အတွက်တော့ အသင်းကြီး သုံးသင်းထဲမှာ မြို့ခံအသင်းဖြစ်တဲ့ အက်စ်ပန်ညိုနဲ့ ကစားရမယ့် ဘာစီလိုနာရဲ့ပွဲကိုပဲ ရွေးထုတ်ခံစားကြည့်လိုက်မိတယ်။

ဒီနှစ်သင်းဟာ မြို့ခံပြိုင်ဘက်တွေဆိုပေမယ့် အခြေအနေချင်း ကွာဟပါတယ်။ အက်စ်ပန်ညိုဟာ ဘာစီလိုနာအသင်းကို အဘက်ဘက်မှာ ယှဉ်နိုင်စွမ်းမရှိသေးပါဘူး။ ကစားရမှာကလည်း နူးကမ့်မှာဆိုတော့ ပွဲအဖြေကတော့ ဘာစီလိုနာနိုင်မှာပဲဆိုတဲ့ အဖြေမျိုးပဲ ထွက်လာဖို့များတယ်။ ဒါပေမဲ့ အိမ်ရှင်အသင်းဖြစ်နေတဲ့အပြင် နိုင်ဖို့လည်း သေချာနေတဲ့ ဘာစီလိုနာအတွက် တော်ရုံသွင်းဂိုးလောက်နဲ့ အက်စ်ပန်ညိုကိုနိုင်ဖို့ မဖြစ်နိုင်ဘူး။ ဒါကြောင့် လိုအပ်နေတဲ့သွင်းဂိုးတွေကို ဘာစီလိုနာသွင်းပြနိုင်ပါ့မ လားဆိုတဲ့ အချက်ကိုပဲ အဓိကထား စဉ်းစားဖို့ပွဲမျိုး ဖြစ်နေတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီရာသီ အက်စ်ပန်ညိုရဲ့ခြေစွမ်းကိုကြည့်ရင်လည်း လုံးဝကို အားရစရာမရှိပါဘူး။ အရင် အဂွိုးရီးလက်ထက်က အက်စ်ပန်ညိုအသင်းလို ခံစစ်ပိုင်းတောင့်တင်းတဲ့အသင်းမျိုးလည်း မဟုတ်တော့ဘူး။ အက်စ်ပန်ညိုရဲ့ လက်ရှိခြေစွမ်းကို ကြည့်မယ်ဆိုရင် အဝေးကွင်းမှာ ပိုဆိုးလေ့ရှိတာတွေ့ရတယ်။ အိမ်ကွင်းမှာဆို ပရိသတ်အားနဲ့ကစားတတ်ပြီး ခြေစွမ်းပိုင်းအတန်အသင့်တက်လာတတ်ပေမယ့် အဝေးကွင်းမှာတော့ တော်ရုံအသင်းငယ်တွေနဲ့တွေ့ရင်တောင် နိုင်ပွဲရဖို့ ရုန်းကန်နေရတာ တွေ့ရတယ်။ ဒီလိုခြေစွမ်းမျိုးနဲ့တော့ နူးကမ့်မှာ ဘာစီလိုနာကို ခြိမ်းခြောက်နိုင်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ဒီတော့ အခုပွဲမှာ အဓိကထားစဉ်းစားရတော့မှာက ဘာစီလိုနာတိုက်စစ်သမားတွေရဲ့ ဂိုးသွင်းနှုန်းကိုပါပဲ။

ဘာစီလိုနာကလည်း ဒီပွဲအပြီးမှာ ပီအက်စ်ဂျီနဲ့ ချန်ပီယံလိဂ်အုပ်စု ပထမနေရာအတွက် ယှဉ်ပြိုင်ကစားရဖို့ရှိနေသေးတယ်။ ချန်ပီယံလိဂ် ရှုံးထွက်အဆင့်မှာ အသင်းကြီးတွေနဲ့ မဆုံတွေ့နိုင်ဖို့ဆိုရင် ဘာစီလိုနာအတွက် ချန်ပီယံလိဂ်အုပ်စုမှာ ပထမနေရာကို ရယူထားနိုင်ဖို့လိုနေတယ်။ ဒါကြောင့် ဘာစီလိုနာအတွက် ပီအက်စ်ဂျီနဲ့ပွဲဟာလည်း အရေးကြီးပွဲတစ်ပွဲလို ကစားရဦးမှာဖြစ်တယ်။

ဒီတော့ တစ်ပွဲနဲ့တစ်ပွဲမတူအောင် လူအပြောင်းအလဲတွေနဲ့ ပွဲထုတ်လေ့ရှိတဲ့ ဘာစီလိုနာနည်းပြအင်းနရစ်အနေနဲ့ အခုပွဲမှာလည်း သူ့အသင်းကို အပြောင်းအလဲတွေနဲ့ ပွဲထုတ်လာဦးမှာ သေချာတယ်။ အထူးသဖြင့် အခုနောက်ပိုင်း အင်းနရစ်ဟာ ဘာစီလိုနာတိုက်စစ်ကိုပွဲထုတ်ရာမှာ နေမာ၊ မက်ဆီ၊ ဆွာရက်ဇ်သုံးယောက်တွဲ တိုက်စစ်ကို ပွဲထုတ်တာမျိုး သိပ်လုပ်တာမတွေ့ရတော့ဘဲ နေမာနဲ့ ဆွာရက်ဇ်နှစ်ယောက်မှာ တစ်ယောက်ကို အရန်ခုံထိုင်ခိုင်းပြီး ပွဲထုတ်တာမျိုးကို ပိုလုပ်လာတာတွေ့ရတယ်။ ဒီလိုနေမာနဲ့ ဆွာရက်ဇ် နှစ်ယောက်အနက် တစ်ယောက်ကိုအရန်ခုံထိုင်ခိုင်းထားတဲ့အခါမှာ ဘာစီလိုနာရဲ့ တိုက်စစ်ကစားပုံကလည်း ပိုပြီးထိရောက်မှုရှိလာတာ တွေ့နေရတယ်။

အထူးသဖြင့် ခုနောက်ပိုင်း မက်ဆီရဲ့ ခြေစွမ်းပြန်တက်လာတဲ့ အချက်ကလည်း ဘာစီလိုနာအတွက် အားရစရာပါပဲ။ ဒါပေမဲ့ မက်ဆီအနေနဲ့ ပွဲတွေဆက်တိုက်ကစားနေရတဲ့အနေအထားမှာ တစ်ပွဲနဲ့တစ်ပွဲပုံမှန် ခြေစွမ်း အမြဲရနေဖို့ဆိုတာ သိပ်မလွယ်လှပါဘူး။ မက်ဆီအနေနဲ့လည်း ဒါကြောင့် ပွဲအနေအထားပေါ်လိုက်ပြီး သူ့ရဲ့ အင်အားကို ချွေတာပြီးကစားနေတဲ့ ပုံမျိုးတွေ့နေရတယ်။ အထူးသဖြင့် အခုလို အက်စ်ပန်ညိုနဲ့ပွဲမျိုးမှာထက် ချန်ပီယံလိဂ်မှ ပီအက်စ်ဂျီနဲ့ပွဲမျိုးက အရေးပါနေချိန်မှာ မက်ဆီရဲ့ခြေစွမ်းကို အခုပွဲမှာ အပြည့်အဝတွေ့နိုင်ပါ့မလားဆိုတာ သေချာစဉ်းစားရတော့မယ်။

ဒါပေမဲ့ အခုဆိုရင် ဆွာရက်ဇ်ဘာစီလိုနာအတွက် ဂိုးစသွင်းနိုင်ပြီဖြစ်တဲ့ အနေအထားကတော့ ဘာစီလိုနာတိုက်စစ်ဟာ မက်ဆီ သိပ်မလှုပ်နိုင်ရုံနဲ့ ငြိမ်သွားမယ့်တိုက်စစ်မျိုးတော့ မဖြစ်နိုင်ပါဘူး။ ဆွာရက်ဇ်ဟာ နေမာထက် ပိုပြီးလှုပ်ကစားနိုင်သလို ဂိုးဖန်တီးနိုင်မှုအပိုင်းမှာလည်း နေမာထက် ပိုပြီးလုပ်ပေးနိုင်တဲ့ အနေအထားက ဘာစီလိုနာတိုက်စစ်ဟာ နည်းပြအင်းနရစ်အတွက် ရွေးချယ်ရခက်ခဲနိုင်တဲ့ အနေအထားမျိုးဖြစ်လာနိုင်တယ်။ နေမာဟာ ဒီရာသီမှာ ပြီးခဲ့တဲ့ ရာသီထက် ဂိုးတွေပို သွင်းနိုင်တယ်ဆို ပေမယ့်လည်း တိုက်စစ်ပံ့ပိုးမှုအပိုင်းမှာတော့ မက်ဆီနဲ့ ဆွာရက်ဇ်တို့လောက် မလုပ်ပြနိုင် သေးလို့ နည်းပြအင်းနရစ်အတွက် နောက်ပိုင်းပွဲတွေမှာ နေမာထက်စာရင် ဆွာရက်ဇ်ကို ပိုပြီးပွဲထုတ်တော့မလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ အက်စ်ပန်ညိုကတော့ နူးကမ့်ကွင်းမှာ ခံစစ်ကစားပြီး တန်ပြန်တိုက်စစ်နဲ့ပဲ ဂိုးရဖို့ ကြိုးစားနိုင်ပေမယ့် အဝေးကွင်းပွဲတွေမှာ အက်စ်ပန်ညိုရဲ့တိုက်စစ်က လုံးဝအားရစရာမရှိလို့ ဘာစီလိုနာခံစစ်အတွက် သိပ်စိုးရိမ်စရာမရှိပါဘူး။ ဒီအနေအထားကြောင့်ပဲ ဘာစီလိုနာဟာ တိုက်စစ်ကိုပိုပြီးရဲရဲတင်းတင်း ဖွင့်ကစားလာနိုင်တဲ့ အနေအထားရှိနေတယ်။

နူးကမ့်မှာ အစဉ်အလာတွေအရလည်း အက်စ်ပန်ညိုဟာ ရလဒ်ကောင်းလေ့မရှိလို့ ဘာစီလိုနာကိုပဲ ယုံယုံကြည်ကြည်ရွေးထားရမယ့်ပွဲမျိုးပါပဲ။ ■

ဘာစီလိုနာတိုက်စစ်မှူး နေမာ ဗလင်စီယာအသင်းဘက်သို့ ထိုးဖောက်ရန်ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အခြားပွဲစဉ်များ

ဇာနည်၊ နံနက် ၈း၃၀

ဗီလာရီးရဲလ် - ဆိုစီဒက် *

ဇာနည်ဦး၊ နံနက် ၁၀း၃၀

* ရီးရဲလ် - ဆယ်လ်တာဗီဂို

ဇာနည်ဦး၊ ညနေ ၅း၃၀

* ရာယို - ဆီဗီလာ

အင်္ဂါ၊ နံနက် ၈း၃၀

လီဗန်တေး - ဂီတာဖေး *

ဇာနည်၊ နံနက် ၂း၃၀

ဂရန်နာဒါ - ဗလင်စီယာ *

ဧနေ၊ ည ၉း၃၀

* အယ်လ်ချီ - အလက်တီကို

ဇာနည်၊ ည ၁၀း၃၀

အီဘာ - အယ်လ်မီရီယာ *

ဇာနည်ဦး၊ နံနက် ၃း၃၀

ဒီပို့တီပို - မာလာဂါ *

ဧနေ၊ ည ၁၁း၃၀

* ဘီလ်ဘာအို - ကော်ဒိုဘာ

စပိန်လာလီဂါ ပွဲစဉ် (၁၃)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
ရီးယဲလ်	၁၃	၁၁	၀	၂	၃၃
ဘာစီလိုနာ	၁၃	၁၀	၁	၂	၃၁
အလက်တီကို	၁၃	၉	၂	၂	၂၅
ဆီဗီလာ	၁၃	၈	၂	၃	၂၆
ဗလင်စီယာ	၁၃	၇	၃	၃	၂၄
ဗီလာရီးယဲလ်	၁၃	၆	၃	၄	၂၁
မာလာဂါ	၁၃	၆	၃	၄	၂၁
ဆယ်လ်တာ	၁၃	၅	၅	၃	၂၀
ဘီလ်ဘာအို	၁၃	၅	၃	၅	၁၈
ရာယို	၁၃	၄	၂	၇	၁၄
အိုင်ဘာ	၁၃	၃	၅	၅	၁၄
အက်စ်ပန်ညို	၁၃	၃	၅	၅	၁၄
ဂီတာဖေး	၁၃	၃	၂	၈	၁၁
ဆိုစီဒက်	၁၃	၃	၂	၈	၁၁
လီဗန်တေး	၁၃	၃	၃	၇	၁၂
ဂရန်နာဒါ	၁၃	၂	၅	၆	၁၁
အယ်လ်မီရီယာ	၁၃	၂	၄	၇	၁၀
ဒီပို့တီပို	၁၃	၂	၄	၇	၁၀
အယ်လ်ချီ	၁၃	၂	၄	၇	၁၀
ကော်ဒိုဘာ	၁၃	၀	၃	၁၀	၃

စပိန်လာလီဂါ ပွဲစဉ်(၁၃)

ဆိုစီဒက်	၃-၀
ဂီတာဖေး	၁-၂
အက်စ်ပန်ညို	၂-၁
မာလာဂါ	၁-၂
ဆယ်လ်တာ	၀-၁
အလက်တီကို	၂-၀
ဆီဗီလာ	၅-၁
ကော်ဒိုဘာ	၀-၂
ဗလင်စီယာ	၀-၁
အယ်လ်မီရီယာ	၀-၁

သွင်းဂိုးအများဆုံး

ရော်နယ်လ်ဒို (ရီးယဲလ်)	၂၀ ဂိုး
နေမာ (ဘာစီလိုနာ)	၁၁ ဂိုး
မက်ဆီ (ဘာစီလိုနာ)	၁၀ ဂိုး
ကားလို့စ်ဘက်ကာ (ဆီဗီလာ)	၉ ဂိုး
ဘင်ဇီမာ (ရီးယဲလ်)	၈ ဂိုး

အင်္ဂလန်မှာ တောင်အမေရိကဘောလုံးသမားတွေ...

စာမျက်နှာ ၄၆ မှ

ဒီစံချိန်ကို အဂူရို မိမလားဆိုတာ စောင့်ကြည့်ရဦးမှာပဲဖြစ်ပါတယ်။ ၁၉၇၈ ခုနှစ်တုန်းကတော့ အော့စ်ဗဲလ်ဒို အာဒိုက်ယက်စ်ဆိုတဲ့ အာဂျင်တီးနား တိုက်စစ်မှူးဟာ စပါးကလပ်ကို လာကစားဖူးပြီး နောက်ဆုံးမှာ သူဟာ အာဂျင်တီးနားအသင်းနဲ့အတူ ကမ္ဘာ့ဖလားကိုရယူနိုင်တဲ့သူဖြစ်လာခဲ့ပါတယ်။ သူဟာ အင်္ဂလန်ကို လာကစားတဲ့ အစောဆုံး အာဂျင်တီးနားတစ်ယောက်ပဲဖြစ်ပါတယ်။ အထူးသဖြင့်တော့ အာဂျင်တိုင်းတွေဟာ စပိန်လာလီဂါနဲ့ အီတလီ စီးရိုးအေတို့မှာသာ အထိုင်ကျပြီး အောင်မြင်မှုရယူနိုင်ခဲ့ကြပေမယ့် ပရီမီယာလိဂ်မှာတော့ အောင်မြင်မှုရနိုင်ဖို့ ကြိုးစားနေကြဆဲပဲ ဖြစ်ပါတယ်။ အခုတော့ အထိုက်အလျောက် အောင်မြင်မှုတွေရလာနေပြီ ဖြစ်ပါတယ်။ လာလီဂါ၊ စီးရိုးအေတို့ရဲ့ စီးပွားရေးအခြေအနေက ပရီမီယာလိဂ်လောက် အားမကောင်းတာလည်း ပရီမီယာလိဂ်ကို တောင်အမေရိက ကစားသမားတွေရောက်လာဖို့ တွန်းအားတစ်ခုဖြစ်လာတာ အပါအဝင်ပဲ ဖြစ်ပါတယ်။ ဒီလိုပို့ကုန်တွေ ပရီမီယာလိဂ်ကို အလုံးအရင်းနဲ့ ဝင်လာတဲ့အခါမှာတော့ ပြည်တွင်းထုတ်ကုန် ယူကေ ကစားသမားတွေအတွက် နေရာကောင်းဆိုတာ ကလည်း ရှားပါးလာစေခဲ့ပါတယ်။ အဲဒီမှာ အမျိုးသားလက်ရွေးစင်အသင်းကို လာရောက်ထိခိုက်စေတာပဲဖြစ်ပါတယ်။ အဲဒီအတွက်

> ပါမစ်အခက်အခဲတစ်ခုဟာလည်း တောင်အမေရိကပို့ကုန်ကစားသမားတွေ ပရီမီယာလိဂ်ကို ရောက်လာဖို့ ဝေးခဲ့

ကြောင့်လည်း အင်္ဂလန်က ဘောလုံးနဲ့ ပတ်သက်တဲ့ တာဝန်ရှိသူတွေဟာ အကာအကွယ်ပေးနိုင်ဖို့အတွက် စဉ်းစားလာနေရပြီဖြစ်ပါတယ်။ လက်ရှိ ပရီမီယာလိဂ်ရဲ့ ဂိုးအများဆုံးသွင်းသူစာရင်းကို ကြည့်လိုက်ရင် အဂူရိုဟာထိပ်ဆုံးမှာ ရှိနေပြီး ဒီယေဂို ကော်စတာက ဒုတိယလိုက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအချက်က ပရီမီယာလိဂ်ရဲ့ ထိပ်သီးအသင်းတွေဟာ အင်္ဂလိပ် ကစားသမားတွေထက် ပြင်ပက ကစားသမားတွေကို အားထားလာတယ်ဆိုတာကို ပြနေတာပဲ ဖြစ်ပါတယ်။ ပရီမီယာလိဂ်က ဘောလုံးကစား ခြင်းသက်သက်ထက် စီးပွားရေးလုပ်နေတဲ့ လိဂ်ဖြစ်နေတော့ ကလပ်အသင်းပိုင်ရှင်တွေ အနေနဲ့ သူတို့ကလပ် အောင်မြင်မှုရဖို့အတွက် ဆိုရင်တော့ ချမှတ်ထားတဲ့ စည်းမျဉ်းဘောင်ထဲကနေ ကောင်းပေ့ဆိုတဲ့ ကစားသမားတွေကို ရှာဖွေခေါ်ယူနေကြမှာပဲ ဖြစ်ပါတယ်။ အဲဒီအတွက် တောင်အမေရိကရဲ့ ပို့ကုန်တွေထဲက တစ်ခုဖြစ်တဲ့ ဘောလုံးကစားသမား ပို့ကုန်ဟာလည်း အင်္ဂလန်ကိုပဲ ပို့နိုင်ဖို့ ကြိုးစားနေကြတာပဲ ဖြစ်ပါတယ်။ အဲဒီအတွက် အေးဂျင့်တွေဟာ ပရီမီယာလိဂ်စားကျက်ကိုပဲ အာရုံစိုက်လာလျက် ရှိနေခဲ့ပါတယ်။ ယူကေကစားသမားတွေအတွက်တော့ သိပ်ကို ထူးခြားတဲ့ ကစားသမားဖြစ်နိုင်မှပဲ နေရာကောင်းတစ်ခု ရလာမယ်လို့ပဲ ယုံကြည်နေမိပါရဲ့...။ ■

၂၀၁၄ ခုနှစ် ကိုရီးယားသံအမတ်ဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပ

ကျော်ငင်လှိုင်

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် ကိုရီးယားသံရုံးတို့မှ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြီးခဲ့သည့် နိုဝင်ဘာလ ၂၉-၃၀ ရက်များတွင် ရန်ကုန်မြို့၊ သုဝဏ္ဏမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဝန်ကြီးဌာနအသင်းများ၊ ကလပ်အသင်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စုစုပေါင်းအသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ တိုက်ကွမ်ဒိုပြိုင်ပွဲဝင် အမျိုးသား ၁၃၆ ဦး၊ အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၂၁၄ ဦး တို့သည် သက်တမ်းအလိုက် အတိုက်ပြိုင်ပွဲနှင့် ကကွက်ပြိုင်ပွဲ၊ အသင်းလိုက်ကကွက်ပြိုင်ပွဲများ၊ စီနီယာတန်း အတိုက်ပြိုင်ပွဲနှင့် တစ်ဦးချင်း၊ အသင်းလိုက်ကကွက်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

သက်တမ်းအလိုက်ပြိုင်ပွဲတွင် အသက် ၁၄ နှစ်အောက်၊ အသက် ၁၈ နှစ်အောက်နှင့် အသက် ၁၈ နှစ်အထက် ပြိုင်ပွဲများပါဝင်ခဲ့ပြီး တံခွန်စိုက်ဆုဖလားများကို ရွှေကိန္နရီအသင်း၊ ဂိုးကမ်အသင်းနှင့် YTC အသင်းတို့က ရရှိခဲ့ကြသည်။

အသက် ၁၄ နှစ်အောက်ပြိုင်ပွဲတွင် ရွှေကိန္နရီအသင်းက ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ အသက် ၁၈ နှစ်အောက်ပြိုင်ပွဲတွင် နေပြည်တော်ဂိုးကမ်အသင်းက ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်လေးခုဖြင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း အသီးသီးရရှိခဲ့ကြပြီး အသက် ၁၈ နှစ်အထက်ပြိုင်ပွဲတွင် YTC အသင်းက ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ်ငါးခုဖြင့် တံခွန်စိုက်ဆုဖလားကို ရရှိခဲ့ပြီး ကာကွယ်ရေးအသင်းက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်ငါးခုဖြင့် ဒုတိယရရှိခဲ့သည်။

ပြိုင်ပွဲ၏ အမျိုးသားအကောင်းဆုံးကစားသမားဆုကို အသက် ၁၄ နှစ်အောက်၊ ၄၈ ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အောင်ဆန်းကလပ်မှ ဖြိုးသူလှိုင်က ရရှိခဲ့ပြီး အမျိုးသမီးအကောင်းဆုံးဆုကို ဂိုးကမ်အသင်းမှ ပုံပုံလင်းက ရရှိခဲ့သည်။

ပြိုင်ပွဲသည် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးကိုရည်ရွယ်၍ မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာစေရန်၊ မြန်မာနိုင်ငံတွင် တိုက်ကွမ်ဒို အားကစားနည်း တိုးတက်ဖွံ့ဖြိုးလာစေရန် ကျင်းပခြင်းဖြစ်သည်။

ဖွင့်ပွဲနေ့တွင် ကိုရီးယားသံအမတ်ကြီး H.E Mr Baek Soon Lee က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေကို ကမ္ဘာ့တိုက်ကွမ်ဒိုအဖွဲ့ချုပ် Kukiwon က ချီးမြှင့်သော Honorary Black Belt "6" Dan နှင့် တိုက်ကွမ်ဒို အားကစားဝတ်စုံ ဒိုဘုတ်တို့ကို လက်ဆောင်ပေးခဲ့ပြီး ဦးမြင့်ဆွေကလည်း ကိုရီးယားသံအမတ်ကြီးကို အမှတ်တရလက်ဆောင်ပြန် လည်ပေးအပ်ခဲ့သည်။ ■

ဖြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်သည့် အဖွဲ့များက သရုပ်ပြယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

မြန်မာတိုင်းမ် ဒီဇင်ဘာ ၅ - ၁၁၊ ၂၀၁၄

ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၄)

ဘိုင်ယန်နိုင်ဖို့ရှိပေမယ့် ဂိုးမပြတ်နိုင်ဘူးထင်တယ်

ဘွန်ဒက်စ်လီဂါပွဲစဉ်ကတော့ တစ်ဝက်ကျိုးဖို့ လေးပွဲသာကျန်ပါတော့တယ်။ ပွဲစဉ်(၁၃)အပြီးမှာ ဘိုင်ယန်ဟာ ဒုတိယနေရာက ဝုဖ်ဘတ်ကို ခုနစ်မှတ် အသာစီးရနေပါတယ်။ ဒီတစ်ပတ်မှာ အကောင်းဆုံးထိပ်တိုက် တွေ့ဆုံမှုကတော့ ဘိုင်ယန်နဲ့ လေဗာကူဆင်တို့ စီးချင်းထိုးမယ့်ပွဲဖြစ်ပါတယ်။

ကိုထွဋ်(စိန်ဂျွန်း)

ဘိုင်ယန်တောင်ပံတိုက်စစ်မှူး ရော်ဘင်၏ ထိုးဖောက်မှုကို ဟာသာဘာလင် နောက်ခံလူ ဗျက်ထုတ်နေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဒေါ့မွန် - ဟော့ဖန်ဟိမ်း

ဓနေ၊ နံနက် ၂း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ ဒေါ့မွန် ၃-၂ ဟော့ဖန်ဟိမ်း

ဂျာဂင်ကလော့ပ်ကတော့ အာဆင်နယ်နဲ့ ရှုံးပြီးတာတောင် ပြက်လုံးထုတ်နိုင်သေးတယ်။ သူ့အသင်းကတော့ ဖရန့်ဖတ်ကိုတောင် ဂိုးပြတ်ရှုံးခဲ့လို့ ဇယားအောက်ဆုံးကို ရောက်သွားခဲ့ပါပြီ။ အဆင့်(၇)မှာရှိတဲ့ ဟော့ဖန်ဟိမ်းက အဝေးကွင်းမှာ တစ်ပွဲသာနိုင်ထားတာပါ။ ဒါကြောင့် ခံစစ်ပိုင်းအမှားတွေကိုသာ အချိန်မီပြင်ဆင်နိုင်ခဲ့ရင် ဒေါ့မွန်ကပ်နိုင်လောက်တော့ စွမ်းဆောင်နိုင်မှာပါ။

မွန်ချင်ဂလက်ဘတ် - ဟာသာဘာလင်

ဓနေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ မွန်ချင် ၃-၀ ဟာသာဘာလင်

ပြီးခဲ့တဲ့ပွဲစဉ်မှာ မွန်ချင်က ဝုဖ်ဘတ်ကို ၁-၀ နဲ့ ရှုံးခဲ့ပြီး ဟာသာဘာလင်ကလည်း ဧည့်သည်ဘိုင်ယန်ကို ၀-၁ နဲ့ ရှုံးခဲ့တယ်။ မွန်ချင်တို့ အိမ်ကွင်းမှာ တစ်ပွဲသာ ရှုံးထားပြီး ဟာသာဘာလင်ကတော့ အဝေးကွင်းမှာ တစ်ပွဲသာနိုင်ထားတယ်။ ဒါကြောင့် မွန်ချင်ဂလက်ဘတ်နဲ့ လက်တွဲသင့်ပါတယ်။

ဟန်နိုဗာ - ဝုဖ်ဘတ်

ဓနေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ ဝုဖ်ဘတ် ၁-၃ ဟန်နိုဗာ

အဆင့်(၂)နေရာမှာ ရောက်နေတဲ့ ဝုဖ်ဘတ်အတွက် ဒါဟာ အဝေးကွင်းစမ်းသပ်မှုတစ်ရပ်ပါပဲ။ ဝုဖ်ဘတ်ဟာ နောက်ဆုံးပွဲ မွန်ချင်ဂလက်ဘတ်နဲ့ပွဲကို ရော်ဘင်နော့ခ်ရဲ့ သွင်းဂိုးတစ်ဂိုးတည်းနဲ့ အနိုင်ရထားပါတယ်။ အဆင့်(၈)က ဟန်နိုဗာဟာ အဝေးကွင်းမှာ လေးပွဲရှုံးထားပေမယ့် အိမ်ကွင်းမှာ လေးပွဲနိုင်ထားလို့ ဝုဖ်ဘတ် သတိကြီးကြီးထားရပါလိမ့်မယ်။ ဒီပွဲဟာ အမှတ်မထင် သရေကျသွားနိုင်တဲ့ပွဲ ဖြစ်ပါတယ်။

စတုဂတ် - ရှော်လ်ကေး

ဓနေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ စတုဂတ် ၃-၁ ရှော်လ်ကေး

အိမ်ရှင် စတုဂတ်အနေနဲ့ တန်းဆင်းဇုန်ထဲကျရောက်နေပြီး ၁၃ ပွဲကစား၊ ၁၂ မှတ်သာ ရရှိထားပါတယ်။ ဒီလိုရလဒ်တွေ ဆိုးဝါးနေမှကြောင့် သူတို့ရဲ့နည်းပြ အာမင်ဗာကို ရာထူးက ထုတ်ပယ်ပြီး နည်းပြဟောင်းတစ်ဦးဖြစ်တဲ့ ဟပ်စတီဗင်ကို တစ်ကျော့ပြန်ခန့်အပ်ထားပါတယ်။ ရှော်လ်ကေးကလည်း ချယ်လ်ဆီးကို ချန်ပီယံ လိဂ်မှာ ၀-၅ ဂိုးရလဒ်နဲ့ရှုံးနိမ့်ထားလို့ အသင်းရဲ့ အထွေထွေမန်နေဂျာ ဟော့စ်ဟဲလ်က အသင်းရဲ့ ကစားပုံကို ဝေဖန်ပြစ်တင်ခဲ့ပါတယ်။ ရှော်လ်ကေးအဆင့်(၆)ရောက်နေပေမယ့်လည်း စတုဂတ်ကို ကြိုက်ပါတယ်။

ကိုလုံး - အော့စ်ဘတ်

ဓနေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ အော့စ်ဘတ် ၂-၁ ကိုလုံး

ဆန့်ကျင်ဘက် အနေအထားပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာ အိမ်ရှင်ကိုလုံးဟာ လေဗာကူဆင်ကို အဝေးကွင်းမှာ မယှဉ်နိုင်ဘဲ ငါးဂိုးပြတ်ရှုံးခဲ့တယ်။ ဧည့်သည်အဖြစ်ကစားမယ့် အော့စ်ဘတ်ကတော့ ဟမ်းဘတ်ကို အိမ်ကွင်းမှာ သုံးဂိုးပြတ်နိုင်လိုက်တော့ အဆင့်(၄)နေရာ အထိတောင် ရောက်သွားတယ်။ အိမ်ကွင်းမှာ ကိုလုံးသရေရအောင်တောင် မနည်းကစား ရလိမ့်မယ်ထင်တယ်။

ပက်ဒါဘွန်း - ဖရိုင်းဘတ်

ဓနေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ ပက်ဒါဘွန်း ၃-၂ ဖရိုင်းဘတ်

ပက်ဒါဘွန်းက အဆင့်(၁၁)မှာ ရပ်တည်နေပြီး ဖရိုင်းဘတ်ကတော့ အဆင့်(၁၅)မှာ ရပ်တည်နေပါတယ်။ ပက်ဒါဘွန်းအိမ်ကွင်း ရလဒ်က တစ်ပွဲပဲရှုံးတော့ သူ့အိမ်ကွင်းရလဒ်က ကောင်းတယ်။ ဖရိုင်းဘတ်က အဝေးကွင်းမှာ တစ်ပွဲပဲနိုင်ထားတော့ သိပ်အခြေအနေကောင်းလှတယ် မဟုတ်ဘူး။ ဒါကြောင့် ပက်ဒါဘွန်းကိုပဲ အားပေးလိုက်ကြပါစို့။

ဘိုင်ယန်မြူးနစ် - လေဗာကူဆင်

တနင်္ဂနွေ၊ နံနက် ၁၀း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ ဘိုင်ယန် ၂-၁ လေဗာကူဆင်

ဂွာဒီယိုလာကတော့ ဘွန်ဒက်စ်လီဂါဟာ ပျင်းစရာကောင်းတဲ့ ပြိုင်ပွဲမဟုတ်ဘူးလို့ ဆိုတာပါပဲ။ ဟာသာဘာလင်ကို ဘိုင်ယန်က ကပ်နိုင်ပြီး တန်းစီဇယားထိပ်မှာ ရပ်တည်နေပါတယ်။ လေဗာကူဆင်ကလည်း ၂၃ မှတ်ရထားတော့ အချဉ်တော့မဟုတ်ပါဘူး။ ဘိုင်ယန်ရဲ့ ဂျဲဇီ၊ လီဝမ်ဒေါစကီး၊ မူလာ၊ ရော့ဘန်တို့ရဲ့ တွဲလုံးတိုက်စစ်ကို သဘောကျပါတယ်။

ဟမ်းဘတ် - မိန့်ဇ်

တနင်္ဂနွေ၊ ည ၉း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ မိန့်ဇ် ၃-၂ ဟမ်းဘတ်

အိမ်ရှင်ဟမ်းဘတ်က တန်းဆင်းဇုန်ထဲကျရောက်နေပြီး ၁၃ ပွဲမှာ ၁၂ မှတ်ရထားပါတယ်။ မိန့်ဇ်ကတော့ ၁၃ ပွဲမှာ ၁၆ မှတ်ရထားပါတယ်။ မိန့်ဇ် သရေခံကစားမယ်လို့ ထင်ပါတယ်။

ဖရန့်ဖတ် - ဝါဒါဘရီမင်

တနင်္ဂနွေ၊ ည ၁၁း၀၀

နောက်ဆုံးတွေ့ဆုံမှု၊ ဖရန့်ဖတ် ၀-၀ ဝါဒါဘရီမင်

ဖရန့်ဖတ်အနေနဲ့ အိမ်ကွင်းမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးပြီး ၁၈ မှတ်ရထားတယ်။ ဝါဒါဘရီမင်ကတော့ ၁၃ ပွဲကစား၊ ၁၃ မှတ်ရထားလို့ တစ်ပွဲတစ်မှတ်ရသလိုဖြစ်နေတယ်။ ဖရန့်ဖတ်က မိုင်ယာက ရှစ်ဂိုးသွင်းပြီး ထိပ်တန်းဂိုးသွင်းရှင်ဖြစ်နေတယ်။ ဒါပေမဲ့ ဝါဒါဘရီမင်ကလည်း ဒီဆန့်တို့က ခြောက်ဂိုးသွင်းထားတယ်။ ဝါဒါဘရီမင်ကို ကြိုက်ပါတယ်။ ■

ဂျာမန် ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၃)

ဖရိုင်းဘတ်	၁-၄	စတုဂတ်	
အော့စ်ဘတ်	၃-၁	ဟမ်းဘတ်	
လေဗာကူဆင်	၅-၁	ကိုလုံး	
ဟာသာဘာလင်	၀-၁	ဘိုင်ယန်မြူးနစ်	
ရှော်လ်ကေး	၄-၁	မိန့်ဇ်	
ဝါဒါဘရီမင်	၄-၀	ပက်ဒါဘွန်း	
ဟော့ဖန်ဟိမ်း	၄-၃	ဟန်နိုဗာ	
ဝုဖ်ဘတ်	၁-၀	ဂလက်ဘတ်	
ဖရန့်ဖတ်	၂-၀	ဒေါ့မွန်	

သွင်းဂိုးအများဆုံး

မီယာ(ဖရန့်ဖတ်)	၈ ဂိုး
ဂျဲဇီ (ဘိုင်ယန်)	၇ ဂိုး
အိုကာဇာကီ (မိန့်ဇ်)	၇ ဂိုး
ဟန်တယ်လာ (ရှော်လ်ကေး)	၇ ဂိုး

ဂျာမန် ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၃)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘိုင်ယန်	၁၃	၁၀	၃	၀	၃၂	၃	၃၃
ဝုဖ်ဘတ်	၁၃	၈	၂	၃	၂၅	၁၂	၂၆
လေဗာကူဆင်	၁၃	၆	၅	၂	၂၅	၁၇	၂၃
အော့စ်ဘတ်	၁၃	၃	၀	၆	၁၈	၁၃	၂၁
ဂလက်ဘတ်	၁၃	၅	၅	၃	၁၆	၁၀	၂၀
ရှော်လ်ကေး	၁၃	၆	၂	၅	၂၁	၁၈	၂၀
ဟော့ဖန်ဟိမ်း	၁၃	၅	၅	၃	၂၁	၂၁	၂၀
ဟန်နိုဗာ	၁၃	၆	၁	၆	၁၃	၁၈	၁၉
ဖရန့်ဖတ်	၁၃	၅	၃	၅	၂၂	၂၄	၁၈
မိန့်ဇ်	၁၃	၃	၃	၃	၁၆	၁၈	၁၆
ပက်ဒါဘွန်း	၁၃	၄	၄	၅	၁၈	၂၂	၁၆
ကိုလုံး	၁၃	၄	၃	၆	၁၃	၁၈	၁၅
ဟာသာဘာလင်	၁၃	၄	၂	၇	၁၇	၂၃	၁၄
ဝါဒါဘရီမင်	၁၃	၃	၄	၆	၁၈	၂၆	၁၃
ဖရိုင်းဘတ်	၁၃	၂	၆	၅	၁၄	၂၀	၁၂
စတုဂတ်	၁၃	၃	၃	၇	၁၈	၂၇	၁၂
ဟမ်းဘတ်	၁၃	၃	၃	၇	၇	၁၇	၁၂
ဒေါ့မွန်	၁၃	၃	၂	၈	၁၄	၂၁	၁၁

အင်ဒိုနီးရှားဖိတ်ခေါ် မာရာဟာလင်ဖလား ပြိုင်ပွဲ မြန်မာယူ-၂၀ အသင်း ယှဉ်ပြိုင်မည်

ကျော်ဇင်လှိုင်

လာမည့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ၊ မီဒန်မြို့၌ ကျင်းပပြုလုပ်မည့် မာရာဟာလင် ဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မြန်မာ ယူ-၂၀ အသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ မာရာဟာလင်ဖလားပြိုင်ပွဲတွင် အင်ဒိုနီးရှား စူပါလိဂ်ထိပ်တန်းကလပ်အသင်းများနှင့်၊ ဩစတြေးလျလိဂ်မှ Perth Glory FC အသင်းနှင့် မြန်မာ ယူ-၂၀ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လက်ရှိတွင် အင်ဒိုနီးရှား စူပါလိဂ်မှ မည်သည့်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ကို မထုတ်ပြန်သေးကြောင်း သိရသည်။

ပြိုင်ပွဲတွင် စုစုပေါင်း အသင်းရှစ်သင်း ပါဝင်မည်ဖြစ်ပြီး လေးသင်းတစ်အုပ်စုဖြင့် အုပ်စုနှစ်စုခွဲကာ ကျင်းပမည် ဖြစ်သည်။ အုပ်စု အဆင့်ပြိုင်ပွဲကို လာမည့် ဇန်နဝါရီလ ၄ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီလ ၁၀ ရက်နေ့တွင်လည်းကောင်း၊ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဇန်နဝါရီလ ၁၂ ရက်နေ့ ကျင်းပမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းသည် လာမည့် ၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိသော အသင်းတစ်သင်းဖြစ်သည်။ ယူ-၂၀ ကမ္ဘာ့ဖလားမတိုင်မီ အကြိုပြင်ဆင်မှုအနေဖြင့် အဆိုပါ မာရာဟာလင်ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အင်ဒိုနီးရှားမာရာဟာလင်ဖလား ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ၁၉၉၅ ခုနှစ်က နောက်ဆုံး ကျင်းပခဲ့ခြင်းဖြစ်သည်။ ■

၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရ မြန်မာ ယူ-၂၀ အသင်း။ ဓာတ်ပုံ - အောင်ဌေးလှိုင်

မုတ္တမ မီနီမာရသွန်ပြိုင်ပွဲ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည်

ကျော်ဇင်လှိုင်

kyawzinhlaing.mcm@gmail.com

မုတ္တမ မီနီမာရသွန်ပြိုင်ပွဲနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းဖြောကြားနေစဉ်။ ဓာတ်ပုံ - ကျော်ဇင်လှိုင်

မုတ္တမဟိုးလ်ဒင်းလီမိတက်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပမည့် ပထမအကြိမ် မုတ္တမမီနီမာရသွန်ပြိုင်ပွဲကို လာမည့် ဒီဇင်ဘာလ ၂၈ ရက်နေ့၊ နံနက် ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံအားကစားကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင်အမျိုးသား မီနီမာရသွန် (၁၀ ကီလိုမီတာ)၊အမျိုးသမီးမီနီမာရသွန် (၁၀ ကီလိုမီတာ) ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အပျော်တမ်းပြိုင်ပွဲ သုံးကီလိုမီတာ မာရသွန်ပြိုင်ပွဲလည်းပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေးအဖြစ် တစ်ဦးလျှင် ကျပ် ၅,၀၀၀ သတ်မှတ်ထားပြီး ရရှိလာသော ပြိုင်ပွဲဝင်ကြေးအားလုံးကို ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသို့ လှူဒါန်းသွားမည်ဖြစ်သည်။

ပြိုင်ပွဲကို အောင်မြင်မှုအရှိန် လျော့နည်းလာသော မြန်မာ့ပြေးခုန်ပစ်အားကစားနည်းအောင်မြင်မှုများ ပြန်လည်ရရှိစေရန် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း မုတ္တမမီနီမာရသွန်ပြိုင်ပွဲကျင်းပရေး ကော်မတီအတွင်းရေးမှူးဦးသန်းဝင်းက ပြောသည်။

"မြန်မာ့ ပြေးခုန်ပစ်အားကစားနည်းဟာ အရင်ကဆိုရင် နိုင်ငံတကာပြိုင်ပွဲတွေမှာ ရွှေတံဆိပ်တွေ အများကြီး ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အခုတော့ ရွှေတံဆိပ်ရတယ်ဆိုတာ နည်းပါးလာပါတယ်။ ဒီပြိုင်ပွဲကနေ မြန်မာ့ ပြေးခုန်ပစ် အားကစားနည်းအတွက် ရွှေတံဆိပ်တွေ ဆွတ်ခူးနိုင်မယ့် မျိုးဆက်သစ်ကစားသမားတွေ အမြောက်အမြား ပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။ ဒီပြိုင်ပွဲကိုနှစ်စဉ် ကျင်းပနိုင်အောင် ကြိုးစားသွားမှာပါ။ ဒီပြိုင်ပွဲကနေ အတွေ့အကြုံတွေရယူပြီး နောက်နှစ်တွေမှာ နိုင်ငံတကာမာရသွန် ပြိုင်ပွဲကြီး ကျင်းပနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

၁၀ ကီလိုမီတာ မီနီမာရသွန်ပြိုင်ပွဲတွင် ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သိန်း၊ တတိယဆု ကျပ် ငါးသိန်း၊ စတုတ္ထဆု ကျပ် သုံးသိန်း၊ ပဉ္စမဆု ကျပ် နှစ်သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ပန်းဝင်လာသည့် အဆင့်(၆)မှ(၁၀)အထိကို ငွေကျပ် တစ်သိန်းစီနှင့် အဆင့်(၁၁) မှ (၂၀) အထိကို ငွေကျပ် ငါးသောင်းစီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

၁၀ ကီလိုမီတာ မီနီမာရသွန် အပြေးလမ်းကြောင်းမှာ သုဝဏ္ဏအားကစားရုံ(၁)မှ တာလွတ်၍ ဝေဇယန္တာလမ်းမကြီးအတိုင်း ဂန္ဓမာလမ်းမှ ပြန်ကွေ့၍ သုဝဏ္ဏအားကစားရုံသို့ ပြန်လည်ပန်းဝင်ရမည်ဖြစ်သည်။ ပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာ မီနီမာရသွန်ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအတိုင်း အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

"ဆုအမျိုးအစား စုစုပေါင်း ၄၀ မျိုးချီးမြှင့်သွားမှာပါ။ ပြိုင်ပွဲဝင်တွေကို အမှတ်တရ လက်ဆောင်တွေလည်း ပေးအပ်သွားမှာပါ။ ဒီပြိုင်ပွဲကရတဲ့ ပြိုင်ပွဲဝင်ကြေးအားလုံးကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးကို လှူဒါန်းသွားမှာဖြစ်တာကြောင့် ပါဝင်ယှဉ်ပြိုင်သူတိုင်း အလှူဒါနပေး လှူသလိုဖြစ်လာစေမှာပါ"ဟု ဦးသန်းဝင်းက ပြောသည်။

"မာရသွန်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူအားလုံးသည် ရန်ကုန်တိုင်းအတွင်း နေထိုင်သူဖြစ်ရပါမယ်။ နောက်ပြီး နိုင်ငံကိုယ်စားပြု ပြေးခုန်ပစ်လက်ရွေးစင်ဟောင်းများနဲ့ လက်ရှိလက်ရွေးစင်အဖြစ် ရှိနေသူများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမှာ မဟုတ်ပါဘူး"ဟု ပြိုင်ပွဲစည်းမျဉ်းနှင့်ပတ်သက်၍ ဦးသန်းဝင်းကပြောသည်။

"ကျွန်တော်တို့မုတ္တမဟိုးလ်ဒင်း လီမိတက် အနေနဲ့ မာရသွန်ပြိုင်ပွဲကို ပထမဆုံးအကြိမ် ကျင်းပတာပါ။ မာရသွန်အားကစားနည်းက အခြေခံလူတန်းစားအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်လို့ပါ။ ဒီနှစ်မှာ အချိန် အခက်အခဲရှိတာကြောင့် မာရသွန်ပြိုင်ပွဲကြီးကို မကျင်းပနိုင်ခဲ့ပါဘူး။ နောက်နှစ်တွေမှာတော့ နိုင်ငံတကာ မာရသွန်ပြိုင်ပွဲကြီးကို ကျင်းပနိုင် အောင်ကြိုးစားသွားမှာပါ"ဟု မုတ္တမဟိုးလ်ဒင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်ကျော်စိုးက ပြောသည်။ ■

မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီး ရိုက်ပြိုင်ပွဲ ပွဲစဉ်များပြီးဆုံး

ထွန်းနေအောင်

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများ၏ နောက်ဆုံးပွဲစဉ်ကို ပြီးခဲ့သည့် နိုဝင်ဘာလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ နေပြည်တော်ဇေယျာသီရိဂေါက်ကွင်း၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်နှင့် အပျော်တမ်းအဆင့်ဟူ၍ ပွဲစဉ်များ ကျင်းပခဲ့သည်။ ပရော်ဖက်ရှင်နယ်အဆင့်တွင် မျိုးဝင်းအောင်က လေးရက်ပေါင်းရိုက်ချက် ၂၈၅ ချက်ဖြင့် ပထမ၊ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ယဉ်မေမျိုးက သုံးရက်ပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် ပထမရရှိခဲ့သည်။

၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို ယခုနှစ် မတ်လမှ နိုဝင်ဘာလအထိ ပွဲစဉ်ပေါင်း ခြောက်ပွဲကျင်းပခဲ့ပြီး ရွှိုင်ရယ် မြန်မာဂေါက်ကလပ်(နေပြည်တော်)၊ ရန်ကုန်ဂေါက်ကလပ်(ရန်ကုန်)၊ ရွှေမန်းတောင်ဂေါက်ကလပ်(မန္တလေး)၊ ပြင်ဦးလွင်ဂေါက်ကလပ်(ပြင်ဦးလွင်)၊ ပုဂံဂေါက်ကလပ်(ပုဂံ)နှင့် ဇေယျာသီရိ ဂေါက်ကလပ်(နေပြည်တော်)တို့တွင် ယှဉ်ပြိုင်စေခဲ့သည်။

ပရော်ဖက်ရှင်နယ်အဆင့် ပွဲစဉ်အားလုံးပေါင်းတွင် ဇော်ဇော်လတ်က အနိုင်ရရှိခဲ့ပြီး ဆုကြေးငွေ စုစုပေါင်း ၉၃ သိန်း ဆွတ်ခူးခဲ့သည်။ အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် အကောင်းဆုံး ကစားသမားအဖြစ် မောင်မောင်ဦးကို ရွေးချယ်ခဲ့ပြီး အမျိုးသမီးအဆင့်တွင် ယဉ်မေမျိုးကို ရွေးချယ်ခဲ့သည်။ ■

Asia

သမ္မတဂျိုကိုဝီရဲ့ စိတ်ဓာတ်
တက်ကြွစေတဲ့ ဥပမာ

ASIA 56

ကျောင်းသားများကို ဆန္ဒပြမှုရုပ်သိမ်းရန် ဟောင်ကောင် ခေါင်း

ဟောင်ကောင် - ဟောင်ကောင်၏ မူလကတည်းကရှိနေသည့် ဒီမိုကရေစီအရေးလှုပ်ရှားမှုအဖွဲ့ "Occupy Central" ကိုတည်ထောင်သူ သုံးဦးက ဒီဇင်ဘာ ၃ ရက်တွင် ၎င်းတို့၏လှုပ်ရှားမှုကို လက်လျှော့ကာ အဖမ်းခံတော့မည်ဖြစ်ကြောင်းနှင့် ကျောင်းသားများကိုလည်း ပြန်လည်ဆုတ်ခွာရန် ဒီဇင်ဘာ ၂ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် တိုက်တွန်းပြောကြားခဲ့သည်။

ဆန္ဒပြသူများနှင့် အဓိကရုဏ်း ရဲတပ်ဖွဲ့ဝင်များအကြား နိုဝင်ဘာ ၃၀ ရက်က ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ဆယ်ကျော်သက်အရွယ် ကျောင်းသားခေါင်းဆောင် ကျော့စွာဝေါင်နှင့် အခြား ကျောင်းသူနှစ်ဦးတို့က ဒီဇင်ဘာ ၁ ရက်က စတင်ကာ အစာငတ်ခံ ဆန္ဒပြလျက်ရှိသည်။

သူတို့က နောက်ဆုတ်ပေးဖို့ပြောတယ်။ ဒါဟာ ကျွန်တော်တို့ တစ်လျှောက်လုံးတောင်းဆိုလာတာကို အယုံအကြည်မဲ့စေပါတယ်။ အောင်မြင်မှုတစ်ခု မရမချင်း ဒီလှုပ်ရှားမှုကို

နှစ်လ ကြာမြင့်နေပြီဖြစ်သည့် ဟောင်ကောင် ဒီမိုကရေစီအရေး ဆန္ဒပြမှုများမှာ အချည်းနှီးသာဖြစ်လိမ့်မည်ဟု ဟောင်ကောင် အုပ်ချုပ်ရေးမှူးက သတိပေး ပြောကြားခဲ့ပြီးနောက် အသက် ၁၈ နှစ်အရွယ် ဝေါင်နှင့် အခြားကျောင်းသူနှစ်ဦးတို့က အကန့်အသတ်မရှိ အစာငတ်ခံဆန္ဒပြသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ကျောင်းသားများဦးဆောင်သော ဆန္ဒပြသူများက ဟောင်ကောင် အုပ်ချုပ်ရေးမှူး အသစ်ကို လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ခွင့်ရရန် တောင်းဆို ဆန္ဒပြလျက်ရှိပြီး ဟောင်ကောင် အဓိက အချက်အချာနေရာမှ လစ်မကြီးတစ်ခုကိုလည်း အတားအဆီး အကာအရံများဖြင့် ဆက်လက်ပိတ်ဆို့ ဆန္ဒပြလျက်ရှိသည်။ နိုဝင်ဘာ ၃၀ ရက်ညက အစိုးရဌာနချုပ်ရုံးကိုဝိုင်းကာ ဆန္ဒပြရန်ကြိုးစားသော ဆန္ဒပြကျောင်းသားများနှင့် ရဲတပ်ဖွဲ့ဝင်များ အကြား အဓိကရုဏ်းများ ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက ငရုတ်ကောင်းရည်များဖြန်းကာ နှိမ်နင်းခဲ့သည်။ ဒီဇင်ဘာ ၁ ရက် နံနက်ကလွတ်တော်နှင့် အစိုးရရုံးများကိုလည်း ခေတ္တပိတ်ထားခဲ့ရသည်။

ဟောင်ကောင် "ထီးတော်လှန်ရေး" ဟုခေါ်သော ဒီမိုကရေစီအရေးဆန္ဒပြမှုတွင် ထင်ရှားသော ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့်ဝေါင်က ၎င်းနှင့်အတူ အသက် ၁၈ နှစ်အရွယ် တက္ကသိုလ်ကျောင်းသူ အစ္စဘယ်လာလိုနှင့် အသက် ၁၇ နှစ်အရွယ် အထက်တန်းကျောင်းသူ ပရင့်စ်ဝေါင်တို့က ၎င်းတို့၏ တောင်းဆိုချက်များကို အစိုးရက မလိုက်လျောမချင်း အစာငတ်ခံ ဆန္ဒပြသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟောင်ကောင် အာဏာပိုင်များကို ကျောင်းသားများနှင့် ပြန်လည်ဆွေးနွေးရန် ဝေါင်က တောင်းဆိုထားပြီး ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ဟောင်ကောင်အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များမှာ တရုတ်အစိုးရလိုလားသည့် ကော်မတီက စိစစ်ရွေးချယ်ထားသော ကိုယ်စားလှယ်များဖြစ်ရမည်ဟူသော ဆုံးဖြတ်ချက်ကို ပြန်လည် ရုပ်သိမ်းပေးရန်လည်း တရုတ်အစိုးရကို တောင်းဆိုထားသည်။

ဆန္ဒပြမှုများမှာ အရာရောက်မည်မဟုတ်ကြောင်းနှင့် ဆန္ဒပြမှုများကို ရှေ့လျှောက်ပြတ်ပြတ်သားသား နှိမ်နင်းသွားမည်ဖြစ်ကြောင်း ဟောင်ကောင်အုပ်ချုပ်ရေးမှူး လီအန်ချွန်ယင်းက သတိပေးပြောကြားခဲ့ပြီးနောက် ကျောင်းသားများ၏ အစာငတ်ခံဆန္ဒပြမည့်ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

"Admiralty" ခရိုင်၌ ဒီဇင်ဘာ ၁ ရက်က ဆန္ဒပြသူ ၄၀ ကိုဖမ်းဆီးခဲ့ပြီး အရာရှိ ၁၁ ဦးထိခိုက်ဒဏ်ရာရခဲ့ကာ စုစုပေါင်း လူ ၃၇ ဦးကို ဆေးရုံတင်ပို့ ကုသခဲ့ရကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထိုက်၊ ချန်ခင်မန်းနှင့် ချူယူမင်တို့သုံးဦးက အစောပိုင်းက စတင်တည်ထောင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကျောင်းသားများ၏ ဒီမိုကရေစီ အရေးလှုပ်ရှားမှုက ရှေ့တန်းသို့ ရောက်လာခဲ့သည်။

ဝေါင်က "Occupy Central" ဆိုတဲ့ ဒီမိုတော်လှန်ရေး ဆိုတာလည်း ပေါ်ပေါက်လာမှာမဟုတ်ဘူး" ဟု ပြောကြားခဲ့ပြီး Occupy အဖွဲ့၏ တောင်းဆိုမှုကို ဆွေးနွေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။ သို့သော်လည်း တောင်းဆိုချက်များ မရမချင်း လက်လျှော့

ကျောင်းသားခေါင်းဆောင်များဖြစ်သည့် ပရင့်စ်ဝေါင်၊ အစ္စဘယ်လာလိုနှင့် ဂျိုရှုအာရဲဝေါင်တို့က အက်ဒ်မိုင်ယာရတီ သပိတ်စခန်းတွင် မီဒီယာ

ဖြစ်ပွားခဲ့သော အဓိကရုဏ်းတွင် ရဲတပ်ဖွဲ့က "Occupy Central" အဖွဲ့ကို ၂၀၁၃ ခုနှစ် ကရေစီအရေး လှုပ်ရှားမှုမရှိခဲ့ရင် ထီး

ဂျပန်နိုင်ငံက အာကာသစူးစမ်းလေ့လာရေး ဒုံးပျံတစ်စင်း စေလွှတ်

တိုကျို - ဥရောပ အာကာသယာဉ်တစ်စင်းက ကြယ်တံခွန်တစ်ခုပေါ်သို့ သမိုင်းဝင် ဆင်းသက်နိုင်ခဲ့ပြီး ရက်သတ္တပတ်များ ကြာပြီးနောက်တွင် ဝေးကွာလှသည့်နေရာက ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုကို စူးစမ်းလေ့လာရန် စူးစမ်းလေ့လာရေးယာဉ်တစ်စင်းကို သယ်ဆောင်သွားသော ဒုံးပျံတစ်စင်းကို ဂျပန်နိုင်ငံက ဒီဇင်ဘာ ၃ ရက်က လွှတ်တင်ခဲ့သည်။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း ဆိုးရွားလှသည့် ရာသီဥတုကြောင့် ဒုံးပျံလွှတ်တင်ရန် ကြန့်ကြာနေခဲ့ပြီးနောက် ဒီဇင်ဘာ ၃ ရက်က HIIA ဒုံးပျံကို နိုင်ငံတောင်ပိုင်း ကျူးရှူးကျွန်း၊ ကာဂိရှိုးမားစီရင်စု၌ရှိသော တာကီဂါရှိုးမား ကျွန်းပေါ်ရှိ တာနီဂါရှိုးမား အာကာသစခန်းမှ ဒေသစံတော်ချိန် ၁ နာရီ ၂၂ မိနစ် အချိန်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဂျပန် အာကာသစူးစမ်းလေ့လာရေး အေဂျင်စီ (JAXA)၏ အဆိုပါ စူးစမ်းလေ့လာရေးခရီးကို ဟာယာဘူစာ-၂ ဟု အမည်ပေးထားကာ ယခုလွှတ်တင်လိုက်သော ဒုံးပျံမှာ စူးစမ်းလေ့လာမည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားထံသို့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ရောက်ရှိမည်ဟု မျှော်လင့်ရပြီး တစ်နှစ်ခွဲကြာ လေ့လာမှုများ ပြုလုပ်ပြီးနောက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

1999JU3 ဟုခေါ်သော အာကာသအတွင်းရှိ ဂြိုဟ်သိမ်ဂြိုဟ်မွှားကို စူးစမ်းရန် အတွက် ယန်း ၃၁ ဘီလျံ (ဒေါ်လာ သန်း ၂၆၀) ကုန်ကျခဲ့ကြောင်း သိရသည်။

သက်ရှိများနှင့် စကြဝဠာအကြောင်း အခြေခံ အချက်အချို့ကို သိရှိရန်ရည်ရွယ်ပြီး ဂြိုဟ်သိမ်ဂြိုဟ်မွှားရှိ အပိုင်းအစ နမူနာများကို ရယူရန် အဆိုပါဒုံးပျံကို လွှတ်တင်ခဲ့ခြင်းဖြစ်ကာ ဂြိုဟ်သိမ်ဂြိုဟ်မွှား မျက်နှာပြင်ကိုလည်း လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ဟာယာဘူစာ-၂ စူးစမ်းလေ့လာရေးခရီးစဉ်ကို ဂျပန် အာကာသအစီအစဉ်အတွက် ဌေးကြေးပုံပိုးမှုဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဖြစ်သည့် အာကာသလုပ်ငန်းဆိုင်ရာ ကော်မရှင်က ၂၀၀၆ ခုနှစ်တွင် သဘောတူခဲ့ခြင်းဖြစ်သည်။ ■ (အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။

တာနီဂါရှိုးမား အာကာသစခန်းမှ ဟာယာဘူစာ-၂ အာကာသယာဉ်လွှတ်တင်စဉ်။

ဖိလစ်ပိုင် အကြမ်းဖက်မှုဒဏ် ခံနေရသော မုဆိုးမများဘဝ
WORLD 61

ခရီးသွားများကို ဆွဲဆောင်နေသည့် ထိုင်းရေပေါ် ဘောလုံးကွင်း
WORLD 62

ဆောင်သုံးဦးတိုက်တွန်း

များအား ရှင်းလင်းပြောကြားနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

မည်မဟုတ်ကြောင်း ဆန္ဒပြသူများက ပြောကြားခဲ့သည်။

"သူတို့က နောက်ဆုတ်ပေးဖို့ပြောတယ်။ ဒါဟာ ကျွန်တော်တို့တစ်လျှောက်လုံး တောင်းဆိုလာတာကို အယုံအကြည်မဲ့စေပါတယ်။ အောင်မြင်မှုတစ်ခု မရမချင်း ဒီလှုပ်ရှားမှုကို အဆုံးသတ်ဖို့ စဉ်းစားမှာ မဟုတ်ဘူး"ဟု ဆန္ဒပြသူတစ်ဦးဖြစ်သည့် အသက် ၂၄ နှစ်အရွယ် Raymond Tsang က ပြောသည်။ ■

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။

သတင်းတို

အသိဉာဏ်ပိုင်းချို့တဲ့သည့် အမျိုးသမီးများ စော်ကားခံနေရ

နယူးဒေလီ - အိန္ဒိယတွင် အသိဉာဏ်ပိုင်း ချို့တဲ့သည့် အမျိုးသမီးများသည် ၎င်းတို့အား စောင့်ရှောက်ထားသည့် ဂေဟာများတွင် အခန်းတွင်း သော့ပိတ်ထားပြီး လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းနှင့် အခြားသော ညှဉ်းပန်းနှိပ်စက်မှုများခံရကာ တိရစ္ဆာန်ထက်ဆိုးဝါးသည့် အခြေအနေဖြင့်နေထိုင်ရကြောင်း လူအခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့၏ ဒီဇင်ဘာ ၃ ရက်နေ့တွင်ထုတ်ပြန်သည့်အစီရင်ခံစာကဆိုသည်။ အသိဉာဏ်ဗဟုသုတ အားနည်းသူများသည်လည်း လူအများမထီမဲ့မြင်ပြုခြင်းကို ခံနေရပြီး အရာရာကိုကြောက်ရွံ့နေကြရသလို အများတကာ၏ စွပ်စွဲပြောဆိုမှုများကိုလည်း ခံနေကြရကြောင်း အဆိုပါ လူအခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာက ဆိုသည်။ 'တိရစ္ဆာန်ထက်ဆိုးရွားသည့် ဆက်ဆံမှု'ဟု ခေါင်းစဉ်တပ်ထားသည့် ယင်းအစီရင်ခံစာသည် ယင်းသို့ပြုမူခံနေရသူ၊ အဖွဲ့အစည်းများတွင်လုပ်ကိုင်နေသည့် အမျိုးသမီးများနှင့်မိန်းကလေး ၅၂ ဦးကို ဆရာဝန်အယောက် ၁၅၀ အပါအဝင် မိသားစုဝင်များနှင့်အတူ တွေ့ဆုံမေးမြန်းရာမှရရှိသည့် အချက်များကို အခြေခံပြီး ရေးသားထားခြင်းဖြစ်သည်။ ■

(အေအက်ဖ်ပီ) သဲသဲထွေး ဘာသာပြန်သည်။

မှန်ကန်သည့် အနုပညာအမြင်တစ်ရပ် ဖော်ဆောင်ရေး တရုတ်နိုင်ငံ ကြိုးပမ်း

အတွေ့အကြုံယူရန် ရုပ်ရှင်နှင့် အနုပညာရှင်များကို သုံးလလျှင်တစ်ကြိမ် စေလွှတ်

ပေကျင်း - 'မှန်ကန်သည့် အနုပညာအမြင်တစ်ရပ်'ဖော်ဆောင်နိုင်စေရန် အနုပညာရှင်များ၊ ရုပ်ရှင်ရိုက်ကူးသူများ၊ ရုပ်မြင်သံကြားအစီအစဉ် ထုတ်လုပ်သူများကို ကျေးလက်ဒေသများရှိ ပြည်သူများကြား သွားရောက်နေထိုင်ရန် တရုတ်အစိုးရက စေလွှတ်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂ ရက်ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြခဲ့သည်။

ပညာတတ်များနှင့် အခြားသောပုဂ္ဂိုလ်များကို ကျေးလက်ဒေသရှိ တောင်သူလယ်သမားနှင့်အတူ နေထိုင်ပြီး ၎င်းတို့၏ လုပ်ငန်းခွင်တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်အားပေးရန် စေလွှတ်သည့် မော်စီတုန်းခေတ်အခြေအနေ ပြန်လည် ထင်ဟပ်စေသည့် အာဏာရကွန်မြူနစ်ပါတီ၏ နောက်ဆုံးထွက်ပေါ်လာသည့် ဆောင်ရွက်ချက်ပင်ဖြစ်သည်။

အရည်အသွေးမပြည့်မီသည့် ထုတ်လုပ်မှုများဖြင့် နာမည်ကြီးရုံသက်သက် ရိုက်ကူးခြင်းမပြုလုပ်ရန်၊ ယင်းသို့လုပ်မည့်အစား ဆိုရှယ်လစ်စနစ်ကို တိုးတက်အောင်ဆောင်ရွက်ကြရန် အနုပညာရှင်တစ်စုကို သမ္မတရှီကျင့်ဖျင်က တိုက်တွန်းပြောကြားပြီး ယင်းပြောကြားချက်ကို နိုင်ငံပိုင်မီဒီယာက မော်စီတုံးမိန့်ခွန်းတစ်ရပ်နှင့် ယှဉ်ကာ သုံးသပ်ဖော်ပြခဲ့သည်။ ထိုသို့ဖော်ပြပြီး ရက်သတ္တပတ်အတန်ကြာတွင် ယခုကဲ့သို့ စေလွှတ်သည့်ကိစ္စပေါ်ပေါက်လာခြင်းဖြစ်သည်။

အခြေခံလူတန်းစားများ နေထိုင်ရာ ရပ်ကွက်များ၊ တောရွာများ နှင့်သတ္တုတူးဖော်ရေး လုပ်ငန်းခွင်များသို့ သွားရောက်လေ့လာပြီး အတွေ့အကြုံယူရန် ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများတွင် ပါဝင်မည့် သူများကို သုံးလလျှင်တစ်ကြိမ်ကျ စေလွှတ်မည့်အစီအစဉ်ကို တရုတ်နိုင်ငံ၏ သတင်းဌာနများ စောင့်ကြည့်ရေးအဖွဲ့က လုပ်ဆောင်မည်ဖြစ်ကြောင်း သတင်း၊ စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအထွေထွေ ကွပ်ကဲရေးဌာန၏ ထုတ်ပြန်ချက်ကို

> ဝေဖန်ရေးသမား တွေနဲ့ ပညာတတ် လူတန်းစားတွေအပေါ် လိမ္မာပါးနပ်စွာနဲ့ ဖိအားပေး ဆောင်ရွက်ဖို့ အချိန်ပြန်ရောက်

ကိုးကားပြီး ရှင်ဟွာသတင်းက ဖော်ပြခဲ့သည်။

ဇာတ်ညွှန်းရေးသားသူ၊ ဒါရိုက်တာ၊ ရေဒီယိုထုတ်လွှင့်သူများနှင့် ရုပ်သံစီစဉ်တင်ဆက်သူများကိုပါ လူနည်းစု တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာ နယ်စပ်ဒေသများနှင့်တော်လှန်ရေးစစ်ပွဲတွင် အနိုင်ရရှိအောင် အဓိက အခန်းကဏ္ဍက ပါဝင်ခဲ့သည့်နယ်မြေများတွင် ရက် ၃၀ ထက်မနည်း နေထိုင်လုပ်ကိုင်ရန် စေလွှတ်သွားမည်ဟုလည်း အဆိုပါသတင်းတွင် ရေးသားထားသည်။

ယင်းအစီအစဉ်သည် ဝေဖန်ပြောဆိုမှုများ မထွက်ပေါ်စေရန် ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည့်မော်၏ ပုံစံအတိုင်း အဂတိလိုက်စားမှု ဆန့်ကျင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် ရှီကဉီးဆောင်လှုပ်ရှားခြင်းဖြစ်ကြောင်း ဟောင်ကောင် City University မှ နိုင်ငံရေးသိပ္ပံဌာနမှပါမောက္ခ ဂျိုးဆက်ချင်က ဆိုသည်။

"သမ္မတကြီး ရှီကျင့်ဖျင်မှာ ဖိအားတွေ တော်တော်များနေပါပြီ။ သူ့ရဲ့ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကလည်း အကျိုးစီးပွားအတွက် စိတ်ဝင်စားမှု အမြောက်အများကို ထိခိုက်ပြီး အဆင်မပြေမှုတွေ များနေတယ်"ဟု ချင်ကပြောသည်။ "ဝေဖန်ရေးသမားတွေနဲ့ ပညာတတ်လူတန်းစားတွေအပေါ် လိမ္မာပါးနပ်စွာနဲ့ ဖိအားပေးဆောင်ရွက်ဖို့ အချိန်ပြန်ရောက်ပါပြီ" ဟုလည်း ၎င်းက ဆိုသည်။

လူကြိုက်များသည့် အနုပညာဖြင့်ဆောင်ရွက်ခြင်းသည် ဝါဒဖြန့်လှုပ်ရှားခြင်းထက် အနည်းငယ် ပိုမိုထိရောက်လာရာ အဆိုပါထုတ်ပြန်ချက်အသစ်က တရုတ်ကွန်မြူနစ်နိုင်ငံကို စတင်တည်ထောင်သူ၏ ခေတ်ကို ပြန်လည် အမှတ်ရစေပြန်သည်။ သို့သော် မော်စီတုန်း၏ ယဉ်ကျေးမှုတော်လှန်ရေးလှုပ်ရှားမှုမှာ ထုတ်ပြန်ချက်အသစ်တွင် ပညာတတ် လူတန်းစားတစ်ရပ်လုံးကို အဓိကထားရည်ရွယ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ချင်က ပြောကြားခဲ့သည်။ ■

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။

ဂျကာတာပြည်နယ် အုပ်ချုပ်ရေးမှူးဖြစ်လာသည့် ဘာဆူကီ တာဂျာဟာဂျာ ပူနာမာနှင့် သမ္မတ ဂျိုကိုဝီတို့ တွေ့ဆုံဆွေးနွေးစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

သမ္မတဂျိုကိုဝီရဲ့ စိတ်ဓာတ်တက်ကြွစေတဲ့ ဥပမာ

ရော်ဂျာမစ်တန်
rogermitton@mmtimes.com

အခုအချိန်နဲ့ နောင်နှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ သမ္မတ ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ လူတစ်ယောက်ကို လေ့လာသုံးသပ်လို့ အကျိုးအရှိဆုံးပုဂ္ဂိုလ်ရှိမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ သမ္မတသစ် ဂျိုကိုဝီဒိုဒိုပဲ ဖြစ်လိမ့်မယ်။

သမ္မတ ဂျိုကိုဝီဟာ သူ့နိုင်ငံရဲ့ တည်ငြိမ်မှုကို ထိန်းသိမ်းပြီး စီးပွားရေးအရလည်း ကောင်းမွန်စွာ လုပ်ဆောင်လို့ အောင်မြင်ခဲ့ရင် အမျိုးမျိုး ကွဲပြားခြားနားမှုတွေရှိတဲ့ မြန်မာနိုင်ငံအတွက် သမ္မတ ဂျိုကိုဝီကို စံနမူနာထားဖို့လိုတယ်။

အင်ဒိုနီးရှားနိုင်ငံဟာလည်း မြန်မာနိုင်ငံလိုပဲ လူမျိုးရေး၊ ဘာသာရေး ကွဲပြားခြားနားမှုတွေ များပြားစွာရှိတယ်။

မြန်မာနိုင်ငံနဲ့တူတာ တစ်ခုကတော့ ကွဲပြားခြားနားတဲ့ လူမျိုးနွယ် လူနည်းစုတွေဟာ ပေကတ်ကတ်နိုင်လှတဲ့ ပြဿနာ အရေးကိစ္စတွေကို ရင်ဆိုင်နေရတယ်။ အားလုံးဟာ ဗဟိုအစိုးရထံက အခွင့်အရေးတွေ ပိုပြီး တောင်းဆိုနေကြတယ်။

နေပြည်တော်အစိုးရနဲ့ မတူတာကတော့ ဂျကာတာအစိုးရဟာ ပြတ်သားစွာ ဆုံးဖြတ်ချက်ချလိုက်ပြီး ပြည်နယ် ၃၄ ခုစလုံးကို သူတို့ရဲ့ကိစ္စတွေ ထိန်းချုပ်မှုကို စို့စို့ပို့ပို့ပေးခဲ့ပြီး အာချေးကိုတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အားလုံးလိုလို ပေးခဲ့တယ်။

ဗဟိုအာဏာကို လက်အောက်အဖွဲ့အစည်းတွေကို ခွဲဝေပေးလိုက်ခြင်းဟာ ပိုင်နက်တည်တံ့ခိုင်မြဲမှုကို ခြိမ်းခြောက်ခံရမယ့်အစား အင်ဒိုနီးရှားနိုင်ငံရဲ့ ထွေပြားတဲ့လူမျိုးတွေကို ခိုင်မာပြီး တပေါင်းတစည်းဖြစ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်စေဖို့ ဖန်တီးပါတယ်။ ဒီလိုနည်းနဲ့ သမ္မတ ဂျိုကိုဝီဟာ သူ့နိုင်ငံကို ခိုင်မာတောင့်တင်း မြှင့်တင်ပေးလိုတဲ့ ဆန္ဒရှိနေတယ်။

နောင်နှစ် ရွေးကောက်ပွဲအပြီး နေပြည်တော်မှာ အာဏာရလာမယ့် အစိုးရဟာ သမ္မတ ဂျိုကိုဝီရဲ့ ဥပမာကို အတုခိုးသင့်တယ်။ လောလောဆယ်မှာတော့ သူ့ရဲ့ ပေါ်လွင်ထင်ရှားတဲ့ မူဝါဒတွေဟာ ပြည်တွင်း အတိုက်အခံသမားတွေနဲ့ ဘာသာရေး အစွန်းရောက်သူတွေကြောင့် ချွတ်ချော်မသွားဖို့ မျှော်လင့်ရမှာပဲ။ အခုအချိန်အထိ အတိတ်နိမိတ်တွေကတော့ အပြုသဘောကို ဆောင်နေတာကို တွေ့ရတယ်။

ဒီကိစ္စနဲ့စပ်လျဉ်းပြီးတော့ သမ္မတ ဂျိုကိုဝီဟာ အမေရိကန်သမ္မတ အိုဘားမားနဲ့ မကြာခဏ နှိုင်းယှဉ်ခံရတယ်။ အိုဘားမားဟာ လူမသိ သူမသိအခြေအနေကနေ နိုင်ငံရဲ့ အမြင့်ဆုံး ရာထူးကို တစ်ရှိန်ထိုး တက်လာပြီးရခဲ့တယ်။

> သမ္မတ ဂျိုကိုဝီဟာ လူမျိုးရေး၊ သို့မဟုတ် ဘာသာရေး တစ်ယူသန်သဘောထားတွေ နောက်ဘက်သို့ ပို့ရာမှာ ကြီးမားတဲ့ အင်အားကိုပြသခဲ့တယ်။ သူ့လိုလုပ်ရပ်မျိုးကို

သမ္မတ အိုဘားမားကို မဆိုထားနဲ့ ဘယ်သူပဲဖြစ်ဖြစ် လွန်ကဲတဲ့ မျှော်လင့်ချက်တွေကို ပြီးမြောက်ဖို့ ဘယ်လိုမှ မလုပ်နိုင်ဘူး။ မကြာသေးခင် ပြီးသွားခဲ့တဲ့ ကွန်ဂရက်ရွေးကောက်ပွဲရလဒ်ကိုကြည့်ရင် အိုဘားမားရဲ့ မအောင်မြင်မှုဟာ အမေရိကန်ပြည်သူ အတော်များများကို စိတ်ပျက်သွားစေခဲ့တယ်။

သမ္မတ ဂျိုကိုဝီလည်း သတိမထားရင် အိုဘားမားလိုပဲ ဖြစ်သွားနိုင်တယ်။ အမှန်ပြောရရင်တော့ သူတို့နှစ်ယောက် တစ်ရှိန်ထိုး တက်သွားတာ နှိုင်းယှဉ်လို့ရတဲ့ အချက်ကလွဲရင် ဒီပုဂ္ဂိုလ်နှစ်ယောက်ဟာ ကွဲပြားကြတယ်။

သမ္မတ ဂျိုကိုဝီရဲ့ ထင်ရှားတဲ့ ဝိသေသလက္ခဏာတစ်ခုကိုကြည့်ရင် ဒေသတွင်း တခြားခေါင်းဆောင်တွေနဲ့ ဘယ်လောက်တောင် ခြားနားလဲဆိုရင် ရက်သတ္တ နှစ်ပတ်လောက်တုန်းက သူ စင်ကာပူနိုင်ငံကို သွားခဲ့တဲ့ ဖြစ်ရပ်ပဲဖြစ်တယ်။

သူ့ရဲ့ အငယ်ဆုံးသား ကျောင်းပြီးသွားတာကို သွားတာမှာ တခြားခေါင်းဆောင်တွေလို ကိုယ်ပိုင်လေယာဉ်နဲ့မသွားဘဲ အများစီးလေယာဉ် ရိုးရိုးတန်းက လိုက်သွားခဲ့တယ်။

သူ့ရဲ့ အဓိက ရည်မှန်းချက်တစ်ခုဖြစ်တဲ့ အဂတိလိုက်စားမှု နှိမ်နင်းရေးကြောင့် ချမ်းသာ ကျော်ကြားတဲ့လူတွေလို သွားလာလှုပ်ရှားရင် ရှေ့နောက်မညီဖြစ်သွားနိုင်တယ်။ ကျေးဇူးတင်ဖို့ကောင်းတာကတော့ သူ့ သမ္မတသက်တမ်း စောစောပိုင်းတွေမှာ အဆင်ချောနေတယ်။ အထူးသဖြင့် ကက်ဘိနက်အဖွဲ့ ရွေးချယ်တာကိုကြည့်ရင် သိနိုင်တယ်။

ဘဏ္ဍာရေးနဲ့ ပညာရေးဘက်မှာ သူက ထိပ်တန်း သိပ္ပံ စက်မှုပညာရှင်တွေကို ခန့်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသမိုင်းမှာ အမျိုးသမီး ဝန်ကြီးတွေကို အများဆုံး ခန့်ခဲ့တယ်။ စုစုပေါင်းအမျိုးသမီးဝန်ကြီး ကိုးဦးခန့်ခဲ့တယ်။ မလေးရှားနဲ့ မြန်မာနိုင်ငံမှာ နှစ်ဦးစီနဲ့ စင်ကာပူမှာ တစ်ဦးသာရှိတယ်။

ကံမကောင်းတာကတော့ Indonesian Democratic Party of Struggle ပါတီဝင် အဖြစ်ယှဉ်ပြိုင်ခဲ့တာကြောင့် ဒီပါတီကို ထိန်းချုပ်ထားတဲ့ သမ္မတဟောင်း မီဂါဝါတီ ဆူကာနိုပူထရီရဲ့သစ္စာခံတချို့ကို ချီးမြှောက်ခဲ့ရတယ်။

ဒါကြောင့် အာချေးနဲ့ ပါပူဝါတို့မှာ လူ့အခွင့်အရေးချိုးဖောက်တဲ့ စွပ်စွဲမှုတွေရှိနေတဲ့ ဗိုလ်ချုပ်ဟောင်း Ryamizard Ryacudu ကို ကာကွယ်ရေးဝန်ကြီးရာထူး ပေးလိုက်ရပြီး အတွေ့အကြုံနုတဲ့ မီဂါဝါတီရဲ့သမီး ပွမ်မဟာရာနီကို ဝန်ကြီးတစ်နေရာပေးလိုက်ရတယ်။

ဒီချို့ယွင်းချက်တွေကလွဲရင် သမ္မတ ဂျိုကိုဝီဟာ လူမျိုးရေး၊ သို့မဟုတ် ဘာသာရေး တစ်ယူသန်သဘောထားတွေကို အနောက်ဘက်သို့ ပို့ရာမှာ ကြီးမားတဲ့ အင်အားကိုပြသခဲ့တယ်။ သူ့လိုလုပ်ရပ်မျိုးကို မြန်မာနိုင်ငံက ခေါင်းဆောင်တွေနဲ့ ဒေသတွင်းက ခေါင်းဆောင်တွေ မလုပ်နိုင်သေးဘူး။

၂၀၁၂ ခုနှစ်က ဂျကာတာရဲ့ ပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဂျိုကိုဝီ အရွေးခံရတုန်းက ဒုတိယနေရာအတွက် အရွေးခံရသူ ဂျိုကိုဝီရဲ့ မဟာမိတ်ရင်း ဘာဆူကီ တာဂျာဟာဂျာပူနာမာကိုကြည့်ရင် သိနိုင်ပါတယ်။

အဟော့ခ်လို့ လူသိများတဲ့ ဘာဆူကီဟာ အင်ဒိုနီးရှားနိုင်ငံ လူဦးရေရဲ့ တစ်ရာခိုင်နှုန်းသာရှိတဲ့ အုပ်စုထဲမှာပါဝင်တယ်။ သူဟာ တရုတ်လူမျိုး ခရစ်ယာန်ဘာသာဝင်ဖြစ်တယ်။

အဟော့ခ်ဟာ သူ့တာဝန်ဝတ္တရားတွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူဖြစ်ပေမယ့် အစ္စလမ္မစ် တရားသေသမားတွေက အဟော့ခ်ကို အတိုက်အခံလုပ်ကြတယ်။ ဒါပေမဲ့ ဂျိုကိုဝီဟာ အဟော့ခ်ကို သမ္မတဖြစ်လာတဲ့အချိန်အထိ လုံးဝ မပစ်ပယ်ခဲ့ဘူး။ အဟော့ခ်ကတော့ အခု ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်နေပြီ။

ဒီလိုဖြစ်ဖို့ကလည်း အတော်လေးကြိုးစားပမ်းစားလုပ်ခဲ့ရတယ်။ သမ္မတ ဦးသိန်းစိန်၊ သို့မဟုတ် ဒေါ်အောင်ဆန်းစုကြည်တို့က လာမယ့်နှစ် ရွေးကောက်ပွဲမှာ ဒုတိယနေရာ အရွေးခံဖို့ ရခိုင်မွတ်စလင်၊ သို့မဟုတ် ကချင်ခရစ်ယာန်တစ်ယောက်ကို ရွေးချယ်လိုက်သလိုပေါ့။ ဒါမျိုးဖြစ်လာမှာမဟုတ်ဘူး။ သူတို့ဟာ ဂျိုကိုဝီလိုသတ္တိမျိုး မရှိကြဘူး။

လာမယ့်နှစ်မှာ ဂျိုကိုဝီရဲ့ လုပ်ဆောင်ချက်တွေကို ဆက်ပြီးလေ့လာရင် သူတို့အနေနဲ့ တန်ဖိုးရှိတဲ့ သင်ခန်းစာတွေကို ရနိုင်တာကလည်း အကြောင်းတစ်ခုပဲ။

ဘာဖြစ်လို့လဲဆိုရင် ဒါတွေကို လေ့လာမှုကြောင့် ရွေးကောက်ပွဲမှာနိုင်ဖို့ အထောက်အကူရသွားနိုင်တယ်။ ■

ဤဆောင်းပါးသည် ရော်ဂျာမစ်တန်၏ အာဘော်သာဖြစ်သည်။

(The Myanmar Times)

သောင်းညွန့် ဘာသာပြန်သည်။

သတင်းတိုများ

လှုံ့ဆော်ရေး တိဗက် အဆိုတော် ထောင်ကျ

ပေကျင်း - တိဗက်လူမျိုးများ စည်းလုံးညီညွတ်ကြရန်နှင့် မိမိတို့ ကိုယ်ပိုင်စကားနှင့် စာပေကို ပြောဆိုသင်ယူကြရန် သတိပေးနှိုးဆော်မှုဖြင့် နာမည်ကျော် တိဗက် အမျိုးသား အဆိုတော်တစ်ဦးကို တရုတ်အစိုးရက ထောင်ဒဏ်လေးနှစ် ပြစ်ဒဏ်ချလိုက်သည်ဟု သိရသည်။ တိဗက် ဘာသာစကားကို ပြောဆိုသင်ယူကြရန် ကပွဲများတွင် ပါဝင်ဖျော်ဖြေနှိုးဆော်ခဲ့ပြီး နောက် အဆိုတော် ကယ်လ်ဆန် ယာဖဲ (၃၉ နှစ်) ကို စီချွမ်ပြည်နယ် တရားရုံးတစ်ရုံးက ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်။ နိုင်ငံရေး အသားပေးသည့် သီချင်းများ သီဆိုမှုဖြင့် ယာဖဲကို စွဲချက်တင်ခဲ့ပြီး တေးစီစဉ်သူကိုလည်း ထောင်ဒဏ်နှစ်နှစ်ချမှတ်ခဲ့သည်ဟု phayul.com က နိုဝင်ဘာ ၃၀ ရက်တွင် ဖော်ပြထားသည်။ ■ (အေအက်ဖ်ပီ)

အောင်သာလင်း ဘာသာပြန်သည်။

အိန္ဒိယသူဌေးကြီး စီစဉ်ပေးသည့် စုပေါင်းလက်ထပ်ပွဲ

အာမဒါဘတ် - အိန္ဒိယ စိန်ကုန်သည်တစ်ဦးသည် ငွေကြေးမပြည့်စုံ၍ အမျိုးသမီး ၁၁၁ ဦးအတွက် စုပေါင်းလက်ထပ်ပွဲ အခမ်းအနားတစ်ခုကို စီစဉ်ပေးပြီး တစ်ဦးလျှင် ဒေါ်လာ ၇,၂၅၀ တန်ဖိုးရှိ ရွှေနှင့် အခြားပစ္စည်းများကို လက်ဖွဲ့ပစ္စည်း အဖြစ်ပေးကာ သတို့သမီးနှင်းအပ်ခြင်းသည် မွန်မြတ်ပြီး အလေးထားအပ်သည့်ကိစ္စဖြစ်သည်ဟု ပြောခဲ့သည်။ မိသားစုများ ဆင်းရဲလွန်း၍ မင်္ဂလာမဆောင်နိုင်သည့် အမျိုးသမီးများသည် ၎င်းကို မွေးစားဖခင် အဖြစ်မြင်ကြကြောင်း အသက် ၄၄ နှစ်ရှိ မာမက်ချ်ဆာဗာနီက ပြောသည်။ ၎င်းသည် ၂၀၀၈ ခုနှစ်ကတည်းက ကုသိုလ်ဖြစ် လက်ထပ်ပွဲများကို စီစဉ်ပေးခဲ့ရာ ယခုအခါ အမျိုးသမီး ၂၅၁ ဦး၏ မင်္ဂလာလက်ထပ်ပွဲများကို ဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။ ■ (အေအက်ဖ်ပီ)

ရီယိုတွင် စုံတွဲ ၂,၀၀၀ နီးပါး စုပေါင်းလက်ထပ်ကြ

ရီယိုဒီဂျနေးရိုး - မာရာကာနာ အားကစားကွင်းနှင့် ကပ်လျက်ရှိသော ခန်းမတစ်ခု၌ နိုဝင်ဘာ ၃၀ ရက်တွင် စုံတွဲပေါင်း ၁,၉၆၀ အပြန်အလှန် သစ္စာဆိုကြသည့် မင်္ဂလာပွဲသည် ရီယိုဒီဂျနေးရိုး၏ အကြီးမားဆုံး စုပေါင်းလက်ထပ်ပွဲဖြစ်သည်။ လက်ထပ်ခွင့်အမိန့်များနှင့် မင်္ဂလာ ခန်းမများအတွက် ငွေကြေးမတတ်နိုင် သဖြင့် မင်္ဂလာမဆောင်နိုင်သူများ အားတက်စေရန် အာဏာပိုင်များက ထိုပွဲကို ကမကထပြုပေးခြင်းဖြစ်သည်။ ထိုမင်္ဂလာပွဲကိုလာသည့် ဧည့်သည်များသည် လော်ကယ်ရထား အခမဲ့စီးခွင့်ရသည်။ ■ (အေအက်ဖ်ပီ)

ညွန့်ညွန့်ဝင်း ဘာသာပြန်သည်။

AYA Bank
ရောတီဘဏ်
Your Trusted Partner

15th Nov 2014
To
14th Feb 2015

ရောတီဘဏ်ရဲ့
VISA CARD နဲ့
ခရီးသွားလိုက်ပါ . . .

Sign Up & Win
အမေရိကန်ဒေါ်လာ ၂၀၀

(၉)ဆု

စည်းကမ်းချက်များ-

၁။ Promotion ကာလမှာ (၁၅-၁၁-၂၀၁၄) မှ (၁၄-၂-၂၀၁၅)ထိဖြစ်ပါသည်။

၂။ AYA World Travel Individual Card အသစ် ပြုလုပ်သူများသာပါဝင်ကံစမ်းနိုင်ပါသည်။

၃။ ဆုမဲများမှာ Promotion ကာလအတွင်းသာ အကျုံးဝင်ပါသည်။

၄။ ဆုမဲများအားလစဉ် (၁၅)ရက်မှ နောက်လ(၁၄)ရက်အတွင်း ကဒ်အသစ်ပြုလုပသူများသာ ပါဝင်ကံစမ်းနိုင်ပါသည်။

၅။ ဆုမဲ (Lucky Draw) များအား ငွေသားဖြင့် လဲလှယ်ပေးမည် မဟုတ်ပါ။

၆။ နီးစပ်ရာ ရောဝတီဘဏ်ခွဲများတွင် လျှောက်ထားနိုင်ပါသည်။

၇။ ရောဝတီဘဏ် ဝန်ထမ်းများအနေဖြင့် ပါဝင်ကံစမ်းခွင့်မရှိပါ။

၈။ ဆုမဲများအား ကံထူးရှင်များ၏ ကဒ်သို့ ဘဏ်မှတိုက်ရိုက် Top Up ပြုလုပ် ပေးသွားပါမည်။

၉။ ဖြစ်ပေါ်လာမည့်အငြင်းပွားမှုများအတွက် ရောဝတီဘဏ်၏အဆုံးအဖြတ်သာ အတည်ဖြစ်ပါသည်။

၁၀။ ကံထူးသူများအား လစဉ်ဂျာနယ်များတွင် ကြေငြာပေးသွားပါမည်။

Contact No. (+95) 9910 49 203

www.ayabank.com

WORLD FINANCE BANKING AWARDS 2013

THE GLOBAL COMPACT WE SUPPORT

World

တာဘာရီဗက်ဇ်ကွက်ဇ် ဥရုဂွေး
သမ္မတအဖြစ် ရွေးချယ်ခံရ

WORLD 60

အီရန် တိုက်ခိုက်ရေးဂျက်လေယာဉ်များ အီရတ်ရှိ အိုင်အက်စ် အဖွဲ့ ပစ်မှတ်များကို လေကြောင်းက ပုံးကြဲတိုက်ခိုက်

ထိုလေကြောင်းတိုက်ခိုက်မှုက အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်မှုတွင် အီရန်နိုင်ငံ၏ အခန်းကဏ္ဍ ပိုမိုအရှိန်မြှင့် ပါဝင်လာသည်ကို ပြသ

အီရတ်နိုင်ငံ ကာကွတ်မြို့တောင်ပိုင်းတွင် အိုင်အက်စ်တို့ကို မြေပြင်မှတိုက်ခိုက်နေကြသော ပက်ရှ်မာဂါတပ်ဖွဲ့ဝင်များ။ ဓာတ်ပုံ-အေအက်ဖ်ပီ

ဝါရှင်တန် - အီရတ်နိုင်ငံ အရှေ့ပိုင်းရှိ အိုင်အက်စ် စစ်သွေးကြွများကို အီရန်တိုက်ခိုက်ရေး ဂျက်လေယာဉ်များက မကြာသေးမီ ရက်များအတွင်း လေကြောင်းက ပုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အမေရိကန် ပင်တဂွန် စစ်ဌာနချုပ်က ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားခဲ့သည်။

ထိုလေကြောင်းတိုက်ခိုက်မှုများက အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်မှုတွင် အီရန်နိုင်ငံ၏ အခန်းကဏ္ဍ ပိုမိုအရှိန်မြှင့် ပါဝင်လာသည်ကိုပြသနေပြီး အမေရိကန်ကလည်း အီရန်နိုင်ငံနှင့် ဆက်ဆံရေး တင်းမာနေသည်ကို

> အီရန်တပ်ဖွဲ့တွေနဲ့ ပူးပေါင်း တိုက်ခိုက်မှာမဟုတ်ဘူး ဆိုတဲ့ ကျွန်တော်တို့ရဲ့မူဝါဒက လုံးဝပြောင်းလဲမှာမဟုတ်ပါဘူးဟု ရေတပ်ဗိုလ်ချုပ် ဂျွန်ကာဘီကဆို

ဘေးချိတ်ထားကာ အမေရိကန်နိုင်ငံနှင့် အီရန်နှစ်နိုင်ငံစလုံးက အန္တရာယ်ရှိသည့် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်ကြသည့် အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်ချေမှုန်းရေးအတွက် ဦးစားပေးလျက်ရှိသည်ကို တွေ့ရသည်။

"လွန်ခဲ့တဲ့ရက်အနည်းငယ်က အက်ဖ်-ဖိုးဖန်တန် (F-4 Phantom) ဂျက်တိုက်လေယာဉ်တွေနဲ့ အီရန်နိုင်ငံက လေကြောင်းက ပုံးကြဲတိုက်ခိုက်မှုတွေလုပ်ခဲ့တဲ့ အရိပ်လက္ခဏာတွေ ကျွန်တော်တို့ တွေ့ထားပါတယ်" ဟု အမေရိကန်ကာကွယ်ရေးဌာန (ပင်တဂွန်) မှ ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ် ဂျွန်ကာဘီက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

အီရန်လေတပ်သုံး F-4 တိုက်လေယာဉ်များနှင့် ဆင်တူသည်ဟုယူဆရသော တိုက်လေယာဉ်တစ်စင်းက အီရတ်နိုင်ငံအရှေ့ပိုင်း ဒိုင်ရာလာပြည်နယ်ရှိ အိုင်အက်စ် များ၏ ပစ်မှတ်နေရာများကို တိုက်ခိုက်နေသည့် ဗီဒီယိုဖိုင်တစ်ခု အယ်လ်ဂျာဇီးယားက ဖော်ပြခဲ့ပြီးနောက် ၎င်း၏ ပြောကြားချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

အီရန်တပ်ဖွဲ့ဝင်များက အီရတ်ရှိ ရှီးယာပြည်သူ့စစ်များနှင့် အီရတ်တပ်ဖွဲ့ဝင်များကို မြေပြင်တိုက်ခိုက်ရေးများ၌ အကူအညီပေးလျက်ရှိသော်လည်း အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းက ပါဝင်တိုက်ခိုက်ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ပြီး အမေရိကန်နိုင်ငံကလည်း အတည်ပြုပြောကြားထားသည်။

အမေရိကန်နိုင်ငံက အီရန်တပ်ဖွဲ့များနှင့် ပူးပေါင်းတိုက်ခိုက်ခြင်းမျိုး မရှိကြောင်းနှင့် အခြားနိုင်ငံများက တိုက်ခိုက်မှုများကို ကြီးကြပ်ရန်မှာ အီရတ်အစိုးရက ဆောင်ရွက်ရမည့် ကိစ္စဖြစ်ကြောင်း ကာဘီက သတင်းထောက်များကို ပြောကြားခဲ့သည်။

"အီရန်တပ်ဖွဲ့တွေနဲ့ ပူးပေါင်းတိုက်ခိုက်မှာမဟုတ်ဘူးဆိုတဲ့ ကျွန်တော်တို့ရဲ့မူဝါဒက လုံးဝပြောင်းလဲမှာမဟုတ်ပါဘူး" ဟု ၎င်းက ပြောကြားခဲ့သည်။

နှစ်နိုင်ငံတပ်ဖွဲ့များအကြား တိုက်ရိုက်ဆက်သွယ်ပြောဆိုခြင်းမျိုး မရှိသော်လည်း အီရန်နိုင်ငံ၏ ခေတ်မမီတော့သော တိုက်လေယာဉ်များ အီရတ်ဝေဟင်၌ လှုပ်ရှားမှုများကို အမေရိကန်တပ်ဖွဲ့များက အလွယ်တကူ စောင့်ကြည့်နိုင်ဖွယ်ရှိသည်။

အခြား မဟာမိတ်နိုင်ငံများဖြစ်သော ဥရောပနိုင်ငံများ၊ ဩစတြေးလျနှင့် ကနေဒါစသော နိုင်ငံများက စစ်လေယာဉ်များနှင့် အတူ အမေရိကန်တိုက်လေယာဉ်များ၊ ပုံးကြဲလေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် ထောက်လှမ်းရေးလေယာဉ်များက အီရတ်နိုင်ငံ၌ နေ့ရောညပါ စစ်ဆင်ရေးများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဆီးရီးယားအစိုးရကို အီရန်က စစ်ရေးအရ အကူအညီပေးနေခြင်းနှင့် ပတ်သက်ပြီး ဆီးရီးယားအစိုးရကို တိုက်ခိုက်နေသည့် အစွန်းမရောက်သော သူပုန်များကို အကူအညီပေးနေသော အမေရိကန်နိုင်ငံက အီရန်နှင့် အကြီးအကျယ် သဘောကွဲလွဲလျက်ရှိသည်။

ရှီးယားမျိုးနွယ်စုများအုပ်ချုပ်သော အီရန်နိုင်ငံက ရှီးယားအစိုးရဦးဆောင်သော အီရတ်နိုင်ငံနှင့် အနီးကပ်ဆက်ဆံရေးရှိပြီး ဆွန်နီမျိုးနွယ်စုဖြစ်သော အိုင်အက်စ် စစ်သွေးကြွများ အီရတ်နိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် အီရန်က အီရတ်နိုင်ငံကို စစ်ရေးအကူအညီပေးလျက်ရှိသည်။ ■ (အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။

အိုင်အက်စ်ခေါင်းဆောင် ဘက်ဒါဒီ၏ဇနီးနှင့်သားကို လက်ဘန္ဓနအစိုးရ ဖမ်းထား

ဘေရွတ် - လက်ဘန္ဓနအစိုးရသည် အဘူဘာကာအယ်လ် ဘက်ဒါဒီ၏ ဇနီးနှင့် သားတို့ကို ဖမ်းဆီးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောသည်။ ဘက်ဒါဒီသည် ဂျီဟဒ်အစ္စလမ္မစ်နိုင်ငံ (IS) အဖွဲ့၏ မိမိကိုယ်မိမိ အုပ်ချုပ်သူဟု အမည်ခံထားသူဖြစ်ပြီး ဤအဖွဲ့သည် အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၏ ဒေသအတော်များများကို ကျူးကျော်သိမ်းပိုက်ထားသည်။

ဆီးရီးယားနိုင်ငံ နယ်စပ်နားရှိ အာဆာလ်မြို့အနီး၌ ဇနီးနှင့်သားတို့ကို လွန်ခဲ့သည့် ၁၀ ရက်က စစ်ဘက်ထောက်လှမ်းရေးက ထိန်းသိမ်းထားခဲ့သည်။ အမျိုးသမီးမှာ ဆီးရီးယားလူမျိုးဖြစ်ပြီး သားဖြစ်သူမှာ ရှစ်နှစ်-ကိုးနှစ်အရွယ် ရှိပြီဖြစ်သည်။

လုံခြုံရေးဆိုင်ရာဘက်က ထွက်လာသည့် သတင်းတစ်ခုအရ အမျိုးသမီး၏အမည်မှာ ဆာဂျာအယ်လ်ဒူလိုင်မီဖြစ်ပြီး ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့ကြားရှိ အင်အားကောင်းသည့် ဒူလိမ်မီလူမျိုးနွယ်စုကဖြစ်ပြီး ဆီးရီးယားနိုင်ငံ အရှေ့ဘက်ရှိ ဒယ်အက်ဇောမြို့မှ ဖြစ်သည်။

ဆာဂျာအယ်လ်ဒူလိုင်မီသာ အမှန်ဖြစ်ခဲ့လျှင် အဖမ်းခံရသည့် အမျိုးသမီးသည် ဘက်ဒါဒီ၏ဇနီးဖြစ်ရန် သံသယရှိနိုင်ကြောင်း ဂျီဟဒ်လှုပ်ရှားမှုများအပေါ် ကျွမ်းကျင်သည့် ပြင်သစ်လူမျိုး Romain Caillet က ပြောသည်။

ထိုကျွမ်းကျင်သူ၏ အပြောအရ IS အဖွဲ့၏ ရန်သူ Al Nusoa Front အဖွဲ့သည် ဒီဇင်ဘာလအတွင်းက ဆီးရီးယားမြို့တစ်မြို့ဖြစ်သည့် Maalulaမှပြန်ပေးအဆွဲခံခဲ့ရသည့်ခရစ်ယာန်သီလရှင် ၁၃ ပါး၊ ကူညီသူ သုံးဦးတို့နှင့် ဒူလိုင်မီကို အလဲအလှယ်လုပ်ခဲ့ကြောင်း သိရသည်။ ဤဖြစ်ရပ်မှန်ခဲ့လျှင် ဘက်ဒါဒီ၏ ဇနီးဖြစ်နိုင်ဖွယ်မရှိကြောင်း ဆိုသည်။

ဘက်ဒါဒီမှာ ဇနီးများ၊ သားသမီးများ ဘယ်နှဦးရှိသည်ကို မသိရသော်လည်း အစ္စလမ္မစ်ဥပဒေက အမျိုးသားများကို အမျိုးသမီးလေးယောက် လက်ထပ်ခွင့်ပြုထားပြီး IS အဖွဲ့သည် ၎င်း၏အဖွဲ့ဝင်များကို တစ်ကြိမ်မက အိမ်ထောင်ပြုရန် အားပေးသည်။

ဖမ်းဆီးမှုကို ပထမဆုံး သတင်းဖော်ပြခဲ့သည့် လက်ဘန္ဓနနေ့စဉ်သတင်းစာ As Safir က နိုင်ငံခြား ထောက်လှမ်းရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဖမ်းဆီးမှုကို ပြုလုပ်ခဲ့ကြောင်းနှင့် ထိုအမျိုးသမီးမှာ နိုင်ငံကူးလက်မှတ်အတု ကိုင်ဆောင်ထားကြောင်း ပြောသည်။

ဖမ်းဆီးထားသည့် အမျိုးသမီးနှင့် သူ၏သားတို့ကို ဘေရွတ်မြို့ပြင် ယာဇီ၌ရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနချုပ်သို့ ခေါ်ဆောင်သွားကာ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း လုံခြုံရေးဆိုင်ရာ သတင်းရပ်ကွက်ထံမှ သိရသည်။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ၌ ဘက်ဒါဒီကို အမေရိကန် အကြမ်းဖက်စောင့်ကြည့်စာရင်း၌ ထည့်သွင်းခဲ့ပြီး သူ့အား ဖမ်းမိသူကို ဆုငွေ ဒေါ်လာ ၁၀ သန်းပေးမည်ဟု ကြေညာထားသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ အော်တိုမန်များ ကျဆုံးပြီးခဲ့သည့် အချိန်မှ အဆုံးသတ်ခဲ့သည့် အုပ်ချုပ်ရေးစနစ်ကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းရာ၌ ဇွန်လက သူ့ကိုယ်သူ 'အစ္စလာမ်နိုင်ငံ အုပ်ချုပ်သူ'ဟု ကြေညာခဲ့သည်။

ဘက်ဒါဒီကို အီရတ်၌ ၁၉၇၁ ခုနှစ်က မွေးဖွားပြီး ၂၀၀၃ ခုနှစ်က အမေရိကန်ဦးဆောင်သည့် ကျူးကျော်မှုအပြီး မကြာမီဖြစ်ပေါ်ခဲ့သည့် သူပုန်ထကြွမှု၌ ပါဝင်ခဲ့ကြောင်း အမေရိကန်အရာရှိများကပြောသည်။

IS နှင့် Nusra အဖွဲ့တို့က ဓားစာခံအဖြစ် ထိန်းသိမ်းထားသည့် လက်ဘန္ဓနစစ်သားနှင့် ရဲတပ်ဖွဲ့ဝင် ၂၇ ဦးတို့ လွတ်မြောက်ရေးအတွက် လက်ဘန္ဓနအစိုးရက ကြိုးပမ်းနေစဉ် ဘက်ဒါဒီ၏ဇနီးဟု ထင်ရသည့် အမျိုးသမီးနှင့် သားကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လက ဂျီဟဒ်များ အာဆာလ်မြို့ကို ခေတ္တသိမ်းပိုက်ခဲ့စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ အဖမ်းခံခဲ့ရပြီး လက်ဘန္ဓနစစ်တပ်နှင့် အပြင်းအထန် တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ဖမ်းဆီးထားခြင်းခံရသူ လုံခြုံရေးတပ်ဖွဲ့ဝင်များအနက် သုံးဦးကို ကွပ်မျက်ခဲ့ပြီး ကျန်ဓားစာခံများကိုလည်း လက်ဘန္ဓနရှိ အစ္စလမ္မစ်အကျဉ်းသားများကို လွှတ်မပေးလျှင် သတ်ပစ်မည်ဟု ဂျီဟဒ်တိုက်ပွဲဝင်များက ခြိမ်းခြောက်ထားသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ဓားစာခံများ လွတ်မြောက်ရေးအတွက် ကာတာနိုင်ငံက ညှိနှိုင်းမှုများ ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ယခုအချိန်အထိ အောင်မြင်မှုမရသေးပေ။ ■ (အေအက်ဖ်ပီ)

သောင်းညွှန့် ဘာသာပြန်သည်။

အများပြည်သူဆိုင်ရာ နေရာများတွင် ဆေးလိပ်မသောက်ရ
WORLD 62

အစိုးရနှင့် အက်ဖ်အေအာရ်စီ သူပုန်တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စ
WORLD 60

ကင်ညာ ပြည်ထဲရေးဝန်ကြီးနှင့် ရဲချုပ် ရာထူးက ဖယ်ရှားခံရ

နိုင်ရိုဘီ - ဆိုမာလီယာက ရှိဘက်သူပုန်တို့၏ လက်ချက်ကြောင့် ကင်ညာနိုင်ငံ၏ အရှေ့မြောက်ဘက်တွင် လူအစုလိုက် အပြုံလိုက် သေဆုံးမှုတစ်ခုဖြစ်ပွားပြီး နာရီပိုင်းအကြာ ဒီဇင်ဘာ ၂ ရက်တွင် ကင်ညာ ပြည်ထဲရေးဝန်ကြီးနှင့် ရဲအရာရှိချုပ်တို့ ရာထူးက ဖယ်ရှားခံခဲ့ရသည်။

ရှိဘက် သူပုန်အုပ်စုတစ်စုသည် ညသန်းခေါင် ကျော်ကျော်တွင် မန်ဒီရာမြို့နယ်စပ် အနီး ပုန်းခိုရာနေရာသို့ တရစပ် ဝင်ရောက်တိုက်ခိုက်ပြီး မွတ်စလင်ဘာသာဝင် မဟုတ်သူ ၃၆ ဦးကို သတ်ဖြတ်ခဲ့သည်ဟု ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ပြောသည်။

ယတ်တားက ပြောကြားပြီး "ဒီလိုရက်စက်ကြမ်းကြုတ်တဲ့တိုက်ပွဲရဲ့ အဓိက ရည်ရွယ်ချက်က အစွန်းရောက် မွတ်စလင်အကြီးအကဲတစ်ဦးကို ရာထူးအပ်နှင်းဖို့ပဲ" ဟုလည်း ပြောကြားခဲ့သည်။ စိတ်ရိုင်းဝင်နေသည့် တိရစ္ဆာန်ကဲ့သို့သော ရှိဘက် သူပုန်များသည် ကင်ညာနိုင်ငံတွင်းဌာဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများတွင် အရပ်သား ၅၀၀ နှင့်လုံခြုံရေးဝန်ထမ်း ၃၀၀ အပါအဝင် လူပေါင်း ၈၀၀ ကျော်ကို သတ်ဖြတ်ခဲ့သည်။

"ကျွန်တော်တို့နိုင်ငံနဲ့ ဒေသတွင်းက အကြမ်းဖက်ဝါဒ ဆန့်ကျင်တဲ့ စစ်ပွဲအတွင်းမှာ ကျွန်တော်တို့ဘက်က နောက်ဆုတ်မှာတော့ မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံ လုံခြုံရေးစိတ်ချရတဲ့အချိန်

ရာထူးက ဖယ်ရှားခံလိုက်ရသော ပြည်ထဲရေးဝန်ကြီး ဂျိုးဇက်အိုလီလင်ရူ (ယာ)နှင့် ရဲချုပ် ကီမိုင်ယို။ ဓာတ်ပုံ - အေအက်ဖ်ပီ

> ကျွန်တော်တို့နိုင်ငံနဲ့ ဒေသတွင်းက အကြမ်းဖက်ဝါဒ ဆန့်ကျင်တဲ့ စစ်ပွဲအတွင်းမှာ ကျွန်တော်တို့ဘက်က နောက်ဆုတ်မှာတော့ မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံ လုံခြုံရေးစိတ်ချရတဲ့အချိန်

ၔင်းတို့ ယခုနောက်ဆုံး ပြုလုပ်ခဲ့သည့် နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှုသည် ဆိုမာလီယာနိုင်ငံအပေါ် ကင်ညာနိုင်ငံ၏ ၂၀၁၁ ခုနှစ်က ကျူးကျော်မှုအတွက် လက်တုံ့ပြန်မှုတစ်ခုဖြစ်ပြီး ယင်းသို့ တိုက်ခိုက်မှုများသည် ဆိုမာလီယာနိုင်ငံတွင် ဆက်လက် ဖြစ်ပွားနေမည်ဟု ရှိဘက် သူပုန်တို့ ထုတ်ပြန်သည့် ကြေညာချက်က ဆိုသည်။

"ဒီစစ်ပွဲဟာ ကျွန်တော်တို့ဘက်က အနိုင်ရမယ့် စစ်ပွဲပါ။ ကျွန်တော်တို့ရဲ့ စည်းလုံးမှုနဲ့ အနိုင်ယူရမယ့် တိုက်ပွဲပါ" ဟု သမ္မတ ကင်မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံ လုံခြုံရေး စိတ်ချရတဲ့အချိန်အထိ ဒီအကြမ်းဖက်သမားတွေအပေါ် ထိခိုက်နာကျင်စေမယ့် လုပ်ရပ်တွေကို ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်ရမှာပဲ" ဟု သမ္မတ ကင်ယတ်တားက ပြောခဲ့သည်။

ကင်ညာအစိုးရသည် ပြီးခဲ့သည့်နှစ်က ရှိဘက်သူပုန်တို့နိုင်ရိုဘီရှိ Westgate ကုန်တိုက် တိုက်ခိုက်ခံခဲ့ရသည့်အချိန်ကစပြီး ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ဖြစ်သည်။ ယင်းတိုက်ခိုက်မှုမှာ လေးရက်ကြာမြင့်ပြီး သေနတ်သမား လေးဦးကို တိုက်ခိုက်ရာမှလူ ၆၇ ဦးထက် မနည်း သေဆုံးခဲ့သည်။

ပြီးခဲ့သည့်လက ဖြစ်ပွားခဲ့သော ဘတ်စ်ကားကို ပစ်ခတ်မှုမတိုင်မီ နိုင်ငံ အရှေ့မြောက်ဘက်တွင် ရှိဘက် တိုက်ခိုက်ရေးသမားများ ရောက်ရှိနေကြောင်းကို ထောက်လှမ်းရေး အရာရှိများက သတိပေးပြောကြားခဲ့သော်လည်း ရဲတပ်ဖွဲ့က အရေးယူ ဆောင်ရွက်ခြင်း မရှိကြောင်း ကင်ညာသတင်းတွင် ဖော်ပြသည်။

ပြည်ထဲရေးဝန်ကြီး ဂျိုးဇက် အိုလီလင်ရူ နေရာတွင် တခြားတစ်ယောက်ကို အစားထိုးခန့်အပ်ပြီး ရဲအရာရှိချုပ် ကီမိုင်ယိုကိုလည်း စောစီးစွာ အနားယူခွင့်ပေးလိုက်ကြောင်း သမ္မတ ကင်ယတ်တားက ကြေညာခဲ့သည်။ ဂျိုးဆက်အင်ကိုင်ဆရီကို ပြည်ထဲရေးဝန်ကြီး ရာထူးပေးရန်လျာထားကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ယုံကြည်မှု၊ မဆုတ်မနစ်တဲ့ဇွဲလုံ့လ၊ မယုံကြည်တဲ့သူတွေအပေါ် ရက်စက်တဲ့ဆန့်ကျင်မှု စတဲ့ လုပ်ရပ်တွေကို အလျှော့မပေးဘဲ ဆက်လက် လုပ်ဆောင်သွားမယ်။ ကင်ညာနိုင်ငံသားတွေရဲ့ကျူးကျော်ရန် စတာကို ခံခဲ့ရတဲ့ ကျွန်တော်တို့ရဲ့ မွတ်စလင်ညီနောင်တွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် လိုအပ်ရင် ဘာမဆိုလုပ်ရမှာပဲ" ဟု ရှိဘက်သူပုန်အဖွဲ့ ပြောရေးဆိုခွင့် ရှိသူ ရှိတ်အလီမိုဟာမွတ်ရာဂီက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။ ■ (အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။

ဖိလစ်ပိုင် အကြမ်းဖက်မှုဒဏ် ခံနေရသော မုဆိုးမများဘဝ

မိဒီယာသမား ၃၂ ဦးအပါအဝင် ၅၈ ဦး အသတ်ခံရတဲ့ မာဂွင်ဒါနာအိုပြည်နယ် လူသတ်မှုအပြီး ငါးနှစ်အတွင်းမှာ မုဆိုးမတွေဟာ ရင်တွင်း စိတ်ဒဏ်ရာကို ကုစားရင်း၊ ရရာအလုပ်တွေလုပ်ကိုင်ရင်း သူတို့ရင်သွေးတွေကို ဦးဆောင်ပျိုးထောင်ပေးခဲ့ကြရရှာတယ်

မနီလာ - ဖိလစ်ပိုင်နိုင်ငံတွင်း အပြင်းထန်ဆုံး နိုင်ငံရေးအကြမ်းဖက် သတ်ဖြတ်မှုကြောင့် မုဆိုးမ ဖြစ်ကြရတဲ့ ဂလိုရီယာ တီယိုဒိုရို့တို့လို မိန်းမသားတွေရဲ့ ရှေ့ဘဝခရီးဟာ သူတို့ ရင်ဆိုင်နေတဲ့ တိုက်ပွဲလိုပဲ နာကျည်းစွာနဲ့ ရှည်လျားစွာရုန်းကန် လျှောက်လှမ်းသွားကြရဦးမှာပါ။ မိဒီယာသမား ၃၂ ဦးအပါအဝင် ၅၈ ဦး အသတ်ခံရတဲ့ မာဂွင်ဒါနာအို ပြည်နယ် လူသတ်မှုအပြီး ငါးနှစ်အတွင်းမှာ မုဆိုးမတွေဟာ ရင်တွင်း စိတ်ဒဏ်ရာကို ကုစားရင်း၊ ရရာအလုပ်တွေလုပ်ကိုင်ရင်း သူတို့ရင်သွေးတွေကို ဦးဆောင်ပျိုးထောင်ပေးခဲ့ကြရရှာတယ်။ "ကြေကွဲစရာဖြစ်ရတာက ကျွန်မတို့ အိမ်ထောင်ဦးစီးယောကျ်ား ဆုံးပါးသွားခြင်းပဲ။ ကျွန်မတို့မှာ မကြာမကြာ ငွေကြေးပြတ်လပ်တတ်ပေမယ့် ကြံဖန်ပြီး နေကြရပါတယ်။ စိတ်ဓာတ်ခွန်အားကို ကိုယ့် ဘာသာမြင့်တင်ပြီး တောင့်ခံထားကြဖို့ ကျွန်မ ကလေးတွေကို အမြဲ အားပေးစကားပြောနေ ရပါတယ်"လို့ အသတ်ခံခဲ့ရတဲ့ ဒေသခံ သတင်းထောက် အဲန်းဒရက်တီယိုဒိုရို့ရဲ့ ဇနီး ဂလိုရီယာ တီယိုဒိုရို့က အေအက်ဖ်ပီသတင်း ထောက်ကို ပြောလိုက်ပါတယ်။

တီယိုဒိုရို့ (၄၅ နှစ်) ဟာ အိမ်မြေ အကျိုးဆောင်အလုပ်နဲ့ ခြေသည်လက်သည် အလှပြင်လုပ်ငန်းကိုပါ တစ်ပြိုင်တည်း လုပ်ရင်း ဆယ်ကျော်သက်အရွယ် သား နှစ်ယောက်ကို အခြေခံအထက်တန်းအောင် မြင်စေဖို့ လှုပ်ရှားနေတာပါ။ "တရားဝင် အလုပ်သာဖြစ်ပါစေ၊ ဘာအလုပ်ပဲဖြစ်ဖြစ် ကျွန်မလုပ်တာပဲ။ ဒီ ငါးနှစ်လုံးလုံး အမေ တစ်ယောက်တည်းနဲ့ ဦးဆောင်ရုန်းကန်ရတဲ့ ဘဝဟာ အလွန့်အလွန်ခက်ခဲပင်ပန်းရပါ တယ်"လို့လည်း တီယိုဒိုရို့က ပြောပါတယ်။ အသက် ၁၉ နှစ်အရွယ်သားကြီးကတော့ ဖခင်အသတ်ခံရပြီး သုံးနှစ်အကြာမှာ ကောလိပ်ကိုရောက်မှ မိခင်ရဲ့ ကြွေးကျန်ငွေ ဆပ်ဖို့ဆိုပြီး ကျောင်းကထွက်၊ ဖခင်ရဲ့ သတင်း စာတိုက်မှာ အလုပ်ဝင်လုပ်ခဲ့တယ်။

"မာဂွင်ဒါနာအို အစုလိုက်အပြုံလိုက် လူသတ်မှုကြောင့် ကျောင်းသူကျောင်းသား ၈၀ ဝန်းကျင် အဖမဲ့ဖြစ်ခဲ့ပြီး ဒီကလေးတွေရဲ့ မိခင် မုဆိုးမအများစုလည်း အလုပ်အကိုင်မဲ့ ဖြစ်ခဲ့ကြရပါတယ်"လို့ ဖိလစ်ပိုင်နိုင်ငံ အမျိုး သား သတင်းစာဆရာများသမဂ္ဂ ညွှန်ကြား ရေးမှူး ဂျေမီ အက်စပီနာက ဆိုပါတယ်။

အသတ်ခံရတဲ့ သတင်းထောက် ရွန်နီ ပီရန်တီရဲ့ဇနီး မာလီပီရန်တီကတော့ သတင်း စာဆရာများ အသင်းအဖွဲ့တွေက ထောက်ပံ့ ကြတဲ့ငွေတွေကို စုဆောင်းထားတာ ပီဆို ၇၀,၀၀၀ (ဒေါ်လာ ၁,၅၅၀) အထိ ရှိနေပါပြီ။ ဖတဆိုးကလေး သုံးယောက်နောင်ရေး အတွက် လူနေခန်းတွေပါတဲ့ အိမ်တစ်ဆောင် ဆောက်ပေးဖို့ပါ။ ဒါပေမဲ့ လောလောဆယ် စားဝတ်နေရေးအတွက် သူဇာတိမြို့ဖြစ်တဲ့ ဆန်တော့စ်မြို့က ကြက်တိုက်ကွင်းတစ်ခုမှာ ငွေကိုင်လုပ်နေပါတယ်။ သူ့ခင်ပွန်းအပါ အဝင် ၅၈ ဦးတို့ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်က အသတ်ခံရပြီး မြေမြှုပ်သင်္ဂြိဟ်ထားတဲ့ တောင်ကုန်းတစ်ခုဆီကို နှစ်စဉ် သူ့လိုဘဝတူ မုဆိုးမတွေနဲ့ အတူတကွ သွားရောက် ဆုတောင်းမေတ္တာပို့နေကျ ခရီးမှာ အခုနှစ် လုပ်ငန်းတာဝန်တွေကြောင့် မပါဝင်နိုင်တော့ ကြောင်း ပြောပြပါတယ်။

> မာဂွင်ဒါနာအို ပြည်နယ်ကို ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းကိစ္စနဲ့ ပတ်သက်ပြီး သွားကြတဲ့ ယှဉ်ပြိုင်ဘက်နိုင်ငံရေးသမားရဲ့ ဇနီး၊ ဆွေမျိုးသားချင်းတွေ၊ ရှေ့နေတွေနဲ့ သတင်းထောက်တွေရဲ့ ကားတန်းကို ဒေသခံ တိုင်းရင်းသား ပြည်သူစစ်အဖွဲ့ရဲ့ခေါင်းဆောင် အဲန်ဒေါအမ်ပါတူအန် ခေါင်းဆောင်တဲ့သေနတ် သမား ၁၀၀ ကျော်ပါဝင်တဲ့ တပ်ဖွဲ့တစ်ဖွဲ့က တရားဝင်အလုပ်သာဖြစ်ပါစေ၊ ဘာအလုပ်ပဲဖြစ်ဖြစ် ကျွန်မ လုပ်တာပဲ။ ဒီ ငါးနှစ်လုံးလုံး အမေ တစ်ယောက်တည်းနဲ့ ဦးဆောင်ရုန်းကန်ရတဲ့ ဘဝဟာ အလွန့်အလွန်ခက်ခဲပင်ပန်း

အရင်ငါးနှစ်ဝန်းကျင်က အဖြစ်အပျက်တွေကို ဘယ်သူမှ မမေ့နိုင်ကြပါဘူး။ အဲဒီ တုန်းက မာဂွင်ဒါနာအို ပြည်နယ်ကို ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းကိစ္စနဲ့ ပတ်သက်ပြီး သွားကြတဲ့ ယှဉ်ပြိုင်ဘက်နိုင်ငံရေးသမားရဲ့ ဇနီး၊ ဆွေမျိုးသားချင်းတွေ၊ ရှေ့နေတွေနဲ့ သတင်းထောက်တွေရဲ့ ကားတန်းကို ဒေသခံ တိုင်းရင်းသား ပြည်သူစစ်အဖွဲ့ရဲ့ခေါင်းဆောင် အဲန်ဒေါအမ်ပါတူအန် ခေါင်းဆောင်တဲ့သေနတ် သမား ၁၀၀ ကျော်ပါဝင်တဲ့ တပ်ဖွဲ့တစ်ဖွဲ့က ရက်က အသတ်ခံရပြီး မြေမြှုပ်သင်္ဂြိဟ်ထားတဲ့ တောင်ကုန်းတစ်ခုဆီကို နှစ်စဉ် သူ့လိုဘဝတူ မုဆိုးမတွေနဲ့ အတူတကွ သွားရောက် ဆုတောင်းမေတ္တာပို့နေကျ ခရီးမှာ အခုနှစ် လုပ်ငန်းတာဝန်တွေကြောင့် မပါဝင်နိုင်တော့ ကြောင်း ပြောပြပါတယ်။

အရင်ငါးနှစ်ဝန်းကျင်က အဖြစ်အပျက်တွေ ကို ဘယ်သူမှ မမေ့နိုင်ကြပါဘူး။ အဲဒီ တုန်းက ပစ်ခတ်သတ်ဖြတ်တာ ဖြစ်ပါတယ်။ ဒီအမှုကို ဒီနေ့မှာ တရားရုံးတင် စစ်ဆေးပေမယ့် အမ်ပါတူအန်ဘက်က မကျူးလွန်ခဲ့ကြောင်း ငြင်းဆန်ခဲ့တဲ့အပြင် မာဂွင်ဒါနာအိုပြည်နယ် မှာ ဒေသခံတိုင်းရင်းသားတွေ ချယ်လှယ် ကြီးစိုးနေကြဆဲပါ။

အသတ်ခံ သတင်းသမားတွေရဲ့ ဇနီးမုဆိုးမ တွေကို ရှေ့နေ လက်တစ်ဆုပ်စာနဲ့ တရား ယှဉ်ပြိုင်ခွင့်ပြုနေပေမယ့် ဖိလစ်ပိုင်နိုင်ငံရဲ့ ထုံးစံအတိုင်း နှစ်ရှည်လများ အချိန်ဆွဲထားကြ ဦးမှာဖြစ်ပါတယ်။ မုဆိုးမတွေကတော့ နှစ်စဉ် တောင်ကုန်းပေါ်က ဆုတောင်းပွဲရောက်တိုင်း အနာဟောင်းကို ပြန်ဆွခံနေရသလို ခံစားနေ ကြရဆဲပါပဲ။

ပီရန်တီရဲ့ သားကြီးဟာ သူ့ဖခင် အသတ် မခံရသေးခင်နှစ်က စာရင်းကိုင်ဖြစ်ချင်ခဲ့ပေမယ့် ရဲတပ်သားတစ်ယောက်ဖြစ်ဖို့ ကြိုးစားနေပါပြီ တဲ့။ "ဒါက သူ့ဖခင်သေဆုံးခြင်းရဲ့ သူ့အပေါ် အကျိုးသက်ရောက်မှုပဲ။ သူ့ဖခင်အတွက် တရားမျှတမှုကို သူကလိုချင်နေတာ"လို့ ပီရန် တီကဆိုပါတယ်။

ခင်ပွန်းဖြစ်သူ ပစ်သတ်ခံရစဉ်က ကိုယ်ဝန် နှစ်လသာရှိသေးတဲ့ အငယ်ဆုံး သားလေး ကိုပင် ပီရန်တီက သားငယ်ကို ဖခင်ရဲ့ ဓာတ်ပုံ တွေကို တပြပြလုပ်ရင်း ဖြတ်သိမ်းထားတဲ့ ဖခင်ရဲ့ သတင်းဆောင်းပါးတွေကိုလည်း ဖတ်စေတယ်။

ကျွန်မသားတွေက အငယ်ဆုံးကောင်ကို ပြောတယ်ရှင့်။ "ဒီမှာ ငါတို့အဖေ၊ သူကသတင်း ထောက်။ ဟောဒီကအကောင်တွေက ငါတို့ အဖေကိုသတ်ခဲ့တဲ့ အမ်ပါဆွမ်တွေ"တဲ့။ ■

(အေအက်ဖ်ပီ)

အောင်သာလင်း၊ ဘာသာပြန်သည်။

ခရီးသွားများကို ဆွဲဆောင်နေသည့် ထိုင်းရေပေါ်ဘောလုံးကွင်း

ထိုင်းနိုင်ငံ၏ သာယာလှပသည့် ဖန်ဂါင စီရင်စု၏ အစိတ်အပိုင်းဖြစ်သော ပန်ရီကျွန်းသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ကြခြင်းမှာ ပန်ရီကျွန်းသားများ ဆန်းသစ်တီထွင်ထားသည့် တစ်မူထူးခြားသော ဘောလုံးကွင်း၏ ဆွဲဆောင်မှုကြောင့်ဖြစ်

ခိုပန်ရီ (ထိုင်း) - အံ့မခန်းဖွယ်ရာ ထုံးကျောက်ချောက်ကမ်းပါးများ၊ ခြေတံရှည်အိမ်လေးများနှင့် ပြာလဲ့လဲ့ရေပြင်တို့ဖြင့် ရှုမငြီးဖွယ်အလှအပများ ပိုင်ဆိုင်ထားသည့် ပန်ရီကျွန်းမှာ ထိုင်းနိုင်ငံ၏ သုခဘုံအလား ထင်မှတ်ရပေသည်။ သို့သော်လည်း ကမ္ဘာလှည့် ခရီးသွားများက ယင်းဒေသ၏ သဘာဝအလှအပများကြောင့် ပန်ရီကျွန်းကို ရောက်လာကြခြင်းမဟုတ်ဘဲ ထိုကျွန်း၌ရှိသော ရေပေါ်ဘောလုံးကွင်းတစ်ခုကြောင့် ရောက်လာကြခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၌ လများစွာကြာ ဆန္ဒပြမှုများနှင့် ယခုနှစ်မေလက အာဏာသိမ်းမှုတစ်ရပ်ပေါ်ပေါက်ခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် မာရှယ်လောထုတ်ပြန်ခဲ့ရခြင်း၊ ခိုတောင်ကျွန်းတွင် စက်တင်ဘာလက ဗြိတိန် ခရီးသွားနှစ်ဦး

> ပေါ်နေတဲ့ သံချောင်းတွေကို ရှောင်ပြီးကစားရတယ်။ တကယ့်ကို အန္တရာယ်များပါတယ်။ ဒါပေမဲ့ တခြား ဘောလုံးကွင်းလည်း မရှိတဲ့အတွက် ဒီပေါ်မှာပဲ

အသတ်ခံရမှုများ ဖြစ်ပွားခဲ့ခြင်းတို့က ယခုနှစ်အတွင်း ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းကို ထိခိုက်စေခဲ့သည့် အကြောင်းများဖြစ်သည်။

ဇန်နဝါရီလနှင့် အောက်တိုဘာလအကြား ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ ၂၀၁၃ ခုနှစ် ယင်းကာလအတွင်း၌ပင် လာရောက်ခဲ့သော ကမ္ဘာလှည့်ခရီးသွား အရေအတွက်နှင့်နှိုင်းယှဉ်လျှင် ကိုးရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ရာ ခရီးသွားလုပ်ငန်းကို မှီခိုအသက်မွေးနေရသော ထိုင်းနိုင်ငံ၏ ပြည်သူသန်းပေါင်းများစွာကို အထိနာစေခဲ့သည်။

ထိုင်းနိုင်ငံ၏ သာယာလှပသည့် ဖန်ဂါင (Phanga Nga) စီရင်စု၏ အစိတ်အပိုင်းဖြစ်သော ပန်ရီကျွန်းသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ကြခြင်းမှာ ပန်ရီကျွန်းသားများ ဆန်းသစ်တီထွင်ထားသည့် တစ်မူထူးခြားသော ဘောလုံးကွင်း၏ ဆွဲဆောင်မှုကြောင့်ဖြစ်သည်။

ဆိပ်ခံတံတားနှင့် ကပ်လျက်တွင်တည်ရှိသည့် ပေ ၅၀၊ ပေ ၈၀ အကျယ်ရှိသော အဆိုပါ ဘောလုံးကွင်းသည် ၂၀၁၀ ပြည့်နှစ်က ထိုင်းဘဏ်တစ်ခုဖြစ်သော တီအမ်ဘီဘဏ်၏ ကြော်ငြာအစီအစဉ် လှုပ်ရှားမှုတစ်ခုကြောင့် လူသိများ ထင်ရှားလာခဲ့ပြီး တံငါရွာလေး၏ ဘောလုံးဝါသနာကြီးမှုကလည်း နိုင်ငံအတွင်း ကျော်ကြားလာခဲ့သည်။

လွန်ခဲ့သည့် ဆယ်နှစ်ကဆိုလျှင် အိမ်ခြေ ၃၂၀ ရှိသည့် ကျွန်းပေါ်နေ ကျွန်းသူကျွန်းသားများ၏ အဓိက အသက်မွေးဝမ်းကျောင်းအလုပ်က ငါးဖမ်းသည့်အလုပ်သာ ဖြစ်ခဲ့ပြီး ယခုအခါတွင်မူ ၎င်းတို့၏ဝင်ငွေမှာ ငါးဆတိုးလာခဲ့ကြောင်း ရွာသူကြီးကပြောသည်။

ပန်ရီကျွန်းမှာ ဘောလုံးဝါသနာအိုးများနေထိုင်ရာကျွန်းအဖြစ် ယခင်ကတည်းက နာမည်ကြီးခဲ့ပြီး ကျွန်း၏ ပြန့်ပြူးမှုမရှိသည့် မြေပြင်အနေအထားက ၎င်းတို့ ဘောလုံးကစားရ၍ မရစေမည့် အဟန့်အတားတစ်ခု မဖြစ်ခဲ့ပေ။

အစပိုင်းတွင် ၎င်းတို့က ကမ်းခြေ၌ဘောလုံးကစားကြသော်လည်း သဲသောင်ပြင်မှာ ဘောလုံးကစားနိုင်လောက်အောင် ကျယ်ပြန့်မှုရှိသည့် ဒီရေကျချိန်မှသာ ကစားနိုင်ကြခြင်းဖြစ်သည်။

ပထမဆုံး ရေပေါ်ဘောလုံးကွင်းကို လွန်ခဲ့သည့်နှစ် ၃၀ ကတည်ဆောက်ခဲ့သော်လည်း ယင်းမှာ သစ်သားပျဉ်ချပ်များ၊ သံချေးတက်နေသည့်သံများဖြင့် အန္တရာယ်ရှိသောကစားကွင်းတစ်ခုဖြစ်ခဲ့သည်။

“ပေါ်နေတဲ့ သံချောင်းတွေကို ရှောင်ပြီး ကစားရတယ်။ တကယ့်ကို အန္တရာယ်များပါတယ်။ ဒါပေမဲ့ တခြား ဘောလုံးကွင်းလည်း မရှိတဲ့အတွက် ဒီပေါ်မှာပဲကစားခဲ့ရတယ်” ဟု လှေသမားတစ်ဦးဖြစ်သည့် ပရာကစ် ပရာဆန်ပန်က ပြောသည်။

တီအမ်ဘီဘဏ်၏ ကြော်ငြာပေးမှု ဒေသခံအာဏာပိုင်များ၏အကူအညီဖြင့် ရွာသားများက သံချောင်းများမပါသည့် ဘောလုံးကွင်းတစ်ကွင်းကို ၎င်းတို့ကိုယ်တိုင်တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ ■ (အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။

သာယာလှပသည့် ဖန်ဂါင စီရင်စုရှိ ပန်ရီကျွန်းတွင် ဆန်းသစ်တီထွင်ထားသည့် ရေပေါ်ဘောလုံးကွင်း၌ ဘောလုံးကစားနေကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

Desking Systems | Table & Training Systems | Seating & Lounges
Filing & Storage | Executive | Worktools | Panel Systems | Wall Systems
ISO 9001 | ISO 14001 | OHSAS 18001 | ISO 50001

ROCKWORTH

Rockworth is thailand's leading manufacturer, distributor and marketer of quality office systems furniture.

KAYTUMADI Co.,Ltd.
SHOWROOM ADDRESS (198A), Bo Myat Tun Road, No(2) Quarter, Puzontaung Township, Yangon, Myanmar. TEL showroom (95-1)291996 TEL office (95-1)218489-91
E-MAIL contact@kaytumadi.com, marketing@kaytumadi.com WEBSITE www.kaytumadi.com

အများပြည်သူဆိုင်ရာနေရာများတွင် ဆေးလိပ်မသောက်ရ

ပဲခူးငြိုင်း - တရုတ်နိုင်ငံ၊ ပေကျင်းမြို့တော်၌ အများပြည်သူတို့ ဝင်ရောက်သွားလာရာ အခန်းများနှင့် ရုံးခန်းများအားလုံးတွင် ဆေးလိပ်မသောက်ရ ဥပဒေကို ချမှတ်လိုက်ကြောင်း နိုဝင်ဘာ ၂၈ ရက်ထုတ် နိုင်ငံပိုင် သတင်းများ၌ဖော်ပြခဲ့ပြီး ဆေးလိပ်သောက်သုံးသူ သန်း ၃၀၀ ရှိသည့် အဆိုပါနိုင်ငံတွင် ယင်းသို့ တားမြစ်ကန့်သတ်ရန် ယခင်ကကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။

အဆိုပါစည်းမျဉ်းသစ်ကို ယခုနှစ်ဇွန်လကစပြီး ဖိအားပေးလုပ်ဆောင်ခဲ့ရာ အများပြည်သူစီးနင်းလိုက်ပါရာယာဉ်များနှင့် မဂ္ဂဇင်း၊ ရေဒီယို၊ တီဗီ၊ ရုပ်ရှင်၊ သတင်းစာနှင့်စာအုပ်များအပါအဝင် သတင်းမီဒီယာများတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခြင်းမပြုခဲ့ကြောင်း ရှင်ဟွာကဆိုသည်။

အချို့သော တံဆိပ်များမှာ ဆေးလိပ်တစ်လိပ်လျှင် သုံးယွမ် (၀ ဒသမ ၄၉ ဒေါ်လာ) ဖြင့် ဝယ်ယူနိုင်ရာ တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်၍ သေဆုံးသူနှစ်စဉ် တစ်သန်းကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် သုံးဆခန့် မြင့်တက်နိုင်သည်ဟုဆိုသည်။

၂၀၁၁ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဝေခဲ့သော လမ်းညွှန်စာအုပ်တွင် လူအများသွားလာရာ အတွင်းခန်းများ၌ ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားသော်လည်း ၎င်းတားမြစ်ချက်မှာ ထိရောက်မှုမရှိဘဲ ဥပဒေအရ အရေးယူဆောင်ရွက်မှုတွင်လည်း အားနည်းသည်ဟု ဝေဖန်ခံခဲ့ရသည်။ အရက်ဆိုင်များ၊ စားသောက်ဆိုင်များနှင့် ကလပ်များတွင်မူ သောက်သုံးခွင့်ပြုထားသည်။

ဓာတ်လေ့ကား၊ ဘတ်စ်ကားနှင့် ဆေးရုံဆေးခန်းအတွင်း စောင့်ဆိုင်းသည့် နေရာများ၌ ဆေးလိပ်သောက်သူက ဆေးလိပ်ကမ်းခြင်းသည် တရုတ်လူမျိုးများကြား ပြုလုပ်နေကျ နှုတ်ဆက်ခြင်းတစ်မျိုးဖြစ်ပြီး ယင်းအချက်က ဆေးလိပ်သောက်သုံးခြင်းကြောင့် ကျန်းမာရေး ထိခိုက်စေသည်ဆိုသော အချက်ကိုပြည်သူများ သတိပြုမှု အားနည်းနေသေးကြောင်း မီးမောင်းထိုးပြခြင်းပင်ဖြစ်သည်။ ■ (အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။

တာဘရီဗက်ဇ်ကွက်ဇ် ဥရုဂွေး သမ္မတအဖြစ် ရွေးချယ်ခံရ

မွန်တီဗီဒီယို - ဥရုဂွေးနိုင်ငံ၏ နိုဝင်ဘာ ၃၁ ရက် သမ္မတရွေးကောက်ပွဲတွင် ယခင်သမ္မတအဖြစ် တာဝန်ယူခဲ့ဖူးသည့် တာဘရီဗက်ဇ်ကွက်ဇ်က ယခင် သူပုန်အဖွဲ့ခေါင်းဆောင်ဟောင်း ဟိုဆေးမူဂျီကာကို အနိုင်ရရှိ၍ ဗက်ဇ်ကွက်ဇ်မှာ ဥရုဂွေးနိုင်ငံ အစိုးရအဖွဲ့ကို ဦးဆောင်သူအဖြစ် ဒုတိယအကြိမ် ဝင်ရောက်လာပြီဖြစ်သည်။

မူဂျီကာ၏ ဆန့်ကျင်မှုကို ရင်ဆိုင်ခဲ့ရသော ဗက်ဇ်ကွက်ဇ်သည် မူဂျီကာနှင့် စရိုက်သဘာဝချင်း အလွန်ကွာခြားသူဖြစ်သည်။ စုတ်ပြတ်နေသော Volkswagen ကားကို ကိုယ်တိုင်မောင်းလေ့ရှိပြီး ရရှိသည့် လစာထက်ဝက်ကျော်ကို ပေးကမ်းလှူဒါန်းတတ်သည်။

ဗက်ဇ်ကွက်ဇ်သည် သာမန်အလုပ်သမားမိသားစုတွင် ကြီးပြင်းလာသည့်အလျောက် ကိုယ့်အားကိုယ်ကိုးသည့် စိတ်ဓာတ်ဇွဲနပဲဖြင့် သတင်းစာရောင်းသမား၊ စားပွဲထိုး၊ လက်သမားအလုပ်နှင့် ဘောလုံးကလပ်ညွှန်ကြားရေးမှူး အလုပ်များအပြင် ကင်ဆာအထူးကုဆရာဝန်မှ သမ္မတအထိ အဆင့်ဆင့် အောင်မြင်လာသူဖြစ်သည်။

“ကျွန်တော်ဟာ အလွန်ဆင်းရဲတဲ့ အိမ်ထောင်စုက တက်လာပြီး ပညာသင်ယူဖို့ ကြိုးစားခဲ့ရပါတယ်။ အစိုးရမူလတန်းကျောင်းနဲ့ အထက်တန်းကျောင်းကို ကျေးဇူးတင်ရပါတယ်”ဟု မကြာမီက TV အင်တာဗျူးတွင် ၎င်းက ပြောခဲ့သည်။ မိမိကို မှန်ကန်သည့် လမ်းကြောင်းပေါ် တင်ပေးလိုက်သော ဥရုဂွေး သူ့အသိုက်အဝန်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်နေကြောင်းကိုလည်း ၎င်းကပြောကြားသည်။

ဗက်ဇ်ကွက်ဇ်သည် နိုင်ငံတွင်း စီးပွားရေးအကျပ်အတည်းကာလအတွင်း ၂၀၀၄ ခုနှစ်တွင် ပထမဆုံး လက်ဝဲဝါဒီသမ္မတအဖြစ် အရွေးခံခဲ့ရပြီးနောက် နိုင်ငံ့စီးပွားရေး အရှိန်အဟုန်ကို ပြန်လည်တိုးမြှင့်ပေးခြင်း၊ အခွန်

> ကျွန်တော်ဟာ အလွန်ဆင်းရဲတဲ့ အိမ်ထောင်စုက တက်လာပြီး ပညာသင်ယူဖို့ ကြိုးစားခဲ့ရပါတယ်။ အစိုးရမူလတန်းကျောင်းနဲ့ အထက်တန်းကျောင်းကို ကျေးဇူးတင်ရပါတယ်

ဥရုဂွေးသမ္မတအဖြစ်ရွေးချယ်ခံရသူ တာဘရီဗက်ဇ်ကွက်ဇ် အောင်ပွဲခံမိန့်ခွန်း ပြောကြားနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အလုပ်သမား ဝန်ထမ်းမိသားစုကို ကျေးဇူးဆပ်ပွဲတစ်ခုပင်ဖြစ်နေသည်။ သူ့မိဘနှစ်ပါးနှင့် အစ်မတို့ ၁၉၆၀ ပြည့်နှစ်များက ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ကြသည်။ ဗက်ဇ်ကွက်ဇ် ဆေးကျောင်းတက်နေသည့် ကာလဖြစ်သည်။

သို့သော် မူဂျီကာက ဆေးခြောက်ကို တရားဝင် ရောင်းဝယ်ခွင့်ပြုလာပြန်သောကြောင့် နိုင်ငံတွင်ပုံမှန် မူးယစ်ဆေးဝါးစျေးကွက်တစ်ခုလည်း ပေါ်ပေါက်လာသည်။

ယင်းအခြေအနေသည်လည်း ကင်ဆာအထူးကုဆရာဝန် သမ္မတ ဗက်ဇ်ကွက်ဇ် (၇၄ နှစ်) နှင့် မူဂျီကာ (၇၉ နှစ်) တို့ ယာယီမဟာမိတ်ဖွဲ့နေစဉ်မှာပင် ထိပ်တိုက်တွေ့ရသည့် ပြဿနာဖြစ်သည်။ ■ **(အေအက်ဖ်ပီ)**

အောင်သာလင်း ဘာသာပြန်သည်။

အစိုးရနှင့် အက်ဖ်အေအာရ်စီ သူပုန်တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စ

ဘိုဂိုတာ - ဖမ်းဆီးခံထားရသူ ငါးဦးကို လက်ဝဲဝါဒီ ကိုလံဘီယာ ပြောက်ကျားသူပုန်တပ်ဖွဲ့ (FARC) က နိုဝင်ဘာ ၃၀ ရက်က ပြန်လွှတ်ပေးခဲ့ပြီးနောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည် စတင်ရေးဆွေးနွေးရန် ကိုလံဘီယာအစိုးရကိုယ်စားလှယ်များနှင့် FARC အဖွဲ့တို့ ဒီဇင်ဘာ ၂ ရက်တွင် ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ တွေ့ဆုံခဲ့ကြသည်။

FARC အဖွဲ့က ပိုလ်မူးချုပ် ရွှာန် အယ်လ်ဇာတီကို ဖမ်းဆီးခဲ့ခြင်းကြောင့် ဆွေးနွေးနေသည်မှာ နှစ်နှစ်ကြာပြီဖြစ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို သမ္မတ ဟွမ်မန် ဆန်တော့စ်က နိုဝင်ဘာ ၁၆ ရက်က ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

အစိုးရကိုယ်စားလှယ်များနှင့် FARC အဖွဲ့တို့၏ လေးနာရီကျော် ပြုလုပ်ခဲ့သော ပထမဆုံး တံခါးပိတ် အစည်းအဝေးပွဲတွင် ဆိုင်းငံ့ထားသော ကိစ္စရပ်များနှင့် ပတ်သက်ပြီး သဘောတူညီမှုမရခဲ့ကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။ ဆွေးနွေးပွဲများကို ဒီဇင်ဘာ ၃ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

FARC အဖွဲ့က နှစ်ဖက် အပစ်အခတ်ရပ်စဲရန် အဓိကတောင်းဆိုထားသော်လည်း ယင်းမှာ သူပုန်အဖွဲ့က အင်အားပြန်လည်စုစည်းရန် အချိန်ဆွဲခြင်းဖြစ်သည်ဟုဆိုကာ ဆန့်တော့စ်က ထပ်တလဲလဲ ငြင်းဆိုထားသည်။

ပိုလ်မူးချုပ် အယ်လ်ဇာတီနှင့် အခြားအဖွဲ့ဝင်နှစ်ဦးတို့မှာ အကာအကွယ်မပါဘဲ အရပ်ဝတ်အရပ်စားများဖြင့် သူပုန်နယ်မြေအတွင်းသို့သွားရောက်ခဲ့ရာတွင် FARC အဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့် စစ်တပ်က တပ်ကြပ်တစ်ဦးနှင့် ရှေ့နေတစ်ဦးတို့က အယ်လ်ထရာတိုမြစ်ပေါ်ရှိ လျှပ်စစ်စီမံကိန်းတစ်ခုကို သွားရောက်စစ်ဆေးစဉ် FARC အဖွဲ့က သူပုန်လေးဦးနှင့်တွေ့ကာ ဖမ်းဆီးခံခဲ့ရခြင်းဌဖြစ်ကြောင်း အယ်လ်ဇာတီက ပြောကြားခဲ့သည်။

သူပုန်အဖွဲ့က အယ်လ်ဇာတီကို လွှတ်ပေးခဲ့ပြီးနောက်တစ်နေ့တွင် အစိုးရကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဆွေးနွေးပွဲများပြုလုပ်ရာ ကျူးဘားနိုင်ငံ၏ မြို့တော် ဟာဗားနားသို့ စေလွှတ်ခဲ့ကြောင်း ဆန့်တော့စ်ကပြောကြားခဲ့သည်။ သို့ရာတွင် ပြန်လည်လွှတ်မြောက်လာခဲ့သော ပိုလ်မူးချုပ် အယ်လ်ဇာတီက ရာထူးနုတ်ထွက်လွှာကို အစိုးရထံ တင်သွင်းခဲ့သည်။ ■

(အေအက်ဖ်ပီ)

ဝင်းသော်တာ ဘာသာပြန်သည်။

သူပုန်ခေါင်းဆောင် ပက်စတာအလက်ပီနှင့် ပြန်ပေးဆွဲခံခဲ့ရသော ကိုလံဘီယာ ဗိုလ်မှူးချုပ် ရွှာန်အယ်လ်ဇာတီတို့ကို သူပုန်စခန်း၌တွေ့ရစဉ်။

သတင်းတို

အီရန်သံအမတ်အိမ်ရှေ့ ဗုံးကွဲ

ဆာနာ - ယီမင်နိုင်ငံရှိ အီရန်သံအမတ်ကြီး၏ နေအိမ်ရှေ့တွင် ဒီဇင်ဘာ ၃ ရက်က ကားထောင်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ လူတစ်ဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ဆာနာမြို့တော်ရှိ ဟာဒါ သံတမန်ရပ်ကွက်တွင် ပေါ်ပေါက်ခဲ့သော အဆိုပါ တိုက်ခိုက်မှု ဖြစ်ပွားခြိန်တွင် ယီမင်နိုင်ငံဆိုင်ရာ အီရန် သံအမတ်ကြီး ဆယ်နှမ်မှာ ၎င်း၏နေအိမ်တွင် မရှိကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ဆိုသည်။ သံရုံးလုံခြုံရေးအစောင့် တစ်ဦး၏ သားမှာ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသည်ဟု အစိုးရသတင်းဌာန ဆာဘား ကြေညာချက်အရ သိရှိရသည်။ ဒဏ်ရာရသူများအနက် နှစ်ဦးမှာ လုံခြုံရေးအစောင့်များဖြစ်ပြီး ကျန်သူများမှာ လမ်းသွား လမ်းလာများဖြစ်သည်ဟု အရာရှိများက ပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် ရှီးယား ပြည်သူစစ်များကို ထောက်ခံအားပေးလျက် ရှိသည်ဟု စွပ်စွဲခံထားရသည်။ ■

(အေအက်ဖ်ပီ)

တင်စိန် ဘာသာပြန်သည်။

SPECIAL PROMOTION

START FROM US $19,999

New S30

DFM

Brand Ambassador
SAI SAI KHAM LENG

New H30 CROSS

DONGFENG MOTOR
DRIVING SUCCESS

Please Call us Now!

DFM

24 HOUR ROAD ASSISTANCE

WARRANTY 3 YEARS 100,000 KM

Authorized Distributor in Myanmar : YAUNG NI OO SERVICES Co.,Ltd

No.19,Baho Road,Sanchaung Township,Yangon .Ph:01-2304801,2304802

www.DongFeng-Myanmar.com

DFM-Myanmar

HEARTBEAT OF THE NATION
မြန်မာတိုင်းမ်
MYANMARTIMES

Connect with us @
SMS 09 5000 613
email newsroom@mmtimes.com
facebook facebook.com/themyanmartimes
twitter @TheMyanmarTimes

BACK PAGE BEATS
DELIVERED BY J-ME

ဖတ်ကြည့်လိုက်ပါ

ချစ်ရင်ချစ် မချစ်ရင်မုန်း နှစ်မျိုးပဲရှိတယ်။ ထမင်းစားရင် ထမင်းစားမယ်၊ ထမင်းမစားရင် ထမင်းမစားဘူး။ ငါသူ့ကို ချစ်လည်း မချစ်ဘူး။ မုန်းလည်း မမုန်းဘူးဆိုတာ အလကားပဲ။ အဲဒီမမုန်းဘူးဆိုတဲ့ တစ်ယောက်က သူ့အပေါ် စကားမှားကြည့်ပါလား 'အိုး' မျောက်အမြီးမီးစွဲသလို ပွဲကျနေမှာပါ။

တချို့လူတွေ ဒေါသထွက်တာ မြင်ဖူးလား။ ကုလားကားအဟောင်းတွေထဲက လူကြမ်းခေါင်းဆောင်တွေလိုမျိုး ရုပ်ပျက်ဆင်းပျက် 'ဘာ!'ဆိုတာမျိုး။ ရေရေလည်လည်ရယ်ရတယ်။ ခင်ဗျားတို့တော့မသိ။ ကျုပ်ကတော့တချို့လူတွေ ဒေါသထွက်တာကို ကြည့်ရတာ ရေရေလည်လည်သဘောကျတာ။ တကယ့် ဟာသကားထဲက လူတွေလိုပဲ။ တစ်ခါက စိတ္တဇအရက်သမားတစ်ယောက်ပြောတဲ့ စကားတစ်ခါ မကဘူး၊ ခဏခဏပဲ "ငါ ဖောက်ခွဲပစ်လိုက်ရမှာ၊ ငါ ဖောက်ခွဲပစ်လိုက်ချင်တာ၊ ငါဖောက်ခွဲပစ်လိုက်မယ်" သူညည်း 'ဟာ'. . . "ဘာကို ဖောက်ခွဲမှာတုံး?" အားလုံးက လျှောက်မေးတော့တာပေါ့။ မီးနဲ့ ဖောက်မှာ

စာမျက်နှာ ၄ သို့

IN PICTURES

ဓာတ်ပုံ– အေအက်ဖ်ပီ

အိန္ဒိယ၌ ကျင်းပခဲ့သည့် နာဂရိုးရာပွဲတော်

အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်ဖြစ်သော နာဂလန်းပြည်နယ်မြို့တော် ကိုဟီးမား ဆင်ခြေဖုံးဒေသရှိ ကီဆာမာအရပ်ဒေသ ဟွန်ဘီလံပွဲတော်အတွင်း အိန္ဒိယနိုင်ငံသား နာဂမျိုးနွယ်စုဝင်အမျိုးသားများက ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရိုးရာအကများဖြင့် ဖျော်ဖြေနေကြစဉ်။ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ ၁၀ ရက်ကြာ ကျင်းပမည့် ဟွန်ဘီလံပွဲတော်ကို ကြည့်ရှုလေ့လာရန် ပြည်တွင်းပြည်ပက ခရီးသွားများ ရောက်ရှိနေကြသည်။

Mandalay

လိုက်လျောညီထွေ နေတတ်ဖို့ လိုအပ်လာတဲ့ ရာသီဥတုပြောင်းလဲမှု

MANDALAY 4

ရေတိုက်စားမှုများကြောင့် ပြိုကျနေသော ကမ်းပါးအနီးတွင် ဆင်ကျွန်းရွာသားတစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

ဇရာဝတီမြစ်ကြောင်း ပြောင်းလဲမှုများကြောင့် ကျေးရွာအချို့တွင် စိုက်ပျိုးမြေများ ဆုံးရှုံးနေ

စည်သူလွင်
sithulwin.mmtimes@gmail.com

ဇရာဝတီမြစ်ကြောင်း ပြောင်းလဲလာမှုများကြောင့် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာအချို့၏ စိုက်ပျိုးမြေများ ရေတိုက်စားခြင်းကြောင့် ဆုံးရှုံးနေရပြီး ကျေးရွာမြေများပါ ပျောက်ဆုံးလာနိုင်သည့်အတွက် စိုးရိမ်မှုများဖြစ်ပေါ်နေကြကြောင်း ရေတိုက်စားမှု ခံနေရသော ကျေးရွာဒေသခံများက ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြောသည်။

"ကျွန် တော်တို့ရွာရဲ့ အထက်က သုံးဆယ်ပေးရွာမှာ ရေလွှဲ၊ ရေကာတာ လုပ်လိုက်တဲ့အတွက် ရေကြောင်းပြောင်းပြီး ကျွန်တော်တို့ ကမ်းကို ရေတိုက်စားလာတာပါ။ အခုအချိန်မှာ ကေ ၃၀ လောက်တိုက်စားပြီးသွားပြီ။ မကြာခင်မှာ ရွာရဲ့ မြေတွေကိုပါ တိုက်စားလာတော့မှာပါ။ လုပ်သင့်တာကတော့ အခုလို ရေကျချိန်မှာ ကျွန်တော်တို့ ရွာအတွက် ရေလွှဲလုပ်ပေးဖို့က အကောင်းဆုံးပါပဲ" ဟု ဆင်ကျွန်းရွာမှ ကိုမောင်အေးက ပြောသည်။

ယခင်နှစ်များက မိုးတွင်းအချိန်အခါဖြစ်သည့် ဝါဆိုလနှင့် ဝါခေါင်လများ၌သာ ရေတိုက်စားခြင်း ခံခဲ့ရပြီး ရေကျချိန်တွင် ရေတိုက်စားခြင်းမရှိကြောင်း ဒေသခံများက ဆိုသည်။

သုံးဆယ်ပေးရွာမှာ ယခင်မိုးတွင်းအချိန်အခါက ရေတိုက်စားမှုအများဆုံး ခံခဲ့ရသည့်အတွက် ကျေးရွာပြောင်းရွှေ့ခြင်းနှင့် အတူ စိုက်ပျိုးမြေများ ဆုံးရှုံးခဲ့ရသည်။ ၂၀၁၃ ခုနှစ်အတွင်း တိုင်းဒေသကြီးအစိုးရက သုံးဆယ်ပေးရွာတွင် ရေကာတာ၊ ရေလွှဲတည်ဆောက်ပေးခဲ့ရာ ယခုနှစ်တွင် ကျေးရွာအနီး ဇရာဝတီမြစ်ကမ်း၌ သောင်များထွန်းလာသည့် အတွက် စိုက်ပျိုးရေး အဆင်ပြေနေပြီဖြစ်ကြောင်း သုံးဆယ်ပေးရွာ ဒေသခံများက ဆိုသည်။

"ရေတာတာလုပ်လိုက်တဲ့ အတွက် သောင်တွေပေါ်လာပြီ။ ဒီနှစ်စိုက်လို့ မရသေးပေမယ့် နောက်နှစ်မှာ စပြီး စိုက်လို့ ရနိုင်တယ်။ ကျွန်တော်တို့ ရွာအတွက် အဆင်ပြေသွားပေမယ့် အောက်ပိုင်းရွာတွေမှာ ဒုက္ခခံနေကြရတယ်။ စိတ်မကောင်းစရာပေါ့။ အခုလို ရေကျချိန်မှာ ရေလွှဲ၊ ရေလမ်းကြောင်းပြောင်းတာတွေ လုပ်ပေးမယ်ဆိုရင်တော့ အချိန်မီနိုင်ပါသေးတယ်" ဟု သုံးဆယ်ပေးရွာမှ ရေကြောင်းကျွမ်းကျင်သူ အသက် ၆၉ နှစ်အရွယ်ရှိ ဦးမောင်ကိုက သုံးသပ်ပြောဆိုသည်။

၂၀၁၂ ခုနှစ်က မြစ်ရေတိုးသည့်အချိန်တွင် ကမ်းပါးပြိုမှုများကြောင့် ကျေးရွာများ ပြောင်းရွှေ့ခဲ့ရသည့်အတွက် ၂၀၁၃-၁၄ ခုနှစ် ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ကမ်းပါးပြိုမှုများကြိုတင်ကာကွယ်ရန် အစိုးရအဖွဲ့က ကျပ်သိန်း ပေါင်း ၁၄,၀၀၀ ကျော်အထိ သုံးစွဲခဲ့သည့် အတွက် ယခုနှစ် ရေတက်ချိန်တွင် ရေတိုက်စားမှုနည်းပါးခဲ့ကြောင်း အစိုးရအဖွဲ့ရုံးမှ သိရသည်။

ဇရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲရေးအတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာသန်းတစ်ရာ ချေးငွေထောက်ပံ့ပေးထားသည်။ ■

ဒုဋ္ဌဝတီမြစ်အတွင်းမှ သဲထုတ်ယူခြင်းများ ပြုလုပ်ပါက အရေးယူမည်

သန်းနိုင်ဝိုး
thennaingsoe@gmail.com

မန္တလေးတိုင်းဒေသကြီးအတွင်း ဒုဋ္ဌဝတီမြစ်မှ သဲထုတ်ယူခြင်းများ ပြုလုပ်ပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒုဋ္ဌဝတီမြစ်ထဲကနေပြီး သဲမထုတ်တော့ဖို့ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေကို အသိပေးအကြောင်းကြားထားပါတယ်။ တားမြစ်တဲ့ကြားထဲကနေ ထုတ်နေမယ်ဆိုရင်တော့ အရေးယူမှုတွေ လုပ်ဆောင်သွားမှာပါ" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ဒေသ ၅) မှ ဒုတိယဦးစီးမှူး ဦးခင်မောင်ဇော်က ပြောသည်။

ဒုဋ္ဌဝတီမြစ်အထက်ပိုင်းတွင် တည်ဆောက်ထားသော ရဲရွာရေအားလျှပ်စစ်ထုတ်လုပ်ရေးမှ မြစ်ရေကို အချိန်ပိုင်းအလိုက်သာ ထုတ်ပေးနေသဖြင့် ရေစီးရေလာနည်းလာပြီး အနည်ထိုင်မှုနှေးလာကြောင်း၊ မြစ်သဲထုတ်ယူမှုများ ဆက်လက်ပြုလုပ်ပါက ကမ်းပါးပြိုမှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ယင်းသို့ထုတ်ယူခြင်းမပြုရန် တားမြစ်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဒုဋ္ဌဝတီမြစ်အတွင်းမှ သဲထုတ်ယူခွင့်မပြုရန် အောက်တိုဘာလ ၁၅ ရက်နေ့က မန္တလေးတိုင်းဒေသကြီးအစိုးရသို့ တင်ပြခဲ့ပြီး နိုဝင်ဘာလ ၁၁ ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရ၏ အတည်ပြုချက်ရရှိခဲ့သည်။

"ကျောက်ဆည်နဲ့ အမရပူရမြို့နယ်ထဲမှာ မြစ်သဲစုပ်ယူလို့ ချိုင့်ခွက်တွေ ဖြစ်လာတယ်။ ပြီးတော့ ကမ်းပြိုနိုင်တဲ့အလားအလာတွေ ရှိလာတာကြောင့် ဒေသခံတွေကတိုင်လို့ သွားပြီး စစ်ဆေးခဲ့ရတာတွေ ရှိတယ်" ဟု ရေအရင်းအမြစ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၄ ခုနှစ်အတွင်း ဒုဋ္ဌဝတီမြစ်အတွင်းမှ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ မြစ်သဲထုတ်ယူခြင်းကြောင့် အရေးယူမှု သုံးမှုရှိခဲ့သည်။ ■

စိန်တစ်လုံးသရက် မှတ်ပုံတင်နိုင်ရန် ကုန်အမှတ်တံဆိပ် ထူထောင်ခြင်းဖြင့်စတင်မည်

ကြေးမုံဝင်း
kyaymonewin@gmail.com

စိန်တစ်လုံးသရက်သီးကို မြန်မာ့မျိုးရင်းအဖြစ် မှတ်ပုံတင်နိုင်ရန်အတွက် ကုန်အမှတ်တံဆိပ် ထူထောင်ခြင်းလုပ်ငန်းကို ပထမအဆင့်အနေဖြင့် စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ယင်းမှတ်ပုံတင်ခြင်းနှင့် ကုန်အမှတ်တံဆိပ်ထူထောင်ခြင်းလုပ်ငန်းများကို ကိုရီးယားနိုင်ငံမှ KIPA (Korea Invention Promotion Associat-ion) အဖွဲ့နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ကူညီပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်အစုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောသည်။

"မြန်မာ့သရက်ကို မှတ်ပုံတင်ဖို့ဆိုတာက အချိန်ယူရဦးမှာဖြစ်သလို ကြားထဲမှာ လုပ်ဆောင်ရမယ့်အဆင့်တွေလည်း အများကြီးရှိပါတယ်။ အဲဒီထဲကမှ ပထမအဆင့် အနေနဲ့ စိန်တစ်လုံးအတွက် ကုန်အမှတ်တံဆိပ်တစ်ခုကို အရင်ပြုလုပ်ပြီး ဒီတံဆိပ်ကို မြင်တာနဲ့ မြန်မာ့ထုတ်ကုန်မှန်းသိအောင် အရင်လုပ်ရမှာ ဖြစ်ပါတယ်။ ကုန်အမှတ်တံဆိပ် ထူထောင်ဖို့အတွက်နဲ့ မှတ်ပုံတင်ဖို့ အတွက်က ငွေကုန်ကြေးကျများမှာ ဖြစ်ပေမယ့် အဲဒါတွေအကုန်လုံးကို ကိုရီးယားအဖွဲ့အစည်းက တာဝန်ယူဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုန်အမှတ်တံဆိပ်ရဲ့ ဒီဇိုင်း ရေးဆွဲပေးဖို့၊ အရောင်းမြှင့်တင်ရေးနဲ့ပတ်သက်လို့ သိသင့်သိထိုက်တာတွေကို အကြံပေးဖို့တွေကိုလည်း ကိုရီးယားပညာရှင်တွေက ကူညီပေးသွားမှာ ဖြစ်ပါတယ်။ တခြားလိုအပ်ချက်တွေကိုတော့ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာန၊ မြန်မာနိုင်ငံသစ်သီးဝလံနဲ့ ပန်းမန်အသင်းတို့ရဲ့ အကူအညီနဲ့ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ကုန်အမှတ်တံဆိပ်၏ နာမည်နှင့် ဒီဇိုင်းစသည့် အသေးစိတ်အချက်အလက်များကို အတည်ပြုဆွေးနွေးရန် လာမည့်ဒီဇင်ဘာလ ၅ ရက်နေ့တွင် မန္တလေးမြို့၌ ဆွေးနွေးပွဲတစ်ခုကို ပြုလုပ်သွားမည်ဖြစ်ပြီး အကူအညီပေးမည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များအပြင် နိုင်ငံခြားသို့တင်ပို့ရောင်းချသူများ၊ တောင်သူများနှင့်လည်း စုပေါင်းဆွေးနွေးအဖြေထုတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"မြန်မာ့စိန်တစ်လုံးသရက်ကို မှတ်ပုံတင်ဖို့က အမြန်ဆုံးလိုအပ်နေပါပြီ။ မဟုတ်ရင် သနပ်ခါးလိုပဲ တခြားငွေကြေးတတ်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံက သူတို့မျိုးရင်းအဖြစ် မှတ်ပုံတင်ဖို့ ကြိုးပမ်းတာတွေ ဖြစ်လာနိုင်ပါတယ်။ စိန်တစ်လုံးသရက်မျိုးချောင်းတွေကိုလည်း တခြားနိုင်ငံက ဝယ်ယူသွားတာတွေ ရှိတယ်လို့ ကြားမိတဲ့အတွက် အမြန်ဆုံး

မန္တလေးစာမျက်နှာ ၃ သို့

Take a leap of faith.

Are you stuck in a rut at work? Are you looking for a new position and a company that will challenge you, inspire you and take your career to new heights? Then it's time to take the leap – and join the most dynamic media company in Myanmar.

Myanmar Consolidated Media, Ltd, one of Myanmar's most highly respected and well-established media organisations, is the publisher of *The Myanmar Times* in both languages, two websites and NOW! magazine. With over 360 staff in our Yangon, Mandalay and Nay Pyi Taw bureaus, we have a news-gathering force of nearly 100, trained to the highest international standards of reporting. Sophisticated layout and award-winning photos and editorial make MCM the one to beat when it comes to publishing in Myanmar.

MCM is expanding into exciting new directions in 2014. We are seeking qualified, experienced Myanmar nationals (unless indicated) to fill the following openings in our Yangon headquarters and Nay Pyi Taw bureau. All positions require basic computer skills and a good command of written and spoken English. High competency in spoken and written English.

Yangon Headquarters:

Human Resources

1 HR Director
(7+ years' exp. required; business or management degree; returned national a plus)

2 Security Guards

Newsroom

2 Translators
(English to Myanmar/Myanmar to English)

Sales & Marketing

1 Business Development Director
(5+ years in sales, account management, or business development; degree in business or related field; degree from English-taught university a plus)

1 Business Development Executive
(3+ years' experience in sales, account management or in business development; degree or diploma in business or related field)

Printing

1 Printing Director
(7+ years' experience required; daily publication experience a plus)

NOW! magazine

1 Photographer (Part Time)
(2-3 years' experience; prior employment in magazine or fashion photography a plus)

1 Stylist (Part Time)

2 Sales Assistants
(1+ year's experience in sales and marketing)

1 Editorial intern (2-3 month posting, with potential for long-term hire)

1 Translator (English to Myanmar)

1 Reporter (prior experience necessary)
(For Mandalay Office)

Nay Pyi Taw (Capital Bureau):

Newsroom

2 Reporters
(prior experience necessary)
(Must reside in Nay Pyi Taw, and have driver's licence and motorbike)

Sales & Marketing

1 Sales Assistant
(At least 1 year's exp. in sales and marketing; must reside in Nay Pyi Taw and have driver's licence and motorbike)

All positions are open until filled.

To apply, send a one-page CV and one-page cover letter, explaining how your skills, experience or degree are relevant to the position, to: Hiring Coordinator mcmhrd@myanmartimes.com.mm

MCM

Myanmar Consolidated Media Ltd.

Yangon: 379/383 Bo Aung Kyaw Street, Kyauktada township
Mandalay: Bld 1, Man Mandalar Housing, between 70th x 71st streets, Yan Myo Lone Qtrarter, Chan Aye Thar San township
Nay Pyi Taw: No. 15/496, Yarza Htar Ni Road, Paung Laung 2 Qtr, Pyinmana. Tel: 067-21426, 25309, 25982, 25983

ဧည့်လမ်းညွှန်များကို လင်းပိုင်ပြသရေးနှင့် ထိန်းသိမ်းရေး သင်တန်းပေးမည်

ခင်ဆုဝေ

jasminekhin@gmail.com

ရောဝတီလင်းပိုင်ကို မင်းကွန်းအနီးတွင် တွေ့ရစဉ်။ ဓာတ်ပုံ - ငါးလုပ်ငန်းဦးစီးဌာန

ရောဝတီလင်းပိုင် စနစ်တကျပြသရေးနှင့် ထိန်းသိမ်းရေးပညာပေးအတွက် သုံးရက်တာ သင်တန်းကို ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာပြည် ဧည့်လမ်းညွှန်များအသင်း (မန္တလေးတိုင်းဒေသကြီး) နှင့် ပူးပေါင်းကာ ဒီဇင်ဘာလတွင် ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်က မြန်မာတိုင်း(မ)ကို နိုဝင်ဘာ တတိယပတ်တွင် ပြောသည်။

"မန္တလေးကိုလာတဲ့ ကမ္ဘာလှည့်ခရီးသွားတွေက ရောဝတီလင်းပိုင်နဲ့ရေလုပ်သားတွေ ပူးပေါင်းပြီး ငါးဖမ်းတာတွေကို စိတ်ဝင်စားတယ်။ လာလေ့လာတယ်။ ဒါပေမဲ့ ဧည့်လမ်းညွှန်တွေထဲမှာ အတွေ့အကြုံနည်းတဲ့ ဧည့်လမ်းညွှန်တွေ ပါလာတယ်။ ပါလာတော့ နိုင်ငံခြားသားတွေက တဖြည်းဖြည်းနဲ့ စိတ်ဝင်စားမှုလျော့ကျလာတယ်။ ဒါကြောင့် လင်းပိုင်နဲ့ပတ်သက်တဲ့ အသိပညာတွေ တိုးတက်ရရှိစေဖို့နဲ့ ရောဝတီလင်းပိုင်ထိန်းသိမ်းရေးကို ဆောင်ရွက်ဖို့အတွက် ဒီသင်တန်းကို ဖွင့်လှစ်တာဖြစ်ပါတယ်။ အဲဒီသင်တန်းထဲမှာ တစ်ညအိပ်လင်းပိုင်လေ့လာရေးခရီးစဉ်ပါပါတယ်" ဟု ၎ငင်းက နိုဝင်ဘာ ၁၉ ရက်နေ့တွင် ဆိုသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက သဘာဝအခြေခံ ခရီးသွားလာရေးလုပ်ငန်းကို အကောင်အထည်ဖော်ရန်အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းကြီးကြပ်မှု မဟာဗျူဟာ ဖော်ဆောင်ရန် စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်နေ့တွင် အလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်ခဲ့ရာ ငါးလုပ်ငန်းဦးစီးဌာနက လင်းပိုင်အခြေခံခရီးသွားလာရေးလုပ်ငန်းအတွက် ကိုယ်စားပြု တက်ရောက်ခဲ့သည်။

"ရောဝတီလင်းပိုင် သဘာဝအခြေခံခရီးသွားလုပ်ငန်းက အခြားဒေသတွေထက် ကောင်းတာ တစ်ခုကတော့ လမ်းပန်းဆက်သွယ်ရေးကောင်းတယ်။ သွားလာလို့လွယ်တယ်။ ဒါပေမဲ့ ဆောင်ရွက်ဖို့ကျန်တာတွေရှိသေးတယ်။ အဲဒီမှာ အဓိကလိုတာက နေရေးထိုင်ရေး၊ ပြီးတော့ အိမ်သာ။ နောက်ထပ် ဆောင်ရွက်ဖို့ လိုနေတာက အမှတ်တရ လက်ဆောင်ပစ္စည်းတွေ။ အဆင့်တန်းမြင့်မြင့်နဲ့ ဝယ်ချင်စဖွယ်ဖြစ်အောင် ဆောင်ရွက်ဖို့ပေါ့" ဟု ဦးမြသန်းထွန်းက အဆိုပါဆွေးနွေးပွဲတွင် ပြောသည်။

လင်းပိုင်များ နေထိုင်ရာကျက်စားရာ နေရာသို့ လေ့လာရေးခရီးစဉ်ကို ယခင်နှစ် ဇွန်လပိုင်းတွင် မန္တလေးဧည့်လမ်းညွှန်

> အရင်တုန်းက လင်းပိုင်နဲ့ ရေလုပ်သား ပူးပေါင်းပြီး ငါးဖမ်းရင် ပိသာ ၃၀ လောက်ရတယ်။ အခြားနေရာ လိုက်ပစ်ရင် အဲဒီလောက် မရဘူး။

များအသင်းက ခရီးစဉ်တစ်ခုအနေဖြင့် ဆောင်ရွက်ခဲ့သည်။

လက်ရှိတွင် ရောဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wild-life Consrevation Society) နှင့် ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေပြီး ၂၀၀၅ ဒီဇင်ဘာ ၂၈ ကတည်းက သတ်မှတ်ခဲ့သည့် ထိန်းသိမ်းရေး ရေရိယာအတွင်းရှိ ရောဝတီလင်းပိုင်များသည် နှစ်စဉ် ဖေဖော်ဝါရီနှင့် မတ်လ ဝန်းကျင်တွင် မင်းကွန်းဒေသသို့ လာရောက်ကျက်စားလေ့ရှိသည်။ ရောဝတီလင်းပိုင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အကောင် အထည် ဖော် ဆောင် ရွက် နေသည်မှာ နှစ်အတော်တန်ကြာ ကြာမြင့်နေပြီဖြစ်သည်။

"အရင်တုန်းက လင်းပိုင်နဲ့ ရေလုပ်သား ပူးပေါင်းပြီး ငါးဖမ်းရင် ပိသာ ၃၀ လောက်ရတယ်။ အခြားနေရာ လိုက်ပစ်ရင် အဲဒီလောက် မရဘူး။ အခုကျတော့ လင်းပိုင်လုပ်တော့ လုပ်ပေးတယ်။ ငါးက တစ်ကောင်တလေတောင် မပါဘူး။ ရေလုပ်သားတွေကလည်း လင်းပိုင်နဲ့ ကွန်ပစ်ဖို့ စိတ်ဝင်စားမှု နည်းလာတာပေါ့။ အဲဒါကြောင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနဲ့ ပြန်ပြီးတော့ ထိန်းချုပ်တာ။ လင်းပိုင်ရှိလို့ ပိုက်ဆံရတာပါလားလို့" ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ယခုနှစ်ဆန်းပိုင်းတွင် ပြောကြားခဲ့သည်။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု မဟာဗျူဟာတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ရန် ဦးစားပေးနေရာများကို သတ်မှတ်ပေးခြင်း၊ ဒေသတွင်းရှိ အဓိကနေရာများနှင့် ထိန်းသိမ်းထားသော ဇီဝမျိုးကွဲများအပါအဝင် အခြားသဘာဝ အခြေအနေများကို မှတ်တမ်းတင်ထားခြင်း၊ စွမ်းဆောင်ရည်မြင့်တင်ရေးအစီအစဉ်များ၊ ကာကွယ်တောရေဒီယာများအတွင်း ခရီးသွားလုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်မည့်အစီအစဉ်များ တောင့်တင်းခိုင်မာရေး၊ သွားရေးလာရေးနှင့် လိုအပ်မည့် အခြေခံအဆောက်အုံ၊ လိုအပ်သော ရင်းနှီးမြှုပ်နှံမှု၊ ဒေသခံများအတွက် အလုပ်အကိုင်အသစ်များပေါ်ထွန်းရေးနှင့် ငင်ငွေရပေါက်ရလမ်းများ ဖန်တီးပေးနိုင်မှုစသည်တို့ပါဝင်သည်။ ■

စိန်တစ်လုံးသရက် မှတ်ပုံတင်နိုင်ရန် ကုန်အမှတ်တံဆိပ်. . .

မန္တလေးစာမျက်နှာ ၁ မှ

မှတ်ပုံတင်နိုင်မှသာ စိတ်ချရမယ်လို့ ထင်ပါတယ်"ဟု သရက်စိုက်ပျိုးတင်ပို့သူ လုပ်ငန်းရှင်တစ်ဦးကလည်း ဆိုသည်။

ဒေါ်သန်းသန်းဆွေကမူ မြန်မာ့စိန်တစ်လုံးသရက်သီးကို နိုင်ငံတကာက အသိအမှတ်ပြုလက်ခံပြီးဖြစ်သော်လည်း ကုန်အမှတ်တံဆိပ်တစ်ခုအနေဖြင့် လူသိများလာရန်မှာ အချိန်နှစ်နှစ်ခန့် ယူရဦးမည်ဖြစ်ကြောင်း ၎ငင်းအမြင်ကို ပြောသည်။

"ကျွန်မတို့ စိန်တစ်လုံးကို ၂၀၀၆ ခုနှစ်ကစလို့ ပြည်ပကို တင်ပို့ခဲ့ပေမယ့် ၂၀၁၁ လောက်မှ စပြီး လူသိများလာတာ ဖြစ်ပါတယ်။ တကယ်ကို ကျယ်ကျယ်ပြန့်ပြန့် နိုင်ငံတကာက သိလာတာဆိုရင် ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်ကမှ စတာပါ။ ဒါကြောင့် ကုန်အမှတ်တံဆိပ်ထူထောင်ပြီး ဒီတံဆိပ်ကို မြင်လိုက်တာနဲ့ ဘယ်နိုင်ငံကဆိုတာ လူသိဖို့အတွက်ကလည်း အချိန်ယူရမှာ ဖြစ်ပါတယ်။ ဒီကုန်အမှတ်တံဆိပ်ထူထောင်တာက မြန်မာ့မျိုးရင်းအဖြစ် မှတ်ပုံတင်ဖို့အတွက် ပထမဆုံးခြေလှမ်းဖြစ်တဲ့အတွက် ကျွန်မတို့ လိုချင်တဲ့ ပန်းတိုင်ရောက်ဖို့ တဖြည်းဖြည်းနဲ့ နီးစပ်လာပြီလို့ ပြောရမှာပါ"ဟု ဒေါ်သန်းသန်းဆွေက ပြောသည်။

မန္တလေးတိုင်းဒေသကြီးသရက်အစုအဖွဲ့အနေဖြင့် သရက်စျေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရန် လာမည့် သရက်ရာသီတွင် လုပ်ငန်းရှင်များစုပေါင်းပြီး အိတ်စ်ပို့တင်ပို့ရောင်းချခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းများကိုလည်း ပြုလုပ်သွားရန် စီစဉ်နေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သရက်မျိုးကွဲပေါင်း ၂၀၀ ကျော်ရှိသည့်အနက် မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးထားသည့် မျိုးကွဲ ၅၀ နှင့် ၆၀ ကြားတွင်ရှိကြောင်း၊ လက်ရှိတွင် စိန်တစ်လုံးသရက်သီးကို စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ အဓိကတင်ပို့နေပြီး ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ ရင်ကွဲ၊ မချစ်စုအသီးများမှာလည်း စိန်တစ်လုံးသရက်ကဲ့သို့ ကုန်အမှတ်တံဆိပ်ထူထောင်ပြီး နိုင်ငံခြားတင်ပို့နိုင်ရန် အလားအလာရှိကြောင်း သရက်သီးတင်ပို့သူတစ်ဦးကလည်း ဆိုသည်။ ■

MANDALAY NEIGHBOURS

ခင်မင်ရပါသော မန္တလေးသူ မန္တလေးသားများ

ကျော်ကိုကို

kyawkoko.mdy991@gmail.com

အထက်အညာဒေသ မန္တလေးမြို့ကို ရောက်လို့ အိမ်ပြန်လက်ဆောင်အဖြစ် မန္တလေးထိုးမုန့်ကို မဝယ်ဖြစ်ခဲ့ရင်ဖြင့် မန္တလေးကိုရောက်ခဲ့တယ်ဆိုတဲ့ ခံစားချက် ပြည့်စုံမှာမဟုတ်ပါဘူး။ ဒီလို မန္တလေးမြို့နဲ့ ထိုးမုန့်ဆိုတာကို ခွဲခြားမြင်ကြည့်လို့မရအောင် မန္တလေးထိုးမုန့်ကို နိုင်ငံတစ်ဝန်းမှာ ကြိုက်နှစ်သက်ကြပါတယ်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကာလတွေတုန်းက မန္တလေးမြို့ကို ရောက်ဖူးသူ တော်တော်များများကတော့ မော်မော်စမ်း ထိုးမုန့်ဆိုရင် သိနိုင်ကြပါတယ်။ ကနေ့အချိန်ထိ မန်းမြို့သူ၊ မြို့သားတွေနဲ့ တစ်ထပ်တည်းကျနေသေးတဲ့ မော်မော်စမ်း ထိုးမုန့်လုပ်ငန်းကို ဦးဆောင်နေသူကတော့ ဦးဟန်မြိုင် ဖြစ်ပါတယ်။

အဲဒီခေတ်အခါက မန္တလေးမြို့ပေါ်မှာ ထိုးမုန့်လုပ်ငန်း လုပ်ကိုင်သူအရေအတွက် များလွန်းလှတာကြောင့် လုပ်ငန်းရေရှည်ရပ်တည်နိုင်ဖို့ဆိုတာ တော်ရုံလူတွေအတွက် တကယ်ကို စိတ်ကူးယဉ်ဆန်ပါလိမ့်မယ်။

ဒါပေမဲ့ သူရဲ့ လုပ်ငန်းအပေါ် အာရုံစူးစိုက်မှုနဲ့ စားသုံးသူအပေါ် ထားရှိတဲ့ စေတနာ၊ ပစ္စည်းကောင်းကိုမှ ရွေးချယ်အသုံးပြုမှုတွေကြောင့် စားသုံးသူတွေရဲ့ အသိအမှတ်ပြုခံခဲ့ရတာလို့ ယုံကြည်တယ်လို့ သူကပြောပါတယ်။

ဒါပေမဲ့ ၂၀၀၁ ခုနှစ်က သူ၏ထိုးမုန့်လုပ်ငန်းမှာ ဆိုးဆေးတွေပါဝင်တယ်လို့ စားသုံးသူတွေကြားမှာ နားလည်မှု လွဲမှားခဲ့တဲ့ ကံကြမ္မာအလှည့်အပြောင်းရဲ့ ရိုက်ခတ်မှုကြောင့် အတော်စိတ်သောက ရောက်ရှိခဲ့ရတယ်လို့ ဦးဟန်မြိုင်က ဆိုပါတယ်။

"အဲဒီအချိန်တုန်းကတော့ အနည်းငယ် အရောင်းအဝယ်ကိုထိခိုက်တာပေါ့။ ဒါပေမဲ့ အဲဒီတုန်းက ကျွန်တော့်အမျိုးသမီးက ဗိုလ်မှူးကပ်စိန်ဆီသွားပြီး သူမနဲ့ထုပ်တွေကို ကြိုက်သလိုစစ်ဆေးနိုင်တယ်။ တကယ်လို့ ဆိုးဆေးပါဝင်တယ်လို့ဆိုရင် သူ့ကို ဖမ်းဆီးထောင်ချနိုင်တယ်လို့ သွားပြောတာပေါ့ဗျာ။ တကယ်တမ်းက အဲဒီလိုဖြစ်တယ်ဆိုတာ စားသုံးသူတွေကြားမှာ နားလည်မှု လွဲသွားတဲ့သဘောပါပဲ" လို့ သူလုပ်ငန်းနဲ့ပတ်သက်ပြီး ကြုံတွေ့ခဲ့ရပုံတွေကို ပြောပြပါတယ်။

အောင်မြင်နေတဲ့ လုပ်ငန်းတစ်ခုကို ဦးဆောင်နေရသူဆိုပေမယ့် သူ့အိမ်မှာ ပြည်နယ်၊ တိုင်း ကိုယ်စားပြု အားကစားဆုတံဆိပ်တွေနဲ့ ပြည့်နှက်နေပါတယ်။ ဦးဟန်မြိုင်ဟာ လက်ရှိ မန္တလေးတိုင်းဒေသကြီး ကာယဗလနဲ့ ကာယအလှဆပ်ကော်မတီဥက္ကဋ္ဌ ဖြစ်သလို သူငယ်စဉ်က ကာယဗလ၊ ကာယအလှနဲ့ ရယူထားတဲ့ ဆုတံဆိပ်တွေကလည်း သူ့အိမ်ဧည့်ခန်းကို တင့်တယ်နေစေပါတယ်။ သူ့အဖို့ စီးပွားရေးလုပ်ငန်းအကြောင်းပြောဆိုနေတာထက် အားကစားနဲ့ပတ်သက်ပြီး ပြောဆိုနေရတာကို ပိုခံမင်တယ်လို့ ဆိုပါတယ်။

"လူတိုင်းက အားကစားကို ကျန်းမာရေးအတွက် လုပ်တယ်ဆိုပေမယ့် ကျွန်တော်က အမြဲအစဉ်တစိုက်လုပ်ပါလို့ တိုက်တွန်းချင်တယ်။ လေ့ကျင့်ခန်းလုပ်နေတဲ့ လူတစ်ယောက်အဖို့ ကျန်းမာခြင်းက ဆုလာဘ်တစ်ပါးလိုဖြစ်နေလို့ပါပဲ။ ကျွန်တော်တို့ခေတ်တုန်းက ကာယဗလအားကစားသမားတွေက ဒီဘက်ခေတ်တွေလို ခန္ဓာကိုယ်ကြိုးထွားစေတဲ့ ဆေးဝါးလည်း သိပ်မသောက်နိုင်ကြတော့ လေ့ကျင့်ခန်းကို အားပြုလုပ်ကိုင်ခဲ့ရတယ်" လို့ သူရဲ့ အားကစားနဲ့ပတ်သက်တဲ့အမြင်ကိုလည်း ပြောပါတယ်။

၁၉၄၂ ခုနှစ်မှာ ဟင်္သာတမြို့မှာရှိတဲ့ တောင်သူဦးတင်မောင်နဲ့ ဒေါ်သန်းစိန်တို့က ဦးဟန်မြိုင်ကို မွေးဖွားခဲ့ပါတယ်။

ငယ်စဉ်ကလေးဘဝကတည်းက အားကစားကို တစိုက်မတ်မတ် လုပ်ကိုင်ခဲ့တယ်လို့ ဆိုပါတယ်။

သူဟာ ၁၉၆၆ ခုနှစ်မှာ မန္တလေးမြို့ကို စတင်ရောက်ရှိလာခဲ့ပါတယ်။ ၁၉၆၈ ခုနှစ်မှာ မန္တလေးတိုင်းကိုယ်စားပြုအဖြစ် ကာယဗလ၊ ကာယအလှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ပထမဆုံး ဆုတံဆိပ်ကို ရရှိခဲ့ပါတယ်။

အဲဒီနောက် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ပြီး ဆုတံဆိပ်ပေါင်း ၅၀ ကျော် ရရှိခဲ့ပါတယ်။

ဦးဟန်မြိုင်ဟာ ၂၀၀၃ ခုနှစ်က စတင်ပြီး မန္တလေးတိုင်းဒေသကြီး ကာယဗလနဲ့ ကာယအလှဆပ်ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပါတယ်။

ကနေ့အချိန်ထိလည်း လူငယ်အားကစား မျိုးဆက်သစ်တွေကို မွေးထုတ်ပေးလျက်ရှိပါတယ်။

"ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးကနေ ကာယအလှ အားကစားတော်တော်များများကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်တွေက ဆီးဂိမ်းမှာ ရွှေတံဆိပ်ရရှိခဲ့တဲ့ ကိုဇော်ဝမ်းဆိုရင်လည်း ကျွန်တော်တို့တိုင်းဒေသကြီးဆပ်ကော်မတီက မွေးထုတ်ပေးထားတာပါ။ နောက် ကိုနေလင်း၊ ကိုကျော်စမ်းမောင်၊ ကိုဇော်ဝင်းအောင် စသဖြင့်ပေါ့။ နိုင်ငံလက်ရွေးစင်ကစားသမားတွေကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပါတယ်။

"ကျွန်တော်ကတော့ အသက်အရွယ်အရ မယှဉ်ပြိုင်နိုင်တော့ဘူးဆိုပေမယ့် လူငယ်လေးတွေကို ဒီထက်မက အောင်မြင်လာအောင် ပြုလုပ်ပေးသွားမယ်" လို့ ဦးဟန်မြိုင်က ပြောပါတယ်။

တစ်ဖက်မှာလည်း သူ့ရဲ့သားသမီးတွေကို ယနေ့မန္တလေးအခြေစိုက်စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူတွေကြားမှာ အောင်မြင်လာအောင် ပြုစုထားနိုင်ခဲ့ပါတယ်။

သားသမီး သုံးယောက်စလုံးကို နယ်ပယ်အသီးသီးမှာ အောင်မြင်အောင် ပျိုးထောင်ပေးနိုင်ခဲ့တယ်ဆိုတာကိုတော့ ဦးဟန်မြိုင်ရဲ့သားသမီးတွေ ဦးစီးလုပ်ကိုင်နေတဲ့ မန္တလေးအခြေစိုက် ဆင်ကိုးကောင်ဖိနပ်နှင့် တိုးနယားဖိနပ်လုပ်ငန်းတွေက သက်သေပြနေပါတယ်။ ■

လိုက်လျောညီထွေနေတတ်ဖို့ လိုအပ်လာတဲ့ ရာသီဥတုပြောင်းလဲမှု

ခင်ဆုဝေ
jasminekhin@gmail.com

ရေမြုပ်နေသော ရင်မှည့်စပါးများကို ရိတ်သိမ်းနေသည့် တောင်သူများကို ၂၀၀၇ ခုနှစ်က တွေ့ရစဉ်။ ဓာတ်ပုံ - မြန်မာတိုင်းမ်

ဒီနှစ် မိုးလွန်ကာလမှာ ရွာသွန်းခဲ့တဲ့ အခါလွန်မိုးကြောင့် စပါးအဓိကစိုက်ပျိုးတဲ့ ရောဝတီတိုင်းနဲ့ ပဲခူးတိုင်းဒေသက စပါးစိုက်ခင်းတွေ ပျက်စီးဆုံးရှုံးကြရတဲ့ သတင်းကို ပြည်တွင်းမီဒီယာ တော်တော်များများမှာ တွေ့ရပါတယ်။ မိုးလွန်မိုးကြောင့် ရိတ်သိမ်းချိန် သီးနှံတွေ ပျက်စီးနေတာတွေဟာ ဒီနှစ်ပိုင်းတွေမှာ နှစ်စဉ်လိုလိုကြားနေရတဲ့ ကိစ္စတွေဖြစ်လာပါတယ်။

ဒီအခြေအနေကြောင့် ရိတ်သိမ်းပြီး စပါးတွေရဲ့ ငါးဆယ်ရာခိုင်နှုန်း အပျက်အစီးရှိခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် ကသစ်ခုံရွာသစ်ကျေးရွာမှ တောင်သူကြီး ဦးစိုးသိန်းက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

"အရင်နှစ်တွေတုန်းကလည်း ရေကြီးဖူးတာပါပဲ။ ဒါပေမဲ့ ဒီလောက်တော့ မဆိုးခဲ့ပါဘူး။ ဒီနှစ်ထဲမှာမှ ရေနှစ်ကြိမ်လောက် ကြီးလိုက်တော့ ကျွန်တော့်လယ် ၁၀ ဧကဆိုရင် အားလုံးပေါင်းမှ စပါးတင်း ၈၀ လောက်ပဲ ကျန်လိမ့်မယ်" လို့ သူကဆိုပါတယ်။

တောင်သူလယ်သမားများအဖို့ တရုတ်အာဏာပိုင်တွေရဲ့ အဖမ်းအဆီးကြောင့် ပြည်ပသို့ တင်ပို့ဆန်စျေးကွက် ထိခိုက်နေရချိန်တွင် ရာသီဥတုထိုးနှက်မှုကိုလည်း ခံနေကြရခြင်းလည်း ဖြစ်ပါတယ်။ ဒါတွေဟာ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုတွေ ပြောင်းလဲလာတာရဲ့ အကျိုးဆက်လို့ မိုးလေဝသနှင့် ဇလဗေဒညာရှင် ဒေါက်တာထွန်းလွင်က ပြောပါတယ်။

"ဒီနှာဂစ်ဖြစ်တဲ့ ၂၀၀၈ ခုနှစ်ကစပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အထိ မိုးလွန်ကာလ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ သုံးလကာလအတွင်းမှာ မုန်တိုင်းတွေ သုံးလုံးကနေ လေးလုံး ဖြစ်တယ်ဆိုတာ ရာသီဥတု ပြောင်းလဲတာကို ဖော်ပြတာပါ။ မိုးတွင်းမှာဖြစ်တဲ့ မုတ်တိုင်းတွေက သိပ်မဖြစ်တော့ဘူး၊ မိုးလွန်မှာ လာဖြစ်တယ်။ အဲဒီလို မုန်တိုင်းဖြစ်တဲ့အတွက် အချိန်အခါမဟုတ် ရွာတဲ့ မိုးတွေ ဖြစ်လာတယ်။ မိုးက ရွာတော့ စိုက်ပျိုးရေးလုပ်ငန်းအပေါ်မှာ လုပ်တဲ့သူတွေအတွက် ထိတာပေါ့လေ။ ရေလိုတဲ့အလုပ်ရှိတယ်၊ ရေမလိုတဲ့အလုပ်ရှိတယ်။ များသောအားဖြင့် ရေမလိုတဲ့အလုပ်က ပိုများတယ်။ ဘာကြောင့်လဲဆိုတော့ ရိတ်ချိန်၊ သိမ်းချိန် ဖြစ်တာကိုး။ ရိတ်ချိန်၊ သိမ်းချိန်ဖြစ်တဲ့ သီတင်းကျွတ်၊ တန်ဆောင်မုန်းမှာ မိုးမလွတ်ဘူး၊ စပါးတွေ ရေစိုထိခိုက်တာပေါ့" ဟု ၎င်းက ပြောပါတယ်။

မြန်မာနိုင်ငံမှာ ရာသီဥတု ပြောင်းလဲမှုရဲ့ အကျိုးဆက်အဖြစ် ဆိုးဝါးပြင်းထန်တဲ့မိုးလေဝသအခြေအနေတွေကို နှစ်စဉ်ကြုံတွေ့လာရပါတယ်။ ၂၀၀၈ ခုနှစ်မှာ နာဂစ်မုန်တိုင်းမှာ လူပေါင်း တစ်သိန်းလေးသောင်းခန့် သေကြေပျက်စီးခဲ့ရပြီး ပြန်လည်တည်ဆောက်ရေးအတွက် အချိန်၊ ငွေ၊ လူအင်အားတွေ အများကြီး ယူခဲ့ရပါတယ်။

မြန်မာနိုင်ငံဟာ ရာသီဥတု ပြောင်းလဲမှုကို ၁၉၇၈ ခုနှစ်ကတည်းက ခံစားလာခဲ့ရပြီး မုတ်သုံဝင်ရက်စောတာ၊ မုတ်သုံထွက်ရက်တွေနောက်ကျတာ၊ မုတ်သုံကာလ တိုတောင်းလာခြင်း၊ ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံကာလအတွင်း မုန်တိုင်းအရေအတွက် လျော့နည်းလာခြင်းတို့ ဖြစ်လာခဲ့ပါတယ်။

"အဲဒီလေးချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံမှာ ရာသီဥတု ပြောင်းလဲ လာပြီဆိုတာ ပြောလို့ရတယ်။ မုတ်သုံပြောင်းရင် ရာသီဥတု ပြောင်းတာပဲ။ မြန်မာနိုင်ငံရဲ့ မုတ်သုံမိုးကရတဲ့ မိုးရေချိန်က တစ်နှစ်လုံးစုစုပေါင်းရတဲ့ မိုးရေချိန်ရဲ့ ၉၀ ရာခိုင်နှုန်းလောက် ရှိတယ်လေ" ဟု ၎င်းက ဆိုခဲ့ပါတယ်။

"အကြီးမားဆုံးပြောင်းလဲမှုက မုတ်သုံကာလ ရက် ၄၀ လောက် လျော့သွားတယ်။ နောက်တစ်ခါ နှစ်တော်တော်များများဟာ စက်တင်ဘာလကုန်အထိ မုတ်သုံကာလအတွင်း မုန်တိုင်းတွေဖြစ်တာ နည်းနည်းနေတယ်။ တချို့နှစ်တွေ တစ်မိုးတွင်းလုံး တစ်လုံးမှ မဖြစ်ဘူး" လို့ ဒေါက်တာထွန်းလွင်ကဆိုပါတယ်။

ဒီလို ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုတွေ ဖြစ်လာတာဟာ မြန်မာနိုင်ငံအပါအဝင် အခြားအရှေ့တောင်အာရှ နိုင်ငံတွေရဲ့ ဆန်စပါးထုတ်လုပ်မှုကို ထိခိုက်လာပါတယ်။ ဒေါက်တာထွန်းလွင်ရဲ့ Weathering Extremes: the need for a stronger ASEAN response စာတမ်းမှာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံဟာ စပါးအဓိက စိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံတွေဖြစ်သလို ၂၀၁၀ ပြည့်နှစ်မှာ တစ်ကမ္ဘာလုံး စပါးစိုက်ပျိုးထုတ်လုပ်မှုရဲ့ ၃၁ ရာခိုင်နှုန်း ရှိပြီးတော့ စပါးအထုတ်လုပ်ဆုံးနိုင်ငံ ဆယ်နိုင်ငံမှာ အရှေ့တောင်အာရှက ငါးနိုင်ငံပါဝင်တဲ့အတွက် ရာသီဥတုဖောက်ပြန်မှုကြောင့်သာ စပါးအထွက်နှုန်း ထိခိုက်မယ်ဆိုရင် အဲဒီအရှေ့တောင်အာရှဒေသတင်မဟုတ်ပဲ အခြား ကမ္ဘာ့အစိတ်အပိုင်းက တခြားနိုင်ငံတွေပါ ထိခိုက်မှာဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းတွေရဲ့ထုတ်ပြန်ချက်အချို့ကို ကိုးကားဖော်ပြထားပါတယ်။

"ကျွန်တော်တို့ တစ်ကောကို သိန်းဂဏန်း လောက်ကုန်ကျတာ။ ဆောင်းရာသီအမီ ပဲစိုက်ချင်ပေမယ့်လည်း လယ်တွေထဲမှာ ရေမကျသေးဘူး။ ၂၀၁၂ နဲ့ ၂၀၁၃ ခုနှစ်လောက်က ရေနုတ်တူးမြောင်းတွေက တစ်ဆင့် ရေငံတွေ တောက်လျှောက် ဝင်ခဲ့တယ်။ ဆောင်းရာသီအမီလုပ်ချင်ပေမယ့် အခုအချိန်တိုင်းဆိုရင် နွေစပါး စိုက်တဲ့အချိန် နောက်ကျသွားပြန်ရော။ အခု တောင်သူတွေ ဘာဆက်လုပ်ရမယ်မှန်းမသိပဲ ဇဝေဇဝါ ဖြစ်ကုန်တယ်။ နောက်နှစ်တော့ အပျက်အစီး နည်းအောင် မိုးကြိုကာလကတည်းက စပါးစိုက်မယ်လို့ စိတ်ကူးထားတာပါပဲ"လို့ တောင်သူဦးစိုးသိန်းက ပြောပါတယ်။

ရာသီဥတုဆိုင်ရာ ပညာရှင်အဖွဲ့အစည်း တစ်ခုဖြစ်တဲ့ German Watch ရဲ့ သတ်မှတ်ချက်အရ မြန်မာနိုင်ငံဟာ ၁၉၉၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုအများဆုံးနိုင်ငံများစာရင်းမှာ ဒုတိယနေရာမှာ ရှိနေပါတယ်။

"သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ ဒါပေမဲ့လို့လည်း ကျွန်တော်တို့နိုင်ငံတကာ အကူအညီတွေလည်း လိုအပ်ပါတယ်"လို့ ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်က မန္တလေးက မီဒီယာသမားတွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ ပြောကြားခဲ့ပါတယ်။

ဆိုးရွားတဲ့ ရာသီဥတုပြောင်းလဲမှု ပုံစံတွေဟာ မြန်မာအပါအဝင် အာဆီယံနိုင်ငံတွေကို ခြိမ်းခြောက်လာတဲ့ အကြောင်းကိုလည်း သမ္မတဦးသိန်းစိန်က မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်ကျင်းပခဲ့တဲ့ ၂၄ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး အဖွင့် မိန့်ခွန်းမှာ ပြောကြားခဲ့ပါတယ်။

"တစ်နိုင်ငံချင်းစီအနေနဲ့ ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေမယ့် နည်းဗျူဟာ၊ စီမံကိန်း တိတိကျကျ ရှိမနေကြဘူး" လို့ ပါကစ္စတန်နိုင်ငံ စိုက်ပျိုးသုတေသနကောင်စီအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ Mr Zafar Hasan Reza က ယခုနှစ်နိုဝင်ဘာလထဲမှာ ကျင်းပခဲ့တဲ့ တောင်တန်းဒေသရဲ့ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လိုက်လျောညီထွေရှိနိုင်မှုအတွက် အဖြေရှာတဲ့ အစည်းအဝေးတစ်ခုမှာ ထောက်ပြခဲ့ပါတယ်။

အဲဒီအစည်းအဝေးဟာ ဟိမဝန္တာဒေသရဲ့ သဘာဝဝန်းကျင်ဆိုင်ရာ အပြောင်းအလဲ၊ ရာသီဥတုအပြောင်းအလဲမှာ ရှင်သန်နေထိုင်ရေးအတွက် အဖြေရှာခဲ့တဲ့ အစည်းအဝေးဖြစ်ပြီး နိုင်ငံပေါင်း ၂၂ နိုင်ငံက ကိုယ်စားလှယ်တွေ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံအပါအဝင် ဟိမဝန္တာဒေသတစ်ခုလုံးဟာ လူဦးရေသန်း ၂၁၀ တို့အတွက် ဂေဟစနစ်၊ ရှင်သန်နေထိုင်မှု၊ သက်ရှိသဘာဝ အရင်းအမြစ်၊ သားငါးဟင်းသီးဟင်းရွက် သစ်သီးဝလံဖူလုံမှု အထောက်အပံ့ပြုပေးထားသော နေရာတစ်ခုဖြစ်ပါတယ်။

အာရှဒေသက အရေးပါတဲ့မြစ် (စုစုပေါင်း မြစ်ကြီး ၁၀ စင်း) ကလည်း လူဦးရေ ၁ ဒသမ ၃ ဘီလျံအတွက်လည်း အထောက်အကူပြုထားပါတယ်။

နီပေါနိုင်ငံရဲ့ အမျိုးသားစီမံကိန်းဆိုင်ရာ ကော်မရှင် ဒုဥက္ကဋ္ဌတစ်ဦးဖြစ်တဲ့ Govind Raj Pokharel က အစိုးရတိုင်းရဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေရှိဖို့အတွက် ဆောင်ရွက်တဲ့ကိစ္စရပ်ဟာ နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ ဖွံ့ဖြိုးရေးအစီအစဉ်တွေ၊ ပေါ်လစီတွေလိုပဲ အရေးပါတယ်လို့ ဒီအစည်းအဝေးမှာ ထောက်ပြခဲ့ပါတယ်။

"ကျွန်တော်တို့အနေနဲ့ ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်တဲ့ သဘာဝဘေးအန္တရာယ်တွေကို အရေးမမူမိရင် ဆင်းရဲနွမ်းပါးမှုမှာ မြင့်တက်လာမှာပဲ"လို့ ဆိုပါတယ်။

လက်ရှိမှာတော့ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံထဲမှာ တစ်နိုင်ငံ အပါအဝင်ဖြစ်တဲ့ မြန်မာနိုင်ငံမှာတော့ ဖွံ့ဖြိုးရေး စီမံကိန်းတွေကြောင့် ဖြစ်လာနိုင်ဖွယ်ရှိတဲ့ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု၊ ထိုမှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုတွေကို ရင်ဆိုင် နေကြရဆဲ ဖြစ်ပါတယ်။

နိုင်ငံရဲ့ လျှပ်စစ်လိုအပ်ချက်ဖြည့်တင်းရေးအတွက် ကျောက်မီးသွေးကနေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်တာကို ဥပုရာခိုင်နှုန်းထိတိုးမြှင့်ထုတ်လုပ်ဖို့ လျာထားကြောင်း လျှပ်စစ်ဝန်ကြီးဌာနက ထုတ်ပြန်ချက်အရ သိရှိရပြီး ကျောက်မီးသွေးမှ လျှပ်စစ်အား ထုတ်ယူမယ့် အစိုးရရဲ့စီမံချက်တွေဟာ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ရှိလာနိုင်တာကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမား အများစုက ကန့်ကွက်နေကြပါတယ်။

"မြန်မာနိုင်ငံမှာဆိုရင်ရာသီဥတုပြောင်းလဲမှုကြောင့်နှာဂစ်ဖြစ်ခဲ့တယ်၊ လူအများကြီး အသက်အိုးအိမ်ပျက်စီး ဆုံးရှုံးခဲ့ရတယ်။ အဲဒီအတွက် သိပ္ပံပညာရှင်တွေ အခုလိုအပြန်အလှန်ဆွေးနွေးပြီးတော့ အဲဒီရလဒ်တွေဟာ အသက်ဝင်အရာရောက် လာတယ်ဆိုရင် ရာသီဥတု ပြောင်းလဲမှုဒဏ်ကိုတုံ့ပြန်လာနိုင်တာပေါ့"လို့ Myanmar Institute for Integrated Development မှ အမှုဆောင် ဒါရိုက်တာ Joern Kristensenက မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

> ဒီနှစ်ထဲမှာမှ ရေနှစ်ကြိမ် လောက်ကြီးလိုက်တော့ ကျွန်တော့်လယ် ၁၀ ဧက ဆိုရင် အားလုံးပေါင်းမှ စပါးတင်း ၈၀ လောက်ပဲ ကျန်လိမ့်မယ်။

> မြန်မာနိုင်ငံသည် ၁၉၉၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုအများဆုံး နိုင်ငံများ စာရင်းတွင် ဒုတိယနေရာမှာ ရှိနေ

သစ်တောမပြုန်းတီးအောင် ကာကွယ်နိုင်ရင် ရာသီဥတုပြောင်းလဲမှုကို စေးနှူးနှဲသက်သက်သာသာနဲ့ ကာကွယ်နိုင်တယ်လို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်တွေ မှတ်ချက်ပြုခဲ့ပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့သစ်တောဖုံးလွှမ်းမှုဟာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ယှဉ်ရင် ၄၀ ရာခိုင်နှုန်းဝန်းကျင်ပဲ ကျန်ရှိပြီး လွတ်လပ်ရေးမတိုင်ခင်ကတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၇၀ ရာခိုင်နှုန်းတိတိ ရှိခဲ့တာကြောင့် ကမ္ဘာမှာ သစ်တောပြုန်းတီးမှုအမြန်ဆုံးနိုင်ငံတွေထဲမှာ အပါအဝင်ဖြစ်တယ်လို့ ကုလသမဂ္ဂ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ရဲ့ Global Forest Resources Management အစီရင်ခံစာ ၂၀၁၀ အရ သိရပါတယ်။

"ဒီလိုရာသီဥတုပြောင်းလဲမှုတွေ ဖြစ်လာတဲ့အတွက် သမားရိုးကျလုပ်တဲ့ အတွေးအခေါ်နဲ့ အယူအဆတော့ ပြောင်းလဲကြရမှာပေါ့" လို့ ဒေါက်တာထွန်းလွင်က ပြောပါတယ်။ ■

မှန်းဆခက်တဲ့ စက်မှုဇုန်မြေဈေးကွက်

ဖြိုးဝေကျော်
pwkyaw@gmail.com

မန္တလေးဖြို့ရဲ့ အရှေ့တောင်ဘက်ခြမ်း၊ စက်မှုဇုန်ဧရိယာအတွင်းက အိမ်ခြံမြေဈေးကွက်ဟာ လက်ရှိမှာအရောင်းအဝယ် အေးနေပြီး ရှေ့အလားအလာ ဘယ်လို ဆက်ဖြစ်နိုင်မယ်ဆိုတာ မှန်းဆရခက်ခဲနေကြောင်း ဈေးကွက်သတင်းတွေအရ သိရပါတယ်။

မြို့ရဲ့ အိမ်ခြံမြေအရောင်းအဝယ် ဈေးကွက်တစ်ခုလုံး လက်ရှိအချိန်မှာ ခပ်ပါးပါးသာ အလုပ်ဖြစ်နေတယ်လို့ ခြုံငုံသုံးသပ်နေကြတဲ့ အခုလိုအချိန်မှာ စက်မှုဇုန်အတွင်းက အိမ်မြေဈေးကွက် အခြေအနေဟာ တခြားစဉ်းစားစရာ အချက်အလက်တွေလည်း ရှိနေပါသေးတယ်။ အဲဒါကတော့ စက်မှုလုပ်ငန်း လုပ်ကိုင်ခြင်းမရှိတဲ့ စက်မှုဇုန်မြေကွက်တွေနဲ့ပတ်သက်တဲ့ ကြေညာချက် ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ ထွက်ပေါ်ထားတာပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅ နှစ်ဝန်းကျင် လောက်က မန္တလေးစက်မှုဇုန်ကို စတင် တည်ထောင်ခဲ့ချိန်မှာ မြေဧရိယာအကျယ် ဧကပေါင်း ၁,၂၅၀ ဧကမှာ မြေကွက် ပေါင်း ၃,၁၀၀ ကျော်နဲ့ စတင်ခဲ့တယ်လို့ သိရပါတယ်။ မြေကွက်တွေကို အကွက်ချ ခဲ့ရာမှာတော့ ဧရိယာပတ်ပတ်လည်ကို ဧကကျယ်အကွက်တွေနဲ့ ဝန်းရံထားပြီး အလယ်မှာ ဝန်ထမ်းတွေနဲ့ အသေးစား စက်မှုလုပ်ငန်းရှင်တွေအတွက် မြေကွက် တွေကို အကွက်ချ စီမံပေးခဲ့ကြောင်း အိမ်မြေအကျိုးဆောင်တွေဆီက သိရပါတယ်။

မန္တလေးစာမျက်နှာ ၆ သို့

မန္တလေးစက်မှုဇုန်အတွင်း ခေါ်ဈေးကောင်းသော ၆၂ လမ်းပေါ်မှ အိမ်မြေအကွက်အကွင်း တစ်နေရာကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

HOUSE OF THE WEEK

ဈေးကွက်ကောင်းတဲ့ တံခွန်တိုင်က တိုက်

ကျော်ကိုကို
kyawkoko.mdy991@gmail.com

ဓာတ်ပုံ – ကျော်ကိုကို

တည်နေရာ – ၈ × ၅၂ တံခွန်တိုင်၊ ဇီးကုန်းရပ်ကွက်။
ဈေးနှုန်း – အရောင်း (ညှိနှိုင်း)။
ဖုန်းနံပါတ် – ၀၉ ၃၃၀၅၃၆၊ ၀၉ ၄၀၂၆၉၈၁၀၂။

ယခုအပတ်မှာတော့ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင် ဇီးကုန်းရပ်ကွက်ထဲက နှစ်ထပ်တိုက်ကလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီတိုက်ကလေးဟာ လိမ္မော်ရောင်ဆေးခြယ်ထားတာဖြစ်တဲ့အတွက် ဘေးပတ်ဝန်းကျင် အဆောက်အအုံတွေကြားမှာ ထူးခြားပေါ်လွင်နေပါတယ်။ အဆောက်အအုံက ကျယ်ကျယ်ပြန့်ပြန့်ရှိတာကြောင့် မိသားစုများများရှိပြီး စုစုစည်းစည်းနေထိုင်ချင်သူတွေအတွက် ရွေးချယ်ချင်စရာပါပဲ။ ဒီတိုက်လေးဆီကို ရန်ကုန် - မန္တလေးလမ်းကနေလာရင် ပ. လ. က ထိပ်ကနေပြီး မိုးထိအောင်စည် ဘုန်းကြီးကျောင်းအတိုင်း လာရင် တွေ့နိုင်ပါတယ်။ ဒီတိုက်ကလေးရဲ့ အဓိက အားသာချက်ကတော့ ရန်ကုန်-မန္တလေးလမ်းနဲ့ သိပ်မဝေးတာကြောင့် နေရာကောင်း ဖြစ်သလို ဈေးကွက်အနေအထားတွေအရ ရင်းနှီးမြှုပ်နှံမယ်ဆို ရင်လည်း မမှားနိုင်ပါဘူး။ ရပ်ကွက်ထိပ်မှာ အထက်တန်းကျောင်းရှိသလို အိမ်ရှင်မတွေ အမြဲတမ်း ထည့်တွေးတတ်တဲ့ ဈေးနဲ့လည်း နီးပါတယ်။

တိုက်ကလေးထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ ဧည့်ခန်းကိုစတင်တွေ့မြင်ရမှာဖြစ်ပြီး သူနောက်မှာတော့ အခန်းကျယ်အိပ်ခန်းနှစ်ခန်းရှိပါတယ်။ အိမ်နောက်ဘက်မှာတော့ မီးဖိုချောင်၊ ထမင်းစားခန်းနဲ့ သပ်သပ်စီဖွဲ့စည်းထားတဲ့ ရေချိုးခန်းနဲ့အိမ်သာ ပါဝင်ပါတယ်။ အပေါ်ထပ်မှာတော့ ဘုရားခန်းကို ခပ်ကျယ်ကျယ် ထည့်သွင်းတည်ဆောက်ထားပါတယ်။

ခြံအကျယ် ပေ ၃၀× ပေ ၄၀ ရှိပြီး အဆောက်အအုံအကျယ်ကတော့ ၂၂ ပေ × ပေ ၃၀ ရှိတာကြောင့် အိမ်ရှေ့မှာ ကားရပ်ထားဖို့ နေရာကောင်းကောင်း ပါဝင်ပါတယ်။ ရေ၊ မီး အပြည်အစုံပါဝင်သလို အိမ်ဂရန်ကတော့ ဘိုးဘွားပိုင်မြေနေရာအမျိုးအစားဖြစ်ပါတယ်။ ■

MCM EXECUTIVE DIARY 2015
ON SALE NOW!



Executive Diary 2015
The most comprehensive diary ever produced in Myanmar.
More than 400 pages with one day per page.
Packed with vital data useful for every business.
Carry around or use at the office.
Cover price - K9999
Wholesale price - K7999
Special offer for our subscribers and advertisers - K7999

Handy Diary 2015
The most comprehensive diary ever produced in Myanmar.
More than 200 pages with two days per page.
Packed with vital data useful for every business.
Carry around or use at the office.
Cover price - K6000
Wholesale price - K4800
Special offer for our subscribers and advertisers - K4800

HURRY! Stocks Limited

YANGON: 392928, 253642 **MANDALAY:** 02-65391, 74585 **NAY PYI TAW:** 067-21426, 25309

မှန်းဆခက်တဲ့ . . .

မန္တလေးစာမျက်နှာ ၅ မှ

စက်မှုဇုန်ကို တည်ထောင်ခဲ့တဲ့ ရည်ရွယ်ချက်က စက်မှုလုပ်ငန်းတွေ တိုးတက်ဖို့၊ ထုတ်ကုန်မြင့်မားဖို့နဲ့ သွင်းကုန်အစားထိုးစက်ရုံတွေ တည်ထောင်နိုင်ဖို့ ရည်ရွယ်ခဲ့တာဖြစ်ပေမယ့် နောက်ပိုင်းမှာ လူနေခွင်တွေအပါအဝင် ဧရိယာကျယ်အကွက်တွေကို စီးပွားဖြစ်ရောင်းဝယ်ကြပြီး ဖွံ့ဖြိုးတဲ့ အိမ်ခြံမြေ ဈေးကွက်အသွင်ဆောင်လာတာကလည်း အားလုံးအသိဖြစ်ပါတယ်။

အခုတော့ မန္တလေးစက်မှုဇုန်များကြီးကြပ်ရေးကော်မတီကနေ လုပ်ငန်းလုပ်ကိုင်ခြင်းမရှိတဲ့ ဂိုဒေါင်နဲ့ စက်မှုလက်မှုလုပ်ငန်းတွေ မဆောင်ရွက်တဲ့ မြေကွက်တွေကို အကြောင်းအမျိုးမျိုးနဲ့ လက်ဝယ်ပိုင်ဆိုင်ထားသူတွေ အနေနဲ့ Detail Business Plan ကို လာမယ့် ဒီဇင်ဘာလကုန် နောက်ဆုံးထားပြီး မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များကြီးကြပ်ရေးကော်မတီ (မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး)ကို တင်ပြရမှာဖြစ်ကြောင်းနဲ့ လိုက်နာခြင်းမရှိရင် ဂိုဒေါင်နဲ့ စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်ခြင်းမရှိတဲ့ မြေတွေကို နိုင်ငံတော်ကို ပြန်အပ်ရမယ်လို့ ဆိုထားပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မြို့ခံအိမ်မြေအကျိုးဆောင်တွေရဲ့ မှတ်ချက်အမျိုးမျိုးထဲမှာ ဒီကြေညာချက်ဟာ လူနေခွင် အိမ်မြေဈေးကွက်အပေါ် ရိုက်ခတ်မှုမကြီးမားနိုင်ကြောင်းနဲ့ လက်တွေ့မှာ ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာ စောင့်ကြည့်ရမယ်လို့ ဆိုကြပါတယ်။ ■

တရုတ် မျက်စိအတွင်းတိမ်ကုသရေးဆရာဝန်အဖွဲ့ မြစ်ကြီးနားမြို့တွင် အခမဲ့ကုသပေးမည်

ကျော်ကိုကို
kyawkoko.mdy991@gmail.com

တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ မျက်စိအတွင်းတိမ်ကုသရေးဆရာဝန်အဖွဲ့သည် ယခုလ ၅ ရက်နေ့တွင် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိနှင့် ပတ်သက်သည့် ဝေဒနာရှင်များကို အခမဲ့ဆေးကုသပေးသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ဝင်များထံက သိရသည်။

ယူနန်ပြည်နယ် လူမှုရေးအဖွဲ့များ ခေတ်မီ စက်ပစ္စည်းများကို လှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ယခုလ ၃ ရက်နေ့တွင် မြန်မာတိုင်း(မ်) ကိုပြောသည်။

၎င်းအဖွဲ့သည် နိုဝင်ဘာလ နိုင်ငံတကာဖလှယ်မှု မြှင့်တင်ရေးအဖွဲ့၊ ချစ်ကြည်ရေးဖလှယ်မှုရန်ပုံငွေအဖွဲ့နှင့် ယူနန်ပြည်နယ် အမှတ် (၁) ပြည်သူ့ဆေးရုံကြီးတို့ ပူးပေါင်းဖွဲ့စည်းထားသော အဆိုပါမျက်စိအတွင်းတိမ်ကုသရေးဆရာဝန်အဖွဲ့ကို ၂၀၁၃ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မြစ်ကြီးနားမြို့ရှိ မျက်စိဝေဒနာရှင် အယောက် ၁၀၀ ကျော်ကို ခွဲစိတ်ကုသပေးရန်မျှော်လင့်ထားကြောင်း၊ မြစ်ကြီးနားပြည်သူဆေးရုံကြီးတွင် သုံးရက်ကြာ အခမဲ့မျက်စိကုသပေးသွားမည်ဖြစ်ကာ ဆေးကုသမူပြီးဆုံးချိန်တွင် တရုတ်ငွေ ယွမ်နှစ်သိန်းခန့်တန်ဖိုးရှိ ခွဲစိတ်ကုသရေးခဲ့ပါတယ်။ နောက်ဒီဆေးရုံ(မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း) က တာဝန်ရှိတဲ့ သူတွေနဲ့ ညှိနှိုင်းပြီးတော့ ကုသပေးဖြစ်တာပါ။ ကျွန်မတို့မျှော်လင့်ထားတဲ့ အယောက် ၂၀၀ ထက်ပိုပြီးတော့ ကုသပေးနိုင်ခဲ့ပါတယ်။ ဒီမှာရှိတဲ့ဒေသခံဆရာဝန်တွေကိုလည်း ခွဲစိတ်မှုနည်းပညာတွေနဲ့ ပတ်သက်ပြီးတော့ သင်တန်းပေးနိုင်ခဲ့ပါတယ်။ ကျွန်မတို့အဖွဲ့အခုလ ၅ ရက်နေ့မှာ မြစ်ကြီးနားက မျက်စိဝေဒနာရှင်တွေကိုလည်း သွားရောက် ကုသပေးဦးမှာပါ။ အဲဒီကလူတွေက ဒီကလူတွေထက် အခြေအနေဆိုးတယ်လို့ ကြားသိရတဲ့အတွက် ကျွန်မတို့အကောင်းဆုံးပြင်ဆင်လုပ်ကိုင်သွားမှာပါ။ ဆေးကုသမှု ပြီးသွားရင်လည်း စက်ပစ္စည်းတွေကို လှူဒါန်းပေးခဲ့မှာပါ” ဟု ၎င်းကပြောသည်။

ယင်း တရုတ်နိုင်ငံမျက်စိအတွင်းတိမ် ကုသရေးဆရာဝန်အဖွဲ့တွင် ခွဲစိတ်ဆရာဝန် သုံးဦး၊ သူနာပြုနှစ်ဦးနှင့် စာရင်းပြုစုသူတစ်ဦးပါဝင်လာကြောင်း၊ ယခုလာရောက်ကုသပေးခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။ ■

ပြည့်ဖြိုးဝေ
အဆင့်မြင့် တည်းခိုခန်း
Guest House
ရာဇဌာနီလမ်း၊ နှင်းဆီဝိုင်း အရှေ့ဘက်၊ ကမ္ဘောဇဘက်အနီး၊ပျဉ်းမနားမြို့၊ နေပြည်တော်။ ၀၆၇-၂၅၆၉၃၊ ၀၆၇-၂၅၈၇၉

SmartVision
LED TV, EVD, Portable EVD
LED TV
ဒီဇိုင်း ဈေးနှုန်း နည်းပညာ အသစ်
EVD
2 နှစ် အာမခံ

ဤကလွှတွင် ကြော်ငြာလိုပါက
ဆက်သွယ်ရန်
02-65391
contact us: 02-74585
09-31448328

မင်္ဂလာပါ
MinGaLaBar
FREE WIFI
မြန်မာ့ရိုးရာ ထမင်းဟင်း နှင့် မုန့်ဝဲသရေစာ မျိုးစုံ
Myanmar Traditional Curry, Snack & Sweet
• Breakfast : 6:00am to 11:00 am • Dinner : 5:00pm to 9:00pm
• Lunch : 11:00am to 5:00 pm • Myanmar Snack : 12:00pm - Till Late
No.(18),71st Street, Bet; 28thx29thStreet, North of Nan Taw Hospital,Mandalay.
02-60480,09-797413200, 49311733 www.facebook.com/mingalabarmyanmarrestaurant

ဦးမျိုးဝင်း (သမီး) သူဇာမျိုးမျိုးဝင်း
မြန်နွာ သစ်ခွဲခြံ
• သစ်ခွဲခြံ
• သစ်ခွမျိုးစုံ ပြေယာရှာဝင်း သီးပင်မျိုးစုံ စားပင်မျိုးစုံ
• အိမ်တွင်း၊ အိမ်ပြင် အလှပင်အမျိုးမျိုး
၁၂လမ်း နှင့် သုဓမ္မာဇရပ်တန်းလမ်းကြား၊ မန္တလေးတောင်တက်လမ်း၊ ကျောက်တော်ကြီး ဘုရားအနောက်ပေါက်၊ ရတနာပုံစံကျောင်းအရှေ့ပေါက်၊ မန္တလေးမြို့။ ၀၉-၂၀၀၅၇၂၉၊၂၀၂၄၁၇၃

华仔土鸡
ကောင်းသန့်
ဟော့ပေါ့ နှင့် စားတော်ဆက်
မိတ်ဆွေ တို့အတွက်
Special Discount
1st Dec: 2014 to 28th Feb: 2015
၃လအတွင်း Vip Card အပြင် အထူး Promotion
50000 အထက် 20% Discount
20000 အထက် 10% Discount လျော့ပေးနေပါပြီ
ကေတီတောကြက်နှပ် ဟော့ပေါ့
ကေတီငါးခေါင်း မြေအိုးဟော့ပေါ့
အော်ဇွန်းပြည်ကြီးငါးသုပ်
ပက်စတူးပြန်ချက်
အမှတ် (၁၇၄) ၊ လမ်း၈၀၊ ၂၈ × ၂၉ လမ်းကြား၊ Orange ဘေးကပ်ရပ်၊ မန္တလေး။

MYANMAR TIMES
HEARTBEAT OF THE NATION

MYANMAR TIMES

End of year advertising sale

50% off

BOOK NOW!

Booking Period : November 24 - December 31, 2014
Advertising Period : January 1 - March 31, 2015

Spaces are limited, and will be sold on a first-come first-served basis- **don't miss the chance** to catch **this incredible deal.**
Book before the New Year and keep the saving rolling into 2015.
The early bird gets the worm, commit now and **save in 2015!**

ADVERTISING HOTLINE: 392 676, 392 928
ads.myanmartimes@gmail.com

Esther ၊ မဝါနဲ့ ဒေါ်နီနီသက်တင်

ဒေါက်တာစန်းစန်းအေး၊ ဒေါ်အေးအေးမြင့်နဲ့ ဒေါ်စုစုတင်

မစိုးသူဇာဝင်းနဲ့ မမေသူဇော်

တဖြည်းဖြည်းအေးလာတဲ့ မန္တလေးမှာ ဆိုရှယ်ပရိသတ်ကြီးလည်း ကျန်းမာရေးကို အထူးဂရုစိုက်ဖို့ လိုလာပါပြီနော်။ မေလေးကတော့ မန္တလေးဆောင်းရဲ့ အအေးဒဏ်ကိုအံတုလို့ ဒီတစ်ပတ် ပွဲငါးပွဲတောင် တက်ဖြစ်ခဲ့ပါတယ်လို့. . . ။

အလှကုန်ဆိုင်ဖွင့်ပွဲ

Annam Myanmar Co.,Ltd က မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိရောင်းချနေတဲ့ ပြင်သစ်နိုင်ငံထုတ် Yves Rocher အမှတ်တံဆိပ် အလှကုန်ရဲ့ မန္တလေးအရောင်းပြခန်းကို နိုဝင်ဘာလ ၃၀ ရက်နေ့ မနက်ပိုင်းက လမ်း ၃၀၊ ၆၅ လမ်းနဲ့ ၆၆ လမ်းမှာ ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။

ဆိုင်သစ်ဖွင့်ပွဲ

ဝန်ထမ်းများ

မအေးကြည်ကြည်ပြုံး၊ Treza, Fransisca နဲ့ ကိုပက်ထရစ်စိုးအောင်

Yangon Food Villa စားသောက်ဆိုင်ရဲ့ ခြေလှမ်းသစ်အနေနဲ့ ဖွင့်လှစ်တဲ့ Myanmar Food Villa မြန်မာထမင်းဆိုင်လေးကို တော့နိုဝင်ဘာလ ၂၅ ရက်နေ့က ဖွင့်လှစ်ခဲ့တာပါ။

ကုမ္ပဏီမိတ်ဆက်ပွဲ

ဒေါ်ရွှေလှနဲ့ ဒေါ်အေးမိစံ

ဒေါ်သန်းသန်းအေး

ဦးဇင်မင်းဆွေ

ဦးကျော်ကျော်ဝင်း

၇၃ လမ်း၊ သဇင်လမ်းနဲ့ ငုရွှေဝါလမ်းကြားက မင်္ဂလာမန္တလေးစီမံကိန်းမှာ နေထိုင်သူတွေကို After Sale Service အဖြစ် ဆက်လက်ဝန်ဆောင်မှုပေးမယ့် Mandalay Management Corporation (MMC) အကြောင်း မိတ်ဆက်ပေးတဲ့ပွဲလေးကိုလည်း မင်္ဂလာမန္တလေးကားပါကင်အဆောက်အအုံ အပေါ်ဆုံးထပ်မှာ နိုဝင်ဘာလ ၃၀ ရက်နေ့က ပြုလုပ်ခဲ့ပါတယ်။

Mrs Wellwoman ရွေးပွဲ

ဘိုဘိုနီ(မိုးကုတ်)

မအိမ်သစ်

မဖြိုးရတနာ

Mr Surendra

နိုဝင်ဘာလ ၃၀ ရက်နေ့ကနေ့လယ်ပိုင်းက ပြုလုပ်ခဲ့တဲ့ပွဲလေးကတော့ Wellwoman အမှတ်တံဆိပ်အားဆေး ကပြုလုပ်တဲ့ Mrs Wellwoman ရွေးချယ်ပွဲလေးဖြစ်ပြီး Skywalk Shopping Mall မှာ ပြုလုပ်ခဲ့တာပါ။

နည်းပညာမိတ်ဆက်ပွဲ

၂၀၁၅ ခုနှစ်အတွက် Hair Color Technique အသစ်ဖြစ်တဲ့ Neon Collection ကို မြန်မာနိုင်ငံမှာ ပထမဆုံးသင်တန်းပို့ချပေးတဲ့ပွဲလေးကိုတော့ နိုဝင်ဘာလ ၂၄ ရက်နေ့နဲ့ ၂၅ ရက်နေ့က ဟိုတယ်မန္တလေးမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဆရာတစ်ဦး၊ ဒေါ်ကျင်ပို့နဲ့ Mr Pesant Luc Gaston နှင့် သင်တန်းသားများ

စကိတ်ပြိုင်ပွဲစာနယ်ဇင်းရှင်းလင်းပွဲ

ကိုလွင်လတ်

မအေမီသိဂီဝင်း

ကိုအောင်ဇော်

ကိုသီဟအောင်နဲ့ မပြည့်နှင်းစိုင်း

Hansaplast က မန္တလေးမြို့မှာ ပထမဆုံးအကြိမ်ကြီးမှူးကျင်းပမယ့် စကိတ်အားကစားပွဲတော် အကြောင်း စာနယ်ဇင်း ရှင်းလင်းပွဲကိုတော့ နိုဝင်ဘာလ ၂၈ ရက်နေ့က တက်ရောက်ခဲ့ပါတယ်။

HEARTBEAT OF THE NATION

MDY Extra မြန်မာတိုင်းမ်

MyanmarTimes

www.mmtimes.com

အတွဲ-၃၆၊ အမှတ်-၇၀၁ (၅ - ၁၁၊ ၁၂၊ ၂၀၁၄)

သိုင်းပြိုင်ပွဲတွင် မန္တလေးတိုင်းက ကစားသမား ၄၀ ခန့် ဝင်ပြိုင်မည်

သန်းနိုင်စိုး

thennaingsoe@gmail.com

နေပြည်တော်တွင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် မြန်မာ့သိုင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးက ကစားသမား ၄၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များဖြစ်သော မန္တလေးမြို့တွင်း ငါးမြို့နယ်၊ အမရပူရမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်တို့ မြန်မာ့သိုင်းကစားသမားများကို ရွေးချယ်ကာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်း ဆပ်ကော်မတီ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောသည်။

"ဒီဇင်ဘာ ၄ ရက်နေ့မှာ ကစားသမားတွေကို ပေါင်ချိန်တာ ဆေးစစ်တာလုပ်မယ်။ ၅ ရက်နေ့မှာတော့ လူရွေးပွဲလုပ်ပါမယ်"ဟု ၎င်းက ပြောသည်။

မြန်မာ့သိုင်း ဗန်တိုလက်အတိုက်ပြိုင်ပွဲတွင် အသက် ၁၆ နှစ်မှ ၃၅ နှစ်အတွင်းရှိ အမျိုးသားဝိတ်တန်း ခုနစ်တန်း၊ အမျိုးသမီးဝိတ်တန်း ငါးတန်း၊ အမျိုးသမီးဝိတ်တန်း သုံးတန်းပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ပညာစဉ်အပြ ပြိုင်ပွဲတွင် လက်ရေးပြ၊ ဓားတစ်လက်၊ ဓားနှစ်လက် ပြိုင်ပွဲတို့တွင် အမျိုးသားရော အမျိုးသမီးပါ ယှဉ်ပြိုင်သွားမည်ဖြစ်သော်လည်း တုတ်ရှည်အပြနှင့် လုံရှည်အပြပြိုင်ပွဲတို့တွင် အမျိုးသားများသာ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့ပြင် အတွဲတိုက်ပြိုင်ပွဲတွင် အမျိုးသမီးနှင့် အမျိုးသားအတွဲများ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ် ကျင်းပခဲ့သည်။ ယင်းနောက်ပိုင်းတွင် အမျိုးသားအားကစားပွဲတော်ကို ကျင်းပနိုင်ခြင်းမရှိဘဲ ၁၇ နှစ်အကြာ ၂၀၁၅ ခုနှစ်တွင်မှ စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ပြန်လည် ကျင်းပခြင်းဖြစ်ကြောင်း ဦးစိုးဝင်းက ပြောသည်။

"အမျိုးသားအားကစားပွဲတော်က ၁၇ နှစ်ကြာမှ ပြန်ကျင်းပတာဖြစ်တဲ့အတွက် မန္တလေးတိုင်းက ဆရာတွေအနေနဲ့ ပြိုင်ပွဲဖြစ်မြောက်ဖို့အတွက် အားကြိုးမာန်တက်ဆောင်ရွက်နေပါတယ်။ ဒီပြိုင်ပွဲမှာ အောင်မြင်အောင်လည်း လုပ်ဆောင်နေကြပါတယ်"ဟု ဦးစိုးဝင်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီသည် ယခုနှစ် ဩဂုတ်လအတွင်းက

ယခုနှစ် ဧန်နဝါရီလအတွင်းက ကျင်းပခဲ့သော သိုင်းပြောင်းပြန် ပညာစဉ်ပြပွဲတွင် ဓားနှစ်လက်ကစားပြနေစဉ်။ ဓာတ်ပုံ-သန်းနိုင်စိုး

ကျင်းပသော မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် လေးခုရရှိသဖြင့် ဒုတိယတံခွန်စိုက် ဒိုင်းဆုကို ရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီက အမျိုးသမီးကစားသမားနှစ်ဦးကို နိုင်ငံလက်ရွေးစင်အဖြစ်ရွေးချယ်ခဲ့ပြီး ၎င်းတို့က အောက်တိုဘာလအတွင်း နေပြည်တော်တွင် ကျင်းပခဲ့သော အရှေ့တောင်အာရှ ဗိုဗီနမ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုတို့ကို ရယူပေးခဲ့သည်။

"ကျွန်တော်တို့ မြန်မာ့သိုင်းဟာ တခြား ဘယ်သိုင်းပြိုင်ပွဲမဆို ဝင်ပြိုင်နိုင်တဲ့အဆင့် ရှိပါတယ်"ဟု မြန်မာ့ရိုးရာသိုင်းပညာ ပြန့်ပွားတိုးတက်ရေး အဖွဲ့၏ အတွင်းရေးမှူးလည်းဖြစ်သူ ဦးစိုးဝင်းက ပြောသည်။ ■

မန္တလေးမြို့ စကိတ်ပြိုင်ပွဲတွင် အနယ်နယ်အရပ်ရပ်က ယှဉ်ပြိုင်မည်

ကြေးမုံဝင်း

kyaymonewin@gmail.com

လာမည့်ဒီဇင်ဘာလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့များတွင် မန္တလေးမြို့၌ ကျင်းပမည့် ပထမအကြိမ် အလွတ်တန်း အင်လိုင်း၊ စကိတ်ဘုတ်ပြိုင်ပွဲနှင့် စကိတ်အားကစားပွဲတော်ကို မြန်မာနိုင်ငံရှိ အခြားမြို့များကလည်း ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးထားပြီး နိုဝင်ဘာလကုန်တွင် ပြိုင်ပွဲဝင်ရန် စာရင်းပေးထားသူဦးရေ ၉၀ ခန့် ရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံစကိတ်အစည်းအရုံးတာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ကျွန်တော်တို့ အခုအချိန်ထိ ပြိုင်ပွဲဝင်ဖို့ စာရင်းပေးထားတဲ့သူ ၉၀ လောက်ရှိပါပြီ။ မန္တလေးမြို့အပြင် တခြား ရန်ကုန်၊ ပဲခူး၊ တောင်ကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးကလူတွေလည်း လာရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဒီပွဲလေးကို လူသိများအောင် ကျွန်တော်တို့ဆီက စီစဉ်သူတွေက နယ်မြို့တွေထိ သွားပြီး ပြိုင်ပွဲဝင်တွေကို ဖိတ်ကြားနေတဲ့အတွက် ပြိုင်ပွဲဝင် အရေအတွက် ဒီထက်ပိုများလာဦးမယ်လို့ ထင်ပါတယ်။ ပြိုင်ပွဲဝင်ဦးရေကို ကန့်သတ်မထားတဲ့အပြင် ပြိုင်ပွဲမပြိုင်ခင် တစ်နာရီအလိုအထိ ပြိုင်ပွဲဝင်ဖို့ စာရင်းပေးခွင့်ပြုထားပါတယ်။ ပြိုင်ပွဲဝင်ကြေးကလည်း အခမဲ့ပါ"ဟု မြန်မာနိုင်ငံစကိတ်အစည်းအရုံးက ကိုလွင်လတ်က

ယမန်နှစ်က မန္တလေးမြို့တွင် ကျင်းပခဲ့သော စကိတ်သရုပ်ပြပွဲတစ်ခု။ ဓာတ်ပုံ -သန်းနိုင်စိုး

ပြောသည်။

ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးပါဝင်မည့် အဆိုပါစကိတ်အားကစားပွဲတော်ကို ၆၃ လမ်းနှင့် ၄၂ လမ်းထောင့်ရှိ Lucky Arrow Skate Park တွင် မနက် ၉ နာရီ ၄၅ မိနစ်မှ ည စနာရီထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အသက် ငါးနှစ်၊ ခြောက်နှစ်အရွယ်ကလေးများ ဝင်ရောက်ယှဉ်ပြိုင်လိုပါက မိဘခွင့်ပြုချက်လိုအပ်ကြောင်းလည်း ၎င်းကပြောသည်။

အဆိုပါပြိုင်ပွဲကို Hansaplast ပလာစတာက ပံ့ပိုးကူညီခြင်းဖြစ်ပြီး နိုင်ငံခြားဒိုင်နှစ်ယောက် အပါအဝင် ဒိုင်စုစုပေါင်း ငါးယောက်က အကဲဖြတ် အမှတ်ပေးသွားမည်ဖြစ်ကာ ဆု ၃၉ ဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ စကိတ်က လူငယ်တွေ စိတ်ဝင်စားတဲ့ အားကစားတစ်ခုဖြစ်နေပါတယ်။ ဒါကြောင့် ဒီအားကစားကို လမ်းကြောင်းတစ်ခုပေါ် တင်ပေးချင်တဲ့အတွက် အခုလို မန္တလေးရဲ့ ပထမဆုံးအကြိမ် စကိတ်အားကစားပွဲတော် ကျင်းပနိုင်ဖို့ ပံ့ပိုးကူညီပေးခဲ့တာဖြစ်ပါတယ်။ စကိတ်အပြင် ပိုက်ကျော်ခြင်းပြိုင်ပွဲတွေကိုလည်း ပံ့ပိုးပေးခဲ့ဖူးပါတယ်"ဟု Hansaplast ၏ Brand Account Manager မအေမီသိဂီဝင်းက ပြောသည်။ အရည်အသွေးမြင့် စကိတ်ပစ္စည်းများကို ဆုချီးမြှင့် မည်ဖြစ်ပြီး အမျိုးသမီးသီးသန့်ပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။ ■

မန္တလေးတိုင်းတွင် ဆင်ခြေထောက် ရောဂါ ကာကွယ် ဆေးသောက်ရန် ပိုလိုအပ်

သန်းနိုင်စိုး

thennaingsoe@gmail.com

မန္တလေးတိုင်းဒေသကြီးတွင် ဆင်ခြေထောက်ရောဂါဖြစ်ပွားမှု ကျဆင်းခြင်းမရှိသေးသဖြင့် ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးကို ပို၍သောက်ရန်လိုအပ်ကြောင်း နေပြည်တော် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနီနီအေးက ပြောသည်။

"မန္တလေးတိုင်းမှာ ရှိတဲ့လူတွေအနေနဲ့ ပိုပြီးသောက်ဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်ပွားနှုန်းက တစ်ရာခိုင်နှုန်းအောက် မရောက်သေးပါဘူး"ဟု ၎င်းက ပြောသည်။

ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ ငါးနှစ်အထက် ကလေးများကို တိုက်ကျွေးသွားမည်ဖြစ်သည်။

"ဆေးသောက်လို့ သေတယ်ဆိုတဲ့ ကောလာဟလတွေက မဟုတ်ပါဘူး" ဟု ဒေါက်တာနီနီအေးက ပြောသည်။ ■

လူငယ်နှင့်အနာဂတ် ခေါင်းစဉ်ဖြင့် ဆွေးနွေးနေကြသော လူငယ်များကို တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

ဗုဒ္ဓဘာသာပညာရေးစင်တာတွင် လူငယ်တွေ့ဆုံပွဲကျင်းပ

စည်သူလွင်
sithulwin.mmtimes@gmail.com

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ IBEC ဗုဒ္ဓဘာသာ ပညာရေးစင်တာ ကျောင်းတိုက်တွင် လူငယ်တွေ့ဆုံနွေးပွဲကို နိုဝင်ဘာလ ၂၈ ရက်နေ့က ပထမအကြိမ်ကျင်းပခဲ့ရာ လူငယ်များ စိတ်ဝင်တစား ပါဝင်ဆွေးနွေးခဲ့ကြောင်း လူငယ်တွေ့ဆုံပွဲဖြစ်မြောက်ရေးကော်မတီထံက သိရသည်။

လူငယ်တွေ့ဆုံပွဲ ကျင်းပနိုင်ရေးအတွက် စစ်ကိုင်းမြို့ရှိ ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ မန္တလေးမြို့ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကျောက်ဆည်မြို့ရှိ တက္ကသိုလ်တို့က ကျောင်းသား၊ ကျောင်းသူ နှစ်ရာကျော်ကို ဖိတ်ကြား၍ တွေ့ဆုံပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"လူငယ်တွေ စိတ်ဝင်စားမှုများကြတယ်။ တွေ့ဆုံပွဲလုပ်တယ်ဆိုတာ လူငယ်တွေရဲ့ အမြင်တွေ၊ အတွေးအခေါ်တွေ၊ အသံတွေကို ထုတ်ပြလိုက်တာကို နိုင်ငံတော်လူကြီးတွေလည်း သိစေချင်တယ်" ဟု လူငယ်တွေ့ဆုံပွဲ စီစဉ်ဆောင်ရွက်သူ ကိုစိုင်းပြည့်စုံက ပြောသည်။

တက္ကသိုလ်အသီးသီးက ကျောင်းသား၊ ကျောင်းသူများအပြင် နိုင်ငံရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အခြားသော အဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူများလည်း လာရောက်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့် အဆိပ်သင့်အစားအစာ၊ လူငယ်နှင့် လူကြီး အမြင်ကွာဟမှု၊ လူငယ်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် မျက်မှောက်ခေတ် ပညာရေး၊ လူငယ်နှင့် ဒီမိုကရေစီ အစရှိသည့် ခေါင်းစဉ်များကို သီးသန့်အခန်းများဖြင့် ဆွေးနွေးခဲ့ကြသည်။

"ဒီလိုတွေ့ဆုံပွဲတွေက ကျွန်တော်တို့လို လူငယ်တွေအတွက် ကောင်းတဲ့ တွေ့ဆုံပွဲတွေပါ။ တစ်ယောက်နဲ့ တစ်ယောက်မတူတဲ့ အတွေးအခေါ်တွေ၊ အမြင်တွေကို ဖလှယ်ကြတာဆိုတော့ ဗဟုသုတတွေ အများကြီးရပါတယ်" ဟု မန္တလေး၊ ရတနာပုံ တက္ကသိုလ်က လာရောက်ဆွေးနွေးသူကိုမျိုးက ပြောသည်။

သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးချက်များကို ညနေပိုင်းတွင် အကျဉ်းချုပ်စုစည်းကာ ထပ်ဆင့်ဆွေးနွေးခဲ့ကြသည်။

"လူငယ်ဆိုတာ အနာဂတ်ရဲ့ခေါင်းဆောင်တွေပါ။ ဒီလိုကြယ်ပွင့်လေးတွေရဲ့ အတွေးအခေါ် အယူအဆတွေ၊ ယုံကြည်မှုတွေ၊ လုပ်နိုင်စွမ်းတွေကို တွေ့ဆုံဆွေးနွေးနိုင်ဖို့ စီစဉ်ပေးတာပါ။ နောက်နှစ်တွေမှာ တစ်နိုင်ငံလုံးက လူငယ်တွေကို ဖိတ်ကြားဖို့ ထပ်ပြီးစီစဉ်သွားမှာပါ" ဟု IBEC ၏ ပဓာန နာယကဆရာတော် ဦးသောဘိတက မိန့်ကြားသည်။ ■

စာအုပ်စင်ကဏ္ဍ

တံတားအောက်မှ ရေအလျဉ်

မြိုးဝေကျော်
pwkyaw@gmail.com

စာပေ၊ ဂီတစတဲ့ အနုပညာနယ်ပယ်နဲ့ နိုင်ငံရေးနယ်ပယ်က ထိတွေ့ခင်မင်ခဲ့ရတဲ့ သူတွေရဲ့ ရုပ်ပုံလွှာအဖွဲ့တွေကို ပီပီပြင်ပြင်တွေ့ရမယ့် စာရေးဆရာလေးကိုတင်ရဲ့ စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါတယ်။

ထိတွေ့ခင်မင်ခဲ့ရတဲ့သူတွေလို့ဆိုရာမှာ စာရေးဆရာ အမှတ်တရရေးဖွဲ့ထားသူတွေအားလုံးဟာ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ ထင်ရှားတဲ့သူတွေ၊ စိတ်ဝင်စားစရာကောင်းတဲ့သူတွေချည်းဖြစ်ပြီး ဒီစာအုပ်ဟာ အရင် ၂၀၀၅ ခုနှစ်က ထုတ်ခဲ့တဲ့ စာအုပ်ကို ဖြည့်စွက်ရိုက်နှိပ်ထားတာကြောင့် ပိုမိုစုံလင်စွာ ဖတ်ရမယ့် စာအုပ်တစ်အုပ်လည်း ဖြစ်ပါတယ်။

ပါဝင်ဖော်ပြထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ပတ်သက်ပြီး စာရေးဆရာကတော့ "သူတို့၏ နယ်ပယ် ရပ်ဝန်းမှ အမှတ်မထင် တွေ့ရှိသိမြင်မှုများကြားမှ ခံစားရေးဖွဲ့ရသောအခါ ကျွန်တော့်အမြင်၊ အတွေး၊ အရေးများသည် လွှမ်းတကြေကွဲစွာ ရေးဖွဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လူ့လောကတာဝန်များ ကိုယ်စီထမ်းဆောင်ရင်း တမလွန်ခရီးနှင့်သွားကြသူများ ဖြစ်နေပါသည်"လို့ ဆိုပါတယ်။

ပါဝင်သူတွေဟာ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှာ ပရိသတ်တွေအတွက် အမှတ်တရ မှတ်တိုင်တွေ စိုက်ထူထားခဲ့တဲ့သူတွေ ဖြစ်သလို နာမည်နဲ့ သူတို့ရဲ့လက်ရာကိုသာရင်းနှီးပြီး အပြင်မှာ လူချင်းမတွေ့ဖူးသူတွေအနေနဲ့ ဒီရုပ်ပုံလွှာအတို့အထိတွေဟာ သူတို့ရဲ့ အမူအကျင့်၊ စိတ်နေသဘာဝတို့ကိုပါ ဖမ်းဆုပ်ပိုင်ခွင့် ပေးပါလိမ့်မယ်။

'ပုဂံစာအုပ်တိုက် အလွမ်းပြေ' စာစုနဲ့ အတူ ရုပ်ပုံလွှာအဖွဲ့အဖြစ် ၂၈ ပုဒ် ပါဝင်ထားရာမှာ ရှေ့ပိုင်းမှာ ပန်းချီဝသုန်၊ နိုင်ဝင်းဆွေ၊ တာရာမင်းဝေ၊ မိုးဟိန်း (သားဂျာနယ်ကျော်)၊ နတ်နွယ်၊ ကောလ်ထန်မောရိယယ်၊ မောင်ခိုင်မာ၊ ဂျင်မီ(ခ) ကျော်ညွှန့်လင်း၊ ကိုသန်းအုန်း၊ မောင်အောင်ဝင်း၊ လင်းသော်ဝေ၊ ထူးအိမ်သင်၊ လူထုစိန်ဝင်း၊ ဦးထွေးမြင့်နဲ့ အောင်လှိုင်ထွန်း စသူတို့ကို တွေ့ရမှာပါ။

ဒါကိုမြင်ရင် စာဖတ်သူတွေ စိတ်ဝင်စားမှုဖြစ်သလို "..သူတို့သည် သူတို့ဖြတ်သန်းခဲ့ရာကာလနှင့် ဝန်းကျင်အတွက် သူတို့ခံစားမှုမှ ပေါက်ဖွားလာခဲ့သော အနုပညာပန်းများ ပွင့်ဝေစည်ခဲ့သည်။ ထိုပန်းများတွင် လွမ်းမောတသရခြင်းများ၊ ကြိုကြိုခံသောစိတ်ထားများ၊ ပွင့်လင်းရိုးသားခြင်းများ၊ ယုံကြည်ချက်များနှင့် ထုံမွမ်းသင်းပျံ့နေခဲ့ပါသည်"လို့ ထွန်းဝင်းငြိမ်းက အမှာစာမှာဆိုထားသလို "မည်သို့ဆိုစေကာမူ ထိုသူအားလုံးတို့သည် လူသားဆန်သူများဖြစ်ကြပေ၏ ဟူ၍..."လို့လည်း ဆိုပါတယ်။

စာအုပ်နောက်ပိုင်းမှာ မိုးမိုးအင်းလျား၊ လင်းဝေမြိုင်၊ ခင်နှင်းယု၊ မြေချစ်သူ၊ မောင်လင်းခက်၊ ကိုသန်းလှိုင်နှင့် ဦးခင်မောင်မြင့်၊ မောင်ချောနွယ်၊ ခင်ဝမ်း (၁) (၂)၊ ကေမြိုး၊ မြတ်လေး၊ မြသန်းတင့်၊ ဗန်းမော်တင်အောင်နဲ့ လေထီးဦးအုန်းမောင်တို့ကို ဖတ်ရပါမယ်။ စိတ်ကူးချို့ချို့စာအုပ်တိုက်က ၂၀၁၄၊ နိုဝင်ဘာလမှာ ပထမအကြိမ် အုပ်ရေ ၅၀၀ ထုတ်ဝေထားပြီး တန်ဖိုး ကျပ် ၃,၀၀၀ ဖြစ်ပါတယ်။ ■

မြင်းခြံမြို့ လေးအိမ်တန်းကျေးရွာ လယ်ယာမြေခွဲဝေချထားခြင်း အငြင်းပွားမှုဖြစ်ပွား

စည်သူလွင်
sithulwin.mmtimes@gmail.com

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာအုပ်စု ၂၁၉ (က) ကွင်းအမှတ် ၁၈၉၈ အတွင်း ဘိုးဘွားစဉ်ဆက်က လုပ်ကိုင်စားသောက်ခဲ့ကြသည်ဟုဆိုသော တောင်သူ ၃၄ ဦး၏ စိုက်ပျိုးမြေ ၈၀ ခန့်ကို ယခုနှစ်အတွင်း ကျေးရွာမြေယာစီမံခန့်ခွဲရေးအဖွဲ့က ကမ်းပြိုမြေနုကျွန်း သတ်မှတ်၍ မြေယာမဲ့များကို ခွဲဝေပေးသည့်အတွက် အငြင်းပွားမှုများ ဖြစ်ပွားနေကြကြောင်း သိရသည်။

၁၉၉၇ ခုနှစ်က မြင်းခြံဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဟုဆိုကာ ရေအရင်းမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဦးစီးဌာနက သောင်တူးစက်ကြီးများဖြင့် လမ်းကြောင်းဖောက်လုပ်ခဲ့ရာ ပြန်တမ်းဝင်မြေရင့်များ ကမ်းပါးပဲ့၍ ပြိုကျပြီး ကမ်းပြိုမြေအဖြစ် သတ်မှတ်ခဲ့ကြကြောင်း အဆိုပါ မြေကေများပေါ်တွင် သီးနှံစိုက်ပျိုးခဲ့ကြသော တောင်သူများကဆိုသည်။

"ဒီမြေတွေက ကိုင်းမြေ၊ တည်မြဲမြေတွေပါ။ ၂၀၁၁- ၂၀၁၂ ထိ ကိုင်းမြေအဖြစ်နဲ့ သီးနှံခွန် မြေခွန်ဆောင်ခဲ့တဲ့ ပြေစာတွေလည်း အများကြီးပါပဲ။ ကျွန်တော်တို့ နှစ်စဉ်စိုက်ခဲ့တဲ့ မြေတွေကို ဒီနှစ်မှ မြေနုကျွန်းလို့ သတ်မှတ်ပြီး မြေယာမဲ့တွေကိုပေးတဲ့အပြင် မြေယာကော်မတီက လူတွေကလည်း ယူထားကြတယ်။ ကျွန်တော်တို့ စိုက်ပျိုးထားတဲ့ သီးနှံတွေကိုလည်း ထွန်စက်တွေနဲ့ ဖျက်ဆီးတာကိုလည်း ခံခဲ့ရတယ်။ အခုလို ဖြစ်နေတာတွေကို ကျေးရွာအုပ်စု မြေယာစီမံခန့်ခွဲရေး ဥက္ကဋ္ဌကို လိပ်မူပြီး သုံးကြိမ်ထိ ကန့်ကွက်စာပေးထားတာ အခုချိန်ထိ ဘာအရေးယူဆောင်ရွက်တာမှ မရှိလို့ အခုလို သတင်းစာရှင်းလင်းပွဲလုပ်ရတာပါ" ဟု လေးအိမ်တန်းကျေးရွာအုပ်စု လှိုင်းတက်ကျေးရွာနေ ဦးအောင်ကျော်မြင့်က ယခုလ ၁ ရက်နေ့၌ပြောသည်။

စိုက်ပျိုးမြေများ ပြန်လည်ရရှိရေးအတွက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားနေသော တောင်သူတစ်ဦးကိုတွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

လေးအိမ်တန်း ကျေးရွာအုပ်စုတွင် လှိုင်းတက် ကျေးရွာ၊ စည်ပင်သာကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ကြက်သွားကျေးရွာ၊ ဘောလုံးကျေးရွာ၊ လက်ပံပင်ကျေးရွာ၊ အောင်ပြည်စိုး ကျေးရွာနှင့် လေးအိမ်တန်းကျေးရွာတို့ဖြစ်ကြပြီး စိုက်ပျိုးထားသော သီးနှံများကို ထွန်စက်များဖြင့် ဖျက်ဆီးခဲ့ခြင်းအတွက် သက်ဆိုင်ရာ ရဲစခန်းသို့ တိုင်ကြားခဲ့သော်လည်း အမှုဖွင့်အရေးယူပေးခဲ့ခြင်း မရှိကြောင်း ၎င်းကပြောသည်။

လက်ရှိအငြင်းပွားမှု ဖြစ်ပွားနေသော မြေကေများကို ယခင်နှစ်အတွင်း မြေစာရင်းဦးစီးဌာနက လယ်ယာမြေလုပ်ပိုင်ခွင့် အထောက်အထား (ပုံစံ ၇) ကို တောင်သူများက လျှောက်ထားခြင်းမရှိဘဲ ထုတ်ပေးခဲ့သော်လည်း ပိုင်ဆိုင်မှု မြေကေများ လျော့နည်းနေသည်မှာလည်း သံသယဖြစ်စေကြောင်း စိုက်ပျိုးမြေဆုံးရှုံးခဲ့ရသော တောင်သူများကဆိုသည်။

မန္တလေးအချပ်ပိုစာမျက်နှာ ၈ သို့

INTERVIEW

"Apex" School of Management တည်ထောင်သူ ဦးကျော်ဇောလင်းနဲ့ တွေ့ဆုံမေးမြန်းခြင်း

ကြေးမုံဝင်း

kyaymonewin@gmail.com

ပွင့်လင်းမြင်သာလာတဲ့ လက်ရှိ မြန်မာနိုင်ငံရဲ့ အနေအထားအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာကြသလို နောက်ထပ်တိုးချဲ့လုပ်ကိုင်ဖို့ တာဆူနေကြတဲ့ ပြည်တွင်းပြည်ပ လုပ်ငန်းတွေလည်း အများကြီးပါပဲ။ ဒီနေ့ခေတ်လူငယ်တွေအနေနဲ့ စီးပွားရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်တဲ့အတွေးအမြင်တွေ ရှိနေဖို့လည်း လိုအပ်လာပါတယ်။ ဒါကြောင့် စီးပွားရေး၊ စီမံခန့်ခွဲရေးတွေကို အဓိကထားသင်ကြားပေးနေတဲ့ "Apex" School of Management က ဦးကျော်ဇောလင်းနဲ့ အခုလို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

*** Apex ကို စတင်တည်ထောင်ခဲ့တဲ့အချိန်နဲ့ သင်တန်းကျောင်းအကြောင်း အကျဉ်းချုပ်ကို အရင်ပြောပြပေးစေချင်ပါတယ်။**

ကျွန်တော်တို့ "Apex" School of Management ကို ၂၀၀၈ ခုနှစ်က စတင်ပြီးတည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဒီသင်တန်းကျောင်းမှာ Association of Business Executives (UK) ရဲ့ စီမံခန့်ခွဲမှုဘာသာရပ်တွေကို အဓိက သင်ကြားပို့ချပေးနေပြီး မန္တလေးမှာ ABE ဘာသာရပ်တွေကို အထူးပြု သင်ကြားပေးနေတဲ့ ပထမဆုံးသင်တန်းကျောင်း ဖြစ်ပါတယ်။ ACCA (UK) ရဲ့ စာရင်းကိုင်ဘာသာရပ်တွေကိုလည်း ဒီနှစ်ဆန်းပိုင်းကစလို့ စတင်သင်ကြားပို့ချ ပေးနေပါတယ်။ ကုမ္ပဏီတစ်ခုချင်းစီရဲ့ လိုအပ်ချက်အလိုက် သီးသန့်သင်ကြားပို့ချပေးရတဲ့ Corporate Training တွေကိုလည်း လာမယ့် ဒီဇင်ဘာလမှာ စတင်သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

*** Association of Business Executives (ABE)အကြောင်းကိုလည်း နည်းနည်းလောက် ဖြည့်စွက်ရှင်းပြပေးပါဦး။**

